# ကောင်းကင်ထက်ကချစ်လက်ဆောင်

Ellen G. White ရေးသားပြုစုသော From Heaven With Love
စာအုပ်ကို သိက္ခာတော်ရဓမ္မဆရာဦးဗစ်တာရွှေက
"ကောင်းကင်ထက်ကချစ်လက်ဆောင်"အမည်ဖြင့်
မြန်မာပြန်ဆိုသည်။

(ပထမအကြိမ်)

ပထမပုံနှိပ်ခြင်း၊ ၂၀၁၈ ခုနှစ်၊ မတ်လ၊ အုပ်ရေ - ၃၀၀၀

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ် = ၃၂၀၈၁၂၁၂၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် = ၃၂၀၁၀၉၀၂၀၈

တန်ဖိုး = ၃၅၀၀. ၀၀ ကျပ်

ပုံနှိပ်သူ။ ဦးဒိုဟင်ပေါင်(မှတ်ပုံတင်အမှတ် ၀၇၉၄၅)၊မန်နေဂျာ၊ကင်းစောင့်
ပုံနှိပ်တိုက်၊ အမှတ် ၂၁၆၊ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့။

ထုတ်ဝေသူ။ ဦးစောမဲမရီထွန်း၊(ယာယီမှတ်ပုံတင်အမှတ်၄၄၇)၊အတွင်းရေးမှူး
မြန်မာပြည် သတ္တမနေ့ ဥပုသ်အသင်း၊ အမှတ် ၆၈/၇၂
ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

မာတိကာ

၁။ မြေကြီးကမ္ဘာဆီသို့မလာမီခရစ်တော်---------------------------၁

၂။ ထိုသခင်ကိုကြိုဆိုရမည့်လူမျိုး----------------------------------၁၅

၃။ လူသား၏အပြစ်နှင့်ကာလအချိန်ပြည့်စုံခြင်း--------------------၂၂

၄။ နွားတင်းကုပ်မှာဖွားမြင်တော်မူခြင်း----------------------------၃၃

၅။ သူငယ်တော်ယေရှုကိုအပ်နှံခြင်း-------------------------------၄၂

၆။ သူ၏ကြယ်ကိုငါမြင်ခဲ့ရပြီ------------------------------------၅၂

၇။ သူငယ်တော်ယေရှု------------------------------------------၆၄

၈။ ပသခါပွဲသို့သွားရောက်လည်ပတ်ခြင်း--------------------------၇၅

၉။ သူငယ်ဘဝမှာရင်ဆိုင်ရသောအခက်အခဲများ-------------------၈၇

၁၀။ တော၌ဟစ်ကြွေးသောအသံ-----------------------------------၁၀၁

၁၁။ ယေရှုသခင်ရေနှစ်ခြင်းမင်္ဂလာခံယူခြင်း-----------------------၁၁၉

၁၂။ စုံစမ်းသွေးဆောင်မှုများကိုခံရခြင်း---------------------------၁၂၈

၁၃။ စာတန်ကိုအောင်မြင်ခြင်း-------------------------------------၁၄၅

၁၄။ ငါတို့သည်မေရှိယကိုတွေ့ကြပြီ------------------------------၁၅၆

၁၅။ ယေရှုတက်ရောက်သောမင်္ဂလာလက်ထပ်ပွဲ--------------------၁၇၆

၁၆။ ဗိမာန်တော်မှာဖြစ်ရပ်မှန်ကိုရင်ဆိုင်ဖြေရှင်းခြင်း----------------၁၉၀

၁၇။ ယေရှုထံသို့ညဥ့်မှာရောက်သောနိကောဒင်--------------------၂၀၂

၁၈။ ထိုသခင်သည်တိုးပွားခြင်းရှိရမည်-----------------------------၂၂၇

၁၉။ ယေရှုသခင်နှင့်လင်ငါးယောက်ရှိဖူးသောမိန်းမ----------------၂၃၄

၂၀။ သင်တို့သည်အံ့ဩဖွယ်နိမိတ်လက္ခဏာများကို
မမြင်ရလျှင်-----------------------------------------------------၂၅၁

မာတိကာ


၂၁။ ဗေသေသဒနှင့်ဆန်ဟီဒရင်-------------------------------၂၅၈

၂၂။ နှစ်ခြင်းဆရာယောဟန်၏အကျဉ်းသားဘဝနှင့်
ကွပ်မျက်ခံရခြင်း-----------------------------------------၂၈၁

၂၃။ ယေရှုသည်ခရစ်တော်ဖြစ်ကြောင်း၊ ပုရောဖက်
ဒံယေလဖော်ပြခဲ့ပုံ----------------------------------------၃၀၃

၂၄။ ဤသူသည်လက်သမား၏သားမဟုတ်လော-----------------၃၁၂

၂၅။ ဂါလိလဲအိုင်နားမှာဖိတ်ခေါ်ခြင်း---------------------------၃၂၄

၂၆။ ကပေရနောင်မြို့မှာပျော်ရွှင်စရာနေ့ရက်များ-----------------၃၃၅

၂၇။ ယေရှုသခင်သန့်ရှင်းစေသောပထမဦးဆုံးလူနူ----------------၃၅၃

၂၈။ အခွန်ခံဘဝမှတမန်တော်ဖြစ်လာသောမဿဲ-----------------၃၇၀

၂၉။ ယေရှုသည်ဥပုသ်နေ့ကိုကယ်တင်လိုက်ခြင်း------------------၃၈၆

၃၀။ တမန်တော်ဆယ့်နှစ်ပါးကို ခရစ်တော်က
ခန့်အပ်တာဝန်ပေးခြင်း-----------------------------------၄၀၀

၃၁။ တောင်ပေါ်ဒေသနာ--------------------------------------၄၁၃

၃၂။ ကျွန်အတွက်အကူအညီတောင်းခံသောရောမတပ်မှူး---------၄၃၈

၃၃။ အိမ်တွင်းပြဿနာများကိုယေရှုဖြေရှင်းခဲ့ပုံ-------------------၄၄၆

၃၄။ ငါ့ဝန်သည်ပေါ့၍ငါ့ထမ်းပိုးသည်ထမ်းလွယ်၏---------------၄၅၈

၃၅။ မိုးသက်မုန်တိုင်းကိုငြိမ်သက်စေခြင်း-------------------------၄၆၆

၃၆။ ယုံကြည်စိတ်နှင့်တို့ထိသောကြောင့်ရောဂါ
ပျောက်ကင်းခြင်း-----------------------------------------၄၈၃

၃၇။ ပထမဦးဆုံးသောဧဝံဂေလိတရားဟောဆရာများ-------------၄၉၁

# အခန်း(၁)
# မြေကြီးကမ္ဘာဆီသို့မလာမီကခရစ်တော်

ထာဝရ ကာလမှစ၍ သခင်ယေရှုခရစ်တော်သည် ခမည်းတော် ဘုရားသခင်နှင့်အတူရှိတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဘုရားသခင်နှင့်တစ်သဏ္ဍာန် တည်း ဖြစ်တော်မူ၍ ဘုရားသခင်ဘုန်းတော်ကို ထင်ရှားစေသူဖြစ်ပါသည်။ ဤဘုန်းတော်ကိုဖေါ်ကျူးရန်နှင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာရောင်ခြည်တော်ကို ထွန်းလင်းရန် ထိုသခင်သည် ဤကမ္ဘာမြေကြီးဆီသို့ ကြွမြန်းခဲ့ပေ။

ထိုကြောင့်လည်း သူ၏အကြောင်းကိုကြိုတင်ပြောကြားခဲ့သည်ကား "ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ကြရလတ္တံ့။ ငါတို့နှင့် အတူရှိတော် မူသော ဘုရားသခင်ဟု ဆိုလို သတည်း။" မဿဲ၊၁း၂၃။ (ဟေရှာယ ၇း၁၄)။

ယေရှုသခင်သည် "ဘုရားသခင်၏ နှုတ်တော်ထွက်ဖြစ်၏" ဘုရားသခင်၏ သဘောတော်ကို ကြားနာစေရန် ဖြစ်သတည်း။ ဤဖေါ်ကျူးတင်ပြချက်များကို ဤကမ္ဘာမြေကြီးပေါ်မှာ "မွေးဖွားသန့်စင်ခဲ့သည့် ကိုယ်တော်၏ သားသမီးများအတွက်သာမဟုတ်ပါ။

ဤစကြာဝဠာနေ သန့်ရှင်းသူတို့၏မျက်မှောက်မှာ သင်ခန်း စာယူ ဖွယ်စာအုပ်ငယ်အဖြစ် ကျွန်ုပ်တို့၏ကမ္ဘာသည် ရပ်တည်လျက်ရှိ နေပါ၏။

ကယ်တင်ခြင်း ခံရသူတို့နှင့် မဖေါက်ပြန်သော ဘုရားသခင်၏သား တို့သည် မိမိတို့လေ့လာဆည်းပူးနေသည့် သိပ္ပံပညာနှင့် တေးသီချင်းတို့ကိုခရစ်တော် သခင်၏လက်ဝါးကပ်တိုင်ပေါ် တွင်တွေ့မြင်ရပေလိမ့်မည်။ ထိုသခင်၏မျက်နှာပေါ်မှာ ထွန်းတောက်နေသော ဘုန်းရောင်ခြည်သည်လည်း ကိုယ်ကျိုးစွန့်၊ သက်စွန့် မေတ္တာတော်၏

ရောင်ခြည်တော်ဖြစ်ကြောင်း မြင်တွေ့ရပေသည်။ ကောင်းကင်နှင့်မြေကြီးသားတို့အတွက် အသက်တာ၏ စည်းမျဉ်းဥပဒေသည် ကိုယ်ကျိုးစွန့်မေတ္တာဖြစ်ကြောင်းသိရပေ၏။

ထိုမေတ္တာမျိုးသည် "ကိုယ်အကျိုးကိုမရှာတတ်ပါ" ဘုရားသခင်၏ နှလုံးသားအိမ်မှ ဇာစ်မြစ်ခံ၍ နူးညံ့သိမ်မွေ့ကာစိတ်နှလုံး နှိမ့်ချသော ယေရှုဘုရားသခင်၏ အသက်တာ၌ ထင်ရှားပေါ်လွင်လျက်ရှိပေသည်။

အစအဦး၌ ခရစ်တော်သခင်သည် ဤပထဝီမြေကြီး၏ အုတ်မြစ်များကိုချထားခဲ့ပါ၏။ ကိုယ်တော်၏ လက်ရာတော်ကြောင့် ဤကမ္ဘာမြေကြီးနှင့်တကွ အခြားကမ္ဘာများစွာတို့သည် လွတ်လပ်လဟာတွင် ချိတ်ဆွဲနေ၍ မြေကြီးသည် လှပပန်းကလေးစုံလင်စွာနှင့် ပြည့်စုံလျက် လေထုကိုသာယာသော သီချင်းသံများနှင့်ပြည့်ဝစေတော်မူပါသည်။ (ဆာလံ ၆၅း၆၊ ၉၅း၅) တွင် ရှုပါ။ ကျွန်ုပ်တို့မြင်တွေ့ရလေသမျှ သဘာဝအရာအားလုံးတို့အပေါ်မှာ ကိုယ်တော်ရှင်သည် ခမည်းတော်ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်သတင်းစကားကို ရေးသားခြယ်သခဲ့ပြီ မဟုတ်ပါလော။

ယခုတွင် အပြစ်သည် ဘုရားသခင်၏ စုံလင်သောလက်ရာတော်ကို ပျက်စီးယိုယွင်းစေသော်လည်း လက်ရာတော်သည်ဆက်လက်တည်မြဲနေဆဲဖြစ်ပါသည်။

လူသားတို့၏ အတ္တတစ်ကိုယ်ကောင်း စိတ်ထားမှလွဲ၍ ကျန်အရာတိုင်းသည် သဘာဝအလျောက် အကျိုးပြုသည်ချည်းဖြစ်၏။ ချုံနွယ်သစ်ပင်၊ ရွက်လှ ပန်းမန်၊ သစ်သီးဝလံတို့သည် အသက်ရှင်သောလူသားနှင့်သတ္တဝါတို့အတွက် မရှိလျှင်မဖြစ်သကဲ့သို့ လူနှင့်တိရစ္ဆာန်တို့သည်လည်း သစ်ပင်၊ချုံနွယ်နှင့် ရွက်လှပန်းတို့ အသက်ရှင်နိုင်ရေးအတွက် အကျိုးပြုကြပေသည်။ သမုဒ္ဒရာသည်လည်းမြေနေရာအနှံ့မှစီးဆင်းသောချောင်းရေ၊

မြစ်ရေတို့ကိုခံယူသလို ပေးကမ်းလိုက်သည်ကိုလည်း တွေ့ရ၏။ သမုဒ္ဒရာပင်လယ်ပြင်၏ ရေမျက်နှာပြင်အထက်သို့ တက်သွားသော ရေခိုးရေငွေ့တို့သည်လည်း မြေကြီးကမ္ဘာကို ရေလောင်းရန် မိုးပေါက်များအသွင်ဖြင့် ကျရောက်လာကာ သစ်ပင်၊ ပန်းမန်၊ တိရစ္ဆာန်တို့ကို ရှင်လန်းစေ၏။

စိမ်းလန်း မြက်ခင်းလွင်ပြင်ပန်းဥယျာဉ်တို့သည် လှချင်တိုင်းလှနေကြသည်မှာ ရေငွေ့ဘဝမှ မိုးစက်အသွင်ပြောင်းလဲလာသောရေကြောင့်ဖြစ်သည် မဟုတ်လော။

ဘုန်းတောက်သော ကောင်းကင်တမန်တို့သည်လည်းပေးကမ်းခြင်းအရာမှာ ဝမ်းမြောက်ကြပေ၏။ ၎င်းတို့သည် အထက်အရပ်မှ လင်းရောင်ခြည်ကို ယူဆောင်လာ၍ ခရစ်တော်သခင်နှင့် မိတ်သဟာယဖွဲ့နိုင်ရန်အတွက် ပျောက်ဆုံးနေသောလူသားတို့၏ နှလုံးသားအိမ်ကို သိမ်မွေ့ စိတ်ရှည်စွာဖြင့် နှိုးဆော် တိုက်တွန်းနေပါသည်။

သို့သော်လည်း သာ၍ သေးနုတ်သောရုပ်လုံးဖေါ်ဆောင်မှုများကိုကျော်ခိုင်း၍ ကျွန်ုပ်တို့သည် ခရစ်တော်သခင်၌ ဘုရားသခင်ကို ကြည့်ရှုကြလော့။

ပေးကမ်း စွန့်ကြဲခြင်းသည် ဘုရားသခင်၏ ဘုန်းတော်ဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ ခရစ်တော်သခင်ကလည်း "ငါသည်ကိုယ့်ဘုန်းအသရေကိုမရှာ၊ ငါ့ကိုစေလွှတ်တော်မူသော သူ၏ဘုန်းအသရေကိုသာရှာ၏" (ယောဟန် ၈း၅၀၊ ၇း၁၈) ဟုပြောခဲ့လေပြီ။

ဘုရားသခင်ထံတော်မှ လိုအပ်သည်များကို ရယူသော ခရစ်တော်သည် တစ်ပါးသူတို့အား ဝေငှပေးကမ်းရန် ဖြစ်ပါသည်။ သားတော်အားဖြင့် ခမည်းတော် ဘုရားသခင်၏ အသက်ရှင်ရာကောင်းချီးမင်္ဂလာသည် သတ္တဝါ အပေါင်းတို့ထံသို့ စီးဆင်းသွားသည်မဟုတ်လော။ ထိုနည်းတူစွာ သတ္တဝါများ၏ ချီးမွမ်းခြင်းနှင့်

ဝမ်းမြောက်ရွှင်လန်းစွာ အမှုတော်မြတ်မှာ ပါဝင်အသုံးတော်ခံခြင်းသည်လည်း ထိုသားတော်မှတစ်ဆင့် မင်္ဂလာဇာစ်မြစ်အပေါင်းတို့၏ အရှင်ခမည်းတော် ဘုရားသခင်ထံတော်သို့ ပြန်လည်ရောက်ရှိသွားပါသည်။ ဤသို့လျှင် ခရစ်တော်သခင်အားဖြင့် အသက်တာ စည်းမျဉ်းဥပဒေနှင့် ကောင်းမှုကုသိုလ်သံသရာသည် ပြီးမြောက်ပြည့်စုံသွားပါသည်။

## ဤပညတ်ဥပဒေသကို ကောင်းကင်ထက်မှာချိုးဖေါက်ခဲ့ပြီ

အပြစ်တရားသည် ကိုယ်ကျိုးရှာခြင်းမှ အစပြုခဲ့ပါသည်။ ပဋိညာဉ်သေတ္တာတော်ကို လွှမ်းမိုးရသော ခေရုဗိမ်လူစီဖာသည်ကောင်းကင်နိုင်ငံတော်မှာ အထွတ်အထိပ်နေရာကို ရရှိလို၏။

သို့ဖြစ်၍သူသည် ကောင်းကင်တမန်များကို ဖန်ဆင်းရှင် ဘုရားသခင်ထံတော်ပါးမှဝေးကွာစေ၍ ၎င်းတို့၏ကိုးကွယ်မှုကို မိမိရရှိရန်အတွက် ကြိုးစားခဲ့ပါသည်။ ခရစ်တော်အား မိမိကိုယ်ကိုချီးမြှောက်ရန်သာဆန္ဒရှိကြောင်း စွပ်စွဲလျက် သူသည် ဘုရားသခင်ကို မှားယွင်းစွာ ရုပ်လုံးဖေါ်ခဲ့၏။

ကောင်းကင်တမန်များကိုလည်း ဘုရားသခင်၏ နှုတ်တော်ထွက်စကားကို မယုံကြည် သံသယဝင်စေ၏။ ကိုယ်တော်ရှင်၏ကောင်းမြတ်ခြင်းကိုလည်း စိတ်မချထားရန်၊ ထိုသခင်သည် ရက်စက်ကြမ်းကြုတ်၍ ခွင့်မလွှတ်တတ်သော ဘုရားသခင်အဖြစ် ရှုမြင်ရန် လူသားတို့အား သွေးဆောင်ခဲ့ပါသည်။

ဤသို့လျှင် စာတန်သည် ဘုရားသခင်အား ဆန့်ကျင်သောလုပ်ဆောင်မှုတွင် လူသားတို့ပါဝင်လာအောင် ဆွဲဆောင်သဖြင့်ဝမ်းနည်းခြင်း၏ ညကို တည်တံ့ခိုင်မြဲစေခဲ့ပေသည်။

ဤကမ္ဘာလောကကြီးသည် ဘုရားသခင်၏ အကြောင်းကိုနားလည်မှုလွဲမှားနေသောကြောင့် ဝိညာဉ်ရေးမှာ မှောင်မိုက် ကျခဲ့ရပေသည်။ ထိုသို့သော ဝိညာဉ်ရေးအမှောင်ထုကိုခွင်း၍ အလင်းဆောင်ရန်နှင့် ဤလောကသားအားလုံးကို ဘုရားသခင်ထံတော်သို့ ပြန်လည်ပို့ဆောင်နိုင်ရန် စာတန်၏ လှည့်စားမှုတန်ခိုးများကို ချိုးဖျက်ပစ်ရမည်ဖြစ်ပါသည်။ ဤအရာသည်အတင်းအကျပ်အင်အားသုံး၍ လုပ်ဆောင်နိုင်သောကိစ္စမဟုတ်ပါ။ အင်အားသုံးခြင်းသည် ဘုရားသခင်၏ နိုင်ငံတော်စည်းမျဉ်းများနှင့်ဆန့်ကျင်ဖီလာဖြစ်၏။မေတ္တာတရားအပေါ်မှာအခြေခံ၍လုပ်ဆောင်ရန်ကိုသာ သခင်အလိုရှိပေသည်။ မေတ္တာဟူသည်အမိန့်ပေး၍ ရယူနိုင်သောအရာမဟုတ်ပါ။

အင်အား အာဏာသုံး၍လည်း ပိုင်ဆိုင်နိုင်သည်မဟုတ်။ မေတ္တာကိုမေတ္တာအားဖြင့်သာ နိုးထစေနိုင်ပါသည်။ ဘုရားသခင်ကို သိခြင်းသည်ထိုသခင်ကိုချစ်ခြင်းဖြစ်၏။ ထိုသခင်၏ ကျေးဇူးတော်များသည် စာတန်၏စာရိတ္တနှင့် တစ်လမ်းစီဖြစ်ပေသည်။ ဤအမှုကို ထာဝရဘုရားသခင် တစ်ပါးတည်းကသာ ပြုလုပ်နိုင်၏။ ဘုရားသခင်၏ မေတ္တာတော်အတိမ်အနက်ကို သိတော်မူသော သခင်ယေရှုတစ်ပါးတည်း ကသာလျှင်လူသားတို့ နားလည်သိရှိအောင် လုပ်ဆောင်နိုင်စွမ်းရှိ ပေသည်။

လူသားတို့အတွက် ကယ်တင်ခြင်းစီမံကိန်းကြီးသည် ဖဦးအာဒံကျဆုံးပြီးနောက်မှ စီစဉ်ဖန်တီးလိုက်သော စီမံချက်တစ်ခုမဟုတ်ပါ။ထိုစီမံကိန်းကြီးသည် ကမ္ဘာမရှိမီရှေးမဆွကာလပတ်လုံးဝှက်ထားပြီးလျှင်ယခုမှ ထင်ရှားသည့် နက်နဲသော အရာတစ်ခုဖြစ်ပါသည်။ ၎င်းသည်ထာဝရကာလမှစ၍ ဘုရားသခင့်ပလ္လင်တော်၏ အခြေခံဥပဒေပညတ်တို့ကို ဖော်ပြ နေ၏။ ဤကမ္ဘာမြေကြီးပေါ်မှာ အပြစ်ကြီးစိုးလာမည်ကို ဘုရားသခင်သည် ကြိုတင်မြင်တွေ့ထားပြီဖြစ်၍လည်း အရေးပေါ်အခြေ

အနေမျိုးကိုရင်ဆိုင်ရန် စီမံထားပြီးဖြစ်ပါသည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်သည် အနှိုင်းမဲ့ဖြစ်သောကြောင့် (မိမိ၏ တစ်ပါးတည်းသော) "သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက် ထာဝရအသက်ကိုရစေခြင်းငှာ" မိမိ၏ တစ်ပါးတည်းသော သားတော်ကိုစွန့်ရန် ထာဝရဘုရားသခင်သည် ပဋိညာဉ်ပြု၍ ကတိတော်ကိုပြုခဲ့လေပြီမဟုတ်လော။

လူစီဖာနှင့် ခရစ်တော်တို့ ကွာခြားပုံကိုကြည့်ပါ။ လူစီဖာက "ဘုရားသခင်၏ ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကိုချီးမြှောက်မည်။ အမြင့်ဆုံးသောဘုရားသခင်ကဲ့သို့ ငါနေမည်" ဟု ဆိုခဲ့ပါ၏။

ခရစ်တော်မူကား "ဘုရားသခင်၏ သဏ္ဌာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင် မိမိအသရေကိုစွန့်၍ အစေခံကျွန်၏ သဏ္ဌာန်ကိုဆောင်လျက် လူကဲ့သို့သောအဖြစ်၌ ဖွားမြင်ခြင်းကိုခံတော်မူ၏။" (ဟေရှာယ ၁၄း၁၃၊၁၄။ ဖိလိပ္ပိ ၂း၆၊၇)။

## အလိုအလျောက်အပ်နှံမှုတစ်ခု

ယေရှုသခင်သည် ခမည်းတော်ဘုရားသခင်၏လက်ယာဘက်မှာဆက်လက်စိုးစံမည်ဆိုလျှင် စိုးစံနိုင်၏။

သို့သော်လည်း သခင်သည်မှောင်မိုက်ကမ္ဘာမှာ ပျက်စီးနေသူများကို အလင်းပေးရန် ကယ်တင်ရန်အတွက် မိမိ၏ အာဏာတော်ကိုခမည်းတော်ထံပြန်လည်အပ်နှံကာစကြာဝဠာ၏ပလ္လင်တော်ပေါ်မှဆင်းသက်ရန် ရွေးချယ်ခဲ့ပေသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ လောက်ကဆိုလျှင် ကောင်းကင်နိုင်ငံတော်ရှိ ဘုရားသခင့်ပလ္လင်တော်မှ လေးနက်၍ အဓိပ္ပါယ်ပါသည့်

အသံတော်ကို ကြားခဲ့ရပေသည်။ “အို--- ဘုရားသခင်၊ ကိုယ်တော်သည်ယဇ်နှင့်ပူဇော်သက္ကာကို အလိုမရှိသည်ဖြစ်၍ အကျွန်ုပ်အဖို့ကိုယ်ခန္ဓာကိုပြင်ဆင်တော်မူပြီ။ အကျွန်ုပ်သည် ကိုယ်တော်၏ အလိုတော်ကိုဆောင်အံ့သောငှာ၊ သွားပါမည်ဟု အကျွန်ုပ်ဝန်ခံပါသည်” ဟူသောအသံပေတည်း။ (ဟေဗြဲ ၁၀း၅-၇)။ ခရစ်တော်သခင်သည် ကျွန်ုပ်တို့ကမ္ဘာဆီသို့ခေတ္တလာရောက်၍ လူဇာတိကိုခံယူမည်ဖြစ်ပါသည်။ ကိုယ်တော်သည် ကမ္ဘာမတည်မရှိမီ ခမည်းတော်ဘုရားသခင်နှင့်အတူနေခဲ့စဉ်ကရှိနှင့်ပြီးသော ဘုန်းတန်ခိုးများနှင့်ပေါ်ထွန်းခဲ့မည်ဆိုသော်ထိုသခင်၏ ဘုန်းတန်ခိုးတော်ကို ကျွန်ုပ်တို့သည် ခံရပ်နိုင်မည်မဟုတ်ပါ။

အကျွန်ုပ်တို့သည် မပျက်စီးဘဲ သခင်အား ကြည့်ရှုနိုင်အံ့သောငှာထိုသခင်၏ဘုန်းတန်ခိုးတော်ကို ဖုံးကွယ်ထားရပါမည်။ ထိုသခင်၏ဘုရားသခင်ဇာတိတော်ကို လူသားဇာတိနှင့်ဖုံးကွယ်ခဲ့ရပေသည်။

ဤကြီးကျယ်သော ရည်ရွယ်ချက်စီမံကိန်းကို ဖေါ်ဆောင်ရာတွင် ပုံစံနမူနာနှင့်ပုံဆောင်ချက်များဟူသည်ရှိ၏။ မောရှေအား ခရစ်တော်သခင်ကကိုယ်ထင်ရှားပြသရာတွင် အသုံးပြုခဲ့သောမီးလောင်နေသည့်ချုံပုတ်သည်ထာဝရဘုရားသခင်ကိုထင်ရှားစေခဲ့သည်။ ထိုမဖြစ်စလောက်သောချုံပုတ်ငယ်သည် ဆွဲဆောင်မှုမရှိပုံရပါသော်လည်း အနှိုင်းမဲ့တန်ခိုးရှင်သည်ထိုအထဲမှာရှိတော်မူခဲ့ပါသည်။ ထာဝရဘုရားသခင်သည် မိမိ၏ဘုန်းတန်ခိုးတော်ကို ထိုချုံငယ်၌ဖုံးကွယ်ထားသောကြောင့်မောရှေ သည်မသေ။

ကြည့်မြင်၍ အသက်ရှင်နိုင်ခဲ့သည်မဟုတ်ပါလော။ ထိုနည်းတူစွာဘုရားသခင်သည် မိမိ၏အလိုတော်ကိုလူအများသိရှိစေရန် ထုတ်ဖေါ်ရာ၌နေ့အချိန်တွင် မိုးတိမ်တိုင်အားဖြင့်လည်းကောင်း၊ ညအချိန်တွင်မီးတိုင်အားဖြင့်လည်းကောင်း၊ သေမျိုးဖြစ်သော လူသားတို့အားဖေါ်ပြခဲ့ပေသည်။ ခရစ်တော်သည်လည်း ယုတ်ညံ့သော လူဇာတိ

ကိုခံယူ၍ ဤလောကသို့ကြွဆင်းလာခဲ့ပေသည်။ အမှန်မှာတော့ကိုယ်တော်သည် ဘုရားသခင်ဇာတိမှ ခံယူခဲ့သူတစ်ပါးဖြစ်တော်မူ၏။ ဤသို့ပြုရခြင်းမှာလည်း ဝမ်းနည်းကြေကွဲလျက် စုံစမ်းခြင်းခံနေရသောလူသားတို့အား အထံတော်ပါးသို့ ဆွဲဆောင်နိုင်ရန်ဖြစ်ပါသတည်း။

တောထဲ၌ ပင်ပန်းဆင်းရဲစွာသွားလာခဲ့ရသော ခရီးတစ်လျှောက်လုံးတွင် ဣသရေလလူတို့နှင့်အတူ ဘုရားသခင် တည်ရှိတော်မူကြောင်းကိုပုံဆောင်သောသန့်ရှင်းရာဌာန (တဲတော်) သည်ရှိ၏။ ထွက် ၂၅း၈ မှာကြည့်ပါ။ ထိုနည်းတူစွာ ယေရှုခရစ်တော်သည် ဣသရေလလူများ၏တဲစခန်းအလယ်တွင် ကိုယ်တော်၏တဲတော်ကို တည်ဆောက်ခဲ့ပါသည်။

ကျွန်ုပ်တို့၏ အသက်တာမှာလည်း သခင်၏ကျေးဇူးတော်များနှင့်သက်တော်စဉ်မှာ ထင်ရှားပေါ်လွင်စေရန်အတွက် မိမိ၏တဲတော်ကိုလူသားတို့၏ တဲများအနားမှာ စိုက်ထူလိုပါသည်။ "နှုတ်တော်ထွက်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍ ကျေးဇူးတော်နှင့်လည်းကောင်း၊ သစ္စာတော်နှင့်လည်းကောင်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တစ်ပါးတည်းသောသားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။" (ယောဟန် ၁း၁၄)။

ခရစ်တော်သခင်သည် ကျွန်ုပ်တို့နှလုံးသားအိမ်ထဲမှာ လာရောက်ကိန်းအောင်းတော်မူသောကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခ၊ ပူဆွေးဝမ်းနည်းမှုတို့ကို သိမြင်ခံစားရကာ သနားခြင်းကရုဏာရှိပါ၏။ ထိုသခင်သည် အပြစ်သားများ၏ မိတ်ဆွေဖြစ်၍ ထိုကယ်တင်ပိုင်သူ၏ အသက်တာ၌ "ဘုရားသခင်သည် ငါတို့နှင့်အတူရှိတော်မူကြောင်း" ကို ကျွန်ုပ်တို့မြင်တွေ့ကြရပေသည်။

စာတန်သည် ချစ်ခြင်းမေတ္တာကိုအရင်းခံသော ဘုရားသခင်၏ပညတ်တော်ကို တစ်ကိုယ်ကောင်း အတ္တစိတ်ပေါ်တွင် အခြေခံသော

ပညတ်တစ်ခုအဖြစ် ဖေါ်ပြထားပေသည်။ ထိုပညတ်ဥပဒေသများကို လူသည် မလိုက်လျှောက်နိုင်၊ မဖြစ်နိုင်ပါဟု သူဆို၏။ မိဦးဖဦးအာဒံနှင့်ဧဝတို့ အပြစ်တွင်ကျဆုံးခဲ့ရမှုနှင့် နှီးနွယ်သောပူပန်သောကများအတွက် ဘုရားသခင်သည် ဒုစရိုက်အပြစ်၊ ဒုက္ခဆင်းရဲခြင်းနှင့် သေခြင်းတရား၏ လက်သည်တရားခံဖြစ်ကြောင်း၊ လူသားတို့မြင်တွေ့စေရန်သွေးဆောင်လျက် အပြစ်တင်ခဲ့ပေသည်။ ဤလိမ်ညာမှုကြီးကို ယေရှုသခင်ဖေါ်ထုတ်ခဲ့ပေ၏။ ဤတွင်သခင်သည် ကျွန်ုပ်တို့ ဤကဲ့သို့သော လူသားတစ်ဦးအနေဖြင့် ဆောင်ယူကာနားထောင်ခြင်းအမှုကိုပြုနိုင်ကြောင်း ပုံစံနမူနာကောင်း တစ်ခုကို ပြသရမည်ဖြစ်ပါသည်။

ထိုအကြောင်းကြောင့် သခင်ယေရှုသည် လူ့ဇာတိကိုယူတင်ဝတ်ဆောင်၍ လူကဲ့သို့ အသက်ရှင်ပြခဲ့လေသည်။ "ခရစ်တော်သည် မိမိညီအစ်ကိုတို့နှင့်လုံးလုံးတူရသောအကြောင်းရှိ၏" (ဟေဗြဲ ၂း၁၇)။ အကယ်၍သာ ခရစ်တော်သည် မခံစားခဲ့ဖူးသောစုံစမ်းခြင်းများကို ကျွန်ုပ်တို့ခံစားရမည်ဆိုကစာတန်သည် ထိုအချက်ကိုထောက်ပြ၍ ဘုရားသခင်၏တန်ခိုးတော်သည်ကျွန်ုပ်တို့အဖို့မလုံလောက်ကြောင်းထောက်ပြပေလိမ့်မည်။

ထိုကြောင့် ခရစ်တော်ယေရှုသည် "ကျွန်ုပ်တို့နည်းတူ အမျိုးမျိုးသော စုံစမ်းနှောင့်ယှက်ခြင်းကို ခံစားဖူးသောသူဖြစ်တော်မူ၏။ (ဟေဗြဲ ၄း၁၅)။ သခင်သည် ကမ္ဘာ့လူသားတို့ခံစားရလေသမျှသော စုံစမ်းနှောင့်ယှက်မှုမျိုးစုံကို ရင်ဆိုင်ခံစားခဲ့ရပေသည်။

မည်သည့်တန်ခိုးအာဏာကိုမျှ မိမိကိုယ်ကျိုးအတွက် အသုံးမပြုခဲ့ပါ။ လူသားတစ်ဦးအနေဖြင့် စုံစမ်းခြင်းကို ရင်ဆိုင်ရသောအခါ ဘုရားသခင်ပေးသနားတော်မူသောခွန်အားများဖြင့်သာ ကျော်လွှားခဲ့ပါ၏။ ဤပုံစံနမူနာအရကျွန်ုပ်တို့အနေနှင့်ဘုရားသခင်၏ပညတ်တော်ကို လိုက်နာကျင့်စောင့်ရန်ဖြစ်နိုင်ကြောင်းကို သခင်၏ အသက်တာကသက်သေပြခဲ့ပါလေပြီ။

ခရစ်တော်သခင်သည် လူ့ဇာတိအားဖြင့် လူသားတို့ကို ထိတွေ့တော်မူ၍ ကိုယ်တော်၏ ဘုရားသခင်အဖြစ်တော်၌ ဘုရားသခင်၏ပလ္လင်တော်ကို စွဲကိုင်တော်မူပါသည်။ လူသားတစ်ဦးအနေဖြင့် နားထောင်တတ်ရန် ပုံသက်သေကို ပြသတော်မူခဲ့၍ ဘုရားသခင် သားတော်အနေဖြင့် နားထောင်တတ်ရန်တန်ခိုးကို ကျွန်ုပ်တို့အား ပေးနေပါပြီ။

ကျွန်ုပ်တို့အား သခင် မိန့်တော်မူသည်မှာ "ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း စီရင်ပိုင်သောအခွင့် တန်ခိုးရှိသမျှကို ငါခံ ရပြီ။" (မဿဲ ၂၈း၁၈)။

"ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် အတူ ရှိတော်မူသည်" ဟူသော ကတိတော်သည် အပြစ်မှ ကျွန်ုပ်ကို လွတ်မြောက်ခြင်းပြအာမခံ တစ်ခုဖြစ်၍ ဘုရားသခင်၏ ကောင်းကင်ဘုံ ပညတ်တော်ကိုစောင့်ရှောက်နိုင်ရန် ကိုယ်တော်သခင် ပေးသနားတော်မူမည့် တန်ခိုးတော်အတွက် အာမခံချက်တစ်ခုလည်း ဖြစ်ပေသည်။

ခရစ်တော်သခင်သည် လူ့ဇာတိဘဝမှာ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော စာတန်၏ အကျင့်စရိုက် သဘောထားတို့ကို ဖော်ပြခဲ့ပေသည်။ "ထိုသို့ လူ၏ ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက် အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာအသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုနှိမ့်ချတော်မူ၏။" (ဖိလိပ္ပိ ၂း၈)။

ခရစ်တော်သည် အမှန်တကယ်ပင် အစေခံကျွန်တစ်ဦး၏ပုံသဏ္ဍာန်ကိုဆောင်လျက် မိမိကိုယ်တိုင်ပင် ယဇ်ပုရောဟိတ်လုပ်၍ မိမိ၏ကိုယ်ခန္ဓာတည်းဟူသော ယဇ်ကောင်ကို ပူဇော်ခဲ့ပေသည်။ "ထိုသူသည် ငါတို့လွန်ကျူးခြင်း အပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့ငြိမ်သက်ခြင်း ချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။" (ဟေရှာယ ၅၃း၅)။

## ကျွန်ုပ်တို့ခံထိုက်သောပြစ်ဒဏ်ကိုသခင်ခံခဲ့ရ

ကျွန်ုပ်တို့သည် ခရစ်တော်ခံစားထိုက်သောအရာကို ခံစားနိုင်အံ့သောငှာ ထိုသခင်သည် ကျွန်ုပ်တို့ခံစားထိုက်သည့် အပြစ်ကြွေးကို အသက်ပေး၍ ပေးဆပ်တော်မူပါသည်။ ကျွန်ုပ်တို့နှင့်မထိုက်တန်သော ထိုသခင်၏ ဖြောင့်မတ်ခြင်းတရားအားဖြင့် ကျွန်ုပ်တို့သည် ဖြောင့်မတ်ရာသို့ရောက်စေခြင်းငှာ ထိုသခင်သည် ကျွန်ုပ်တို့၏ အပြစ်များကြောင့် မိမိနှင့်လားလားမျှမပတ်သက်သောအပြစ်ဒဏ်စီရင်ခြင်းကို ခံယူတော်မူခဲ့ပါသည်။

ကျွန်ုပ်တို့သည် ထာဝရကာလ ပျော်ရွှင်ငြိမ်းအေးစွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် သခင်သည် လူသားကျွန်ုပ်တို့၏ အငန်းအတာဖြစ်သောသေခြင်းကို ခံခဲ့ပေသည်။ သခင်ခံခဲ့သော ဒဏ်ချက်ရာများအားဖြင့် ကျွန်ုပ်တို့သည် အနာပျောက်လျက် ရှိကြရသည်မဟုတ်ပါလား။ (ဟေရှာယ ၅၃း၅)။

စာတန်၏ အကြံအစည်သည် လူနှင့်ဘုရားသခင်စပ်ကြား ထာဝရခွဲခြားစေရန်ဖြစ်သော်လည်း ခရစ်တော်အားဖြင့် ကျွန်ုပ်တို့သည် အပြစ်မကျူးလွန်မီကကဲ့သို့ ဘုရားသခင်နှင့် ပိုမို၍ နီးကပ်စွာ တစ်လုံးတစ်ဝတည်းဖြစ်လာခဲ့ရပေသည်။ ခရစ်တော်သခင် ကယ်တင်ရှင်သည် လူဇာတိကိုခံယူတော်မူခြင်းအားဖြင့် လူသားတို့နှင့်ခိုင်မြဲသော မဟာနှောင်ဖွဲ့မှုကြီးတစ်ခုကို ပြခဲ့၏။

"ဘုရားသခင်သည်မိမိ၏တစ်ပါးတည်းသော သားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကသားတို့ကို ချစ်တော်မူ၏" (ယောဟန် ၃း၁၆)ဟု ရင်ဖွင့်ပြောဆိုခဲ့ပြီးလေပြီမဟုတ်လော။ဘုရားသခင်သည် ကျွန်ုပ်တို့၏ကိုယ်စားပြစ်ဒဏ်ခံယူရန်အတွက်သာသားတော်ကို စေလွှတ်တော်မူခဲ့သည်မဟုတ်ပါ။ ထိုသခင်၏ သက်စွန့်မေတ္တာတော်အားဖြင့် ထိုသခင်သည်

လူသားဇာတိကို ထာဝစဉ် ထိန်းသိမ်းထားရှိရန် လူသားတစ်နွယ်လုံး၏ မိသားစုဝင်တစ်ဦးလည်း ဖြစ်စေတော်မူခဲ့ပါသည်။

"ငါတို့အဖို့ သူငယ်ကိုဖွားမြင်၏။ ငါတို့အား သားကိုသနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်း အားဏာစက်ရှိလိမ့်မည်" ဟူသောပုရောဖက်စကားအတိုင်း ဘုရားသခင်သည် လူ့ဇာတိကို သားတော်တည်းဟူသောပုဂ္ဂိုလ်တော်အားဖြင့်ခံယူ၍ လူသားအဖြစ်ကို အမြင့်ဆုံးကောင်းကင်ထက်သို့တိုင်အောင် ယူဆောင်သွားခဲ့လေပါပြီ။ ထို "လူသား" ကို အံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင် ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်" ဟု ခေါ်ဝေါ်သမုတ်ကြပါလိမ့်မည်။ (ဟေရှာယ ၉း၆) ဟု ဆိုခဲ့သည်မဟုတ်လော။

သန့်ရှင်းစင်ကြယ်၍ အညစ်အကြေးနှင့်ကင်းလွတ်လျက် အပြစ်ရှိသောသူတို့နှင့် မဆက်ဆံသောသခင်သည်ကျွန်ုပ်တို့အား ညီအစ်ကိုဟု ခေါ်ခြင်းငှာ ရှက်ကြောက်တော်မမူပါ။(ဟေဗြဲ ၇း၂၆၊ ၂း၁၁)၊ ကောင်းကင်မိသားစုများနှင့် မြေကြီးမိသားစုတို့သည် ခရစ်တော်သခင်၌ တစ်လုံးတစ်ဝတည်း နှောင်ဖွဲ့လျက်ရှိပါလေပြီ။ဘုရားသခင်သည် လူသားတစ်နွယ်လုံးကို မိမိ၏ ထာဝရမေတ္တာရင်ခွင်တော်မှာ ပိုက်ပွေ့လျက်ရှိနေပါသည်။

ကယ်တင်ခြင်းခံစားရသူများအား ချီးမြှောက်ခြင်းအရာသည် ထာဝရဘုရားသခင်၏ ကရုဏာတော်အတွက် ထာဝရသက်သေတစ်ခု ဖြစ်ပါသည်။

အနာဂတ်ကာလများတွင် ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ကျွန်ုပ်တို့၌ ကျေးဇူးပြု၍ ကျေးဇူးတော်၏ အလွန်ကြွယ်ဝခြင်းကိုလည်း ထင်ရှားစေပါလိမ့်မည်။ "ငါတို့သခင်ယေရှုခရစ်ကို အကြောင်းပြု၍ ထာဝရ အကြံတော်ရှိသည်နှင့်အညီ ကောင်းကင်အရပ်တို့၌ အထွတ်အမြတ်သော အာဏာစက်တို့သည် ဘုရားသခင်၏ ထူးဆန်း

သောပညာတော်ကို ယခုသိရကြမည်အကြောင်းတည်း။" (ဧဖက် ၂း၇၊ ၃း၁၁)။

ခရစ်တော်သခင်၏ ကယ်တင်ခြင်းလုပ်ငန်းများအားဖြင့် ဘုရားသခင်၏အုပ်စိုးခြင်းသည် ဖြောင့်မတ်စွာရပ်တည်နေပါသည်။ အန္တိုင်းမဲ့တန်ခိုးရှင်သည်လည်း ချစ်ခြင်းမေတ္တာရှင်ဖြစ်တော်မူကြောင်း ကမ္ဘာ့လူသားတို့သည် သိမြင်ခွင့်ရရှိခဲ့ပါလေပြီ။ စာတန်၏ စွပ်စွဲချက်များမှာ မှားယွင်း၍ သူ၏အကျင့်တို့ကို လူသားတို့သည် သိနားလည်လာကြပါပြီ။

အပြစ်သည် နောက်တစ်ဖန် ဤစကြာဝဠာကြီးထဲသို့ ဘယ်သောအခါမျှ ခြေမချနိုင်တော့ပေ။ ထာဝရကာလပတ်လုံး ခပ်သိမ်းသောသတ္တဝါတို့သည် အယူလွဲမှားဖေါက်ပြန်ခြင်းမှ ကင်းဝေးကြပေတော့မည်။ မေတ္တာကိုအခြေခံသော ကိုယ်ကျိုးစွန့်ခြင်းအားဖြင့် မြေကြီးသားတို့နှင့် ကောင်းကင်သားတို့သည် မပျက်စီးနိုင်သော အနှောင်အဖွဲ့ပေါင်းစည်းမှုများအားဖြင့် ၎င်းတို့၏ ဖန်ဆင်းရှင် ထာဝရဘုရားသခင်၌ ရစ်ပတ်နှောင်ဖွဲ့ခြင်းကိုခံရပါလိမ့်မည်။

အပြစ်တရားလွှမ်းမိုးကြီးစိုးသောနေရာမှာ ထာဝရဘုရားသခင်၏ ကရုဏာတော်သည် ပိုမို၍ကြွယ်ဝပွားများလျက်ရှိပါသည်။ မိမိပိုင်ဆိုင်သည်ဟု စာတန်ကြေညာထားသော ဤကမ္ဘာမြေကြီးသည် ဤစကြာဝဠာတွင်ရှိသော အခြားကမ္ဘာများအထက်မှာ ဘုန်းကြီးသော ရှင်ဘုရင်ယေရှုခရစ်တော်သခင်ကိုယ်တော်တိုင်က နေထိုင်ခဲ့၍ ဒုက္ခဆင်းရဲခြင်းအမျိုးမျိုးကိုခံယူကာ အသေသတ်ခြင်းကို ခေါင်းမရှောင် ရင်ဆိုင်ခဲ့သည်မဟုတ်လော။

ဤကမ္ဘာပေါ်မှာ ဘုရားသခင်၏ တဲတော်သည် လူသားအနွယ်ဝင်တို့နှင့်အတူ ရှိရပါလိမ့်မည်။ "ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူ ရှိနေ၍ သူတို့၏ ဘုရားသခင် ဖြစ်တော်မူမည်။"

(ဗျာ ၂၁း၃)။ ကယ်တင်ခြင်းခံရသူတို့သည် အဆုံးမရှိသော ထာဝရကာလ တစ်လျှောက်လုံးမှာ ပြော၍မျှမကုန်နိုင်၊ နှုတ်မြွက်၍လည်းမရနိုင်လောက်သော ထိုသခင်၏ ချစ်သနားခြင်း ကျေးဇူးတော်အတွက် ဘုရားသခင်အား ချီးမွမ်းထောမနာပြုကာ ဧမာနွေလ၊ "ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူ၏" ဟု ဥဒါန်းကျူးကြမည်ကား ထာဝရ ကာလပတ်လုံးဖြစ်ပါသည်တကား။

-----o-----

# အခန်း (၂)
# ထိုသခင်ကိုကြိုဆိုရမည့်လူမျိုး

ဂျူးလူမျိုးတို့သည် နှစ်ပေါင်းများစွာကပင် ကယ်တင်ရှင်၏ပေါ် ထွန်းတော်မူခြင်းကို စောင့်စားမျှော်လင့်ခဲ့ကြလေသည်။ သို့ပါသော်လည်း၊ ထိုသခင်ပေါ်ထွန်းတော်မူသောအခါသူတို့သည်ကိုယ်တော်ကိုမသိကြပါချေ။

ထိုသခင်၌ "ပမာဏပြုစရာ အဆင်းတင့်တယ်ခြင်းမရှိသောသူ၊ ချစ်လိုဖွယ်သော မျက်နှာလက္ခဏာနှင့် မပြည့်စုံသောသူကဲ့သို့ဖြစ်နေလျက် သူသည် မိမိဒေသသို့ကြွလာသော်လည်း မိမိလူမျိုးတို့သည်သူ့ကို လက်မခံဘဲနေကြ၏။" ဟေရှာယ ၅၃း၂၊ ယောဟန် ၁း၁၁။

မည်သို့ပင်ဖြစ်စေ ထာဝရဘုရားသခင်သည် အစ္စရေးလူမျိုးကို ရွေးချယ်တော်မူခဲ့၏။ ကမ္ဘာ့လူသားတို့အလယ်မှာ ဘုရားသခင်၏ပညတ် တော်အသိတရားနှင့် ကယ်တင်ပိုင်သူ ခရစ်တော်ယေရှုကို ညွှန်ပြသော ပုံဆောင်မှုများနှင့် ပုရောဖက် ဟောထားချက်စကားတို့ကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပါသည်။

ဟေဗြဲလူမျိုးတို့သည် လူမျိုးတကာတို့တွင် ဖန်ဆင်းရှင်ထာဝရ ဘုရားသခင်ကို ဖေါ်ကျူးရန်ဖြစ်သည်မဟုတ်လော။ ဘုရားသခင်သည် အာဗြဟံကို ခေါ်ယူခဲ့စဉ်က "ငါကောင်းချီးပေး၍ သင်၏နာမကို ကြီး မြတ်စေမည်။

သင့်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာ ကိုခံရကြလိမ့်မည်" (ကမ္ဘာဦး ၁၂း၃)။ ထိုသို့နှင့်အညီ ဘုရား သခင်သည် ယေရုရှလင်မြို့မှာ ရှိသော ဗိမာန်တော်နှင့်ပတ်သက် ၍ ပုရောဖက်ဟေရှာယအားဖြင့် မိန့်တော်မူသည်မှာ "ငါ့အိမ်ကို

လူအမျိုးမျိုးတို့ ဆုတောင်းရာအိမ်ဟူ၍ ခေါ်ဝေါ်ကြလတ္တံ့.” ဟူ၍ဖြစ်ပါသည်။ (ဟေရှာယ ၅၆း၇)။

သို့သော်လည်း အစ္စရေးလူမျိုးသည် လောကရေးရာတို့မှာ ကြီးကျယ်ခမ်းနားမှုများကိုသာ စိတ်ဝင်စား၍ မျှော်လင့်ချက်ထားကြကုန်၏။ ဘုရားသခင်သည် ပုရောဖက်များအားဖြင့် သတိပေးခဲ့ပါသော်လည်း ဂရုမစိုက်ကြ။ အချည်းနှီးဖြစ်ခဲ့ရ၏။ သူတို့အပေါ် တစ်ပါးလူမျိုးခြားတို့၏ ဖိနှိပ်ညှင်းပန်းမှုများကို ဆုံးမသည့်အနေဖြင့် တွေ့ကြုံစေပါသော်လည်း နောင်တမရ၊ အချည်းနှီးခံစားခဲ့ကြ၏။ ဘာသာရေးပြုပြင်ရေးလုပ်သည့် အခါတိုင်းမှာလည်း ပို၍နက်ရှိုင်းသော အယူဝါဒ ဖေါက်ပြန်မှုများသာ ဆက်တိုက်ဖြစ်ပေါ်လာပေသည်။

အကယ်၍သာ အစ္စရေးတို့သည် ဘုရားသခင်ဘက်တွင်သစ္စာရှိကြမည်ဆိုလျှင် ဘုရားသခင်သည် ထိုသူတို့အား “ဖန်ဆင်းတော်မူသောလူမျိုးတကာတို့ထက် သင်၏ဂုဏ်အသရေကျော်ဇောကိတ္တိကိုလွန်ကဲစေတော်မူမည်။”

“ထိုပညတ်တရားရှိသမျှတို့ကို ကြားရသော လူမျိုးများရှေ့မှာ သင်တို့၏ပညာသည် ထင်ရှားလိမ့်မည်။ သူတို့ကလည်း အလွန်ကြီးမြတ်သောလူမျိုးသည် အကယ်စင်စစ်ဉာဏ်ပညာနှင့် ပြည့်စုံ သောအမျိုးဖြစ်၏ဟု ဆိုကြလိမ့်မည်” (တရားဟော ၂၆း၁၉၊ ၄း၆) ဟုမောရှေပြောဆိုခဲ့လေသည်။

သို့သော်လည်း ထိုသူတို့၏ သစ္စာတရားမဲ့မှုကြောင့် ဘုရားသခင်၏အကြံအစည်တော်မှာ ဆန့်ကျင်မှုနှင့် အထင်အမြင်သေးမှုများကိုသာ ခံခဲ့ရပေသည်။ သူတို့သည် ဗာဗုလုန်နိုင်ငံ၏ သြဇာခံဘဝသို့ဆင်းသက်ခဲ့ရ၏။ တစ်ပါးအမျိုးသားတို့အလယ်မှာ ပြန့်ကျဲကာနေရကြလေသည်။ သန့်ရှင်းရာတဲတော်မှာလည်း တစ်ဖန်ပြန်လည်၍ မှောင်ရိပ်ဖုံးလွှမ်းကာနေသဖြင့် မျက်ရည်ကျခဲ့ရ၏။ တကယ်မှာတော့ သူတို့အားဖြင့်နိုင်ငံ

အသီးသီးတို့သည် ဘုရားသခင်ကို သိကျွမ်းခွင့်ရရှိဖို့ဖြစ်သည်မဟုတ်ပါလား။ တစ်ပါးအမျိုးသားတို့ပြုသော ယဇ်ပူဇော်ခြင်းနည်းစနစ်သည် ထာဝရဘုရားသခင် သတ်မှတ်ထားသောနည်းစနစ်များမှာ သွေဖည်၍နေ၏။

သို့ဖြစ်၍ သဘောရိုးနှင့် ယဇ်ပူဇော်ကြကုန်သော တစ်ပါးအမျိုးသားတို့သည် ပဟေဠိလူတို့အားဖြင့် ယဇ်ပူဇော်ခြင်းအမှန်အကန်ကို သိမြင်လာကြ၏။ ယုံကြည်ခြင်းအားဖြင့် ကြွဆင်းလာမည်ဖြစ်သော ယေရှုသခင် ကယ်တင်ရှင်ကိုလည်း မျှော်လင့်နိုင်ကြလေပြီ။

တစ်ကျွန်းတစ်နိုင်ငံမှာ နေထိုင်ကြရသည့် ဖိနှိပ်ခံကျသရေလ လူများစွာတို့သည် ဥပုသ်နေ့ကို ဂရုစိုက်စောင့်ရှောက်ကြသောကြောင့်လည်းကောင်း၊ တစ်ပါးအမျိုးသားတို့စောင့်သောပွဲတော်များကို စောင့်ရှောက်ရန်ငြင်းဆိုကြသောကြောင့်လည်းကောင်း၊ ထိုအမှုအတွက် အသက်စတေးခံခဲ့ရပေသည်။

နတ်ဘုရား ရုပ်တုကိုးကွယ်သူများက အမှန်တရားကိုနင်းချေရန် လှုံ့ဆော်စည်းရုံးနေကြချိန်မှာ ထာဝရဘုရားသခင်သည်မိမိ၏ အစေခံကျွန်တို့နှင့် မင်းစိုးရာဇာတို့ကို မျက်နှာချင်းဆိုင်စေ၏။ ဤသို့လျှင် ထင်ရှားသော သက်ဦးစံပိုင်ဘုရင်များသည်လည်း ပဟေဠိသံ့ပန်းများ ကိုးကွယ်သော ထာဝရဘုရားသခင်သည် မြင့်မြတ်ဆုံးသော ဘုရားသခင်ဖြစ်ကြောင်း၊ အကြိမ်ကြိမ်လမ်းပြ သွေးဆောင် ခြင်းခံခဲ့ရလေသည်။

ဗာဗုလုန်နိုင်ငံမှာ သံ့ပန်းဘဝဖြင့် ကျော်ဖြတ်ခဲ့ရသောအစ္စရေးလူမျိုးတို့သည် နတ်ဘုရားရုပ်တုများကိုးကွယ်ခြင်းမှ ကင်းဝေးလာ၏။ နောက်ပိုင်းရာစုနှစ်များအတွင်း ထိုသူတို့သည် ကြွယ်ဝချမ်းသာလာကာ ထိုသို့ဖြစ်ရခြင်းသည် ဘုရားသခင်၏ ပညတ်တော်တို့ကို နားထောင်ကျင့်သုံးခြင်းအပေါ် မူတည်နေကြောင်း သဘော ပေါက်လာကြ၏။

သို့သော်လည်း လူများစွာသည် မေတ္တာကိုအခြေခံ၍ ပညတ်တော်တို့ကို စောင့်ရှောက်ကြသည်မဟုတ်ဘဲ မိမိကောင်းစားရေးအတွက်သာ ဖြစ်ခဲ့ပါ၏။

ဘုရားသခင်ကို ကိုးကွယ်သည့်အရာမှာလည်း အမျိုးသားရေးကြီးမြတ်မှုကို ရယူရန်သာ ဦးတည်နေ၏။ သို့ဖြစ်၍သူတို့ သည်ကမ္ဘာ့အလင်းဆောင်များ ဖြစ်မလာကြဘဲ လောကရေးရာစုံစမ်းနှောင့်ယှက်ခြင်းနှင့်ကင်းဝေးစေရန်အလို့ငှာ မိမိတို့ကိုယ်ကို သီးခြားစွာနေ၍ ကမ္ဘာနှင့်အဆက်ဖြတ်ထားကြပေသည်။ ဘုရားသခင်သည် ထိုသူတို့အား ရုပ်တုကိုးကွယ်သူများနှင့် မပေါင်းဖေါ်ရန် တားမြစ်သည့်အရာမှာ ခလေ့စရိုက်များ ရောပြွမ်းကာ ရှုပ်ထွေးသွားမည်စိုး၍ဖြစ်၏။

တာကိုသူတို့သည် သဘောမပေါက်၊ အဓိပ္ပါယ်လွဲခဲ့ကြ၏။ သို့ဖြစ်၍ အစ္စရေးနှင့်တစ်ပါးအမျိုးသားတို့စပ်ကြား ခွဲခြားသည့် တံတိုင်းကြီးကို သူတို့ကိုယ်တိုင်တည်ဆောက်ခဲ့ကြပေသည်။ ဧကန်စင်စစ် အစ္စရေးအမည်ရဂျူးလူမျိုးတို့သည် မိမိတို့သာလျှင် ကောင်းချီးခံစားရမည်။ တစ်ပါးအမျိုးသားတို့အား ထာဝရဘုရားသခင်သည် အလျှင်းကရုဏာတော်ကို မပြရဟု မနာလိုဝန်တိုစိတ်များ ပွားနေကြသည်မဟုတ်ပါလား။

## သန့်ရှင်းရာဌာနဝတ်ကြီးဝတ်ငယ်ကို သူတို့ရှုတ်ချကြပုံ

ဗာဗုလုန်နိုင်ငံမှ ပြန်လည် ရောက်ရှိလာကြပြီးသည် နောက်နိုင်ငံအဝန်းမှာ သူတို့သည် သုခမ္မဇရပ်ဆောင်များ တည်ဆောက်ခဲ့ကြသည်။ ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ် ဆရာတော်ကြီးများအားပညတ်တရား၏ အနက်အဓိပ္ပါယ်ကို ရှင်းလင်းဖေါ်ထုတ်ခဲ့ကြသည်။ အကြောင်းမူကား သုံ့ပန်းဘဝမှာ နေကြရစဉ်က လူများစွာတို့၏ အတွေးအမြင်မှာ တစ်ပါးအမျိုးသားတို့၏ အတွေးအခေါ်၊ ထုံးတမ်း

စဉ်လာများနှင့်ပြည်ဝလျက် ကိုးကွယ်ဝတ်ပြုခြင်းပွဲတော်မှာပင်လျှင် ထည့်သွင်း လာကြ၏။ ဝတ်ပြုကိုးကွယ်မှုနှင့်နှီးနွယ်နေသော ထုံးစံဓလေ့ ယဉ်ကျေးမှုတို့ကား ပျံ့နှံ့လွယ်ပါပေ့တကား။

ထိုဝတ်ပြုကိုးကွယ်ပွဲများကို ခရစ်တော်သခင် ကိုယ်တော်တိုင်က တည်ထောင်ခဲ့ပါသည်။ ထိုဝတ်ပြုခြင်း၏အခန်းကဏ္ဍတိုင်းမှာ သခင် ကိုပုံဆောင်ထား၏။ ဝိညာဉ်ရေးရာမှာ လှပ၍ အသက်ရှင်စေနိုင်သော တန်ခိုးခွန်အားနှင့်ပြည့်စုံစေပါသည်။ သို့ပါသော်လည်း ဂျူးလူမျိုးတို့သည် ထိုဝိနည်းအထုံးအဖွဲ့တော်တို့မှ ဝိညာဉ်ရေး အသက်တာကို ခွန်အားပေး သည့်တန်ခိုးကို မေ့ပျောက်၍ အသက်မပါသော ဝတ်ပြုခြင်း ပုံစံများ ကိုသာ စွဲလမ်းလျက်နေ၏။

ယေရှုသခင်အား ရည်ညွှန်းသောယဇ်ကို ယုံကြည်အားကိုး ရမည့်အစား အပေါ်ယံ နှမ်းဖြူးထားသည့် ဘာသာရေးပွဲများကိုသာ ယုံကြည် အားထားခဲ့ကြပေသည်။ သို့ဖြစ်၍ ဝိညာဉ်ရေးအဆီအနှစ်ကို သူတို့တတွေဆုံးရှုံးခဲ့ရသည်။ ထိုနေရာများမှာ ယဇ်ပုရောဟိတ်နှင့် ကျမ်းပြုဆရာတို့သည် မိမိတို့၏ လိုလားချက်များကိုအစားထိုး တောင်းဆို လာကြ၏။ ထိုအခါ ထာဝရ ဘုရားသခင်၏မေတ္တာတော်သည် သူတို့၌ နည်းပါး၍ လာ၏။ စေတနာ၊ မေတ္တာ၏ ရောင်ခြည်အလင်းသည် မှုန်မှိုင်း ကာသွားလေပြီတကား။

ဘုရားသခင်အစေခံရန် ဆန္ဒရှိသူများနှင့် ကျမ်းတတ်ဆရာ တော်ကြီးများ၏ ပြဋ္ဌာန်းချက်များကို စောင့်ထိန်းရန်ကြိုးစားနေကြ သူများ သည် စိတ်နှလုံးငြိမ်းအေးမှုကို မရရှိဘဲ သောက ဗျာပါရရောက်ခဲ့ရ လေပြီကော။ ဤသို့လျှင် စာတန်သည် ဘုရားသခင်၏ချစ်သားသမီး များကို စိတ်ဓါတ်ကျဆင်းရန် ယုံကြည်ချက်များ၌ အထင်အမြင်သေးငယ် လာရန် ဖန်တီးလုပ်ဆောင်စေပါသည်။ စာတန်သည် ကောင်းကင်ဘုံမှာ ပုန်ကန်ခဲ့သလို ထာဝရဘုရားသခင်၏ တောင်းဆိုချက်များသည် တရား

မျှတမှုမရှိ၊ လိုက်လျောကျင့်ဆောင်ရန်မဖြစ်နိုင်ကြောင်း အခိုင်အမာ ပြောဆိုရန် မျှော်လင့်ခဲ့ချေပြီမဟုတ်လော။ ယခုမှာလည်း ဣသရေလ များသည်ပင်လျှင် ပညတ်တော်ကို စောင့်ထိန်းနိုင်ကြောင်းကို သူကြေ ညာခဲ့လေသည်။

## မှားယွင်းသည့်မေရှိယကို စောင့်မျှော်နေခြင်း

**ဂျူးလူမျိုးတို့သည် မေရှိယသခင်၏ ခရစ်ယာန်သာသနာလုပ်ငန်း သဘောသဘာဝအမှန်အကန်ကို မမြင်တွေ့နိုင်ခဲ့ကြပေ။ သူတို့မျှော်လင့် ရှာဖွေခဲ့သည်က အပြစ်ငရဲမှကယ်ချွတ်ရန်မဟုတ်မူဘဲ ရောမနိုင်ငံသား တို့၏လက်အောက်ခံဘဝမှ ကယ်နုတ်မည့်သူကို မျှော်နေကြပေသည်။ သူတို့ မျှော်လင့်ခဲ့သော မေရှိယသခင်သည် နိုင်ငံတကာကို ကြီးစိုးရန် အစွရေးတို့ကို ချီးမြှောက်မည့်သူဖြစ်သည်။ ဤသို့လျှင် ထိုသူတို့သည် ကယ်တင်ပိုင်သူကို ငြင်းပယ်ရန် ပြင်ဆင်ထားကြသူများဖြစ်ပေသည်။**

**ခရစ်တော်သခင်ဖွားမြင်ချိန်မှာ ယုဒပြည်သည် နိုင်ငံခြားသား သခင်တို့၏ အုပ်စိုးမှုအောက်မှာရှိခဲ့သည်သာမကသေး ညီအစ်ကိုချင်း ခိုက်ရန်ဒေါသဖြစ်ပွားနေပါ၏။ ရောမအင်ပါယာ အုပ်ချုပ်ရေးအောက်မှာ ရှိသောကြောင့် ကိုယ်ပိုင်အုပ်ချုပ် ရေးမရှိပါ။ ယဇ်ပုရောဟိတ်မင်း ကိုရာထူးမှ ဖြုတ်ချလိုက ဖြုတ်ချနိုင်၏။**

**ဤသို့လျှင်လုပ်ပိုင်ခွင့်အာဏာကို လာဘ်ပေးလာဘ်ယူခြင်းအား ဖြင့်သော်လည်းကောင်း၊လုပ်ကြံမှုအားဖြင့်သော်လည်းကောင်း၊ရယူခဲ့ကြပေ သည်။ သို့ဖြစ်၍ ယဇ်ပုရောဟိတ်ရာထူးသည် ပိုမို၍ဖေါက်ပြန် ညစ်ညမ်း လာ၏။ပြည်သူလူထုတို့သည်လည်းကြင်နာသနားမှုကင်းမဲ့သောရောမအာ ဏာသားတို့၏ခိုင်းစေမှုအောက်တွင်နင်းပြားဘဝမှာရှိနေရ၏။အခွန်အ တုတ်ကိုလည်းကြီးစွာကောက်၏။နိုင်ငံအဝန်းပေါ်ပေါက်လာသောမကျေနပ်**

မှုများ၊ လောကြီးခြင်း၊ အကြမ်းဖက်မှု၊ မယုံကြည်မှု၊ စိတ်မချရမှုများနှင့် ဝိညာဉ်ရေးဆိုင်ရာလျစ်လျူရှုမှုများသည် ပြည်သားတို့၏ စိတ်နေသဘောထားကို တဖြည်းဖြည်းချင်းပျက်ပြားစေခဲ့ပါသည်။ ဤကဲ့သို့ ဝိညာဉ်ရေးမှောင်မိုက်ကျရောက်နေသောအခြေအနေများနှင့် ဖိနှိပ်ချုပ်ချယ်မှုခံရခြင်းကာလမှာ ပြည်သားတို့သည် အစ္စရေးနိုင်ငံတော်ကို ပြန်လည်ရယူပေးနိုင်မည့် ကယ်တင်ရွေးနုတ်ပိုင်သူကို မျှော်လင့်ကြသည့် အရာမှာ ဓမ္မတာပင်ဖြစ်ပေသည်။ သို့ဖြစ်၍ သူတို့သည် ပုရောဖက်အရာမှာ ဓမ္မာတာပင်ဖြစ်ပေသည်။ သို့ဖြစ်၍ သူတို့သည် ပုရောဖက် ဟောကြားခဲ့သော အနာဂတ္တိစကားများကို လေ့လာခဲ့ကြ၏။ သို့သော်လည်း ဝိညာဉ်ရေးအသိခေါင်းပါးခဲ့ကြပါသည်။ ထိုကြောင့် ခရစ်တော်သခင်၏ နှိမ့်ချစွာကြွဆင်းပေါ်ထွန်းလာမည့် ပထမအကြိမ်ကြွလာခြင်းအကြောင်းကိုပြညွှန်သောကျမ်းစာချက်များကို မမြင်ဘဲရှိခဲ့ကြသည်။ ၎င်းအပြင် ဘုန်းတန်ခိုးနှင့်ကြွဆင်းလာမည့် ထိုသခင်၏ ဒုတိအကြိမ် ပေါ်ထွန်းတော်မူခြင်းကို မိမိတို့၏ ကိုယ့်အကျိုးရှာလိုသောဆန္ဒများနှင့် ဆီလျော်သောအနက်အဓိပ္ပါယ်ဖွင့်ဆိုခဲ့ကြပေသည်။

-----o-----

# အခန်း(၃)
# လူသား၏အပြစ်နှင့် ကာလအချိန်ပြည့်စုံခြင်း

အာဒံနှင့်ဧဝတို့သည် ကယ်တင်ပိုင်သူပေါ်ထွန်းတော်မူမည် ဟူသော ကတိတော်ကို ပထမဦးစွာ ကြားသိခဲ့ရသည်နှင့်အလျှင်အမြန်ပင် ကတိတော်ကို ပြည့်စုံစေရန် မျှော်လင့်ခဲ့ကြပေသည်။ သူတို့ကိုယ်မှရသော သားဦးလေးကိုလည်း ကတိထားရာကယ်တင်ပိုင်သူဖြစ်မည်ဟု မျှော်လင့် လျက်ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြပေ၏။

သို့သော်လည်း ကတိတော်ကိုပထမဦးဆုံး ရရှိခဲ့သောသူတို့သည် ကယ်တင်ပိုင်သူကို မမြင်တွေ့လိုက်ရဘဲ သေဆုံးကုန်၏။ ထိုကတိတော်ကို ခေတ်အဆက်ဆက် ဘိုးဘေးများနှင့်ပုရောဖက်များတို့သည် သခင် ပေါ်ထွန်း တော်မူမည်ဟူသော မျှော်လင့်ချက်ကို မပြတ်မစဲသတင်း စကားကို လက်ဆင့်ကမ်း အသိပေးခဲ့ကြ၏။

သို့တိုင်အောင်လည်း ထိုသခင်သည်မပေါ်ထွန်းလာသေးပေ။ ပုရောဖက်ဒံယေလအချိန်မှာ ထိုသတင်းစကားဖြစ်သည့် သခင်ပေါ်ထွန်း တော်မူမည့်အချိန်ကို ဖော်ပြခဲ့ပါသော်လည်း အနက်အဓိပ္ပါယ်ကို အမှန် အကန်မကောက်ယူနိုင်ခဲ့ကြပေ။ ရာစုနှစ်ပေါင်းများစွာ ကျော်လွန်ခဲ့လေပြီ။ အစ္စရေးတို့ခံရသော ဖိနှိပ်ချုပ်ချယ်မှုဒဏ်မှာလည်း လေးလံစွာ သက်ရောက် နေသည်။

များစွာသော လူတို့သည်လည်း နေ့ရက်ကာလရွေ့လျက်ရှိ၍၊ ခပ်သိမ်းသော ဖော်ပြချက်Vision "(ဘုရားသခင်ဖော်ပြသည့် မြင်ကွင်း ကျယ်ရုပ်မြင်သံကြားလည်းပျက်ကြပြီ)" ဟုသာ ကြွေးကြော်ရန် အသင့်ရှိနေကြပါသည်တကား။ (ယေဇကျေလ ၁၂း၂၂)။

သို့ပါသော်လည်းမိမိတို့၏လမ်းကြောင်းအတိုင်းလှည့်ပတ်သွား လာနေသော ကြယ်စုများ ကဲ့သို့ ထာဝရဘုရားသခင်၏အကြံအစည်တော်

များသည် သတ်မှတ်ထားသောအချိန်ထက်စော၍မဖြစ်ပေါ်သလိုနှောင့်နှေးခြင်းလည်းမရှိပါချေ။ ကောင်းကင်ရွှေနန်းတော်မှာခရစ်တော်သခင်ကြွဆင်းလာခြင်းအတွက် အချိန်နာရီကို သတ်မှတ်ထား ပြီးဖြစ်ပါသည်။ သတ်မှတ်ထားသော အချိန်နာရီသို့ရောက်သောအခါ ယေရှုသခင်သည် ဗက်လင်မြို့မှာ ဖွားမြင်ခြင်းကို ခံယူတော်မူသည်။

ကာလအချိန်စေ့သောအခါ ဘုရားသခင်သည်သားတော်ကိုစေလွှတ်တော်မူခဲ့၏။ (ဂလာတိ ၄း၄)ကမ္ဘာတစ်လောကလုံးသည်ကယ်တင်ပိုင်သူကြွဆင်းပေါ်ထွန်းလာခြင်းအတွက် မျှော်လင့်နေကြသည့် အရာမှာဝင်းမှည့်လျက်ရှိနေပါပြီ။ နိုင်ငံတကာသည် မင်းအာဏာပိုင် တစ်ခုတည်းလက်အောက်မှာ စုစည်းလျက်နေ၏။ ဘာသာစကားတစ်ခုတည်းကိုပင် ကျယ်ပြန့်စွာသုံးစွဲကြ၏။

ပွဲခံရာနှစ်စဉ်နှစ်တိုင်းဒေသတိုင်းပြည်အသီးသီးရှိ ဂျူးလူမျိုးတို့သည် ယုဒပြည်ယေရုရှလင်မြို့တော်မှာ စုရုံးရန် ရောက်ရှိလာကြသည်။ ထိုသူတို့ပွဲခံပြီး၍မိမိတို့နေရာအသီးသီးဆီသို့ပြန်သွားသောအခါ မေရှိယကြွဆင်းလာခြင်းနှင့်ပတ်သက်သော သတင်းစကားများကို ကမ္ဘာအနှံ့သာသနာဖြန့်ခဲ့ကြပေသည်။

အချိန်ကာလအားဖြင့် တစ်ပါးအမျိုးသားတို့၏ဝတ်ပြုကိုးကွယ်မှုနှင့်ဆိုင်သော ပုံစံနည်းစနစ်များသည် အစွဲရေးတို့အား မဆွဲဆောင်နိုင်တော့ချေ။ စိတ်နှလုံးကို ကျေနပ်စေနိုင်သော ဘာသာတရားကိုသာလေ့လာ လိုကြပါပြီ။

အလင်းတရားကို ဆာငတ်နေသောသူများသည် အသက်ရှင်သော ဘုရားသခင်အား သိကျွမ်းလိုကြပါပြီ။ အကြောင်းမူကားတချို့သောသူတို့သည် သေခြင်း၏ တဖက်ကမ်းမှာ သေချာပေါက်အသက်ရှင်ခြင်း (ထာဝရအသက်) ရှိနေသည်ကို သိလိုလှပြီကော။

# လူများစွာက ကယ်တင်ပိုင်သူကိုမျှော်လင့်နေကြခြင်း

ဂျူးလူမျိုးတို့၏ ယုံကြည်ခြင်းသည်မှေးမှိန်၍လာခဲ့ချေပြီ။အနာဂတ်ရှေ့ရေးမျှော်လင့်ချက်များလည်း မတောက်ပြောင်နိုင်တော့ပြီ။ပြည်သူလူထုများစွာတို့၌ သေခြင်းတရားသည် စိုးရိမ်ထိတ်လန့်ဖွယ် နက်နဲမှုကြီးတစ်ရပ်ဖြစ်၍နေကာ သေခြင်း၏တစ်ဖက်ကမ်းမှာ မသေချာမရေရာသော အမှောင်ထုကြီးသည်သာစိုးမိုး၍နေချေ၏တကား။ သေမင်း၏အရိပ်လွှမ်းမိုးသောအရပ်မှာ လူသားတို့သည် ဖြေသိမ့်မှုမရှိ၊သက်ရှင်နေရလေပြီကော။

ထိုသူတို့သည် အမှောင်ကိုခွင်း၍အနာဂတ်၏လျှို့ဝှက်မှုများကို အလင်းအိမ်အောက်မှာ ထင်ထင်ရှားရှား မြင်တွေ့သိရှိနိုင်မည့် အချိန်တည်းဟူသောကယ်တင်ပိုင်ရှင်ပေါ်ထွန်းလာမည့်အချိန်ကိုတောင့် တ၍သာနေလေတော့သည်။

ယုဒပြည်မှာနေသော နိုင်ငံခြားသားများတို့တွင် အမှန်တရားကိုရှာဖွေနေကြသူများလည်းရှိ၏။ ထိုသူတို့သည် အမှန်တရားကို ရှာဖွေကြသဖြင့် ဝိညာဉ်တော်တန်ခိုးကိုလည်း ခံစားရရှိကြပေသည်။ ထိုသူတို့၏ပုရောဖက်ပြု၍ ဟောထားသော စကားချက်များသည် တစ်ပါးအမျိုးသားတို့၏ တစ်လောကလုံးတွင် ထောင်ပေါင်းများစွာသောလူ့စိတ်နှလုံးများကို မျှော်လင့်ချက်ရောင်ခြည်သန်းစေခဲ့ပါသည်။

နှစ်ပေါင်းများစွာ ရောမအင်ပါယာကြီးမှာ ဂရိဘာသာ စကားကို သုံးစွဲ ပြောဆို နေကြပါသည်။ သမ္မာကျမ်းစာကိုလည်း ဂရိဘာသာနှင့်ပြန်ဆိုဖြန့်ချီခဲ့ကြပါသည်။ နေရာဒေသအနှံ့ ပျံ့လွင့်နေကြသောဂျူးလူမျိုးတို့သည် မိမိတို့၏မေရှိယသခင် ပေါ်ထွန်းလာခြင်းနှင့်ပတ်သက်၍ မျှော်လင့်ထားချက်ကို တစ်ပါး အမျိုးသား တို့သည်လည်း ဖတ်ရှုသဖြင့် သိရ၏။ သူတို့အားဖြင့်လည်း ထိုသတင်းစကား ပျံ့နှံ့ခဲ့ရ

ပါသည်။ တစ်ပါးအမျိုးသားဟုခေါ်ဝေါ်ခြင်းခံရသူ ဂျူးလူမျိုးပုံစံပေါက် နေသောလူအများတွင်မေရှိယနှင့်ပတ်သက်သောပုရောဖက်စကားများကို နားလည်ရာ၌ ယုဒပြည်မှာရှိသော ကျမ်းတတ်ဆရာတော်များထက်ပိုသူ များရှိပါသည်။ တချို့ကကယ်တင်ပိုင်ရှင်ပေါ်ထွန်းလာခြင်းသည်အပြစ် မှကယ်လွှတ်မည့်သူ တစ်ဦးအနေဖြင့် ကြွလာမည်ဖြစ်ကြောင်းယုံကြည် ကြ၏။

တချို့ကလည်း တွေးခေါ်ရှင်များပီပီ ဟေဗြဲအိမ်ထောင်မှု စီမံ အုပ်ချုပ်သည့် နည်းစနစ်များ၏ ရှုတ်ထွေးလေးနက်မှုများကို လေ့လာ ဆည်းပူးရန် ကြိုးစားခဲ့ကြသည်။ သို့သော်လည်း ယုဒလူမျိုးတို့၏တစ်ယူ သန်မှုသည် အလင်းတရားပျံ့နှံ့စေရေးကို တားဆီးနေ၏။

သူတို့နှင့်အခြား တစ်ပါးအမျိုးသား လောကသားတို့ စပ်ကြား ကွဲပြားခြားနားမှုကိုဆက် လက်ရှိစေလိုသည့်သဘောဖြင့် မိမိတို့လက် ဝယ်ပိုင်ဆိုင်ထားသည့်ပုံ ဆောင်မှုဆိုင်ရာဝတ်ပြုကိုးကွယ်မှု ကျင့်ထုံးများ နှင့်ပတ်သက်သည်များကိုယုဒလူတို့သည်တစ်ပါးအမျိုးသားတို့အားမဝေ မျှလိုကြပါ။

သို့ဖြစ်၍ ဤပုံဆောင်မှုများဖြင့် ရှေ့ပြေးနိမိတ်ပြုခြင်းခံရသူ ပုဂ္ဂိုလ်တော်တစ်ပါးသည် ကြွလာ၍ ထိုပုံဆောင်မှုများ၏ ထူးခြားသော အနက်အဓိပ္ပါယ်များကို ရှင်းလင်းဖေါ်ကျူးပေးရမည် မဟုတ်ပါလား။

လူသားတို့ သိနားလည်စေရန် အလို့ငှာ ထိုသူတို့သည်အသုံး ပြုသည့် ဘာသာစကားများအားဖြင့်သာ သင်ခန်းစာ ပေးရမည်ဖြစ် ၏။ ထိုကြောင့် ရှင်းလင်းပြတ်သားစွာ နားလည်သင့်သော ဘုရား သခင်၏ နှုတ်တော်ထွက်စကားများကို အနက်ပြန်ဆိုရန်၊ ခရစ်တော် သခင်ကိုယ်တော်တိုင် ကြွဆင်းလာရန် သင့်လေပြီမဟုတ်လော။ ကိုယ် တော်ရှင်သည်သာလျှင် အမှန်တရားကို ပေးသူဖြစ်၍ လူသားတို့

ဖေါ်ထုတ်ခဲ့သော အကျိုးမဲ့သေးနုပ်သော အရာများနှင့် စစ်မှန်သော အမှန်တရားကို ခွဲခြားပြသရပါမည်။

ဂျူးလူမျိုးတို့တွင် ယုံကြည်ခြင်း၌ ခိုင်မြဲသောသန့်ရှင်းသူ အမျိုး အနွယ်များအားဖြင့် ဘုရားသခင်ကို သိကျွမ်းခြင်းပညာကို ဆက်လက် ထိန်းသိမ်းသွားရမည်ဖြစ်ပါသည်။ထိုသူတို့သည်ဘိုးဘေးတို့အားပေးထား ခဲ့သော ကတိတော်များကို မျှော်လင့်နေကြဆဲဖြစ်၏။ မောရှေအားဖြင့် ပေးခဲ့သော ကတိတော် အာမခံချက်ကိုလည်းစွဲလန်းကာ ခွန်အား ယူခဲ့ ကြပါသည်။

"သင်တို့၏ ဘုရားသခင် ထာဝရဘုရားသခင်သည် သင်တို့ အမျိုးသားချင်းတို့အထဲ၌ ငါနှင့်တူသော ပုရောဖက်တစ်ပါးကို သင်တို့ အဖို့ ပေါ်ထွန်းစေတော်မူမည်။ ထိုပုရောဖက်ဟောသမျှသော အရာတို့ ကိုသင်တို့သည် နားထောင်ကြရမည်" (တမန်တော် ၃း၂၂)။

ထိုမျှမကသေး၊ "ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်း ကိုကြားပြောစေခြင်းငှာ လည်းကောင်း၊ နှလုံးကြေကွဲသောသူတို့၏အနာ ကိုစည်းစေခြင်းငှာ လည်းကောင်း၊ ဖမ်းဆီးခံရသောသူတို့အားလွှတ်ခြင်း အကြောင်းနှင့် ထာဝရဘုရားသခင်၏ မင်္ဂလာနှစ်အကြောင်းကို ဟော ပြောစေခြင်းငှာလည်းကောင်း၊ ထာဝရ ဘုရားသခင်သည် ကိုယ်တော် (ယေရှု)ကို ဘိတ်သိတ်ပေးတော်မူခဲ့ကြောင်းကို သူတို့ဖတ်ဖူးခဲ့ကြရပါ သည်။ (ဟေရှာယ ၆၁း၁၊၂)။

သခင်ဘုရားသည် မြေကြီးပေါ်မှာ တရားတော်ကို တည်စေ မည်အကြောင်းနှင့် ကိုယ်တော်၏ တရားတော်ကို တစ်ကျွန်းတစ်နိုင်ငံ သားတို့သည် မျှော်လင့်ကြမည့်အကြောင်း (ဟေရှာယ ၄၂း၄)။ တရား တော် အလင်းစီသို့လာကြ၍ ရှင်ဘုရင်တို့သည်လည်း ထိုသခင်၏

၏ပေါ်ထွန်းခြင်းရောင်ခြည်ဦးသို့ လာရောက်ချဉ်းကပ်နည်းခံကြမည်အကြောင်းများတို့ကို သူတို့ဖတ်ခဲ့ဖူးကြပါသည်။ (ဟေရှာယ ၆၀း၃ကိုဖတ်ရှုလေ့လာကြည့်ပါ)။

သေလုမြောပါးဖြစ်နေသော၊ဘိုးဘိုးယာကုပ်၏ပြောသွားခဲ့သောစကားတို့သည်လည်းသူတို့အား မျှော်လင့်ချက်ကိုပေးခဲ့ပါသည်။"ရှိလောမရောက်မီတိုင်အောင် ရာဇလှံတံသည် ယုဒထံမှလည်းကောင်း၊မင်းအာဏာသည်သူ၏အမျိုးအနွယ်မှလည်းကောင်းမရွေ့ရ" (ကမ္ဘာဦး၄၉း၁၀)။

ထိုစဉ်က အစ္စရေးတို့၏ဆုတ်ယုတ်လျော့ပါးနေသော မင်းအာဏာတန်ခိုးတို့သည် များမကြာမီအချိန်မှာ မေရှိယသခင်ကြွဆင်းလာတော့မည်ကို သက်သေပြနေပါ၏။ တန်ခိုးကြီးသောဘုရင်တစ်ပါးသည် အစ္စရေးနိုင်ငံကြီးကိုတည်ထောင်၍ရောမအင်ပါယာနိုင်ငံ၏လက်အောက်မှငင်တို့ကို ကယ်နှုတ်တော်မူလိမ့်မည်ဟူသောမျှော်လင့်ချက်သည်လည်းကျယ်ကျယ်ပြန့်ပြန့်ပေါက်ရောက်နေပါပြီ။

## စာတန်သည် အောင်မြင်လုနီးပါးရှိခဲ့ပုံ

ကာလအချိန်ပြည့်စုံလာခဲ့ချေပြီ။ ခေတ်အဆက်ဆက် အပြစ်ကျူးလွန်မှုကြောင့် ယုတ်ညံ့ကျဆင်းလာသူ လူသားတစ်နွယ်လုံးသည် ကယ်တင်ရွေးနှုတ်ပိုင်သူ၏ ပေါ်ထွန်းတော်မူခြင်းကိုတောင့်တမျှော်လင့်လျက်နေကြသည်။

စာတန်သည်လည်း ကောင်းကင်နှင့်မြေကြီးစပ်ကြား မကျော်ဖြတ်နိုင်လောက်အောင်အလွန်နက်ရှိုင်းသောချိုင့်ဝှမ်းကြီးကိုဖန်တီးလျက်ရှိ၏။ လူသားတို့အား အပြစ်ပြုရန် ရဲဆေးတင်ပေးခဲ့လေပြီ။ ဘုရားသခင်သည် ဤကမ္ဘာမြေကြီးနှင့်တကွ လောကသား အားလုံးကို

စိတ်ကုန်သွားအောင် စာန်၏ တရားစီရင်မှုအောက်မှာပင် လက်လွှတ်စွန့်ပစ်ထားရသည်အထိ စိတ်ရှည်သီးခံမှုကုန်ခန်း ပျောက်ကွယ်သွားစေရန် နောက်ဆုံးအဆင့်လူသားတို့အပေါ်ထားရှိသောချစ်ခြင်းမေတ္တာကိုချုပ်ငြိမ်းသွားစေရန် စာတန်မှာအကြံအစည်ရှိလေသည်။

စာတန်၏ ကိုယ်ပိုင်နိုင်ငံတော်တည်ထောင်အုပ်စိုးရန် ကြိုးပမ်းအားထုတ်မှုသည် လုံးလုံးနီးပါး အောင်မြင်ပုံရရှိနေလေပြီ။ ခေတ်အဆက်ဆက် လူ့အလွှာအသီးသီးနှင့် တစ်ပါးအမျိုးသားတို့မှာပင်ထာဝရဘုရားသခင်၏ ကိုယ်စားလှယ်တော်များဟူသည် ဧကန်အမှန်ရှိပါ၏။

ထိုသူတို့အားဖြင့်လူတွေကို အပြစ်တရား၏ စိုးမိုးမှုအောက်မှကယ်နုတ်ချီးမြှင့်ရန် ခရစ်တော်ဘုရားသခင် အလိုတော်ရှိပါသည်။ ထိုကြောင့်လည်း ထိုသူတို့ကိုသခင့်အစေခံစေ၏။ အစေခံ၍လည်းလူမှန်းများသည်မှာ အသက်စွန့်သွားရသည့်တိုင်အောင်ဖြစ်၏။ စာတန်ကြီးစိုးသော မှောင်မိုက်ကမ္ဘာကြီးသည် ပို၍ပို၍ မည်းမှောင်လာပါတော့သည်တကား။

အစ္စရေးတို့၏ ယုံကြည်ခြင်းသည် ဖေါက်ပြန်မှားယွင်းကာလာသဖြင့် စာတန်သည် ကြီးစွာသောအောင်ပွဲကိုခံခဲ့၏။ တစ်ပါးအမျိုးသားတို့သည်လည်း ထာဝရဘုရားသခင်ကို သိကျွမ်းခြင်းပညာ၌ လမ်းစပျောက်သွားပြီဖြစ်ပါသောကြောင့် ထိုသူတို့သည် ပိုမို၍ ပျက်စီးညစ်ညမ်းလာကြသည်။

၄င်းတို့နှင့်တူသည်က အစ္စရေးလူမျိုးတို့ဖြစ်သည်။ လူသည်ကျင့်စဉ်အားဖြင့်ကယ်တင်ခြင်းသို့ရောက်ရှိနိုင်သည်ဟူသောမူစည်းမျဉ်းများသည်နတ်ကိုးကွယ်သော သူတို့ဘာသာရေး အခြေခံအုတ်မြစ်ပင်ဖြစ်သတည်း။ ထိုလမ်းစဉ်သည် ယခုအချိန်မှာ ယုဒဘာသာရေးလမ်းစဉ်ဖြစ်၍ လာခဲ့ပေသည်။

ဂျူးလူမျိုးတို့သည် ထာဝရဘုရားသခင်ဘုန်းတော်ကိုမေးမှိန်စေ၍ အခြားသောဧဝံဂေလိသတင်းစကားအတုအတုအယောင်များနှင့် ကမ္ဘာမြေကြီးကိုလိမ်လည်ခဲ့ကြပါ၏။

လောကသားတစ်ရပ်လုံး ကယ်တင်ခြင်းအတွက် မိမိတို့ကိုယ်ကို ဘုရားသခင်၏လက်တော်တွင်းသို့အပ်နှံရန်ငြင်းဆန်ခဲ့သဖြင့်လည်းကောင်း ကျိုးကိုမပြု အဖျက်လုပ်ငန်းအတွက် စာတန်၏ကောင်းကျိုးကိုမပြုအဖျက်လုပ်ငန်းအတွက် စာတန်၏ ကိုယ်စားလှယ်များဖြစ်လာခဲ့ကြပေသည်။

အမှန်တရားအတွက် အခြေခံတိုင်မများဖြစ်ရန် ဘုရားသခင်ရွေးချယ်ခေါ်ယူတော်မူသော သူတို့သည် စာတန်လက်ကိုင်တုတ်များဖြစ်လာချေပြီ။ ထာဝရဘုရားသခင်ကျေးဇူးတော်ကို မှားယွင်းစွာ ရုပ်လုံးဖော်သဖြင့် လောကသားတို့အား ဘုရားသခင်ကို အာဏာရှင်တစ်ဦးအဖြစ်မြင်တွေ့စေပါသည်။

ဗိမာန်တော်ထဲမှာအမှုတော်ထမ်းဆောင်နေသောယဇ်ပုရောဟိတ်များပင်လျှင် မိမိတို့လုပ်ဆောင်နေသောဝတ်ကြီးဝတ်ငယ်အသွယ်သွယ်တို့ထူးခြားသောပုံဆောင်မှုများကို မျက်ခြည်ပြတ်ကာလာကြ။

ရုပ်ရှင်သရုပ်ဆောင်များပမာဖြစ်လာ၍ နေချေပြီ။ ဘုရားသခင်ကိုယ်တော်တိုင် သတ်မှတ်ပေးခဲ့သော ဝိနည်းအထုံးအဖွဲ့ကျင့်ဝတ်များတို့သည်လည်း သူတို့၏စိတ်ဝိညာဉ်အာရုံကို ကန်းစေ၍ စိတ်နှလုံးသားခိုင်မာလာခြင်းအဖြစ်သို့ ဆိုက်ရောက်လာ၏။

ဤသို့ဖြစ်လာသောကြောင့်လည်း ဤနည်းလမ်းများအားဖြင့် လူသားတို့ကယ်တင်ခြင်းအတွက် ဘုရားသခင်သည်ရှေ့ဆက်မလုပ်ဆောင်နိုင်ပါသောကြောင့် ဤဝိနည်းအထုံးအဖွဲ့ပညတ်တစ်ခုလုံးကို ဖျက်သိမ်းရတော့မည့် အခြေအနေတွင်ရှိနေပါတော့သည်။

# ပျောက်ဆုံးသောကမ္ဘာကို ဘုရားသခင်သည်သနားတော်မူခြင်း

အပြစ်တရား၏ လိမ်လည်လှည့်ဖြားမှုအသွယ်သွယ်တို့သည် လူသားတနွယ်လုံးကို ဝါးမျိုး၍နေချေပြီ။ ဘုရားသခင်၏ သားတော်သည် ဤကမ္ဘာလောကကြီးကို ရှုမြင်လိုက်သောအခါ သနားခြင်းကရုဏာစိတ်ဖြစ်ပေါ်လာခဲ့သည်။

လူသားတို့သည်လည်း စာတန်နတ်ဆိုးမင်း၏ ရက်စက်မှုအောက်မှာသားကောင်များပမာ ဖြစ်၍နေ၏။ ရက်စက်လှပါပေ့ စာတန်ရယ်. . . ။

ဘုရားသခင်သည် ပျက်ယွင်းညစ်ညူးအောင် ပြုကျင့်ခြင်းခံရသူများ၊ စိတ်ရှုပ်ထွေးပြီး လိမ်ညာမှုအလီလီကို ခံရသူများတို့အား ကြည့်နေရင်းက ထိုသူတို့သည် ထာဝရအသက်အတွက် မျှော်လင့်ချက်မရှိသော သေမင်းတမန်၏တံခါးဝဆီသို့ စိတ်အားငယ်စွာဖြင့် တန်းစီလျက် ဦးတည်ချီတက်သွားနေကြသည်ကိုမြင်တွေ့ရပေသည်။ ထိုသူတို့အတွက်ကား မနက်ဖြန်မိုးသောက်ယံမရှိသောအမှောင်ကမ္ဘာညဥ့်ဆီသို့တိုင်တည်း။

ဘုရားသခင်၏ ဗိမာန်တော်ဖြစ်သော လူသားတို့၏ ခန္ဓာကိုယ်သည် နတ်ဆိုးများ၏ ဘုံဗိမာန်များဖြစ်လာရပြီကော။ လူသားတို့၏ အာရုံခံစားမှုများ အာရုံကြောများ၊ စိတ်နှလုံးအလိုဆန္ဒများနှင့် ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့သည် အယုတ်ညံ့ဆုံးသောလောက ပျော်ပါးမှုကာမဂုဏ်ခံစားခြင်းမှာ နတ်ဆိုးတို့၏ အသုံးပြုခြင်းကို ခံနေရလေပြီ။

လူတို့၏ မျက်နှာအသွင်အပြင်မှာလည်း ဘုရားသခင်၏ ပုံသဏ္ဍာန်မပေါ်တော့ချေ။ ဘီလူး၊ သရဲရုပ်သာပေါ်နေတော့၏။ ဤမြင်ကွင်းကို တစ်လောကလုံး၏ ကယ်တင်ပိုင်သူ သခင်ဘုရားသည်ရှုမြင်နေရပါသောကြောင့် အဘယ်မှာလျှင် စိတ်တော်တွေ့ ဝမ်းမြောက်နိုင်ပါမည်နည်း။

ဤအကျည်းတန် အရုပ်ဆိုးကို အသက်ပေး၍ ဖျက်ထုတ်ရမည် မဟုတ်ပါလား။

အပြစ်တရားသည် သိပ္ပံပညာတစ်ရပ်ဖြစ်လာ၍ ဆိုးသွမ်းယုတ်မာမှုသည် ဘာသာတရား၏ အပိုင်းကဏ္ဍတစ်ခုဖြစ်၍လာ၏။တော်လှန်ပုန်ကန်မှုနှင့် လူအချင်းချင်းရန်လိုမှုများသည် ကောင်းကင်ဘုံနှင့်ဆန့်ကျင်သောအရာများဖြစ်ပါသည်။

ဤလိုဆိုးသွမ်းကမ္ဘာကြီးအား ထာဝရဘုရားသခင်သည် ထတော်မူ၍ အမြစ်ပါမကျန်မြေလှန်ကာ သုတ်သင်ရှင်းလင်းမည်ကို မကျဆုံးသေးသောကမ္ဘာများမှ သတ္တဝါတို့သည် အလွန်တစ်ရာစိတ်ပါဝင်စားစွာဖြင့် စောင့်မျှော်ကြည့်ခဲ့ကြပါ၏။

အကယ်၍သာဘုရားသခင်သည် ထတော်မူ၍ အမြစ်ပါမကျန်မြေလှန်ကာ သုတ်သင်ရှင်းလင်းမည်ကို မကျဆုံးသေးသောကမ္ဘာများမှ သတ္တဝါတို့သည် အလွန်တရာစိတ်ပါဝင်စားစွာဖြင့် စောင့်မျှော်ကြည့်ခဲ့ကြပါ၏။ အကယ်၍သာ ဘုရားသခင်သည် သူတို့မျှော်လင့်ထားကြသလို ဖျက်ဆီးလိုက်ချေက စာတန်နတ်ဆိုးမင်းသည် ကောင်းကင်သားများ၏ သစ္စာခံမှုကို ဆက်လက်ရယူရန်မိမိ၏အစီအစဉ်ကို ဖေါ်ဆောင်နိုင် တော့မည်ဖြစ်ပါသည်။

ဘုရားသခင်၏အုပ်စိုးမှုအာဏာစက်သည် စည်းကမ်းကြီးသဖြင့် အပြစ်လွှတ်ခွင့်မရှိနိုင်ကြောင်းစာတန်သည် ကြိုတင်၍ဖေါ်ထုတ်ကြေညာခဲ့လေပြီမဟုတ်လော။ အကယ်၍သာကမ္ဘာကြီးကိုဘုရားသခင်သည်ဖျက်ဆီးလိုက်ပြီး တစ်မဟုတ်ချင်းဆိုင်းမဆင့်၊ဘုံမဆင့်ပျက်စီးသွားချေကစာတန်၏စွပ်စွဲချက်သည်မှန်ကန်သည်ဟုမြင်ကြပေတော့မည် မဟုတ်ပါလား။ ထိုသတင်းဆိုးကိုစာတန်သည်အခြားကမ္ဘာများဆီသို့ ပျံ့နှံ့သွားစေတော့မည်။သို့သော်လည်းဘုရားသခင်သည် ဤကမ္ဘာကြီးကို ဖျက်ဆီးပစ်မည့်အစားမှာ မိမိ၏တစ်ပါးတည်းသောသားတော်ကိုဤလောကကြီးသို့စေလွှတ်ခဲ့ပါသည်။ ကမ္ဘာကြီးကိုကယ်တင်ဖို့ဖြစ်သည်မဟုတ်လော။ကမ္ဘာကြီးကိုကယ်တင်ဖို့ဖြစ်သည်မဟုတ်လော။ ကမ္ဘာမြေကြီးကိုပြန်လည်ကျန်းမာလာအောင် ဘုရားသခင်သည်

အစီအစဉ်တစ်ခုကို ပြခဲ့ပါ၏။ “ကာလအချိန်စေ့သောအခါ” ဘုရားသခင်သည် အဘယ်သူမျှတားမြစ်ရုပ်သိမ်း၍မရနိုင်သော ကျန်းမာပကတိဖြစ်စေသည့် ကျေးဇူးတော်ဒီရေသည် ဤကမ္ဘာလောကကြီးအပေါ်သို့ သွန်းဖြိုးစေခဲ့ပါလေပြီ။ ဤလုပ်ဆောင်မှုကြီးကား ကယ်တင်ခြင်း စီမံကိန်းကြီးအပြီးအပိုင်ပြီးပြည့်စုံခြင်းမရှိမီကာလပတ်လုံးဖြစ်ခေ၏။ မှန်ပေသည်။ ယေရှုသခင်သည် လူသားတို့၌ ဖန်ဆင်းသူ၏ရုပ်လုံးသဏ္ဌာန်တော်ကို ပြန်လည်ဖေါ်ဆောင်ရန်၊ လူသားတို့၌ ပူးကပ်နေသောနတ်ဆိုးများကို နှင်ထုတ်ရန်၊ လူသားတို့၏ယုတ်ညံ့သော အခြေအနေမှ ပြန်လည်မြှင့်တင်ရန်၊ ပျက်စီးယိုယွင်းနေသော လူ့စာရိတ္တသဘောထားကို ဘုရားသခင်၏ဂုဏ်တော်၊ အလိုတော်အတိုင်း ပြန်လည်ပုံသွင်းရန်နှင့် လူသားကမ္ဘာကို ဘက်စုံပြန်လည်ပြုပြင်မွမ်းမံအလှဆင်ရန်အတွက် ဤကမ္ဘာလောကဆီသို့ ကြွဆင်းပေါ်ထွန်းတော်မူခဲ့ပေသည်။

--o--

# အခန်း (၄)
# နွားတင်းကုပ်မှာ ဖွားမြင်တော်မူခြင်း

(လုကာ ၂း၁-၂၀ ကိုအခြေခံထားပါသည်။)

ဘုန်းကြီးသောရှင်ဘုရင်သည် လူသားဇာတိကိုခံယူရန် မိမိကိုယ်ကိုနှိမ့်ချတော်မူခဲ့ပေသည်။ ထိုအခါထိုသခင်၏ ဘုန်းတော်မှာကွယ်ခဲ့ရ၏။

သခင်သည် အပြင်ပန်းပကာသနအပေါင်းတို့ကို ဖေါ်ပြရန်ရှောင်ကြဉ်ခဲ့လေသည်။ ကမ္ဘာလူသားအပေါင်းတို့အား တန်ခိုးပြ၍လည်း မစည်းရုံးခဲ့ပါ။

လူ့လောကနှင့်ပတ်သက်သော စွဲမက်စရာ ဆွဲဆောင်မှုများမပါဘဲလျက် လူသားတို့အား အထံတော်ပါးသို့ဆွဲယူခဲ့ပေသည်။ ထိုဆွဲယူမှုတန်ခိုးကား ကောင်းကင်ဘုံနှင့်ဆိုင်သော အမှန်တရား၏တင့်တယ်လျောက်ပတ်မှုပေတည်း။

ထိုနှုတ်တော်ထွက်သမ္မာကျမ်းစာ၏ သက်သေခံချက် အပေါ်မှာသာ အမှီပြု၍ သခင်ဘုရားအား ယုံကြည်လက်ခံကြပါရန် ထာဝရဘုရားသခင်က အလိုရှိတော်မူပါသည်။

ကောင်းကင်တမန်များတို့သည် ဘုရားသခင်၏အပေါင်းအသင်းဝင်လူသားတို့က လူ့ဇာတိနှင့် ပေါ်ထွန်းတော်မူမည့်ဘုရားသခင်သားတော်အား မည်ကဲ့သို့လက်ခံကြမည်ကို စောင့်ကြည့်နေကြပါသည်။ ကောင်းကင်သားတို့သည် ပုရောဖက်ဟောကြားချက်အလင်းထွန်းလင်းရာ တိုင်းပြည်ဆီသို့ကြွဆင်းလာကြ၏။ ယေရုရှလင်မြို့ရှိ ဘုရားသခင်အိမ်တော်မှာအမှုတော်ဆောင်ရွက်နေကြသော သူတို့ထံသို့ ကိုယ်ယောင်ဖျောက်၍ ကြွဆင်းလာခဲ့ကြပေသည်။

ထိုစဉ်အခါမှာ ယဇ်ပလ္လင်ရှေ့၌ အမှုတော်ဆောင်ရွက်နေသော ယဇ်ပုရောဟိတ်ဇာခရိထံသို့လာ၍ ခရစ်တော်သခင်၏ ပေါ်ထွန်းတော်မူချိန် မှာနီးကပ်ပြီ ဖြစ်ကြောင်း ကြေညာခဲ့၏။

ခရစ်တော်သခင်၏ ရှေ့တော်ပြေး နှစ်ခြင်းဆရာယောဟန်ကို မမွေးဖွားမီကပင် ထိုသခင်၏ ဖွားမြင်တော်မူမည့်သတင်းစကား၊ ခရစ်ယာန် သာသနာလုပ်ငန်း၏ ထူးခြားပုံတို့ကို နိမိတ် လက္ခဏာအားဖြင့်သော်လည်း ကောင်း ပုရောဖက်ဟောကြားချက်စကားများအားဖြင့် သော်လည်းကောင်း သက်သေခံခဲ့ပြီဖြစ်ပါသည်။

သို့စေကာမူ ယေရုရှလင်မြို့သားတို့သည် တုံ့တုံ့မျှမလှုပ် မိမိတို့၏ ကယ်တင်ရှင်နှုတ်ရှင် (သူ) ကိုကြိုဆိုရန် ပြင်ဆင်မှုများမပြုလုပ်ခဲ့ကြပါချေ။

ခရစ်တော်သခင်သည် ဒါဝိဒ်မင်းကြီး၏ အမျိုးအနွယ်မှဆင်းသက် ကာ ဖွားမြင်ခြင်းကို ခံယူတော်မူမည့်အကြောင်းကို ကမ္ဘာလောကတစ်ခွင်လုံး သို့ သတင်းကောင်းဖြန့်ရန် ဘုရားသခင်သည် ယုဒလူမျိုးကိုရွေးချယ်ထား ပါသည်။

သို့တိုင်အောင်လည်း ထိုသခင်၏ ပေါ်ထွန်းတော်မူခြင်းမှာ နီးကပ် လျက်ရှိကြောင်းကိုသူတို့မသိခဲ့ကြပေ။ ဗိမာန်တော်ထဲမှာနေ့တိုင်းအစဉ်နံနက် တစ်ကြိမ်၊ ညဦးတွင်တစ်ကြိမ်ယဇ်ပူဇော်ခြင်းအမှုကို ပြုကြရာ၌ထိုအမှုသည် ဘုရားသခင်၏ သိုးသငယ်တော်ကို ပြညွှန်နေပါသော်လည်း ထိုအမှုကိုပြုသော သူတို့ပင်လျှင်သခင်ဘုရားကိုလက်ခံရန် ပြင်ဆင်မှုကို မပြုခဲ့ကြချေ။

ယုဒပြည်မှာယဇ်ပုရောဟိတ်နှင့်ကျမ်းတတ်ဆရာတော်များသည် ခေတ်အဆက်ဆက်တွင်ဗိမာန်တော်၌ဝတ်ကိုပြု၍ အဓိပ္ပါယ်မဲ့သောဆု တောင်းချက်များကိုအထပ်ထပ်အခါခါရွတ်ဆိုခဲ့ကြပါသော်လည်း မေရှိယ သခင် ပေါ်ထွန်းတော် မူခြင်းအတွက် ထိုသူတို့သည် မပြင်ဆင်မိခဲ့ကြချေ။ ဤကဲ့သို့ မထူးမခြား၊ ဖေါက်ပြန်မှုကြီးသည် အစ္စရေး တစ်နိုင်ငံလုံးတွင်

ဖြစ်၏။ ကိုယ်ကျိုးကိုသာကြည့်သောသူများနှင့် မြေကြီးအရာကိုသာစွဲလမ်းသောသူတို့သည် ကောင်းကင်တစ်ခုလုံး၏ ပျော်ရွှင်ဝမ်းမြောက်မှုအနှစ်သာရကို မခံစားခဲ့ရရှာပေ။ လူနည်းစုလောက်သာလျှင် ထိုသခင်ကိုတောင့်တစောင့်မျှော်ခဲ့ကြ၏။ ထိုသူတို့ထံသို့ ဘုရားသခင်သည် ကောင်းကင်တမန်များကိုစေလွှတ်တော်မူခဲ့ပါသည်။

ယောသပ်နှင့်မာရိတို့သည် မိမိတို့၏ နေရင်းမြို့သို့ ခရီးသွားကြစဉ်တွင် ကောင်းကင်တမန်များသည် ၎င်းတို့အား ကူညီထောက်ပံ့ပို့ဆောင်ကြပါသည်။ ရောမအင်ပါယာအတွင်း သန်းခေါင်စာရင်းကောက်ခံရမည်ဟူသောအမိန့်တော်သည် ဂါလိလဲတောင်တန်းဒေသနေ လူတို့ထံသို့လည်းရောက်ရှိလာ၏။

ဤတွင်မယ်တော်မာရိအား ဗက်လင်မြို့သို့ခေါ်ဆောင်ရန်တည်းဟူသော ဘုရားသခင်၏ အကြံတော်ကို ပြည့်စုံစေရန်အတွက် ကဲသာဘုရင်ဩဂုတ္တုသည်ဘုရားသခင်ကိုယ်စားလှယ်တစ်ဦးအဖြစ်အသုံးတော်ခံခဲ့ပါသည်။

မာရိသည် ဒါဝိဒ်၏ အမျိုးအနွယ်ဖြစ်၍ ဒါဝိဒ်၏သားတော်သည် ဒါဝိဒ်၏မြို့တော်မှာ ဖွားမြင်ခြင်းကို ခံရမည်မဟုတ်လော။ ပရောဖက်၏စကားသည် ပြည့်စုံရပေမည်။ ဗက်လင်မြို့မှာ "ဣသရေလအမျိုးကိုအုပ်စိုးရသောသခင်သည်. . . ပေါ်ထွန်းလတ္တံ့။ ထိုသခင်သည် ရှေးကပ်ကမ္ဘာမှစ၍ပေါ်ထွန်းသောသခင်ဖြစ်၏" ဟုမိက္ခာကကြိုဟောခဲ့လေပြီ။ (မိက္ခာ ၅း၂)။

သို့ပါသော်လည်း ဘုရင့်ဆွေတော်မျိုးတော်များနေထိုင်သော ဗက်လင်မြို့တွင်မူ ယောသပ်နှင့်မာရိတို့သည် အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုခြင်းကိုမခံခဲ့ကြရချေ။ ခရီးသွားနေရ၍မောကြ၏။ ဖိတ်ခေါ်သည့်အိမ်လည်းမရှိ။ခြေဦးတည့်ရာလမ်းကျဉ်းကလေးအတိုင်း မြို့ငယ်လေး၏အရှေ့ဘက် အစွန်းအစွန်းဆီသို့ သွားကြ၏။ ညအခါ အိပ်စက်

အနားယူရန် တည်းခိုမည့်နေရာကိုရှာဖွေနေကြပေသည်။ တည်းခိုနိုင်သည့် ထမင်းဆိုင်များမှာလည်း လူတွေပြည့်နေပြီဖြစ်၍ သူတို့အတွက် နေရာမရှိတော့ပြီ။

နောက်ဆုံးတော့ တိရစ္ဆာန်များအရိပ်ခိုရန် ဖြစ်ကတတ်ဆန်းဆောက်လုပ်ထားသော တဲငယ်လေးတစ်ခုကိုတွေ့၍ ထိုနေရာမှာပင် ကမ္ဘာလောကတစ်ခုလုံးကို ကယ်တင်သောသူသည်မွေးဖွားခြင်းကို ခံယူခဲ့ပါ၏။

ထိုသတင်းသည် ကောင်းကင်တစ်ခုလုံးကို ဝမ်းမြောက်စေ၏။ အလင်းကမ္ဘာမှ ကောင်းကင်သားတို့သည် ဤကမ္ဘာမြေကြီးကို စိတ်ဝင်စားစွာဖြင့် အာရုံပြုကြကုန်၏။ ဗက်လင်မြို့၏ တောင်ကုန်းများအထက်မှာကောင်းကင်တမန်တို့သည် စုဝေးလျက် ဤကမ္ဘာလောကကြီးဝမ်းမြောက်ရန်အတွက် သတင်းကောင်းကိုကြေညာရန် အမိန့်ကိုစောင့်ဆိုင်းနေကြပါသည်။

ယုဒပြည်သားခေါင်းဆောင်များတို့သည် ဘုရားသခင်ပေးအပ်ထားသည့် သတင်းစကားများအပေါ် သစ္စာရှိကြမည်ဆိုလျှင် ယခုလိုခရစ်တော်သခင်၏ မွေးနေ့မှာသက်ရောက်သည့် ဝမ်းမြောက်ခြင်းအနှစ်သာရကို မျှဝေခံစားနိုင်ကြလိမ့်မည်ဖြစ်သည်။

သို့သော်လည်း ယခုတွင် ထိုဝမ်းမြောက်ခြင်းသည် သူတို့အားကျော်လွန်သွားခဲ့လေပါပြီ။ အလင်းတရားကိုရှာဖွေ၍ဝမ်းမြောက်ဝမ်းသာလက်ခံသောသူတို့အပေါ်၌ ထာဝရဘုရားသခင်၏ပလ္လင်တော်ပေါ်မှ ထွန်းတောက်သော လင်းရောင်ခြည်သည် အစဉ်အမြဲထွန်းတောက်နေမည်ဖြစ်ပါသည်။ ဟေရှာယ ၄၄း၃၊ ဆာလံ ၁၁၂း၄ ကိုဖတ်ရှုလေ့လာကြည့်ပါ။

## သိုးထိန်းများသာဂရုပြုခဲ့ကြခြင်း

ဒါဝိဒ်မင်းကြီးငယ်စဉ်အခါက သိုးကျောင်းခဲ့သော မြစိမ်းရောင်မြက်ခင်းပြင်များပေါ်တွင် သိုးထိန်းများသည် ယခုခေတ်တိုင်အောင်

ညချိန်ခါများတွင် သိုးကျောင်းနေကြပါသေးသည်။ ထိုသူတို့သည်ဆိတ်ငြိမ်သောညချမ်းခါများမှာ ထားတော်မူသော ကယ်တင်တင်ရှင်ပေါ်ထွန်းတော်မူမည်ဟူသော ကတိတော်အကြောင်းကို အတူတကွပြောဆိုဆွေးနွေးလေ့ရှိကြ၏။

ကြွရောက်လာဖို့ရန်အတွက်လည်း ဆုတောင်းခဲ့ကြလေသည်။ ဤတွင် ကောင်းကင်တမန်တစ်ပါးက "ကြောက်ရွံ့ခြင်းမရှိကြနှင့်၊ လူအပေါင်းတို့အတွက် ဝမ်းမြောက်ဝမ်းသာစရာသတင်းကို ငါသည် သင်တို့အား ကြားပြောရ၏။

ယနေ့ဒါဝိဒ်မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်တော်မူသောအရှင်သည် သင်တို့အဖို့အလို့ငှာ ဖွားမြင်ခြင်းကိုခံတော်မူပြီ"ဟူ၍ ကြွေးကြော်ခဲ့ပါသည်။ ဤသတင်းစကားကို နားထောင်နေကြသော သိုးထိန်းတို့၏ စိတ်ထဲတွင် ဘုန်းတော်နှင့်ထင်ရှားသည့် မြင်ကွင်းများသည်ပြည့်ဝလျက်ရှိ၏။ ကယ်တင်ပိုင်သူ သခင်ဘုရားကြွဆင်းလာပြီတကားဟူ၍လည်း ဝမ်းမြောက်စွာကြွေးကြော်ကြကုန်၏။ တန်ခိုးတော်၊ ချီးမြှောက်ခြင်းနှင့်အောင်မြင်ဝင့်ကြွားခြင်းတို့သည် ထိုသခင်ပေါ်ထွန်းတော်မူခြင်းနှင့်အတူဆက်နွယ်နေသည်ဖြစ်ပါသော်လည်း ထိုသိုးထိန်းများသည် မိမိတို့၏ ကယ်တင်ပိုင်သူအရှင်သခင်ကို မှတ်မိနိုင်ရန်အလို့ငှာထိုသခင်၏ ဆင်းရဲနွမ်းပါးမှုနှင့် နှိမ့်ချမှုများကို သတိရစေရန် ပြင်ဆင်ပေးရမည်မဟုတ်လော။

ထိုကြောင့် "သူငယ်သည် အဝတ်နှင့်ပတ်ရစ်၍ နွားစားခွက်၌ သိပ်ထားလျက်ရှိသည်ကိုတွေ့ရလိမ့်မည်" ဟု ကောင်းကင်တမန်ကပြောဆိုခဲ့ပါသည်။

အဆိုပါ ကောင်းကင်တမန်သည် သိုးထိန်းတို့၏ ကြောက်ရွံ့မှုကိုငြိမ်းအေးစေခဲ့ပါပြီ။ ခရစ်တော်ယေရှုသူငယ်တော်အား တွေ့မြင်ရန်ကိုလည်း ပြောပြခဲ့ပေသေးသည်။ ဘုရားသခင်ထံတော်မှ ထွန်းတောက်လာမည့် ရောင်ခြည်တော်နှင့် ယဉ်ပါးလာစေရန် အတွက်

သူသည် အချိန်ဆွဲ၍ ထားလိုက်၏။ မကြာပါ။ လွင်ပြင်တစ်ခုလုံးသည် ဘုရားသခင်၏ ကောင်းကင်တမန်များ အလင်းရောင်ကြောင့် ထွန်းလင်းတောက်ပလျက်ရှိနေပါသည်။ ပထဝီမြေကြီးသည် တိတ်ဆိတ်အေးချမ်းလက်ရှိနေချိန်မှာ ကောင်းကင်သားတို့သည် ဆင်းကြွလာ၍ သီချင်းသီဆိုကြပါသည်။

"ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည်
ဘုန်းကြီးတော်မူစေသတည်း။မြေကြီးပေါ်၌လည်း
ငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အားမေတ္တာ
ကရုဏာရှိစေသတည်း။"

အို ယနေ့ထက်တိုင် လူသားအဝင်မိသားစုများသည် ထိုသီချင်းကို သတိရမှတ်မိနိုင်ကြသေးသည်မဟုတ်လော။

ထိုနေ့၌ ကြေညာခဲ့သောသတင်းကောင်းနှင့် လေထဲမှာပဲ့တင်ထပ်သောသီချင်းသံတို့သည် ကမ္ဘာ့နောက်ဆုံးနေ့များတိုင်အောင် လူသားတို့၏ ဘဝင်မှာ ရွှင်လန်းဝမ်းမြောက်လေဦးမည်ဖြစ်ပါသည်။

ကောင်းကင်တမန်များ ပျောက်ကွယ်သွားသော အချိန်တွင်ကားညမှောင်ရိပ်သည် ဗက်လင်ကုန်းမြင့်ပေါ်မှာ တစ်ဖန်ပြန်လည်ကျရောက်လာပါသည်။

သို့သော်လည်းလူသားတို့၏မျက်မြင်မှာထိုမျှလောက်ထွန်းတောက်သည့်ရုပ်လုံးမြင်ကွင်းကိုထိုသိုးထိန်းတို့သည်အဘယ်မှာလျှင်မေ့ပျောက်နိုင်အံ့နည်း။ ကောင်းကင်တမန်တို့သည်ကောင်းကင်ထက်သို့ပြန်ကြ၏။ ပြီးမှသိုးထိန်းတို့က"ငါတို့သည်ဗက်လင်မြို့သို့သွားကြကုန်အံ့။ထာဝရဘုရားသခင်သည်ဖေါ်ပြတော်မူသောၤအမှုအရာကို ကြည့်ကြကုန်အံ့ဟုအချင်းချင်းပြောဆိုပြီးလျှင်

အလျင်အမြန်ထွက်သွား၍ မာရိနှင့်ယောသပ်ကိုလည်းကောင်း နွားစားခွက်တွင် သိပ်ထားလျက်ရှိသောသူငယ်ကိုလည်းကောင်း တွေ့ကြ၏။”

ထိုသူတို့သည် မြင်တွေ့ခဲ့ရသည်များ၌ ဝမ်းမြောက်ရွှင်လန်းကြသည်နှင့်အမျှ ထိုသတင်းကောင်းကို အရပ်လေးမျက်နှာဆီသို့တိုင် ကြွေးကြော်ကာ လက်ဆင့်ကမ်းကြပေသည်။ သိုးထိန်းတို့သည် ကောင်းကင်တမန်များ၏ သီချင်းသံကို ကြားနာခဲ့ရသည့်နေ့ရက်များမှာထက် ယနေ့အချိန်ကာလတို့တွင် ကောင်းကင်နှင့်မြေကြီးသည် ပို၍မဝေးကွာလှပါချေ။

ကောင်းကင်တမန်များသည် ကောင်းကင်ဘုံနန်းရင်ပြင်မှနေ၍ ဘုရားသခင်၏ အမိန့်တော်ရှိသည့်အတိုင်း ကယ်တင်ခြင်းခံရပြီးသောသူတို့ကို လုပ်ကျွေးပြုစုရန် အတူတကွအမှုတော်မြတ်မှာ သွားလာနေရသည်မဟုတ်လော. . .။

ဗက်လင်မြို့မှ ထိုဖြစ်ရပ်မှန်သည် မေ့ပျောက်၍မရကောင်းသောအရာဖြစ်ပါသည်။ ထိုဖြစ်ရန်မှန်တွင် အလွန်ကျယ်ပြန့်နက်နဲသော ဘုရားသခင်၏ ပညာနှင့်ဉာဏ်တော်သည် သိုဝှက်ထားလျက်ရှိ၏။(ရောမ ၁၁း၃၃)

ကယ်တင်ပိုင်သူ၏ အနစ်နာခံဆက်ကပ်မှုဖြစ်သည့် ကောင်းကင်ပလ္လင်တော်ကို နွားစားခွက်နှင့်လည်းကောင်း၊ ခစားကိုးကွယ်နေကြသည့် ကောင်းကင်တမန်များ၏ အပေါင်းအဖော်ပြုခြင်းအား တင်းကုပ်မှတိရစ္ဆာန်များနှင့်လည်းကောင်း လဲလှယ်ခဲ့ခြင်းအတွက် လူသားကျွန်ုပ်တို့သည် များစွာအံ့သြခဲ့ရသည်မဟုတ်လော။ လူသားတို့၏ မောက်မာမှုနှင့် မိမိကိုယ်ကိုအထင်ကြီးမှုတို့သည် ထိုသခင်၏ ရှေ့တော်မှောက်မှာ ဆုံးမပြစ်တင်ခံရသည့်အဖြစ်မှာရှိနေပါပြီကော. . . .။

သို့တိုင်အောင်လည်း ထိုအမှုအရာသည် ထိုသခင်၏ အံ့သြဖွယ်မိမိကိုယ်ကိုနှိမ့်ချခြင်း၏ အစအဦးပင် ဖြစ်ပါသေးသည်တကား. . . . . .။

ဧဒင်ဥယျာဉ်မှာနေထိုင်ခဲ့စဉ်က အာဒံ၏ အပြစ်ကင်းစင်သောအခြေအနေမျိုးတွင် သားတော်ဘုရားသခင်သည် နှိမ့်ချလျက် လူဇာတိကိုခံယူခဲ့မည်ဆိုလျှင် သခင်အတွက် အတိုင်းထက်အလွန်များပြားလှသော နှိမ့်ချမှုတစ်ခုဖြစ်ပေလိမ့်မည်။

သို့ပါသော်လည်း ယေရှုသခင်သည် နှစ်ပေါင်း(၄၀၀၀)သက်တမ်းရှိသောအပြစ်ကြောင့် အားနည်းခဲ့ရသောလူသားဘဝမှာ လူ့ဇာတိကိုခံယူခဲ့ပါ၏။

ထိုသခင်သည် လူသားတို့ခံစားရသည့်ကောင်းကျိုး၊ ဆိုးကျိုးများကို အခြားသောအာဒံ၏ သားသမီးများကဲ့သို့ပင် ခံစားခဲ့ပေသည်။ ဤသည်ကို သခင်၏ လောကဘိုးဘေးများတို့၏ သမိုင်းစဉ်မှာ အထင်အရှားဖော်ပြခဲ့လေပြီ. . .။ အမှန်အားဖြင့် ထိုသခင်သည် လူသားကျွန်ုပ်တို့၏ ဝမ်းနည်းမှုများနှင့် စုံစမ်းနှောင့်ယှက်ခြင်းများကို မျှဝေခံစားရန် ကျွန်ုပ်တို့အားအပြစ်ကင်းစင်သောအသက်တာပုံစံနမူနာတစ်ခုကို ပြသရန် ထိုကဲ့သို့သော ဇာတိမျိုးကို ခံယူဖို့ကြွဆင်းလာခဲ့ပါသည်။

စာတန်သည် ခရစ်တော်သခင်ကို မုန်းတီးသည်မှာ ဥဒါန်းမကျေဖြစ်၏။ အပြစ်သားများကို ကယ်တင်ပါမည်ဟု ကတိပြုခဲ့စဉ်ကပင် သူသည် ခရစ်တော်ကို စတင်မုန်းတီးခဲ့လေပါပြီ။ သို့တိုင်အောင်လည်း စာတန်မင်းမူသော ဤကမ္ဘာလောကကြီးဆီသို့ ဘုရားသခင်သည် မိမိ၏သားတော်ကို အကူအညီကင်းမဲ့သော ကလေးငယ်အသွင်ဖြင့် အားနည်းသောလူသားတစ်ဦးအသွင်ကို ဆောင်ယူကာ ကြွဆင်းလာရန်ခွင့်ပြုခဲ့ပါသည်။

လူသားတိုင်း၏ အသက်တာမှာ ရင်ဆိုင်ခံစားရသည့် ဘေးဥပါဒ်အန္တရာယ်များကို ကြုံတွေ့ခံစားစေရန်အတွက်သော်လည်းကောင်း ကျဆုံးခြင်းများနှင့် ထာဝရဆုံးရှုံးမှုများရှိနေသည့် ဤကမ္ဘာတွင် လူသားတိုင်းဝင်ရောက်ဆင်နွှဲရန်အတွက်သော်လည်းကောင်း ခမည်းတော်ဘုရားသခင်သည် သားတော်ဘုရားသခင်ကို စေလွှတ်ခဲ့ပေသည်။

လူသားစစ်စစ်ဖြစ်သောဖခင်၏နှလုံးသားသည် မိမိ၏ ရင်သွေး အလိမ္မာသားငယ်အတွက် သတိရလွမ်းဆွတ်တမ်းတလေ့ရှိသည်မှာ ဓမ္မ တာပင်ဖြစ်၏။ ဖခင်သည် သားငယ်၏မျက်နှာကို စေ့စေ့ကြည့်ရှုလျက် အသက်တာမှာ ကြုံတွေ့ရမည့် ဘေးဥပဒ်အန္တရာယ်များအကြောင်း စဉ်းစား လိုက်တိုင်း တုန်လှုပ်ချောက်ချားနေပါသည်။ ချစ်လှစွာသောသားငယ်အား စာတန်၏ ရန်ငြိုးမှကာကွယ်ရန်နှင့် စုံစမ်းတိုက်ခိုက်ခြင်းများမှ သူ့ကို ကာကွယ်ပေးရန် ဖခင်သည် ဆန္ဒပြင်းပြနေမည်မဟုတ်လော. .။ ကျွန်ုပ်တို့၏ သားသမီးငယ်များ၏ အသက်တာဘဝခရီးလမ်းဖြောင့်ဖြူးလုံခြုံရေးအတွက် ထာဝရဘုရားသခင်သည် ပိုမို၍ခါးသီးပြင်းထန်သော တိုက်လှန်ပွဲမှာတွေ့ ဆုံတိုက်ခိုက်ရန်နှင့် ပို၍ကြောက်စရာကောင်းသောစွန့်စားမှုကိုဆောင်ရွက်ရန် ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသောသားတော်ကို ဤလောကသား တို့အတွက် စွန့်တော်မူခဲ့ပါသည်။

"ဤအမှုအရာခပ်သိမ်းအလုံးစုံတို့ကို ထောက်ရှုဆင်ချင်သော် ဘုရား သခင်၏ချစ်ခြင်းမေတ္တာတော်သည် အနှိုင်းမဲ့ဖြစ်၏။ အို၊ ကောင်းကင်၊ အံ့ဖွယ်ကောင်းလှပေစွ။ အို၊ မြေကြီး အံ့အားသင့်စရာပင်မဟုတ်လော. .။

-၀-

# အခန်း (၅)

# သူငယ်တော်ယေရှုကိုအပ်နှံခြင်း

## (လုကာ ၂း၂၁-၃၈ ကို အခြေပြုသည်။)

သူငယ်တော်ယေရှုခရစ်ကို မွေးဖွားသန့်စင်ပြီးသည့်နောက် ရက်ပေါင်းလေးဆယ်မှာ ယောသပ်နှင့်မာရိတို့သည် သူငယ်တော်ယေရှုအား ဘုရားသခင်ထံအပ်နှံရန်နှင့် ပူဇော်သက္ကာများကိုပေးလှူရန် ယေရုရှလင်မြို့သို့ခေါ်ဆောင်သွားကြပါသည်။

ထိုကဲ့သို့လုပ်ဆောင်ရန် ယုဒဘာသာမှာ ဥပဒေစည်းကမ်းရှိ၏။ ထာဝရဘုရားသခင်၏ ပညတ်တော်တို့ကိုနားထောင်ပါသည်ဟု ဝန်ခံမှုပြုလုပ်ဆောင်ရွက်မှုတစ်ရပ်အနေဖြင့် အရေဖျားလှီးမင်္ဂလာကိုလည်း ယေရှုသခင်သည် ခံယူခဲ့ပြီးဖြစ်ပါသည်။

မယ်တော်အတွက် ပူဇော်လှူဒါန်းရမည့်အရာမှာ ဝိနည်းအထုံးအဖွဲ့ဆိုင်ရာပညတ်အရ သိုးငယ်လေးတစ်ကောင်ကို မီးရှို့ရာယဇ်အဖြစ်နှင့် ခိုတစ်ကောင် (သို့မဟုတ်) ချိုးတစ်ကောင်ကို အပြစ်ဖြေရာယဇ်အနေဖြင့် ပူဇော်ရပါသည်။

ဤပူဇော်သက္ကာတို့သည် ခရစ်တော်သခင်ကို ပုံဆောင်သောကြောင့် အပြစ်အနာအဆာနှင့်ကင်းစင်ရမည်ဖြစ်ပါသည်။ ထိုသခင်သည် "အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သောသိုးသငယ်"(၁ပေ ၁း၁၉) ဖြစ်သည် မဟုတ်လော။ ထိုသခင်သည် ပညတ်တော်တို့ကိုနားထောင်ခြင်းအားဖြင့် လူသားတို့သည်လည်း ထိုပုံစံနမူနာအတိုင်း လိုက်လျှောက်နိုင်စွမ်းရှိသည်ကို ပြသခြင်းဖြစ်ပါသည်။

သားဦးကိုအပ်နှံခြင်းသည် ရှေးရှေးတုန်းကပင် ရှိခဲ့ပါ၏။ အပြစ်သားတို့ကိုကယ်တင်ရန် ဘုရားသခင်သည် မိမိ၏သားဦးကို ပေးသနားမည့်အကြောင်း ကတိတော်မြွက်ထားရှိခဲ့လေပြီ။ မိသားစုတိုင်းသည် သားဦးကို အပ်နှံခြင်းဖြင့် ဤဆုကျေးဇူးတော်ကို အသိအမှတ်ပြုရန်ဖြစ်ပါသည်။

ထိုသားဦးသည် လူသားတို့တွင် ခရစ်တော်သခင်၏ ကိုယ်စားလှယ်တစ်ဦးအဖြစ်ယဇ်ပုရောဟိတ်အမှုကိုဆောင်ရွက်ရန် အပ်နှံခြင်းဖြစ်ပါသည်။

ခရစ်တော်သခင်အား အပ်နှံခြင်းသည် ထိုအချိန်ကာလမျိုးမှာ အဘယ်သို့သော အဓိပ္ပါယ်မျိုးသက်ရောက်ပါသလဲ။ ယဇ်ပုရောဟိတ်တို့မှာမူကား၊ တဲတော်ကန့်လန့်ကာကိုကျော်ဖြတ်၍ မည်သည့်လေးနက်မှုကိုမျှ မတွေ့မြင်မသိရှိခဲ့ကြပြီ. . .။

ကလေးငယ်ကိုအပ်နှံခြင်းအရာသည် သာမန်လုပ်ထုံးတစ်ခုအဖြစ်သာမြင်တွေ့ကြ၏။ ကလေးငယ်၏ မိဘများသည် ချမ်းသာကြွယ်ဝချေက (သို့မဟုတ်) ရာထူးရာခံကြီးမြင့်သည်ဟူက အထူးဂရုစိုက်တတ်ကြ၍ သာမန်သူဆင်းရဲသားများဖြစ်လျှင်မူကား၊ နေ့စဉ်လုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်များအတိုင်းသာ ဆက်လက်လုပ်ဆောင်ကြပါသည်။

ယောသပ်နှင့်မာရိတို့ကား ဆင်းရဲကြပါ၏။ ၄င်းတို့ကို ယဇ်ပုရောဟိတ်က ဆင်းရဲနုံချာသူ ဂါလိလဲပြည်မှလာသော အမျိုးသား၊ အမျိုးသမီးတို့သာဖြစ်ချေ၏ဟု မှတ်ယူခဲ့လေသည်။

အကြောင်းမူကား၊သူတို့ဝတ်ဆင်သောအဝတ်သည်နိမ့်ကျစုတ်နုပ်သောအဝတ်များဖြစ်သောကြောင့်ပေတည်း။ယဇ်ပုရောဟိတ်သည်ကလေးငယ်ကိုလက်မောင်းတို့မှမယူလိုက်ပြီး သူ့အားယဇ်ပလ္လင်ရှေ့မှာချီထားပါ၏။ မယ်တော်ထံသို့ကလေးငယ်အားပြန်အပ်ပေးပြီးသည့်နောက်မှာတော့“ယေရှု”ဟူသော

အမည်ဖြင့် နာမည်စာရင်းရေးသွင်းလိုက်ပါသည်။ သူသည် ကလေးငယ်ကို ချီထားစဉ်မှာ ထိုသူငယ်တော်သည် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား သခင်၊ ဘုန်းကြီးသောအရှင်ဘုရင်ဖြစ်ကြောင်းကို စိုးစဉ်းသော်မျှ မတွေး မိခဲ့ပါချေ။

ထိုသူငယ်တော်သည် အစ္စရေးအနွယ်ဝင်ဂျူးလူမျိုးတို့၏ ဘက်စုံ တိုးတက်ကြီးပွားရေးနည်းစနစ်ကို အုတ်မြစ်ချသူ ပုရောဖက်တစ်ပါး ဖြစ်ကြောင်းကိုလည်း ထိုယဇ်ပုရောဟိတ်သည် လားလားမျှမသိရှိခဲ့ချေ။

ထိုသူငယ်တော်ကား မောရှေအား "ငါဖြစ်သည်" ဟုထုတ်ဖော် ကြေညာခဲ့သောသူ၊ မိုးတိမ်တိုင်အားဖြင့်သော်လည်းကောင်း၊ မီးတိုင်အား ဖြင့်သော်လည်းကောင်း အစ္စရေးလူမျိုးတို့ကို လမ်းပြပို့ဆောင်ခဲ့သောသူ၊ လူမျိုးအပေါင်းတို့၏တောင့်တလိုချင်သောသူ၊ ဒါဝိဒ်၏အမြစ်၊ ဒါဝိဒ်မှဆင်း သက်လာသူနှင့် ထွန်းတောက်သောမိုးသောက်ကြယ်ဖြစ်တော်မူ၏။

ထိုအကူအညီ ကင်းမဲ့စွာသောကလေးငယ်၏ နာမတော်သည် ပျက်စီးယိုယွင်းနေသောလူသားတစ်နွယ်လုံးကိုမျှော်လင့်ချက်ပေးသောအရှင်သ ခင်ဖြစ်ပါသည်။ ထိုသူငယ်သည် ကမ္ဘာ့လူသားတစ်နွယ်လုံး၏ အပြစ်ကြွေး ကိုသွေးဖြင့်ဆပ်ပေးသောသူတစ်ဦးဖြစ်ခဲ့ရသည်မဟုတ်လော။

သို့ရာတွင် ယဇ်ပုရောဟိတ်သည် ထူးခြားဆန်းပြားသည့်အရာများ ကိုထိုသူငယ်တော်၌ မတွေ့မြင်၊ မခံစားခဲ့ရပါသော်လည်း ကမ္ဘာ့လူသား တစ်နွယ်လုံးအတွက် ဘုရားသခင်၏ သားတော်ကိုစွန့်ခြင်းအရာတွင်ထာဝ ရဘုရားသခင်သည် အသိအမှတ်ပြုခဲ့ပါ၏။

"ရှုမောင်အမည်ရှိသောသူတစ်ယောက်သည် ယေရုရှလင်မြို့၌ ရှိ၏။ ထိုသူသည်ဖြောင့်မတ်သောသူ၊ တရားကိုရိုသေသောသူ၊ဣသရေလ အမျိုး၏ သက်သာခြင်းအကြောင်းကိုမျှော်လင့်သောသူဖြစ်၏။ သန့်ရှင်းသော

ဝိညာဉ်တော်သည် သူ့အပေါ်၌တည်သည်ဖြစ်၍ သူသည်ထာဝရဘုရား သခင်၏ ခရစ်တော်ကိုမမြင်မီမသေရဟုဗျာဒိတ် (ပုရောဖက်ဟောပြောသော စကားချက်)တော်ကိုသိရ၏။” (လုကာ ၂း၂၅၊၂၆)။

## ကြည်ညိုဖွယ်ကောင်းသောရှုမောင်သည် သူငယ်တော်ယေရှုကိုအသိအမှတ်ပြုခြင်း

ရှုမောင်သည် ဗိမာန်တော်တွင်းသို့ဝင်လာစဉ် မိသားစုတစ်စုသည် သားဦးရတနာကလေးအား ထာဝရဘုရားသခင်ထံအပ်နှံနေသည်ကိုမျက်ဝါး ထင်ထင်မြင်တွေ့လိုက်ရသဖြင့် သူတွေ့မြင်လိုသောသူငယ်တော်သခင်ဘုရား ကို နှစ်ပေါင်းများစွာစောင့်မျှော်ခဲ့ရကျိုးနပ်ပြီဟု ခံစားမိခဲ့ပါသည်။ ရှုမောင်၏ ပီတိနှလုံးသားမျက်နှာထားကို မြင်တွေ့ရသော ယဇ်ပုရောဟိတ်ကြီးသည်ပင် လျှင် အံ့အားသင့်ရ၏။ သူသည် သူငယ်တော်လေးကို မယ်တော်မာရိထံမှ ချီမလိုက်သည်တွင် တစ်သက်တွင်တစ်ခါမျှမခံစားဖူးခဲ့သောဝမ်းမြောက်ခြင်း အရသာကို ခံစားခဲ့ရ၏။

သူငယ်တော်ကယ်တင်ပိုင်သူအားလည်း ကောင်းကင်သို့ချီးမြှောက် လျက် “ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းလျက် အစိုးရတော်မူသော အရှင် ပုရောဖက်ဟောကြားချက်ရှိသည် (ဖေါ်ပြချက်)အတိုင်း ကိုယ်တော်၏ ကျွန်သည် ငြိမ်ဝပ်စွာနေရသောအခွင့်ကို ကိုယ်တော်သည် ယခုတွင်ပေးတော် မူ၏။

ကိုယ်တော်၏ ကယ်ဆယ်ရေလအမျိုးကို ချီးမြှောက်စေခြင်းငှာလည်း ကောင်း၊တစ်ပါးအမျိုးသားတို့ကို လင်းစေခြင်းငှာလည်းကောင်း လူအမျိုး မျိုးတို့ရှေ့မှောက်၌ ပြင်ဆင်တော်မူသော အလင်းတည်းဟူသော ကယ်တင် သောသခင်ကို ကျွန်ုပ်တို့သည် ကိုယ့်မျက်စိနှင့်မြင်ရပါ၏ဟု မြွက်ဆို၏။” (လုကာ ၂း၂၉-၃၂)။

ထိုသူ၏စကားကို ယောသပ်နှင့်မာရိတို့သည် အံ့ဩနေကြ၏။ ထိုအခါ ရှုမောင်က မယ်တော်မာရိအား "ဤသူငယ်ကား ဣသရေလ၏ လူအများလဲမည်အကြောင်း အများထမည်အကြောင်း လူအများတို့၏အကြံ အစည်ကို ထင်ရှားစေခြင်းငှာ ငြင်းခုံစရာဖြစ်မည်အကြောင်း ခန့်ထားသော သူဖြစ်၏။ ထိုမှတစ်ပါး သန်လျက်သည် သင်၏စိတ်နှလုံးကို ခွင်းလိမ့်မည် ဟုမြွက်ဆို၏။" (လုကာ ၂း၃၄၊၃၅)။

ပုရောဖက်မအန္နသည်လည်း ဗိမာန်တော်အတွင်းသို့ဝင်ရောက် လာကာ ခရစ်တော်ယေရှုနှင့်ပတ်သက်သော ရှုမောင်၏သက်သေခံချက် ကိုအတည်ပြုပြောဆိုခဲ့ပါသည်။ သူမ၏ မျက်နှာသည်လည်း ဘုရားသခင် ၏ဘုန်းတော်နှင့် တောက်ပနေကာ ထိုသူငယ်တော်ယေရှုအားဖူးမြော်ခွင့် ပေးသည့်အတွက် ဘုရားသခင်ကို အူလှိုက်သည်းလှိုက်ကျေးဇူးတင်စကား မြွက်ဆို၍မဆုံးဖြစ်နေပါတော့သည်။

ဤသူတို့သည် စိတ်နှလုံးနှိမ့်ချစွာဖြင့် ဘုရားသခင်ကို ကိုးကွယ် ကြသောသူများဖြစ်ကြသလို ပုရောဖက်စကားတို့ကိုလည်း လေ့လာသူများ ဖြစ်ကြပါ၏။ သို့သော်လည်း ဣသရေလလူကြီး အုပ်စိုးသူများနှင့် ယဇ် ပုရောဟိတ်တို့သည် ထိုအခွင့်ထူးကို ရရှိခဲ့ကြသော်လည်း ထာဝရဘုရား သခင်၏လမ်းခရီးတော်ကို မလိုက်သောကြောင့် ထိုသူတို့သည် အသက်တာ ၏အလင်းရှင်သခင်ဘုရားကို ဖူးတွေ့မြင်ရန် မိမိတို၏ မျက်စိများကိုမဖွင့် ခဲ့ကြချေ။

ယခုအချိန်ကာလမှာလည်း ထိုနည်းနှင်နှင်ပင်ဖြစ်ချေ၏။ ကောင်း ကင်တစ်ခုလုံးက အထူးအာရုံစိုက်နေသော ဖြစ်ရပ်မှန်များကို ယနေ့ ဘာသာရေးခေါင်းဆောင်များတို့က ဂရုမစိုက်ကြပါ။

လူသားတို့သည်ခရစ်တော်သခင်ကို သမိုင်းဝင်လူသား ကြီးတစ်ခု အနေဖြင့် အသိအမှတ်ပြုကြပါသည်။ ထိုခရစ်တော်သည် သက်သာ

ခြင်းကိုတောင်းခံနေသော သူဆင်းရဲများ ဝေဒနာခံစားနေရသူများနှင့် ပစ္စည်းဥစ္စာနွမ်းပါးကာ ပင်ပန်းခြင်းများစွာရှိရုံမျှမက အပြစ်တင်ခံရရှာသောဖြောင့်မတ်သောသူတို့အတွက် ရပ်တည်ပေးနေပါသော်လည်း ထိုသူတို့သည် ထိုသခင်ကို လက်သင့်မခံကြသည်မှာ လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀) လောက်ကကဲ့သို့ပေတည်း. . .။

မယ်တော်မာရိသည် မိမိလက်ထဲမှာ ပိုက်ပွေ့ထားသောသူငယ်တော်ကို ကြည့်ရှုနေရင်းက ဗက်လင်မြို့မှသိန်းထိန်းတို့၏ စကားသံကို ပြန်လည်ကြားယောင်မိသဖြင့် ဝမ်းမြောက်ပီတိဖြစ်ကာ မျှော်လင့်ချက်ရောင်ခြည်သန်းလာခဲ့ရပါသည်။ ရှုမောင်၏ ပီတိဖြစ်ကာမျှော်လင့်ချက်ရောင်ခြည်သန်းလာခဲ့ရပါသည်။ ရှုမောင်၏ ဆိုစကားတို့သည်လည်း သူမကို ပုရောဖက်ဟေရှာယ၏ ဟောကြားချက်များကို ကြားယောင်စေပါသည်။

"မှောင်မိုက်ထဲမှာ သွားလာသောသူများတို့သည် ကြီးစွာသော အလင်းကိုမြင်ရ၍ သေမင်း၏ နိုင်ငံအရိပ်တွင်ရှိသော သူတို့၌ အလင်းပေါ်ထွန်းလျက် ရှိ၏။ ငါတို့အဖို့ သူငယ်ကိုဖွားမြင်၏။ ငါတို့အားသားကိုသနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်း တန်ခိုးအာဏာစက်ရှိလိမ့်မည်။ နာမတော်မူကား အံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင် ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။" (ဟေရှာယ ၉း၂-၆)။

## ယေရှုခရစ်တော်၏မယ်တော် သိမှတ်သင့်သောဝေဒနာ

သို့တိုင်အောင်လည်း ခရစ်တော်ယေရှုသခင်၏ အမှုတော်ကို မယ်တော်မာရိသည် နားမလည်ခဲ့ပါချေ။ ထိုသခင်သည် အစ္စရေးလူမျိုးတို့အတွက် ဘုန်းတန်ခိုးဖြစ်သလို တစ်ပါးအမျိုးသားတို့အတွက် ထွန်းလင်းမည့် အလင်းအိမ်ကြီးဖြစ်ကြောင်း ရှုမောင်က ပြောကြားခဲ့လေပြီ။ ထိုနည်းနှင်နှင်ကောင်းကင်တမန်တို့သည်လည်း လောကတစ်ခွင်

ရှိလူမျိုးနွယ်အပေါင်းတို့အား ကယ်တင်ပိုင်သူမှာ ဖွားမြင်ပြီဟု ကြေညာခဲ့ပြီးလေပြီ. . . ။ ထာဝရဘုရားသခင်သည် လူမျိုးနွယ်အပေါင်းတို့အား မိမိ၏သားတော်ကို ဤကမ္ဘာလောကကြီး၏ ကယ်တင်ရွေးနှုတ်သူအဖြစ် ရှုမြင်ရန်လိုလားပေသည်။ သို့ပါသော်လည်း သခင်ယေရှု၏ မယ်တော်သည်ပင်လျှင် နှစ်ပေါင်းများစွာ ကျော်လွန်လာပြီးကာမှ ထိုသခင်၏ အမှုတော်မြတ်ကို နားလည်လိမ့်မည်ဖြစ်ပါသည်။

မာရိသည် ဒုက္ခဆင်းရဲခြင်းဗတ္တိဇံအားဖြင့် ဒါဝိဒ်၏ ရာဇပလ္လင်ပေါ်မှာ မေရှိယ၏စိုးစံမှုသည် အောင်မြင်ရမည်ဖြစ်ကြောင်းကိုလည်း မသိမြင်ခဲ့ပါချေ။

မေရှိယ၏ လမ်းခရီးသည် ဖေါ်ပြခဲ့လေပြီမဟုတ်လော. ။"သံလျက်သည် သင်၏ စိတ်နှလုံးကိုခွင်းလိမ့်မည်" ဟူသောစကားများအားဖြင့် ထာဝရဘုရားသခင်၏ သနားခြင်းကရုဏာတော်ကို ကြိုတင်၍ ကြားသိခဲ့ရလေပြီ။ "သောကမီးကို စတင်ခံစားဖို့ရန်သာပြင်ဆင်သင့်ပေ၏။" ဟု ရှုမောင်ပြောခဲ့ပြီ။

ထိုသူတို့တစ်ဖန်ထနိုင်ရန်အတွက်လဲကြရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်တည်းဟူသော ကျောက်ဆောင်ပေါ်မှကျ၍ ကြေမွပျက်စီးခြင်းခံရပြီးမှသာလျှင် ခရစ်တော်၌ချီးမြှင့်ခြင်းကို ခံယူနိုင်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်နှင့်ဆိုင်သော ဘုန်းတော်ကို သိရှိနိုင်ရေးအတွက် ကိုယ့်အကျိုးကိုစွန့်ပယ်၍ မာနတရားကိုချိုးနှိမ်ထားရပါမည်။

ကျွန်ုပ်တို့သည်ဘုရားသခင်၏ နိုင်ငံတော်နှင့်ဆိုင်သော ဘုန်းတော်ကို သိရှိနိုင်ရေးအတွက်ကိုယ့်အကျိုးကိုစွန့်ပယ်၍ မာနတရားကို ချိုးနှိမ်ထားရပါမည်။ယုဒလူမျိုးတို့သည်မိမိကိုယ်ကိုမနှိမ့်ချလိုကြရကား စိတ်နှလုံး နှိမ့်ချခြင်းအားဖြင့်သာလျှင် အရောက်လှမ်းနိုင်သော ဂုဏ်အသရေကို မရရှိခဲ့ကြပေ။ထိုကြောင့်လည်း ထိုသူတို့သည် ကယ်တင်ပိုင်သူကို မရယူခဲ့ကြပါ. . . ။

"လူအများတို့၏အကြံအစည်တော်ကို ထင်ရှားစေခြင်းငှာခန့်ထား ခြင်းကိုခံရသောသူဖြစ်၏" ဟုဆိုရာ၌ ကယ်တင်ပိုင်သူအသက်တာမှ ထင်ရှားသောအလင်းတရားအားဖြင့် ဖန်ဆင်းသူ ဘုရားသခင်၏အကြံ အစည်မှသည်အမှောင်ထု၏သခင်စာတန်၏ အကြံအစည်အထိ သတ္တဝါ အားလုံး၏စိတ်နှလုံးအကြံအစည်တို့သည် ကိုယ့်အကျိုးကိုသာ ကြည့်သူ အတ္တသမားအဖြစ် ပုံဖေါ်ထားခဲ့ပါသည်။ သို့သော်လည်း ခရစ်တော်အား ဖြင့် ပေးသနားတော်မူသောလက်ဆောင်သည် ခမည်းတော်ဘုရားသခင်၏ စိတ်နှလုံးအကြံအစည်ကို ထင်ရှားစေခဲ့ပါပြီ. .။

ဘုရားသခင်သည် အပြစ်တရားကို ရွံရှာမုန်းတီးရာ၌ သေမင်း ကိုပြင်းထန်စွာ မုန်းသကဲ့သို့ဖြစ်၍ အပြစ်သားအပေါ်ထားရှိသော ချစ်ခြင်း မေတ္တာသည်ကား သေခြင်းတရားထက် ပိုမို၍ ခွန်အားကြီးပါပေသည်။ ကျွန်ုပ်တို၏ ကယ်တင်ခြင်းကို ပြီးမြောက်အောင်လုပ်ဆောင်ခဲ့ပြီးသည့် နောက် ဘုရားသခင်သည် မိမိ၏အမှုတော်မြတ် ပြီးစီးရန်အတွက်မရှိ မဖြစ်လိုအပ်သောအရာတို့ကို ကျွန်ုပ်တို့အားမပေးဘဲ ချန်လှပ်ခဲ့မည်မ ဟုတ်ပါ။

အကျိုးကျေးဇူးများ တစ်ခုပြီးလျှင်တစ်ခု ခံစားရရှိစေပါသည်။ ကယ်တင်ခြင်းကို ကြိုးစားရှာဖွေနေကြသူများအားလည်း ကောင်းကင်ဘဏ္ဍာ များကို ဖွင့်ပေးလျက်နေပါပြီ။ စကြာဝဠာကြီး၏ ကြွယ်ဝမှု အလုံးစုံကို ဘုရားသခင်သည် ခရစ်တော်လက်တွင်းသို့ အပ်နှင်းထားလျက်ဆုကျေးဇူး တို့ကား လူသားတစ်နွယ်လုံးအတွက် ဖြစ်ကြောင်း၊ ဤဆုကျေးဇူးများကို အသုံးပြုလျက် လူများစွာတို့ကို ငါဘုရားသခင်ထံတော်သို့ တိုးဝင်ချဉ်းကပ် စေရန် ပြုစုမည်ဖြစ်ကြောင်း၊ ငါ့မေတ္တာထက်ကြီးမားသောမေတ္တာသည် ဤကမ္ဘာမြေကြီးပေါ်မှာ မရှိတော့ပါကြောင်း၊ ငါ့ကို ချစ်သောသူသာလျှင် ကြီးမားသောဝမ်းမြောက်ရွှင်လန်းခြင်းကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း မိန့်တော် မူခဲ့ပါသည်။

## မိမိ၏ကယ်တင်ခြင်းသည်မိမိ၌သာတာဝန်ရှိနေပုံ

ကရာနီကုန်းပေါ်ရှိ လက်ဝါးကပ်တိုင်တော်မှာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့်စာတန်၏ တစ်ကိုယ်ကောင်းဆန်မှုတို့သည် မျက်နှာချင်း ဆိုင်ဆုံတွေ့လျက်နေ၏။ ခရစ်တော်သည် တစ်ပါးသူတို့အား ကောင်း ကြီးပေးရန်နှင့် နှစ်သိမ့်မှုပေးရန်အတွက်သာ အသက်ရှင်ခဲ့၏။ စာတန်သည် ထိုသခင်အား ကပ်တိုင်ပေါ်တင်သတ်ခြင်းအားဖြင့် မိမိသည် ထာဝရဘုရား သခင်ကို မုန်းတီး၍ ရန်ငြိုးထားကြောင်း ပေါ်လွင်ထင်ရှားလျက်ရှိပါသည်။

စာတန်၏ အမှန်တကယ်ပုံကန်ဆန့်ကျင်မှု၏ ရည်ရွယ်ချက်မှာ ထာဝရဘုရားသခင်ကို နန်းချရန်နှင့် ဘုရားသခင်၏မေတ္တာတော်ကိုဖေါ် ကျူးသော ခရစ်တော်ကို သုတ်သင်ဖျက်ဆီးပစ်ရန် ဖြစ်ကြောင်း ၎င်း၏ လုပ်ရပ်များက ပေါ်လွင်စေပါသည်။

ခရစ်တော်သခင်၏သက်တော်စဉ်နှင့် အသေခံခြင်းတို့အားဖြင့် လူသားတို့၏ တွေးခေါ်မှုများသည် အများမြင်နိုင်သောအခြေအနေသို့ ရောက်ရှိလာရ၏။

ခရစ်တော်ယေရှု၏အသက်တာမှာ မိမိကိုယ်ကိုအပ်နှံရန်နှင့်ဆင်းရဲ ဒုက္ခခံနေရစဉ် မိတ်သဟာယဖွဲ့ရန် ဖိတ်ခေါ်မှုတစ်ရပ်ပင်ဖြစ်ချေသည်။ သန့် ရှင်းသောဝိညာဉ်တော်၏လမ်းပြပို့ဆောင်မှုကို ဝန်ခံသောသူတိုင်းသည်ထို သခင်ထံတော်ပါးသို့ ရောက်ရစမြဲတည်း။ မိမိကိုယ်ကျိုးကိုသာကြည့်သော အတ္တသမားတို့သည်ကား စာတန်နှင့်စပ်ဆိုင်၏။ စာတန်၏ နိုင်ငံတော်သား များဖြစ်သတည်း။

ခရစ်တော်သခင်အပေါ်ထားရှိသော ၎င်းတို့၏သဘောထားများက ၎င်းတို့သည် မည်သူ့ဘက်တော်သားများဖြစ်ကြောင်းကို သက်သေထူနေခြင်း သာဖြစ်ပေသည်။ ထိုနည်းအားဖြင့် လူတိုင်းသည် မိမိကိုယ်ကို တရားစီရင် နေကြပါသည်။ တနည်းအားဖြင့် မိမိ၏ကယ်တင်ခြင်းသည်မိမိ၌သာလျှင် တာဝန်ရှိနေပါသည်။

အပြီးသတ်တရားစီရင်သောနေ့ရက်မှာ လက်ဝါးကပ်တိုင်တော်ကို လူသားတိုင်း၏ ရှေ့မှောက်မှာ ထင်ရှားစေခြင်းဖြင့် လူသားတိုင်း၏ ရှေ့မှောက်မှာထင်ရှားစေခြင်းဖြင့် လူသားတိုင်းသည် ကပ်တိုင်တော်၏ စစ်မှန်သော ရှုခင်းဖြစ်ရပ်မှန်ကို မြင်တွေ့ရပေမည်။ သိနားလည်ရန်ခက်ခဲ နက်နဲသော အပြစ်၏သားကောင် (ယေရှုသခင်) ကိုရိုက်ဆွဲထားသော ကရာနီမြင်ကွင်း၏ ရှေ့မှာ အပြစ်သားသည် စီရင်ချက်ကိုခံယူရန် ရပ်နေကြရပါလိမ့်မည်။ ဤတွင် လူသားတိုင်း မိမိတို့၏ ရွေးချယ်မှုများကို ပြန်လည်တွေ့မြင်ကြရမည်။

ကာလကြာမြင့်စွာအငြင်းပွားခဲ့ရသော အမှားနှင့်အမှန်ဆိုင်ရာမေး ခွန်းတိုင်းကိုလည်း ထိုအချိန်မှာရှင်းလင်းသွားစေပါလိမ့်မည်။ ထိုအခါ ထာဝရ ဘုရားသခင်သည် အပြစ်တင်ခွင့်နှင့်ကင်းလွတ်ကြောင်းကို သိမြင်လာကြပေ မည်။ အပြစ်အတွက် ဘုရားသခင်မှာ တာဝန်မရှိကြောင်း၊ ထာဝရဘုရား သခင်၏ အုပ်ချုပ်မှုယန္တရားမှာလည်း အပြစ်အနာအဆာ တစ်စုံတစ်ရာမရှိ သည့်အပြင် အကြည်ညိုပျက်စေသောအကြောင်း တစ်စုံတစ်ရာမရှိကြောင်း စကြဝဠာတစ်ခုလုံးက သိရှိကာ နေကြပါလိမ့်မည်။

ထိုကဲ့သို့ လူသားအပေါင်းတို့၏ စိတ်နှလုံးအကြံအစည်တို့ ထင်ရှား စေပြီးသောအခါ ထာဝရဘုရားသခင်ကို သစ္စာစောင့်သိသူများနှင့် ပုန်ကန် ခြားနားသောသူတို့သည် အတူတကွပူးပေါင်း၍ "အနန္တတန်ခိုးနှင့် ပြည့်စုံ တော်မူသော ထာဝရအရှင်ဘုရားသခင်၊ ကိုယ်တော်၏ အပြုအမူတို့သည် ကောင်းမြတ်၍ အံ့သြဖွယ်ဖြစ်ကြပါသည်။ ကိုယ်တော်ကိုမကြောက်ရွံ့ဘဲ၊နာမ တော်ကို မချီးမွမ်းဘဲ အဘယ်သူနေရပါအံ့နည်း။ အကြောင်းမူကား၊ တရား သဖြင့်စီရင်တော်မူခြင်းအရာတို့သည် ထင်ရှားပါ၏။" ဗျာ ၁၅း၃-၄ ဟူ၍ ကြွေးကြော်ကြပါလိမ့်မည်တည်း။

-ဝ-

# အခန်း (၆)
# "သူ၏ကြယ်ကိုငါတို့မြင်ခဲ့ရပြီ"

(မဿဲခရစ်ဝင် ၂ ကိုအခြေပြုထားပါသည်။)

"ယုဒပြည်ဗက်လင်မြို့၌ ဟေရုဒ်မင်းကြီးလက်ထက် ယေရှုသည် ဖွားမြင်ခြင်းကိုခံတော်မူပြီးမှ မာကုပညာရှိတို့သည် အရှေ့ပြည်ကယေရုရှလင် မြို့သို့ရောက်လာလျှင် ယခုဖွားသော ယုဒရှင်ဘုရင်သည် အဘယ်မှာရှိတော် မူသနည်း။ အရှေ့ပြည်၌ သူ၏ကြယ်ကို ငါတို့မြင်ရသည်ဖြစ်၍ ဖူးတွေ့ပူ ဇော်ခြင်းငှာရောက်လာပြီဟု မေးမြန်းပြောဆိုကြ၏။"

အရှေ့ပြည်မှ ပညာရှိကြီးများတို့သည် ကြေးရတတ်လူပညာတတ် များဖြစ်ကြ၏။ လူကုံထံအသိုက်အဝန်းမှဖြစ်ပေသည်။ ဤသူတို့တွင်ရိုးရိုး ကျင့်မြင့်မြင့်ကြံသော လူဖြောင့်မှန်ကြီးများရှိကြသလို သဘာဝတရားတွင် ရှိသော ဘုရားသခင်၏ လက်ရာတော်များကို လေ့လာကြသဖြင့်၊ မိမိတို့၏ ပညာ၊ ဂုဏ်သိက္ခာ၊ သမာဓိအတွက် အထူးလေးစားခြင်းကို ခံစားကြသူများ ဖြစ်ကြပေသည်။ ယေရှုသခင်ကိုရှာဖွေရန် ရောက်ရှိလာကြသော ထိုသူ တို့မှာ ထိုကဲ့သို့သော စာရိတ္တမျိုးရှိပေသည်။

ဤမာဂုပညာရှိတို့သည် ကြယ်များနှင့်ပြည့်နှက်လျက်ရှိသောကောင်း ကင်ယံကို လေ့လာကြည့်သည်နှင့်အမျှ ဖန်ဆင်းသူဘုရားသခင်၏ ဘုန်းတော် ကိုလည်း ရှုမြင်ကြရပေသည်။

ပိုမို၍ ရှင်းလင်းစွာအသိပညာကို ရှာဖွေလေ့လာသောကြောင့်လည်း နောင်သောအခါ ဟေဗြဲလူတို့၏ ကျမ်းစာတော်မြတ်တို့ကို လေ့လာဖြစ်ခဲ့ကြ၏။ သူတို့၏ နေပြည်တော်မှာလည်း ဘုရားသခင်နှင့်ပတ်သက်သော ဆရာ တော်တစ်ပါး ပေါ်ထွန်းတော်မူမည်အကြောင်းကို ကြိုတင်ဟောထားသော

ပုရောဖက်စကားသည်ရှိပါ၏။ ပုရောဖက်ဗာလမ်၏ ကြိုတင်ဟောကိန်း ထုတ်ထားချက်များကို ရာစုနှစ်အဆက်ဆက်မှာ မိရိုးဖလာအသွင်မျိုးနှင့်လက် ဆင့်ကမ်းပြောကြားခဲ့သည်မှာ သူတို့ခေတ်အထိပင်ဖြစ်ချေသည်။

သို့သော်လည်း ကယ်တင်ပိုင်သူ၏ ပေါ်ထွန်းတော်မူခြင်းမှာ နီးကပ်ပြီဖြစ်ကြောင်းကို ထိုပညာရှိတို့သည် ဓမ္မဟောင်းကျမ်းမှာ ဖတ်ရှုခဲ့ကြရ၏။ တစ်ကမ္ဘာလုံးရှိလူသားတို့သည် ထာဝရဘုရားသခင်၏ ဘုန်းတော်ကို သိသောပညာနှင့်ပြည့်ဝစေတော့မည် မဟုတ်ပါလား။ ဝမ်းမြောက်စရာပင်ဖြစ်ချေ၏တကား။

ထိုပညာရှိတို့သည် ထိုညမှာ ထူးဆန်းနက်နဲသည့်အလင်းအိမ်ကြီး တစ်ခုကို ဗက်လင်တောင်ကုန်းများအထက်ရှိ ကောင်းကင်ယံမှာ တွေ့မြင်ခဲ့ ရချေပြီ။

ထွန်းတောက်သောကြယ်သည်ပေါ်လာ၍ ကောင်းကင်ယံမှာဆက် လက်ကာ တည်ရှိနေ၏။ ထိုမြင်ကွင်းက ပညာရှိတို့အဖို့ ထူးဆန်းနေပါသည်။ အမှန်မှာတော့ ထိုကြယ်ကြီးသည် တောက်ပနေသော ကောင်းကင်တမန် များ၏ အစုအဝေးကြီးပင်ဖြစ်ချေ၏။ ဒါကို ထိုပညာရှိမသိကြပါချေ။ သို့စေ ကာမူ ထိုတောက်ပကြယ်သည် ၎င်းတို့အတွက် အထူးအရေးပါကြောင်းကို တော့ သိမြင်ခံစားကြရပေသည်။

ဤထူးဆန်းသော ကြယ်သည် ကတိတော်ရှိရာ ကယ်တင်ရှင်ပေါ် ထွန်းခြင်းအတွက် ရှေ့ပြေးနိမိတ်တစ်ခုဖြစ်နိုင်မည်လော။ (တော ၂၄း၁၇)ကို လေ့လာကြည့်ပါ။ မာဂုပညာရှိတို့သည် ကောင်းကင်မှစေလွှတ်သော အမှန် တရားအလင်းအိမ်ကြီးကို မျှော်လင့်ကြိုဆိုခဲ့ကြသည်တွင် ယခုမှာ ထိုအလင်း ရောင်ခြည်သည် ၎င်းတို့၏အပေါ်သို့ တက်ရောက်လျက် ရှိနေပါပြီ။ အိပ်မက် အားဖြင့် ထိုသူတို့သည် ဖွားမြင်ပြီဖြစ်သော ကယ်တင်ရှင်ကို သွားရောက်ရှာ ဖွေရန် ညွှန်ကြားချက်ကို ရရှိကြပါသည်။

အရှေ့ပိုင်းတိုင်းနိုင်ငံမှာ အဖိုးတန်ပစ္စည်းများဖြင့် ကြွယ်ဝချမ်းသာလျက်ရှိပါသောကြောင့် မာဂုပညာရှိတို့သည် ထိုသူငယ်ကိုသွားရောက်ဖူးမြော်ရာ၌ လက်ချည်းသက်သက်မသွားကြပါ။

ဘုရင်မင်းမြတ်တို့အားအရိုအသေပေးသည့်အနေဖြင့် လက်ဆောင်များ ပေးခြင်းသည် အရှေ့တိုင်း၏ ထုံးစံဓလေ့ယဉ်ကျေးမှုပင်ဖြစ်ပါသည်။ ထိုကြောင့် ကမ္ဘာသူကမ္ဘာသားတို့အားကောင်းချီးပေးမည့် ထိုပုဂ္ဂိုလ်တော်အား ပူဇော်သကာအနေဖြင့် အပ်နှံရန်အတွက် တိုင်းပြည်မှထွက်သော အကောင်းဆုံးလက်ဆောင်များကို သယ်ဆောင်သွားကြလေသည်။

# ညဥ့်ခရီးစဉ်

ထိုကြယ်ကို မျက်ခြည်မပြတ်သွားရန်မှာ ညဥ့်အချိန်တွင် ခရီးဆက်ရန်ဖြစ်ပါသည်။ ခရီးတစ်ထောက်အနားယူတိုင်းမှာလည်း ထိုသူတို့သည် ပုရောဖက်ဟောကြားချက်စကားတို့ကို လေ့လာကြပေ၏။

၄င်းအပြင်ထိုသူတို့ကို ဘုရားသခင်သည် လမ်းပြပို့ဆောင်နေပါသည်ဟူသော ယုံကြည်ချက်သည် သူတို့၌ရှိ၏။ သို့ဖြစ်၍ သူတို့၏ခရီးစဉ်မှာရှည်လျားသော်လည်း ပျော်ရွှင်စရာတစ်ခုတော့ ဖြစ်ခဲ့ပါပေသည်။

သူတို့သည်အစ္စရေးမြေကိုနင်းခဲ့ပါလေပြီ။ရှေ့မှာယေရုရှလင်မြို့တော်ကြီးကိုမြင်တွေ့ရ၏။ထိုလမ်းပြကြယ်ကြီးသည်မြို့တော်၏ဗိမာန်တော်အပေါ်မှာရပ်တန့်ကာနေလေပြီကော။

မေရှိယ၏ဖွားမြင်တော်မူခြင်းနှင့်ပတ်သက်သည့်ဝမ်းမြောက်ဖွယ်သတင်းကောင်းကိုလူတကာနှုတ်ဖျားမှာ အရေးတယူလုပ်ကာပြောကြားနေကြမည်ဟုယုံကြည်မျှော်လင့်ကာ ခြေလှမ်းကြီးနှင့်စိတ်အားထက်သန်စွာရှေ့သို့

ခရီးဆက်ကြပါသည်။ သို့သော်လည်း ထင်သလို မဟုတ်ပါ။ သူတို့၏ ဝမ်းသာစရာမေးခွန်းများတွင် ဝမ်းမြောက်သောတုံ့ပြန်ခံစားချက်တစ်စုံတစ်ရာမျှ မတွေ့မြင်ခဲ့ရပေ။ ထို့ကြောင့် သူတို့အံ့အားသင့်သွားရသည့်ကြောက်လန့်မှုနှင့် မထီလေးစားမှုများကိုသာ မြို့နေလူတို့သည် တုံ့ပြန်စကားပြောဆိုခဲ့ကြပါလေပြီ။

ယဇ်ပုရောဟိတ်တို့သည်ကား မိမိတို့၏ ကိုးကွယ်ယုံကြည်သောဘာသာတရားနှင့် ဘာသာတရားကိုင်းရှိုင်းမှုတို့ကို အမွှန်းတင်နေကြ၏။

ဂရိလူမျိုးနှင့်ယဇ်ပုရောဟိတ်တို့ကိုမူ အပြစ်သားကြီးများဟုမှတ်ယူကာ သူတို့ကို ပစ်ပယ်ထားကြလေသည်။ မာဂုပညာရှိတို့သည် နတ်ဘုရားကိုးကွယ်ကြသူများမဟုတ်ကြပါ။

ဘုရားသခင်၏ရှေ့တော်မှောက်မှာ ထိုသူတို့သည် မိမိအားကိုးကွယ်ယုံကြည်ကြသောသူတို့ထက်များစွာ အဆင့်မြင့်လေသည်။ သို့တိုင်အောင်လည်း ဂျူးလူမျိုးတို့သည် ထိုပညာရှိတို့ကို တစ်ပါးအမျိုးသားလူမျိုးအဖြစ်၌သာလျှင် ထားရှိကြပါသည်။ သူတို့၏ စိတ်အားကြီးစွာမေးသောမေးခွန်းများအပေါ်မှာလည်း ခံစားချက်တစ်စုံတစ်ခုမျှမရှိခဲ့ကြပါချေ။

## ဟေရုဒ်မင်းကြီး၏ မနာလိုဝန်တိုမှုပွားခဲ့ခြင်း

မာဂုပညာရှိတို့ ရောက်ရှိလာခြင်းသတင်းသည် ယေရုရှလင်မြို့တွင်ပျံ့နှံ့သွားသည်။ ထူးဆန်းသော မေးခွန်းများနှင့် ရှာဖွေတွေ့မြင်လိုသောအမှုအရာများက မြို့သူမြို့သားတို့ကို စိတ်လှုပ်ရှားစေရကား၊ ထိုသတင်းသည်နောင်သောအခါ ဟေရုဒ်မင်းကြီး၏ နန်းတော်တွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးပင် ရောက်ရှိသွားတော့၏။ ကောက်ကျစ်စဉ်းလဲသော အမျိုးသားဟေရုဒ်သည် ထီးနန်းပြိုင်ဘက် တစ်ယောက်ပေါ်ထွန်းလာကြောင်းကြားသိရသဖြင့်လည်း စိတ်လှုပ်ရှားသွားသည်။ သူသည်

ယုဒသွေးမဟုတ်သောကြောင့် ပြည်သူများက သူ့ကိုမုန်းတီးကြ၏။ သူ၏ တစ်ခုတည်းသော လုံခြုံမှုမှာ ရောမအစိုးရ၏ မျက်နှာသာပေးခြင်း ပင်ဖြစ်ပေတော့သည်။ သို့ပါသော်လည်း ယခုဖွားမြင်သော သူငယ်သည် ပိုမို၍ မြင့်မြတ်သော မျိုးရိုးမှဆင်းသက်လာကြောင်း ယုဒနိုင်ငံတော်မှ ကြယ် တစ်ပွင့်ဖြစ်ကြောင်းကိုတော့ ဟေရုဒ်မင်းကြီးက သိမှတ်စွဲလန်းမိပါတော့သည်။

သို့ဖြစ်၍လည်း ယဇ်ပုရောဟိတ်များသည် ထိုသူစိမ်းဧည့်သည် များနှင့် ပူးပေါင်းခလောက်ဆန်ရန် နှိုးဆော်နေပြီး မိမိ (ဟေရုဒ်) အား ဘုရင်ခံရာထူးမှဆွဲချရန် ကြံစည်နေသည်ဟု မယုံသင်္ကာဖြစ်၍နေပါသည်။

ထို့ကြောင့် ဟေရုဒ်သည် ပိုမိုပါးနပ်လိမ္မာသောနည်းလမ်းများဖြင့် ထိုသူတို့၏အကြံအစည်ကိုလည်းပျက်စေ၊ မိမိ၏သံသယဖြစ်သည်များ ကိုလည်း မသိစေလိုသည့်သဘောနှင့် ထိုယဇ်ပုရောဟိတ်တို့ကိုဆင့်ခေါ်ကာ မေရှိယသခင်ဖွားမြင်မည့် နေရာဒေသနှင့်ပတ်သက်၍ မေးမြန်းခဲ့လေသည်။

ဘုရင်ခံရာထူးကို အခမ့်သိမ်းပိုက်ထားသည့် ဟေရုဒ်၏စုံစမ်းမေး မြန်းချက်နှင့် ဧည့်သည်တော်ပညာရှိတို့၏ တောင်းဆိုချက်များသည် ယုဒ ကျမ်းတတ်ဆရာတော်များ၏ မာနဂုဏ်ရောင်ကို ထိခိုက်စေပါသည်။

ထိုသူတို့၏ စိတ်မပါစွာနှင့်ပုရောဖက်ဟောကြားချက် စကားပါစာ လိပ်များကို လှန်လှောနေကြသဖြင့်လည်း မနာလိုပြူစူနေသော ဘုရင်ခံ ကြီးအား ဒေါသအမျက်ထွက်စေခဲ့၏။

သူတို့သည်ကားသိသည့်အရာကိုထိမ်ချန်ထားရှိလေပြီလောဟု လည်းမင်းကြီးကထင်မှတ်နေသည်။သို့ဖြစ်၍ အဘယ်သူမျှမလွန်ဆန်နိုင်သော အာဏာတန်ခိုးဖြင့်ဟေရုဒ်မင်းသည်ထိုဘုရင်သူငယ်တော်၏ မွေးဖွားရာနေရာ ကိုအသေးစိတ်ရှာဖွေရန်အမိန့်တော်ဆင့်ဆိုလိုက်ပါသည်။ပုရောဖက်ဟောထား

သောကျမ်းစကားကိုကြည့်ပါ။ "အို၊ ယုဒပြည်ဗက်လင်မြို့၊ အစိုးရသော ယုဒမြို့တွင် သင်သည် မြို့ငယ်မြို့ယုတ်မဟုတ်၊ အကြောင်းမူကားငါ၏ လူစုဣသရေလအမျိုးကို အုပ်စိုးရသော သခင်သည် သင်၏အထဲမှာပေါ် ထွန်းလတ္တံ့။"

ယခုတွင်မူ ဟေရုဒ်မင်းသည် မာဂုပညာရှိတို့အား တိတ်တဆိတ် ဖိတ်ခေါ်လိုက်ပါသည်။ စိတ်ထဲမှာတော့ အမျက်ဒေါသချောင်းချောင်းထွက် နေသည်။ စိုးရိမ်ကြောက်လန့်မှုလည်း ရှိလိုက်သေး၏။

သို့သော်လည်း မျက်နှာထားမှာ တည်ငြိမ်သည့်အသွင်ကိုဆောင်နိုင် သမျှဆောင်နေသည်။ ဘယ်လောက်ကြာကြာဟန်ဆောင်နိုင်ပါမည်နည်း။ သူသည် ယေရှုသခင်၏ ဖွားမြင်ခြင်းသတင်းကို ဝမ်းမြောက်စွာကြိုဆိုပါ ကြောင်း ထုတ်ဖော်ပြောပြခဲ့၏။ သူ၏ဧည့်သည်တော်တို့အားလည်း "သင် တို့သွား၍ထိုသူငယ်ကိုကြိုးစားရှာဖွေကြပါ။ တွေ့လျှင် ငါ့ထံသို့ပြန်လာ၍ ငါလည်းထိုသူငယ်ကို ဖူးတွေ့ပူဇော်ရအောင် ကြားပြောကြပါ" ဟုမှာလိုက် လေသည်။

ယေရုရှလင်မြို့တော်မှာရှိသော ယဇ်ပုရောဟိတ်တို့သည် ယေရှု သခင်သူငယ်တော်၏ မွေးရပ်မြေနှင့်ပတ်သက်၍ မသိနားမလည်၍မဟုတ် ပါ။ သိုးထိန်းများတို့ထံမှ သတင်းကောင်းသည်လည်း တစ်မြို့လုံးမှာ ပျံ့နှံ့လျက်ရှိနေပါပြီ။ ဒါကို ကျမ်းတတ်ဆရာတို့က မသိနားမလည်ဟန်နှင့် အရေးတကြီးမထား၊ တန်ဖိုးမဲ့အရာတစ်ခုအဖြစ် မှတ်ယူကြကုန်၏။

အမှန်အားဖြင့် သူတို့သည်ဧည့်သည်တော်မာဂုပညာရှိတို့အားယေရှု သခင်၏မွေးရပ်မြေဆီသို့ပို့ဆောင်ပေးရန်အသင့်ဖြစ်နေအပ်သည်မဟုတ်လော။ သို့ရာတွင် ထိုသို့ဖြစ်ရမည့်အစား ပညာရှိတို့သည် မေရှိယသခင်ဖွားမြင် သည့်နေရာကိုရှာဖွေရန် သူတို့အားလာရောက်သတိပေးနေရပါသည်တကား။

အကယ်၍သာ သိုးထိန်းများနှင့် ဧည့်သည်တော်ပညာရှိတို့ယူဆောင်လာသောသတင်းကောင်းသည် မှန်ကန်သည်ဟု တစ်မြို့လုံးကလက်ခံပါသော် ထိုမြို့သူမြို့သားတို့က သူတို့အား အမှန်တရားကို မှားယွင်းစွာအဓိပ္ပါယ်ဖေါ်နေကြသူများတည်းဟု မှတ်ယူကာ ရာထူးမှပြောင်းရွှေ့ခြင်းခံရနိုင်သည်မဟုတ်လော။

ဤပညာတတ်ကျမ်းပြုဆရာတို့သည် တစ်ပါးအမျိုးသားလူတို့၏သွန်သင်ခြင်းကို ခံယူရန် အောက်ကျို့ကြလိမ့်မည်မဟုတ်ပါ။ အောက်တန်းကျ၍ အသိတရားကင်းမဲ့သော သိုးထိန်းများနှင့် အရေဖျားလှီးခြင်းကိုမခံသောတစ်ပါးအမျိုးသားတို့နှင့် ဆက်ဆံရာမှာ မဖြစ်နိုင်ဟု သူတို့သဘောထားကြပါသည်။

ဗက်လင်မြို့မှာ ဘာဖြစ်နေသည်ဆိုကြောင်းကိုလည်း သွား၍ကြည့်ရန်မလိုဟု မာနတက်နေကြ၏။ ထိုသူငယ်တော်ယေရှုခရစ်အပေါ်စိတ်ဝင်စားခြင်းကို တစ်ယူသန်မှားယွင်းသော စိတ်လှုပ်ရှားမှုတစ်ခုအနေဖြင့်သာမှတ်ယူကြရန် လူထုကို လမ်းပြသွန်သင်ခဲ့ကြပေသည်။

ဤသို့လျှင် ယဇ်ပုရောဟိတ်နှင့်ကျမ်းတတ်ဆရာတော်တို့သည်ယေရှုခရစ်တော်ကို ငြင်းပယ်စပြုလာလေပြီ။ ထိုမှလွန်သော် သူတို့၏မာနထောင်လွှားခြင်းနှင့် စိတ်နှလုံးခိုင်မာခြင်းသည် ကယ်တင်ပိုင်သူအပေါ်အမုန်းတိုးပွားစေခဲ့လေသည်။

ပညာရှိတို့သည် အခြားသူမလိုက်ပါဘဲ သူတို့ချည်းသာ ယေရုရှလင်မြို့မှထွက်ခွာခဲ့ကြပါသည်။ ညဥ့်ဖြစ်သည်မို့ မှောင်မိုက်နေ၏။ သို့သော်လည်းထိုကြယ်ကြီးကို တစ်ဖန်ပြန်တွေ့ရှိရသဖြင့် အတိုင်းထက်အလွန်သူတို့ဝမ်းမြောက်ကြလေသည်။ ထုံးစံအတိုင်းထိုကြယ်ကြီးသည် သူတို့အားဗက်လင်မြို့သို့ လမ်းညွှန်လျက်ရှိနေပါသည်။ သူတို့မျှော်မှန်းထားခဲ့သလို ယုဒခေါင်းဆောင်များတို့သည် ခရစ်တော် ယေရှုသခင်၏ ဖွားမြင်ခြင်းကိုစိတ်မဝင်စားကြသဖြင့် သူတို့သည် စိတ်ပျက်စွာဖြင့် ယေရုရှလင်မြို့မှ

ထွက်ခွာခဲ့ကြလေသည်။ အဝင်ထက်အထွက်မှာ ပို၍ယုံကြည်စိတ်ချမှုသည် ယုဒလူတို့အပေါ်မှာ နည်းပါးသွားကြလေပါပြီ။

## အစောင့်အကြပ်များမရှိပါပြီ

ပညာရှိတို့သည် ဗက်လင်မြို့မှာမွေးဖွားသော သူငယ်တော်ရှင်ဘုရင်လေးအား စောင့်ကြပ်သော ဘုရင့်တပ်မတော်ကို မတွေ့မြင်ခဲ့ရပါ။

ကမ္ဘာ့ဂုဏ်ကျက်သရေရှိလူကြီးမင်းများ ဝန်းရံထားလျက် ရှိသည်ကိုလည်းမမြင်ပါ။ သူငယ်တော်ယေရှုသည် နွားစားခွက်မှာသိပ်ထားခြင်းကိုခံရပါသည်။

ထိုသခင်၏မိဘများသည်သာ ကိုယ်တော်ရှင်၏အုပ်ထိန်းသူများဖြစ်ကြပါ၏။ ဤသူငယ်သည် "ယာကုပ်အမျိုးအနွယ်တို့ကိုချီးမြှောက်၍ ဘေးလွတ်သော ဣသရေလသားတို့ကို အလျင်ကဲ့သို့ ဖြစ်စေခြင်းငှာပြုမည့်သူ၊" "မြေကြီးစွန်းတိုင်အောင်ကယ်တင်ခြင်းကိုပြုသူ" မှဖြစ်နိုင်ပါမည်လား (ဟေရှာယ ၄၉း၆) ဟု သံသယဝင်နိုင်ဖွယ် အခြေအနေမျိုးမှာရှိနေပါသည်။

သူတို့သည် အိမ်သို့ဝင်လေသော် မယ်တော်မာရိနှင့်တကွ သူငယ်တော်ကိုတွေ့မြင်လျှင် ပျပ်ဝပ်ကိုးကွယ်ကြ၏။ ကိုယ်တော်ရှင်အားမိမိတို့၏ကယ်တင်ပိုင်သူအဖြစ် အသိအမှတ်ပြုကာ စိတ်နှလုံးနှင့်တကွ မိမိတို့နှင့်အတူပါလာသည့် လက်ဆောင်ဘဏ္ဍာများဖြစ်ကြသော လောဗန်နှင့်မုရန်တည်းဟူသော နံ့သာမျိုးနှင့် ရွှေတို့ကိုပူဇော်ကြပါသည်။ သူတို့၏ယုံကြည်ခြင်းသည် ကြီးလှစွာတကား။

ထိုမာဂုပညာရှိတို့သည် ဟေရုဒ်မင်း၏ ပရိယာယ်အကြံအစည်ကိုထွင်းဖေါက်မြင်နိုင်စွမ်းမရှိခဲ့ရကား လာလမ်းအတိုင်းပြန်ရန် ဟန်ပြင်

နေကြပါပြီ။ မိမိတို့၏ အောင်မြင်မှုကိုလည်း ရှင်ဘုရင်ကိုသံတော်ဦးတင်လို၏။ သို့သော်လည်း ညဥ့်အိပ်မက်မှာမြင်ရသည့်အတိုင်း သူတို့သည် ဟေရုဒ်မင်းနှင့်အဆက်အသွယ်မလုပ်တော့ပါရန် ညွှန်ကြားမှုကိုရရှိခဲ့လေသည်။ သို့ဖြစ်၍ ယေရုရှလင်မြို့ကိုရှောင်ကွင်း၍ အခြားသောလမ်းဖြင့်မိမိတို့၏တိုင်းပြည်ကို ပြန်သွားခဲ့ကြလေသည်။

ထိုပုံစံမျိုးအတိုင်းပင် မာရိနှင့်သူငယ်တော်ယေရှုကို အီဂျစ်ပြည်သို့ခေါ်ဆောင်ထွက်ပြေးရန် သတိပေးစကားကို ယောသပ်သည်ရရှိခဲ့ပါ၏။ ယောသပ်သည်လည်း နှောင့်နှေးခြင်းမရှိ၊ လုံခြုံမှုပိုမိုရရှိရေးအတွက် ထိုညချမ်းမှာပင် ခရီးစဉ်ကိုစတင်ခဲ့လေသည်။

ယေရုရှလင်မြို့မှာ ပညာရှိဇည့်သည်တော်များ၏ မေးမြန်းစုံစမ်းချက်များ ရေပန်းစားနေသောလူတကာက စိတ်ဝင်စားသည့်ဖြစ်ရပ်၊ ယဇ်ပုရောဟိတ်များနှင့်ကျမ်းတတ်ဆရာတော်များ စိတ်မဝင်စားသည်ကို အတင်းအကျပ်အာရုံပြုစေခဲ့သော ဟေရုဒ်မင်း၏ မနာလိုဝန်တိုမှု၊ မေရှိယနှင့်ပတ်သက်သော ပုရောဖက်ဟောထားချက်စကားများနှင့် မကြာသေးမီက ဖြစ်ပျက်ခဲ့သော ကြီးကျယ်သည့် ဖြစ်ရပ်မှန်အပေါ်သို့ ဘုရားသခင်သည် ယုဒအမျိုးသားတို့အား အာရုံပြုလာရန် လုပ်ဆောင်ပေးခဲ့ပါသည်။

စာတန်သည်လည်း အမှောင်ခွင်း၍ အလင်းဆောင်နေမည့် ဘုရားသခင်၏ ကျေးဇူးတော်ကို ဤကမ္ဘာမြေကြီးပေါ်သို့ မရောက်ရှိလာစေဖို့ ပိတ်ဆို့ရေးလုပ်ငန်းများကို လုပ်ဆောင်ရန် အာရုံစိုက်ခဲ့လေသည်။

ထိုပါးနပ်လိမ္မာမှုပရိယာယ်စုံလင်စွာနှင့် စာတန်သည် ကယ်တင်ပိုင်သူကို ဖျက်ဆီးရန်ဖြစ်သည်မဟုတ်လော။ သို့ပါသော်လည်း ငိုက်မည်းအိပ်ပျော်ခြင်းမရှိသော ဘုရားသခင်သည် မာရိနှင့် သူငယ်တော်ယေရှုကို တစ်ပါးအမျိုးသားတို့ နေထိုင်ရာ တိုင်းပြည်မှာ ခိုလှုံရာတစ်ခုကို

ပြင်ဆင်ပေးထားပါသည်။ သူတို့၏ ခရီးစဉ်အတွက်နှင့် နေထိုင်စဉ်ကာလ ချို့တဲ့ခြင်းမရှိရလေအောင် မာဂုပညာရှိများအားဖြင့် ကြေး၊ ငွေပစ္စည်း များကိုလည်း ဘုရားသခင်သည် ထောက်ပံ့ပေးခဲ့လေပြီ။

## ဟေရုဒ်မင်း၏ကြောက်စရာသတ်ဖြတ်မှုကြီး

ယေရုရှလင်မြို့တော်မှာရှိသော ဟေရုဒ်မင်းသည် ပညာရှိတို့၏ အပြန်လမ်းကို စောင့်မျှော်လျက်ရှိနေပါသည်။ မပေါ်လာ၍ သည်းမခံ နိုင်တော့ပါ။

အချိန်သာကုန်လွန်သွားခဲ့ပြီး၊ ပေါ်မလာသောကြောင့် သံသယ စိတ်များဝင်ရောက်လာ၏။

ကျမ်းတတ်ဆရာတော်ကြီးများက မိမိ၏ပရိယာယ်ပုံစံခွက်ကိုသိသွား ကြလေပြီလား၊ မာဂုပညာရှိတွေ သူ့ကို တမင်သက်သက်ရှောင်ဖယ်၍ သွားကြပြီလား တွေးမိလိုက်တိုင်း မင်းကြီးမှာ စိတ်ရှုးထချင်နေ၏။ သူသည် နောက်ဆုံးမှာ ဤသူငယ်တော် ရှင်ဘုရင်လေးအတွက် ပုံနမူနာပြရန်စစ် အင်အားသုံးကာ စီရင်လိုက်ပါတော့သည်။

စစ်သူရဲတို့အား မင်းကြီးသည် ဗက်လင်မြို့သို့ စေလွှတ်ကာ နှစ်နှစ်အောက်အရွယ် ကလေးငယ်အပေါင်းကို သတ်မိန့်ပေး၏။ ဤဖြစ် ရပ်မှန်ကို နှစ်ပေါင်း (၆၀၀) အထက်က ပုရောဖက်တစ်ပါးအားဖြင့် ဖေါ် ပြခဲ့ပြီးဖြစ်ပါသည်။

“ရောမအရပ်၌ သည်းစွာသော ညည်းတွား၊ ငိုကြွေး၊ မည်တမ်း ခြင်းအသံကိုကြားရ၍ ရာခေလသည် မိမိသားမရှိသောကြောင့် ပို၍စိတ် မပြေနိုင်ဟူသောစကားသည်” ထိုအခါတွင် ဒါဝိဒ်၏ မြို့တော်မှာဖြစ် ပွားခဲ့သော ကြောက်စရာ မြင်ကွင်းကြီးအားဖြင့် ပြည့်စုံခဲ့လေသည်။

ဤဘေးဒုက္ခကြီး ဖြစ်ပွားလာအောင် ဂျူးလူမျိုးတို့သည် သူတို့ကိုယ်တိုင်က လုပ်ဆောင်ခဲ့ခြင်းဖြစ်ပေသည်။ ၎င်းတို့၏ အကာအကွယ်ဖြစ်သည့် သန့်ရှင်းသော ဝိညာဉ်တော်ကို ငြင်းပယ်ခဲ့ကြပြီ မဟုတ်လော။ သူတို့သည် ဘုရားသခင်၏ အလိုတော်နှင့်ညီသော အသက်တာကိုရရှိရန် ဆန္ဒမွန်ဖြင့် ကျမ်းစာကိုလေ့လာခဲ့ကြသည်မဟုတ်ဘဲ မိမိတို့ကိုယ်ကို ချီးမြှောက်ရန်နှင့် ဘုရားသခင်သည် တစ်ပါးအမျိုးသားတို့အား အထင်အမြင်သေးကြောင်း ပြအဓိပ္ပါယ်ဖွင့်ဆိုနိုင်သော ပုရောဖက် ဟောကြားချက်တို့ကိုသာ ရှာဖွေလေ့လာခဲ့ကြလေသည်။

သူတို့၏အလိုအရ မေရှိယသည် ရှင်ဘုရင်တစ်ပါးကဲ့သို့လာ၍ တစ်ပါးအမျိုးသားတို့ကို အမျက်တော်ရှသဖြင့် နင်းချေဖျက်ဆီးပစ်မည်ဟု ကြွားလုံးထုတ်ကာ ပြောဆိုနေကြသည်။

ဤသို့လျှင် လောလောလတ်လတ်သူတို့အား အုပ်စိုးနေသောရောမမင်းတို့ကို အမျက်တော်နှိုးဆွနေသည်နှင့်မတူသလော။ ထိုသူတို့၏ခရစ်တော်သခင် အမှုတော်မြတ်အပေါ်မှာ များယွင်းသော ယုတ်လိုးဖေါ်မှုအားဖြင့် စာတန်သည် ကယ်တင်ပိုင်သူယေရှုခရစ်တော်အား သုတ်သင်ရှင်းလင်းပစ်ရန် စဉ်းလဲသောအကြံအစည်ကို ကြံစည်ခဲ့ပါသည်။ သို့သော်လည်းထိုသခင်အား သုတ်သင်ပယ်ရှင်းမည့်အစား ထိုမကောင်းကြံစည်မှုသည် သူတို့ခေါင်းပေါ်သို့ ပြန်၍သက်ရောက်ခဲ့ပေသည်။

အပြစ်မဲ့သော ကလေးငယ်တို့အား ရက်စက်ကြမ်းကြုတ်စွာ အစုလိုက်အပြုံလိုက် သတ်ဖြတ်ပြီးသည်နောက် များမကြာမီမှာ ဟေရုဒ်မင်းသည် ကြောက်စရာသေချင်းဆိုးနှင့်သေခဲ့ရပါသည်။

ယောသပ်နှင့်မိသားစုမှုကားအီဂျစ်ပြည်မှာရှိနေဆဲဖြစ်သည်။ ယခုတွင်မူ ထာဝရဘုရားသခင်၏ ကောင်းကင်တမန်သည် ယောသပ်အား အစ္စရေးနိုင်ငံသို့ပြန်သွားရန် ပညတ်ခဲ့လေပြီ။ ဒါဝိဒ်၏ ထီးနန်းကိုဆက်ခံမည့်

သူမှာ သခင်ယေရှုဖြစ်သည်ကို ထောက်လျက် ယောသပ်သည်ဗက်လင်မြို့တွင် ပြန်၍ နေလိုသော်လည်း ဟေရုဒ်မင်း၏ အဖေတူသားအာခေလသည် ဖခင်၏ စီမံချက်ကို ပြန်လည်ဖေါ်ဆောင်မည်ကို ယောသပ်သည် စိုးရိမ်ခဲ့၏။

ထိုကြောင့် ယောသပ်သည် လုံခြုံစိတ်ချရသော မိမိ၏နေရင်းအိမ်ရှိရာ နာဇရက်မြို့မှာ ပြန်နေရန် လမ်းညွှန်ခြင်းကိုခံရလေသည်။ ဤမြို့ငယ်မှာ သခင်ယေရှုသည် အနှစ်သုံးဆယ်နီးပါး နေထိုင်ခဲ့သဖြင့် "ခရစ်တော်ကို နာဇရက်လူဟု ခေါ်ဝေါ်ကြလတ္တံ့" ဟူသော ပုရောဖက်စကားသည် ပြည့်စုံခဲ့ပါသည်။ ဂါလိလဲပြည်နေ နိုင်ငံခြားသား အများစုသည် ယုဒပြည်ထက် ပိုများ၏။ သို့ဖြစ်၍ အထူးသဖြင့် ဂျူးလူမျိုးတို့နှင့်ပတ်သက်သော ကိစ္စရပ်များကို လူတို့သည် စိတ်မဝင်စားကြပါချေ။

ဤသို့လျှင် ကယ်တင်ပိုင်ရှင်သည် ဤလောကသို့ ကြွဆင်းလာစဉ်က ခံစားခဲ့ရပေသည်။ လူသားတို့၏ ကယ်တင်ခြင်းအတွက် အမှုတော်မြတ်ကို ထမ်းဆောင်နေစဉ်မှာပင် ထာဝရဘုရားသခင်သည် မိမိ၏ချစ်လှစွာသောသားတော်ကို လူတို့၏လက်တွင်းသို့ ပုံအပ်ရန်မဝံ့နိုင်ခဲ့ပေ။ လူသားတို့အား ယုံကြည်ကိုးစားရန် ခက်လှကြောင်းကိုပြပါသည် မဟုတ်လော။

သို့ဖြစ်၍ ယေရှုသခင်သည် ဤကမ္ဘာမှာလုပ်ဆောင်ရမည့် ကယ်တင်ခြင်းလုပ်ငန်းကို လုပ်ဆောင်နေစဉ်နှင့် မိမိကယ်တင်ရန်ကြွဆင်းလာခဲ့သော လူသားတစ်နွယ်လုံးအတွက် အသက်စွန့်ပြီးသည့်တိုင် ထိုသခင်အား ကူညီမစကာကွယ်ဖို့ရန် ဘုရားသခင်သည် ကောင်းကင်တမန်များကို အထူးတာဝန်ပေးအပ်ထားတော်မူခဲ့ပါသည်။

-ဝ-

# အခန်း (၇)
# သူငယ်တော်ယေရှု

ယေရှုသခင်၏ ကလေးဘ၀နှင့် လူငယ်ဘ၀သည် သေးငယ်သော တောင်ပေါ်ရွာလေးတစ်ရွာမှာ ကုန်လွန်ခဲ့သည်။ ထိုသခင်သည်လူချမ်းသာ ပညာတတ်၊ မင်းစိုးရာဇာတို့၏ နေအိမ်ရိပ်သာများကို ကျော်လွန်သွား၍ ထင်ရှားကျော်ကြားခြင်းမရှိသော မြို့ငယ်မြို့ယုတ်ဖြစ်သည့် နာဇရက်မြို့မှာ အခြေချနေထိုင်ခဲ့ပါသည်။

ကောင်းကင်ဘုံဖခမည်းတော်၏ မျက်နှာတော်အလင်းအောက်တွင် ယေရှုသခင်သည် "အစဉ်အတိုင်းကြီး၍ ပညာတိုးပွားလျက် ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာရတော်မူ၏" (လုကာ၂း၅၂)။

ကိုယ်တော်၏ စိတ်သဘောထားသည် အသက်နှင့်မလိုက်အောင် ထောက်ထားညှာတာတတ်၍ ဉာဏ်ပညာနှင့်ပြည့်စုံလျက် သွက်လက်ချက်ချာကာ ထိုးထွင်းသိမြင်တတ်ပေသည်။ အကျင့်စာရိတ္တအရာမှာလည်းခန္ဓာကိုယ်ဘက်စုံထွားကျိုင်းမှုဂုဏ်ကျက်သရေနှင့်အထူးပြည့်စုံပါပေသည်။ ကလေးဘ၀ကိုအောင်မြင်သောသူဟု ခေါ်ရပေလိမ့်မည်။

လူငယ်ဘ၀မှာ ယေရှုသခင်သည် ချစ်ဖွယ်ကောင်းသောပင်ကိုယ်သဘောထားလည်းရှိ၏။

အလွန်စိတ်ရှည်သီးခံတတ်သောသဘောသည် အနှိုင်းမဲ့ပင်ဖြစ်ပါသည်။ အမှန်တရားကိုစောင့်ထိန်းသည့်အရာမှာလည်း မိမိ၏ဂုဏ်သိက္ခာကို ဘယ်သောအခါမျှ မဖျက်ဆီးလိုက်ပါချေ။ စည်းကမ်းနှင့်ပတ်သက်လာလျှင် ကျောက်ဆောင်ကဲ့သို့ခိုင်မြဲ၏။ ထိုသခင်၏ငယ်စဉ်အသက်တာကား တစ်ကိုယ်မကောင်းမဆန်၊ အတ္တကင်းမဲ့သော ကျေးဇူးတော်အသက်တာမျိုးပင် ဖြစ်ချေ၏တကား။

ယေရှုသခင်၏မယ်တော်သည် ကိုယ်တော်ရှင်၏ တိုးပွားမှုအစဉ်ရှိနေသောစွမ်းရည်သတ္တိအလုံးစုံကို စောင့်ကြပ်ကာ ဂရုတစိုက်ကြည့်နေသဖြင့် ထိုသခင်၌ စာရိတ္တတော်၏ ပြည့်စုံမှုလက္ခဏာကို တွေ့မြင်ခဲ့ရပေသည်။ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားသခင်၏ အကူအညီဖြင့်လည်း အထက်မှဉာဏ်ပညာနှင့် ပြည့်စုံလာသောကြောင့် ထာဝရဘုရားသခင်တစ်ပါးတည်းသာလျှင် မိမိ၏အဘဖြစ်တော်မူကြောင်း အခိုင်အမာပြောဆိုသော ထိုယေရှုသူငယ်လေး၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် သူမသည် ကောင်းကင်သားများနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ပေသည်။

ခရစ်တော်သခင်ငယ်ရွယ်စဉ်က ဘာသာရေးသွန်သင်ပြဌာန်းချက်တို့သည် မသင်မနေရပညာရေးစနစ်ပုံစံဖြစ်ပါသည်။ ကျမ်းစာများအပြင်လူတို့၏ထုံးတမ်းစဉ်လာစီရင်ပြဌာန်းမှုများစွာတို့ကိုလည်း၊ ထည့်သွင်းထားပါသည်။

ဆည်းပူးရရှိသောပညာရပ်တို့သည်လည်း ရုပ်ဝတ္ထုပစ္စည်းများဖြင့်သာ ရှုပ်ထွေးရောနှောပြည့်ညှပ်နေရကား ထက်ကောင်းကင်ဗွေနန်းတော်မှ အဆင့်မြင့်ပညာသင်ကျောင်းက အသိအမှတ်ပြုလိမ့်မည်မဟုတ်ကြောင်းကို တွေးမြင်နိုင်ပါသည်။

ကျောင်းသားတို့သည်လည်း ထာဝရဘုရားသခင်နှင့်အချိန်ယူ၍ အပြန်အလှန်စကားပြောဆိုခွင့်ကိုသော်မျှမရှိနိုင်ဖြစ်ရလေသည်။ သို့ဖြစ်ပါသောကြောင့် ကိုယ်တော်ရှင်၏အသံတော်ကို နှလုံးသားနှင့်နားထောင်ရန် ဘယ်ကဲ့သို့လျှင်ဖြစ်နိုင်ပါမည်နည်း။ သူတို့သည်ပညာ၏မူလဇစ်မြစ်အချုပ်အခြာဖြစ်သောဘုရားသခင်ကိုကျောခိုင်းကာနေကြလေပြီကော။ သူတို့သတ်မှတ်ခံယူသော "သာလွန်ကောင်းမွန်သည့်ပညာရေးစနစ်သည်လူငယ်တို့အတွက် အမှန်တကယ်တိုးတက်ကြီးပွားရန် ကြီးမားသောဟန့်တားနှောင့်နှေးခြင်းဖြစ်ခဲ့ရလေသည်။ ၎င်းတို့၏စိတ်ထားတို့သည်လည်း ကျုံ့ဝင်ကာကျဉ်းမြောင်းခြင်းသက်သက်ပင်ဖြစ်တော့သည်။

သူငယ်တော်ယေရှုသည် ထိုတရားဇရပ်ကျောင်းများမှာမည်သည့် သွန်သင်ချက်တစ်ခုကိုသော်မျှ မရယူခဲ့ပါချေ။ ထိုသခင်သည်ကောင်းကင် အရာများကို မယ်တော်မာရိနှင့် ပုရောဖက်တို့၏ ကျမ်းစာများထဲမှသာလျှင် သင်ယူဆည်းပူးရရှိခဲ့ပါသည်။

လူငယ်ဘဝသို့ ကူးပြောင်းလာသောအခါမှာလည်း စာချဆရာတော် ကြီးများ၏ ကျောင်းများမှာ ပညာသင်ယူဖို့မကြိုးစားခဲ့ပါ။ ထိုမူလလက်ဦးဆရာ ကြီးများထံမှ ပညာကိုဆည်းပူးဖို့မလိုဟု သခင်ယူဆထားခဲ့ပါသည်။ အမှန် တကယ်တမ်း ကျမ်းတတ်အကျော်အမော်များနှင့် နဖူးတွေ့ဒူးတွေ့ဆွေးနွေး သောအခါမှာ ထိုသခင်၏နှစ်ဦးပိုင်းကာလတွင် ထာဝရဘုရားသခင်၏နှုတ် တော်ထွက်စကားကို စေ့စေ့လေ့လာခဲ့ကြောင်း သက်သေထူလျက်နေ ပါသည်။

## သဘာဝတရားက ကျမ်းစာကို ထောက်ခံဖြည့်စွက်ပေးခြင်း

ထာဝရဘုရားသခင်၏ဖန်ဆင်းခြင်းလက်ရာတော်များသည်ထိုသခင် ၏ရှေ့တော်မှောက်မှာစာကြည့်တိုက်ကြီးသဖွယ်ပြန့်ကျဲလျက်ရှိနေပါသည်မ ဟုတ်လော။

ဤသဘာဝလောကကြီးတစ်ခုလုံးကိုဖန်ဆင်းပြုပြင်ခဲ့သောအရှင် သခင်သည်ယခုမှာတော့မိမိ၏လက်ရာတော်များကိုပြန်လည်လေ့လာလျက်ရှိ နေပါ၏။ ထိုသခင်သည်သိပ္ပံနည်းကျအသိဉာဏ်ပညာကိုသဘာဝ တရားဖြစ်သော သစ်ပင်ပန်းမန်များ၊ တောတွင်းပြင်ပတိရစ္ဆာန်များနှင့် လူသား တို့ထံမှစုဆောင်းလေ့လာခဲ့ပါသည်။ သခင်၏ အမှုတော်ဆောင် ရွက်နေစဉ်ကာလ အတွင်းပုံပမာများအသုံးပြု၍ အမှန်တရားကို လူတို့အား သွန်သင်ခဲ့ပေသည်။ ထိုပုံပမာတို့ကား၊ ရပ်ဝေးမှမလာ၊ စရိတ်လည်း မကုန်ရပါ။ အနီးအနားမှာရှိသော နေ့စဉ်ပတ်ဝန်းကျင်

အသက်တာနှင့် သဘာဝလောကမှဝိညာဉ်ရေးဆိုင်ရာ သွန်သင်ချက်များ ပင်ဖြစ်တော့သည်။

ယေရှုသခင်သည် အရာဝတ္ထုများ၏ ပကတိအခြေအနေများကို နားလည်ရန်ကြိုးစားနေသည်နှင့်အမျှ ကောင်းကင်တမန်တို့သည်ထိုသခင်၏အနားဝယ် ကူညီရန်အဆင်သင့်ရှိနေပါသည်။ အသိဉာဏ်ပညာတိုးတက်ဖွံ့ဖြိုးမှုပြချိန်မှစ၍ ကိုယ်တော်သည် ဝိညာဉ်ရေးဆိုင်ရာနှစ်သက်ဖွယ်သောအရာများနှင့် အမှန်တရားအသိဉာဏ်များတွင် မရပ်မနားတိုးတက်ကြီးပွားခဲ့ပေသည်။

ယေရှုသခင်ကဲ့သို့ ကလေးသူငယ်တိုင်းသည်လည်း အမှန်တရားအသိဉာဏ်ကို ရယူဆွတ်ခူးနိုင်ပါသည်။ ကောင်းကင်ဘုံခမည်းတော် ဘုရားသခင်နှင့်အကျွမ်းဝင် မိတ်သဟာယဖွဲ့လာသည်နှင့်အမျှ အစေခံနံ့ဝိညာဉ်ကောင်းကင်တမန်တို့သည်လည်း ကျွန်ုပ်တို့၏ အနားသို့ ချဉ်းကပ်လာကာ ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်ခွန်အားကို အားကြီးစေ၍ ကျွန်ုပ်တို့၏အကျင့်စာရိတ္တကိုမြင့်တင်ကာ သန့်စင်ပေးပါလိမ့်မည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကယ်တင်ပိုင်သူ အရှင်သခင်ကြီးနှင့်လည်း ပို၍တူလာပါလိမ့်မည်။ ၄င်းပြင် ကျွန်ုပ်တို့သည် ဘာသာတရားမှာရှိသည့် လှပတင့်တယ်ရာများနှင့် ကြီးကျယ်ခမ်းနားမှုများကို ရှုမြင်နေသည်နှင့်အမျှ ဘုရားသခင်ကို ပိုမို၍ ချစ်ခင်မြတ်နိုးလာပါလိမ့်မည်။

စိတ်နှလုံးသည် စိုးရွံ့ထိတ်လန့်နေစဉ်မှာပင် သခင်၏ လက်ရာတော်များမှတစ်ဆင့် အနှိုင်းမဲ့တန်ခိုးရှင်နှင့် အဆက်အသွယ်ရရှိကာအသက်ဝိညာဉ်သည် သန်စွမ်းကြံ့ခိုင်လာမည်ဖြစ်ပါသည်။ ဆုတောင်းခြင်းဖြင့်ဘုရားသခင်နှင့်အကျွမ်းဝင် မိတ်သဟာယဖွဲ့ခြင်းသည် စိတ်ဓါတ်စွမ်းရည်များနှင့် ကိုယ်ကျင့်တရား စွမ်းအားများကို ဖွံ့ဖြိုးတိုးတက်စေပါသည်။

ယေရှုသခင်သည် ကလေးဘဝမှာရှိစဉ် ကလေးကဲ့သို့ စဉ်းစားတွေးခေါ်ကာ ပြောဆိုခဲ့၏။ သို့ရာတွင် ထိုသခင်၌ စိုးစဉ်းမျှဘုရားသခင်၏ပုံသဏ္ဍာန်တော်ကို ပျက်ယွင်း ဆုံးရှုံးစေသည့်အရာဟူ၍ မရှိခဲ့ပေ။

ထိုသခင်သည် စုံစမ်းနှောင့်ယှက်မှုမျိုးစုံတို့မှလည်း မကင်းလွတ်ခဲ့ချေ။ နာဇရက်မြို့နေလူတို့သည် ပြောစမှတ်ဖြစ်သည်အထိဆိုးသွမ်းကြပါ၏။ "နာဇရက်မြို့ထဲက ကောင်းသောအရာ တစ်စုံတစ်ခုမျှ ထွက်သလော" (ယောဟန် ၁း၄၆) ဟူသော ဆိုရိုးစကားကိုသာ ရှုပါ။ ထိုသခင်သည်မိမိ၏ဖြူစင်သန့်ရှင်းသော အသက်တာကို ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ အစဉ်အမြဲ သတိဝီရိယနှင့် သက်ရှင်နေထိုင်ရန် လိုအပ်ပေသည်။ ကျွန်ုပ်တို့၏ ကလေးဘဝ လူငယ်ဘဝနှင့်လူကြီးဘဝတို့မှာ စံနမူနာယူထိုက်စေရန်အတွက် ထိုသခင်သည် ကျွန်ုပ်တို့ နေ့စဉ်တွေ့ကြုံရင်ဆိုင် တိုက်လှန်ရသည့် အတွေ့အကြုံအားလုံးကို ရင်ဆိုင်ခံစားခဲ့ရလေသည်။

ယေရှုသခင်ကို သူငယ်တော်ဘဝမှစတင်၍ ကောင်းကင်တမန်များက ကာကွယ်စောင့်ရှောက်ပေးခဲ့ပါသော်လည်း ထိုသခင်၏အသက်တာသည် မကောင်းမှုအင်အားစုများနှင့် လွတ်ကင်းရသည်ဟူ၍မရှိ။ အသက်ရှင်နေသမျှမှာ မှောင်မိုက်တန်ခိုးနှင့် ဆန့်ကျင်ရုန်းကန်လုံးထွေးနေခဲ့ရပေသည်။ မှောင်မိုက်တန်ခိုးရှင်သည် အမှန်တကယ်ပင် ယေရှုသခင်အား နည်းလမ်းမျိုးစုံအသုံးပြု၍ စုံစမ်းခဲ့လေသည်။

ယေရှုသခင်သည် သူဆင်းရဲဖြစ်သောကြောင့် မိမိကိုယ်ကိုငြင်းပယ်ခြင်းနှင့် ချို့တဲ့နွမ်းပါးခြင်းများကို ကောင်းစွာ နားလည်သဘောပေါက်ထားပေသည်။ ဤအတွေ့အကြုံများက ထိုသခင်အား အကွယ်အကာတစ်ခုဖြစ်စေခဲ့သည်။ လမ်းပေါ်မှာ လေလွင့်နေ၍ စာရိတ္တပျက်ပြားနေသော အပေါင်းအသင်းများနှင့် လမ်းသလားကာ အချိန်ဖြုန်းရန်ထိုသခင်မှာမရှိပါ။ ပျင်းရိစရာ အချိန်ဟူ၍လည်း မရှိပါ။ မိမိအသက်တာ

အတွင်းသို့ စာတန်ဝင်မပူးနိုင်ရန် သခင်သည် အမြဲတစေတံခါးပိတ်ကာ ကွယ်ထားလျက်ရှိပါသည်။ ဥစ္စာခနေနှင့်အပျော်အပါး လိုက်စားခြင်းသည် လည်းကောင်း၊ ချီးမွမ်းခြင်းနှင့် အပြစ်တင်ပြောဆိုခြင်းသည်လည်းကောင်း၊ မှားယွင်းမှုကို ပြုလုပ်ဖို့ သဘောတူရန် သခင်အားမသွေးဆောင်နိုင်ပေ။

ထိုသခင်၌ မကောင်းမှုဒုစရိုက်ကို ခွဲခြားသိမြင်နိုင်ရန် အမျှော်အမြင်ရှိ၍ခုခံတွန်းလှန်နိုင်သော စွမ်းအားလည်း ရှိတော်မူပါသည်။

ထိုခရစ်တော်တစ်ပါးတည်းသာလျှင် အပြစ်အနာအဆာကင်းသူ ကမ္ဘာ့လူသားကြီး တစ်ဦးဖြစ်ခဲ့ပါသည်။ ထိုသခင်သည် ဆိုးသွမ်းယုတ်မာသော နာဇရက်မြို့သားများအလယ်မှာ နှစ်ပေါင်းသုံးဆယ်နီးပါး နေထိုင်သက်ရှင်ခဲ့၏။

ဤအချက်ကအပြစ်ကင်းစင်သောအသက်တာနှင့် နေနိုင်ဖို့ရန် ပတ်ဝန်းကျင်ကောင်းရမည်။ ပစ္စည်းဥစ္စာခနေအင်အားရှိရမည်ဟု ထင်မြင်သော လူသားတို့အဖို့ ဆုံးမပဲ့ပြင်စရာအတွက် တစ်ခုပင်ဖြစ်သည်မဟုတ်လော။

## လက်သမားဆရာအဖြစ်နှင့်အလုပ်အကိုင်ကို ဂုဏ်ယူသူခရစ်တော်

ယေရှုသခင်သည်တစ်ချိန်က ကောင်းကင်ဗိုလ်ခြေထာဝရဘုရားသခင်အဖြစ်အမိန့်ပေးခဲ့သူဖြစ်ခဲ့ပေသည်။ ကောင်းကင်တမန်တို့သည်လည်း ထိုသခင်၏ အမိန့်တော်ကို နာခံခြင်း၌ ဝမ်းမြောက်ကြ၏။

ယခုတွင်မူ ထိုသခင်သည် ယောသပ်နှင့်အတူ လက်သမားရုံမှာ အလုပ်လုပ်နေသောအစေခံကောင်း၊ ချစ်ဖွယ်ကောင်းသော နာခံမှုအပြည့်ရှိသည့် သားငယ်အသွင်ဖြင့် မြင်တွေ့နေရပါသည်။ ကိုယ်တော်သည်မိမိ၌ အလုပ်ပင်ပန်းနွမ်းနယ်ခြင်းရှိသဖြင့် အလုပ်အကိုင် ပေါ့ပါးသွားစေရန်

ဘုရားသခင်၏ တန်ခိုးတော်ကို အသုံးမပြုခဲ့ပါ။ ကျန်းမာပျော်ရွှင်မှုရှိရန် မိမိ၏ ခန္ဓာကိုယ်စွမ်းအားကိုသာ အသုံးပြုခဲ့ပါသည်။ အကောင်းဆုံးကို လည်း လုပ်ဆောင်နိုင်ခဲ့ပေသည်။

လက်သမားပစ္စည်းများကို ကိုယ်တွယ်နေခြင်းကိုပင်လျှင် ကိုယ်တော်သည် ပရမ်းပတာ ပစ်စလက်ခတ်မကိုင်တွယ်ပါ။ ထိုသခင်သည် စာရိတ္တအရာမှာ စုံလင်သကဲ့သို့ အလုပ်အကိုင်လုပ်ဆောင်ရာမှာလည်း တိကျ စုံလင်ပါသည်။

ထိုသခင်၏ ပုံစံနမူနာအားဖြင့် အလုပ်အကိုင်ကို သေချာဂနစွာ မဆုတ်မနစ်သော လုံ့လဝီရိယဖြင့် လုပ်ဆောင်၍ အလုပ်အကိုင်၌ဂုဏ်ယူ နိုင်ကြောင်း ကျွန်ုပ်တို့မှတ်သားအပ်ပေသည်။

"အလုပ်ဟူသမျှဂုဏ်ရှိစွ" ဟူသောဆောင်ပုဒ်ကို ယေရှုသခင်သွန် သင်ခဲ့လေပြီတကား၊ ထာဝရဘုရားသခင်သည် အလုပ်အကိုင်ကိုကောင်း ချီးမင်္ဂလာတစ်ပါးအဖြစ် ခန့်အပ်သတ်မှတ်ထားသကဲ့သို့ အလုပ်ကိုကြိုးစား အားထုတ်လုပ်ကိုင်သောသူသည် အသက်တာ၏ စစ်မှန်သောဂုဏ်ကျက် သရေနှင့် ဝမ်းမြောက်မှုကို တွေ့ရှိခံစားရပေသည်။

မိခင်ဖခင်တို့၏ အိမ်ထောင်မိသားစုအတွင်း တာဝန်များကိုမျှဝေ ခံယူသောသားသမီး၊ ကလေးသူငယ်၊ လူငယ်မောင်မယ်တို့အား ဘုရား သခင်သည် သဘောကျနှစ်သက်ခြင်းရှိတော်မူ၏။ ထိုသူတို့သည် လူ့အဖွဲ့ အစည်း၏ ကောင်းကျိုးချမ်းသာအတွက် အိမ်ထောင်မိသားစုက မွေးထုတ် ပေးလိုက်သောရတနာများပေတည်း။ ယေရှုသခင်သည်လောကသက်တမ်းတစ် လျှောက်မှာ အလုပ်နှင့်လက်မပြတ်ပါ။ လုပ်သားကောင်း တစ်ဦးပင်ဖြစ်ချေ၏။ အမှုတော်မြတ်ထဲသို့ဝင်ရောက်လုပ်ဆောင်ပြီးနောက်မှာလည်း ကိုယ်တော် ရှင်သည်ဤသို့မိန့်တော်မူ၏။ "ငါ့ကိုစေလွှတ်တော်မူသောသူ၏အမှု ကိုနေ့ အချိန်ရှိစဉ်တွင်ငါပြုရမည်။ အဘယ်သူမျှ အမှုမပြုနိုင်သောအချိန်တည်း

ဟူသော ညအချိန်လာသေး၏” (ယောဟန် ၉း၄)။ ကိုယ်တော်ရှင်သည် မိမိနောက်တော်လိုက်တချို့ကဲ့သို့ အလုပ်အကိုင်တွင် ခိုကပ်ခြင်းမရှိခဲ့ပါ။ သူတို့သည် အသက်တာ၏ စည်းကမ်းကို ရှောင်ဖယ်ရန် လမ်းစရှာသော ကြောင့် ခွန်အားနည်းပါးလာ၍ လုပ်ကိုင်ရာတွင် အရည်အသွေးညံ့ဖျင်း ပါတော့သည်။

သူတို့၌ အဖိုးတန်၍ နှစ်သက်ဖွယ်ကြွန်အင်လက္ခဏာတို့ဖြင့် ပြည့် စုံနေပါသော်လည်း ခွန်အားမဲ့၍ အခက်အခဲများစွာနှင့်ရင်ဆိုင်ကြုံတွေ့ရ သောအခါ အသုံးမရ၊ လက်မြှောက်အရှုံးပေးတတ်လေသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့၏အသက်တာတွင် ခရစ်တော်ယေရှုက ဖေါ်ပြ ခဲ့သော စာရိတ္တအင်အားစုနှင့် အကောင်းမြင်သဘောထားရှိရပေမည်။ ထိုသခင်ရင်ဆိုင်ခဲ့သလို ကျွန်ုပ်တို့သည်လည်း အလားတူစွာသောစည်းကမ်း ချက်များနှင့် ရင်ဆိုင်ကျော်လွှားကာ အောင်မြင်မှုကို ရယူသင့်ပေသည်။ ကိုယ် တော်ရှင်ခံယူရရှိခဲ့သော ကျေးဇူးတော်သည် ကျွန်ုပ်တို့အဖို့ပင်ဖြစ်သည်မဟုတ် ပါလား။

ကျွန်ုပ်တို့၏ ကယ်တင်ပိုင်ရှင်ယေရှုခရစ်တော်သည် ဆင်းရဲသား တို့၏ကံကြမ္မာများကို မျှဝေခံစားခဲ့ပါသေးသည်။ ထိုသခင်၏သွန်သင်ချက် များကို အရိုးစွဲနေအောင် သဘောတရားအမှန်ကို သိမြင်ထားသူတို့အဖို့ လူတန်းစားခွဲခြားခြင်း၊ ချမ်းသာသူများကို သူဆင်းရဲများထက်ပိုမို၍ မျက်နှာ သာအခွင့်အရေးပေးရမည်ဟူသည့် ခံစားချက်မျိုး ဘယ်သောအခါမျှ ရှိလိမ့် မည်မဟုတ်ပါလေ။

## ရွှင်လန်းသောသီချင်းသည်တစ်ဦး

ယေရှုသခင်သည်ဆာလံသီချင်းများနှင့်ကောင်းကင်နိုင်ငံတော်နှင့် ပတ်သက်သော ဓမ္မသီချင်းများကို မကြာခဏဆိုသလို ဝမ်းမြောက်ရွှင် လန်းသော စိတ်နှလုံးထဲမှဖေါ်ထုတ်ကျူးအေးလေ့ရှိပါသည်။ ထိုကျေးဇူး

ချီးမွမ်း သီချင်းသံများကိုလည်း နာဇရက်မြို့သားတို့က ကြားရလေ့ရှိသည်။ သူ၏လုပ်ဖော်ဆောင်ဖက်များတို့က အလုပ်ပင်ပန်း၍ ညည်းညူလေသောအခါမှာ ကိုယ်တော်၏နှုတ်တော်မှထွက်ပေါ်လာသော၊ သာယာသောသီချင်းသံတို့သည် ရွှင်လန်းအားသစ်လောင်းမှုကိုဖြစ်စေပါ၏။

နာဇရက်မြို့မှာ တစ်ကိုယ်တော်အဖြစ် နေထိုင်ခဲ့သောနှစ်များတစ်လျှောက်လုံးတွင် ထိုသခင်၏အသက်တာမှ ကြင်နာသနားမှုများနှင့်နူးညံ့သိမ်မွေ့သောစိတ်သဘောထား လုပ်ရပ်များသာ စီးဆင်းခဲ့ပေသည်။

ထိုသခင်ရှေ့တော်မှောက်မှာ ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့သည်ဝန်ပေ့ါကာ ဝမ်းမြောက်ရသည်ချည်းဖြစ်၏။ သက်ကြီးရွယ်အိုများ၊ ပူဆွေးဝမ်းနည်းနေကြသူများ၊ အပြစ်ကြောင့်ဝန်လေးလံနေကြသူများ၊ အပြစ်ကင်းမဲ့၍ ပျော်ရွှင်စွာဆော့ကစားနေသောကလေးများနှင့် တောင်ထိပ်ပေါ်မှာပြေးလွှားနေသည့် သတ္တဝါငယ်ကလေးများတို့သည် ပျော်ရွှင်ဝမ်းမြောက်ကြပါသည်တကား။

တန်ခိုးကြီးသော နှုတ်တော်ထွက်အမိန့်တော်အားဖြင့် ဂြိုလ်ကမ္ဘာများကို ဖန်ဆင်းချီးမြှင့်သောအရှင်သခင်သည် ထိခိုက်ဒဏ်ရာရနေသောငှက်ကလေးတစ်ကောင်ကို အနာမှသက်သာစေရန်အတွက် ဤလောကသို့ကြွဆင်းလာခဲ့သည်မဟုတ်လော။ ကိုယ်တော်သခင်မျက်ကွယ်ပြု၍ ဂရုမစိုက်သောအရာဟူ၍ ဘာတစ်ခုမျှမရှိပါပြီ။ အလုပ်အကျွေးပြုရန် မထိုက်တန်သူဟူ၍ အထင်အမြင်သေးစရာသည်လည်း ထိုသခင်၌မရှိပါပြီ။

ဤသို့လျှင် ထိုသခင်သည် အစဉ်အတိုင်းကြီးထွားလာ၍ ပညာတိုးပွားလျက် ဘုရားသခင်ရှေ့၊ လူတို့ရှေ့ မျက်နှာရတော်မူ၏။ လူသတ္တဝါအားလုံးတို့ကို သနားကြင်နာကြောင်း ပြသတော်မူခြင်းဖြင့်လည်း လူအများ၏ ချစ်ခင်ယုယမှုကို ထိုသခင်သည် အရဆွဲဆောင်တော်မူ၏။ မိမိ၏ ပတ်ဝန်းကျင်ကို မျှော်လင့်ခြင်း ရဲစွမ်းသတ္တိနှင့် ပြည့်ဝ

စုံလင်စေသောကြောင့်လည်း အိမ်ထောင်တိုင်းအတွက် ကောင်းချီးမင်္ဂလာ တစ်ပါးဖြစ်ခဲ့ရပေသည်။ ရံဖန်ရံခါဆိုသလို ထိုသခင်အား ဥပုသ်တော်နေ့ မြတ်မှာ တရားဇရပ်ထဲတွင် ပုရောဖက်များတို့၏ ကျမ်းစာများကို ဖတ်ကြား ပေးရန်ကိုလည်း ဖိတ်ခေါ်ခြင်းကိုခံရပါ၏။ ထိုတရားစာကိုကြားနာခဲ့ရ သူတိုင်း၏ စိတ်နှလုံးသားထဲမှာလည်း ပီတိဖြစ်ခဲ့ရသည်။ ဝါဂွမ်းဆီထိ သကဲ့သို့ပေတည်း။

သို့တစေလည်း ယေရှုသခင်သည် နာဇရက်မြို့မှာနေထိုင်စဉ်နှစ် များတစ်လျှောက် အံ့ဩဖွယ်နိမိတ်လက္ခဏာတစ်စုံတစ်ရာကိုမျှ မပြခဲ့ပေ။ ရာထူးဂုဏ်ဒြပ်တို့ကိုလည်း မခင်တွယ်ပါ။ ထိုသခင်၏ တည်ငြိမ်အေးချမ်း၍ ရိုးစင်းလှသောအသက်တာသည် ကျွန်ုပ်တို့အဖို့ အရေးကြီး သင်ခန်းစာ တစ်ရပ်ပင်ဖြစ်ချေ၏။

လူတို့ဖန်တီးတုပသည့် စိတ်လှုပ်ရှားစရာအပြစ်များနှင့်ကင်းစင် သောကလေးတို့၏ သဘာဝနှင့် တောတောင်ရေမြေ တိရစ္ဆာန်တို့၏ သဘာ ဝတရားတို့ကို အဖော်ပြုရင်းနှီးကျွမ်းဝင်ခြင်းအားဖြင့် လူ၏ ကိုယ်ခန္ဓာစွမ်း ရည်များ၊ စိတ်တန်ခိုးများအပြင် ဝိညာဉ်ရေးဆိုင်ရာ စွမ်းအားတို့သည် ပိုမို တိုးတက်ကောင်းမွန်လာနိုင်ကြောင်းကို သိမှတ်စွဲလမ်းရပေမည်။

ယေရှုသခင်သည် ကျွန်ုပ်တို့အတွက် စံနမူနာပင်ဖြစ်ပါသည်။ ထို သခင်၏ အိမ်တွင်းရေးအသက်တာသည်လည်း ကလေးသူငယ်၊ ပျိုရွယ် မောင်မယ်တို့အတွက် ပုံစံကောင်းတစ်ရပ်ဖြစ်၏။

ချို့တဲ့နိမ့်ကျသော ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်မည်သို့နီးကပ် စွာလျှောက်လှမ်းရမည်ကို သွန်သင်နိုင်ရန်အလို့ငှာ ကယ်တင်ပိုင်ရှင်သည် ဆင်းရဲနွမ်းပါးသောဘဝမှာမိမိကိုယ်ကိုနှိမ့်ချလျက်လူဇာတိကိုခံယူခဲ့ပါသည်။ မိမိ၏ကယ်တင်ခြင်း အမှုတော်မြတ်ကိုလည်းတစ်နေ့လုပ်မှတစ်နေ့စားရသော နိမ့်ကျသည့် လက်မှုပညာလုပ်ငန်းကိုလုပ်ကိုင်ခြင်းဖြင့်အစပျိုးခဲ့ရပါသည်။

ကိုယ်တော်သည် ခမည်းတော်ဘုရားသခင်၏အမှုတော်ကို ထမ်းရွက်ခဲ့ရာ၌ လက်သမားတွင်ခုံပေါ်မှာ ဝီရိယရှိစွာ အပတ်တကုတ်ကြိုးစားလုပ်ဆောင်သကဲ့သို့ ဖြစ်၏။ လူထုပရိသတ်များစွာကို နိမိတ်လက္ခဏာများစွာပြ၍ ပြုစုစောင့်ရှောက်ကျွေးမွေးသုတ်သင်သလိုလည်းဖြစ်ပါသည်။

ဤသည်ကို ယနေ့ခေတ်လူငယ်တို့သည် အတုယူအပ်ပါ၏။ ခရစ်တော်သခင်၏ ခြေတော်ရာကို လိုက်လျှောက်သောသူတို့သည် ဆင်းရဲနိမ့်ကျသောအိမ်ထောင်မှာ ခရစ်တော်သခင် သက်ရှင်ကျင့်သုံးခဲ့သော သစ္စာစောင့်သိရိုသေမှုနှင့် နားထောင်မှုနမူနာကောင်းများကိုယူ၍ လိုက်လျှောက်ကျင့်သုံးဖို့ရန် လိုအပ်ပေသည်။

ခမည်းတော်ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သခင့်အကြောင်းစုံကို မိန့်မြွက်တော်မူခဲ့သောနှုတ်တော်ထွက်စကားများမှန်ကန်ကြောင်းကို လူငယ်တိုင်းက အခိုင်အမာကြွေးကြော်နိုင်ရမည်ဖြစ်ပါသည်။ "ငါထောက်မသောငါ့ကျွန်ရင်း. . . . . ငါရွေးချယ်ထားသော. . . . ထိုသူ၏အပေါ်၌ ငါ့ဝိညာဉ်ကိုငါတည်စေမည်" (ဟေရှာ ၄၂း၁) ဟူသောဘုရားသခင်ပေးမင်္ဂလာသည် လူသားတိုင်းအတွက် ဖြစ်ပါစေကုန်သတည်း။

-ဝ-

# အခန်း (၈)

## ပသခါပွဲသို့သွားရောက်လည်ပတ်ခြင်း

(လုကာ ၂း၄၁-၅၁ ကိုအခြေပြုထားသည်။)

ယုဒလူမျိုးတွင် အသက်တစ်ဆယ့်နှစ်နှစ်အရွယ်သည် ကလေးဘဝနှင့်လူငယ်ဘဝကို ခွဲခြားထားပါသည်။ ထိုထုံးစံတော်နှင့်အညီ ယေရှုသခင်သည် အသက်စေ့သော် ယောသပ်နှင့်မာရိတို့နှင့်အတူ ပသခါပွဲသို့တက်ရောက်ရန် ယေရုရှလင်မြို့သို့ သွားကြပါ၏။

ဂါလိလဲပြည်နယ်စပ်မှ ယေရုရှလင်မြို့သို့သွားရာခရီးလမ်းသည် ရက်ပေါင်းများစွာ ကြည်ရှည်စေသဖြင့် တစ်ဦးနှင့်တစ်ဦးရင်းနှီးကြစေရန်၊ ရန်သူတို့၏ ပြုမည့်ဘေးဥပါဒ်မှ ကင်းဝေးကြစေရန် ရည်ရွယ်၍ ခရီးသွားတို့သည် လူအပ်စုဖွဲ့ကာ ခရီးစဉ်ကိုစတင်ဆင်နွှဲကြပေသည်။

အမျိုးသမီးများနှင့်သက်ကြီးရွယ်အိုတို့သည် နွား (သို့မဟုတ်) မြည်းများကိုစီးကြသည်။ လမ်းခရီးမှာလည်း ကျောက်ဆောင်ပေါ်များ၍ မတ်ဆောက်သည်လည်းရှိ၏။ သန်မြန်သူတို့ကား ခြေလျင်ခရီးသွားကြပါသည်။ ထိုကာလသည် ယုဒပြည်မှာသာယာ၏။ နေရာအနှံ့ပန်းမန်များနှင့် လှပနေ၍ ငှက်ကလေးများတေးဆိုသံကိုလည်း ကြားရပါသည်။ လမ်းရီးမှာ မိဘတို့သည် သားသမီးတို့အား မောရှေလက်ထက်က ဘုရားသခင်သည် မိမိလူများအတွက် ပြုခဲ့သော အံ့သြဖွယ်ရာအတိတ်၏ သမိုင်းဖြစ်ရပ်မှန်အကြောင်းများကို ပြန်ပြောင်းပြောပြခဲ့ကြလေသည်။ခရီးစဉ်ကိုလည်း သီချင်းများသီဆိုတီးမှုတ်၍ ပျော်ရွှင်မှုရှိအောင် ဖန်တီးပေးကြ၏။

ပသခါပွဲ ကျင်းပစောင့်ထိန်းခြင်းကို ဟေဗြဲနိုင်ငံမွေးဖွားသန့်စင်လာခြင်းနှင့်အတူ အစပျိုးခဲ့ပါသည်။ အီဂျစ်ပြည်မှာ ဟေဗြဲလူမျိုးတို့သည်

ကျွန်ဘဝနှင့်သက်ရှင်နေထိုင်ခဲ့ရသည်မဟုတ်လော။ ကျွန်ဘဝ၏နောက်ဆုံးညမှာ လတ်တလောလွတ်ငြိမ်းချမ်းသာရေးအတွက် ပြင်ဆင်ကြပါရန် သူတို့အား ဘုရားသခင်သည် အမိန့်ပေးခဲ့သည်တွင် မိမိတို့၏မိသားစုဝင်များကို အိမ်တွင်းမှာစုဝေးစေ၏။

အသေသတ်ခြင်းခံရသောသိုးသငယ်၏အသွေးဖြင့် အိမ်တံခါးတိုင်များကို ပက်ဖျန်းစေပြီးနောက် သူတို့သည် အသားကိုမီးနှင့်ကင်ကာ တဆေးမပါသောမုန့်၊ ခါးသော ဟင်းသီးဟင်းရွက်နှင့်ထိုညဥ့်ချင်းတွင်စားကြရန်ဖြစ်ပါသည်။ဤကား "ထာဝရဘုရားသခင်၏ပသခါဖြစ်သတည်း" (ထွက်မြောက်ရာ ၁၂း၁၁)။ ထိုနေ့ညသန်းခေါင်ယံအချိန်မှာ အီဂျစ်ပြည်ရှိသားဦးအားလုံးသည် ဒဏ်ခတ်ခြင်းကိုခံရသဖြင့် သေကြ၏။ ထိုနောက်မှဟေဗြဲလူတို့သည် လွတ်လပ်သောလူမျိုးအဖြစ်နှင့် အီဂျစ်ပြည်မှ ထွက်ခွာလာခဲ့ကြပေသည်။ဤအံ့သြဖွယ်ရာကယ်လွှတ်ခြင်းအကြောင်းစုံများကို ဟေဗြဲလူတို့သည် လူမျိုးအဆက်ဆက်ပြန်ပြောင်းပြောဆိုရမည်ဖြစ်ပါသည်။

ပသခါပွဲကိုကျင်းပပြီးသည်နောက် ခုနှစ်ရက်တိုင်တိုင်အဇုမပွဲကိုဆက်လက်ကျင်းပကြပါသည်။ ထိုပွဲတော်၏ ဝိနည်းအထုံးအဖွဲ့နှင့်ဆိုင်သောလုပ်ငန်းအားလုံးသည် ခရစ်တော်သခင်၏အမှုတော်မြတ်ကို ပုံဆောင်ပါ၏။

အသေသတ်ခြင်းကိုခံရသော သိုးသငယ်၊ တဆေးမဲ့မုန့်၊ အဦးသီးသောကောက်လှိုင်းစသည်တို့သည် ကယ်တင်ပိုင်ရှင်ကို ပုံဆောင်ထားပါသည်။ သို့သော်လည်း ခရစ်တော်သခင်လက်ထက်တော်မှာ များစွာသောသူတို့သည် ပသခါပွဲကို ကျင်းပကြရာ၌ပုံစံသဘောသာရှိတော့သည်။အနှစ်သာရကားမရှိတော့ပြီ။သားတော်မြတ်သခင်ယေရှုခရစ်တော်အတွက် ထူးမြတ်၍အရေးပါသောအချက်ကား အဘယ်မှာလျှင်ရှိတော့အံ့နည်း။

သူငယ်တော်ယေရှုသခင်သည် ပထမဦးဆုံးအကြိမ်ဗိမာန်တော်ကို မြင်လိုက်ရ၏။ အဖြူရောင်ဝတ်စုံနှင့်ယဇ်ပုရောဟိတ်တို့ကား မိမိတို့၏

မြင့်မြတ်သန့်ရှင်းသော တာဝန်ဝတ္တရားများကို ထမ်းဆောင်နေကြသည့်ယဇ် ပလ္လင်ပေါ်မှာ သွေးသံရဲရဲနှင့် ယဇ်ကောင်ကိုလည်း တွေ့မြင်ရလေသည်။ ပသခါအထိမ်းအမှတ်ကိုးကွယ်မှု၏ စိတ်အာရုံတွင် စွဲမြဲစေသောအခမ်းအနား များကို သခင်သည် မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရလေပြီ။ နေ့တိုင်းအစဉ်မြင် တွေ့ရသဖြင့်လည်း ထိုကိုးကွယ်မှု၏ အနက်အဓိပ္ပါယ်မှာ ပိုမို၍ရှင်းလင်းလာ၏။

လုပ်ဆောင်မှုအဆင့်တိုင်းသည် မိမိ၏အသက်တာနှင့် နှီးနွယ် ဆက်စပ်နေသည်ကိုလည်း ခံစားသိမြင်လာပါသည်။ သခင်၏စိတ်ထဲမှာလည်း လှုပ်ရှားမှုအသစ်များတိုး၍ သိလာ၏။ ကြီးမားသောပြဿနာ အခက်အခဲ တစ်ခုကိုလေ့လာနေသကဲ့သို့ ကိုယ်တော်သည် ငြိမ်သက်စွာအာရုံစိုက်လျက် နေပါသည်။အမှုတော်မြတ်၏ နက်နဲလေးမြတ်မှုများသည် ကယ်တင်ပိုင်သူ၏ ရှေ့တော်မှောက်မှာ ထင်ရှားလျက်ရှိနေပြီကော။

ဤမြင်ကွင်းများကို ကိုယ်တော်သည် စဉ်းစားဆင်ချင်အာရုံခံနေ သည်ဖြစ်သောကြောင့် ပသခါအထိမ်းအမှတ်ကိုးကွယ်ပွဲပြီးစီးသွားသည်တိုင် အောင် ဗိမာန်တော်ဝင်းအတွင်းမှ တစ်ဖဝါးမခွာနိုင်သေးဘဲ ရှိနေခဲ့ပ်သည်။ အခြားဝတ်ပြုကိုးကွယ်ကြသူများကား ထိုသခင်ကို ယေရုရှလင်မြို့တွင် ချန် ထားကာ ထွက်ခွာသွားခဲ့ကြလေပြီ။

ယေရုရှလင်မြို့သို့ လာရောက်လည်ပတ်သည့် ဤခရီးစဉ်အတွင်း မှာ ယေရှုသခင်၏မိဘတို့သည် ကိုယ်တော်အား အစ္စရေးပြည်မှကျမ်းတတ် ဆရာတော်ကြီးများနှင့် အဆက်အသွယ်ရကာ ရင်းနှီးသွားစေလိုသောဆန္ဒ ရှိပါသည်။

ကျမ်းတတ်ဆရာတော် ပညာတတ်ကြီးများကို ရိုသေလေးစား၍ သူတို့ချမှတ်ထားရှိသော စည်းကမ်းနည်းလမ်းဥပဒေသများကို ကောင်းမွန် သေသပ်စွာလိုက်နာစောင့်ရှောက်ရန်ကိုလည်း လိုလားကြပါသည်။

သို့သော်လည်း ဗိမာန်တော်အတွင်းမှာရှိနေသော ယေရှုသခင်သည် ထာဝရဘုရားသခင်၏သွန်သင်မှုကို ခံယူပြီးဖြစ်ပါသောကြောင့် မိမိခံယူရရှိသည်များကို ချက်ချင်းပင်ဝေငှစွန့်ကြဲတော်မူခဲ့ပါသည်။

ဗိမာန်တော်ကြီးနှင့်ဆက်ထားလျက်ရှိသော အခန်းတစ်ခုကို သန့်ရှင်းရာကျောင်းခန်းမဟူ၍ သီးခြားထင်မှတ်ထားရှိပါသည်။ ထိုနေရာမှာ သူငယ်တော်ယေရှုသခင်သည် ကျမ်းတတ်ဆရာတော်ကြီးများ၏ ခြေရင်းမှာထိုင်၍ ပညာကို လိုလားသူတစ်ယောက်အသွင်ဖြင့် ပုရောဖက်ဟောထားချက်စကားများကို သိနားလည်လိုပါကြောင်းမေးမြန်းခဲ့ပေသည်။ မေရှိယသခင်ပေါ်ထွန်းမည့်အကြောင်းကိုလည်း မေးခဲ့ပါ၏။

ထိုသခင်မေးသောမေးခွန်းများသည် အချိန်ကြာမြင့်စွာမထင်မရှားဖုံးကွယ်ခဲ့သည့် နက်နဲသောအမှန်တရားတည်းဟူသော ကယ်တင်ခြင်းကိုအားသစ်သွင်းပေးသည့်အရာများဖြစ်ပါသည်။ ပညာရှိပါသည်ဟူသောထိုသူတို့၏ပညာသည်လည်းကျဉ်းမြောင်း၍အပေါ်ယံကြောမျှသာဖြစ်ကြောင်းကိုဖေါ်ပြနေစဉ်မှာ သခင်မေးသောမေးခွန်းတိုင်းသည် ရှုထောင့်သစ်နှင့်အမှန်တရားကို ဖေါ်ကျူးနေပါ၏။

ကျမ်းတတ်ဆရာတော်ကြီးများကလည်း ယုဒလူမျိုးထံမှ မေရှိယသခင်ပေါ်ထွန်းတော်မူမည်ဟူသောအကြောင်းကိုအံ့ဩဖွယ်ရာအမွှမ်းတင်ပြောဆိုနေသည်တွင် ယေရှုသခင်က ဟေရှာယ ပုရောဖက်ဟောကြားထားချက်ဖြစ်သည့် အသေသတ်ခြင်းကိုခံမည့် ဘုရားသခင်၏သိုးသငယ်ကို ပြည့်စွန်ထားသော ကျမ်းစာချက်၏အနက်ကို ထိုကျမ်းတတ်ဆရာတော်တို့အားမေးမြန်းခဲ့ပေသည်။ (ဟေရှာယ ၅၃ ကိုဖတ်ကြည့်ပါ။)

ကျမ်းတတ် ပါရဂူကြီး၏မေးခွန်းကိုလည်း ယေရှုသခင်သည် ပြန်လည်ဖြေကြားရာ၌ သူတို့တတွေမှာ အံ့ဩကြရပေသည်။ သခင်ယေရှုသည် ကလေးငယ်တစ်ဦး၏နှိမ့်ချမှုမျိုးဖြင့် ထိုပညာတတ်များ မသိရှိခဲ့သည့်

ကျမ်းစကားတို့၏ အဓိပ္ပါယ်နက်နဲမှုများကိုပေးကာ နှုတ်တော်ထွက်ကျမ်းစာမှကျမ်းချက်များကိုလည်း အထပ်ထပ်ရွတ်ဆိုပြခဲ့ပါသည်။ အကယ်၍သာ ထိုသခင်၏ သွန်သင်ချက်များအတိုင်း လူတို့သည် လိုက်လျှောက်ခဲ့ကြပါမူ ထိုခေတ်ထိုအခါ၏ ဘာသာရေးပြန်လည်ပြုပြင်ပြောင်းလဲမှု တစ်ရပ်သည် ပေါ်ထွန်းဖွယ်အကြောင်းရှိပါသည်။ဘာသာတရားရေးတွင်လည်းလေးနက်မှုရှိလာမည်အမှန်ဖြစ်၏။ ယေရှုသခင်၏ အမှုတော်ဆောင်သည်နှင့်လူများစွာတို့သည် ကိုယ်တော်ရှင်ကိုလက်ခံရန်ပြင်ဆင်ပြီး ဖြစ်ပါလိမ့်မည်။

ဤဆင်ချင်တွေးဆတတ်သော လူငယ်ကလေး၌ အလားအလာကောင်းမွန်ကြောင်းကို ထိုကျမ်းတတ်ပါရဂူကြီးများတို့သည် တွေ့မြင်ခဲ့ကြလေပြီ။သူတို့ဦးစီးသောပညာရေးကို ထိုသူငယ်ကလေးအား ရရှိစေလို၏။ သို့မှသာလျှင် သူတို့သည် လိုရာပုံစံသွင်းကာ အစ္စရေးနိုင်ငံမှာ ဆရာတော်တစ်ပါးမွေးထုတ်နိုင်မည်မဟုတ်ပါလား။

အဘယ်လူသားတို့၏ နှုတ်ထွက်စကားများကြောင့် လှုပ်ရှားမှုမရှိခဲ့ဘူးသော ထိုကျမ်းတတ်ပါရဂူကြီးတို့သည်ယေရှုသခင်၏သွန်သင်ချက်များကြောင့် စိတ်လှုပ်ရှားလာနေကြ၏။

အမှန်အားဖြင့် ဘုရားသခင်သည် ထိုယုဒခေါင်းဆောင်ကြီးတို့ကို အလင်းတရားပေးအပ်ဖို့ရန် နည်းလမ်းရှာကြိုးစားနေပါသည်။ အကယ်၍ ယေရှုသခင်သည်၎င်းတို့ အားသွန်သင်ရန် ကြိုးစားနေသည့်အသွင်မျိုးဖြင့် ပြောဆိုပါကထိုကျမ်းတတ်ပါရဂူတို့သည် ပမာဏမပြုဘဲ နေကြပေလိမ့်မည်။

သို့ရာတွင် သူတို့သည် ကိုယ်တော်ရှင်အားသွန်သင်ပေး နေသည် (သို့မဟုတ်) အနည်းဆုံးတော့ထိုသခင်၌ မည်မျှကျမ်းစာ အသိရှိသည်ကို စမ်းသပ်နေသည်ဟူသောအဖြစ်၌မိမိတို့ကိုယ်ကိုမြှောက်ပင့်ကာ နှစ်ထောင်းအားရနေကြပေသည်။ ယေရှုသခင်၏နူနယ်ပျိုမြစ်သောသိက္ခာသမာဓိနှင့်

ယဉ်ကျေးပြေပြစ်သိမ်မွေ့ခြင်းတို့သည် ထိုသူတို့၏ တစ်ဖက်သတ်ထင်မြင်ယူဆချက်တို့ကို လျော့နည်းပပျောက်စေခဲ့ပါသည်။ ဤအချိန်မျိုး၌ထိုသူတို့သည် ဘုရားသခင်၏နှုတ်တော်ထွက်စကားတို့ကိုနားစွင့်ကာမခံယူသင့်ပါသလော။ သန့်ရှင်းသောဝိညာဉ်တော်၏ဆိုစကားတို့ကိုနှလုံးသားအိမ်ထဲမှာမသိထားသင့်ပါသလော။

ထိုသူတို့ထင်သလိုမေရှိယအရှင်သည်ပေါ်ထွန်းတော်မူသောအခါရောမအုပ်စိုးမှုအောက်မှ သူတို့ကိုကယ်နှုတ်မည်ဟူ၍ပုရောဖက်ဟောကြားချက်ကို မှားယွင်းစွာ အနက်ပြန်ဆိုနေသည်ကို သူတို့သည် ကောင်းမွန်စွာတွေ့မြင်ကြပါလေပြီ။ သို့သော်လည်း သူတို့၏ရည်မှန်းချက်များကိုအမွန်းတင်သောသဘောတရားများကို သူတို့သည် မစွန့်ပစ်နိုင်ကြပါ။ ကျမ်းစာအနက်ပြန်ဆို၍ သွန်သင်ရာ၌ သူတို့မှားယွင်းနေသည်ကိုလည်း ဝန်မခံလိုကြပါပြီ။ ခင်လှချေ၏တကား။

## မိဘများစိုးရိမ်နေကြပြီ

**ထိုအချိန်အတောအတွင်းမှာ ယေသပ်နှင့်မာရိတို့သည် အထူးသဖြင့် သခင်ယေရှုကို မျက်ခြည်ပြတ်သွားခဲ့သည့်အတွက် စိတ်နှလုံးရှုပ်ထွေးကာ စိုးရိမ်ပူပန်နေကြပါသည်။**

**မိဘတို့သည် ခရီးသွားဖေါ်မိတ်ဆွေတို့နှင့် သာယာရွှင်လန်းနေကြသည်ဖြစ်၍ အာရုံမှာယေရှုထံသို့မရှိခဲ့ပါ။ ညအချိန်ရောက်မှထိုသခင်လေးမှာမရှိတော့ကြောင်း သတိပြုမိကြပါသည်။ ထိုအခါမှာ သူတို့ကိုအမြဲအကူအညီပေးသောသူတို့၏ ကလေးငယ်သခင်လေးကို သတိရလွမ်းမိကြပါသည်။ တကယ်တော့သူငယ်သည် သူ၏ အခြားအပေါင်းအဖော်များနှင့်အတူ ရှိနေမည်ဟု စိတ်ထင်နှင့်မိဘများက စိုးရိမ်ခြင်းမရှိနေခဲ့သည် မဟုတ်လော။ သို့သော်လည်းယခုမှာ ထိုသို့မဟုတ်တော့ပြီ။ စိုးရိမ်နေကြ၏။ သူငယ်သည်**

လူမမယ်ကလေးဘဝမှာ ရှိစဉ်က ဟေရုဒ်မင်းကြီး၏ သတ်ဖြတ်ရန် ကြံစည်လုပ်ဆောင်မှုကြီးကို မိဘများပြန်လည်သတိရမိသည်တွင် ကျောချမ်းသွားကြ၏။ သူတို့၏ စိတ်နှလုံးသားအိမ်မှာ အမှောင်ထုကြီးဖုံးလွှမ်းနေချေပြီ။

သို့ဖြစ်၍ မိဘများသည် ယေရုရှလင်မြို့သို့ပြန်လာကာ သခင်လေးအားရှာဖွေကြပါ၏။ နောက်တစ်နေ့မှာ ဗိမာန်တော်တစ်နေရာ၌ မိဘတို့သည် ကြားနေကျအသံမျိုးကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရသည်။

နားကြားမလွဲနိုင်ပါပြီ။ အကြောင်းမူကား ထိုကဲ့သို့သောလေးနက်တည်ကြည်၍ စိတ်အားထက်သန်စွာ သာယာနာပျော်ဖွယ်ကောင်းသောအသံသည် အခြားမည်သူ၌မျှမရှိသောကြောင့်တည်း။

သခင်လေးသည် မိဘတို့အနားသို့ ပြန်လည်ရောက်ရှိလာသောအခါ မယ်တော်ဖြစ်သူမှာ ပြစ်တင်ဆုံးမသည့်သဘောမျိုးဖြင့် "ငါ့သား အဘယ်ကြောင့် ငါတို့အား ဤသို့ပြုရသနည်း။ ညှိုးငယ်သောကြောင့်ကြသောစိတ်နှင့် မိဘတို့သည် သားကိုရှာကြပြီ" ဟုဆိုပါသည်။

ထိုအခါယေရှုက "မိဘသည် အဘယ်ကြောင့် ကျွန်ုပ်ကိုရှာပါသနည်း။ အကျွန်ုပ်သည် အဘအိမ်၌ နေရသည်ကိုမသိသလော" ဟုပြောနေရင်းက မိဘများနားမလည်ပုံရသဖြင့် မိမိလက်ကိုအထက်သို့ညွှန်ပြထားပေသည်။ မျက်နှာတော်မှာ ထွန်းလင်းတောက်ပလျက်ရှိ၏။ ဘုရားသခင်၏ဇာတိတော်သည် လူသားပကတိ၏ ဇာတိတော်၌ တောက်ပလျက်ရှိပေသည်။ မိဘတို့သည် ယေရှုသခင်နှင့် ကျမ်းတတ်ပါရဂူကြီးများအပြန်အလှန်မေး၊ဖြေလုပ်နေကြသည်ကို နားထောင်နေရင်းက ကိုယ်တော်ရှင်၏ အဖြေများကြောင့် အံ့အားသင့်ကြပါသည်။

ယေရှုသခင်သည် ကောင်းကင်ဘုံနန်းကိုစွန့်၍ ကမ္ဘာမြေကြီးဆီသို့ ဆင်းသက်လာရောက်သည်တွင် မိမိထမ်းဆောင်ရမည့် အမှုတော်ကို

အာရုံစိုက် လုပ်ဆောင်ခဲ့ပါသည်။ သို့သော်လည်း ယောသပ်နှင့်မာရိတို့ သည်ကား မိမိတို့၏ လုပ်ရမည့်အရာကို ဂရုမစိုက် လျစ်လျူရှုခဲ့လေပြီကော။ ထာဝရဘုရားသခင်သည် သူတို့အား သားတော်ကိုပေးအပ်ထားခြင်းအား ဖြင့် ကြီးမြတ်သောဂုဏ်အသရေတော်ကို ထင်ရှားပြသခဲ့လေပြီ။ သို့သော်လည်း သူတို့သည် တခဏမျှပင်မေ့လျော့အပ်သောသခင်အား တစ်နေ့လုံးမေ့လျော့ခဲ့ချေပြီ။ ၄င်းအပြင် သခင်လေးအား ပြန်လည်တွေ့ရှိ ခဲ့ကြသောအခါတွင်လည်း မိမိတို့ကိုယ်ကိုမိမိတို့အပြစ်မတင်ဘဲ ကိုယ်တော် ရှင်အပေါ်၌သာ အပြစ်ပုံခဲ့ကြလေ၏။

မိဘများအနေနှင့်ယေရှုသခင်သည် မိမိတို့၏ သားအရင်းတစ်ဦး ဖြစ်သည်ဟု ရှုမြင်ခြင်းသည် သဘာဝကျလှပါသည်။ ကိုယ်တော်ရှင်သည် လည်း သူတို့နှင့်အတူနေ့စဉ်ရှိနေ၍ ကလေးထဲက၊ကလေးပဲမို့ သခင်လေးအား ဘုရားသခင်၏ သားတော်ဟု မှတ်ယူရန် သူတို့အတွက် အခက်အခဲတွေ့ရ လေသည်။ ကိုယ်တော်ရှင်၏ သာယာဖြေးညှင်းသော နှုတ်တော်ထွက်ဆုံးမ စကားသည်လည်း သူတို့အား ယုံကြည်၍ အပ်နှံထားသောသားတော်၏သန့် ရှင်းစင်ကြယ်မှုကို စိတ်နှလုံးထဲမှာခံစားစွဲလမ်းမိစေရန် ဦးတည်ရည်ရွယ်ခဲ့ ပါသည်။

ယေရှုသခင်သည် မယ်တော်မာရိအားပေးသောအဖြေထဲမှာ မိမိ သည် ဘုရားသခင်နှင့်ထားရှိသောအဆက်အသွယ်ကို နားလည်ပါကြောင်း ဦးဆုံးထင်ရှားစေခဲ့ပါ၏။ ဒါကိုမာရိက နားမလည်ခဲ့ပါ။ သို့သော်လည်းကိုယ် တော်သည် ယောသပ်နှင့်ဆွေမျိုးတော်စပ်ကြောင်းကို လက်ခံရန်ငြင်းဆို မည်ကိုလည်းကောင်း၊ မိမိသည် ထာဝရဘုရားသခင်၏ သာတော်ဖြစ် ကြောင်း ကြေညာမည်ကိုလည်းကောင်း သူမသိပါသည်။

ယေရှုသည် လောက မိဘများနှင့်အတူ ယေရုရှလင်မြို့သို့ပြန် လိုက်ပါသွားခဲ့၍ ပင်ပန်းစွာလုပ်ကိုင်ရသော အသက်တာလုပ်ငန်းများတွင်

မိဘများကိုကူညီလုပ်ကိုင်ပေးခဲ့ပေသည်။ မိမိသည် ကောင်းကင်ထက်မှ ထာဝရဘုရားသခင်၏ သားတော်ဖြစ်ကြောင်းကို မိမိကိုယ်တိုင်အသိအမှတ်ပြုဖေါ်ပြပြီးသည်နောက် တစ်ဆယ့်ရှစ်နှစ်လုံးလုံးမှာ ကိုယ်တော်သည် နာဇရက်မြို့မှ မိသားစုများနှင့် သံယောဇဉ်ချည်နှောင်မှုများရှိနေကြောင်း ဝန်ခံပြောဆိုပြီးလျှင် သားတစ်ဦး၏တာဝန်၊ ညီအစ်ကိုတစ်ယောက်၏တာဝန်၊ မိတ်ဆွေစစ်မိတ်ဆွေမှန်တစ်ဦး၏တာဝန်၊ ပြည်သားကောင်းတစ်ဦး၏ တာဝန် စသည်တို့ကို ကျေပွန်စွာထမ်းရွက်ခဲ့လေပါပြီ။

ကိုယ်တော်သည် မိမိအသက်တာ၏ လျှို့ဝှက်ချက်များကို သိပြီဖြစ်သောသူများနှင့်အတူ ယေရုရှလင်မြို့မှ ငြိမ်သက်ဆိတ်ဆိတ်စွာဖြင့် ပြန်လာလိုသောဆန္ဒရှိပါသည်။ ပသခါပွဲကျင်းပခြင်းအားဖြင့်လည်း ဘုရားသခင်သည် မိမိ၏ လူတို့အား အီဂျစ်ပြည်ကျွန်ဘဝမှ ကယ်နုတ်ခြင်းအရာတွင် ပြုတော်မူခဲ့သော မိမိ၏အံ့ဩဖွယ်အမှုများကို ပြန်လည်သတိရစေရန် ကြိုးစားခဲ့ပါ၏။

ဤလုပ်ဆောင်မှုများအားဖြင့်လည်း ထိုသူတို့သည် အပြစ်မှကယ်လွှတ်မည့်သူတစ်နေ့ပေါ်ထွန်းစေမည်ဟူသော ဘုရားသခင်ပေးသည့်ကတိတော်ကို မြင်တွေ့ဖို့ဖြစ်ပေသည်။ သူတို့၏ အသက်ဝိညာဉ်များကို ကယ်နုတ်နိုင်ရန်မှာ ခရစ်တော်သခင်၏အသွေးတော်သာလျှင် ဖြစ်သည်မဟုတ်လော။

သို့ဖြစ်၍ ခရစ်တော်ယေရှု၏ အမှုတော်မြတ်နှင့်ပတ်သက်၍ ထိုသူတို့သည် ဆုတောင်းခြင်းအမှုကိုပြု၍ စေ့စေ့လေ့လာမှတ်သားရန် ဘုရားသခင်အလိုတော်ရှိပါသည်။

သို့သော်လည်း ယေရုရှလင်ပြန် ဘုရားဖူးလူထုကြီးသည်လမ်းခရီးမှာ စိတ်လှုပ်ရှားစရာတွေနှင့်အချင်းချင်း မိသဟာယဖွဲ့မှုများကြောင့်စိတ်အာရုံသည် ယေရုရှလင်မြို့မှာ တွေ့မြင်ခဲ့ရသောအစည်းအဝေး ဆုတောင်းပွဲကြီးကို မေ့ပျောက်ခဲ့ကြလေပြီ။ ကယ်တင်ရှင်တစ်ပါးတည်းသာလျှင် လူအုပ်ကြီးနှင့်မဆိုင်သလို သူ့အတွေးနှင့်သူရှိနေပါသည်။

## ယေရှုသည် မိမိ၏မယ်တော်ကိုကူညီမစခြင်း

ယောသပ်နှင့်မာရိတို့သည် ယေရှုသခင်တစ်ဦးတည်းနှင့်သာယေရုရှလင်မြို့မှ ပြန်လာခဲ့ကြမည်ဆိုလျှင် ဒုက္ခဝေဒနာခံစားရမည့်ကယ်တင်ပိုင်သူ ယေရှုသခင်နှင့်ပတ်သက်သော ပုရောဖက် ဟောကြားချက်စကားများကို သူတို့အား သွန်သင်ခွင့်ရရှိနိုင်လိမ့်မည်ဟု ကိုယ်တော်ရှင်သည် မျှော်လင့်ခဲ့ပါ၏။ ယေရှုသခင်သည် ကြိုတင်မြင်တွေ့ထားရှိပြီးဖြစ်သည့်အတိုင်းလက်ဝါးကပ်တိုင်ပေါ်မှာ ချိုတ်ဆွဲခြင်းကိုခံရသော ချစ်သားယေရှုကို မယ်တော်မာရိသည် ဝမ်းနည်းပူဆွေးစွာဖြင့် မြင်တွေ့နေရမည်။

သူမ၏နှလုံးသားထဲ ကျွဲဝင်ခတ်သလိုမျိုး၊ ဓားနှင့်ထုတ်ချင်းခွင်းခံရသလိုမျိုး၊ ခံစားရမည့်အဖြစ်ကို ယခုတွင်ပင် ဆင်ချင်လျက်ရှိနေပါ၏။ အကယ်၍သာ မယ်တော်မာရိသည် ယခုတွင် သခင်ကြိုးစားပြောပြမည့် ပုရောဖက်စကားတို့ကို နားလည်သဖြင့်မိမိ၏တွေးမြင်မှုကို ပြောင်းလဲပစ်နိုင်ပါက ယေရှုသခင်သည် ကမ္ဘာ့လူသားတစ်နွယ်လုံးအတွက်သက်စွန့်မေတ္တာကို ပြသခဲ့သော်လည်း ပူဆွေးဝမ်းနည်းစရာအကြောင်း ရှိလိမ့်မည်မဟုတ်တော့ပါ။ မည်မျှလောက်စိတ်သက်သာခြင်းကို ရရှိနိုင်ပါလိမ့်မည်နည်း။ ထိုသို့သခင်၏အမှုတော်မြတ်ကို သူမအား ယေရှုသခင်က နားလည်သဘောပေါက်စေလိုပါသည်တကား။

ယောသပ်နှင့်မာရိသည် တစ်နေ့တာမှာ အမှုမဲ့အမှတ်မဲ့ပြုမိခြင်းကြောင့် ကယ်တင်ရှင်ကို သူတို့ပျောက်ဆုံးခဲ့ရသည်သာမက ထိုသခင်အား ပြန်လည်တွေ့ရှိရန် သုံးရက်မျှ အချိန်ယူရှာဖွေခဲ့ရပေသည်။

စိတ်ဝိညာဉ်ခန္ဓာကိုယ်လည်း ပင်ပန်းခဲ့ရသည်။ ကျွန်ုပ်တို့သည်လည်း မြေကြီးနှင့်ဆိုင်သောအရာများ၌ သာစိတ်စွဲလမ်းမိချေက မိမိကိုယ်ကိုဘုရားသခင်နှင့်သော်လည်းကောင်း၊ ကောင်းကင်တမန်များတို့နှင့်သော်လည်းကောင်း အဆက်အသွယ် ပြတ်တောက်လိုက်သလို ဖြစ်ပါသည်။

**အချည်းနှီးသောစကားကိုပြောဆိုခြင်း၊ သူတစ်ပါးမကောင်းကြောင်းကိုပြောခြင်း (သို့မဟုတ်) ဆုတောင်းခြင်းအမှုကိုမပြု၊ လျစ်လျူရှုထားခြင်းတို့အားဖြင့် ကျွန်ုပ်တို့သည် တစ်နေ့တာမျှ ကယ်တင်ရှင်နှင့် မျက်ခြည်ပြတ်သွားခြင်းသည် ထိုသခင်အား ပြန်လည်တွေ့ရှိ၍ အချိန်များစွာယူရပေလိမ့်မည်။ ကယ်တင်ရှင်ကို မလိုလားသောသူတို့နှင့်အတူ ကောင်းကင်တမန်များသည် မနေနိုင်ပါပြီ။**

**များစွာသောလူတို့သည် ဘာသာရေးဝတ်ပြုကိုးကွယ်ပွဲများကိုတက်ရောက်၍ နှုတ်တော်ထွက်စကားအားဖြင့် အားသစ်လောင်းခြင်းကို ခံခဲ့ရပါသော်လည်း ခရစ်တော်၏ တရားတော်၌ ဆင်ခြင်အောက်မေ့ကာ သတိရဆုတောင်းခြင်းအမှုကိုမပြု လျစ်လျူရှုသည့်အတွက် ထိုသူတို့သည် ကောင်းချီးမင်္ဂလာများစွာကို ဆုံးပါးသွားရပြီး ယခင်ကထက် ပိုမို၍ချို့တဲ့နွမ်းပါးလာကြရပါသည်။**

**ထာဝရ ဘုရားသခင်သည်လည်း သတို့အား အကြင်နာတရားကင်းမဲ့စွာဆက်ဆံသည်ဟု သူတို့ကိုယ်တိုင်က ထင်မှတ်ခံစားရလေ့ရှိပေသည်။ ဤအမှုတွင် သူတို့အမှားသာလျှင်ဖြစ်ကြောင်းကိုတော့ သူတို့မမြင်ကြပါ။ မိမိကိုယ်ကို ယေရှုသခင်နှင့် ဝေးဝေးနေလိုက်ခြင်းအားဖြင့် ထိုသခင်၏တရားတော်အလင်းကို သူတို့ကိုယ်တိုင်က တားဆီးပိတ်ဆို့ထားကြပါသည် မဟုတ်လော။**

**ကျွန်ုပ်တို့သည် နေ့တိုင်းအစဉ် ခရစ်တော်သခင်၏ သက်တော်စဉ်ကို တစ်နာရီမျှ စဉ်းစားဆင်ခြင်အောက်မေ့သတိရခြင်းသည် အသက်တာအတွက်ကောင်းမွန်စေပါသည်။ ကိုယ်တော်ရှင်၏ ခြေလှမ်းတစ်ခုချင်းစီကို ဆင်ခြင်သုံးသပ်၍ မြင်ကွင်းတစ်ခုစီတိုင်းကို ပိုင်ပိုင်နိုင်နိုင်ခြုံငုံစဉ်းစားဖို့ဖြစ်ပေသည်။ အထူးသဖြင့် ထိုသခင်၏ နောက်ဆုံးပိုင်းဖြစ်ရပ်မှန်များကို စေ့စေ့ဆင်ခြင်သင့်ပေသည်။ ထိုသို့ပြုလျှင် ကျွန်ုပ်တို့သည် ထိုသခင်၌**

**ပိုမို၍ ယုံကြည်စိတ်ချမှုများခိုင်မြဲလာမည်။ အဆက်အသွယ်မပြတ်စေတော့ပါ။ သခင့်အားချစ်သောစိတ်သည်လည်း ရှင်သန်နိုးထလာကာ ကျွန်ုပ်တို့တွင် သန့်ရှင်းသောဝိညာဉ်တော်သည် ပိုမို၍ နက်ရှိုင်းပျံ့နှံ့စွဲမြဲလာပါလိမ့်မည်။ ကိုယ်တော်ရှင်၏ စာရိတ္တတော်၏ တင့်တယ်မှုအပေါင်းကို ကြည့်ရှုဆင်ခြင်ခြင်းဖြင့်လည်း ကျွန်ုပ်တို့သည် "ဘုန်းအသရေတိုးပွား၍ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိကြရမည်" မဟုတ်လော။ မိတ်ဆွေ။ (၂ ကော ၃း၁၈)။**

**-၀-**

# အခန်း (၉)
# လူငယ်ဘဝမှာရင်ဆိုင်ရသောအခက်အခဲများ

ယုဒလူငယ်တစ်ဦးအနေဖြင့် သုဓမ္မာဇရပ်ရှိဆရာများတို့၏ လက်အောက်မှာ မရေမတွက်နိုင်သောစည်းမျဉ်းဥပဒေသများကိုလိုက်နာ စောင့်ရှောက်ရန် သွန်သင်ခြင်းကို မပြတ်ခံရပါသည်။ ရှေးခေတ်ကလသရေလလူတို့ကဲ့သို့ပင်တည်း။ သို့သော်လည်း ယေရှုသခင်သည် ယုဒလူမျိုးကျမ်းတတ်ဆရာတော်များ၏ ဥပဒေသပညတ်တရားများမှ ကင်းလွတ်ခဲ့ပေသည်။ ဓမ္မဟောင်းကျမ်းမှ ကျမ်းစာများသည်သာ ထိုသခင်၏မပြတ်လေ့လာခဲ့သော ပညာရပ်များဖြစ်၍ "ထာဝရဘုရားသခင်မိန့်တော်မူသည်ကား" ဟူသော စကားစုသည် ကိုယ်တော်ရှင်၏နှုတ်တော်မှာ အမြဲတည်ရှိလျက်ရှိပေသည်။

လူတို့သည်လည်း ဘုရားသခင်၏နှုတ်တော်ထွက်စကားမှတ်တမ်းများမှသွေဖည်၍ လူတို့စီရင်ပြဌာန်းချက်များတို့ကိုသာ အမွှမ်းတင်သွန်သင်လျက်ရှိကြပါသည်။ အကျင့်နှင့်ကင်းမဲ့သောကောင်းမြတ်သည့် မိရိုးဖလာထုံးတမ်းစဉ်လာများဟု ဆိုရလိမ့်မည်။ ထိုယုံကြည်ခြင်းကင်းမဲ့သောကျင့်စဉ်တို့ဖြင့် ဝတ်ပြုကိုးကွယ်မှုအသွယ်သွယ်ကို ပြုကြသည်တွင် ထိုသူတို့၌ ငြိမ်သက်ခြင်းချမ်းသာစိုးမိုးနေပုံကို စိုးစဉ်းမျှမတွေ့မြင်ရပါချေ။

ထာဝရဘုရားသခင်ကို မှန်ကန်စွာ ဝတ်ပြုကိုးကွယ်ခြင်းအားဖြင့် ရရှိသော စိတ်ဝိညာဉ်၏လွတ်လပ်မှု အနှစ်သာရကိုလည်း သူတို့တတွေ သိနားလည်ပုံမပေါ်ပါ။

ယေရှုသခင်သည် ဤဟာကွက်များ၊ ဘုရားသခင်၏ နှုတ်ထွက်စကားကျမ်းစာချက်များနှင့် လူတို့စီရင်သော ဥပဒေပညတ်များတို့ရောရောနှောနှောဖြစ်နေမှုများကြောင့် ဘုရားသခင်ကို အချည်းနှီးသက်သက်

ကိုးကွယ်နေကြပုံများကို ခွင့်မပြုနိုင်ခဲ့ပါသော်လည်း ကိုယ်တော်ရှင်သည် ကျမ်းတတ်ပါရဂူများတို့၏ ပညတ်ဥပဒေသများနှင့် လုပ်ဆောင်ကျင့်သုံးစေမှုတို့ကို တိုက်ခိုက်ခြင်းမပြုခဲ့ပါ။ မိမိ၏ရိုးသားသော အကျင့်ဓလေ့များကို ပြစ်တင်ပြောဆိုခြင်းခံရသောအခါများ၌သာလျှင် ကိုယ်တော်သည် မိမိ၏ စာရိတ္တကျင့်စဉ်မှာ ဖြောင့်မတ်ခြင်းရှိ၍ ဘုရားသခင်၏ နှုတ်တော်ထွက်နှင့် ညီညွတ်ကြောင်းကို တင်ပြပြောဆိုခဲ့ပေသည်။

ယေရှုသခင်သည် မိမိနှင့်ပတ်သက် ဆက်နွယ်လာသူမှန်သမျှကို နူးညံ့သိမ်မွေ့၍ ကျိုးနွံသောနည်းလမ်းများဖြင့် ကျေနပ်မှုရှိစေရန် ကြိုးစားခဲ့ပေသည်။ ကိုယ်တော်သည်နူးညံ့သိမ်မွေ့၍ ဣန္ဒြေစောင့်စည်းသူတစ်ဦးဖြစ်သောကြောင့် လွယ်လွယ်နှင့်သူ့အားလွှမ်းမိုးသွန်သင်နိုင်လိမ့်မည်ဟု ယုဒကျမ်းတတ်ပါရဂူကြီးတို့က ယူဆထင်မြင်ခဲ့ကြသည်။

သို့သော်လည်းကိုယ်တော်ရှင်က သူတို့၏အာဏာတန်ခိုးသည် သမ္မာကျမ်းစာမှအခြေခံသော အထောက်အထားများရှိမရှိကို တောင်းခံခဲ့ပါသည်။ ကိုယ်တော်သည် ထာဝရဘုရားသခင်၏ နှုတ်ထွက်စကားတရားတော်တိုင်းကို နာခံလိုက်လျှောက်မည်ဖြစ်သော်လည်း လူတို့တီထွင်ထားသော ပညတ်တရားများကို နားထောင်ကျင့်သုံး နိုင်မည်မ ဟုတ်ချေ။

ယေရှုသည် သမ္မာကျမ်းစာကို အစမှသည်အဆုံးတိုင်အောင် သိနားလည်၍ ကျမ်းစာချက်များကိုအရှိအတိုင်းတင်ပြမြွက်ဆိုလေ့ရှိပါသည်။ ဒါကို ကျမ်းတတ်ဆရာတော်ကြီးများက ကျမ်းစာကိုရှင်းလင်းတင်ပြရန်မှာ မိမိတို့၏ တာဝန်ဖြစ်ကြောင်း၊ ရှင်းလင်းတင်ပြပြီး အနက်အဓိပ္ပါယ်ကို လက်ခံကျင့်သုံးရန်မှာသခင်ယေရှု၏အငန်းအတာဖြစ်ကြောင်း အခိုင်အမာပြောဆိုကြပါသည်။

အမှန်တကယ်အားဖြင့် ထိုသူတို့၏ မိရိုးဖလာ ဓလေ့ထုံးစံများ အတွက်သမ္မာကျမ်းစာမှာ အထောက်အထားမရှိကြောင်းကို သူတို့သိကြ

ပါ၏။ယေရှုသခင်သည် ဝိညာဉ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် သူတို့ထက် များစွာနားလည်ကြောင်းကိုလည်း သူတို့သိပါသည်။ သို့တိုင်အောင်လည်း သူတို့၏ ညွှန်ကြားချက်များကို ယေရှုသခင်သည် နားမထောင်သောကြောင့် ကိုယ်တော်အား အမျက်ထွက်ကြပါသည်။ ထိုသခင်အား စိတ်နှလုံးပြောင်းလဲလာအောင် ထိုသူတို့မတတ်စွမ်းနိုင်သောအခါမှာ ယောသပ်နှင့်မာရိတို့ထံလှည့်၍ ယေရှု၏ လိုက်လျောမှုမရှိသည့်အတိုင်းအတာများကို မြင်သာအောင်တင်ပြခဲ့ပေသည်။ ဤသို့လျှင် ယေရှုသခင်သည် အပြစ်တင်ခြင်းနှင့် မြည်တွန်တောက်တီးမှုများကို ခံခဲ့ရပေ၏။

ယေရှုသခင်သည် အသက်အရွယ်နုငယ်သောအချိန်မှာပင် အကျင့်စာရိတ္တဆောက်တည်ဖွံ့စည်းခြင်းကို မိမိဘာသာစတင်လှုပ်ရှားဆောင်ရွက်ခဲ့ပါသည်။ မိမိ၏ လောကမိဘတို့စကားကို နားထောင်ကာ ချစ်မြတ်နိုးခြင်းသည်ပင်လျှင် ဘုရားသခင်၏ အလိုတော်နှင့်အညီဖြစ်ပေသည်။

ကျမ်းစာသွန်သင်ချက်များမှ သွေဖည်၍မသွားပါလေ။ သို့ရာတွင် ကျမ်းတတ်ဆရာတော်ကြီးများ၏ ဩဇာသက်ရောက်မှုသည် မိမိ၏အသက်တာအားခါးသီးသောလွှမ်းမိုးမှုတစ်ခုကို ဖြစ်စေပါသည်။ သို့ဖြစ်၍ ကိုယ်တော်ရှင်သည် ငယ်ရွယ်စဉ်ဘဝ၌ပင် ရေငုံနှုတ်ပိတ်ခြင်းနှင့်စိတ်ရှည်သီးခံနိုင်ခြင်းအတွက်ခက်ခဲသော သင်ခန်းစာကို လေ့ကျင့်ခဲ့ရပေသည်။

ယောသပ်၏ သားများဖြစ်သော ယေရှု၏အစ်ကိုကြီးတို့သည် ယုဒကျမ်းတတ်ဆရာတော်ကြီးဘက်မှာ ရပ်တည်ခဲ့ကြသည်။ သူတို့သည် ဘုရားသခင်၏ နှုတ်တော်ထွက်ကျမ်းစာထက် လူတို့၏ စီရင်ထုံးဖွဲ့မှု ပညတ်တရားများကို ရိုးမယ်ဖွဲ့ကာ အမွှမ်းတင်ကြပါသည်။

ယေရှုသခင်၏ အမှန်တရားလိုက်လျှောက်မှုကို ရှုတ်ချဝေဖန် ပြစ်တင်၍ကိုယ်တော်အားခေါင်းမာသူတစ်ဦးဟုလည်းပြောဆိုကြပါသည်။ သို့ရာတွင်ကျမ်းတတ်ပါရဂူကြီးတို့၏ မေးခွန်းများကိုယေရှုသခင်ဖြေကြားခဲ့ပုံများကို သူတို့တတွေ ကြားသိရသောအခါတွင်မူကား ယေရှုသခင်သည်

**ထိုပါရဂူကြီးတို့အား သွန်သင်နေရလေခြင်းဟု အံ့အားသင့်ခဲ့ကြရပေသည်။ ကိုယ်တော်ရှင်၏ ပညာရည်အဆင့်အတန်းသည် ဆရာတော်ကြီးများ၏ပညာရည်အဆင့်အတန်းထက် သာလွန်မြင့်မားကြောင်းကိုတော့ သူတို့တတွေ အသိအမှတ်ပြုခဲ့ကြလေသည်။ သို့သော်လည်း ပညာ၏ အချုပ်အခြာဖြစ်သည့် အသက်ပင်တည်းဟူသော ကောင်းကင်ထက်က ဘုရားသခင်နှင့်ကိုယ်တော်ရှင်သည် အမြဲမပြတ်ဆက်သွယ်လျက်ရှိသည်ကိုမူ သူတို့မသိမြင်နိုင်ကြပါချေ။**

## လူသားအပေါင်းတို့ကိုရိုသေလေးစား သနားသောခရစ်တော်တေယရှု

**ခရစ်တော်သခင်သည် လူသားတို့၏ နေ့စဉ်အသက်တာမှာဘာသာရေးသန့်ရှင်းမှုအုတ်တံတိုင်းကြီးမြင့်မားစွာကာရံထားရှိလေသည့်အဖြစ်ကို မြင်တွေ့ခဲ့ရပေသည်။ ထိုပိုင်းခြားထားသော နံရံကြီးများကို သခင်သည်ကျော်လွှားဖယ်ရှားခဲ့ပါ၏။**

**ထိုသခင်သည် ဘုရားသခင်ဂုဏ်တော်များကို ထင်ရှားစေရန် အလို့ငှါ ရသေ့ဂူလိုနေရာမျိုးမှာ တရားထိုင်နေမည့်အစား လူသားတို့၏ အကျိုးဖြစ်ထွန်းရေးအတွက် စိတ်အားထက်သန်စွာအလုပ်များစွာကိုလုပ်ကိုင်ပေးခဲ့ပေသည်။ ဘာသာတရားဟူသည်မှာ အထူးဘာသာရေးပွဲတော်များနှင့် ၎င်းတို့ကိုကျင်းပရန်အချိန်များသတ်မှတ်ပေးခြင်းလောက်သာအနက်အဓိပ္ပါယ် သက်ရောက်ခြင်းမဟုတ်ကြောင်းကို သခင်သည် သွန်သင်ခဲ့ပါ၏။**

**ဤကားဖာရိရှဲတို့ကို အထိနာစေသောဆုံးမပြစ်တင်မှုတစ်ခုပေတည်း။**

**သူတို့၏တစ်ဦးချင်းဆိုင်ရာကိစ္စရပ်များပေါ်မှာအလေးပေးလွန်းခြင်းသည်**

စစ်မှန်သောဘာသာတရားရှိမှုနှင့် အလွန်ကွာခြားနေကြောင်းကို ပြသနေသည်မဟုတ်လော။ ဤသို့ထောက်ပြသဖြင့်လည်း ယေရှုသခင်အပေါ် ထိုသူတို့သည် ရန်ငြိုးဖွဲ့ကြ၏။ သို့ဖြစ်၍လည်း ၎င်းတို့၏ စည်းမျဉ်းဥပဒေသများနှင့်လိုက်လျောညီထွေစွာနေထိုင်လာနိုင်အောင်သခင်ကို အတင်းအကျပ်ဖိနှိပ်ရန် ကြိုးပမ်းခဲ့ကြပါသည်။

ယေရှု၌ပေးကမ်းစရာငွေကြေးများစွာမရှိပါ။ သို့ရာတွင် မိမိထက်ပို၍ ဆာငတ်နေသူများသက်သာရာရရှိနေဖို့အတွက် မိမိစားရမည့်အစာကိုမစားဘဲ တစ်ပါးသူတို့အား မကြာခဏပေးဝေကျွေးမွေးလေ့ရှိတတ်ပေသည်။

ယေရှုသခင်၏ နောင်တော်ကြီးများတို့သည် ပစ်ပယ်ခံဘဝမှာရှိနေသောသူဆင်းရဲသားတို့အား ပြင်းထန်သောစကားကို ပြောသောအခါကိုယ်တော်သည် ထိုကဲ့သို့သောသူတို့ကို အားပေးစကားပြောကြားခဲ့ပေသည်။

သခင်သည် ဆာလောင်ငတ်မွတ်နေသောသူတို့အား ရေအေးတစ်ခွက်ကိုပေး၍ သူတို့၏လက်တွင်းသို့ မိမိစားမည့်အစာများကို တိတ်ဆိတ်စွာထည့်ပေးလေ့ရှိပေသည်။

ဒါတွေကိုသခင်၏နောင်တော်ကြီးတို့က မရှုစိမ့်ပါ။ ခံပြင်းနေကြပါသည်။ သူတို့သည် အသက်ကြီးသူများဖြစ်ကြသည်မို့ သခင်သည် သူတို့ပြောသမျှနားထောင်ရမည်ဟု ခံယူခဲ့ကြလေသည်။ သခင့်ကိုလည်းသူတို့ထက်ကြီးမြတ်သည်ဟု မိမိကိုယ်ကို ထင်မှတ်နေသူ၊ ဗိမာန်တော်ကကျမ်းတတ်ဆရာတော်ကြီးများ ယဇ်ပုရောဟိတ်များနှင့် ယုဒခေါင်းဆောင်ကြီးများအထက်မှာ မိမိကိုယ်ကိုချီးမြှောက်နေသူဟု တစ်ဖက်သတ်စွပ်စွဲကြပါသည်။ သူတို့သည် သခင်အား မကြာခဏဆိုသလို ကြိမ်းမောင်းခြိမ်းခြောက်ခဲ့ကြပါသော်လည်း သခင်သည် ကျမ်းစာတော်မြတ်ကို လမ်းညွှန်အဖြစ်ကိုးကားကာ မိမိလမ်းခရီးကို ဆက်လက်ကျော်လွှားခဲ့ပါသည်။

# မိမိ၏အိမ်သားများနှင့်ပြဿနာဖြစ်ရပုံ

ယေရှုသခင်သည် မိမိ၏နောင်တော်ကြီးတို့ကို မယုတ်လျော့သော ချစ်သနားခြင်းဖြင့် အမြဲဆက်ဆံပါ၏။ သို့ပါသော်လည်း ထိုနောင်တော်ကြီးတို့က ကိုယ်တော်သခင်အား မနာလိုဝန်တို၍ ယုံကြည်စိတ်ချမှုမရှိကြောင်း ပြကာ ထင်ရှားစွာမခန့်လေးစားပြုခဲ့ကြလေသည်။

သူတို့သည် ညီငယ်သခင်လေး ၏ နေထိုင်သက်ရှင်လုပ်ကိုင်ပုံတို့ကို နားမလည်နိုင်ကြပေ။ သို့ဖြစ်၍လည်း ယေရှုသခင်ကို ကြီးစွာဆန့်ကျင်ကြ၏။ ကိုယ်တော်သည် ဘုရားသခင်၏ သားတော်တစ်ပါးဖြစ်သော်လည်း အကူအညီကင်းမဲ့နေသည့် သူငယ်တစ်ယောက်ဖြစ်နေရပါပြီကော။

ဖန်ဆင်းရှင်အဖြစ်မှာတုန်းက ဤကမ္ဘာသည် ကိုယ်တော်ရှင်ပိုင်ဆိုင်ရာဖြစ်ခဲ့ပါသော်လည်း ယခုမှာတော့ ကိုယ်တော်ရှင်သည် တစ်သက်တာလုံးမှာဆင်းရဲနွမ်းပါးစွာ နေခဲ့ရပေတော့မည်။ ကိုယ်တော်သည် ကမ္ဘာလောကကြီးနှင့်ဆိုင်သောကြီးမြတ်သည့် အရာဟူသမျှကို ရယူဝင့်ကြွားဖို့ရန်ဆန္ဒမရှိပါ။

အနိမ့်ကျဆုံးအဖြစ်မှာအသက်ရှင်နေထိုင်ရသည်ကိုလည်း ကျေနပ်နေသူဖြစ်ပါသည်။ ဒါကိုသခင်ယေရှု၏ နောင်တော်ကြီးတို့က အားမရစိတ်ဆိုးကြပါ၏။ ဆင်းရဲဒုက္ခရောက်သောအခါများနှင့် ဆီးတားပိတ်ပင်မှုကို ခံရသောအခါများတွင်ပင်လျှင် ယေရှုသခင်သည် မပြောင်းမလဲရပ်တည်နိုင်ခဲ့သောကိုယ်တော်ရှင်၏ စိတ်နှလုံးတည်ငြိမ်မှုကို သူတို့သည် မလေးမခန့်ပြုဝံ့ကြပါသည်တကား။

ယေရှုသခင်၏ အသက်တာသည် နောင်တော်ကြီးတို့၏ အသက်တာအကျင့်စရိုက်တို့နှင့် လုံးဝခြားနားနေပါသဖြင့် သူတို့သည် သခင်ကိုနားလည်မှု မှားကြပါသည်။ ထိုသူတို့သည် သေမျိုးဖြစ်သော လူတို့၌သာလျှင် အာရုံစိုက် ကြည့်ရှုနေပါသောကြောင့် ဘုရားသခင်နှင့်

ဝေးခဲ့ရရှာလေပြီ။ ထိုသူတို့၏အသက်တာမှာလည်း ဘုရားသခင်၏ တန်ခိုးတော်သည် အလျှင်းမရှိတော့ပါ။ သူတို့လက်ခံကျင့်သုံးသော ဘာသာရေးမူဝါဒပေါင်းစုံတို့သည်လည်း တကယ်မှာတော့ သူတို့၏ စာရိတ္တအရာကိုအကောင်းဘက်သို့ မပြောင်းလဲပေးနိုင်ခဲ့ပါ။

ယေရှုသခင်၏ပုံစံနမူနာကောင်းသည်ပင်လျှင် ထိုသူတို့အတွက် အမြဲတစေရှုပ်ထွေးစေသောအရာဖြစ်ခဲ့ရပါသည်။ ကိုယ်တော်ရှင်သည် အပြစ်ကိုရွံရှာမုန်းတီးသောကြောင့် မှားယွင်းမှုတစ်စုံတစ်ရာအတွက် နာကျင်မှုဝေဒနာကိုမခံစားရဘဲ သခင်သည် သက်သေမခံနိုင်ပါ။ ယေရှုသခင်၏ သက်တော်စဉ်သည် အပြစ်ဒုစရိုက်ကို ပြစ်တင်ရှုတ်ချနေပါသောကြောင့် ကိုယ်တော်သည် ဆန့်ကျင်မှုကို အမြဲရင်ဆိုင်နေရပေသည်။

ထိုသခင်၏အများအကျိုးဆောင်လိုစိတ်နှင့် အကျင့်သိက္ခာသမာဓိရှိမှုတို့သည် ကာယကံရှင်အား ဘုရားသခင်ကို စော်ကားသူတစ်ဦးအဖြစ် အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းကိုပင်ခံခဲ့ရရှာသည်။ ထိုသခင်၏စိတ်ရှည်သည်းခံခြင်းနှင့် ကြင်နာသနားတတ်ခြင်းတို့သည်လည်း ထိုသူရဲဘောကြောင်သူအဖြစ်သတ်မှတ်ခြင်းကိုခံရလေသည်။

လူသားတို့အပေါ်သို့ ကျရောက်နေသော ခါးသီးမှုနာကြည်းစရာဖြစ်ရပ်မှန်ရှိသမျှတွင် ခရစ်တော်သခင်ကိုယ်တော်တိုင်က မခံစားခဲ့ဖူးသောအရာဟူ၍ မရှိခဲ့ပါပြီ။ ကိုယ်တော်ရှင်၏ ဖွားမြင်ခြင်းကိုပင်လျှင် အကြောင်းပြု၍ အဖေမပေါ်သောကလေးဟူ၍ သခင်ကိုအထင်သေးလိုသူတချို့ရှိခဲ့ပါသည်။ လူမမည်ကလေးငယ်ဘဝမှာလည်း သခင်ကိုအထင်သေးသောအကြည့်များနှင့်အတင်းအဖျင်းပြောခြင်းကိုခံခဲ့ရပေသည်။ အကယ်၍သာ ထိုသခင်သည် တိုက်ခိုက်လာမျှသောမခံနိုင်စရာ ဇာတိသဘောထားလုပ်ရပ်အဖုံဖုံကို စိတ်မရှည်မှားယွင်းစေသော စကား (သို့မဟုတ်) အကြည့်ကလေးများနှင့်ပင် တုံ့ပြန်လိုက်မည်ဆိုက၊ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့

လူသားတစ်နွယ်လုံးအတွက် ပြည့်ဝစုံလင်သော ပုံနမူနာတစ်ခုအဖြစ်သတ်မှတ်၍မရနိုင်တော့ပေ။ ထိုသို့ဆိုက ကျွန်ုပ်တို့အတွက် ကယ်တင်ရွေးနှုတ်သောစီမံကိန်းကြီးသည်လည်း မအောင်မြင်ဘဲရှိပေတော့မည်။ ထိုသခင်သည် အပြစ်အတွက် ခြွင်းချက်ကလေးတစ်ခုကိုပင်ခွင့်ပြုခဲ့လျှင် စာတန်သည် ထိုသခင်ကိုအနိုင်ယူကာ အောင်ပန်း ဆွတ်ခူးသွားခဲ့ပေလိမ့်မည်။ ကမ္ဘာမြေကြီးကိုလည်း လက်လွှတ်ဆုံးရှုံးသွားရပေတော့မည်။

ထိုသခင်သည် တားမြစ်ထားသောအရာများတို့ကို မိမိနောင်တော်ကြီးများနှင့်အတူ ပူးပေါင်း၍လုပ်ဆောင်ရန် ငြင်းပယ်ခဲ့လေတိုင်း သူရဲဘောကြောင်သူကြီးဟု စွပ်စွဲပြောဆိုခံခဲ့ရလေ့ရှိပါသည်။

သို့သော်လည်းထိုသခင်၏အဖြေမှာ ကျမ်းစာလာသည့်အတိုင်း "ထာဝရ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသည် ပညာဖြစ်ကြောင်းနှင့်၊ ဒုစရိုက်ကို ရှောင်ခြင်းသည်ဉာဏ်ဖြစ်ကြောင်း" ဟူသောအဖြေပင်ဖြစ်ပါ၏။ (ယောဘ ၂၈း၂၈)။

ထိုသခင်နှင့်အကျွမ်းဝင်၍ မိတ်သဟာယဖွဲ့သောသူတို့သည် စိတ်ငြိမ်သက်ခြင်းချမ်းသာကို ခံစားကြရပါသော်လည်း လူများစွာတို့မှာ ကိုယ်တော်ရှင်၏အစွန်းအထင်းကင်းမဲ့သော အသက်တာကြောင့် သူတို့ကိုယ်သူတို့အမြင်မသန့်ဖြစ်ကာ၊ ထိုသခင်ကို ရှောင်ရှားကြပါသည်။ သခင့်အရွယ်လူငယ်အပေါင်းအသင်းတို့သည် သခင်နှင့်ပေါင်းသင်းဆက်ဆံရာ၌ ပျော်ရွှင်ချမ်းမြေ့ကြပါ၏။

သို့ရာတွင်ကိုယ်တော်ရှင်၏အားရစရာမရှိ၊စနောင့်စနင်းဖြစ်မှုအတွက်၊သည်းခံနိုင်စွမ်းမရှိတော့ဘဲ၊ကိုယ်တော်အားအမြင်ကျဉ်းမြောင်း၍အပြောရခက်သူတစ်ဦးအဖြစ်မှတ်ချက်ချပြောဆိုကြပါသည်။ဤသည်ကိုယေရှုသခင်ကဖြေဆိုခဲ့သည်မှာကျမ်းစာလာသည်ကား "လူပျို သည်မိမိသွားရာလမ်းကိုအဘယ်သို့သန့်ရှင်းစေနိုင်ပါမည်နည်းဟူမူကား၊ နှုတ်တော်ထွက်စကားအတိုင်း

သတိပြုရမည်။ ကိုယ်တော်ကို မပြစ်မှားဘဲ နေနိုင်မည်အကြောင်းဗျာဒိတ်တော်ကို နှလုံးထဲမှာသိုထားပါပြီ" ဆာလံ ၁၁၉း၉၊၁၀ ဟူ၍ဖြစ်ပါသည်။

ဘယ်အတွက်ကြောင့် မင်းဟာ အထီးကျန်ဘဝမှာ ဘယ်သူနဲ့မျှမတူ တစ်မူထူးခြားချင်နေရတာလဲဟု ယေရှုသခင်သည် အမေးခံရလေ့ရှိပါသည်။

ထိုအခါမျိုးမှာ သခင်က ကျမ်းစာလာသည်ကား "ထာဝရဘုရားသခင်၏ တရားလမ်း၌ မလွဲမတိမ်းလိုက်သွားသောသူတို့သည် မင်္ဂလာရှိကြ၏။ သက်သေခံတော်မူချက်တို့ကိုစောင့်၍ ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ရှာသောသူတို့သည် မင်္ဂလာရှိကြ၏။ ထိုသူတို့သည် ဒုစရိုက်ကို မပြု၊ လမ်းခရီးတော်၌ လိုက်သွားတတ်ကြ၏" (ဆာလံ ၁၁၉း၁-၃) ဟူ၍ ပြန်လည်ခြေုခဲ့ပါသည်။

ပျော်ပါး ပြောင်လှောင်တတ်သောနာဇရက် လူငယ်များနှင့် ရွှင်မြူးစရာပွဲတော်များမှာ သွားအတူ လာအတူဘာကြောင့် မပြုပါသနည်းဟု အမေးခံရသောအခါမှာလည်း ယေရှုသခင်သည် ကျမ်းစာလာသည်ကား "အထုံးအဖွဲ့တော်တို့၌ မွေ့လျော်ပါ၏။ နှုတ်တော်ထွက်စကားကို မမှတ်ဘဲ မနေပါ" (ဆာလံ ၁၁၉း၁၆) ဟူ၍ ပြန်လည်ဖြေကြားခဲ့ပါသည်။

ယေရှုသခင်သည် မိမိ၏ လုပ်ပိုင်ခွင့်များအတွက် ငြင်းခုံတိုက်ခိုက်ခြင်းမပြုခဲ့ပါချေ။ ကြမ်းတမ်းခက်ထန်စွာ ဆက်ဆံပြုမူခြင်းကို ခံခဲ့ရပါသော်လည်း၊ လက်တုံ့ပြန်ခြင်းမပြုဘဲ စော်ကားမှုကို စိတ်ရှည်သီးခံစွာဖြင့် တုံ့ပြန်ခဲ့လေသည်။ မိမိ၏ နောင်တော်ကြီးများထံမှ အငြိုးထားသည့် ရန်စကားအသုံးအနှုန်းများဖြင့် အပြောခံရပါသော်လည်း အဘယ်ကြောင့် ပြန်လည်ချေပခြင်းကိုမပြုဘဲ၊ အညံ့ခံသက်သက်အဖြစ်၌သာ ရပ်တည်နေပါသနည်းဟုလည်း မကြာခဏဆိုသလို အမေးခံရပါသည်။ ထိုအချိန်မျိုးမှာ ကိုယ်တော်က ကျမ်းစာလာသည်ကား "ငါ့သား၊ ငါပေးသော တရားကို မမေ့နှင့်၊ ငါ့ပညတ်တို့ကို သင်၏ နှလုံးစောင့်ရှောက်ပါစေ၊

ကရုဏာတရားနှင့် သစ္စာတရားကို သင်နှင့်မကွာစေနှင့်။ သစ္စာတရားတို့ကို သင်၏လည်ပင်း၌ ဆွဲထားလော့။ နှလုံးအင်းစာရင်းတွင် ရေးထားလော့။ ထိုသို့ပြုလျှင် ဘုရားသခင်ရှေ့မှာမျက်နှာရ၍ ကျေးဇူးတော်ကိုခံရလိမ့်မည်" (သုတ္တံ ၃း၁-၄) ဟု သခင်ပြန်ဖြေတတ်ပေသည်။။

## အဘယ်ကြောင့်ယေရှုသည် ကွဲပြားခြားနားခဲ့ရပုံ

ယေရှုသခင်၏ မိဘများသည် ကိုယ်တော်ကိုဗိမာန်တော်မှာ ပြန်လည်တွေ့ရှိပြီးသည့်နောက်ပိုင်း ကိုယ်တော်၏ လုပ်ဆောင်ချက်အဖုံဖုံတို့ကို နားလည်ရခက်သွားလေပြီ။ ကိုယ်တော်သည် သီးသန့်ခွဲထားခြင်း ခံရသူတစ်ဦးကဲ့သို့ ဖြစ်နေ၏။

သဘာဝတရားအလှ၌ မွေ့လျော်တတ်သလို ထာဝရဘုရားသခင်နှင့် နှစ်ဦးတည်း သီးသန့်ဆက်နွယ်နေထိုင်နေရသည်ကိုပင် ကိုယ်တော်သည် ပျော်ရွှင်နေကြောင်း တွေ့မြင်ရပေသည်။ နံနက်လင်းအားကြီးအချိန်များတွင် တိတ်ဆိတ်သောနေရာများမှာ ကိုယ်တော်သည် တရားတော်ကို ဆင်ချင် အောက်မေ့တတ်၏။ ကျမ်းစာဖတ်၍ ဆုတောင်းနေလေ့ရှိပါသည်။ ထိုနောက်မှ နေအိမ်သို့ပြန်၍ မိမိလုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို ပျော်ရွှင်ဖျတ်လတ်စွာ တစ်ဖန်ပြန်၍ ဆက်လက်လုပ်ဆောင်ပေးပါသည်။

မယ်တော်မာရိသည်မိမိဖွားမြင်သန့်စင်ပေးခဲ့သူမှာကာလကြာမြင့် စွာကတည်းကစောင့်မျှော်နေသောဖြူစင်သန့်ရှင်းသည့်သူငယ်တော်မေရှိယ ဖြစ်ကြောင်းကို အတတ်သိပါလျက်နှင့် မိမိ၏ယုံကြည်ခြင်းကိုပေါ်လွင်ထင်ရှား အောင်မဖေါ်ထုတ်ရဲခဲ့ပေ။သခင်၏အသက်တာတစ်လျှောက်လုံးမှာမယ်တော် မာရိသည်ကိုယ်တော်ရှင်၏ဒုက္ခဝေဒနာများကိုမျှဝေခံစားခဲ့သူတစ်ယောက်ဖြစ် ပါသည်။လူမမယ်ကလေးငယ်ဘဝမှစ၍လူငယ်အရွယ်မှာရင်ဆိုင်ခဲ့ရသောဒုက္ခ ဆင်းရဲခြင်းများစွာကိုလည်းမယ်တော်မာရိသည်ဝမ်းနည်းစွာသက်သေပြုနိုင်ခဲ့

ပေသည်။ သူငယ်လေးနှင့်ပတ်သက်၍ အကျင့်စာရိတ္တပိုင်းဆိုင်ရာမှာကောင်း မြတ်ကြောင်းသူမကပြောဆိုလာလျှင်ပင် သူမကိုယ်တိုင်မှာ စုံစမ်းနှောင့်ယှက် ခြင်းခံရမည့်အနေအထားသို့ ဆိုက်ရောက်လာတတ်ပေသည်။ အိမ်ထောင် မိသားစုအတွင်း ပေါင်းသင်းဆက်ဆံမှုနှင့် သားသမီးအပေါ် မေတ္တာအနန္တ နှင့်စောင့်ကြည့်နေသောမိခင်၏ ကောင်းမြတ်ခြင်းတို့သည် အိမ်တွင်းသို့ ကလေးငယ်တို့၏ စာရိတ္တမဏ္ဍိုင်ကို ပုံစံချတည်ဆောက်ပေးသွားခြင်းဖြစ် သည်ဟု မာရိမြင်ပါသည်။ ဒါကိုလည်း ယောသပ်၏ သားများနှင့်သမီးတို့ ကသိထားကြပါ၏။ သို့ဖြစ်၍ သူမ၏ စိုးရိမ်ပူပန်မှုကို တည့်မတ်ပြင်ဆင် ပေးသည့်အသွင်မျိုးဖြင့် ဝေဖန်ပြောဆိုတည်ဆောက်ပုံကိုပြကာ ၄င်းတို့၏ စံနှုန်းအတိုင်း ယေရှုသခင်ကို သက်ရှင်ကျင့်သုံးစေခဲ့လေသည်။

မယ်တော်မာရိသည် မိမိ၏ သားယေရှုသခင်အား ကျမ်းတတ် ဆရာတော်ကြီးများ၏သွန်သင်မှုကို ခံယူလိုကလျှောက်ပါရန် နှိုးဆော်လေ့ ရှိပါသည်။ သို့သော်လည်း ကိုယ်တော်သည် မိမိ၏ ထုံးစံအကျင့်ဖြစ်နေပြီ ဖြစ်သော ထာဝရဘုရားသခင်၏ အမှုတော်မြတ်၌ စိတ်စွဲလန်းခြင်းအဖြစ်ကို မပြောင်းလဲနိုင်ခဲ့ပေ။

မိမိ၏ လောကရေးရာအသက်တာမှာ ခမည်းတော်ဘုရားသခင်၏ မှာကြားချက်များအတိုင်း ခရေစေ့တွင်းကျလုပ်ဆောင်ရန်သာဖြစ်သည်။ သို့ဖြစ်၍ ဗိမာန်တော် ယဇ်ပုရောဟိတ်များ၊ ကျမ်းတတ်ဆရာတော်တို့က ယေရှုသခင်ကို ထိန်းချုပ်ရန် သူမ၏အကူအညီကိုလို၍ တောင်းဆိုလာသော အခါ သူမမှာ အကြီးအကျယ်အနေရကြပ်သွားပါသည်။ သို့ပါသော်လည်း ကိုယ်တော်ရှင်၏ လျှောက်လှမ်းရမည့် ဘဝခရီးလမ်းကျင့်စဉ်များပြသမှာ ကျမ်းစာချက်ကို သခင်က တင်ဆက်လိုက်သောအခါမှာမူကား၊ သူမ၏နှလုံး သားအိမ်သည် ငြိမ်းအေးသွားရပေသည်။

တစ်ခါတစ်ရံများမှာ သူမသည် ယေရှုသခင်နှင့်ကိုယ်တော်၏ နောင်တော်ကြီးများစပ်ကြား ဟိုယိမ်းဒီယိမ်း ဖြစ်ခဲ့ရပါသည်။ ယောသပ်၏

သားတို့သည် ယေရှုသခင်ကို ဘုရားသခင်စေလွှတ်တော်မူသောလူသား ကြီးဟု မယုံကြည်ကြပါ။ သို့ပါသော်လည်း ထိုသခင်၏ စာရိတ္တတော်မှာ ဘုရားသခင်၏ ကျေးဇူးတော်ကို ဖေါ်ကျူးနေပါသောကြောင့် အထောက် အထားပြသက်သေခံတို့မှာ ပေါကြွယ်ဝလျက်ရှိပေသည်။ ကိုယ်တော်၏ အသက်တာသည် လူ့အဖွဲ့အစည်းများ၏ အခြေခံအင်အားစုများအလယ် မှာတဆေးကဲ့သို့အကျိုးသက်ရောက်စေခဲ့သည်မဟုတ်လော။

ထိုသခင်သည် ဆင်ချင်တုံတရားကင်းမဲ့သောသူ၊ ကြမ်းတမ်းခက် ထန်သောသူ၊ ယဉ်ကျေးသိမ်မွေ့မှုမဲ့ကာ ဖေါ်ရွေမှုမရှိသောသူ၊ မတရားသော အခွန်ခံများ၊ အရမ်းမဲ့ငွေကြေးဖြုန်းတီးသူများ၊ မဖြောင့်မတ်သောရှမာရိလူ များ၊ တစ်ပါးအမျိုးသားစစ်သူရဲများ၊ ရိုင်းပြသောတောင်သူလယ်သမားများ နှင့်လူပေါင်းစုံတို့အလယ်ဗဟိုမှာ ဘေးမသီရန်မခဲ ညစ်ညမ်းမှုကင်းမဲ့စွာဖြင့် လျှောက်လှမ်းနိုင်ခဲ့ပေသည်။

ကိုယ်တော်ရှင်သည် လေးလံသောဝန်ကို အတင်းအကျပ်ထမ်းရွက် ရန်ပြုကျင့်ခြင်းခံရသော မောပန်းနွမ်းနယ်နေသူများကို တွေ့မြင်ရသည့်နေ ရာတိုင်းမှာ အကြင်နာစကားကို ပြောကြားခဲ့ပါသည်။ မိမိကိုယ်တော်တိုင်က သဘာဝတရားမှ ဆည်းပူးရရှိခဲ့သော သင်ခန်းစာများဖြစ်သည့် ဘုရားသခင် ၏ချစ်သနားခြင်းကရုဏာတော်နှင့် ကောင်းမြတ်ခြင်းမင်္ဂလာအဖုံဖုံတို့ကို ထို သူတို့အားပြန်လည်တင်ပြပြောကြားလေ့ရှိပါသည်။

ကိုယ်တော်သည် ထိုသူတို့အား မိမိတို့ ကိုယ်ကိုဘုရားသခင် ပေးစွမ်းအားရှိသူများဟု ပြန်လည်ရှုမြင်ရန် သွန်သင်ခဲ့ပါသည်။ မိမိ၏ အသက်တာ ပုံစံနမူနာအားဖြင့်လည်း အချိန်နာရီတိုင်းသည် ထာဝရ ကာလအတွက် သက်ရောက်မည့်အကျိုးဆက်များ နှင့်ပြည့်ဝနေကြောင်း အချိန်တိုင်း အချိန်တိုင်းကို အဖိုးတန်သော ရတနာတစ်ခုကဲ့သို့နှစ် သက်မြတ်နိုးရန်နှင့် သန့်ရှင်းသော ကိစ္စရပ်များမှာ အသုံးပြုရန်ဖြစ်ကြောင်း

သွန်သင်ခဲ့ပေသည်။ အဘယ်လူသား တစ်ဦးတစ်သောက်ကိုမျှ တန်ဖိုးမရှိအ အသုံးမရသူဟု သဘောထားကာ မဆက်ဆံဘဲ အသက်ဝိညာဉ်တိုင်းအတွက် မျှော်လင့်ချက်ရှိကြောင်း အလိုရှိသူမှန်သမျှသည် ဘုရားသခင်၏ချစ်သားချစ်သမီးအစစ်အမှန်များ ဖြစ်နိုင်ကြောင်း အာမခံချက်များကို ဖေါ်ပြကာ မျှော်လင့်ချက်ရောင်ခြည်သန်းစေခဲ့ပါသည်။

အထူးသဖြင့် စာတန်၏ ပရိယာယ်ထောင်ချောက်တွင်းမှာ ရုန်းထွက်၍မရနိုင်ဖြစ်နေသောသူများကို သခင်သည် တွေ့ဆုံလေ့ရှိပါသည်။ ထိုကဲ့သို့ စိတ်ဓါတ်ကျဆင်းကာ နာမကျန်းဖြစ်နေသော စုံစမ်းနှောင့်ယှက်ခြင်းကို အလူးအလိမ့်ခံစားနေရသူတို့အား ယေရှုသခင်သည် ကြင်နာသနားမှုပြည့်ဝသည့် နူးညံ့သိမ်မွေ့ဆုံးသော စကားလှလှများဖြင့် နှစ်သိမ့်ပြောကြားကာလမ်းမှန်ပေါ်သို့ ရောက်စေခဲ့ပါသည်။

အသက်ဝိညာဉ်တို့၏ ရန်သူစာတန်နှင့် လက်တစ်ကမ်းတိုက်ပွဲဝင်နေသော အခြားသူများတို့နှင့်လည်း ထိုသခင်သည် ဆုံတွေ့တတ်ပေသည်။ ထိုသူတို့အား မုချအောင်ပွဲဆင်မည်ဖြစ်ကြောင်း အာမခံလျက်ဇွဲရှိရှိနှင့်အပ်နှံကာ ဘဝတိုက်ပွဲဝင်ရန် အားပေးခဲ့ပါသေး၏။

အကြောင်းမူကား ထိုသူတို့နှင့်အတူ ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် အနီးအပါးမှာရှိ၍ ကူညီမစသဖြင့် ဧအောင်မြင်လိမ့်မည်ဖြစ်သောကြောင့်ပေတည်း။ ထိုသို့ သခင်ယေရှု၏ ကူညီအားပေးမှုရရှိကြကုန်သောသူတို့သည်လည်း မိမိတို့၌ အားကိုးခိုလှုံစိတ်ချထားနိုင်ရာ သခင်တစ်ပါးရရှိလေပြီဟု စွဲလမ်းကာ သဘောပေါက်လာကြ၏။ တစ်ပါးသူတို့ မသိအပ်သေးသော လျှို့ဝှက်ချက်များကိုလည်း ထိုအကောင်းဆုံးသော မိတ်ဆွေယေရှုသခင်ကြီးအား တင်ပြအကူအညီတောင်းခံပါသော်ရှက်ဖွယ်မရ၊ အကျိုးထူးကိုရအံ့ဟု ယုံမှားသံသယမရှိ၊ သခင်ကို ချစ်ခင်မြတ်မြတ်နိုးလာကြပေသည်။

ယေရှုသခင်သည် ဝိညာဉ်ရေးဆိုင်ရာ နာမကျန်းမှုများကို ကုသပေးသကဲ့သို့ ခန္ဓာကိုယ်မကျန်းမာမှုရှိသမျှကိုလည်း ကုစားပေးသူတစ်ဦးဖြစ်ပါသည်။

ဝေဒနာခံစားနေရသူတိုင်းကိုလည်းကိုယ်တော်သည်အနာမှပကတိပျောက်ကင်းစေပါ၏။ ကိုယ်တော်ရှင်ကြင်နာသနားတတ်သော စကားတို့သည်လည်းအနာပျောက်ကင်းစေသော ဆီမွှေးလိမ်းဆေးကဲ့သို့ဖြစ်ပါသည်။ ကိုယ်တော်သည် ကလေးဘဝမှစ၍ လူသားတို့၏ မကျန်းမာမှုမျိုးပေါင်းစုံလင်စွာကို နိမိတ်လက္ခဏာပြကာ ကုသပေးခြင်းမဟုတ်ပါသော်လည်း၊ထိုသခင်၏ ချစ်ခြင်းမေတ္တာတည်းဟူသော အနာရောဂါ ပျောက်ကင်းစေနိုင်သောတန်ခိုးတော်သည် ကိုယ်တော်ရှင်၏ ခန္ဓာကိုယ်မှထွက်ရောက်ကာ ကျန်းမာစေခြင်းဖြစ်ပါသည်။ ဤသို့လျှင် ကိုယ်တော်သည် လူသားတို့၏ အကျိုးကိုပြုခဲ့ပါ၏။

သို့စေကာမူ ယေရှုသခင်သည်ကလေးဘဝ၊ လူငယ်ဘဝနှင့်လူကြီးဘဝများတစ်လျှောက်လုံးမှာတစ်ကိုယ်တည်းလျှောက်လှမ်းခဲ့ရပါ၏။ရင်ဆိုင်ခဲ့ရလေသမျှ စာတန်ပစ်ခတ်ခဲ့သော လက်နက်စုံအပေါင်းမှလည်း ထိုသခင်သည်ဖြူစင်သန့်ရှင်း သစ္စာရှိစွာဖြင့် ရပ်တည်လာခဲ့သည်မှာ သူနှင့်အတူရပ်တည်သူတစ်ဦးမျှမရှိခဲ့ပါချေ။ ဟေရှာယ ၆၃း၃ တွင် ဖတ်ရှုလေ့လာကြည့်ပါ။

လူသားတစ်နွယ်လုံး၏အသက်တာစည်းမျဉ်းများနှင့်အကြံအစည်များကို ခိုင်မာစွာမပြောင်းလဲပေးခဲ့ပါလျှင်လူအပေါင်းတို့သည်တညီတညွတ်တည်းပျက်စီးသွားလိမ့်မည်ကို ကိုယ်တော်သိပါ၏။ သို့ဖြစ်၍လည်းကိုယ်တော်ရှင်သည် ထိုကြီးမားသောရည်ရွယ်ချက်များဖြင့် လူသားတစ်နွယ်လုံးတာဝရအသက်ကို ရအံ့သောငှာ၊ အလင်းတရားဖြစ်သင့်သည့် မိမိအသက်တာ၏အကြံအစည်တော်ကို ဆက်လက်ဖေါ်ဆောင်တော်မူခဲ့ပါသည်။

-o-

# အခန်း (၁၀)
# တော၌ဟစ်ကြွေးသောအသံ

## (လုကာ ၁း၅-၂၃၊ ၅၇-၈၀၊ မဿဲ ၃း၁-၁၂၊ မာကု ၁း၁-၈ ကို အခြေပြုသည်။)

အစ္စရေးနိုင်ငံမှာ ဘုရားသခင်လို သစ္စာရှိသော သူတို့အထဲမှ ခရစ်တော်သခင်၏ ရှေ့တော်ပြေးတစ်ဦးပေါ်ထွန်းခဲ့ပေသည်။ သက်ကြီးရွယ်အိုဖြစ်နေသော ယဇ်ပုရောဟိတ်ဇာခရိနှင့်သူ၏ ဇနီးမယား ဧလိရှဗက်တို့သည် "ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူများ" ဖြစ်ကြ၏။ သူတို့၏ ငြိမ်သက်အေးငြိမ်းသောအသက်တာအားဖြင့် ဆိုးယုတ်သောနေ့ရက်များ၏အမှောင်ထုအလယ်မှာ ယုံကြည်ခြင်းအလင်းကို ကြယ်တစ်ပွင့်ပမာထွန်းတောက်စေခဲ့ပါသည်။ ဤလိုဘာသာတရားကြည်ညိုသူလင်မယားတို့အား သားယောကျ်ားလေးတစ်ဦးကို ပေးသနားတော်မူမည်ဟု ဘုရားသခင်က ကတိပေးခဲ့ပါသည်။ ထိုသားသည် ထာဝရဘုရားသခင်၏လမ်းခရီးတော်ကို ပြင်ဆင်ပေးသော ရှေ့တော်ပြေးတစ်ဦး ဖြစ်ရပါမည်မဟုတ်လော။

ဇာခရိကား ယေရုရှလင်မြို့တော်သို့သွားရန် ဗိမာန်တော်မှာတစ်ပတ်တာမျှ အမှုတော်မြတ်ကို ထမ်းဆောင်နေပါသည်။ ဗိမာန်တော်၏သန့်ရှင်းရာဌာနတော်ရှိ ရွှေပလ္လင်တော်ရှေ့မှာရပ်နေစဉ်အခါ ရုတ်တရက်ဘုရားသခင်၏ ကောင်းကင်တမန်တစ်ပါးသည် သူ့ရှေ့မှာပေါ်လာသည်ကို သတိပြုမိပါ၏။

ထိုကောင်းကင်တမန်ကား "နံ့သာပေါင်းကို မီးရှို့သောယဇ်ပလ္လင်လက်ယာဘက်၌ ရပ်နေပါ၏" ဇာခရိသည် ကယ်တင်ရှင်နုတ်ရှင်ပေါ်ထွန်းဖို့ရန် နှစ်ပေါင်းများစွာကပင် တောင်းဆုပန်ခဲ့ပြီ မဟုတ်လော။ ယခုမှာ ထိုဆုတောင်းချက်အဖြေကို ရပေတော့မည်။

ဇာခရိသည် ဝမ်းမြောက်ဖွယ် အာမခံချက် အပြည့်အဝပါရှိသော နှုတ်ဆက်ခြင်းကို ခံရလေပြီ။ "ဇာခရိ ကြောက်ရွံ့ခြင်းမရှိနှင့်။ သင်ပြုသော ဆုတောင်းသံကို နားခံတော်မူပြီ။ သင်၏ ခင်ပွန်းဧလိရှဗက်သည် သား ယောက်ျားကိုဖွားမြင်လိမ့်မည်။ ထိုသားကိုယောဟန်အမည်ဖြင့်မှည့်ရမည်။

ထိုသားသည် ထာဝရဘုရားသခင်ရှေ့တော်၌ ကြီးမြတ်သောသူဖြစ် လိမ့်မည်။ စပျစ်ရည်နှင့်ယဇ်မျိုးကိုမသောက်ဘဲနေ၍ အမိဝမ်းထဲကပင်သန့် ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလိမ့်မည်။ အဘတို့နှင့်သားတို့ကိုအသင့်အ တင့်ဖြစ်စေခြင်းငှာလည်းကောင်း၊ ငြင်းဆန်သောသူတို့ကို သူတော်ကောင်း တို့၏ သတိပညာလမ်းသို့ ပြောင်းလဲစေသောအားဖြင့် ထာဝရဘုရားသခင် အဖို့အလို့ငှာ ပြင်ဆင်သောလူမျိုးဖြစ်စေခြင်းငှာလည်းကောင်း၊ သူသည် ဧလိယ၏ စိတ်ဝိညာဉ်တန်ခိုးနှင့်ပြည့်စုံလျက် ဘုရားသခင်ရှေ့တော်သို့သွား လိမ့်မည်ဟု ကောင်းကင်တမန်ပြောဆို၏။ ဇာခရိကလည်း ထိုသို့ဖြစ်လိမ့် မည်ကို အကျွန်ုပ်သည် အဘယ်သို့သိရပါမည်နည်း။ အကျွန်ုပ်သည် လူအို ဖြစ်ပါ၏။ အကျွန်ုပ် မယားသည်လည်း အသက်အရွယ်ကြီးရင့်ပါပြီဟုပြော ဆိုခဲ့ပါသည်။"

ထိုတစ်ခဏအတွင်းမှာ သက်ကြီးရွယ်အိုယဇ်ပုရောဟိတ်ကြီးသည် ထာဝရဘုရားသခင် ကတိထားတော်မူသောအရာကို ထာဝရဘုရားသခင် သည်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ကြောင်းကို မေ့လျော့ခဲ့ပါသည်။ ထိုသူ ၏မယုံကြည်မှုနှင့် မာရိ၏ ယုံကြည်မှုတို့ကား ကွာခြားလှပါပေ့တကား၊ မာရိ၏ပြောကြားချက်ကိုကြည့်ပါ။ "မာရိက၊ အကျွန်ုပ်သည် ထာဝရဘုရား သခင်၏ ကျွန်မဖြစ်ပါ၏။ ကိုယ်တော်၏ စကာအတိုင်း အကျွန်ုပ်၌ဖြစ်ပါစေ သော်" (လုကာ ၁း၃၈)။

ဇာခရိသက်ကြီးအိုအတွက် သားတစ်ယောက် ဖွားမြင်ခြင်းသည် အာဗြဟံနှင့်မာရိတို့အတွက် သားကိုယ်စီမွေးဖွားခြင်းကဲ့သို့ ကြီးကျယ်

သောဝိညာဉ်ရေးအမှန်တရား တစ်ခုကို သွန်သင်ရန်ဖြစ်ပါသည်။ ယုံကြည်သူအသက်ဝိညာဉ်တိုင်းတို့အတွက် လူမတတ်နိုင်သောအရာကို ဘုရားသခင်၏တန်ခိုးတော်သည် ပြီးမြောက်စေတော်မူပါလိမ့်မည်။ ယုံကြည်ခြင်းအားဖြင့် ဝိညာဉ်ရေးအသက်တာမှာ ရှင်သန်နိုးကြွားလာရသည်ဖြစ်၍ ဖြောင့်မတ်စွာကျင့်၍ နေထိုင်သက်ရှင်သွားနိုင်ခွင့်ရှိကြောင်းကို သိမှတ်နားလည်ရပေမည်။

လွန်ခဲ့သောနှစ်ပေါင်းငါးရာကျော်က ပုရောဖက် ဒံယေလကို ကောင်းကင်တမန်ဂါဗြေလသည် ခရစ်တော်ပေါ်ထွန်းတော်မူမည့်အချိန်ကာလနှင့်ပတ်သက်၍ ပုရောဖက်ဟောကြားချက်အနာဂတ္တိစကားကို ပြောခဲ့ဖူးပါသည်။

ဤကာလအချိန်မှာ အဆုံးသို့ရောက်လုပြီဟူသော အသိသည် ဇာခရိဥဝင်နေသဖြင့် မေရှိယသခင်ကြွဆင်းလာရန်အတွက် တောင်းဆုကိုသူပြု၏။ ဝိညာဉ်တော်နှိုးဆော်မှုဖြင့် သူသည် ဆုတောင်းသောကြောင့် ထိုအနာဂတ္တိစကားကိုပေးခဲ့သည်။ ထိုကောင်းကင်တမန်ဂါဗြေလသည် ယခုအချိန်တွင် ယင်းပုရောဖက်ဟောကြားချက်စကား၏ ပြည့်စုံခြင်းကို ကြေညာရန် ရောက်ရှိလာခဲ့ပါပြီ။

## ဇာခရိ၏သံသယအကျိုး

ဇာခရိသည် ထိုကောင်းကင်တမန်၏ စကားတို့ကို သံသယဖြစ်၍ နေ၏။ မယုံကြည်ပါ။ သို့ဖြစ်၍လည်း ထိုပုရောဖက်စကားမပြည့်စုံမီကာလတိုင်အောင် ဇာခရိသည် စကားမပြောနိုင်၊ အလျက်နေရပါသည်။ "သင်သည် ငါ့စကားကိုမယုံသောကြောင့် ဤအကြောင်းအရာမဖြစ်မီနေ့တိုင်အောင် စကားမပြောနိုင်ဘဲအလျက်နေလိမ့်မည်။ ငါ့စကားသည်ကားအချိန်တန်လျှင် ပြည့်စုံလိမ့်မည်" ဟု ထိုကောင်းကင်တမန်က ပြောခဲ့ပါသည်။ ပြည်သူတစ်ရပ်လုံး၏ အပြစ်များနှင့် မေရှိယသခင်ပေါ်ထွန်း

တော်မူမည့်အချိန်ကာလအတွက် ဤဝတ်ပြုစည်းဝေးပွဲတွင် ဆုတောင်းပေးရန်မှာ ယဇ်ပုရောဟိတ်၏ တာဝန်ဖြစ်ပါသည်။ သို့ဖြစ်၍ ဇာခရိသည် ထိုအမှုအရာအတွက် ဆုတောင်းပေးရန် ကြိုးစားခဲ့ပါသော်လည်း စကားတစ်ခွန်းကိုမျှ မပြောဆိုနိုင်ခဲ့ပါ။ သူသည်သန့်ရှင်းရာဌာနတော်မှထွက်လာသောအခါသူ၏မျက်နှာသည် အလင်းရောင်တော်များဖြင့် ထွန်းလင်းတောက်ပသောကြောင့် ဘုရားသခင်ပေးမြင်သောမြင်ကွင်းကျယ်ရုပ်မြင်သံကြားကို မြင်ခဲ့ရလေပြီဟု ပရိသတ်တို့က ရိပ်စားမိခဲ့ကြပါသည်။ သို့သော်လည်း သူသည် စကားအလျက်နေသဖြင့်တွေ့မြင်ကြားရသမျှကို အရိပ်အမှတ်အားဖြင့်သာ ပြောပြပြီးသည်နောက်မိမိတာဝန်ပြီးသည်နှင့် အိမ်သို့ထွက်ခွာသွားခဲ့လေသည်။

မကြာတော့ပါ။ အချိန်စေ့၍ ကတိထားသောသားငယ်ကိုဖွားမြင်သန့်စင်ပြီးသည်နောက် တစ်ခဏချင်းမှာပင် ဇာခရိသည် နှုတ်ကိုဖွင့်၍ လျှာလွတ်ခြင်းရှိသဖြင့် ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်အပေါင်းကိုချီးမွမ်းခဲ့ပါသည်။

ထိုသခင်သည် ယုဒပြည်တောင်ကြားအရပ်လေးမျက်နှာသို့ နှံ့ပြားကျော်ကြားသွားလေ၏။ ကြားရသောသူအပေါင်းတို့၏ နှလုံးသားထဲမှာလည်း ဤသူငယ်သည် အဘယ်သို့သောသူဖြစ်လိမ့်မည်နည်းဟု ဆိုကြ၏။ ဤအမှုအရာအားလုံးသည် မေရှိယသခင်ပေါ်ထွန်းပေတော့မည်ဟု လူအများကိုအာရုံပြုစေသလို ထိုကြွလာခြင်းအတွက် ဆရာယောဟန်သည် ဘုရားသခင်၏လမ်းခရီးတော်ကို ပြင်ဆင်ပေးရန်ဖြစ်သည်မဟုတ်ပါလား။

သန့်ရှင်းသောဝိညာဉ်တော်သည် ဇာခရိအပေါ်မှာ သက်ရောက်သဖြင့် မိမိ၏သားငယ်အမှုတော်ဆောင်ရွက်ပုံအကြောင်းကို ဤသို့လျှင် အနာဂတ်ဟောကြားခဲ့ပါသည်။

"အချင်းသူငယ်၊သင်သည်လည်း အမြင့်ဆုံးသော ဘုရားသခင်၏ ပုရောဖက်ဟု ခေါ်ဝေါ်ခြင်းကို ခံရလိမ့်မည်။" အကြောင်းမူကား၊ ငါတို့

ဘုရားသခင်၏ သနားတော်မူခြင်း ကျေးဇူးတော်အားဖြင့် အပြစ်ဖြေ၍ကယ်တင်ခြင်းသို့ရောက်နိုင်ကြောင်းကို ဘုရားသခင်၏ လူမျိုးတို့အားဖေါ်ပြသဖြင့် ထာဝရဘုရားသခင်၏လမ်းခရီးတော်ကို ပြင်ဆင်ခြင်းငှာသင်သည် ရှေ့တော်၌ သွားရလိမ့်မည်။”

“ထိုသူငယ်သည်ကား ကြီးပွား၍ ဉာဏ်ပညာနှင့်ပြည့်စုံ၏။ ဣသရေလလူတို့အားမထင်ရှားမီတိုင်အောင် တောအရပ်၌ နေလေ၏။” ထာဝရဘုရားသခင်သည် ဇာခရိ၏သားကို လူသားတို့အား ပေးအပ်ခဲ့ဖူးသောအလုပ်တကာအလုပ်ထဲမှာ အကြီးမြတ်ဆုံးသောအလုပ်ကို အပ်နှင်းခဲ့ပေသည်။ အကယ်၍သာ သူသည် ကောင်းကင်တမန်ဂါဗြေလ၏ ညွှန်ကြားချက်အတိုင်းလိုက်လျှောက်ခဲ့မည်ဆိုသော် ဘုရားသခင်၏ ဝိညာဉ်တော်သည် သူနှင့်အတူရှိနေပါလိမ့်မည်။”

နှစ်ခြင်းဆရာယောဟန်သည် ဘုရားသခင်၏ စေတမန်တစ်ဦးအနေဖြင့် လူသားတို့ကို ဘုရားသခင်၏ အလင်းအိမ်ရှိရာသို့ ယူဆောင်လာဖို့ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏ ဖြောင့်မတ်ခြင်းတရားတော်ကို ထိုသူတို့၏ နှလုံးသားအိမ်ထဲမှာ စွဲမြဲသွားစေအောင်လည်း လုပ်ဆောင်ပေးရပါဦးမည်။

ထိုကဲ့သို့သော စေတမန်သည် ကိုယ်တိုင်သန့်ရှင်းရ၏။ ဘုရားသခင်၏ဝိညာဉ်တော် ကိန်းအောင်းတော်မူရာ ဗိမာန်တော်ဖြစ်ရပါမည်မဟုတ်လော။ ခန္ဓာကိုယ်မှာလည်း ကြံ့ခိုင်တောင့်တင်းမှုရှိရမည်။ ဉာဏစိတ်အင်အားနှင့် ဝိညာဉ်ရေးရာစွမ်းအင်တို့သည်လည်း မရှိလျှင်မဖြစ်ပါ။ ပြည့်စုံနေဖို့လိုအပ်ပါသည်။ သို့မှသာလျှင် ခံတွင်းအလိုနှင့်ကာမဂုဏ်ခံစားမှုများကို ချုပ်တည်းနိုင်မည်ဖြစ်သည်မဟုတ်လော။

နှစ်ခြင်းဆရာယောဟန်၏ ခေတ်ကာလမှာ လူတို့သည်ချမ်းသာကြွယ်ဝမှုများကို မက်မောကြ၏။ အပျော်အပါးနှင့် ဂုဏ်တုဂုဏ်ပြိုင်အမှုများ၌ ခုံမင်ကြပါသည်။ သွေးသားအလိုဆန္ဒအလိုရမ္မက်ကြီးမှုများနှင့်ပွဲခံ၍

သောက်စားမူးယစ်မှုများသည် လူ့ခန္ဓာကိုယ်အတွင်း ရောဂါဘယများကို ဖြစ်ပေါ်စေသည်သာမက ဝိညာဉ်ရေးရာအကြားအမြင်စွမ်းအားတို့ကိုလည်း ဆုတ်ယုတ်ထုံထိုင်းစေပါသည်။

အပြစ်ဒုစရိုက်ဟူသည် ဘာလဲဟူ၍ မသိရတော့လောက်အောင် လူကိုတွေဝေစေ၏။ အာရုံစူးရှမှုကို လျော့နည်းစေပါသည်။ ယောဟန်သည် ဘာသာရေးပြုပြင်ပြောင်းလဲသူတစ်ဦးအဖြစ် ရပ်တည်ရန်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိ၏ စားသောက်ရေးမှာ ခြိုးခြံ၍ ရိုးစင်းသောဝတ်ဆင်မှုအားဖြင့် ထိုခေတ်က လွန်ကျူးစွာစားသောက်ပျော်ပါးနေသူတို့အား သွန်သင်ရန်ဖြစ်ပေသည်။ သို့ဖြစ်၍လည်း ကောင်းကင်ပလ္လင်တော်ထက်မှ ကောင်းကင်တမန်တစ်ပါးသည်း ယောဟန်၏မိဘတို့အား ချုပ်တည်းခြင်းဆိုင်ရာသင်ခန်းစာကို ပေးခဲ့ခြင်းဖြစ်ပါသည်။

ကလေးအရွယ်နှင့်လူငယ်ဘဝမှာ မိမိစိတ်ကိုထိန်းချုပ်နိုင်သောတန်ခိုးကို ပုံစံချရန်အကောင်းဆုံးအချိန်ဖြစ်ပါသည်။ ထာဝရကာလအဖို့ စာရိတ္တတည်ဆောက်ရမည်မဟုတ်ပါလား။ အသက်အရွယ်နုပျိုစဉ် ကာလမှာတည်ဆောက်ခဲ့သော အကျင့်ဓလေ့များသည် လူတစ်ယောက်အား မိမိ၏ဘဝတိုက်ပွဲတွင် အောင်မြင်မည် (သို့မဟုတ်) ရှုံးနိမ့်မည်ကို အဆုံးအဖြတ်ပေးပါလိမ့်မည်။

လူငယ်လူရွယ်ဘဝသည် မျိုးစေ့ကြဲရန်အကောင်းအဆုံးအချိန်ဖြစ်၏။ထိုအချိန်သည်ယခုဘဝ၊နောင်ဘဝနှင့်စပ်ဆိုင်သောအကျိုးကိုရိတ်သိမ်းစေသည့်စာရိတ္တကို အဆုံးအဖြတ်ပေးပါသည်။ယောဟန်သည်ယေရှုသခင်၏ ပထမအကြိမ်ပေါ်ထွန်းတော်မူခြင်းကိုပြင်ဆင်ပေးသောရှေ့တော်ပြေးတစ်ဦးဖြစ်သကဲ့သို့ခရစ်တော်ယေရှုဘုရားသခင်ဒုတိယအကြိမ်ကြွဆင်းလာခြင်းကို ပြင်ဆင်ပေးသောသူတို့ကိုကိုယ်စားပြုသူတစ်ဦးတည်းဖြစ်ပေသည်။ ဤလောကကြီးသည် ကာမဂုဏ်ခံစားခြင်းအမှုမှာ လွန်ကျူးစွာ လိုက်စားနေ၏။

နေရာအနှံ့မှာ မှားယွင်းမှုစုံလင်စွာနှင့် ခုပြောခုပျောက်ယုံတမ်းစကားတို့သည် နေရာယူလျက်ရှိကြပြီး အသက်ဝိညာဉ်များကို ထောင်ချောက်ဆင်ထားပုံတို့မှာလည်း စုံလင်လှစွာတကား။

တော်လှပါပေ့စာတန်ရယ်။ ထာဝရဘုရားသခင်ကို ကြောက်ရွံ့၍ သန့်ရှင်းဖြူစင်သောအသက်တာနှင့် ဘဝခရီးလမ်းဆက်လိုသူတို့သည် အရာရာ၌ ချုပ်တည်းခြင်းနှင့် မိမိစိတ်ကို ထိန်းသိမ်းနိုင်ရပေမည်။ ၂ကော ၇း၁ ကိုဖတ်ပါ။

ခံတွင်းအရသာအာရုံခံလိုသူများနှင့် ကိလေသာဇောများကိုအဆင့်မြင့်စိတ်တန်ခိုးအောက်မှာ ထိန်းချုပ်ထားရပါမည်။ ဤသို့သော စိတ်စည်းကမ်းသည် မရှိမဖြစ်လိုအပ်၏။ သို့မှသာလျှင် ထာဝရဘုရားသခင်၏ နှုတ်တော်ထွက်အမှန်တရားတို့ကို နှလုံးသွင်းသိနားလည်၍ ကျင့်သုံးသက်ရှင်သွားသဖြင့် လူတို့၏ အသိဉာဏ်အာရုံခံနှင့် ဝိညာဉ်ရေးဆိုင်ရာအမြော်အမြင်တို့သည် အားကောင်းလာကြမည်ဖြစ်ပါသည်။

## ရှင်ယောဟန်၏ဖြစ်ရိုးဖြစ်စဉ်မဟုတ်သောပညာရေး

ရိုးရာဓလေ့အရဆိုလျှင် ဇာခရိ၏သားသည် ယဇ်ပုရောဟိတ်လုပ်ငန်းအတွက် သင်တန်းကျောင်းတက်ရပါမည်။ သို့သော်လည်းကျောင်းမှပို့ချချက်များသည် တကယ်လုပ်ငန်းစဉ်၏ လက်တွေ့အခြေအနေနှင့်မဆီလျော်ပါ။ သို့ဖြစ်၍ ကျမ်းစာသင်တန်းကျောင်းသို့ မတက်စေဘဲ၊ ဘုရားသခင်သည် သူ့အား သဘာဝတရားနှင့် သဘာဝ၏အ ရှင်သခင် ဘုရားသခင်အကြောင်းကိုလေ့လာနိုင်ရန် တောထဲသို့ ဖိတ်ခေါ်ခြင်းကိုခံရလေသည်။

ယောဟန်၏အိမ်သည် သစ်ပင်မပေါက်သော တောင်ကတုံးများတောကြီးအများနှင့် ကျောက်လိုဏ်ဂူများ ပေါများရာဒေသ အရပ်ပင်ဖြစ်တော့သည်။ ထိုဒေသမျိုးမှာ ဆိတ်ငြိမ်သည်။ ရိုးစင်းစွာအသက်မွေးနိုင်၏။

မိမိကိုယ်ကို ငြင်းပယ်နိုင်သည့် လောကပျော်မွေ့မှုမရှိသော အရပ်ပင်ဖြစ်ချေသည်။ ထိုအရပ်မှာ ယောဟန်သည် သဘာဝတရားမှ သင်ခန်းစာများကို သင်ယူ၏။

ဘုရားသခင်၏ဖော်ပြသောမြင်ကွင်းများနှင့် ဘုရားသခင်အကြောင်းကိုလေ့လာသိကျွမ်းခွင့်ရပေသည်။ လူမမယ်ကလေးဘဝမှစ၍ ဘုရားသခင်ကိုချစ်ကြောက်ရိုသေသော မိဘများက ယောဟန်အား မိမိပြုရမည့်အမှုတော်မြတ်နှင့်ပတ်သက်၍ မကြာခဏဆိုသလို ပြောကြားလေ့ရှိပါသည်။ ထိုသန့်ရှင်းမွန်မြတ်သောအလုပ်ကိုလည်း လက်သင့်ခံရန် မိဘများက တိုက်တွန်းခဲ့၏။

လူသူအရောက်နည်းလှသော တောအရပ်သည် ပြဿနာသောင်းခြောက်ထောင်မကပေါများ၍ ယုတ်မာညစ်ညမ်းလှသော လူ့အဖွဲ့အစည်းများစုဝေးရာ မြင်ကွင်းအပေါင်းတို့မှ ကင်းဝေးသည်မဟုတ်လော။ ၎င်းအပြင် အပြစ်ကိုအပြစ်မှန်းသိမြင်သည့် အာရုံခံစားမှုများပပျောက်သွားမည်ကို သူသည် စိုးရိမ်သဖြင့် အပြစ်နှင့်ဆက်သွယ်ပတ်သက်လေသမျှကို အသွင်သဏ္ဌာန်ပင်ဖြစ်လင့်ကစား ရှောင်ရှားခဲ့ပေသည်။

သို့သော်လည်း ရှင်ယောဟန်၏အသက်တာသည် (၁၀၉၊၁၁၀) အလုပ်လက်မဲ့ အသက်တာမျိုးတော့မဟုတ်ပါ။ ဂူအောင်း၍ တစ်ဦးတည်းတရားကျင့်နေသောသူ၊ ကိုယ်ကျိုးအတွက် လူသူနှင့်အဆက်အသွယ်မပြုသော အသက်တာမျိုးလည်းမဟုတ်ပါချေ။ သူသည် မကြာခဏဆိုသလိုလူတို့နှင့် ရောနှောနေထိုင်ရန် တောမှသည်ရွာငယ်ဇနပုဒ် မြို့ငယ်မြို့ယုတ်ဆီသို့လည်း ကမ္ဘာကြီးဘာဖြစ်နေသလဲဟူ၍ လေ့လာရေးမှာ စိတ်ဝင်စားသူတစ်ဦးဖြစ်၏။ သူ့အထဲမှာရှိသော ကောင်းကင်ထက်က သတင်းစကားကိုလူသားတို့ထံ မည်သို့ပို့ဆောင်ရမည်ကို နားလည်သဘောပေါက်နိုင်စေရန်အတွက်လူအပြုအမူသိပ္ပံပညာ၌ အထုံဝါသနာပါသူလည်းဖြစ်ပါသည်။ ထိုလုပ်ငန်းတာဝန်အသိသည်သူ၌ရှိ၏။

သို့ဖြစ်၍လည်း ထိုအသက်တာလုပ်ငန်းအတွက် သူသည် နေ့တိုင်းအစဉ် တရားတော်၌ နေ့ညမပြတ်ဆင်ခြင်အောက်မေ့၍ ဆုတောင်းခြင်းအမှုကို မပြတ်ပြုလျက်ရှိနေပါသည်။

သူသည် တောမှာနေသောကြောင့် စုံစမ်းနှောင့်ယှက်ခြင်းနှင့်ကင်း လွတ်သူဟုလည်း မမှတ်ယူအပ်ပါ။ သူသည် စာတန်၏ တိုက်ခိုက်မှုကိုခံ နေရဆဲဖြစ်ပါသည်။ သို့သော်လည်း သူ၏ဝိညာဉ်ရေးဆိုင်ရာအမြင်သည် ပါးနပ်ကြည်လင်လှပါသည်။ သန့်ရှင်းသောဝိညာဉ်တော် အကူအညီအားဖြင့် လည်း စာတန်၏ ချဉ်းကပ်လာမှုကို သိမြင်နိုင်သည်သာမက တွန်းလှန်နိုင် စွမ်းလည်းရှိပါသည်။

ယောဟန်အတွက် စာသင်ကျောင်းနှင့် ဗိမာန်တော်သည် တောအရပ်ပင်ဖြစ။ မိဒျန်တောမှာ နေထိုင်ခဲ့သော မောရှေကဲ့သို့ဖြစ်သတည်း။ ထိုတောအတွင်း၌ သဘာဝ၏ မှုန်မှိုင်းရီဝေ၍ ကြောက်စရာမြင်ကွင်းများ သည် ရှေးဟောင်းအစ္စရေးလူတို့၏ အခြေအနေကို ကွက်ကွက်ကွင်းကွင်း ရုပ်လုံးဖော်ပြလျက်ရှိပေသည်။ ဘုရားသခင်၏ စပျစ်ဥယျာဉ်တော်သည် စွန့်ပစ်ခြင်းကိုခံရသော လွင်တီးခေါင်ပြင် ဖြစ်နေရပါပြီကော။

သို့သော်လည်း ထိုတောကြီးမျက်မည်း၏ အထက်မှာ ကောင်းကင် ပြင်သည်ထွန်းလင်းလျက်ရှိ၏။ မုန်တိုင်းနှင့်အတူ အုံ့မှိုင်းနေသောမိုးတိမ် တောင်များသည် ကတိတော်ဆိုင်ရာသက်တံ့အားဖြင့် အုပ်မိုးလျက်ရှိနေပါ ပေသည်။

ညဥ့်အချိန်များတွင် ယောဟန်သည် ကြယ်များကဲ့သို့မရေမတွက် နိုင်အောင် များပြားစေမည့်အမျိုးအနွယ်၏ ဖခင်ကြီးအာဗြဟံအားပေးသည့် ဘုရားသခင်ကတိတော်မြတ်ကို တစ်ဦးတည်း လေ့လာဆင်ချင် မိပါသည်။ အာရုဏ်ဦးလင်းရောင်ခြည်သည် "မိုးမအုံ့၊ နေထွက်သော နံနက်အလင်း ကဲ့သို့" (၂ရာ ၂၃း၄) ကိုယ်တော်ရှင်၏ ဂုဏ်တော်ကို ချီးမွမ်းမြွက်ဆိုနေ

သည်မဟုတ်လော။ ၎င်းအပြင် မွန်းတည့်နေရောင်ခြည်တွင် "ထာဝရဘုရားသခင်၏ ဘုန်းတော်ပေါ်ထွန်း၍ လူအပေါင်းတို့သည် အတူမြင်ရကြမည်" (ဟေရှာယ ၄၀း၅)။ ကိုယ်တော်ရှင်၏ ဘုန်းတန်ခိုးတော်နှင့်ကျက်သရေရှိမှုကို ယောဟန်သည် တွေ့မြင်ခဲ့ရပါ၏။

ယောဟန်သည် မေရှိယသခင်ပေါ်ထွန်းတော်မူမည်ဟူသောအကြောင်းနှင့်ပတ်သက်၍ ဟောထားချက်စကားများကို စိုးရွံ့ထိတ်လန့်သော်လည်း၊ အထူးရွှင်လန်းသောစိတ်နှင့် ရှာဖွေလေ့လာခဲ့ရာ၊ ရှိလောသည်ဒါဝိဒ်မင်း၏ ရာဇပလ္လင်ကို အဆုံးသတ်စေသူ ဖြစ်လိမ့်မည်ဟု သိခဲ့ရပါသည်။

ထိုအချိန်ရောက်ရှိလို့လာပါပြီ ရောမရှင်ဘုရင် တစ်ပါးသည် ဇိအုန်တောင်ပေါ်မှာ စိုးစံလျက်နေ၏။ ထာဝရဘုရားသခင်၏ သေချာစေ့စပ်သောကတိတော်အားဖြင့် ခရစ်တော်သူငယ်လေးသည်လည်း ဖွားမြင်ခြင်းကိုခံယူခဲ့လေပါပြီ။

## ပုရောဖက်ဟေရှာယ၏ရုပ်လုံးဖေါ်လေ့လာချက်

ယောဟန်သည် မေရှိယသခင်၏ ဘုန်းတန်ခိုးတော်ထင်ရှားစေတော့မည်ဟူသော ပုရောဖက်ဟေရှာယ၏ ရုပ်လုံးဖေါ်ရေးသားချက်များကို နေ့တွင်မက ညများမှာလည်း လေ့လာခဲ့ပါသည်။ ၎င်းတို့မှာ "ဟေရှဲအမျိုးအငုတ်၌ အတက်ပေါက်လိမ့်မည်။ ဆင်းရဲသားတို့၏ အမှုကို တရားတော်အတိုင်းစီရင်၍ နှိမ့်ချသော မြေကြီးသားတို့၌နေလျက် ဖြောင့်မတ်စွာဆုံးဖြတ်လိမ့်မည်" "ထိုမင်းသည် လေလုံ၍ မိုးသက်မုန်တိုင်းကွယ်ရာ အရပ်ကဲ့သို့လည်းကောင်း၊ နေပူသောအရပ်၌ကျောက်တုံးကြီး၏အရိပ်ကဲ့သို့လည်းကောင်း၊ ဖြစ်လိမ့်မည်။" "သင်သည် ငါနှစ်သက်သောသူ၊ သင်၏မြေသည်လက်ထပ်သောမြေ ဟူသောအမည်ကိုရလိမ့်မည်။အကြောင်းမူကား ထာဝရဘုရားသခင်သည် သင့်ကိုနှစ်သက်တော်မူ၏" (ဟေရှာယ ၁၁း၄၊ ၃၂း၂၊ ၆၂း၄)။ ဤပုရောဖက် ဟောကြားချက် စကားအားဖြင့်၊

အထီးကျန်ဘဝမှာတစ်ကိုယ်တည်းနေရသော ဆရာယောဟန်သည် စိတ်နှလုံး ရွှင်လန်းဝမ်းမြောက်ရသောအခွင့်ကို ရရှိပါလေပြီ။ သူသည် လှပတင့်တယ် ခန့်ညားစွာ ပေါ်ထွန်းလာမည့် ရှင်ဘုရင်တစ်ပါးကို မျှော်လင့်ရင်းနှင့်မိမိ ကိုယ်ကိုပင်မေ့လျော့ခဲ့ပေသည်။ ထိုဘုရင်၌ ကြီးမြတ်သော သန့်ရှင်းခြင်း ကိုရှုမြင်ခဲ့ရသဖြင့်လည်း၊ မိမိကိုယ်ကိုမထိုက်တန်ကြောင်း၊ ခံစားရပေသည်။

သူသည် မည်သည့် လူသားကိုမျှမကြောက်ရွံ့ပါ။ ဘုရားသခင်၏ စေတမန်အဖြစ် ရှေ့သို့သာအစဉ်ချီနေမည်ဖြစ်၏။ အကြောင်းမူ့ား၊ သူသည် ဘုရားသခင်ကို မျှော်ကြည့်လေသောကြောင့်တည်း။ သူသည် လောက ရှင်ဘုရင်တို့ရှေ့မှောက်မှာ မကြောက်မရွံ့၊ မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ ပေသည်။ အကြောင်းမူကား၊ သူသည် ဘုရင်တကာတို့၏ ဘုရင်ရှေ့တော် မှောက်မှာ ဦးညွှတ်ခဲ့ပြီဖြစ်သောကြောင့်တည်း။

ယောဟန်သည် မေရှိယသခင်နိုင်ငံတော်၏ သဘောသဘာဝကို ကောင်းမွန်စုံလင်စွာနားလမလည်ခဲ့ပေ။ သို့သော်လည်း ကိုယ်တော်ရှင်သည် ဘုရင်တကာ့ဘုရင်၏ ဖြောင့်မတ်ခြင်းနှင့် ပေါ်ထွန်းတော်မူ၍ သန့်ရှင်း သောလူမျိုးတစ်မျိုးအနေဖြင့် အစ္စရေးနိုင်ငံကို တည်ထောင်လိမ့်မည်ဟူ သောမျှော်လင့်ချက်သည် သူ၌ရှိ၏။

ယောဟန်သည် မိမိလူမျိုးကိုကြည့်၍ သူတို့သည် ကိုယ့်လုပ်ရပ် များတွင် ကျေနပ်ကာနေ၍ အပြစ်နွံတွင်းမှာအိပ်ပျော်၍နေကြောင်းကို မြင်၏။

သူ့အား ဘုရားသခင်ကပေးအပ်ထားသောသတင်းစကားမှာ ယုဒ လူတို့အား၊ ငိုက်မျဉ်းအိပ်ပျော်ရာမှနိုးရန်ဖြစ်ပါသည်။ ဇဝ်ဂေလိတရားတော် ၏မျိုးစေ့သည် ခြေကုပ်မယူမီတွင် စိတ်နှလုံး မြေဆီလွှာကို ခြေမွှဖျက် ဆီးပစ်ရမည်မဟုတ်လော။ ထိုသူတို့သည် ယေရှုသခင်ထံတော်မှအနာ ပျောက်ကင်းစေသော ဆေးတန်ခိုးကိုမရယူမီ အပြစ်၏ ဒဏ်ရာချက်များ မှ ရရှိမည့် ဘေးအန္တရာယ်များကို သိမြင်ကာ၊ နိုးကြားသင့်ပါသည်။

ထာဝရဘုရားသခင်သည် မသန့်ရှင်းသောလူသားတို့အား လုံခြုံစိတ်ချရသောနေရာသို့ ရောက်ရှိစေခြင်းငှာ ချော့မော့ရန်အတွက် မိမိစေတမန်များကို မစေလွှတ်ပါချေ။ ကိုယ်တော်ရှင်သည် ဒုစရိုက်အပြစ်ပြုသူတို့၏ အသိစိတ်ပေါ်သို့ လေးလံသောဝန်ထုပ်များကို တင်ထား၍ စိတ်ဝိညာဉ်သည်အပြစ်နှင့်မကင်းကြောင်းကိုသိမြင်စေရန် ဝိညာဉ်ရေးမြားတို့ကို ပစ်ခွင်းထိုးဖေါက်တော်မူပါသည်။

ဤတွင် အစေခံ နံဝိညာဉ် ကောင်းကင်တမန်များက၊ ဝိညာဉ်ရေးအသိစိတ်လိုအပ်ကြောင်းကို ပိုမိုနက်ရှိုင်းစွာ သိရှိလာစေရန်၊ ကြောက်ရွံ့ဖွယ်ဘုရားသခင်၏ တရားစီရင်ခြင်းအကြောင်းကို ဖေါ်ပြခဲ့ပါသည်။ထိုနောက်မှမြေမှုန့်တိုင်အောင်နှိမ့်ချတော်မူသော လက်ရုံးတော်သည် နောင်တရသောအပြစ်သားအား ချီမတော်မူ၏။

## လွတ်လပ်ရေးကိုမျှော်လင့်နေကြခြင်း

နှစ်ခြင်းဆရာယောဟန်၏အမှုတော်မြတ်စတင်ချိန်မှာ ယုဒလူမျိုးတို့သည် လွတ်လပ်လိုစိတ်ပြင်းပြနေကြပါသည်။ အုပ်ချုပ်မင်းပြုနေသောအာခေလကို ဖယ်ရှားပြီးသည်နောက်မှာ ယုဒပြည်သည် ရောမတို့၏တိုက်ရိုက်အုပ်ချုပ်မှုအောက်သို့ သက်ရောက်လာ၏။ သက်ဦးစံပိုင်ရှင်ဘုရင်ဆန်ဆန်အုပ်ချုပ်နေသော ရောမဘုရင်ခံတို့၏ အဆမတန်အခွန်ငွေတောင်းခံမှုများနှင့် တစ်ပါးအမျိုးသားတို့၏ အထိမ်းအမှတ်နေ့ကောင်းရက်မြတ်များထုံးစံဓလေ့များကို ကျင့်သုံးလုပ်ဆောင်စေရန် အခိုင်အမာ သန္နိဋ္ဌာန်ချညွှန်ကြားခြင်းတို့သည် အစ္စရေးပြည်သား သတ္တိအရှိဆုံး သူရဲကောင်းများစွာတို့၏ အသက်သွေးကို မြေခစေခဲ့ပါသည်။

ထိုသို့စိတ်ဝမ်းကွဲ၍ တစ်ဘက်နှင့်တစ်ဘက်အကြိတ်အနယ်ဘက်ပြိုင်နေသည့်ကြားတွင် တောတွင်းတစ်နေရာမှအသံကို ကြားရပါ၏။ ထိုအသံသည်ထိတ်လန့်ဖွယ် တင်းမာနေပါသော်လည်း မျှော်လင့်ချက်

**တော့အပြည့်ရှိပါသည်။ "ကောင်းကင်နိုင်ငံတည်လုနီးပြီ၊ ထိုကြောင့်နောင်တရကြလော့" ဟူ၍ဖြစ်၏။ ထိုအသံ၏ တန်ခိုးတော်ကြောင့် လူအများစိတ်လှုပ်ရှားလာကြသည်။ ခရစ်တော်သခင်ပေါ်ထွန်းတော်မူမည်ဟူသော ကြေညာချက်သည်လည်း ယခုပင်ဖြစ်တော့သည်ဟု တွင်တွင်ကြီး ဟစ်ကြွေးနေပါသည်။**

**ဧလိယ၏ စိတ်ဓါတ်နှင့်တန်ခိုးအားဖြင့် ယောဟန်သည် တစ်မျိုးသားလုံးတွင် ဖြစ်ပေါ်နေသောညစ်ညမ်း၍ ပျက်စီးယိုယွင်းမှုများကို လူသိရှင်ကြားရှုတ်ချအပြစ်တင်၍ နေရာအနှံ့ရေပန်းစားကာ မင်းမူနေသောဒုစရိုက်လုပ်ရပ်များကိုလည်း ဆုံးမခဲ့ပေသည်။ သူ၏စကားသံသည် လိုရင်းတိုရှင်းဖြစ်၍နားလည်သဘောပေါက်လွယ်၏။ သူ့သတင်းကြောင့် တစ်နိုင်ငံလုံးရှိလူများစွာတို့သည် လှုပ်လှုပ်ရွရွဖြစ်ကာ တောမှာလာ၍ စုရုံးကြပေသည်။**

**ယောဟန်သည် လူတို့အားနောင်တရရန်ဖိတ်ခေါ်နေ၏။ အပြစ်မှဆေးကြောခြင်းအထိမ်းအမှတ်အနေဖြင့် ယော်ဒန်မြစ်တွင် လူတို့အားရေနှစ်ခြင်းကိုပေးသည်။ နှုတ်မှလည်း ဘုရားသခင်ရွေးချယ်သော လူတို့သည် အပြစ်နှင့်စွန်းထင်းညစ်ညူးလျက်ရှိကြောင်း၊ ထိုစွန်းထင်း ညစ်ညမ်းသည့်စိတ်နှလုံးသားနှင့်အသက်တာကို သန့်ရှင်းအောင်မပြုလုပ်ကြပါလျှင် မေရှိယသခင်၏နိုင်ငံတော်မြတ်နှင့် မသက်ဆိုင်ကြောင်းဟောပြောခဲ့ပါ၏။**

**မင်းညီမင်းသား၊ ကျမ်းတတ်ဆရာတော်များ၊ စစ်သူရဲများအကောက်အခွန်အရာရှိများနှင့် တောင်သူလယ်သမားတို့သည် ထိုပုရောဖက်၏သတင်းစကားကို ကြားနာရန်အတွက် တောသို့လာခဲ့ကြလေသည်။ ထိုသတိပေးစကားသံကြောင့် ထိတ်လန့်၍ နောင်တရသူများစွာတို့သည် ရေနှစ်ခြင်းမင်္ဂလာကို ခံယူကြ၏။ မေရှိယသခင်၏ နိုင်ငံတော်မှာဝင်စားနိုင်ဖို့ရန်အတွက်ကိုလည်း သူတို့၏ စိတ်နှလုံးအသက်တာမှာ ပြောင်းလဲသွားကြလေပါပြီ။**

ကျမ်းတတ်ဆရာ ဖာရိရှဲများစွာတို့သည်လည်း နှစ်ခြင်းဆရာယောဟန်ထံသို့လာရောက်၍ မိမိတို့၏အပြစ်များကို ဖေါ်ပြဝန်ချတောင်းပန်လျက် သူတို့အား ရေနှစ်ခြင်းပေးရန် တောင်းခံကြပါ၏။

သူတို့သည် မိမိတို့ကိုယ်ကို သူတစ်ပါးထက် ချီးမွမ်းခန်းထုတ်၍ ဘုရားတရား ကိုင်းရှိုင်းသူများအဖြစ် လူတို့ကိုမြင်တွေ့စေသည်မဟုတ်လော။ ယခုမှာ ထိုလိမ်ညာမှုနှင့်ယှဉ်သော မိမိတို့၏အသက်တာအတွင်းသဏ္ဍာန်သည် ဖုံးကွယ်ရာမရ ဘူးပေါ်သလိုပေါ်နေပါပြီ။ ဒါကိုဆရာယောဟန်သည် သန့်ရှင်းသောဝိညာဉ်တော်၏ ပေးသနားတော်မူသော အကြားအမြင်ဖြင့်သိရှိ၏။

သူတို့သည် သာယာစားများပင်ဖြစ်ကြပါသည်။ သူတို့သည် ဆရာယောဟန်၏မိတ်ဆွေများဖြစ်သောကြောင့် ပေါ်ထွန်းတော်မူမည့် မင်းလောင်းမေရှိယထံမှ အခွင့်အရေးထူးကို ရရှိလိမ့်မည်ဟုမျှော်လင့်ကြ၏။ ၄င်းအပြင် လူကြိုက်များ၍ ရေပန်းစားနေသောထိုဆရာထံ၌ ရေနှစ်ခြင်းမင်္ဂလာကိုခံယူလိုက်ပါသော်၊ ယုဒလူတို့အပေါ်ဩဇာသက်ရောက်မှုပိုမို၍အားကောင်းလာလိမ့်မည်ဟု ထင်မှတ်ခဲ့ကြပါသည်။

## ဆရာယောဟန်၏ စူးရှသောဆုံးမပြစ်တင်မှု

နှစ်ခြင်းဆရာယောဟန်သည် ထိုတစ်ယူသန်ဖေါက်ပြန်သူတို့အား "အချင်းမြွေဆိုးအမျိုးတို့ ရောက်လုသောဘေးဒဏ်မှ ပြေးသွားစိမ်သောငှာ အဘယ်သူသည် သင်တို့ကို သတိပေးဘိသနည်း။ နောင်တရခြင်းနှင့်ထိုက်တန်သောအကျင့်ကို ကျင့်ကြလော့" ဟု ထိခိုက်နာကျင်စေသော စကားလုံးများအားဖြင့် မေးမြန်းလိုက်ပါသည်။

ဤသို့ဆိုးရခြင်းအကြောင်းကားဂျူးလူမျိုးတို့သည်မိမိတို့ကိုယ်ကို ဘုရားသခင်နှင့်ပြတ်စဲလိုက်ခြင်းဖြင့်ဘုရားသခင်၏တရားစီရင်ခြင်းကိုဖိတ်ခေါ်နေသောကြောင့်တည်း။ သို့ဖြစ်၍ သူတို့သည် တိုင်းတစ်ပါးသားတို့၏

လက်အောက်သို့ရောက်ကာ နှိပ်စက်ခြင်းကိုခံခဲ့ရပေသည်။ ယခင်ကအချိန်များမှာ ဘုရားသခင်သည် ထိုသူတို့အား များစွာကျေးဇူးပြုခဲ့သောကြောင့် ကျူးလွန်ခဲ့သောအပြစ်များအတွက် သူတို့တတွေ ဆင်ခြေတက်ခဲ့ကြ၏။ သူတို့သည် အခြားလူများထက်သာ၍ ကောင်းမြတ်ကြကြောင်း၊ ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို ခံထိုက်သူများဖြစ်ကြောင်း မိမိတို့ကိုယ်ကိုလည်း အမွှမ်းတင်ပြောဆိုကြပါသည်။

ဆရာယောဟန်သည် အစ္စရေးကျမ်းတတ် ဆရာတော်များအား မိမိတို့၏ မာန်မာနမထောင်လွှားခြင်း၊ တစ်ကိုယ်ကောင်းစိတ်နှင့် ရက်စက်ကြမ်းတမ်းမှုများသည် ပြည်သူလူထုများစွာတို့အတွက် သေစေတတ်သော မြွေပွေးအဆိပ်ဖြစ်ကြောင်း၊ ထုတ်ဖေါ်ပြောဆိုခဲ့ပေသည်။ ထာဝရဘုရားသခင်၏ တရားတော်အလင်းမီးအောင်းအောက်မှာ ၎င်းတို့ကို ချိန်ကြည့်မည်ဆိုလျှင်လည်း ထိုသူတို့သည် တစ်ပါးအမျိုးသားလူတို့ထက် ပိုမို၍ ဆိုးသွမ်းကာ အောက်တန်းကျနေပါသေးသည်တကား။ သို့ဖြစ်၍ ထာဝရဘုရားသခင်သည် မိမိ၏ အကြံအစည်တော်ကို ပြည့်စုံစေဖို့ရန် ထိုသူတို့အားအမှီမပြုချေတော့၊ မိမိ၏ အမှုတော်မြတ်အတွက် အခြားသောလူမျိုးကိုလည်း ဖိတ်ခေါ်နိုင်သည်မဟုတ်ပါလား။

သို့ဖြစ်၍ ပုရောဖက် ယောဟန်သည် ဤသို့လျှင် ပြောတော့၏။ “သစ်ပင်အနားမှာ ပုဆိန်ထားလျက်ရှိသည်ဖြစ်၍ ကောင်းသောအသီးမသီးသောအပင်ရှိသမျှတို့ကို ခုတ်လှဲ၍ မီးထဲသို့ ချလိုက်ရသည်။”

အကယ်၍ အသီးသည် တန်ဖိုးမရှိလျှင် အပင်၏အမည်သည်အပင်အားခုတ်လှဲခံရခြင်းမှ ကာကွယ်နိုင်မည် မဟုတ်ချေ။ အကယ်၍ ထိုယုဒလူတို့သည် မိမိတို့၏ အကျင့်စာရိတ္တနှင့် အသက်တာသည် ထာဝရဘုရားသခင်၏ ပညတ်ထားချက်များနှင့် ညီညွတ်မှုမရှိခဲ့ပါသော် ထိုသူတို့သည် ဘုရားသခင်၏ လူများမဟုတ်ကြောင်းကို ကြေညာလိုက်ပါသည်။

ခရစ်တော်သခင်၏ နိုင်ငံတော်သားဖြစ်လာမည့် သူအပေါင်းတို့သည်ယုံကြည်ခြင်းနှင့် နောင်တရခြင်းသာမက အထောက်အထားများ၊ မိမိတို့၏ အသက်တာမှာ ပြသဖို့လိုသည်ဟု ဆရာယောဟန်က သွန်သင်ပါသည်။

ထိုမျှနှင့်မလုံလောက်သေး၊ ကြင်နာသနားစိတ်ရှိခြင်း၊ ရိုးသားခြင်းနှင့် ဘုရားသခင်အပေါ် မှာသစ္စာစောင့်သိခြင်းသည်လည်း မိမိတို့၏ အသက်တာမှာ တွေ့မြင်နိုင်ရပေလိမ့်မည်။ ဆင်းရဲချို့တဲ့သူတို့အား အလုပ်အကျွေးပြု၍ ဘုရားသခင်ထံတော်သို့လည်း ပူဇော်သက္ကာများကို ယူဆောင်လာကြရပါမည်။ အကူအညီကင်းမဲ့သူတို့ကို ကာကွယ်၍ ကောင်းမြတ်သောအကျင့်စာရိတ္တနှင့် သနားကျင်နာမှုကို သက်သေအဖြစ် ပြသရပါဦးမည်ဟု မေတ္တာတရားကို အခြေခံကာ ကျင့်စဉ်များကိုတိုး၍ တရားဟောနေပါသည်။

"ငါသည် နောင်တရဖို့အလို့ငှာ သင်တို့ကို ရေနှင့်နှစ်ခြင်းကိုပေး၏။ ငါ့နောက်ကြွလာသောသူသည် ငါ့ထက်တတ်စွမ်းနိုင်၏။ ထိုသူ၏ ခြေနင်းတော်ကိုမျှ ဆောင်ခြင်းငှာ၊ ငါမထိုက်။ ထိုသူသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ မီးနှင့်လည်းကောင်း သင်တို့ကိုနှစ်ခြင်းပေးမည်။" (မဿဲ ၃း၁၁) ဟူသော ယောဟန်၏ ဆိုစကားသည် ဟေရှာယပုရောဖက်၏ စကားနှင့်ဆင်တူသည်မဟုတ်လော။

ထာဝရဘုရားသခင်သည် တရားစီရင်သာဝိညာဉ်၊ မီးလောင်သောဝိညာဉ်တော်အားဖြင့် မိမိလူမျိုးတို့၏အညစ်အကြေးများကို ဆေးကြောမည်ဖြစ်ပါသည်။ ကျမ်းစကားအရ "သင့်ကိုလည်း ငါကိုင်ယူပြီးလျှင် ချော်နှင့်ကင်းစင်၍ သင်၏ကြေးဖြူ (သံဖြူ) ရှိသမျှကိုလည်း ပယ်ရှားမည်" (ဟေရှာယ ၁း၂၅)။

မည်သူမဆိုတာဝရဘုရားသခင်၏တန်ခိုးတော်၌ မိမိတို့ကိုယ်ကို အပ်နှင်းသူအပေါင်းသည် ထာဝရဘုရားသခင်၏ဝိညာဉ်တော်က ထိုသူတို့၏ အပြစ်များကို လောင်ကျွမ်းပပျောက်စေပါလိမ့်မည်။ (ဟေဗြဲ ၁၂း၂၉)

ကိုကြည့်ပါ။ သို့သော်လည်း လူသည် အပြစ်ကိုသံယောဇဉ်ရှိ၍ တွယ်ကပ်စွဲငြိနေမည်ဆိုက အပြစ်နှင့်သူထပ်တူထပ်မျှဖြစ်ကာ ခွဲ၍မရပြီဖြစ်သောကြောင့် အပြစ်ကို မီးဖြင့်ဆေးကြောလိုက်သောအခါမှာ ထိုသူအပြစ်သားကြီးလည်း ပါသွားရချေမည်။ ခရစ်တော်ယေရှုဘုရားသခင် ဒုတိယအကြိမ်ကမ္ဘာမြေကြီးပေါ်သို့ဆင်းကြွလာသောအခါ ထိုသခင်၏ "နှုတ်တော်ထွက်ဝိညာဉ်တော်အားဖြင့်" လူဆိုးသွမ်းသူယုတ်မာတို့ကို ကြွလာတော်မူခြင်း၏ရောင်ခြည်တော်အားဖြင့် "ဖျက်ဆီးပယ်ရှားတော်မူလိမ့်မည်။ (၂သက် ၂း၈)။

ဖြောင့်မတ်သောသူတို့ကို အသက်ရှင်စေသော ထာဝရဘုရားသခင်၏ဘုန်းတန်ခိုးတော်ရောင်ခြည်တော်သည်အဓမ္မလူဆိုးသွမ်းတို့အား ပယ်ရှင်းတော်မူမည်ဖြစ်ပါသည်။

ရေနှစ်ခြင်းဆရာယောဟန်အချိန်မှာ ခရစ်တော်သခင်သည် ထာဝရဘုရားသခင်၏ ဂုဏ်တော်ကို ထင်ရှားစေမည့်သူတစ်ဦးအဖြစ် ပေါ်ထွန်းလာအံ့ဆဲဆဲ အခြေအနေမှာ ရှိပါသည်။

ထိုသခင်၏ ရှေ့တော်မှောက်မှာ လူသည် မိမိ၏အပြစ်ကိုမဝှက်ထားနိုင်ပါ။ မိမိတို့၏ အပြစ်များကို ဆေးကြောသန့်စင်ဖို့ရန် အလိုရှိသောသူတို့သာလျှင် ထိုသခင်နှင့် မိတ်သဟာယဖွဲ့နိုင်မည်ဖြစ်ပါသည်။

ဤသို့လျှင် နှစ်ခြင်းဆရာယောဟန်သည် ဘုရားသခင်၏ သတင်းစကားကို အစ္စရေးနိုင်ငံမှာ ဟောပြောသက်သေခံခဲ့ပါ၏။ များစွာသောပြည်သူပြည်သားအပေါင်းတို့သည် ယောဟန်၏ သွန်သက်ချက်များကို နားထောင်ကျင့်သုံးနိုင်ရန်အလို့ငှာ သတိပြုကာ ကိုယ်ကျိုးစွန့်သောအမှုတို့ကိုလုပ်ဆောင်ကြ၏။ သူသည် မေရှိယသခင်သာလျှင် ဖြစ်ရမည်ဟု လူများစွာတို့က ထင်မှတ်စွဲလမ်းခဲ့ကြပေသည်။ သို့သော်လည်း လူထုပရိသတ်၏ စိတ်နှလုံးတို့သည် မိမိအပေါ်သို့ ယိမ်းယိုင်နေကြောင်းကို

**ယောဟန်သည် တွေ့မြင်လာသည်နှင့်အမျှ ထိုသူတို့၏ ယုံကြည်ခြင်းကို မကြာမီကြွလာမည့် ကယ်တင်ပိုင်သူ ယေရှုခရစ်တော်ထံသို့ အခွင့်အရေးရတိုင်း ဦးလှည့်ညွှန်ပြပေးခဲ့ပါသည်တကား။**

-ဝ-

# အခန်း (၁၁)
# ယေရှုသခင်ရေနှစ်ခြင်းမင်္ဂလာကိုခံယူခြင်း

(မဿဲ ၃း၁၃-၁၇။ မာကု ၁း၉-၁၁။ လုကာ ၃း၂၁-၂၂ တို့ကို အခြေပြုထားပါသည်။)

တောဥ္စကြွေးကြော်ဟောပြောနေသော ပုရောဖက် ယောဟန်၏ သတင်းစကားသည် ဂါလိလဲပြည်အနှံ့သို့ပျံ့နှံ့သွားခဲ့ပါသည်။

ထိုသတင်းစကားသည် ဝေးလံသောတောင်ကြားမြို့ကလေးများတွင် နေထိုင်သောတောင်သူလယ်သမားဦးကြီးတို့ထံသို့လည်းကောင်း၊ ရေအိုင်ကြီးဘေးမှာနေထိုင်ကြသော တံငါသည်များထံသို့လည်းကောင်း ရောက်ရှိသွားသဖြင့်လည်းငှင်းတို့ထံမှ ရိုးသားစစ်မှန်သော တုံ့ပြန်ချက်များကို ရရှိပါ၏။

ယေရှုသခင်နှင့် ဆရာယောဟန်တို့သည် ဝမ်းကွဲညီအစ်ကိုများဖြစ်ကြပါသော်လည်း တစ်ဦးနှင့်တစ်ဦး တိုက်ရိုက်သိကျွမ်းခြင်းမရှိခဲ့ပါ။

သခင်သည် နာဇရက်မြို့ လက်သမားရုံမှာအချိန်ကုန်၍ ဆရာယောဟန်မှာ တောတွင်းသားတစ်ယောက်ပမာဖြစ်နေပါသည်။

ထိုသူနှစ်ဦးသည် မတူညီသောပတ်ဝန်းကျင်မှာ လုံးဝအဆက်အသွယ်မရှိသောအခြေအနေမျိုးကိုထာဝရဘုရားသခင်သည်စီစဉ်ထားခြင်းဖြစ်ပါသည်။

သို့ဖြစ်၍တစ်ဦး၏ပြောဆိုချက်ကိုတစ်ဦးကထောက်ခံပြောဆိုရာတွင်

သူတို့သည် ပူးပေါင်းကြံစည်နေခြင်းမဟုတ်ကြောင်းကို အများက မြင်သာပြီမဟုတ်ပါလား။

ယောဟန်သည် ယေရှုသခင်ဖွားမြင်တော်မူမည်ဟူသော ဖြစ်ရပ်မှန်များနှင့် ကောင်းစွာ ယဉ်ပါးခဲ့သူဖြစ်ပါသည်။ ကလေးဘဝမှာ ယေရှုသခင်သည် ယေရုရှလင်မြို့သို့ သွားရောက်လည်ပတ်ကာ ယုဒဆရာတော်ကြီးများနှင့် အပြန်အလှန်ရင်းနှီးစွာ ဆွေးနွေး ပြောဆိုခဲ့ပုံများကိုလည်းသူကြားသိခဲ့ရပြီဖြစ်ပါသည်။

ကိုယ်တော်ရှင်သည် မေရှိယသခင် ဖြစ်ကြောင်းကိုသူသိ၏။သို့သော်လည်း ဤအကြောင်းအရာနှင့်ပတ်သက်၍ သူ့မှာခိုင်လုံသောအထောက်အထားမရှိပါ။ သို့ဖြစ်၍ သခင့်အပေါ် သံသယဝင်မိခဲ့ပါ၏။ မည်သို့ပင်ဖြစ်စေ ရှုပ်ထွေးသည့်အရာများ တစ်နေ့မှာ ရှင်းလင်းသွားလိမ့်မည်ကို ယောဟန်ယုံကြည်စွဲလမ်းနေပါသည်။ ထိုအချိန်ကိုလည်း စောင့်မျှော်ခဲ့၏။

မေရှိယသည်သူ့ထံမှာရေနှစ်ခြင်းမင်္ဂလာကို လာရောက်ခံယူမည်။ ၎င်းနောက် ကိုယ်တော်၏ ဘုရားသခင်ဇာတိတော်နှင့် ပတ်သက်သော အထိမ်းအမှတ်တစ်ခု ထင်ရှားလာလိမ့်မည်ဖြစ်ကြောင်းကို ယောဟန်သည် ဘုရားသခင်၏ ဖေါ်ပြချက်အားဖြင့် ကြိုတင်သိရှိ၍ နေလေပါပြီ။

ယေရှုသခင်သည် ရေနှစ်ခြင်းမင်္ဂလာကို ခံယူရန်နှစ်ခြင်းဆရာယောဟန်ထံသို့ ချဉ်းကပ်လာသောအခါ မည်သူတစ်ဦးတစ်ယောက်တွင်မျှ မတွေ့မြင်ဖူးခဲ့သော ဖြူစင်သန့်ရှင်းသည့်ဂုဏ်တော်ကို ထိုသခင်၌ သူတွေ့ရှိခဲ့ရပေသည်။ ကိုယ်တော်ရှိသည့်နေရာမှာ ပတ်ဝန်းကျင်သည် သန့်ရှင်း၍သူ့စိတ်နှလုံးအစုံတို့သည် ချစ်ကြောက်ရိုသေခြင်းနှင့်ပြည့်ဝလာပါသည်။ ဤမြင်ကွင်းကို ယောဟန်သည် ကြိုမြင်ထားခဲ့ပြီဖြစ်သောကြောင့် မေရှိယနှင့်ပတ်သက်လာလျှင် သူသိ၏။ သို့ဖြစ်၍လည်း သူသည် အပြစ်သားအပြစ်ကင်းစင်သူကို ရေနှစ်ခြင်း ပေးရမည်ဟူကဘယ်ကဲ့သို့

လျှင်ဖြစ်နိုင်အံ့။ ၄င်းပြင် နောင်တရရှိရန်မလိုသော ထိုသခင်သည်အပြစ်ဆေးကြောခြင်းကို ခံယူရန်အတွက် အပြစ်ကိုဖော်ပြဝန်ချတောင်းပန်ခြင်းနှင့်ဆိုင်သော အခမ်းအနားတစ်ခုကို အောက်ကျခံ၍ မည်သည့်အတွက်ကြောင့် လုပ်ဆောင်လေသနည်း။ သူမေးမိသလိုအံ့ဩမိပါသည်။

ယေရှုသခင်သည် ရေနှစ်ခြင်းခံပေးရန် ယောဟန်ထံမှာတောင်းဆိုလာသောအခါ သူသည်နောက်ဆုတ်၍ "အကျွန်ုပ်သည် ကိုယ်တော်ထံ၌ ရေနှစ်ခြင်းခံရမည်အကြောင်းရှိပါသည်ဖြစ်၍၊ ကိုယတော်သည်အကျွန်ုပ်ထံသို့ ကြွလာတော်မူသလော" ဟုဆီးတားလေ၏။

ယေရှုကလည်း အလုံးစုံသောတရားတို့ကို အကုန်အစင်ကျင့်သင့်သည်ဖြစ်၍ ယခုအခွင့်ပေးပါဟု အသံမာသော်လည်း နူးညံ့၍တန်ခိုးအာဏာနှင့်ပြည့်စုံသောလေသံနှင့်ပြန်လည်၍ မိန့်တော်မူခဲ့ပါသည်။ ထိုနောက် ယောဟန်သည် သဘောတူလျှက် ရေနှစ်ခြင်းကိုပေးလိုက်ပါ၏။ ရေမှပေါ်ထစဉ်တွင် ကောင်းကင်ဖွင့်လှစ်သဖြင့် ဘုရားသခင်၏ ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ဆင်းသက်၍ ကိုယ်တော်အပေါ်၌ နားတော်မူသည်ကိုမြင်ရပေသည်။

## အပြစ်ကင်းစင်သူခရစ်တော်ရေနှစ်ခြင်းခံယူခဲ့ခြင်း

ယေရှုသခင်သည် မိမိကျူးလွန်သော အပြစ်များကို ဝန်ခံသည့်အနေဖြင့် ရေနှစ်ခြင်းမင်္ဂလာကို ခံယူခဲ့ခြင်းမဟုတ်ပါ။ ကိုယ်တော်သည် မိမိကိုယ်ကို အပြစ်သားတစ်ဦးနှင့်မခြားဖြစ်သည်ဟု မှတ်ယူခဲ့၍သာဖြစ်၏။

ကိုယ်တော်သည် ကျွန်ုပ်တို့လုပ်ကိုင်သင့်သည်များကို ဆောင်ရွက်ပေးတော့မည်။ ရေနှစ်ခြင်းခံယူပြီးသည့်နောက် သခင်ယေရှု ရင်ဆိုင်ကြုံတွေ့ရလေသမျှသော ဆင်းရဲခြင်းများကို သခင်သည် စိတ်ရှည်သီးခံစွာဖြင့်

ရင်ဆိုင်ကျော်လွှားခဲ့ပုံများသည် ကျွန်ုပ်တို့အတွက် ပုံသက်သေတစ်ခုပင် ဖြစ်ပါသည်မဟုတ်လော။

ထိုသခင်သည် ရေထဲမှထလာပြီးသည်နောက် ယော်ဒန်မြစ်ကမ်းပါး မှာဦးညွှတ်၍ ဆုတောင်းခဲ့လေသည်။ ယခုမှာတော့ ကိုယ်တော်သည် အသက်တာ၏ ဆူးငြောင့်ခလုတ်၊ အခက်အခဲ၊ တိုက်လှန်ပွဲကြီးနှင့်ရင်ဆိုင်ရ ပေတော့မည်။

ကိုယ်တော်သည် ငြိမ်သက်ခြင်း၏အရှင်ဖြစ်တော်မူသော်လည်း မိမိ၏ကြွဆင်းလာခြင်းသည် တိုက်ပွဲသစ်တစ်ခုကို ဆင်နွှဲရတော့မည့်သင်္ကေတန် ပေါ်နေလေပြီ။ ထိုသခင်လာရောက်တည်ထောင်မည့် နိုင်ငံတော်ကို ယုဒ လူမျိုးတို့သည် လားလားမျှမလိုချင်ကြောင်း ဆန့်ကျင်ကြ၏။

သူ့အားအစ္စရေးတို့၏ဝတ်ပြုကိုးကွယ်မှုနှင့် အိမ်ထောင်မှုအုပ်ချုပ် ရေးနည်းစနစ်များ၏အုတ်မြစ်တို့ကို ပယ်ရှင်းဖျက်ဆီးမည့် ရန်သူတစ်ပါး အဖြစ် မြင်ကြပါသည်။ သို့ဖြစ်၍ သိနာတောင်ပေါ်မှာ ပညတ်တော်ဆယ် ပါးကိုပေးခဲ့သော ကိုယ်တော်အား ပညတ်တရားချိုးဖေါက်သူတစ်ဦးအနေ ဖြင့်စီရင်ကာ စာတန်၏ တန်ခိုးအာဏာကိုချိုးဖျက်ရန် ပေါ်ထွန်းတော်မူသော ကိုယ်တော်ရှင်အားဗေလုဇေဗုလဟူ၍စွပ်စွဲပြောဆိုကြလေသည်။ ဤကမ္ဘာ မြေကြီးသားတစ်ဦးတစ်ယောက်ကမျှ ကိုယ်တော်သခင်ကိုနားမလည်ကြပါ။ သို့သော်လည်း ကိုယ်တော်သည် တစ်ဦးတည်းသာလျှင်လျှောက်လှမ်းရ မည်ဖြစ်ပါသည်။ ထိုသခင်၏မယ်တော်နှင့် နောင်တော်ကြီးများတို့ကလည်း ထိုသခင်၏အမှုတော်မြတ်ကို နားမလည်ကြပေ။ ထိုသခင်၏စေတမန် တပည့် တော်များပင်လျှင် သခင့်ကိုနားမလည်ကြသည့်အဖြစ်ထက် ပို၍ဆိုးဝါး သည်ကား မရှိတော့ပါပြီ။

ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့ကဲ့သို့ ဇာတ်တူချင်းဖြစ်သောကြောင့် လူသားတို့ခံစားရသည့်အပြစ်ဒဏ်နှင့် ဝမ်းနည်းခြင်းရလဒ်တို့ကို ထမ်းပိုး

သယ်ဆောင်ရဦးမည်ဖြစ်၏။ အပြစ်၏ ရှက်ကြောက်ဖွယ်ရာများကိုလည်း အပြစ်မဲ့သူသခင်သည် ခံစားရပေသည်။ ငြိမ်းအေးမှုကို နှစ်သက်မြတ်နိုး သူသည် ရန်ဘက်များအကြားမှ နေထိုင်ရလေပြီတကား။

ဤသို့လျှင် အမှန်တရားသည် မှားယွင်းခြင်းနှင့်နေထိုင်၍ သန့်ရှင်းစင်ကြယ်ခြင်းသည် ဆိုးသွမ်းယုတ်မာမှုနှင့်အတူ ထမင်းလက်ဆုံစား ရပေ၏။ ပညတ်တော်ကို ချိုးဖေါက်သဖြင့် ဖြစ်ပေါ်လာသော ပြစ်မှုဟူသမျှ စိတ်ဝမ်းကွဲမှုတိုင်းနှင့် ကိလေသာတပ်မက်မှုဟူသမျှတို့သည် ထိုသခင်၏ စိတ်နှလုံးတော်ကို ထိခိုက်နာကျင်စေခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ ကိုယ်တော်သည် တစ်ပါးတည်းလျှောက်လှမ်း ကာ အပြစ်ဝန်များကို သယ်ပိုးနေခဲ့ပါသည်။ မိမိ၏ဘုန်းအသရေတော် ကိုချွတ်ပယ်၍ လူသားတို့၏အားနည်းမှုကို လက်ခံကာ ကမ္ဘာသူ၊ ကမ္ဘာသားများတို့ ကယ်တင်ခြင်းခံစားရရှိစေဖို့ ကမ္ဘာ့လူသားတို့၏အပြစ် များအားလုံးကို တစ်ဦးတည်းထမ်းရွက်ခဲ့ရပေသည်။ သခင်တွေ့မြင်လေ သမျှမှာ ခံစားရသည်ချည်းဖြစ်၏။

သို့ပါသော်လည်း သခင်၏ဦးတည်ရည်ရွယ်ချက်ကို သခင်သည် လားလားမျှမျက်ခြည်အပြတ်မခံခဲ့ပါချေ။

ကယ်တင်ပိုင်ရှင် ယေရှုသခင်သည် ခံစားချက်ကို တင်ပြကာ စိတ်အားကြီးစွာ ဆုတောင်းလျက်ရှိနေပါ၏။ သို့ဖြစ်၍လည်း အပြစ်တရား သည် လူသားတို့၏ နှလုံးသားကို မာကျောခက်ထန်စေပုံ၊ မိမိ၏ နူးညံ့ သိမ်မွေ့သော လူ့အကျိုးပြုအမှုတော်မြတ်ကိုပင် နားလည်ရန် လူသားတို့ အတွက် ခက်ခဲနေပုံ၊ ကိုယ်တော်ပေးသော ကယ်တင်ခြင်းဆုလက်ဆောင် ကိုပင် လက်သင့်ခံရန် ခက်ခဲပုံတို့ကို ကိုယ်တော်ရှင်သည် ကောင်းစွာ သိမြင်တော်မူခဲ့ပါသည်။ ထိုသူတို့၏ မယုံကြည်နိုင်မှုများ၊ အဖျက်သမား စာတန်၏ စွဲလမ်းတမ်းတစေသည့် အနှောင်အဖွဲ့များတို့ကို ချိုးဖျက်

အောင်မြင်နိုင်ရန် ကိုယ်တော်ရှင်သည် အဖဘုရားသခင်ထံ တောင်းဆုပြုခဲ့ပါပြီ။ ထိုသူတို့၏ကိုယ်စားသခင်သည် ဖျက်ဆီးသူကို အောင်နိုင်ရန်ဖြစ်သည်မဟုတ်ပါလား။

ကောင်းကင်တမန်တို့သည် ထိုကဲ့သို့သော ဆုတောင်းခြင်းမျိုးကို ယခင်ကတစ်ခါမျှ မကြားခဲ့ဖူးကြပါ။ အဖဘုရားသခင် ကိုယ်တော်တိုင်က သားတော်၏ဆုတောင်းချက်ကို အဖြေပေးတော်မူမည်ဖြစ်ပါသည်။ ထိုအခါ ကောင်းကင်ဖွင့်လှစ်ပြီး နူးညံ့သိမ်မွေ့၍ စိတ်နှလုံးနှိမ့်ချသူဖြစ်သော ကိုယ်တော်သခင်အတွက် သင့်လျော်ဆုံးအထိမ်းအမှတ်ဖြစ်သည့် ချိုးငှက်တစ်ကောင်အသွင်ဖြင့် အသန့်စင်ဆုံးအလင်းတော်ကို ကယ်တင်ပိုင်သူ ယေရှုသခင်၏ ဦးခေါင်းတော်ပေါ်သို့ ဆင်းသက်စေခဲ့ပါသည်။

ယော်ဒန်မြစ်ကမ်းပါးပေါ်မှာ လူထုပရိသတ်ကြီးရှိနေပါသော်လည်း ကောင်းကင်မှ ကျဆင်းလာသော ထိုမြင်ကွင်းကို နှစ်ခြင်းဆရာယောဟန် အပါအဝင် လူနည်းစုကသာ မြင်တွေ့လိုက်ရပါသည်။

သို့ပါသော်လည်း ထိုလူစုဝေးကြီးအပေါ်မှာ ထာဝရဘုရားသခင်၏ကြည်ညိုလေးမြတ်ဖွယ်သောအတူရှိနေမှုသည် သက်ရောက်လျက်ရှိ၏။

ထိုသူတို့သည် ခရစ်တော်သခင်ကို စေ့စေ့ကြည့်ရှုကြသည်တွင် ဘုရားသခင်၏ ပလ္လင်တော်မှာ အမြဲအစဉ်ကွန့်မြူးလျက်ရှိနေသောဘုန်းတော်သည် ထိုသခင်၏မျက်နှာတော်ကို ဖုံးလွှမ်းလျက်ရှိနေသည်ကို မြင်တွေ့ကြရပါသည်။

ထိုမျက်နှာမျိုးအဘယ်လူသား၌မျှ သူတို့မမြင်ကြဖူးချေ။ ဖွင့်လှစ်သောကောင်းကင်မှ ထွက်ပေါ်လာသော အသံကိုလည်း သူတို့ကြားရပေသည်။ “ဤသူကားငါချစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်း” ဟူ၍ဖြစ်၏။

## ကောင်းကင်ထက်မှထောက်ခံအတည်ပြုခြင်း

ထိုမြင်ကွင်းကို တွေ့မြင်သော သူတို့၏ယုံကြည်ခြင်းသည် တိုးပွားစေရန်နှင့်မိမိ၏ အမှုတော်မြတ်အတွက် ကယ်တင်ပိုင်သူ ယေရှုသခင်ကို ခွန်အားပေးရန် ရည်ရွယ်၍ ဘုရားသခင်သည် ထိုစကားတို့ကိုကြားပြောခဲ့ပါသည်။

ကမ္ဘာ့လူသားတစ်ရပ်လုံး၏ အပြစ်များကို ထိုခရစ်တော်သခင် အပေါ်သို့ တင်ထားတော်မူခဲ့ပြီးသော်လည်း ကျဆုံးပြီဖြစ်သော ကျွန်ုပ် လူသား သဘာဝကို ယူတင်ဝတ်ဆင်သဖြင့် ထိုသခင်သည် အသရေယုတ်ညံ့နေပြီးပါသော်လည်း ကောင်းကင်ထက်မှ အသံတော်သည် ကိုယ်တော်ရှင်အား ထာဝရဘုရားသခင်၏ သားတော်ဖြစ်ကြောင်းကြေညာတော်မူခဲ့လေပါပြီ။

ထိုမြင်ကွင်းကြောင့် ယောဟန်မှာ အလွန် စိတ်လှုပ်ရှားသွား၏။ ဘုရားသခင်၏ ဘုန်းတော်သည် ကိုယ်တော်အား ရစ်ပတ်ဝန်းရံတော်မူ၍ ကောင်းကင်ထက်မှအသံတော်ကို ကြားနာရသည်တွင် ယောဟန်သည် မိမိရေနှစ်ခြင်းပေးသူ ဤပုဂ္ဂိုလ်ကား ကမ္ဘာ့ကယ်တင်ရှင်ကြီးပင်ဖြစ်ကြောင်းကို အတတ်သိနေပြီဖြစ်ပါသည်။ သို့ဖြစ်၍ သူသည် လက်ကိုဆန့်၍ယေရှုသခင်ထံသို့ညွှန်ပြကာ "ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကိုကြည့်ရှုလော့ဟု ကြွေးကြော်ခဲ့လေသည်။ (ယောဟန် ၁း၂၉)။

"ဘုရားသခင်၏သိုးသငယ်" ဟု မြွက်ဆိုခဲ့သော နှစ်ခြင်းဆရာ ယောဟန်အပါအဝင် ကြားရသောသူအားလုံးသည် ထိုစကား၏အရေးပါပုံကို နားမလည်ကြပေ။ များစွာသောအစ္စရေးလူတို့သည်လည်း ပူဇော်သက္ကာဆိုသည်မှာ ဘုရားသခင်၏ အမျက်တော်ကို ပြေစေအံ့သောငှာ ပေးဆက်သည့် လူသားတို့ထံမှ လက်ဆောင်ပစ္စည်းပါဟု မယုံကြည်သူ

လူတို့မြင်ခဲ့ကြသလိုမြင်၏။ အမှန်အတိုင်းပြောရလျှင် ထိုပူဇော်သက္ကာသည် သိုးသငယ်ယေရှုခရစ်တော်ကို ပုံဆောင်၍ ဘုရားသခင်သည် မိမိနှင့် မိမိလူတို့စပ်ကြား ရန်ငြိမ်းစေသောလက်ဆောင်မွန်ဖြစ်၍ ထိုလက်ဆောင်မွန်သည် ကိုယ်တော်သခင်၏ မေတ္တာတော်မှ ပေါက်ဖွားလာကြောင်း အစ္စရေးတို့သိမှတ်စွဲလမ်းစေရန် ဘုရားသခင်အလိုတော်ရှိခဲ့ပါသည်။

"ဤသူကား၊ ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်း"ဟူသောယေရှုသခင်ကို ပြဋ္ဌန်းသောစကားသည် လူသားတစ်နွယ်လုံးကိုပိုက်ထွေးထားလျက်ရှိ၏။

ကျွန်ုပ်တို့သည် အပြစ်များနှင့်အားနည်းချက်များရှိနေလျက်ပင် တန်ဖိုးမဲ့သူများအဖြစ်မပစ်ပယ်ထားပါ။ "သခင်ယေရှုအားဖြင့် သားအရာကိုရမည့်အကြောင်း. . . ရှေးမဆွကခွဲခန့်မှတ်သားထားတော်မူပြီ" ဖြစ်ပါသည်။ (ဧဖက် ၁း၆)။

ခရစ်တော်ယေရှုသခင်အပေါ်မှာ ထွန်းလင်းသောဘုန်းတန်ခိုးတော်သည် ကျွန်ုပ်တို့လူသားအပေါ်ထားရှိသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်၏ ကတိသစ္စာတစ်ခုပင်ဖြစ်ပါသည်။ လူတို့၏ဆုတောင်းသံတို့သည် ဘုရားသခင်၏နားတော်သို့ ရောက်ရှိနိုင်ကြောင်း၊ ကောင်းကင်ရွှေပြည်မှာလက်ခံခြင်းပြုနေကြောင်း စသည့် ဆုတောင်းခြင်း၏ တန်ခိုးတော်မြတ်အကြောင်းကို ဤဖြစ်ရပ်မှန် ကယ်တင်ခြင်းသတင်းစကားက ကျွန်ုပ်တို့အား သွန်သင်နေပါသည်မဟုတ်လော။ အပြစ်ကြောင့် ဤကမ္ဘာမြေကြီးသည် ကောင်းကင်နှင့်အဆက်အသွယ်ပြတ်ခဲ့ရလေသည်။ သို့သော်လည်း ယေရှုခရစ်တော်သခင်သည်မိမိ၏ ကောင်းကင်ထက်ကဘုန်းတန်ခိုးတော်ဖြင့် တစ်ဖန်ပြန်လည်ဆက်သွယ်ပေးခဲ့ပါသည်။ ယေရှုခရစ်တော်၏ဦးခေါင်းထက်မှာသက်ရောက်သောကောင်းကင်ထက်မှ လင်းရောင်ခြည်သည်စုံစမ်းနှောင့်ယှက်ခြင်းကိုတွန်းလှန်ရန်စုံစမ်းနေသော ကျွန်ုပ်တို့

အပေါ်မှာလလည်း သက်ရောက်နိုင်ပါသည်။ ဆုတောင်းရန် အဆင်သင့်ရှိရပါမည်မဟုတ်လော။ ယေရှုသခင်အား မိန့်မြွက်တော်မူခဲ့သောအသံတော်သည် ယုံကြည်သူအကျွန်ုပ်တို့အားလည်း "ဤသူကား၊ ငါနှစ်သက်မြတ်နိုးရာငါ၏ချစ်သားပေတည်း" ဟူ၍ မိန့်တော်မူနေပါသည် မိတ်ဆွေ။

အပြစ်အကြီးမားဆုံးသောသူ၊ ဆင်းရဲနုံချာလွန်းသောသူ၊ အပစ်ပယ်ခံရသောသူနှင့် အထင်အမြင်သေးခံရရုံမျှမက အဖိနှိပ်ခံရဆုံးသောသူတို့သည် ကောင်းကင်ထက်က အဖခမည်းတော်ဘုရားသခင်ထံတော်ပါးသို့ တိုးဝင်ချဉ်းကပ်ခွင့်ရရှိစေရန်အလို့ငှာ၊ ယေရှုခရစ်တော်သခင်သည် လမ်းဖွင့်ပေးခဲ့လေပါပြီ။ လူသားတိုင်းသည် ယေရှုသခင်ကိုယ်တော်တိုင်သွားရောက်ပြင်ဆင်ပေးနေသောအိမ်တော်ကြီးမှာ နေစရာအခန်းများရနိုင်ကြပါသည်တကား။ ဖိတ်ခေါ်လျက်ပါ ချစ်မိတ်ဆွေရယ်. . . . ။

-ဝ-

# အခန်း (၁၂)
# စုံစမ်းသွေးဆောင်မှုများကိုခံရခြင်း

(မဿဲ ၄း၁-၁၁၊ မာကု ၁း၁၂-၁၃၊ လုကာ ၄း၁-၁၃ ကို
အခြေပြုသည်။)

စာတန်၏ စုံစမ်းနှောင့်ယှက်ခြင်းကို ခံစေမည်အကြောင်း ဝိညာဉ်တော်သည် ယေရှုတောသို့ပို့ဆောင်တော်မူ၏။ အရက်လေးဆယ်ပါတ်လုံးကိုတော၌နေ၍ စာတန်၏စုံစမ်းသွေးဆောင်ခြင်းကို ခံတော်မူ၏။ ထိုကာလပတ်လုံး အစာအာဟာရကို သုံးဆောင်တော်မမူ။"

ယေရှုသည်စုံစမ်းနှောင့်ယှက်ခြင်းကို မဖိတ်ခေါ်ခဲ့ပါ။ ကိုယ်တော်သည် တောထဲသို့တစ်ဦးတည်း သွားသည်ဆိုရာ၌ မိမိ၏ လုပ်ရမည့်တာဝန်ဝတ္တရား ဆောင်ရွက်ချက်လုပ်ငန်းကို ဆင်ချင်စဉ်းစားရန် ဖြစ်ပါသည်။ အစာရှောင်ဆုတောင်းခြင်းအားဖြင့်သာလျှင် မိမိလျှောက်နင်းရမည့် သွေးစွန်းသောလမ်းကို ဝိညာဉ်ခွန်အားဖြည့်ဆည်းကာ သာသနာခရီးဆက်နိုင်မည်မဟုတ်ပါလား။ သို့သော်လည်း စာတန်သည် ဤအချိန်ကား ယေရှုကိုချဉ်းကပ်ရန် မိမိအတွက် အကောင်းဆုံးအချိန်တည်းဟု စဉ်းစားမှတ်ယူခဲ့ပေသည်။

ခရစ်တော်သခင်နှင့်စာတန်တို့စပ်ကြား ဖြစ်ပွားသောအငြင်းပွားမှုကြီး၏ အကျိုးဆက်များသည် ဤကမ္ဘာဟောင်းကြီးတည်နေသ၍ ရှိနေမည်ဖြစ်ပါသည်။

စာတန်သည် ဤကမ္ဘာမြေကြီးအား မိမိပိုင်မြေဟု ကြေညာကာ မိမိကိုယ်ကို "ဤကမ္ဘာမြေကြီး၏ အရှင်သခင်ဖြစ်သည်" ဟု ဟိတ်ဟန်ထုတ်ခဲ့ပေသည်။ လူသားတို့သည် သူ့အား ရှင်ဘုရင်အဖြစ်ရွေးမြောက်ခဲ့ပြီဟုလည်း သူက အခိုင်အမာ ပြောဆိုခဲ့ပါသည်။

လူသားတို့အားဖြင့်လည်း စာတန်သည် မိမိထင်တိုင်းကြံကာ ဤကမ္ဘာကြီးတွင် မိမိ၏ အုပ်ချုပ်ပိုင်ခွင့်အာဏာတန်ခိုးကို တည်တံ့စေခဲ့ပါသည်။

ဒါကို ခရစ်တော်သခင်က မမှန်ကန်ကြောင်းသက်သေထူရန် ကြွဆင်းလာခြင်းဖြစ်၏။ ခရစ်တော်သခင်သည် လူသားတစ်ဦးအနေဖြင့် ဘုရားသခင်၌သစ္စာစောင့်သိရန် ရပ်တည်နေပါမည်။ ဤသို့လျှင် စာတန်စွပ်စွဲချက်တင်ထားသည်အတိုင်း လူသားတစ်နွယ်လုံးကို မိမိသည် လုံးဝဥသုံ ထိန်းချုပ်ထားသည်ဟူသောစကားမှာ မမှန်ကန်ကြောင်း ပြသနိုင်မည်မဟုတ်လော။ သူ၏ အုပ်ချုပ်မှုတန်ခိုးအာဏာစက်အောက်မှ လွတ်မြောက်လိုသောသူအပေါင်းတို့သည် လွတ်ကျွတ်ခွင့်ကို ရရှိသွားကြပေလိမ့်မည် ဖြစ်၏။

"သင်နှင့်မိန်းမကိုလည်းကောင်း၊ သင်၏ အမျိုးအနွယ်နှင့်မိန်းမ၏အမျိုးအနွယ်ကိုလည်းကောင်း ငါသည် ရန်ငြိုးဖွဲ့စေမည်" (ကမ္ဘာ ၃း၁၅) ဟူသော ကြေညာချက်ကို ဧဒင်ဥယျာဉ်တွင် မြွေအားမိန့်ကြားခဲ့ပြီးသည့်အချိန်မှစ၍ မိမိသည် ဤကမ္ဘာကြီးကို လုံးလုံးလျားလျားစိုးပိုင်ခွင့်မရနိုင်ကြောင်းကို စာတန် သိရှိခဲ့ပြီဖြစ်ပါသည်။ အာဒံနှင့်သားများတို့ ပူဇော်လိုက်သော ယဇ်ကောင်များကို စာတန်သည် စိတ်ဝင်စားစွာ ကြည့်ရှုပြီးသည့်နောက် ၄င်းသည် ကောင်းကင်နှင့်မြေကြီးစပ်ကြား ဆက်သွယ်ရေးပြ အထိမ်းအမှတ်တစ်ခုဖြစ်သည်ဟု ခွဲခြား သိမြင်လာခဲ့ပါ၏။

သို့ဖြစ်၍ စာတန်သည် ထိုမိတ်သဟာယဖွဲ့ခြင်းကို ကြားဝင်ဖြတ်တောက်ရန် စီစဉ်ခဲ့ပါသည်။ သူသည် ဘုရားသခင်အား မှားယွင်းစွာ ရုပ်လုံးဖေါ်ခဲ့၍ ကယ်တင်ပိုင်သူကို ပြည္ဆန်သောဘာသာရေးဝိနည်းအထုံးအဖွဲ့အခမ်းအနား ဝတ်ကြီးဝတ်ငယ်များကို မှားယွင်းစွာ အနက်အဓိပ္ပါယ်ဖွင့်ဆိုခဲ့ပါသည်။ ဘုရားသခင်ကိုလည်း ကြောက်စရာကောင်း၍လူသားတို့၏ ပျက်စီးခြင်းကို လိုလားသည့် အဖျက်သမားတစ်ဦးအဖြစ် မြင်တွေ့

ရန်လမ်းညွှန်ခဲ့ပေသည်။ ကိုယ်တော်ရှင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်ကိုထင်ရှားပေါ်လွင်စေသင့်သော ယဇ်ပူဇော်ခြင်းအမှုတို့ကိုလည်း ကိုယ်တော်ရှင်၏ အမျက်တော်ဖြေစေရန်အတွက်သာ ပူဇော်နေခြင်းဖြစ်သည်ဟု လူတို့ကို စွဲလမ်းစေခဲ့ပါသည်။

လူသားတို့အား ဘုရားသခင်၏ နှုတ်တော်ထွက် စာစောင်များကို ပေးဝေသောအခါမှာလည်း စာတန်သည် ကယ်တင်ပိုင်သူပေါ်ထွန်းလာမည့် ပုရောဖက် ဟောကြားချက်စကားတို့ကိုလည်း လှေ့လာခဲ့ပေသည်။ စာတန်သည် ခေတ်အဆက်ဆက်ရှိလူသားတို့အား ခရစ်တော်ယေရှုကြွဆင်းပေါ်ထွန်းတော်မူမည်ဟူသောအချက်ကို လက်မခံဘဲ ငြင်းပယ်ရန် လူသားတို့၏ ဝိညာဉ်ရေးမျက်လုံးကို ကွယ်စေခဲ့ပါပြီတကား။

ယေရှုသခင်ဖွားမြင်သောအခါတွင် မိမိ၏ အချုပ်အခြာအာဏာသည် ထိုသန့်ရှင်းသူအားဖြင့် အငြင်းအခုံဖြစ်တော့မည်ကို စာတန်သိပါသည်။

သားတော်ဘုရားသခင်သည် အံ့အားသင့်ဖွယ် အမှန်တရားကို သိမြင်ခြင်းနှင့်ပြည့်စုံသောလူသားတစ်ဦးအနေဖြင့် ပေါ်ထွန်းတော်မူမည်ဖြစ်ကြောင်းကိုလည်း သူသိနေပါသည်။ သို့ပါသော်လည်း သူ၏ တစ်ကိုယ်ကောင်းစိတ် အတ္တစိတ်က ထိုသခင်၏ ကြီးမားသောအပ်နှံမှု၏ နက်နဲရာများကို စေ့ငုံစွာနားမလည်နိုင်ခဲ့ပါချေ။ သူသည် ကောင်းကင် နိုင်ငံတော်ကို လက်လွှတ် ဆုံးရှုံးခဲ့ရပြီးသည့်အချိန်မှစ၍ မိမိကျဆုံးသကဲ့သို့ လူအပေါင်းတို့သည်လည်း ကျဆုံးခြင်းရှိအောင် သေဖော်ညှိသည့်အလုပ်သည် သူ၏ကလဲ့စားချေခြင်းအလုပ်ပင်ဖြစ်တော့သည်။

ကောင်းကင်နိုင်ငံတော်နှင့်စပ်ဆိုင်သော အရာများကိုလူသားတို့သည်တန်ဖိုးမထားစေရန်နှင့်မြေကြီးပေါ်ရှိမတည်မြဲသောအရာတို့၌သာစိတ်နှလုံးရောက်ရှိနေကြစေရန် စာတန်သည် လူသားတို့အား သွေးဆောင်ဖြားယောင်းနေပါပြီ။

# စာတန်သည် အောင်မြင်ရန်ဆုံးဖြတ်ခဲ့ခြင်း

ကောင်းကင်နိုင်ငံတော်မှာ ဗိုလ်ခြေအပေါင်းတို့ကို အုပ်စိုးရသော ခရစ်တော်ယေရှုသည် ဗက်လင်မြို့မှာ သူငယ်တော်ဘဝမွေးဖွားခြင်း ခံတော်မူချိန်မှစ၍၊ စာတန်၏ တိုက်ခိုက်မှုများကို ဒလစပ် အဆက်မပြတ်ခံခဲ့ရပါသည်။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်သည် ခရစ်တော်ယေရှု၌ ထင်ရှားနေသည်ဖြစ်ရကား ထိုသခင်ယေရှုအား အပြတ်အနိုင်ရအောင် ဆောင်ရွက်မည်ဟူသော ဆုံးဖြတ်ချက်သည်လည်း စာတန်၏ အတိုင်ပင်ခံအစည်းအဝေးတွင် ချမှတ်ခဲ့ပြီဖြစ်ပါသည်။

မကောင်းဆိုးဝါးအင်အားစုများသည် ထိုသခင်နှင့်စစ်ဆင်ရေးမှာ အာရုံစိုက်၍ လုပ်ဆောင်ရန်အတွက် စာတန်သည် ဦးဆောင်နေပါ၏။ ဖြစ်နိုင်လျှင် ထိုသခင်၏ လက်ရာတော်များကို ဖျက်ဆီးမည်မကသေး၊ ကိုယ်တော်တိုင်ကိုပင် ခေမှုန်းဖျက်ဆီးရန်ဖြစ်ပါသည်။

ကယ်တင်ပိုင်သူ ယေရှုသခင်၏ ရေနှစ်ခြင်းမင်္ဂလာခံယူပွဲမှာ "ဤသူကား၊ ငါ၏ချစ်သားပေတည်း" ဟူသော ယေဟောဝါဘုရားသခင်၏သက်သေခံချက်ကြေညာချက်ကို စာတန် ကိုယ်တိုင်ကြားခဲ့ရပြီမဟုတ်လော။ ယခုမှာတော့ ယေရှုသခင်သည် "အပြစ်နှင့်ပြည့်စုံသောဇာတိပကတိ၏ သဏ္ဍာန်ကိုဆောင်၍ ကြွလာနေလေပြီ" (ရောမ ၈း၃)။ ဒါကို ခမည်းတော်ဘုရားသခင် ကိုယ်တော်တိုင်ကိုက မိန့်မြွက်တော်မူ၏။

ယခင်ကာလတွေမှာ ခမည်းတော်ဘုရားသခင်သည် လူသားတွေနှင့်ဆက်သွယ်ရာ၌ ခရစ်တော်အားဖြင့် ဖြစ်ခဲ့ပါသော်လည်း၊ ယခုအချိန်မှာ ဘုရားသခင်သည် ခရစ်တော်၌လူသားတွေနှင့် မိတ်သဟာယဖွဲ့ ဆက်ဆံနေပါသည်။ လူနှင့် ဘုရားသခင်စပ်ကြားရှိ ဧရာမချောက်ကမ်းပါးကြီးကို ခရစ်တော်ယေရှုသည် ပြန်လည် ဆက်စပ် တည်ဆောက်ပေးခဲ့ပြီတကား။

စာတန်သည် ထိုတိုက်ပွဲကြီးမှာ အောင်နိုင်လျှင်အောင် (သို့မဟုတ်) ရှုံးမည်ကိုသူသိပါပြီ။ သူကိုယ်တိုင်က ထိုတိုက်ပွဲကြီးကို ဦးဆောင်နေပါ၏။ အယူဝါဒ ဖေါက်ပြန်သူတို့၏ အင်အားစုအလုံးစုံတို့သည် ခရစ်တော်သခင်အား ဆန့်ကျင်နေကြလေပြီ။ ငရဲသားတို့မှ လက်နက်ပေါင်းစုံတို့၏ပစ်မှတ်ကား ခရစ်တော်သခင်ပေတည်း။

ခရစ်တော်သခင်နှင့်စာတန်စပ်ကြား ဖြစ်ပွားနေသော တိုက်လှန်ပွဲကြီးကို လူတို့သည် မိမိတို့၏အသက်တာမှာ အကျိုးထူး သက်ရောက်မှုရှိမည်မဟုတ်ပါတကားဟု ထင်မှတ်ကြပေသည်။ သို့သော်လည်း ထိုတိုက်လှန်ပွဲကြီးသည် လူတို့၏ နှလုံးသားနယ်ပယ်မှာ ထပ်ခါတလဲလဲဖြစ်ပွားနေရသည်မဟုတ်လော။

ခရစ်တော်သခင်တွန်းလှန်ခဲ့ရသော စုံစမ်းသွေးဆောင်မှုများသည် ခုခံဆန့်ကျင်ရန် အလွန်ခက်ခဲသည်ဟု ကျွန်ုပ်တို့မှတ်ယူနေဆဲဖြစ်သည်မဟုတ်လော။

ဤလောကကြီး၏ကြောက်မက်ဖွယ်လေးလံသော အပြစ်ဝန်ထုပ်များကို ထိုသခင်သည်ထမ်းဆောင်နေလျက်ရှိစဉ်အခါ ခံတွင်းအရသာတောင့်တချက်များအပေါ် စမ်းသပ်မှု၊ လောကစည်းစိမ်ချမ်းသာကိုချစ်မြတ်နိုးခြင်းအပေါ် စမ်းသပ်မှုနှင့်ရဲရင့်သော ဒုစရိုက်လုပ်ရပ်ဆီသို့ ဦးတည်စေသော ဟန်ပြဝင့်ဝါချင်သည့်စိတ်သဘောထားအပေါ် စမ်းသပ်မှုစသည်တို့ကိုလည်း ထိုသခင်သည် ဆန့်ကျင်ခုခံနေခဲ့ပေသည်။

ဘုရားသခင်၏ပညတ်တော်သည် တရားမျှတမှုမရှိသည့်အပြင်၊ လိုက်နာစောင့်ရှောက်ရန်လည်းမဖြစ်နိုင်ကြောင်းကိုသက်သေပြ ချက်တစ်ခုအနေဖြင့်အာဒံ၏အပြစ်ကိုစာတန်သည် ပြည္တန်ခဲ့ပြီးဖြစ်ပါသည်။ခရစ်တော်သခင်သည် ကျွန်ုပ်တို့၏ လူသားဇာတိနှင့်ပင် အာဒံ၏ ကျဆုံးမှုကိုပြန်လည်ဆယ်ယူရန်ဖြစ်၏။ သို့ရာတွင်အာဒံသည်စာတန်၏ စုံစမ်းသွေးဆောင်မှုကို ခံရသောအခါမှာ သူ့၌ အပြစ်၏ အကျိုးသက်ရောက်

မှုတစ်စုံတစ်ရာမျှ မခံရရှိခဲ့သေးပေ။ သူ၌စုံလင်သော စိတ်စွမ်းအားနှင့် ခန္ဓာကိုယ်ခွန်အားတို့သည် ရှိပါ၏။ ဧဒင်ဥယျာဉ်တော်၏ ဘုန်းတန်ခိုးများဖြင့် သူ့အားခံရံလျက် သူသည် ကောင်းကင်သားများနှင့် နေ့စဉ်မိတ်သဟာယဖွဲ့ရသောအခွင့်ကို ရရှိခဲ့ပါသည်။

ခရစ်တော်ယေရှုသည် တောထဲမှာ စာတန်နှင့် တိုက်ခိုက်ရန်သွားရောက်သောအခါတွင်မူကား အာဒံ၏ အခြေအနေမျိုးကဲ့သို့ မဟုတ်ပါ။ နှစ်ပါင်း (၄၀၀၀) မျှလောက်သော လူသားတို့၏ ကျဆုံးခြင်းဆိုးမွေကိုခရစ်တော်သခင်သည် ယူတင်ဝတ်ဆင်ခဲ့ရပေသည်။ လူသားတို့သည် ခန္ဓာကိုယ်စွမ်းအား၊ စိတ်တန်ခိုးနှင့်ကိုယ်ကျင့်တရားတို့တွင် နိမ့်ကျယုတ်ညံ့လျက်ရှိနေချေပြီ။

ထိုဆုတ်ယုတ် ညံ့ဖျင်းလာသော လူသားတို့၏ အားနည်းချက်များကို သခင်သည် ယူတင်ဝတ်ဆင်ခဲ့ပါသည်။ ထိုသို့သော နည်းလမ်းဖြင့်သာလျှင် ကိုယ်တော်ရှင်သည် သိမ်ဖျင်းယုတ်ညံ့ဆုံးသော အခြေအနေမှာရှိသည့် လူသားတို့အား ကယ်တင်နိုင်မည်မဟုတ်ပါလား။

## ကိုယ်တော်သည် လူသားတစ်နွယ်လုံး၏ ကြွေးမြီးများကို တာဝန်ယူခဲ့ခြင်း

စုံစမ်းသွေးဆောင်မှုဟူသမျှသည် ခရစ်တော်သခင်ကို အောင်မြင်လွှမ်းမိုးသွားမည်ဆိုသည်မှာ မဖြစ်နိုင်ကြောင်း လူအများက အခိုင်အမာပြောဆိုကြပါသည်။ ထို့ပြင် အာဒံ၏ အနေအထားမျိုးမှာ ကိုယ်တော်ရှင်သည် မရင်ဆိုင်နိုင်ခဲ့ပါသော် အာဒံကရယူရန် ဆုံးရှုံးခဲ့သောအောင်မြင်မှုကိုလည်း ယေရှုသခင်သည် ရယူနိုင်လိမ့်မည်မဟုတ်ဟု လူအများကမှတ်ကြလေသည်။ ကျွန်ုပ်တို့သည် ခရစ်တော် ယေရှုထက်ပိုမို၍ စုံစမ်းသွေးဆောင်ခြင်းကို ခံစားနေရသည်ဆိုလျှင် ကိုယ်တော်သည် ကျွန်ုပ်
သွေးဆောင်ခြင်းကို ခံစားနေရသည်ဆိုလျှင် ကိုယ်တော်သည် ကျွန်ုပ်

တို့ဒုက္ခဆင်းရဲရောက်စဉ်တွင် ကူညီမစနိုင်လိမ့်မည်မဟုတ်ပါ။ သို့သော်လည်း ကျွန်ုပ်တို့၏ကယ်တင်ပိုင်သူ ယေရှုသခင်သည် လူသားတို့အတွက် ပေးဆပ်ရန် အပြစ်ကြွေးနှင့်အတူ လူသားဇာတိကို ခံယူတော်မူခဲ့လေသည်။

ထိုလူ့ဇာတိက အပြစ်သွေးဆောင်ရာသို့ လိုက်ပါသွားတတ်ပေသည်။ လူသားတိုင်းရင်ဆိုင်ခံစားရသောစုံစမ်းခြင်းကို ထိုသခင်သည် ခံစားခဲ့ဖူးလေပါပြီ။

ခံတွင်းအရသာအစာရေစာသည် ပထမဦးဆုံးကြီးလေးသည့် စုံစမ်းသွေးဆောင်ခြင်းတစ်ခုပင်ဖြစ်၏။ ၄င်းကို အကျွန်ုပ်တို့၏ အပြစ်မဲ့မိဦးဖဦး အာဒံနှင့်ဧဝတို့ရင်ဆိုင်ခဲ့ရပေသည်။ ထိုအခါ လူသားတို့ကျဆုံးသောကြောင့် ပျက်စီး ယိုယွင်းမှုသည် စတင်လာ၏။ ထိုနည်းတူ ကယ်တင်ခြင်းအစီအစဉ်လည်း စတင်ခဲ့ရပါသည်။ "ယေရှုသည် အရက်လေးဆယ်ပတ်လုံးအစာအာဟာရကို မသုံးဆောင်ဘဲနေပြီးမှ မွတ်သိပ်ခြင်းသို့ရောက်တော်မူ၏။ ထိုအခါ စုံစမ်းသွေးဆောင်သောသူသည် ချဉ်းကပ်၍ ကိုယ်တော်သည် ဘုရားသခင်၏ သားတော်မှန်လျှင် ကျောက်ခဲကိုမုန့်ဖြစ်စေခြင်းငှါ အမိန့်ရှိတော်မူပါဟုလျှောက်လေ၏။"

ဤရှေးဦးစကားတို့သည် လင်းသော ကောင်းကင်တမန်ဖြစ်ယောင်ဆောင်သော စာတန်၏ သံသယဝင်စေသည့် စကားပင်ဖြစ်၏။ "ကိုယ်တော်သည် ဘုရားသခင်၏ သားတော်မှန်လျှင်" ဟူသည်က စာတန်၏ စာရိတ္တကို အမှန်ဖော်ပြနေပေပြီ။ မယုံကြည်မှုကို မသိသော ဖော်ပြနေခြင်းဖြစ်ပါသည်။ စာတန်သည် ဧဝ၏စိတ်အာရုံထဲမှာ ပရိယာယ်ဖြင့်သံသယဝင်စေသည်မှာ ထိုစားဖွယ်ကောင်းသော အသီးရှိသမျှကို မစားရဟု ဘုရားသခင် ပညတ်ထားခြင်း၌ ထိုဘုရားသခင်သည် လူသားတို့အပေါ် ချစ်ခြင်းမေတ္တာမရှိ။ ဘုရားသခင်၏ သဘောသဘာဝနှင့် ဆန့်ကျင်နေ၏ဟု ပြောနေခြင်းဖြစ်ပါသည်။ ယခုတွင်လည်း ထိုကဲ့သို့ပင်

မိမိ၏ ပုဂ္ဂလိကထင်မြင်ချက်ကို အသုံးပြု၍ ခရစ်တော်အားနှိုးဆွရန်စာတန် အားထုတ်နေပါသည်။ "ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန် လျှင်" ဆိုသည့်စကားသည် စာတန်၏ စိတ်နှလုံးတွင် ခါးသီးသော နာကျင်မှုကိုဖြစ်စေပါသည်။

စကားသံ၏ အနေအထားအရ သံသယဝင်နေကြောင်းကိုဖေါ်ပြ၏။ ထာဝရဘုရားသခင်သည် မိမိ၏သားတော်ကို ဤကဲ့သို့ပြုမူဆက်ဆံလမ့်မည်လော။

အဖဘုရားသခင်သည် သားတော်ကို တောသားရဲထူပြောသော၊ အစာရေစာမရှိသော၊ လူသူတစ်ယောက်မျှမရှိ ပျော်ရွှင်စရာကင်းမဲ့သည့် ဤတောကြီးထဲမှာ ယခုကဲ့သို့စွန့်ပစ်ထားပါမည်လား။ ဘုရားသခင်သည် ဤကဲ့သို့သောအခြေအနေမျိုးမှာ သားတော်ကို မည်သည့်အခါမျှရှိစေမည် မဟုတ်ကြောင်းကို စာတန်သည် ယေရှုအား မသိမသာအယုံသွင်းပြောဆိုခဲ့ပေသည်။ "ကိုယ်တော်သည် ဘုရားသခင်၏ သားတော်မှန်လျှင် မိမိခံစားနေရသောဆာလောင်မှုကို သက်သာစေရန် ကိုယ်တော်၏တန်ခိုးကိုပြု၍ ဤကျောက်ခဲတို့အားမုန့်ဖြစ်စေခြင်းငှာအမိန့်တော်ရှိပါ" ဟုစာတန်တောင်းဆိုနေပါသည်။

## သံသယဝင်ရန် စုံစမ်းသွေးဆောင်မှုကိုခံရခြင်း

"ဤသူကား၊ ငါနှစ်သက်မြတ်နိုးရာငါ၏ချစ်သားပေတည်း"ဟူသော ကောင်းကင်ထက်ကအသံတော်သည်စာတန်၏နားတွင်ကြားယောင်နေဆဲဖြစ်၏။သို့သော်လည်းသူသည်ဤသက်သေခံချက်အမိန့်တော်ကိုယေရှုသခင်အား မယုံကြည်ရန်ပြုလုပ်မည်ဟုဆုံးဖြတ်ပြီးဖြစ်သည်။ဘုရားသခင်၏နှုတ်တော်ထွက်စကားတို့သည်ယေရှုသခင်၏ဘုရားသခင်ပေးအမှုတော်မြတ်အတွက်အာမခံချက်ပင်ဖြစ်၏။ထိုစကားတော်ကမိမိသည်ကောင်းကင်နိုင်ငံတော်နှင့်အဆက်အသွယ်ရှိကြောင်းကိုကြေညာနေသည်မဟုတ်ပါလား။စာတန်၏အကြံအစည်

မှာ ထိုစကားတော်ကို ခရစ်တော်ယေရှုက သံသယဖြစ်အောင် ပြုလုပ်ရန် ဖြစ်ပါသည်။ အကယ်၍သာ ခရစ်တော်သခင်သည် အဖခမည်းတော်အပေါ် ယုံကြည်စိတ်ချမှုမရှိ၊ တုန်လှုပ်ချောက်ချားနေပြီဆိုကာ သူသည် ယေရှုကို အနိုင်ရချေပြီကို သိပါသည်။

ယေရှုသည် စိတ်ဓါတ်အင်အားကျဆင်း၍ အလွန်အမင်းဆာလောင်ငတ်မွတ်နေချိန်မှာ ခမည်းတော်ဘုရားသခင်အပေါ်မှာ ထားရှိသော ယုံကြည်မှုသည် တိမ်းယိမ်းလာကာ မိမိ၏ဆာလောင်မှု (ကိုယ်ကျိုး) အတွက် နိမိတ်လက္ခဏာတစ်ခုကို ဘုရားသခင်ကိုယ်စားပြုတော်မူလိမ့်မည်ဟု စာတန်သည် မျှော်မှန်းမိခဲ့လေသည်။

သို့သော်လည်း ထိုကဲ့သို့သခင်သည် မပြုလုပ်ခဲ့ပါချေ။ အကယ်၍ သာထိုကဲ့သို့ပြုလုပ်ခဲ့ချေက ကယ်တင်ခြင်းစီမံကိန်းကြီးသည်လည်း ထာဝစဉ် ဧကန်မုချ ပျက်ပြယ်သွားရပေလိမ့်မည်။

စာတန်သည် မိမိ ရရှိသောအခွင့်အရေးကို အကောင်းဆုံးအသုံးချခဲ့ပါသည်။ တစ်ချိန်က ခရစ်တော်သခင်သည် ကောင်းကင်ဗိုလ်မင်းဖြစ်ခဲ့၍ သူ့အားကောင်းကင်မှ နှင်ထုတ်တော်မူခဲ့သည် မဟုတ်ပါလား။ ယခုအချိန်တွင် ပြောင်းပြန်ကြီးဖြစ်နေသဖြင့်၊ စာတန်က ယေရှုအား သင်သည် ကောင်းကင်တမန်များထဲတွင် တန်ခိုးအကြီးဆုံးဖြစ်၍ ယခုတွင် ကောင်းကင်နိုင်ငံတော်မှ နှင်ထုတ်ခြင်းကိုခံရပြီမဟုတ်လော။ လူသားတို့သည်လည်း သင့်ကို ဂရုမစိုက်အသိအမှတ်မပြု ဘုရားသခင် ကိုယ်တော်တိုင်လည်း သင့်ကို စွန့်ပစ်နေလေပြီကော။ အသင်၏ ရုပ်လက္ခဏာသည် ထိုကဲ့သို့ဖော်ပြနေ၏။ သို့ဖြစ်၍လာပါ။ ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင် ဤကျောက်ခဲများကို မုန့်ဖြစ်စေခြင်းငှာ မိန့်တော်မူပါ။ သို့ပြုလျှင် ကိုယ်တော်သည် ဘုရားသခင် ဇာတိတော်၏ သံသယမရှိနိုင်သော သက်သေအထောက်အထား ဖြစ်ပါလိမ့်မည်ဟု တိုက်တွန်းပြောဆိုခဲ့ပါ သည်။ အကယ်၍သာ ကိုယ်တော်သည် သံသယဝင်၍

စာတန်ပြောသလိုလုပ်လိုက်မည်ဆိုက အကောင်းနှင့်အဆိုးစပ်ကြား တိုက်လှန်ပွဲကြီးသည်လည်း အဆုံးသတ်သွားပြီဖြစ်ပါလိမ့်မည်။

သို့သော်လည်း ယေရှုသခင်သည် မိမိ၏ ဘုရားသခင်အဖြစ်တော်ကို စာတန်အား သက်သေပြရန်မဟုတ်ပါ။ အကယ်၍သာ ကိုယ်တော်သည် ရန်သူစာတန်၏ တောင်းဆိုအကြံပြုချက်များကို လိုက်လျောခဲ့ချေက စာတန်သည် ဆက်လက်၍ အတွန့်တက်ကာ ပြောနေဦးမည်မျှ သင်သည် ဘုရားသခင်သားတော်ဖြစ်ကြောင်းကို ငါသည် ယုံကြည်လက်ခံနိုင်မည် အကြောင်း နိမိတ်လက္ခဏာတစ်ခုကိုပြပါလော့။

ခရစ်တော်သခင်သည် မိမိ၏ ကိုယ်ကျိုးအတွက် ဘုရားသခင်ဇာတိတော်၏တန်ခိုးကို အသုံးပြုရန်မဟုတ်ပါချေ။ ယုံကြည်ခြင်းနှင့်အမိန့်နာခံခြင်းပုံသက်သေတစ်ခုကို ကျွန်ုပ်တို့အတွက်ထားရစ်လျက် ကျွန်ုပ်တို့ကဲ့သို့ ဆင်းရဲခြင်းကိုခံရန် ကိုယ်တော်ရှင်ကြွဆင်းလာခြင်းဖြစ်ပေသည်။ ထိုသခင်၏ အံ့သြဖွယ်ပြုတော်မူသော အမှုတော်မြတ်အပေါင်းတို့သည်လည်း အခြားသူအပေါင်းတို့၏ အကျိုးအလို့ငှာသာဖြစ်၏။ ကောင်းကင်ထက်မှအမိန့်ပေးသံကိုကိုယ်တော်သခင်သည် သတိရအောက်မေ့ကာ ခွန်အားယူလျက် အဖခမည်းတော်၏ချစ်ခြင်းမေတ္တာမှာ ခိုအောင်းတော်မူခဲ့ပါသည်။

ယေရှုသခင်သည် စာတန်နှင့်ဆုံတွေ့ရလေတိုင်းမှာ "ကျမ်းစာလာသည်ကား" ဟူသောစကားဖြင့်သာ တုံ့ပြန်ခဲ့ပေသည်။ ကိုယ်တော်ရှင်၏အသုံးပြုသောလက်နက်မှာလည်း ဘုရားသခင်၏ နှုတ်တော်ထွက်သာဖြစ်၏။ စာတန်သည် ခရစ်တော်သခင်ကို နိမိတ်လက္ခဏာပြရန်တောင်းဆိုလေတိုင်းမှာလည်း နိမိတ်လက္ခဏာအားလုံးတို့ထက် ကြီးမြတ်တော်မူသော "ထာဝရဘုရားသခင် မိန့်တော်မူသည်ကား" ဟူသောအချက်ဖြင့်သာ အခိုင်အမာ အားကိုးအားထားပြုကာ စာတန်ကိုနှုတ်ပိတ်စေခဲ့ပါသည်။ ကိုယ်တော်သည် ဤအနေအထားကို စွဲကိုင်ထားသရွေ့မှာ

သွေးဆောင်ဖြားယောင်းသူ စာတန်သည် အခွင့်အရေးကိုစိုးစဉ်းမျှမရနိုင်ခဲ့ ပါချေ။

ခရစ်တော်ယေရှုသခင်သည် ခွန်အားအနည်းဆုံးအချိန်မှာ အပြင်းထန်ဆုံးသောစုံစမ်းနှောင့်ယှက်ခြင်းကိုခံခဲ့ရပေသည်။ ဤသို့လျှင် စာတန်သည် လူသားတို့၏ အားနည်းချက်အပေါ်မှာ အခွင့်ကောင်းယူတတ်ပေ၏။

တောလည်ရာကျမ်း ၂၀း၁-၁၃။ ၃ရာ ၁၉း၁-၁၄ ကိုကြည့်ပါ။ လူသည် ဒုက္ခပင်လယ်ဝေ၍ ဆင်းရဲနွမ်းပါးကာ ရောဂါဘယ ခံစားရသည့် စိတ်နှလုံးရှုပ်ထွေးလာသောအချိန်များမှာ စာတန်သည် စုံစမ်းနှောင့်ယှက်ရန် အနားမှာအမြဲရှိနေပါသည်။ သူသည် လူသားတို့ခန္ဓာဝိညာဉ်အားနည်းစေရန် တိုက်ခိုက်၏။ ထာဝရဘုရားသခင်အပေါ် ယုံကြည်စိတ်ချမှုများ နုန့်နဲ့သွားစေရန် သူကြိုးစားနေပါသည်။ သွေးဆောင်လှည့်ဖြားသူသည် ကျွန်ုပ်တို့၏ အားနည်းချက်များနှင့် ချို့ယွင်းချက်များကို ပြလျက်ခရစ်တော်သခင်ထံသို့ ချဉ်းကပ်စဉ်ကကဲ့သို့ ကျွန်ုပ်တို့ထံချဉ်းကပ်တတ်ပါသည်။

လူတို့၏ အသက်ဝိညာဉ်များ စိတ်ဓါတ်ကျဆင်းရန်နှင့် ဘုရားသခင်အပေါ် အားကိုးမှုမရှိ၊ ပျက်ပြားစေရန် စာတန်မှာ မျှော်လင့်ချက်ထားရှိပါသည်။ သို့ပါသော်လည်း ကျွန်ုပ်တို့သည် စာတန်အား ယေရှုသခင်ရင်ဆိုင်ခဲ့သလို ရင်ဆိုင်ပါက များစွာသော ရှုံးနိမ့်ကျဆုံးမှုမှ လွတ်မြောက်ကြပါလိမ့်မည်ဖြစ်၏။

"လူသည် မုန့်အားဖြင့်သာ အသက်မွေးရမည်မဟုတ်၊ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရမည်" ဟူသော ယေရှုသခင်၏ မိန့်တော်မူချက်သည် ရှေးနှစ်ပေါင်း (၁၄၀၀) အထက်ကဣသရေလတို့အား သိမ်တောထဲမှာ ပြောခဲ့ပြီးသောစကား ဖြစ်ပါသည်။

ထိုအချိန်က ဣသရေလူတို့အား ဘုရားသခင်သည် မန္နမုန့်ဖြင့် မပြတ်မလပ်ဘဲ ကျွေးမွေးတော်မူခဲ့သည်မဟုတ်လော။ ထာဝရဘုရားသခင်

ကိုကိုးစားယုံကြည်၍ တရားတော်ကို နေ့ညဉ့်မပြတ်ဆင်ခြင်အောက်မေ့ကာ တရားတော်အတိုင်း လျှောက်လှမ်းသောသူတို့အား ကိုယ်တော်သည် ဘယ်သောအခါမျှ စွန့်ပစ်တော်မမူကြောင်းကို ဤနည်းအားဖြင့် ရှေးခေတ်အစ္စရေးတို့အား သွန်သင်ခဲ့ပါသည်။

ယခုမှာလည်း ဤကဲ့သို့သွန်သင်ရန်ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်တော်ထွက်စကားအားဖြင့် ဆင်းရဲဒုက္ခမှ ချမ်းသာခြင်းအခွင့်ကို ဟေဗြဲဗိုလ်ခြေအပေါင်းတို့အား ပေးသနားတော်မူခဲ့သကဲ့သို့ ထိုနှုတ်တော်ထွက်စကားအားဖြင့် ဆင်းရဲခြင်းကြီးစွာရောက်နေသော ယေရှုသခင်ကို ပေးသနားတော်မူပါလိမ့်မည်။

သို့ဖြစ်၍ သခင်သည် ဘုရားသခင်၏သက်သာခွင့်ပေးမည့်အချိန်ကို စောင့်ဆိုင်နေခဲ့ပါသည်။ ထိုသခင်သည် စာတန်၏ ကျော့ကွင်းနှင့်ယှဉ်သော အကြံပြုချက်များကို လိုက်နာခြင်းဖြင့် မိမိ၏ ဆာငတ်မှုကို ပြေပျောက်စေမည့်သူမဟုတ်ပါချေ။ စကြာဝဠာသတ္တဝါသက်သေများရှေ့မှာ ဘုရားသခင်၏ အလိုတော်မှ မည်သည့်နည်း၊ မည်သည့်ဟာန်နှင့်မဆို သွေဖည်တိမ်းစောင်းရန်ထက် ဖြစ်ပျက်လာမည့် မည်သည့်အရာကိုမဆို ရင်ဆိုင်ခံစားရန်မှာ အတိဒုက္ခသည် ပို၍ လျော့နည်းကြောင်းကို ထိုသခင်သည် သက်သေထူခဲ့လေပြီတကား။

ခရစ်တော်သခင်၏ နောက်တော်လိုက်များသည် မကြာခဏဆိုသလိုဖန်ဆင်းရှင် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်းအမှုကို မပြုနိုင်ဘဲ လောကရေးရာ လုပ်ငန်းဆောင်တာများကိုသာ ဆက်လက်၍ ဖိအားပေးဆောင်ရွက်နေသည့် အခြေအနေမျိုးရှိတတ်ပါသည်။ အဓိပ္ပါယ်မှာ မလုပ်လျှင်မစားရ၊ အခြေအနေမျိုးဖြစ်၏။ မိမိ၏ အသိစိတ်နှိုးဆော်မှုအရအပြစ်ရှိကြောင်း အထင်အရှားသိသောစိတ်ကို စွန့်လွှတ်လိုက်ရန်စာတန်သည်လူသားကိုယုံအောင်ကြိုးစား၍နေပါသည်။သို့သော်လည်း ကမ္ဘာပေါ်မှာကျွန်ုပ်တို့

အားထားမှီခိုရာပြုနိုင်သည့် တစ်ခုတည်းသောအရာမှာ ဘုရားသခင်၏ နှုတ်တော်ထွက်စကားပင်ဖြစ်ပါသည်။ "ဘုရားသခင်၏ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာကြလော့။ နောက်မှ ထိုအရာများ ကိုထပ်၍ ပေးတော်မူလတ္တံ့" (မဿဲ ၆း၃၃)။ ကျွန်ုပ်တို့သည် ဘုရား သခင်၏နှုတ်တော်ထွက်တန်ခိုးကို ဆည်းပူး ရရှိထားသောအခါမှာ စည်း စိမ်ချမ်းသာနှင့် အသက်ဘေးမှ လွတ်ရန်သော်လည်းကောင်း၊ အစာရေ စာကို ရရှိဖို့ရန်သော်လည်းကောင်း၊ စာတန်နတ်ဆိုးမင်း၏ ပေးသောပရိ ယာယ်အကြံကို လိုက်လျှောက်လိမ့်မည် မဟုတ်ပါ။

ဘုရားသခင်၏ ပညတ်တော်တို့ကိုသာ ယုံကြည်စွဲလမ်းကာ လိုက် နာစောင့်ရှောက်ပြီး ဘုရားသခင်၏ ကတိတော်မြတ်ကိုသာ အားကိုးစိတ်ချ ထားပါလိမ့်မည်။

ခရစ်တော်သခင်နှင့် စာတန်နတ်ဆိုးမင်းတို့စပ်ကြား ဖြစ်ပွားနေ သော မဟာအငြင်းပွားမှုကြီး၏ နောက်ဆုံးသော တိုက်လှန်ပွဲကြီးတွင် ဘုရားသခင်ကိုသစ္စာစောင့်သိသူများသည် ဤလောကဆိုင်ရာအထောက် အပံ့များဖြတ်တောက်ခြင်းခံရမည်ကို တွေ့မြင် ရကြလိမ့်မည်။ ထိုသူတို့ သည် ထာဝရဘုရားသခင်၏ ပညတ်တော်ကို မကျူးလွန်လိုကြသူဖြစ်သော ကြောင့် သူတို့ကို မရောင်းမဝယ်စေခြင်းငှာ စီရင်ခြင်းကို ခံရပေလိမ့်မည်။

ဗျာ ၁၃း၁၁-၁၇ ကိုဖတ်ရှုပါ။ သို့ပါသော်လည်း ထာဝရဘုရားသခင် ကိုကိုးစား နားထောင်သောသူတို့အဖို့ ဘုရားသခင်ပေးသနားတော်မူသော ကတိတော်မှာ "ခိုင်ခံ့သောကျောက်မြို့၌ ခိုလှုံလိမ့်မည်။ ထိုသူအားအစာ ကိုအစဉ်ပေးရလိမ့်မည်။ သောက်ရေလည်းမပြတ်ရ" ဟု ဆိုပါသည်။ (ဟေရှာယ ၃၃း၁၆)။

ဤကမ္ဘာမြေကြီးသည် ငတ်မွတ်ခေါင်းပါးခြင်းဘေးနှင့် ကြုံတွေ့နေ ရသောအချိန်မှာ ထိုသူတို့သည် ကျွေးမွေးခြင်းကို ခံရကြပေလိမ့်မည်။ ဆာလံ ၃၇း၁၉ ကိုဖတ်ရှုပါလေ။

# ချုပ်တည်းခြင်းမရှိခြင်းသည် အကျင့်စာရိတ္တကိုညစ်ညမ်းစေခြင်း

ခေတ်အဆက်ဆက်မှာ ကိုယ်ကာယဆိုင်ရာ ဇာတိသဘာဝတရားကိုနူးညွှတ်ပျော့ပျောင်းစေသော စုံစမ်းသွေးဆောင်ခြင်းများသည် လူသားတို့အား အကျင့်စာရိတ္တဖေါက်ပြန်ပျက်စီး၍ ယုတ်ညံ့သိမ်ဖျင်းစေရာတွင် အထိရောက်ဆုံးအရာတစ်ခုဖြစ်ပါသည်။

ချုပ်တည်းခြိုးခြံမှုမရှိခြင်းအားဖြင့်စာတန်နတ်ဆိုးမင်းသည် လူသားတို့၏ စိတ်စွမ်းအားနှင့် ကိုယ်ကျင့်တရားစွမ်းရည်တို့ကို ဖျက်ဆီးရန် လုပ်ဆောင်နေပါ၏။ ဤသို့လျှင် လူတို့သည် ထာဝရကာလနှင့်ယှဉ်သောအဖိုးတန်ရတနာများကို ချစ်မြတ်နိုးတွယ်တာရန် မဖြစ်နိုင်သည့်အခြေအနေသို့ရောက်ရှိစေပါသည်။ လောကကာမဂုဏ် ပျော်ပါးမှုများကိုခံစားရန် မက်မက်မောမောလုပ်ဆောင်စေခြင်းအားဖြင့်လည်း လူသည် ဘုရားသခင်နှင့်ဝေးကွာကာ ဘုရားသခင်၏ ရုပ်လုံးပုံသဏ္ဍာန်တော်ကို ဖေါ်ကျူး၍ မဖြစ်နိုင်တော့မည့်အခြေအနေသို့ရောက်ရန် စာတန်သည် လုပ်ဆောင်၍နေပါသည်။

ခရစ်တော်သခင် ကိုယ်တော်တိုင်က မိမိမကြွဆင်းလာမီ ဤကမ္ဘာလောကကြီး၏ အခြေအနေမှာ သောဒုံနှင့်ဂေါမရမြို့ကြီးများကဲ့သို့ လည်းကောင်း၊ ရေမလွှမ်းမိုးမီကာလကဲ့သို့လည်းကောင်း၊ ဖြစ်မည်ဟု ကြိုတင်၍ ကြေညာခဲ့ပြီးလေပြီ မဟုတ်လော။ သို့ဖြစ်လျှင် ကြောက်လန့်ဖွယ်ကောင်းသောရောက်လုဆဲဆဲထိုအချိန်မှာသက်ရှင်နေကြသောအကျွန်ုပ်တို့သည် ခရစ်တော်သခင်အစာရှောင်ခဲ့သလိုအစာရှောင်ဆုတောင်းသင့်လေသည်။ ခရစ်တော်သခင်ခံစားခဲ့ရသော ပြင်းပြဝေဒနာအားဖြင့်သာလျှင်ချုပ်တည်းမှုကင်းမဲ့သည့်ကာမဂုဏ်လိုက်စားခြင်း၏ကောင်းမှုများကို ကျွန်ုပ်တို့ခန့်မှန်း နိုင်ပါသည်။ ကျွန်ုပ်တို့၏ခံတွင်းအလိုတောင့်တမှုကိုလိုက်ပါခြင်းနှင့်ကိုယ်ကာယ တပ်မက်မှုအလိုသို့လိုက်လိုခြင်းတို့ကိုထာဝရဘုရားသခင်၏အလိုတော်၌အပ်နှင်းထား

နိုင်ပါမှ ကျွန်ုပ်တို့အတွက် တစ်ခုတည်းသော ထာဝရအသက် မျှော်လင့်ချက်သည် ဧကန်အမှန်ရှိနေမည်ဖြစ်၏။

မိမိ၏ကန့်သတ်ခွန်အားနှင့်မူကား ကုန်ဆုံးနေသော ကျွန်ုပ်တို့၏လူသားဇာတိပကတိ၏ တောင်းဆိုချက်များကို ငြင်းပယ်ရန်မဖြစ်နိုင်အောင် ခက်ခဲလှပေသည်။ သို့သော်လည်း လူသားတို့ဖြတ်သန်းကျော်လွှားသွားရမည့် ခရီးလမ်းတစ်လျှောက်ကို ထိုသခင်ယေရှုသည် ဖြတ်သန်းကျော်လွှားကာ အောင်မြင်ခဲ့သဖြင့် ကျွန်ုပ်တို့အတွက် နည်းလမ်းနိဿယကို ပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့သည် စာတန်နှင့်ဆိုင်ပြိုင်တိုက်လှန်ရာမှာ အခွင့်မသာ ရှုံးနိမ့်ရမည့် အခြေအနေမျိုးရှိစေရန်၊ ဘုရားသခင်သည် အလိုတော်မရှိပါ။ စိတ်ဓါတ်ကျဆင်း အားလျှော့အောင်လည်း ပြုလုပ်မည်မဟုတ်ပါ။ ထိုကြောင့် "မစိုးရိမ်နှင့်၊ ငါသည် လောကကိုအောင်ပြီ"ဟုသာ ကိုယ်တော်ရှင်ဘုရားသခင်မိန့်တော်မူခဲ့လေပါပြီ။(ယောဟန် ၁၆း၃၃)။

မိမိ၏ ခံတွင်းအလိုသို့လိုက်ခြင်းကို ခက်ခက်ခဲခဲ ဆန့်ကျင်ဖြတ်တောက်ထိန်းချုပ်ရန် အကူအညီကို အထူးသဖြင့် လိုအပ်နေသောသူသည် သူ့အား အပြစ်ငရဲမှ ကယ်လွှတ်ခဲ့သူ ကယ်တင်ရှင်၏ တောအရပ်၌ စုံစမ်းသွေးဆောင်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ပုံများကို စိတ်အာရုံထဲမှာ ရှုမြင်ဆင်ချင်ရန် လိုအပ်ပါသည်။ ငါရေငတ်သည်ဟု လက်ဝါးကပ်တိုင်ပေါ်မှာ ဝေဒနာပြင်းပြစွာ ခံစားနေလျက် မိန့်တော်မူခဲ့သော ထိုသခင်ကို ကြည့်ရှုကြပါ။ ကျွန်ုပ်တို့ခံစားရမည့် ဝေဒနာအားလုံးကို ထိုသခင်သည် ခံစားအောင်မြင်ခဲ့ပြီဖြစ်သဖြင့် ထိုသခင်၏ အောင်မြင်ခြင်းသည် ကျွန်ုပ်တို့၏အောင်မြင်ခြင်းဖြစ်လာပါပြီတကား။

"ဤလောကကိုအစိုးရသောမင်းသည် လာဆဲဖြစ်၏။ လာသော်လည်း ငါ၌ အဘယ်အခွင့်အရာကိုမျှ မတွေ့ရ" ဟု ယေရှုသခင်ပြောခဲ့

ပါပြီ။ (ယောဟန် ၁၄း၃၀)။ စာတန်၏ စဉ်းလဲကောက်ကျစ်သောဆင်ခြေကိုတုံ့ပြန်မည့်အရာတစ်ခုသော်မျှကိုလည်း ကိုယ်တော်ရှင်၌ မတွေ့မြင်ရပါပြီ။ သခင်သည် အပြစ်ပြုရန် လိုက်လျောခြင်းမရှိခဲ့သည်သာမက စုံစမ်းသွေးဆောင်ရာသို့ လိုက်ပါသွားရန်အတွက် စိတ်ကူးပင် မကူးခဲ့ပါချေ။

ကျွန်ုပ်တို့သည်လည်း သခင်ကဲ့သို့ ဖြစ်နိုင်ပါ၏။ ခရစ်တော်သခင်၏သန့်ရှင်းသောဝိညာဉ်တော်သည် ထိုသခင်၏ စိတ်ထဲမှာ ကိန်းအောင်းနေသောကြောင့် ကိုယ်တော်ရှင်သည် တိုက်လှန်ပွဲကြီးအတွက် သင့်လျော်သောအခြေအနေမှာ ရှိတော်မူခဲ့ပေသည်။ ၎င်းပြင် ကိုယ်တော်သည် ကျွန်ုပ်တို့အား ဘုရားသခင် ဇာတိတော်ကို ဆက်ဆံနိုင်အောင် ပြုလုပ်ပေးလို၍ ကြွဆင်းလာခဲ့ခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့သည်လည်း ယုံကြည်ခြင်းအားဖြင့် ထိုသခင်နှင့်တစ်လုံးတစ်ဝတည်းရှိနေသမျှကာလပတ်လုံး အပြစ်တရားသည် ကျွန်ုပ်တို့ကိုစိုးမိုးခြယ်လှယ်ခြင်းမပြုနိုင်ချေ။ စုံလင်သောစာရိတ္တကို ရယူနိုင်ရန်အလို့ငှာ ထာဝရဘုရားသခင်သည် ခရစ်တော်သခင်၏ ဘုရားသခင် ဇာတိတော်အပေါ် ကျွန်ုပ်တို့မျက်ခြည်မပြတ်သွားစေရန် ပြုပြင်တော်မူခဲ့လေပါပြီ။

စုံလင်သောစာရိတ္တကို မည်ကဲ့သို့ရရှိနိုင်ကြောင်းကို ခရစ်တော်သခင်သည် ကျွန်ုပ်တို့အားပြသခဲ့လေပါပြီ။ ကိုယ်တော်ရှင်သည် ထိုတိုက်လှန်ပွဲကြီးတွင် စာတန်အား မည်ကဲ့သို့ အနိုင်ယူခဲ့ပါသနည်း။ ဘုရားသခင်၏ နှုတ်တော်ထွက်စကားအားဖြင့်သာလျှင် ဖြစ်ပါသည်။

"ကျမ်းစာလာသည်ကား"ဟူသောစကားသည် ထိုသခင်၏လက်သုံးစကားပင်ဖြစ်ချေ၏။ ဘုရားသခင်၏ နှုတ်တော်ထွက် ကျမ်းစာပါကတိတော်မြတ်တိုင်းသည်လည်း ကျွန်ုပ်တို့ အဖို့ပင်ဖြစ်ပါသည် မဟုတ်လော။ (၂ပေ ၁း၄ တွင်လေ့လာဖတ်ရှုကြည့်ပါ။) သင်သည်စုံစမ်းသွေးဆောင်ခြင်းကို

ခံရသောအခါမှာ ပတ်ဝန်းကျင်အခြေအနေများနှင့် မိမိ၏ အားနည်းချက်များကိုမကြည့်မှတ်ဘဲ နှုတ်တော်ထွက်ကျမ်းစာ၏ တန်ခိုးတော်ကိုသာ ကြည့်မြင်ပါ။ နှုတ်တော်ထွက် ကျမ်းစာမှာရှိသည်။ ခပ်သိမ်းသော အစွမ်းသတ္တိများသည် သင့်အတွက်ဖြစ်ပါသည်။ "ကိုယ်တော်ကို မပြစ်မှားဘဲနေနိုင်မည်အကြောင်း ဖေါ်ပြတော်မူချက်ကို နှလုံးထဲမှာသိုထားပါပြီ။ ဖျက်ဆီးတတ်သောသူ၏ လမ်းတို့ကို နှုတ်တော်ထွက်စကားအားဖြင့် အကျွန်ုပ်ရှောင်ပါပြီ" (ဆာလံ ၁၁၉း၁၁။ ၁၇း၁၄ ဟူ၍ ဆာလံဆရာက မြွက်ဆိုထားပါသည်တကား။)

-ဝ-

# အခန်း (၁၃)
# စာတန်ကိုအောင်မြင်ခြင်း

(မဿဲ ၄း၅-၁၁။ မာကု ၁း၁၂-၁၃။ လုကာ ၄း၅-၁၃
ကိုအခြေပြုထားသည်။)

"စာတန်သည် ယေရှုကို သန့်ရှင်းသောမြို့တော်သို့ ဆောင်သွား၍ ဗိမာန်တော်၏အထွတ်၌ တင်ထားပြီးလျှင် ကျမ်းစာလာသည်ကား၊ ကောင်းကင်တမန်တို့အား သင့်အဖို့ မှာထားတော်မူသည်ဖြစ်၍ သင်၏ ခြေကို ကျောက်နှင့်မထိမခိုက်စေခြင်းငှာ သူတို့သည် သင့်ကိုလက်ဖြင့် မစချီပင့် ကြလိမ့်မည်ဟုလာ၏။ ထို့ကြောင့် ဘုရားသခင်၏ သားတော်မှန်လျှင် ကိုယ်ကိုအောက်သို့ချလိုက်ပါဟု လျှောက်လေ၏။"

စာတန်သည် ယခုအချိန်အထိ သန့်ရှင်းသောကောင်းကင်တမန် တစ်ပါးကဲ့သို့ လက္ခဏာရှိကာ မိမိသည် သမ္မာကျမ်းစာကို နားလည်သိကျွမ်းကြောင်း သက်သေထင်ရှားရှိစေခဲ့ပေသည်။ ယေရှုသခင်သည် မိမိ၏ ယုံကြည်ခြင်းကို ထောက်မရန် နှုတ်တော်ထွက်စကားတော်မြတ်ကို အသုံးပြုခဲ့သကဲ့သို့ ယခုအချိန်မှာ စာတန်သည် မိမိ၏ လိမ်ညာမှုကို အလိမ္မာနည်းဖြင့် ကာကွယ်ပေးရန် နှုတ်ထွက်စကားတော်ကို အသုံးပြုနေပါသည်။

ကယ်တင်ပိုင်သူ ယေရှုသခင်သည် ထာဝရဘုရားသခင်၌ မိမိ၏ ယုံကြည်အားကိုးမှုကို ထင်ရှားစွာပြသခဲ့သော်လည်း ကိုယ်တော်၏ ယုံကြည်ခြင်းအတွက် အခြားသက်သေအထောက်အထားတစ်ခုကိုဆက်လက်ဖေါ်ပြရန် စာတန်တိုက်တွန်းနေပါသည်။

သို့သော်လည်း "သင်သည် ဘုရားသခင်၏ သားတော်မှန်လျှင်" ဟူသော မယုံကြည်မှုကို ထိကပါးရိကပါးပြောဆိုလာသဖြင့် စာတန်သည်

နောက်တစ်ဖန်စုံစမ်းခြင်းကို နိဒါန်းပျိုးခဲ့လေသည်။ "လျှင်" ဆိုသောစကားကို ပြန်လည်ဖြေဆိုရန် ခရစ်တော်သည် စုံစမ်းခြင်းကို ခံနေရသော်လည်း သံသယစိတ်ကို စိုးစဉ်းမျှမရှိစေရန် သခင်သည် ရှောင်ကြဉ်ခဲ့လေသည်။

ထိုသွေးဆောင်ဖြားယောင်းသူ စာတန်သည် ခရစ်တော်သခင်၏ လူသားဇာတိအပေါ်မှာ အခွင့်အရေးရယူရန် ကြံစည်ခဲ့ပြီးရဲရင့်သောဒုစရိုက်ပြုခြင်းအတွက် ကိုယ်တော်အား တိုက်တွန်းနေပါသည်။ စာတန်သည်သွေးဆောင်ဖြားယောင်းနိုင်ပါသော်လည်း လူကို အပြစ်ကျူးလွန်ရန် အတင်းအကျပ်မပြုလုပ်နိုင်ပါချေ။

သူသည် ခရစ်တော်သခင်ကို အောက်သို့တွန်းချရန် မစွမ်းဆောင်နိုင်ကြောင်း သိရှိသောကြောင့် "ကိုယ်ကိုအောက်သို့ချလိုက်တော်မူပါ" ဟု ကိုယ်တော်အား ပြောခဲ့ရသည်မဟုတ်လော။

၎င်းအပြင် ခရစ်တော်သခင်ကိုယ်တော်တိုင်က မိမိသဘောအတိုင်း ခုန်ချရန်လည်း စာတန်သည် အနိုင်အထက်မပြုလုပ်နိုင်ပါ။ ခရစ်တော်သည် စုံစမ်းသွေးဆောင်ရာသို့ လိုက်ပါသွားရန် သဘောမတူခဲ့ပါလျှင် ထိုသခင်အားစာတန်သည် အနိုင်ယူ၍ မရနိုင်ပါပြီ။ စုံစမ်းခြင်းကို အောင်မြင်ကျော်နင်းသည်သာဖြစ်ချေ၏။

သွေးဆောင်သူသည် ကျွန်ုပ်တို့အား ဒုစရိုက်ပြုရန် ဘယ်သောအခါမျှ အနိုင်အထက်မပြုနိုင်ပါ။ လူသည် သွေးဆောင်ရာသို့ အလိုတူပါသွားလေမှ စာတန်သည် ကျွန်ုပ်တို့အပေါ် မိမိ၏တန်ခိုးကို အသုံးချနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်ကိုလိုက်လျော၍ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သခင်ကို စွဲကိုင်ထားရပါမည်။ သို့သော်လည်း ကျွန်ုပ်တို့ မြတ်နိုးခင်တွယ်နေသောအပြစ်နှင့်ယှဉ်သည့် လိုအင်ဆန္ဒတိုင်းသည် စာတန်အား ခြေကုပ်ရစေပါသည်။ ဘုရားသခင် ပေးအပ်ထားသည့် အသက်တာ "စံနှုန်း" အတိုင်း

နေထိုင်သက်ရှင် လုပ်ဆောင်ရန် ပျက်ကွက်သော အမှုတိုင်းသည်လည်း ကျွန်ုပ်တို့ကို စာတန်စုံစမ်းဖျက်ဆီးရန် ဝင်ရောက်လာနိုင်စေသည့် တံခါး ပေါက်များဖြစ်နေပါသည်။ ကျွန်ုပ်တို့၏ ပျက်ကွက်မှုတိုင်းသည် ခရစ် တော်သခင်ကို အပြစ်တင်ရန် စာတန်အတွက် အခွင့်ကောင်းများကို ဖြစ်စေပါသည်။

စာတန်သည် ဘုရားသခင်၏ ကတိတော်ကို ကိုးကားဖေါ်ပြရာ တွင် "ကောင်းကင်တမန်တို့အား သင့်အဖို့ မှာထားတော်မူသည်ဖြစ်၍" ဟူသော စာကြောင်းကိုသာသုံး၍ "သွားလေရာရာ၌ သင့်ကိုစောင့်ရှောက် စေခြင်းငှာ" ဆိုသည့်စကားစုကို ချန်လှပ်ထားခဲ့ပါသည်။ "သွားလေရာ ရာ၌" ဟုဆိုရာတွင် ဘုရားသခင်ကိုယ်တော်တိုင် ရွေးချယ်ထားသော လမ်းတို့ကို ဆိုလို၏ ။

ယေရှုသခင်သည် ဘုရားသခင်ကိုနားထောင်ခြင်းလမ်းကြောင်းမှ အပြင်သို့ ကျော်သွားရန်ကိုလည်း ငြင်းဆန်တော်မူခဲ့ပါသည်။ မိမိဒုက္ခ ရောက်နေစဉ် လာရောက်ကယ်တင်တော်မူပါဟူ၍လည်း အထက်မှဘုရား သခင်ကို အတင်းအကျပ်မတောင်းဆိုခဲ့ပါ။ ထိုသို့လုပ်မိချေက ယုံကြည် ကိုးစားခြင်းနှင့် အပ်နှံခြင်းတို့အတွက် လူသားတို့အားပေးရမည့် ပုံသက်သေ ကောင်းကို ထိုသခင်သည် ပေးနိုင်တော့မည် မဟုတ်ပါ။

ယေရှုကလည်း "ကျမ်းစာလာသည်ကား၊ သင်၏ ဘုရားသခင် ထာဝရဘုရားသခင်ကို အစုံအစမ်းမပြုရ" ဟု စာတန်ကို မိန့်တော်မူခဲ့ရာ တွင် ထာဝရဘုရားခသင်သည် ယေရှုသခင်အား မိမိ၏ သားတော်ဖြစ် ကြောင်းသက်သေခံပြောဆိုခဲ့ပြီး ဖြစ်ပါသည်။ ယခုတွင် ကိုယ်တော်ရှင် သည်ဘုရားသခင်၏သားတော်ဖြစ်ကြောင်း၊ သက်သေအထောက်အထားကို ထပ်မံတောင်းခံနေခြင်းသည် ဘုရားသခင်၏ နှုတ်တော်ထွက်စကားကို အစုံအစမ်းပြုနေခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်က ကတိ

တော်ပေးမထားခဲ့သောအရာများကို လျှောက်ထားတောင်းခံခြင်းတို့သည် မယုံကြည်မှုကို ထင်ရှားစေသည့်အပြင် ဘုရားသခင်ကို အမှန်တကယ် စုံစမ်းနေခြင်းဖြစ်၏။

ကိုယ်တော်သည် နှုတ်ထွက်စကားတော်ထားရှိသည့်အတိုင်းပြည့်စုံစေလိမ့်မည်ဖြစ်သောကြောင့် နှုတ်ထွက်စကားတော်ကိုပြည့်စုံစေမည်၊ မပြည့်စုံစေမည်ကို စမ်းသပ်ရန်အတွက် ဘုရားသခင်ထံဆုတောင်းခြင်းသည်လည်းကောင်း၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ထာဝရချစ်ခြင်းနှင့်ချစ်နေပြီဆိုရာ၌ ချစ်၊ မချစ်စုံစမ်းနေခြင်းသည်လည်းကောင်း၊ မပြုအပ်သောအရာပင်ဖြစ်ခဲသည်။

"ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား ဘုရားသခင်ထံသို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုလည်းကောင်း၊ ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်ကိုလည်းကောင်း၊ ယုံကြည်ရမည်" (ဟေဗြဲ ၁၁း၆)။

ရဲရင့်သောဒုစရိုက်ပြုခြင်းသည် စာတန်၏ ယုံကြည်ခြင်း အတုအယောင်ဖြစ်ပေသည်။ ယုံကြည်ခြင်းဟူသည် ဘုရားသခင်၏ကတိတော်များကိုတောင်းဆို၍ နားထောင်ခြင်းအသီးအပွင့်ကို ဖြစ်စေပါသည်။ ရဲတင်းစွာဒုစရိုက်ကိုပြုခြင်းသည်လည်း ထိုကတိတော်များကို အခိုင်အမာတောင်းဆို၏။

သို့ရာတွင် အပြစ်ကျူးလွန်ရန် ထိုကတိတော်များကို အသုံးပြုပေသည်။ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏မိဦးဖဦးအာဒံနှင့်ဧဝတို့အား ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်ကို ကိုးစားစေ၍ ပညတ်တော်ချက်တို့အားလိုက်နာကျင့်သုံးစေခဲ့ပေသည်။ ရဲရင့်သောဒုစရိုက်ပြုခြင်းမူကားဘုရားသခင်၏ ပညတ်တော်တို့ကိုကျူးလွန်ရာသို့ ပို့ဆောင်ပေး၍ ကိုယ်တော်ရှင်၏ ကြီးမားလှသော မေတ္တာတော်က ၎င်းတို့အား အပြစ်၏ အဖိုးအခကိုခံရခြင်းမှ ကယ်တင်လိမ့်မည်ဟု ယုံကြည်စိတ်ချထားစေပါသည်။ ထိုအရာသည် ယုံကြည်ခြင်းမဟုတ်ပါ။ စစ်မှန်သော ယုံကြည်ခြင်းသည် ဘုရားသခင်

၏ကတိတော်များနှင့် သမ္မာကျမ်းစာ၏ ပြဋ္ဌာန်းချက်များအပေါ်တွင် အခြေခံထားပါသည်။

## စာတန်၏ပိုင်နက်ပေါ်မှာစွန့်စားခြင်း

အကယ်၍သာစာတန်သည် ကျွန်ုပ်တို့ကို စုံစမ်းခြင်းခံရမည့်အခြေအနေမျိုးမှာရှိနေရန် လုပ်ဆောင်နိုင်ပြီဟုဆိုလျှင် သူသည် အမှန်တကယ်အနိုင်ရရှိမည်ကို သူသိ၏။

ဘုရားသခင်သည် နားထောင်မှုရှိသူများကို စောင့်ရှောက်တော်မူပါလိမ့်မည်။ သို့သော်လည်း တရားတော်လမ်းမှ သွေဖည်သွားသူသည် စာတန်၏ပိုင်နက်ပေါ်မှာ စွန့်စားနေခြင်းသာဖြစ်ပါသည်။ စာတန်ကို ဒူးချင်းဒူးရင်ဆိုင်သော် ရှုံးမည်အမှန်ဖြစ်ချေ၏။ သို့ဖြစ်၍ "စုံစမ်းခြင်းနှင့်ကင်းလွတ်မည်အကြောင်း၊ ဆုတောင်းလျက်စောင့်နေကြလော့" ဟု ကယ်တင်ရှင်သည် ကျွန်ုပ်တို့ကိုပညတ်ထားလေပါပြီမဟုတ်လော။ (မာကု ၁၄း၃၈)။

စုံစမ်းသွေးဆောင်ခြင်းကိုခံရသော အခြေအနေသို့ရောက်ရှိသောအချိန်တွင် ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုမပို့ဆောင်နေပါ၏လောဟု မကြာခဏဆိုသလို ကျွန်ုပ်တို့သံသယဖြစ်တတ်ကြပါသည်။

သို့ပါသော်လည်း စာတန်၏စုံစမ်းသွေးဆောင်ခြင်းကို ခံရစေမည်အကြောင်း ဝိညာဉ်တော်သည် ယေရှုသခင်ကို ကျွန်ုပ်တို့အား စုံစမ်းနှောင့်ယှက်ခြင်းကို ခံစေသောအခါ ကျွန်ုပ်တို့၏ ကောင်းကျိုးအတွက်ပြီးမြောက်အောင်မြင်စေရန် ကိုယ်တော်ရှင်၌ အကြံအစည်တစ်ခုရှိကြောင်းကိုသိမှတ်ပါလေ။ ယေရှုသခင်သည် ဘုရားသခင်၏ အမိန့်တော်မရှိဘဲ စုံစမ်းနှောင့်ယှက်ခြင်းကို ခံနေရစဉ် ဘုရားသခင်၏ ကတိတော်များကို တလွဲ အသုံးချခဲ့သည့်အပြင် စုံစမ်းခြင်းကို ခံရသောအခါ

မှာလည်း စိတ်ပျက်အားလျော့ခြင်းရှိတော်မမူခဲ့ချေ။ ကျွန်ုပ်တို့သည်လည်း ထိုနည်းတူဖြစ်သင့်ကြပေသည်။ (၁ကော ၁၀း၁၃။ ဆာလံ ၅၀း၁၄၊၁၅ တို့ကို ဖတ်ရှုပါ)။

ယေရှုသခင်သည် ဒုတိယအကြိမ်ခံရသော စုံစမ်းသွေးဆောင်မှုကိုလည်း အောင်မြင်ခဲ့သူပါတည်း။ ယခုတွင် စာတန်သည် မိမိ၏ဇာတိရုပ်အင်္ဂါလက္ခဏာအမှန်ကို ဖော်ပြနေလေပြီ။ သူသည် ကျဆုံးပြီဖြစ်သော ကောင်းကင်တမန်တစ်ပါးဖြစ်ပါသော်လည်း ခွန်အားကြီးသော ကောင်းကင်တမန်ကဲ့သို့အလား မိမိကိုယ်ကို ဖော်ကျူးခဲ့ပေသည်။

သူသည်မိမိကိုယ်ကို၄င်းလောက၏ ဘုရားတစ်ပါးဖြစ်၍ ပုန်ကန်မှုပြုသူတို့၏ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုခဲ့လေပါပြီ။ ထို့ကြောင့် သူသည် ယေရှုသခင်ကို တောင်ပေါ်သို့ဆောင်သွား၍ ကမ္ဘာလောကသားတို့ပျော်မွေ့ရာ ဘုန်းစည်းစိမ်နှင့်ပြည့်ဝသောတိုင်းနိုင်ငံများကို ကိုယ်တော်ရှေ့မှောက်၌ မြင်ကွင်းကျယ် ရှုခင်းအသွင်ဖြင့် ထင်ရှားစေခဲ့ပါသည်။ နေရောင်ခြည်သည် ဗိမာန်တော်ရှိရာ မြို့တော်ကြီးများ၊ သလင်းကျောက်ဖြင့်တည်ဆောက်ထားသောနန်းတော်ကြီးများ၊ မြေသြဇာကောင်းမွန်သော လယ်ကွင်းပြင်များနှင့် အသီးတို့ဖြင့် ပြွတ်သိပ်နေသော စပျစ်ဥယျာဉ်များအပေါ်သို့ ကျရောက်ကာ ထွန်းလင်းနေပါသည်။

ထိုမြို့တော်ကြီးများရှိ ဒုစရိုက်လက္ခဏာများစွာတို့ကိုကား ဖုံးကွယ်ထား၏။ ယေရှုသခင်၏ မျက်ဝန်းတော်များသည် နှစ်လိုဖွယ်ကောင်းသော ကြွယ်ဝချမ်းသာမှုအပြည့်ရှိသည့် ရှုခင်းသာမြင်ကွင်းကြီးတစ်ရပ်ကို စူးစိုက်ကာကြည့်ရှုနေသည်။

ထိုအချိန်တွင် ပေါ်ထွက်လာသောစာတန်၏အသံကား "၄င်းတန်ခိုးအာနုဘော်ရှိသမျှကိုငါ၌အပ်ပြီ။ ငါသည်ပေးလိုသောသူအားပေးရသည်ဖြစ်၍ ကိုယ်တော်အားပေးပါမည်။ ငါ့ကိုကိုးကွယ်လျှင်၄င်းအလုံးစုံတို့သည် ကိုယ်တော်၏ ဥစ္စာဖြစ်လိမ့်မည်။"

ခရစ်တော်ယေရှု၏ အမှုတော်မြတ်သည် ဒုက္ခဆင်းရဲမှုကိုခံစားခြင်းအားဖြင့်သာလျှင်ပြီးပြည့်စုံနိုင်မည်မဟုတ်ပါလား။ သခင်၏ရှေ့တော်မှောက်မှာ ဝမ်းနည်းပူဆွေးခြင်း၊ ကြမ်းတမ်းခက်ထန်ခြင်းနှင့် တိုက်လှန်ပွဲကြီးသည် ဆီးကြိုလျက်ရှိ၏။ နောက်ဆုံးမှာတော့ ရှက်ဖွယ်ကောင်းသော သေခြင်းမျိုးကို ရင်ဆိုင်ခံစားရပေမည်တကား။ ခရစ်တော်သခင်သည် စာတန်၏ အချုပ်အခြာအာဏာပိုင်ဆိုင်ထားခြင်းကို အသိအမှတ်ပြုလိုက်ရုံနှင့် ကြောက်လန့်ဖွယ်ရာအနာဂတ်ဖြစ်ရပ်မှန်မှမိမိကိုယ်ကို လွတ်မြောက်စေနိုင်မည်ဖြစ်ပါသည်။ သို့သော်လည်း ထိုသို့ပြုလိုက်ချေက တိုက်လှန်ပွဲကြီးမှာ ရရှိမည့် အောင်မြင်ခြင်းသရဖူကိုယေရှုသခင်သည် အရှုံးပေး လက်လျှော့လိုက်သည်နှင့်တူပါမည်။

စာတန်သည် ကောင်းကင်နိုင်ငံတော်မှာ ပုန်ကန်ခြားနားမှုဖြင့် အပြစ်ကျူးလွန်ခဲ့သူပါတည်း။ ယခုလိုအချိန်မျိုးမှာ သူအောင်မြင်မည်ဆိုက ထိုအောင်မြင်မှုသည် ပုန်ကန်ခြားနားမှု၏ အောင်မြင်ခြင်းသာဖြစ်ပေလိမ့်မည် မဟုတ်လော။

## ခရစ်တော်သခင်ကိုဘာနှင့်မျှမဝယ်ယူနိုင်ပါပြီ

သွေးဆောင်ဖြားယောင်းသူစာတန်သည် ဤလောကနိုင်ငံကြီးများနှင့်ဘုန်းတန်ခိုးအာနုဘော်တော်များကို ခရစ်တော်သခင်အား ပေးအပ်နေချိန်မှာ၊ ခရစ်တော်သခင်အနေဖြင့် ဤကမ္ဘာလောကကြီး၏ စစ်မှန်သော ရှင်ဘုရင်အရိုက်အရာကို စွန့်လွှတ်၍ စာတန်၏ လက်အောက်ခံအချုပ်အခြာအာဏာကို စွဲကိုင်ရန် အဆိုပြုနေခြင်းဖြစ်ပါသည်။ ဤအုပ်စိုးမှုမျိုးကို ယုဒလူတို့သည် တည်ထောင်ရန် မျှော်လင့်ခဲ့ကြပေသည်။ ထိုသူတို့သည် ဤကမ္ဘာလောကကြီးမှာ ထီးနှင့်နန်းနှင့်နေလိုကြသည် မဟုတ်ပါလား။ သို့ပါသော်လည်း ခရစ်တော်သခင်သည် ဤလောက နှင့်မဆိုင်ဘဲပေါ်ထွန်းသူဖြစ်ပါသောကြောင့် "အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့၊

သင်၏ ဘုရားသခင် ထာဝရဘုရားသခင်ကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်သာဝတ်ပြုရမည် ကျမ်းစာလာသည်” ဟု သွေးဆောင်ဖြားယောင်းသူအား ကြေညာခဲ့လေသည်။ စာတန်သည် ခရစ်တော်သခင်အား လာဘ်ထိုး၍ မရခဲ့ပါ။ ကိုယ်တော်ရှင်သည် ဖြောင့်မတ်ခြင်းတရားတည်ရှိရာနိုင်ငံတော် တစ်ခုကိုတည်ထောင်ရန် ကြွဆင်းလာခဲ့သည်ဖြစ်၍ ထိုအကြံအစည်တော်ကို စွန့်လွှတ်လိမ့်မည်မဟုတ်ပါချေ။

အလားတူစွာသော သွေးဆောင်ဖြားယောင်းမှုမျိုးနှင့် စာတန်သည် လူသားတို့အား စုံစမ်းနေပါပြီ။ ဤတွင် စာတန်သည် လူတို့ထံချဉ်းကပ်ရာ၌ ခရစ်တော်သခင်ကို စုံစမ်းခဲ့သည်ထက် ပို၍ပင် အောင်မြင်နေကြောင်းသိနေပါ၏။

မိမိ၏အုပ်စိုးခြင်းတန်ခိုးအာဏာကို အသိအမှတ်ပြုသည့် အခြေအနေပေါ်မှာမူတည်၍လည်း စာတန်သည် ဤလောကစည်းစိမ်ကြီးငယ်များကို လူသားတို့အား ပေးအပ်နေပေသည်။ လူတို့သည် ရိုးသားတည်ကြည်မှုကို စွန့်လွှတ်ရန် အကောင်းမြင်စိတ်နေသဘောထားကိုဂရုမစိုက်၊ လျစ်လျူရှုကာ တစ်ကိုယ်ကောင်းကြံစည်ခြင်းများကို ဦးစားပေးလုပ်ဆောင်ရန်စာတန်သည်တောင်းဆိုနေပါ၏။

ခရစ်တော်သခင်သည်လူသားတို့အား ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာကြပါရန် တောင်းပန်ဖိတ်ခေါ်နေပါသော်လည်း၊ စာတန်သည် ထိုသူတို့၏ နံဘေးမှာလျှောက်ကာ “ထာဝရအသက်နှင့် စပ်လျဉ်း၍ မည်သည့်အရာမဆို မှန်ကန်သည်ဟု ပြောဆိုနိုင်စေကာမူ ဤလောကတွင် အောင်မြင်မှုရရှိစေရန်အလို့ငှာ သင်သည် ငါ့ကိုကိုးကွယ်ရမည်။ သင်၏သာရေးနှင့်နာရေးသည် ငါ့လက်ထဲမှာရှိ၏။ ကြွယ်ဝချမ်းသာခြင်း၊ စည်းစိမ်ကြီးငယ်ခံစားခြင်း၊ ဂုဏ်အသရေနှင့်ပျော်ပါးမှုများကို ငါသည် သင့်အား ပေးနိုင်သည်ကိုမှတ်၍ ငါ့စကားကို နားထောင်ပါတော့။ ရိုးသားဖြောင့်မတ်ခြင်း (သို့မဟုတ်) မိမိကိုယ်ကိုအနစ်နာခံခြင်း

များနှင့်ပတ်သက်သော စိတ်ရှုပ်ပေါက်ရာတွေးခေါ်ရာမှ ဖြစ်ပေါ်လာသော သူတို့အဆို မြင့်မြတ်နှလုံးသားနောက်သို့ လိုက်ပါသွားခြင်းမရှိစေနှင့်။ ငါသည် သင်၏ရှေ့မှာ လိုတရလမ်းခရီးကို ပြင်ဆင်ထားပေးပါလိမ့်မည်” ဟူသောစကားများဖြင့် သူတို့အား လိမ်ညာနေသည်မှာ ခေတ်အဆက်ဆက် ပင်ဖြစ်ချေ၏။

ဤသို့လျှင် အတိုင်းမသိများစွာသော လူတို့သည် မိမိကောင်းစား ရေးအတွက်ကိုသာ အသက်ရှင်ရန် သဘောတူဆုံးဖြတ်ကြပါသည်။ ဤသည်ကို စာတန်က ကျေနပ်ကာ သဘောကျ၏။ သို့ရာတွင် သူသည် လောကအချုပ်အခြာအာဏာတန်ခိုးများနှင့် ပတ်သက်သော မျှော်လင့်ချက် များကိုပြ၍ ဖြားယောင်းသည်သာရှိ၏။ ထိုအရာတို့သည် မိမိ၏ ထာဝရ ပိုင်ဆိုင်မည့်ပစ္စည်းများမဟုတ်။

မကြာမမြင့်မီကာလအတွင်းမှာ သူ့ထံမှပြန်လည်သိမ်းဆည်းသွား တော့မည် ဖြစ်ပါသည်။ သို့ဖြစ်၍ဒါကိုသိထားနှင့်ပြီးဖြစ်သော စာတန်သည် ဘုရားသခင်၏ သားသမီးများအဖြစ် အမွေဆက်ခံမည့်သူတို့ကို အချိန်လုကာ လှည့်ဖြားသွေးဆောင်နေမည်မဟုတ်ပါလား။

## စာတန်သည်အရေးနိမ့်သောရန်သူတစ်ဦးသာဖြစ်ချေတော့အံ့

နောက်ဆုံးမှာတော့ ယေရှုသခင်သည် ဘုရားသခင်၏သားတော် ဖြစ်ကြောင်းကို စာတန်သည် ဝန်ခံခဲ့ရပေသည်။ သံသယဖြစ်အောင် ကိုလည်း မစွမ်းဆောင်နိုင်တော့ပါပြီ။ ဘုရားသခင် ဇာတိတော်သည် ဒုက္ခဆင်းရဲမှုများစွာကိုခံခဲ့ရသော လူ့ဇာတိအားဖြင့် ထွန်းပြောင်ခဲ့သည် မဟုတ်လော။ ချမှတ်လိုက်သော အမိန့်တော်ကြောင့် အရှက်ကွဲခြင်း နှင့်ဒေါ်ထွက်ခြင်းများဖြင့် လူးလွန့်လျက်ရှိသော စာတန်ရှေးမြွေဟောင်း ကြီးသည် ကမ္ဘာ့ကယ်တင်ပိုင်သူ၏ မျက်မှောက်တော်မှ ဆုတ်ခွာသွားရန်

အနိုင်အထက်ပြုခြင်းကို ခံခဲ့ရပါသည်။ ဤသို့လျှင် ခရစ်တော်သခင်၏ အောင်မြင်ခြင်းသည် အသံ၏ကျဆုံးမှုကို လုံးဝကာမိခဲ့ပါသည်။

ထိုကြောင့် ကျွန်ုပ်တို့သည် စုံစမ်းသွေးဆောင်မှုကို ဆီးတား၍ စာတန်အား ကျွန်ုပ်တို့ထံမှ ထွက်ခွာသွားရန် အနိုင်အထက်ပြုနိုင်ကြပါပြီ။ ယေရှုသခင်သည် ဘုရားသခင်ထံ ယုံကြည်အပ်နှံခြင်းအားဖြင့် အောင်ပွဲဆင်ခဲ့ကြောင်းနှင့် တမန်တော်တစ်ပါးအားဖြင့်၊ ကျွန်ုပ်တို့အားကိုယ်တော်ရှင်ဘုရားသခင်မိန့်တော်မူခဲ့သည်ကား "ထိုကြောင့်၊ ဘုရားသခင်၏ အလိုတော်သို့လိုက်ကြလော့။ စာတန်ကို ဆီးတားကြလော့။ သို့ပြုလျှင် သူသည်သင်တို့ထံကပြေးသွားလိမ့်မည်။ ဘုရားသခင်၌ ချဉ်းကပ်ကြလော့။ သို့ပြုလျှင် သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည်။" (ယာကုပ် ၄း၇-၈)။

မှန်ပေသည်။ စာတန်သည် ဘုရားသခင်၏ နာမတော်ကိုခိုလှုံသောခွန်အားအနည်းဆုံး အသက်ဝိညာဉ်ရှေ့မှောက်မှာ ကြောက်ရွံ့ တုန်လှုပ်လျက်ထွက်ပြေးသွားမည် ဖြစ်ပါသည်။

ရန်သူစာတန်ကြီးထွက်ခွာ ကျောခိုင်းပြီးသည့်နောက် ယေရှုသခင်သည် မျက်နှာတော်၌ သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်ကာ အားပြတ်၍ မြေပေါ်သို့လဲကျသွားတော်မူပါသည်။

ကိုယ်တော်ရှင်သည်ကျွန်ုပ်တို့ အပယ်ငရဲမှလွတ်မြောက်ရေးအတွက် လူ့နှုတ်အားဖြင့် မဖော်ပြနိုင်အောင် ကြီးမားသောဒုက္ခဆင်းရဲခြင်းများစွာကို ခံစားခဲ့ရပေသည်။ ကောင်းကင်တမန်တို့သည်လည်းမိမိတို့၏ ချစ်မြတ်နိုးရပါသော ဗိုလ်မင်းခရစ်တော်ယေရှုအား စောင့်ကြည့်လျက်သာနေခဲ့ကြရပေသည်။ ယခုတွင်မူ ကိုယ်တော်သည် အသေကောင်ကဲ့သို့လဲနေစဉ်မှာ ကောင်းကင်တမန်တို့သည်ဘုရားသခင်၏သားတောအပါးသို့ချဉ်းကပ်ကာအလုပ်အကျွေးပြုနေကြပါပြီး။ ကိုယ်တော်သည် အစားအစာအားဖြင့် အားဖြည့်၍

ခမည်းတော်ဘုရားသခင်၏ မေတ္တာသတင်းစကားနှင့် ကိုယ်တော်ရှင်၏ အောင်မြင်မှုကြီးအတွက် ကောင်းကင်သားအားလုံးက အောင်ပွဲခံခဲ့ကြကြောင်း၊ အာမခံသတင်းစကားများအားဖြင့် သခင့်ကို နှစ်သိမ့်ခဲ့ကြလေသည်။ ကိုယ်တော်ရှင်သည် တစ်ဖန် အသက်ပြန်လည်ရှင်သန် နွေးထွေးလာကာ လူသားတို့အပေါ် သနားစာနာစိတ်များသည် ကိုယ်တော်၏ မြင့်မြတ်နှလုံးသားမှ တဖွားဖွားယိုထွက်လာသဖြင့် မိမိကိုယ်တိုင်စတင်ခဲ့သော အမှုတော်မြတ်ကို အဆုံးသတ်ရန် ရန်သူစာတန်အား အပြီးအပိုင်သုတ်သင်ရှင်းလင်းပစ်မှု၊ မပြီးမချင်း ကျဆုံးနေသော လူသားတို့အား ကယ်တင်ရန်ခရစ်ယာန်သာသနာတော်ကို ရှေ့ဆက်ကာ အလုပ်ပွားရန်ထွက်ခွာသွားတော်မူခဲ့ပေသည်။

ကယ်တင်ရွေးနုတ်ခြင်းခံရသူတို့သည် ဘုရားသခင်၏ပလ္လင်တော်ရှေ့မှောက်မှာ မရပ်တည်ရမီတိုင်အောင် ကယ်တင်ခြင်းအတွက် ပေးဆပ်ခဲ့ရသောတန်ဖိုးကို မည်သူမျှသိမြင်နားလည်နိုင်မည်မဟုတ်ပါချေ။ ထိုအချိန်တွင် ထာဝရအိမ်တော်၏ ဘုန်းတန်ခိုးတော်တို့သည် ကျွန်ုပ်တို့၏ ပီတိဖြစ်လျက်နေသော နှလုံးသားအိမ်အတွင်းဝယ် စီးဖြန်းယိုဖိတ်လာသောအခါ ခရစ်တော်ယေရှုသည် ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းကို စွန့်ခွာခဲ့ရကြောင်း၊ ကောင်းကင်ရွှေပြည်နန်းတော်မှ တစ်ကျွန်းတစ်နိုင်ငံမှာ အပြစ်ဒဏ်ခံရမည့် သူတစ်ဦးဖြစ်လာခဲ့ရုံမျှမက၊ ကျွန်ုပ်တို့အတွက် ထာဝရဆုံးရှုံးမှုအဆင့်သို့ ပို့နိုင်သောကြီးမားသည့်စွန့်စားခန်းတစ်ခုကို ပြုလုပ်ခဲ့ကြောင်းကို၊ ကျွန်ုပ်တို့သတိပြုမိကာ နေကြပါလိမ့်မည်။ ထိုအချိန်မှာ ကျွန်ုပ်တို့သည်မိမိတို့၏ ဦးရစ်သရဖူများကို သခင်၏ ခြေတော်ရင်းမှာချထားလျက်၊ အသေသတ်ခြင်းကိုခံပြီးသော သိုးသငယ်သည် တန်ခိုး၊ စည်းစိမ်၊ ပညာ၊ အစွမ်း၊ ဂုဏ်အသရေ ဘုန်းအာနုဘော်နှင့် ကောင်းချီးမင်္ဂလာကို ခံထိုက်တော်မူ၏" (ဗျာ ၅း၁၂) ဟူ၍ ကျွန်ုပ်တို့သည် မပြတ်သီဆိုချီးမွမ်းကြပါလိမ့်မည်တကား။

-ဝ-

# အခန်း (၁၄)
# ငါတို့သည် မေရှိယကိုတွေ့ကြပြီ

(ယောဟန် ၁း၁၉-၅၁ ကိုအခြေပြုထားပါသည်။)

ယခုတွင် နှစ်ခြင်းဆရာယောဟန်သည် ယော်ဒန်မြစ်တစ်ဖက် ဗေသတိရွာ၌ တရားဟောကာ ရေနှစ်ခြင်းမင်္ဂလာပေးလျက် ရှိနေပါသည်။ ဆရာယောဟန်၏ ဟောကြားချက်တို့သည် လူဒလူတို့အား နက်ရှိုင်းစွာသြဇာ လွှမ်းမိုးခဲ့ပြီဖြစ်ပါ၏။

ထိုသူသည် ယုဒလူအကြီးအကဲများ၏ ဆန်ဟီဒရင်အဖွဲ့ပိုင်သြဇာ အာဏာကို အသိအမှတ်မပြုခဲ့ပါချေ။ မိမိ၏ သာသနာတော်လုပ်ဆောင် ချက်များအတွက် ထိုသူတို့ထံမှာ အမိန့်တစ်စုံတစ်ရာတောင်းခံခြင်းကိုလည်း မပြုလုပ်ခဲ့သည့်အပြင် ယုဒလူအကြီးအကဲများ၊ ဖာရိရှဲနှင့်ဇဒ္ဒုကဲများတို့၏ အပြစ်ကိုဖော်ပြ၍ ဆုံးမပဲ့ပြင်ခဲ့ပေသည်။ သို့ပါသော်လည်း ထိုသူတို့သည် ယောဟန်၏ သာသနာတော်လုပ်ငန်းကိုမပြတ်စိတ်ဝင်စားပုံရ၏။

ဆန်ဟီဒရင့်အဖွဲ့ကို ရွေးချယ်ထားသော ယဇ်ပုရောဟိတ်များ၊နိုင်ငံ တော်အကြီးအကဲများနှင့် ကျမ်းတတ်ဆရာတော်ကြီးများဖြင့် ဖွဲ့စည်းထား ပါသည်။ ယုဒပြည်ကြီးလွတ်လပ်ရေးရရှိခဲ့သောအခါများတွင် ဆန်ဟီဒရင် အဖွဲ့သည် နိုင်ငံရေးနှင့် ဘာသာရေး သြဇာအာဏာများကို ပိုင်ဆိုင် ထား၏။

ယခုအခါတွင်၊ ယုဒပြည်သည် ရောမဘုရင်ခံများ လက်အောက် ၌ရှိနေပါသော်လည်း ထိုအဖွဲ့သည် ဘာသာရေးကိစ္စနှင့်ပြည်တွင်းရေး ကိစ္စတစ်ရပ်လုံးတွင် တန်ခိုးသြဇာ ရှိနေဆဲဖြစ်ပါသည်။ သို့ပါသော်လည်း ထိုအဖွဲ့သည် ဆရာယောဟန်၏ လုပ်ဆောင်မှုများကို စုံစမ်းစစ်ဆေး မှုများပြုလုပ်ရန် ရွှေ့ဆိုင်းထားနိုင်ခြင်း မရှိတော့၊ ဗိမာန်တော်မှာ

ဇာခရိအား ပေးခဲ့သောဖေါ်ပြချက်နှင့် မေရှိယသခင်၏ ရှေ့တော်ပြေးတစ်ဦးအဖြစ် မိမိ၏သားငယ်အား ရည္ဆွန်းပြောဆိုခဲ့သော ဖခင်၏ ပုရောဖက်ပြုဟောထားချက်စကားကို သတိရသော လူတချို့ရှိခဲ့ပါသည်။ ယခုအချိန်မှာ ယောဟန်၏ အမှုတော်နှင့်ပတ်သက်သော စိတ်လှုပ်ရှားမှုများအားဖြင့် ထိုဖွင့်ပြခဲ့သောအရာများကို ပြန်လည်သတိရလာခဲ့ကြပါလေပြီ။

ဣသရေလပြည်မှာ ပုရောဖက်တစ်ပါးပေါ်ထွန်းခဲ့သည်မှာ ကြာလှပြီဖြစ်၏။ ယခုမှာလည်း ဆောင်ရွက်နေဆဲ ဘာသာရေးပြုပြင်ပြောင်းလဲမှုမျိုးကို တွေ့မြင်ကြရသည်မှာ ကြာမြင့်ခဲ့ပေပြီ။ သို့ရာတွင် အပြစ်ဝန်ချတောင်းပန်ရန်ကား အသစ်အဆန်းတစ်ခု၊ ကြောက်စရာအသွင်ကဲ့သို့ မှတ်ယူနေကြပါသည်။

မိမိတို့၏လှို့ဝှက်ချက်များပေါ်သွားမည်ကိုစိုး၍လည်း များစွာသောယုဒခေါင်းဆောင်တို့သည် ဆရာယောဟန်၏ ဝေဖန်ပြောဆိုဆုံးမ ပဲ့ပြင်ခြင်းမှကင်းဝေးရန် သွားရောက်နားမထောင်ကြပေ။ သို့စေကာမူ သူ၏ဟောကြားချက်သည် မေရှိယသခင်နှင့် ပတ်သက်သော တိုက်ရိုက်ကြေညာချက်တစ်ရပ်ပင်ဖြစ်နေပါသည်။

မေရှိယကြွလာခြင်းကို ခြံငုံကာ ဖေါ်ပြထားသည့်ပုရောဖက်ဒံယေလ၏သတင်း (၇၀) အနာဂတ္တိစကားသည် ကုန်ဆုံးလုနီးပြီဖြစ်ကြောင်းကို လူအများက ကောင်းမွန်စွာ သိရှိခဲ့ကြပါပြီ။ သို့ဖြစ်၍လည်း ထိုအချိန်မှာ ၎င်းတို့မျှော်လင့်ထားရှိခဲ့သော နိုင်ငံတော်၏ ဂုဏ်ကျက်သရေကို ထိုခေတ်ဦးမှာပင် အတူတကွ ခံစားကြရန် စိတ်အားထက်သန်နေခဲ့ကြ၏။ ဤတွင် လူများစွာတို့၏ ဆန္ဒသဘောထားပြင်းပြမှုအရဆန်ဟီဒရင်အဖွဲ့သည် ဆရာယောဟန်၏ သာသနာပြုခြင်းလုပ်ငန်းကို ဆက်လက်၍ခွင့်ပြုမည်လား။ (သို့မဟုတ်) ငြင်းပယ်မည်လားဟူသည်ကို ဆုံးဖြတ်ရန်ကိစ္စပင် ဖြစ်သည်။ လက်ရှိအခြေအနေအရ ထိုအဖွဲ့အစည်း၏တန်ခိုး

အာဏာသည် လူထုအကြားတွင် ဆုတ်ယုတ်လျော့ပါးနေ၏။ သို့ဖြစ်၍ မိမိတို၏ ရာထူးများကို ဆက်လက် ထိန်းသိမ်းနိုင်ဖို့ရန် လိုအပ်လာပေသည်။ ထိုအချက်အတွက် အဖြေရမည်အထင်နှင့် ထိုသူတို့သည် ယဇ်ပုရောဟိတ်များနှင့် လေဝိအမျိုးသားတို့ကို ဆရာယောဟန်ထံသို့ ကိုယ်စားလှယ်လွှတ်ကာ တိုင်ပင်နှီးနှောစေခဲ့ကြပါသည်။

လူထုပရိသတ်ကြီးသည် ဆရာယောဟန်ဟောပြောနေသော သတင်းစကားကို နားထောင်နေကြစဉ်မှာ ထိုကိုယ်စားလှယ်တို့သည်ချဉ်းကပ်လာကြ၏။

လူတို့အား စည်းရုံးသိမ်းသွင်းရန်နှင့် ပုရောဖက်၏ သူတထူးများအား အလိုလိုက်လျောခြင်းကို အမိန့်ပေးတားမြစ်ရန် ရည်ရွယ်၍ဩဇာသံနှင့်စကားပြောတတ်သော မာနတစ်ခွဲသားနှင့် ကျမ်းတတ်ဆရာတော်တစ်စုတို့သည် ချဉ်းကပ်လာခဲ့ကြပါလေပြီ။ ကြောက်ရွံ့လေးစားသည့်သဘောဖြင့် လူအုပ်ကြီးသည် ၎င်းတို့အား ကျော်ဖြတ်သွားနိုင်စေရန် လမ်းဖွင့်ပေးခဲ့ကြလေရာ သားနားသောဝတ်ရုံများကို ဝတ်ခြုံ၍ရာထူးနှင့်ဩဇာတန်ခိုးများကြောင့် မာန်မာနထောင်လွှားနေကြသော ထိုလူတို့သည် တောတွင်းပုရောဖက်၏ ရှေ့မှောက်တွင်ရပ်ကာ ဤသို့အာဏာသံနှင့် မေးမြန်းခဲ့ကြပေသည်။

"သင်သည် အဘယ်သူနည်း"
၎င်းတို့၏အကြံအစည်ကို သိသောဆရာယောဟန်က
ငါသည် "ခရစ်တော်မဟုတ်" ဟုဖြေဆိုခဲ့၏။
"သို့ဖြစ်လျှင် သင်သည် အဘယ်သူနည်း။ ဧလိယလော"
"ငါသည် ဧလိယမဟုတ်"
"ဤမည်သောပုရောဖက်ဟုတ်သလော"
"မဟုတ်ပါ"

“သင်သည် အဘယ်သူနည်း” ငါတို့ကို စေလွှတ်သော သူတို့အား ပြန်လျှောက်စရာရှိစေခြင်းငှာ သင်သည် မိမိကိုယ်ကို အဘယ်သူဖြစ်သည်ဟု ဆိုမည်နည်း။”

“ငါသည် ပုရောဖက် ဟေရှာယဟောဖူးသည်နှင့်အညီ ထာဝရဘုရားသခင်၏ လမ်းခရီးတော်ကို ဖြောင့်စေကြလော့ဟု တော၌ ဟစ်ကြော်သောသူ၏အသံဖြစ်၏” ဟုဆိုပါသည်။

ရှေးခေတ်တုန်းကဆိုလျှင် ရှင်ဘုရင်တစ်ပါးသည် မိမိ၏ တိုင်းပြည်အတွင်းရှိ အသွားအလာနည်းပါးသော ဒေသများသို့ တိုင်းခန်းလှည့်လည်သောအခါ ရှင်ဘုရင်ကြီးဘေးမသီရန်မခ လုံလုံခြုံခြုံနှင့် အတားအဆီးမရှိ ခရီးသွားနိုင်စေရန်အလို့ငှါ မတ်စောက်သော လမ်းများကိုဖြိုချ၍ ချိုင့်ဝှမ်းများကို မြေဖို့ရန်အတွက် ရှေ့တော်ပြေးလူတစ်စုကို စေလွှတ်လေ့ရှိပါသည်။

ဤထုံးစံဓလေ့ကို ဧဝံဂေလိလုပ်ငန်းလုပ်ဆောင်နေသော ပုရောဖက်ကြီးနှင့်ပုံဆောင်ထားပါသည်။ “ချိုင့်ဝှမ်းရှိသမျှတို့ကိုဖို့ရမည်” (ဟေရှာယ ၄၀း၄) ဟု အမိန့်တော်ရှိခဲ့ပါသည်မဟုတ်လော။ ထာဝရဘုရားသခင်၏ ဝိညာဉ်တော်သည် မိမိ၏ အံ့ဖွယ်သောတန်ခိုးတော်နှင့် လူ့အသက်ဝိညာဉ်ကို ထိတွေ့သောအခါမှာ လူသားတို့၏ မာန်မာနတရားသည် ကျဆင်းလျော့ပါးရ၏။ လောကစည်းစိမ် ရာထူးရာခံ၊ တန်ခိုးအာဏာတို့သည် ဘာမျှတန်ဖိုးမရှိကြောင်းကို တွေ့မြင်လာ၏။ ထိုနောက်မှာတော့ လူအများက တန်ဖိုးမထားကြသော စိတ်နှလုံးနှိမ့်ချခြင်းနှင့်မိမိကိုယ်ကိုအပ်နှံသည့်ချစ်ခြင်းမေတ္တာအခြေခံသောတည်ဆောက်မှုလုပ်ရပ်များကို တစ်ခုတည်းသောတန်ဖိုးရှိသည့်အရာများအဖြစ်မြောက်တင်ချီးမြှင့်လာကြပါသည်။ဤအရာသည်ဆရာယောဟန်၏သတင်းကားမှာ ပါဝင်သောဧဝံဂေလိအမှုဆောင်လုပ်ငန်း၏တစ်စိတ်တစ်ဒေသဖြစ်ပါသည်မိတ်ဆွေ။

ထိုကျမ်းတတ်ဆရာတော်ကြီးတို့၏ လက်ပါးစေ ဆရာတော်ကလေးတို့ကလည်း သင်သည် ခရစ်တော်မဟုတ်၊ ဧလိယမဟုတ်၊

ဤမည်သော ပုရောဖက်မဟုတ်သည်မှန်လျှင် အဘယ်ကြောင့် ဗတ္တိဇံကို ပေးသနည်းဟု မေးမြန်းကြ၏။” “ဤမည်သောပုရောဖက်” ဟုဆိုရာတွင် မောရှေကိုရည်ညွှန်းခြင်းဖြစ်ပါသည်။ နှစ်ခြင်းဆရာယောဟန်သည် မိမိ၏ သာသနာတော်ကို စတင်ထမ်းဆောင်ခဲ့ချိန်မှာ သူသည် သေခြင်းမှထ မြောက်ခဲ့သော ပုရောဖက်မောရှေဖြစ်တန်ရာ၏ဟုအများစုကထင်မြင်ခဲ့ကြ ပေသည်။

ထိုမျှမကသေးပါ။ မေရှိယမပေါ်ထွန်းမီအချိန်မှာ ဧလိယသည် ခန္ဓာကိုယ်အားဖြင့် ပေါ်ထွန်းလာလိမ့်မည်ဟူ၍လည်း ယုံကြည်ခဲ့ကြပေ၏။

ဤအမြင်ကို ဆရာယောဟန်ကငြင်းပယ်ခဲ့ပါသော်လည်း၊ သူ၏ စကားတွင် နက်နဲသောအဓိပ္ပါယ်ရှိပါ၏။ “သင်တို့သည် ငါ၏စကားကိုနာခံနိုင် လျှင်ဤသူကား လာလတ္တံ့သောဧလိယဖြစ်သတည်း” ဟူ၍ နောင်သောအခါ ဆရာယောဟန်ကိုရည်စူး၍ ယေရှုသခင်ကိုယ်တော်တိုင်က မိန့်တော်မူခဲ့ပါ သည်။ (မဿဲ ၁၁း၁၄)။ ဆရာယောဟန်သည် ဧလိယလုပ်ဆောင်ခဲ့သော အမှုတော်မျိုးကို ဆောင်ရွက်ရန်အတွက် ဧလိယ၏တန်ခိုး၊ ဧလိယ၏စိတ် ဝိညာဉ်မျိုးဖြင့် လာခဲ့ပါပြီ။ သို့သော်လည်း ယုဒလူတို့သည် ယောဟန်၏ သတင်းစကားကို လက်မခံခဲ့ကြပါ။ ထိုသူတို့အတွက် ဆရာယောဟန်သည် ဧလိယမဟုတ်ခဲ့ပါတကား။

## ယနေ့လူသားများစွာတို့သည် ခရစ်တော်ကို မမြင်ဘဲရှိနေကြခြင်း

ယော်ဒန်မြစ်မှာစုရုံးကာ ယောဟန်၏ တရားကိုနာခဲ့ကြသူတို့ တွင် များစွာသောပရိသတ်တို့သည် ခရစ်တော်သခင်၏ ရေနှစ်ခြင်းမင်္ဂလာ ပွဲတွင်ရှိခဲ့ကြပါသော်လည်း၊ ထိုအချိန်က ပြသခဲ့သော နိမိတ်လက္ခဏာကို လူအနည်းစုသာလျှင် တွေ့မြင်ခဲ့ကြရ ပေသည်။ ဆရာယောဟန်၏

နောင်တတရားတော်ကို လက်ခံသူများလည်း နည်း၏။ ဤသို့လျှင် ထိုသူတို့သည် စိတ်နှလုံးခိုင်မာကြရကား၊ ရေနှစ်ခြင်းခံယူစဉ်အတွင်း ယေရှုခရစ်အား ဘုရားသခင်က သက်သေပြုတော်မူခဲ့သည်ကို သူတို့ မသိမြင်ခဲ့ကြချေ။

ထိုသခင်ကို ယုံကြည်ခြင်းမျက်လုံးနှင့် မရှုလှည့်ခဲ့ကြသူများသည် ဘုရားသခင်၏ ဘုန်းတန်ခိုးတော်ထင်ရှားခြင်းကို မမြင်တွေ့လိုက်ရချေ။

ထိုသခင်၏ အသံတော်ကို နားမထောင်၊လမ်းလွဲသွားသောသူတို့သည်လည်း ထိုကောင်းကင်ထက်မှ သ်ကသေခံချက်စကားသံကို မကြားခဲ့ရပါချေ။

ယခုအချိန်မှာလည်း ထိုနည်းတူ ဖြစ်နေပါသည်။ လူအများစုရုံးကာ ဝတ်ပြုကိုးကွယ်ပွဲမှာ ခရစ်တော်သခင်နှင့် အစေခံကျွန်နံဝိညာဉ် ကောင်းကင်တမန်များသည် အတူတကွ မကြာခဏဆိုသလို တည်ရှိနေပါသော်လည်း၊ ၎င်းတို့၏ အတူရှိနေခြင်းကို မသိမခံစားမလိုက်သူများစွာရှိပါသည်။ ထိုသူတို့သည် လူတချို့အတွက်မူကား ကိုယ်တော်ရှင်သည် ထင်ရှားတော်မူပေသည်။ ထိုသူတို့သည် ကောင်းကင်ထက်မှ နှစ်သိမ့်ခြင်း၊ အားပေးနှိုးဆော်ခြင်းနှင့် ကောင်းချီးပေးခြင်းကို ခံစားကြရပေသည်။

ယေရုရှလင်မြို့တော်မှ လာသောအရာရှိ ကိုယ်စားလှယ်တော်တို့သည် "အဘယ်ကြောင့်၊ ဗတ္တိဇံကိုပေးသနည်း" ဟု ဆရာယောဟန်အား မေးမြန်းကြကာ အဖြေကို စောင့်မျှော်နေခဲ့ကြသည်တွင် ရုတ်တရက်သူသည် လူထုကြီးကို ကြည့်ရှုနေစဉ် သူ၏ မျက်လုံးတို့သည် ဝင်းတောက်နေကာ မျက်နှာတစ်ခုလုံးမှာလည်း ပြင်းပြသော စိတ်လှုပ်ရှားမှုကြောင့် သိမ့်သိမ့်တုန်နေပါ၏။ ထိုအခါ လက်ကိုလည်းဆန့်၍ "ငါသည်ရေ၌ ဗတ္တိဇံကိုပေး၏။ သင်တို့အလယ်၌ သင်တို့မသိသောသူတစ်ယောက်ရှိ၏။

ထိုသူသည် ငါ့နောက်ကြွလာသော်လည်း ငါ့ထက်သာ၍ ကြီးမြတ်၏။ ထိုသူ၏ ခြေနင်းတော်ကိုမျှ ဖြေခြင်းငှာ ငါမထိုက်ပြီ” ဟု ပြန်ပြော၏။ (ယောဟန် ၁း၁၆-၂၇)။

ဤသတင်းစကားသည် ဆန်ဟီဒရင်အဖွဲ့ထံသို့ ပြန်လည်ယူဆောင်သွားရမည့် ထူးဆန်း၍ အဓိပ္ပါယ်မျိုးစုံရှိသော သတင်းစကား ဖြစ်နေပါသည်။

မေရှိယသခင်သည် သူတို့အထဲမှာ ရှိနေပါပြီလား။ ဆရာယောဟန်ပြည့်ွန်နေသောသူကို မြင်တွေ့နိုင်ရန် မျှော်လင့်လျက် ယဇ်ပုရောဟိတ်နှင့်အကြီးအကဲတို့သည် အံ့သြစွာဖြင့် မိမိတို့၏အနီးတစ်ဝိုက်မှာ ရှာဖွေကြည့်ရှုကြည့်ပါ၏။ သို့ပါသော်လည်း ကိုယ်တော်ရှင်အား လူအုပ်ကြီးတွင် ခွဲခြားသိမြင်နိုင်စွမ်းမရှိကြပါချေ။

ယေရှုသခင်၏ နှစ်ခြင်းမင်္ဂလာခံယူပွဲမှာ နှစ်ခြင်းဆရာယောဟန်သည် ဟေရှာယပုရောဖက်၏ “ထိုသူသည် အသေသတ်ခြင်းငှာဆောင်သွားသော သိုးသငယ်ကဲ့သို့ သူ့ကိုဆောင်သွား၍” (ဟေရှာယ ၅၃း၇) ဟူသောစကားကို စိတ်စွဲလမ်းမိခဲ့ပါသည်။

နောက်ပိုင်းရက်သတ္တပတ်များတွင် ဆရာယောဟန်သည် ပုရောဖက်ဟောကြားခဲ့သောစကားများနှင့် ပူဇော်အပ်နှံခြင်းဆိုင်ရာ သွန်သင်ချက်များကို စိတ်ဝင်စားစွာဖြင့် လေ့လာမှတ်သားခဲ့ပါသည်။ ထိုအခါ ထိုသခင်၏ ကြွလာခြင်းအတွက် နက်နဲသောထူးခြားချက်များရှိကြောင်းကိုယောဟန်သည်ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲ များတို့ထက် ပိုမို၍ ရှင်းလင်းပီပြင်စွာ ခွဲခြားသိမြင်ခဲ့ပါတော့သည်။ တောထဲမှပြန်လာ၍ လူထုပရိသတ်စုထဲတွင် ရောက်ရှိနေတော်မူသော ယေရှုခရစ်တော်ကို ယောဟန်သည် မြင်တွေ့သောအခါ ကိုယ်တော်၏ ဇာတိရုပ်မှန်ထင်ရှားစေရန်အတွက် ယုဒလူတို့အား နိမိတ်လက္ခဏာပြသပေးရန် သူသည်

စိတ်ချစွာဖြင့် မျှော်ကိုးမိခဲ့ပါသေးသည်။ သူသည် အမှုတော်မြတ်အတွက် ကိုယ်တော်ရှင်၏ကြေညာသံကို ကြားနာရန် အောင့်အည်းသည်းခံ၍ စောင့်မျှော်ခဲ့ပါသော်လည်း ထိုသခင်ထံမှ စကားတစ်လုံးကိုသော်မျှ မကြားခဲ့ရ။

နိမိတ်လက္ခဏတစ်ခုကိုသော်မျှ မမြင်ခဲ့ရပါချေ။ သခင်ယေရှုသည် နှစ်ခြင်းဆရာယောဟန်၏ ကြေညာချက်ကို မတုံ့ပြန်ခဲ့ပါသော်လည်းမိမိ၏ အထူးလုပ်ငန်းအတွက် မည်သည့် အရိပ်အယောင်ကိုမျှ မပြသရုံမက မိမိအားအာရုံစိုက်ဂရုပြုလာအောင်လည်း မည်သို့မျှမပြု။ ယောဟန်၏ တပည့်တော်များနှင့်သာ ရောထွေးဆက်ဆံကာ နေထိုင်ခဲ့ပေသည်။

နောက်တစ်နေ့မှာ ယေရှုသခင်သည် ဆရာယောဟန်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ရှိလာသည်တွင် ဘုရားသခင်၏ဘုန်းရောင် ခြည်တော်နှင့် ပြည့်လျှံနေသော ထိုပုရောဖက်ကြီးသည် မိမိလက်ကိုဆန့် တန်းကာ "ဤလောက၏ အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကို ကြည့်ရှုလော့။ ငါမရှိမီရှိနှင့်သည်ဖြစ်၍ ငါထက်သာ၍ ကြီးမြတ်သောသူသည် ငါ့နောက်ကြွလာသည်ဟု ငါဆိုရာ၌ ထိုသူကို ဆိုလို၏။

ထိုမှတစ်ပါး ဝိညာဉ်တော်သည် ကောင်းကင်မှ ချိုးငှက်ကဲ့ သို့ဆင်းသက်၍ သူ၏ အပေါ်၌နားတော်မူသည်ကို ငါမြင်ရပြီ။ ရေ၌ ဗတ္တိဇံကိုပေးစေခြင်းငှာ ငါ့ကိုစေလွှတ်တော်မူသောသူက အကြင်သူ၏ အပေါ်၌ ဝိညာဉ်တော်ဆင်းသက်၍ နားတော်မူသည်ကို သိမြင်လျှင် ထိုသူကား သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံကိုပေးသောသူပေတည်း ဟု မိန့်တော်မူသည်နှင့်အညီ ငါသည်မြင်၍ ဤသူသည် ဘုရားသခင်၏ သားတော် ဖြစ်တော်မူကြောင်းကို သက်သေခံသည်ဟု ယောဟန်ဆို လေ၏။" (ယောဟန် ၁း၂၉-၃၄)

# ခရစ်တော်သည် ရိုးစင်းစွာမိမိကိုယ်ကိုဖော်ပြခြင်း

"ဤသူကား ခရစ်တော်ပေလော" ဟု မေးခွန်းထုတ်ကာ ယခုပင်လျှင် ဘုရားသခင်၏သားတော်ဟု ကြေညာခြင်းခံရသူအား အံ့ဩထိတ်လန့်စွာကြည့်ရှုခဲ့ကြပါသည်။ယောဟန်စကားကြောင့်လည်း များစွာလှုပ်ရှားခဲ့ရ၏။ သူသည်ဘုရားသခင်၏နာမတော်အားဖြင့် ထိုစကားကိုပြောကြားခဲ့လေပြီမဟုတ်လော။ သူတို့သည် နေ့တိုင်းအစဉ်မိမိတို့၏ အပြစ်ကိုဖော်ပြဆုံးမပဲ့ပြင်သောယောဟန်၏ တရားကို ကြားနာခဲ့ကြ၏။ယောဟန်သည်လည်း ဘုရားသခင်စေလွှတ်သောသူ၊ ဝိညာဉ်ခွန်အားကိုပေးနိုင်သောသူဟု မှတ်ယူစွဲလမ်းကြကုန်၏။ သို့သော်လည်း ဆရာယောဟန်ထက်သာ၍ ကြီးမြတ်သောဤလူသားကြီးကား မည်သူပါလဲ။

ထိုပုဂ္ဂိုလ်ထူး၏ ဝတ်စားဆင်ယင်မှုနှင့် ပြုမူပုံများသည်လည်း ဂုဏ်ဒြပ်မြင့်မားခြင်းအသွင်ကို မဆောင်ချေ။ ထိုသူသည် ဆင်းရဲသားများဝတ်ဆင်သည့် နိမ့်ကျသောဝတ်ရုံကို ဆင်မြန်းကာ သာမန်လူသားတစ်ဦး၏အသွင်ကို သာလျှင် ဆောင်နေပါပြီကော။

ခရစ်တော်သခင်၏ရေနှစ်ခြင်းမင်္ဂလာခံယူပွဲမှာ ကိုယ်တော်ပေါ် သို့ သက်ရောက်ခဲ့သော ဘုရားသခင်၏ ဘုန်းရောင်ခြည်တော်ကို လူတချို့သည် မြင်တွေ့ခဲ့ရသလို ဘုရားသခင်၏ အသံတော်ကိုလည်း ကြားခဲ့ရပေသည်။ သို့သော်လည်း ထိုအချိန်မှသည် ထိုသခင်၏ အသွင်အပြင်လက္ခဏာများ များစွာပြောင်းလဲခဲ့သောကြောင့် ထိုသခင်၏ ရုပ်ဆင်းသဏ္ဍာန်မှာ ယခင်ကနှင့်မတူ ခြားနား၏။ ထိုသခင်၏ မျက်နှာတော်မှာ ဖြူဖပ်ဖြူရော်ဖြစ်ကာ ပိန်းချုံးနေသောကြောင့် ပုရောဖက်ဆရာယောဟန်တစ်ပါးတည်းသာလျှင် ကိုယ်တော်ကိုမှတ်မိခဲ့ပေသည်။

သို့သော်လည်း လူတို့သည် ကိုယ်တော်ရှင်အား ကြည့်ရှုကြရာတွင် မျက်နှာတော်မှာ ဘုရားသခင်၏ သနားကြင်နာခြင်း ကရုဏာနှင့်

သိမြင်ခြင်းတန်ခိုးကို ရောယှက်ကာနေကြောင်းကို မြင်တွေ့ကြရ၏။ ထိုသခင်၏ မျက်နှာထားနှင့်အကြည့်တိုင်းမှာလည်း စိတ်နှလုံးနှိမ့်ချခြင်းနှင့်တကွ လူ့နှုတ်ဖြင့်ပြောပြနိုင်သည့် အနှိုင်းမဲ့ချစ်ခြင်းမေတ္တာတော်ကို သက်သေထူလျက်ရှိပါ၏။

ရေနှစ်ခြင်းခံယူခဲ့စဉ်မှာ ထိုသခင်၏ ရွှေမျက်နှာတော်မှာ ကောင်းကင်ထက်က အလင်းရောင်ခြည်နှင့်စီးဖြန်းခဲ့ပါသော်လည်း ယခုတွင်မူ ထိုသခင်၏ လုပ်နည်းလုပ်ဟန်များသည် နူးညံ့သိမ်မွေ့၍ ဟိတ်ဟန်မပါဘဲရှိနေ၏။ အားမရစရာပင်။ ဤသို့လျှင် ကိုယ်တော်ရှင်သည် ရိုးစင်းမှုအစုံဖြင့် ဖုံးကွယ်ထားခဲ့ပါသော်လည်း အလုံးစုံကို ဖုံးကွယ်ခြင်းငှာမတတ်စွမ်းနိုင်ပါပြီ။ ထိုအသိက လူတို့၏ နှလုံးသားထဲမှာ စွဲလမ်းစေခဲ့ပါပြီ။ အချိန်ကြာမြင့်စွာကတည်းက ဣသရေလတို့စောင့်မျှော်ခဲ့သောသူကား ဤပုဂ္ဂိုလ်ပေလော။

ကျွန်ုပ်တို့၏ ကယ်တင်ရှင်တစ်ပါးဖြစ်သကဲ့သို့ ကျွန်ုပ်တို့၏ ပုံသက်သေတစ်ခုဖြစ်နိုင်စေရန်အလို့ငှာ ခရစ်တော်သခင်သည် ဆင်းရဲခြင်းနှင့် နှိမ့်ချခြင်းများကိုခံယူလျက် ကြွမြန်းလာခဲ့ပါသည်။ အကယ်၍သာ ကိုယ်တော်သည် ရှင်ဘုရင်၏ အဆောင်အယောင်နှင့် ပေါ်ထွန်းတော်မူခဲ့ပါသော် နှိမ့်ချခြင်းကိုမည်ကဲ့သို့ သွန်သင်ပေးနိုင်လိမ့်မည်နည်း။ ထိုသခင်သည် ရှင်ဘုရင်တစ်ပါးအနေဖြင့် လူတို့တွင် နေထိုင်သက်ရှင်ခဲ့လျှင် နိမ့်ကျသောလူတန်းစားများအတွက် မျှော်လင့်ချက်သည် အဘယ်မှာလျှင်ရှိလိမ့်မည်နည်း။

သို့သော်လည်း လူထုပရိသတ်ကြီးအတွက်မူကား ဆရာဟောဟန်ဖေါ်ညွှန်းနေသောလူသားကြီးထိုပုဂ္ဂိုလ်သည် ၎င်းတို့၏ ကြီးမားသောမျှော်မှန်းချက်များနှင့် ဆက်စပ်၍ မရနိုင်သလိုဖြစ်ခဲ့ရပါသည်။ သို့အတွက် များစွာသောလူတို့သည် စိတ်ပျက်ဝမ်းနည်းကာ များစွာ စိတ်ရှုပ်ထွေးခဲ့ကြပါပေသည်။

ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာတော်ကြီးများ အလွန်ကြားချင်နေသည့်စကားဖြစ်သော "ခရစ်တော်သည် ယခုတွင် ဣသရေလနိုင်ငံကို ပြန်လည်ရယူတော့မည်" ဟူသောစကားကို ယေရှုသခင်သည် လားလားမျှ မိန့်တော်မမူခဲ့ပါ။ တကယ်မှာတော့ ထိုသူတို့သည် ထိုကဲ့သို့သော ရှင်ဘုရင်မျိုးကို စောင့်စားမျှော်လင့်ခဲ့ကြပေသည်။ ကြိုဆိုလက်ခံရန်လည်း အသင့်ရှိကြ၏။

သို့ရာတွင် မိမိတို့၏ စိတ်နှလုံးထဲမှာ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းတရားနှင့်ယှဉ်သော နိုင်ငံတော်ကိုတည်ထောင်ရန် ကြိုးစားနေသော ထိုပုဂ္ဂိုလ်ထူးကိုမူ ထိုသူတို့သည် လက်မခံကြပါချေ။

## ယောဟန်သည် မိမိနောက်လိုက်တို့အား ယေရှုထံသို့ပြည့်ဆွန်ခြင်း

နောက်တစ်နေ့တွင် တပည့်တော်နှစ်ဦးသည် အနီးအပါးမှာရပ်နေကြစဉ် ယောဟန်သည် လူတို့အလယ်မှာရှိသော ယေရှုသခင်ကိုတစ်ဖန်တွေ့မြင်ခဲ့ပြန်၏။ ထိုယောဟန်၏ မျက်နှာသည်လည်း ဘုန်းရောင်ခြည်နှင့်တစ်ဖန်ထွန်းလင်းလာ၍ "ဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့" ဟု ကြွေးကြော်ခဲ့ပြန်ပါသည်။ ဤအမှုကို သူ၏ တပည့်တော်များက ပြည့်ပြည့်စုံစုံနားမလည်ခဲ့ပါ။ "ဘုရားသခင်၏ သိုးသငယ်" ဟူသည်မှာ ဘာလဲ။ ယောဟန်ကိုယ်တိုင်ကလည်း ရှင်းမပြခဲ့ချေ။

သူတို့သည် ဆရာယောဟန်ကို စွန့်ခွာလျက် ခရစ်တော်ထံသို့ ထွက်သွားခဲ့ကြ၏။ ထိုနှစ်ယောက်ထံမှ တစ်ယောက်သောသူသည် ရှိမုန်၏ ညီအိခြွေဖြစ်၍ ကျန်တစ်ယောက်မှာ ဧဝံဂေလိဆရာတမန်တော် ယောဟန်ဖြစ်ပါသည်။ ထိုသူတို့သည် လက်ဦး တမန်တော်ကြီးများဖြစ်ကြသည်။ ချုပ်တည်း၍မရနိုင်လောက်သော စိတ်ဇော၏လှုံ့ဆော်မှုကြောင့်

ထိုသူတို့သည် ခရစ်တော် ယေရှုနောက်တော်သို့ လိုက်ခဲ့ကြသည်တွင် ကိုယ်တော်နှင့်စကားပြောရန် အလွန် စိတ်မောနေကြပါသော်လည်း "ဤသူသည် မေရှိယပေးသော" ဟူသော အတွေး၏မခံမရပ်နိုင်အောင် ဖိစီးထားသည့် အရေးပါမှုတွင် နစ်မျောကာ ထိတ်လန့်ငြိမ်သက်လျက် ရှိကြပါသည်။

ထိုတမန်တော်တို့သည် မိမိနောက်တော်သို့လိုက်လာကြသည်ကို ယေရှုသိ၏။ ထိုသူတို့သည် သခင့်အမှုတော်မှာ အဦးသီးသောအသီးများဖြစ်၍ သခင်၏ကရုဏာကို တုံ့ပြန်ကြသောကြောင့် သခင့်နှလုံးသားတော်ကို ဝမ်းသာပီတိဖြစ်စေခဲ့ကြပါသည်။ သို့တိုင်အောင်လည်း သခင်သည် နောက်တော်သို့လှည့်၍ "အဘယ်အလိုရှိသနည်း" ဟူသောမေးခွန်းကိုသာ ယေရှုသခင်မေးခဲ့လေသည်။

ထိုအခါ သူတို့က"ရဗ္ဗိ၊ ကိုယ်တော်သည် အဘယ်မှာနေတော်မူသနည်း" ဟု မေးလျှောက်ကြ၏။ လမ်းဘေးမှာ ခေတ္တခဏမျှသာ စကားပြောကြရသဖြင့် သူတို့သည် မိမိတို့မျှော်လင့်ရာကို အလုံးစုံမသိရကြ။ မကျေနပ်ကြပါ။ ထိုသခင်၏ ခြေတော်ရင်းမှာထိုင်ကာ နှုတ်တော်ထွက်စကားများကိုကြားနာ၍ ကိုယ်တော်နှင့်အတူ နေထိုင်အသက်ရှင်ရန် သူတို့ဆန္ဒရှိကြပါသည်။

"ယေရှုကည်း လာ၍ ကြည့်ကြလော့ဟု မိန့်တော်မူ၏။ ထိုသူတို့သည် နေတော်မူရာအရပ်ကိုသွား၍ ကြည့်ကြ၏။ မိုးချုပ်သည်တိုင်အောင် အထံတော်၌ နေကြ၏။"

အကယ်၍သာ ယောဟန်နှင့်အိန္ဒြေတို့သည် ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများကဲ့သို့လို မယုံကြည်သော စိတ်ထားမျိုးရှိချေက သူတို့ကို ခရစ်တော်သခင်၏ ခြေတော်ရင်းမှာ တရားနာသောသူများအဖြစ် မြင်တွေ့ရမည် မဟုတ်ပါ။ ဝေဖန်ပြစ်တင်သော သူများအနေဖြင့်သာ

ကိုယ်တော်၏စကားကို တရားစီရင်ရန် အထံတော်သို့ ချဉ်းကပ်ကြပေလိမ့်မည်။

သို့သော်လည်းသူတို့သည် နှစ်ခြင်းဆရာ ယောဟန်၏ဟောပြောချက်မှ သန့်ရှင်းသောဝိညာဉ်တော်၏ ဖိတ်ခေါ်သံကို တုံ့ပြန်ခဲ့ကြလေရကား ယခုတွင် ကောင်းကင်နိုင်ငံတော်မှ ဆရာတော်ကြီး၏ အသံတော်ကို မှတ်မိကြပေသည်။ သူတို့အတွက်ဆိုလျှင် ထိုသခင်၏ သွန်သင်ချက်များသည် ခွန်အားတက်စရာ အမှန်တရားများ၊ တင့်တယ်မှုများစွာတို့နှင့်ပြည့်ဝနေပေ၏။ ဘုရားသခင်၏ ဘုန်းတန်ခိုး ထွန်းလင်းတောက်ပခြင်းသည်လည်း ဓမ္မဟောင်းကျမ်းစောင်များ၏ ဖေါ်ကျူးမှုအပေါ် မီးမောင်းထိုးသလိုဖြစ်နေပါသောကြောင့် အမှန်တရား၏ ဆိုလိုရင်းအချက်များသည် အသစ်သော အလင်းဆုံမှတ်တွင် မြဲမြံစွာ ရပ်တည်ခဲ့လေသည်။

တပည့်တော်ယောဟန်သည် ဇွဲလုံ့လဝီရိယရှိသောသူ၊ လှိုက်လှဲပျူငှာစွာချစ်ခင်တတ်သောသူ၊ စိတ်အားထက်သန်သူတစ်ယောက် ဖြစ်သလိုစဉ်းစားမြော်မြင်တတ်သူ တစ်ဦးလည်းဖြစ်၏။ သို့ဖြစ်၍လည်း သူသည်ခရစ်တော်သခင်၏ ဘုန်းတော်ကို အစပြု၍ ခွဲခြားသိမြင်နားလည်ခဲ့ရာတွင် လောကအတတ်ပညာအားဖြင့် မဟုတ်ဘဲ "ခမည်းတော်၌တစ်ပါးတည်းသောသားတော်၏ဘုန်းကဲ့သို့ သူ၏ ဘုန်းတော်ကို" မြင်တွေ့ခဲ့ရသူပါတည်း။

အိန္ဒြေသည် မိမိခံစားရသောဝမ်းမြောက် ပျော်ရွှင်မှုကို မျှဝေရန်ကြိုးစားသည်တွင် မိမိ၏ ညီအစ်ကိုရှိမုန်ကို ရှာဖွေလျက် တွေ့မြင်သောအခါ "ငါတို့သည် မေရှိယကိုတွေ့ကြပြီ" ဟု ကြွေးကြော်ခဲ့ပါသည်။ ရှိမုန်သည်လည်း နှစ်ခြင်းဆရာယောဟန်၏ သွန်သင်ချက်များကို ကြားနာခဲ့ရသူဖြစ်သောကြောင့် ကယ်တင်ရှင်၏ စိန်ခေါ်မှုကို ကြားသိသော်၊ မဆိုင်းမတွဘဲ၊ မနှေးအမြန်ပင် သခင့်ထံတော်ပါးသို့ ချဉ်းကပ်ခဲ့ပေသည်။

ခရစ်တော်သခင်သည် ထိုသူကိုကြည့်တော်မူရာ၌ သူ၏ အတွင်းစိတ်၊ စာရိတ္တနှင့် အသက်တာသမိုင်းကြောင်းကို မြင်တွေ့ဖတ်ရှုခဲ့လေပါပြီ။ သူ၌ စိတ်မြန်သောသဘောသဘာဝ၊ ချစ်တတ်သောနှလုံးသား၊ ကိုယ်ချင်းစာစိတ်၊ ရည်ရွယ်ချက်ကြီး၍ မိမိကိုယ်ကိုစိတ်ချလွန်းသူ၊ သူ၏ အပြစ်နွံတွင်းသို့ ကျဆုံးခြင်းနှင့် နောင်တရခြင်း၊ သူ၏ စေတနာမေတ္တာပါသော အမှုတော်သာသနာလုပ်ငန်းနှင့် မာတုရသေခြင်း စသည်တို့ကို ရှုမှတ်တွေ့မြင်သိရှိပြီးသည်နှင့် "သင်သည် ယောနသားရှိမုန်ဖြစ်၏။ ကေဖအမည်သစ်ကို ရလတ္တံ့ဟု မိန့်တော်မူ၏။ ကေဖအနက်ကား ပေတရု (ကျောက်ခဲတစ်တုံး) ဟု ဆိုလိုသတည်း။"

နောက်တစ်နေ့မှာ ဂါလိလဲပြည်သို့ ကြွခြင်းငှာ အလိုတော်ရှိလျှင် ဖိလိပ္ပုကိုတွေ့၍ ငါ့နောက်သို့လိုက်လော့ဟု မိန့်တော်မူ၏။ ဖိလိပ္ပုသည်လည်း အမိန့်တော်ကိုနာခံ၍ ချက်ချင်းပင် ခရစ်တော် ယေရှုသခင်၏ အမှုတော်ဆောင်တစ်ဦး ဖြစ်လာခဲ့ပါသည်။

ဖိလိပ္ပုသည် နာသနေလကို ခရစ်တော်၏ နောက်တော်သို့လိုက်ရန် ဖိတ်ခေါ်နေ၏။ နှစ်ခြင်းဆရာယောဟန်သည် ခရစ်တော်ကို ညွှန်ပြ၍ ဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့ဟု ပြောပြနေချိန်မှာ ထိုလူအုပ်ကြားတွင် နာသနေလလည်းရှိခဲ့ပါသည်။ သူသည် ယေရှုကို မြင်တွေ့သောအခါမှာ စိတ်ပျက်ခဲ့၏။ ဆင်းရဲနုံချာ၍ ပင်ပန်းနွမ်းလျပုံပေါ်နေသော ထိုသူသည် မေရှိယအရှင်ဖြစ်နိုင်ပါမည်လော။ သူသံသယဖြစ်ခဲ့မိပေသည်။

သို့ပါသော်လည်း ဆရာယောဟန်၏ သတင်းစကားကသူ၏ စိတ်နှလုံးသားအိမ်ကို ထိုးဖောက်ဝင်ရောက် နေရာယူပြီဖြစ်ပါသောကြောင့် နာသနေလသည် ခရစ်တော်သခင်အား ငြင်းပယ်ရန် ဆုံးဖြတ်နိုင်စွမ်းမရှိတော့ပါပြီ။

# နာသနေလ၏လျှို့ဝှက်ဆုတောင်းချက်များကို ကြားခဲ့ရခြင်း

ဖိလိပ္ပုသည် နာသနေလကို လက်ဆင့်ကမ်းရှာဖွေဖိတ်ခေါ်နေချိန်မှာ နာသနေလသည် ယောဟန်ဟောပြောသော မေရှိယနှင့်ပတ်သက်သည့် ပုရောဖက်စကားချက်များအပေါ်မှာ အာရုံပြုရန် ငြိမ်သက်အေးဆေးသော တောအုပ်ငယ်လေးသို့ သွားခဲ့ပါပြီ။

ဆရာယောဟန်ညွှန်ပြသော လူသားကြီးယေရှုသည် ကယ်တင်ပိုင်သူဖြစ်ပါမူ မိမိအား သိမြင်ခွင့်ပေးသနားတော်မူပါဟုလည်း ဆုတောင်းခဲ့လေရာ ဘုရားသခင်သည် မိမိလူမျိုးထံသို့ အလည်အပတ်ကြွလာ၍သူတို့အတွက်ကယ်တင်ခြင်း ဦးချိုကို မြှောက်တင်တော်မူကြောင်း အာမခံချက်နှင့်တကွ သန့်ရှင်းသောဝိညာဉ်တော်သည် သူ့အပေါ်သို့သက်ရောက်ခဲ့ပေသည်။ မိမိ၏ သူငယ်ချင်း နာသနေလသည်လည်း အနာဂတ္တိစကားများကို စူးစမ်းရှာဖွေနေကြောင်းကို သူသိ၏။ နာသနေလသည် သင်္ဘောသဖန်းပင်အောက်မှာ ဆုတောင်းနေစဉ် သူ၌တရားတော်စီးဖြန်းနေပုံကို ဖိလိပ္ပုတွေ့မြင်ခဲ့ပါသည်။ ထိုသူတို့သည် ဆိတ်ငြိမ်သောသစ်ပင်များအောက်မှာ မကြာခဏဆိုသလို အတူတကွ ဆုတောင်းလေ့ရှိကြပါ၏။

မောရှေသည် ပညတ္တိကျမ်း၌လည်းကောင်း ပုရောဖက်တို့သည် သူတို့ကျမ်း၌လည်းကောင်း အကြောင်းပြု၍ ရေးထားသောသူကို ငါတို့တွေ့ကြပြီ" ဟူသော သတင်းသည် နာသနေလ၏ ဆုတောင်းချက်ကို တိုက်ရိုက် အဖြေပေးသကဲ့သို့ ဖြစ်ပါသည်။ ဆက်လက်၍ ဖိလိပ္ပုက "နာဇရက်မြို့သားဖြစ်သော ယောသပ်၏သားယေရှု" ဘဲဟု သံသယစိတ်ဖြင့်ပြောဆိုသောအခါ နာသနေလ၏ စိတ်ထဲမှာ တစ်ဖက်သတ်အထင်လွဲ မှုရှိသဖြင့် "နာဇရက်မြို့ထဲက ကောင်းသောအရာတစ်စုံတစ်ခုမျှထွက်သလော" ဟုမေးလေ၏။

ဖိလိပ္ပုသည် နာသနေလနှင့်အငြင်းပွားမနေတော့ဘဲ "ဒါဆိုလာကြည့်လေ" ဟုဆို၏။ နာသနေလလာသည်ကို ယေရှုသခင်သည် မြင်တော်မူလျှင် "လှည့်စားခြင်းအပြစ်နှင့် ကင်းလွတ်သောဣသရေလလူစစ်ကိုကြည့်လော့" ဟု နာသနေလကို အမှတ်ပြု၍ မိန့်တော်မူ၏။

နာသနေလသည် အံ့အားသင့်စွာဖြင့် ကိုယ်တော်သည် အဘယ်သို့သောအားဖြင့် အကျွန်ုပ်ကိုသိတော်မူသနည်းဟု မေးလျှောက်သော် ယေရှုက "ဖိလိပ္ပုသည် သင့်ကိုမခေါ်မီသင်သည် သင်္ဘောသဖန်းပင်အောက်၌ ရှိသည်ကိုငါမြင်၏" ဟု မိန့်တော်မူ၏။

ဤမျှနှင့်လုံလောက်ပြီ။ သင်္ဘောသဖန်းပင်အောက်မှာ နာသနေလသည် ဆိတ်ငြိမ်စွာဆုတောင်းနေစဉ် သက်သေခံတော်မူခဲ့သော ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်သည် ယခုတွင် ယေရှု၏ နှုတ်တော်ထွက်စကားအားဖြင့် နာသနေလအား မိန့်တော်မူနေပါသည်။ သံသယရှိခဲ့ပါသော်လည်း တစ်ဖက်သတ်အထင်လွဲမှားမှုကို စိတ်လျှော့ကာ နာသနေလသည် အမှန်တရားကို သိနားလည်ရန် ရိုးသားသောဆန္ဒမွန်ဖြင့်ခရစ်တော်ထံတော်ပါးသို့ တိုးဝင်ချဉ်းကပ်ခဲ့ပါပြီ။ ယခုတော့ သူလည်း အလိုဆန္ဒပြည့်ဝလာပါပြီ။ သို့ဖြစ်၍ "အရှင်ဘုရားသခင်၊ ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူ၏။ ဣသရေလလူတို့၏ ရှင်ဘုရင်လည်း ဖြစ်တော်မူ၏" ဟု နာသနေလ မြွက်ဆိုခဲ့ပါသည်။

အကယ်၍ နာသနေလသည် ကျမ်းတတ်ဆရာတော်များ၏ လမ်းပြမှုကိုသာ ကိုးစားမိပါလျှင် ယေရှုခရစ်တော်ကို ဘယ်သောအခါမျှ တွေ့နိုင်လိမ့်မည်မဟုတ်ပါ။ သူသည် တပည့်တော်တစ်ပါးအဝင် ဖြစ်လာခဲ့ပုံမှာ မိမိ၏ ကိုယ်တွေ့မြင်ခြင်းနှင့် ကိုယ်တိုင် ဆုံးဖြတ်ခြင်းအားဖြင့် ဖြစ်၏။ ယခုခေတ်ကာလမှာလည်း လူများစွာတို့သည် လူ့ဩဇာတန်ခိုး သက်ရောက်လွှမ်းမိုးမှုကို စိတ်ချယုံကြည်အားကိုးကြပါ၏။ ကျွန်ုပ်တို့သည်

နာသနေလကဲ့သို့ မိမိတို့ကိုယ်တိုင်နှုတ်ထွက်စကားတော်ကို လေ့လာရန် လိုအပ်သည့်အပြင်၊ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကိုရရှိရန်အတွက်လည်း ဆုတောင်းဖို့လိုအပ်ပါသည်။ သင်္ဘောသဖန်းပင်အောက်မှာရှိသော နာသနေလကိုမြင်တွေ့တော်မူသော သခင်သည် လျှို့ဝှက်သောနေရာမှာ ဆုတောင်းနေသော ကျွန်ုပ်တို့ကို မြင်တွေ့နေပါ၏။ အလင်းကမ္ဘာမှ ကောင်းကင်တမန်များသည် နှိမ့်ချစွာဖြင့် ဘုရားသခင်၏ လမ်းပြမှုကို ရှာဖွေနေကြသော လူတို့၏ အနီးအနားမှာ ရှိနေကြပါသည်။

ယောဟန်၊ အိန္ဒြေ၊ ရှိမုန်၊ ဖိလိပ္ပုနှင့်နာသနေလတို့ကို ဖိတ်ခေါ်ခြင်းအားဖြင့် ခရစ်ယာန်အသင်းတော်၏ တိုက်မြစ်ကို အစပျိုးတည်ဆောက်ခဲ့ပေသည်။ နှစ်ခြင်းဆရာယောဟန်သည် မိမိ၏ တပည့်တော်နှစ်ပါးကို ခရစ်တော်ယေရှုထံသို့ ညွှန်ခဲ့၏။ တစ်ဦးဖြစ်သော အိန္ဒြေသည်မိမိ၏ ညီကိုတွေ့ခဲ့သည်။ ဖိလိပ္ပုသည် လက်ဆင့်ကမ်းဖိတ်ခေါ်မှုကိုပြုခဲ့သဖြင့် နာသနေလကိုတွေ့၏။

ဤပုံစံနမူနာကိုယူ၍ ကျွန်ုပ်တို့သည်လည်း မိမိတို့၏ ဆွေမျိုး၊ မိတ်ဆွေများနှင့် အိမ်နီးနားချင်းတို့အား ခရစ်တော်သခင်ထံ လက်ဆင့်ကမ်းပို့ဆောင်ရာ၏။ မိမိ၏ တစ်ဦးချင်း ကြိုးစားအားထုတ်မှုကိုမပြုဘဲ ကယ်တင်ပိုင်ရှင် ဘုရားသခင်ထံ အသက်ဝိညာဉ်တစ်ခုကိုသော်မျှ မယူဆောင်ပေးနိုင်ပါသော် လူရှေ့၊ ဘုရားသခင်ရှေ့မှာ ကောင်းမြတ်နိုင်ပါမည်လော၊ စဉ်းစားကြည့်ပါမိတ်ဆွေ။

အကယ်၍သာ အိမ်နီးချင်းမိတ်ဆွေအပေါင်းတို့သည် လုံလစိုက်ထုတ်ကာ လူလူချင်း လမ်းကြောင်းမှန်ပေါ်သို့ တင်ပို့ပေးချေက၊ မည်မျှလောက်များစွာသော အသက်ဝိညာဉ်ကို ပျက်စီးခြင်းမှ ကယ်နုတ်နိုင်ပါမည်လဲ။ သို့ဖြစ်၍ ကျွန်ုပ်တို့နေထိုင်ရာအရပ်မှာ ဝိညာဉ်ကယ်တင်ရေးအလုပ်သည်ရှိ၏။ ဤသို့လျှင် ယေရှုသခင်ထံတော်ပါးသို့ ကျွန်ုပ်တို့သည် လက်ဆင့်ကမ်းသာသနာပြုခြင်းဖြင့် သာသနာတော်ဇုန်ကို ကျယ်ပြန့်စေကြပါစို့လားမိတ်ဆွေ။

## ခွန်အားအကြီးဆုံးအငြင်းပွားမှု

ဖိလိပ္ပုသည် အခြားတစ်ခုသော သက်သေခံချက်ကို လက်ခံရန် နာသနေလကို ခိုင်းစေခြင်းမဟုတ်ပါ။ မိမိအတွက် ယေရှုခရစ်တော်ကို ရှုမြင်ဖို့ရန် ပြောခြင်းသာဖြစ်၏။ ယေရှုသခင်ထံတော်ပါးသို့ အသက်ဝိညာဉ်များစွာကို ဆောင်ယူအောင်မြင်စေသော အထိရောက်ဆုံးနည်းလမ်းများမှာ၊ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာမှာ ဖေါ်ကျူးနေသော ထိုသခင်၏အကျင့်စာရိတ္တတော်ပင်ဖြစ်ချေ၏။

လူသားတို့သည် ကျွန်ုပ်တို့၏ ဒဿနိကဆန်သောကျိုးကြောင်းဆက်သွယ်မှု တွေးခေါ်ပုံများကို လက်သင့်မခံ၊ ငြင်းဆန်ကောင်းငြင်းဆန်မည်ဖြစ်ပါသော်လည်း ကျွန်ုပ်တို့၏အသက်တာမှာ ပေါ်လွင်ထင်ရှားစေသော ချစ်ခြင်းမေတ္တာလုပ်ရပ်များနှင့် ကိုယ်ကျိုးမဖက်ဘဲအများအကျိုးဆောင်ခြင်းသည် တစ်ပါးသူတို့၏ အတင်းအဖျင်းကိုပြော၍ အကျိုးမရှိ ငြင်းခုံမှုကိုရပ်တံ့စေပါသည်။

ဖြူစင်သန့်ရှင်းသော ဘုရားသခင်၏ နှုတ်တော်ထွက်စကားသည် ယေရှုသခင်အားဖြင့်ဖြစ်သောကြောင့် ကြားနာရသူတို့အတွက်ဆွဲဆောင်နိုင်သော အသက်ပေးသည့် တန်ခိုးစက်တစ်ခုဖြစ်ပေသည်။ လူသည် အမှန်တရားကို ချစ်မြတ်နိုးလာသောအခါမှာ အငြိမ်မနေနိုင်ဘဲ၊ မိမိကြားရမြင်ရလေသမျှသော အသက်နှင့်ယှဉ်သည့် နှုတ်ထွက်စကားတော်အကြောင်းကို တစ်ပါးသူတို့အား လက်ဆင့်ကမ်း ဝေငှသက်သေခံပါလိမ့်မည်။

ထိုအမှန်တရားသက်သေသည်လည်း အသင့်နှလုံးသွင်းရန်ကြိုဆိုနေသော နှလုံးသားအိမ်အတွင်းမှာနေ၍ လူ့စာရိတ္တကို သန့်ရှင်းစင်ကြယ်စေပါလိမ့်မည်။

တစ်ပါးသူအား အလင်းတရားကို ဝေငှလိုသောသူသည် မင်္ဂလာရှိလိမ့်မည်။ ပျော်ရွှင်ရပါလိမ့်မည်။ “သူတစ်ပါးကို ရေလောင်းသော

သူသည် ကိုယ်တိုင်ရေလောင်းခြင်းအကျိုးကိုခံရလိမ့်မည်။" (သု ၁၁း၂၅)။ ခရစ်တော်သခင်၏ ဝမ်းမြောက်ပျော်ရွှင်မှုတည်းဟူသော မိမိ၏ သက်စွန့်မေတ္တာတော်ကြောင့် ကယ်တင်ရွေးနုတ်ခြင်းခံရသော အသက်ဝိညာဉ်များကိုမြင်တွေ့ရခြင်းသို့ ဝင်စားလိုပါသော် ကျွန်ုပ်တို့သည် ထိုသူတို့၏ ကယ်တင်ခြင်းအတွက် သခင်နှင့်အတူ သခင့်အမှုတော်မြတ်မှာပါဝင်လုပ်ဆောင်သင့်ပါသည်။

နာသနေလ၏ ပထမဦးဆုံးသော ယုံကြည်ခြင်းဖေါ်ပြမှုသည်ယေရှုသခင်၏နာမတော်၌ သာယာနာပျော်ဖွယ်ကောင်းသော တေးသံသာတမျှဖြစ်ပါသည်။"တစ်ဖန်ယေရှုက သင်္ဘောသဖန်းပင်အောက်၌ သင့်ကိုငါမြင်သည်ဟုဆိုသောကြောင့် ယုံသလော။ ထိုမျှမက သင်သည်သာ၍ ကြီးစွာသောအကြောင်းအရာကိုမြင်လတ္တံ့။" ကယ်တင်ပိုင်သူ ယေရှုခရစ်တော်သည် မိမိ၏ တရားတော်ကို စိတ်နှလုံးနူးညံ့သိမ်မွေ့သောသူ၊ ကြေကွဲနှိမ့်ချသောသူတို့နှင့် စာတန်၏ သုံ့ပန်းဘဝမှာ နစ်မွန်းနေသောသူများ လွတ်မြောက်ရန်ကြွေးကြော်ကာ သတင်းကောင်းလွှင့်ရမည့် အမှုတော်မြတ်ကို ကြိုတင်ပြေးကြည့်ကာ၊ ဝမ်းမြောက်မိပေသည်။

ဆက်လက်၍ မြွက်ဆိုခဲ့သည်မှာ "သင်တို့အား ငါအမှန်အကန်ဆိုသည်ကား နောင်ကာလ၌ ကောင်းကင်ဖွင့်လှစ်သည်ကိုလည်းကောင်း၊ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် လူသား၏အပေါ်၌ဆင်းလျက်တက်လျက်ရှိနေသည်ကိုလည်းကောင်း၊သင်တို့သည် မြင်ရကြလတ္တံ့"ဟုမိန့်တော်မူ၏။

ဤတွင် ခရစ်တော်ယေရှုသည် အကျင့်နှင့်ပြောဆိုနေသည်မှာ ယော်ဒန်မြစ်ကမ်းပါးမှာ ကောင်းကင်တံခါးတို့သည် ပွင့်လျက်နေ၏။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဆင်းသက် လာမည်ဖြစ်ပါသည်။ သင်သည် ငါ့အား ယုံကြည်ကိုးစားအံ့။ သင်၏ ယုံကြည်ခြင်းသည်တိုးပွားလာပေလိမ့်မည်။ သင်သည်ဘယ်သောအခါမျှမပိတ်၊ ပွင့်လျက်နေသည့်

ကောင်းကင်တံခါးတို့ကို မြင်ရပေမည်။ ထိုတံခါးတို့သည် သင့်အဖို့ငါသည် ဖွင့်ထားလျက်ရှိ၏။ ထာဝရဘုရားသခင်၏ ကောင်းကင်တမန်တို့သည် ကောင်းကင်ထက်ရှိ ခမည်းတော်ဘုရားသခင်ထံ အကူအညီလို၍ စိတ်ပျက်အားလျော့နေသော သူတို့၏ ဆုတောင်းချက်များကို သယ်ဆောင်သွားကြပါ၏။ ကောင်းကင်ထက်က ခမည်းတော်ဘုရားသခင်ထံမှာလည်း ယုံကြည်ခြင်း၊ ရဲဝံ့ခြင်းနှင့်အသက်ရှင်လန်းချမ်းမြေ့မှုကို ကမ္ဘာ့လူသားတို့ထံ သယ်ဆောင်လာကြပါသည်။

အစေခံနံ့ဝိညာဉ်ကောင်းကင်တမန်များတို့ကား မြေကြီးမှကောင်းကင်၊ ကောင်းကင်ထက်မှမြေကြီးဆီသို့ တက်ဆင်းအမြဲပြုနေကြပါသည်။ ခရစ်တော်ယေရှုအားဖြင့် ခမည်းတော်အဖဘုရားသခင်ထံတော်မှ ကျွန်ုပ်တို့အဖို့ ကောင်းချီးမင်္ဂလာတိုင်းကို ကောင်းကင်တမန်တို့သည် ယူဆောင်လာကြပါပြီ။ ထိုသခင်သည် လူ့ဇာတိကိုခံယူခြင်းအားဖြင့် ကျဆုံးပြီဖြစ်သောအာဒံ၏ သားသမီးများတို့ကို စိတ်ဝင်စားကာ ပေါင်းစည်းလိုပါသဖြင့် စုပေါင်းကာနေလေပြီမဟုတ်လော။ တစ်ချိန်တည်းမှာပင် မိမိ၏ ဘုရားသခင်ဇာတိတော်အားဖြင့် ထာဝရဘုရားသခင်၏ ပလ္လင်တော်ကို ဆုတ်ကိုင်ထားပေသည်တကား။

-ဝ-

# အခန်း (၁၅)
# ယေရှုတက်ရောက်သောမင်္ဂလာလက်ထပ်ပွဲ

(ယောဟန် ၂း၁-၁၁ ကို အခြေပြုထားသည်။)

ဂါလိလဲရွာငယ်ကလေးတစ်ခုမှာ ကျင်းပသော မင်္ဂလာလက်ထပ်ပွဲ၌ စုရုံးနေကြသောအိမ်ထောင်သားတို့၏ ဝမ်းမြောက်မှုအတွက် ယေရှုသခင်သည် မိမိ၏ တန်ခိုးတော်ကို စတင်အသုံးပြုခဲ့ပါ၏။

ဤနည်းဖြင့်ထိုသခင်သည် လူသားတို့အပေါ် ကိုယ်ချင်းစာနာတရားနှင့်ပျော်ရွှင်စေရေးမှာ အလိုတော်ရှိကြောင်း ထင်ရှားပြသခဲ့ပေသည်။ ခရစ်တော်သခင်ကိုယ်တော်တိုင်က တောထဲ၌ စုံစမ်းခြင်းခံရစဉ်မှာ ဒုက္ခဆင်းရဲခြင်းခွက်ဖလားကို သောက်ခဲ့ပြီမဟုတ်လော။ ကိုယ်တော်သည် လူသားတို့အား ကောင်းချီးမင်္ဂလာခွက်ဖလားကို တိုက်ကျွေးရန် ပေါ်ထွန်းတော်မူခဲ့လေသည်။

နာဇရက်မြို့နှင့်မနီးမဝေးအရပ်တွင် ကာနမြို့ငယ်လေးတစ်မြို့ရှိ၏။ ထိုမြို့မှာ လက်ထပ်ပွဲတစ်ခုရှိသည်။ ယောသပ်နှင့်မာရိတို့၏ ဆွေမျိုးသားချင်းထဲမှဖြစ်၏။ ယေရှုသခင်နှင့် တပည့်တော်များလည်း ဖိတ်ကြားခံရ၍ သွားကြပါသည်။

မယ်တော်မာရိသည် သားတော်ယေရှုနှင့်မတွေ့ရတာကြာပေပြီ။ သူမအနေနှင့် ယေရှုသခင်၏ ရေနှစ်ခြင်းမင်္ဂလာပွဲမှဖြစ်ရပ်မှန်များကိုကြားသိခဲ့ရသည်။

ထိုသတင်းကောင်းကြောင့် နှစ်ရှည်လများမိမိ၏ စိတ်နှလုံးသားအတွင်းမှာ တိမ်မြုပ်နေသောမြင်ကွင်းများကို ပြန်လည် စမ်းသစ်စေ၏။ မာရိသည်လည်း အခြားဣသရေလများနည်းတူ နှစ်ခြင်းဆရာယောဟန်၏အမှုတော်မြတ်ကြောင့် စိတ်လှုပ်ရှားခဲ့ရပါသည်။ ယခုမှာတော့သခင်ယေရှု

နှင့်ဆရာယောဟန်အကြား ဆက်နွယ်နေမှုသည် သူမ၏ မျှော်လင့်ခြင်းကို သစ်ဆန်းစေခဲ့ပါလေပြီ။ သူမသည် နာဇရက်မြို့ရှိနေအိမ်မှာ ကောင်းကင်တမန်၏ ကြေညာချက်ကို ကြားသိခဲ့ရချိန်မှစ၍ သားတော်သခင်ယေရှုသည် မေရှိယဖြစ်ကြောင်းကို သက်သေအထောက်အထားတိုင်းကို ရတနာတမျှ စုဆောင်းမှတ်သားထားခဲ့ပေသည်။ သို့စေကာမူ သံသယစိတ်များနှင့်စိတ်ပျက်စရာများတို့ကိုလည်း၊ သူမခံစားခဲ့ရ၏။ ထိုသခင်၏ ဘုန်းတော်ထင်ရှားမည့်အချိန်ကို သူမသည် ဇကန်အမှန်စောင့်စား မျှော်လင့်ခဲ့ပေသည်။

ယခုတွင် သူမ၏ ခင်ပွန်းယောသပ်သည် မရှိတော့ပြီ။ ယောသပ်ကား၊ ခရစ်တော်ယေရှု၏ မွေးဖွားခြင်းနှင့်ပတ်သက်သော နက်နဲမှုများအကြောင်းကို သူမနှင့်မျှဝေအသိပေးခဲ့သူဖြစ်ပါသည်။ ယခုလို မုဆိုးမဘဝမှာ သူမ၏ မျှော်လင့်ချက်များနှင့် စိုးရိမ်ကြောက်ရွံ့မှုများကို နှစ်ကိုယ်စပ်ကြား တိုင်ပင်ဆွေးနွေးရမည့်သူတစ်ယောက်မျှ မရှိလေတော့ ဝမ်းနည်းပူဆွေးခဲ့ရလေသည်။

မိမိအားစာနာချစ်ခင်ကာ စိတ်ချမ်းသာမှုပေးသော သားတော်မောင်ယေရှုသည် သူမအား ခွဲခွာခဲ့သဖြင့် "ထိုမှတစ်ပါး သန်လျက်သည်သင်၏ စိတ်နှလုံးကိုချင်းလိမ့်မည်" ဟု မြွက်ဆိုခဲ့သော သက်ကြီးရွယ်အိုရှိမုန်၏စကားကို သူမသည် ပြန်ပြောင်းဆင်ချင်မိခဲ့ပါ၏။(လုကာ ၂း၃၅)။ သားတော်မောင်ယေရှု၏ အပြန်လမ်းကို စောင့်မျှော်ခဲ့ရသည်မှာလည်း ကြာညောင်းခဲ့လေပြီမဟုတ်ပါလား။

ထိုလက်ထပ်မင်္ဂလာပွဲမှာ သူမသည် သားတော်မောင်ယေရှုကို တွေ့မြင်ခဲ့ပါသည်။ ယခင်ကလိုပင် နူးညံ့သိမ်မွေ့ကာ တာဝန်ကျေပွန်သောသားလေးတစ်ယောက်ဖြစ်နေပါသေး၏။ သို့ပါသော်လည်း ထိုသခင်၏ မျက်နှာအသွင်အပြင်မှာ ယခင်ကနှင့်မတူ တော၌ ဆုံတွေ့ရင်ဆိုင်ခဲ့ရသော တိုက်လှန်ပွဲ၏ အစအနများနှင့် မိမိ၏ ဘုရားသခင်ပေးအမှုတော်မြတ်

အတွက် အထောက်အထားကို ထင်ရှားစေသည့် ဂုဏ်သိက္ခာနှင့်တန်ခိုးတော်တို့ကို အသစ်သောသရုပ်သကန်တစ်ခုအနေဖြင့် မြင်တွေ့နေရပေသည်။

ကိုယ်တော်နှင့်အတူ "သခင်" ဟု မိမိ၏သားကိုခေါ်သော နောက်တော်လိုက်လူငယ်တစ်စုကိုလည်း မယ်တော်သည် တွေ့မြင်ရပါ၏။ ဤလူငယ်တို့သည် နှစ်ခြင်းမင်္ဂလာပွဲနှင့် အခြားနေရာများမှာ မိမိတို့ကိုယ်ကိုမြင်တွေ့သက်သေခံခဲ့ရသည်များကို မာရိအား ပြန်လည် ပြောကြားခဲ့ကြပါသည်။

လက်ထပ်မင်္ဂလာပွဲလာ ဧည့်သည်များစုဝေးလာကြပါပြီ။ လူများစွာတို့သည် စိတ်လှုပ်ရှားမှုကြီးများဖြင့် ယေရှုသခင်၏ အပေါင်းအသင်းဝင်အုပ်စုကို အာရုံစိုက်နေကြပါ၏။ လူများစွာက ယေရှုသခင်ကို ငေးကြည့်နေကြသည်ကို မယ်တော်မာရိသည် မြင်သောအခါ ကိုယ်တော်သည် ဘုရားသခင်၏ ဂုဏ်ပြုခြင်းကိုခံရသော ဘုရားသခင်သားတော် အမှန်တကယ်ဖြစ်ကြောင်းကို ဤလူစုကြီးရှေ့မှာ တန်ခိုးပြရန် မျှော်လင့်တောင့်တခဲ့ပါသည်။ အခွင့်အရေးတစ်ခုပင်ဖြစ်၏ဟုလည်း သူမသည် မှတ်ယူမိခဲ့ပါသည်။

လက်ထပ်မင်္ဂလာပွဲကို ရက်ပေါင်းများစွာ ဆက်လက်ကျင်းပခြင်းသည် ထိုခေတ်ထိုအခါက လူတို့၏ ဓလေ့ထုံးစံတစ်ခုပင်ဖြစ်၏။ ဤလိုအရေးကြီးလှသော အချိန်အခါမျိုးမှာ လက်ထပ်ပွဲရက်မကုန်မီ ဧည့်ခံရန် စပျစ်ရည်များ ကုန်ခန်းသွားလေပြီကော။ ဘယ်လိုလုပ်ရပါ။ ဧည့်ဝတ်ကျေပွန်ရာရောက်တော့မည့်အဖြစ်ပါတကား။ ကာယကံရှင်တို့၏ ဆွေမျိုးရင်းချာတစ်ဦးအနေဖြင့် မာရိသည် တာဝန်ယူစီစဉ်ပေးသူမဟုတ်ပါလား။

စပျစ်ရည်ကုန်သွားသဖြင့်သူမသည်သခင်ယေရှုအား "စပျစ်ရည်မရှိတော့ဘူး" ဟုအကြောင်းကြားလိုက်ပါသည်။ ဤစကားသည် မိမိတို့၏လိုအပ်ချက်အားလုံးကို ကိုယ်တော်ရှင်သည် မစလိုကမစနိုင်ကြောင်း

အကြံပေးချက်တစ်ခုဖြစ်သည်မဟုတ်လော။ သို့သော်လည်း၊ ယေရှုက "အချင်းမိန်းမ သင်သည် ငါနှင့်အဘယ်သို့ဆိုင်သနည်း။ ငါ့အတွက် အချိန်မရောက်သေး" ဟု အဖြေပေးလိုက်ပါသည်။

ဤအဖြေပေးပုံပေးနည်းသည် ပြေပြစ်ပုံမပေါ်ပါသော်လည်း မယဉ်ကျေးမှုနှင့် လှိုက်လှိုက်လှဲလှဲမရှိ၊ အေးတိအေးစက်နိုင်လှကြောင်းကို မဖေါ်ညွှန်းပါချေ။ အရှေ့တိုင်းယဉ်ကျေးမှုဓလေ့ထုံးစံအရ ယဉ်ကျေးစွာ သုံးစွဲပြောဆိုခဲ့ခြင်းဖြစ်ပါသည်။ မယ်တော်အား ဂရုစိုက်စောင့်ရှောက်ရန် လက်ဝါးကပ်တိုင်ပေါ်မှနေ၍ အချစ်ဆုံးသော တပည့်တော်ယောဟန်ထံ သို့အပ်နှံခဲ့သည့် စကားတော်မှာလည်း ထိုနည်းအတိုင်းပင် မယ်တော်အား ခေါ်ဝေါ်ခဲ့ပါသည်။ မင်္ဂလာလက်ထပ်ပွဲနှင့် ကပ်တိုင်တော်နှစ်နေရာစလုံး မှာ အသံနေအသံထား၊ အကြည့်နှင့် တန်ပြန်အမူအရာတို့တွင် ဖေါ်ပြခဲ့သည့် ကိုယ်တော်၏မေတ္တာသည် မိမိမိန့်တော်မူခဲ့သော စကားများကို အနက်အဓိပ္ပါယ်ဖေါ်ဆောင်ပေးလျက်နေပါသည်။

သူငယ်တော်ဘဝမှာ ဗိမာန်တော်သို့ သွားရောက်လည်ပတ်ခဲ့စဉ်က "မိဘသည် အဘယ်ကြောင့် ကျွန်ုပ်ကို ရှာရသနည်း။ အကျွန်ုပ်သည်အဘ အိမ်၌ နေရသည်ကို မသိရသလော" (လုကာ ၂း၄၉) ဟု ယေရှုသည် မာရိအား ပြောတော်မူခဲ့သည်မဟုတ်လော။ ယခုတွင် ဤသင်ခန်းစာကို ကိုယ်တော်သည် ထပ်လောင်း၍ မိန့်မြွက်နေခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့သည်လည်း သင်ခန်းစာယအပ်ကြပါ၏။ ဘုရားသခင် ပညတ်ထားတောင်းဆိုချက်များတို့သည် လူသားတို့၏ သံယောဇဉ်အနှောင် အဖွဲ့များထက်ပင် ထူးကဲသာလွန်နေရကား မည်သည့်လောဆွဲဆောင်မှုကမျှ ကျွန်ုပ်တို့၏ ခြေလှမ်းများကို သခင်လျှောက်လှမ်းသွားစေလိုသော လမ်းခရီးမှ မလွှဲဖည်စေသင့်ပါ။

မာရိသည် ဘုရားသခင်၏ သိုးသငယ်အားဖြင့်သာလျှင် ကယ်တင်ခြင်းကို ရရှိနိုင်မည် ဖြစ်ပါသည်။ သခင်ယေရှုနှင့် သူမစပ်ကြား

သွေးသားတော်စပ်မှုသည် ဝိညာဉ်ရေး ဆက်သွယ်မှုတို့တွင် ထိုသခင်နှင့် အခြားလူများ၏ ဆက်နွယ်မှုကဲ့သို့ပင်ဖြစ်၏။ ဤသည်ကို သခင်၏စကား တော်များက သက်သေထူခဲ့လေပါပြီ။ မိမိနှင့်မယ်တော်အကြား လူသား တစ်ဦးအနေဖြင့် ဆက်ဆံခြင်းနှင့် ဘုရားသခင်၏ သားတော်တစ်ပါးအနေ နှင့်ဆက်ဆံခြင်းကို ထင်ရှားကွဲပြားအောင် ပြုတော်မူခဲ့ပါပြီ။ ခရစ်တော် ယေရှုနှင့် သားအမိတော်စပ်ခြင်းသည် သူမအား မည်သည့် နည်းနှင့်မျှ ကိုယ်တော်နှင့်တန်းတူရည်တူမဖြစ်စေခဲ့ချေ။

ခရစ်တော်သခင်သည် လောကလူသားတို့တွင် သက်ရှင်ထင်ရှား ရှိခဲ့စဉ်မှာ အဖဘုရားသခင်၏ အလိုတော်အတိုင်း တစ်လှမ်းချင်း လမ်းပြ ခြင်းကို ခံယူခဲ့ရပါသည်။ "ငါ့အချိန်မရောက်သေး" ဟူသောစကားသက် သေရှိခဲ့လေပြီကော။ ထိုသို့ပြောခြင်းဖြင့် နှုတ်မှဖွင့်မပြောသော်လည်း အခြားက္လသရေလလူများကဲ့သို့ မျှော်လင့်နေသော မယ်တော်မာရိ၏တောင့် တချက်ကို ယေရှုခရစ်တော်က တုံ့ပြန်နေခြင်းဖြစ်ပါသည်။

ကိုယ်တော်သည် မိမိကိုယ်ကို မေရှိယဟုကြေညာ၍ အစ္စရေး၏ ရာဇပလ္လင်ကိုသိမ်းပိုက်တော်မူလိမ့်မည်ဟု သူမ မျှော်လင့်ခဲ့ပေသည်။ သို့သော် လည်း ထိုအချိန်ကား မလာတော့ပါပြီ။ ခရစ်တော်သည် ရှင်ဘုရင်တစ်ပါး အနေဖြင့်မဟုတ်မူဘဲ "နာကြည်းခြင်းဝေဒနာနှင့် အကျွမ်းဝင်သောသူ" တစ်ဦးအနေဖြင့် လူသားတစ်နွယ်လုံး၏ အင်နီးအတာကို ခံယူတော်မူခဲ့ ပါသည်။

## မာရိ၏ယုံကြည်ခြင်းကို အကျိုးပြုခြင်း

မာရိသည် ခရစ်တော်သခင်၏ အမှုတော်နှင့်ပတ်သက်၍မှန်ကန် ဂနစ္စာမမြင်ခဲ့ပါသော်လည်း ကိုယ်တော်ရှင်ကို လုံးလုံး ပုံအပ်ကာယုံ ကြည်အားကိုးသဖြင့် သခင်သည် သူမ၏ ယုံကြည်ခြင်းကို တုံ့ပြန်

တော်မူခဲ့ပါသည်။ မယ်တော်၏ယုံကြည်ကိုးစားမှုကို ဂုဏ်ပြုရန်နှင့်တပည့်တော်တို့၏ ယုံကြည်ခြင်းကို တိုးပွားလာစေရန် ကိုယ်တော်သည် ပထမဦးဆုံးသော နိမိတ်လက္ခဏာတစ်ရပ်ကို ပြုတော်မူ၏။ သခင်ယေရှုခရစ်တော်သည် မေရှိယဖြစ်ကြောင်းကို မငြင်းနိုင်အောင် ထင်ရှားပေါ်လွင်သည့် ပုရောဖက်ဟောကြားချက် အနာဂတ္တိစကားများသည် ထိုတပည့်တော်တို့တွင် ရှိပါသည်။

သို့သော်လည်း ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာတော်များကကိုယ်တော်အပေါ်ထားရှိသော မယုံကြည်မှုများ၊ အမြစ်စွဲနေပြီဖြစ်သောတစ်ဖက်သတ်အထင်လွဲမှုများနှင့် ရန်ငြိုးဖွဲ့မှုများကြောင့် သူတို့သည်ပြင်းထန်စွာ စိတ်ပျက်ခဲ့ရပေ၏။ ထိုကယ်တင်ပိုင်ရှင် ယေရှုခရစ်၏ ရှေးဦးနိမိတ်လက္ခဏာသည် ဤလိုမျိုးအတိုက်အခံများကို ဆန့်ကျင်၍ ရပ်တည်နိုင်ရန် ထိုတပည့်တော်တို့အဖို့ ခွန်အားကို ဖြစ်စေခဲ့ပါသည်။

ခရစ်တော်သခင်၏ စကားတော်ကြောင့် မယ်တော်မာရိသည်မည်သို့မျှစိတ်အနှောင့်အယှက်မရှိဘဲ "သူစေခိုင်းသမျှကိုပြုကြလော့" ဟု စားပွဲနားမှာရှိသော အစေခံတို့အား မှာကြားခဲ့ပါသည်။ ဤသို့လျှင် သူမသည်ခရစ်တော်သခင်၏ အမှုတော်မြတ်အတွက် ခရီးလမ်းကိုပြင်ဆင်ရန် တတ်အားသရွေ့ ဆောင်ရွက်ခဲ့ပေသည်။

အိမ်တံခါးဝအနီးမှာ ကျောက်စရည်းအိုးကြီးခြောက်လုံး ရှိပါသည်။ ထိုအိုးများကို ရေဖြည့်ထည့်ရန် ယေရှုသည် အစေခံတို့အားခိုင်း၏။ ထိုနောက် "ယခုခပ်၍ ပွဲအုပ်ထံသို့သွင်းကြလော့" ဟု မိန့်တော်မူလျှင် အိုးထဲမှာရှိသောအရာသည် စပျစ်ရည်အဖြစ်သို့ ကူးပြောင်းသွားလေပါပြီ။

အစေခံများယူဆောင်လာသော စပျစ်ရည်ကို မြည်းစမ်းကြည့်ရာမိမိသောက်ခဲ့ဖူးသမျှသော စပျစ်ရည်အပေါင်းတို့ထက် အရသာရှိကာလက်ထပ်ပွဲပထမပိုင်းတွင် တိုက်ကျွေးခဲ့သော စပျစ်ရည်နှင့်လည်း မတူ

ကြောင်းပွဲအုပ်သိရလေသည်။ ထိုအခါ မင်္ဂလာဆောင်လုလင်အား အသံ လွှင့်၍ “အခြားသောသူမည်သည်ကား ရှေးဦးစွာ ကောင်းသောစပျစ်ရည်ကို ထည့်လေ့ရှိ၏။ သင်မူကား ကောင်းသောစပျစ်ရည်ကို ယခုတိုင်သိုထား ပြီဟုဆို၏။”

ကမ္ဘာလောကကြီးကပေးသောအရာများသည် လှပ၍ အာရုံ ဆွဲဆောင်မှုရှိပါသော်လည်း တင်းတိမ်မှုမရှိစေကြောင်း ထင်ရှားပါသည်။ လောကစပျစ်ရည်သည် ခါးသီးသောအရသာသို့ ပြောင်းလဲတတ်၍ လူကိုမှိုင်တွေစေပါသည်။ ပထမတွင် လူကိုရွှင်မြူးစေ၍ သီချင်းဆိုစေ ပါသော်လည်း အဆုံးတွင် ပင်ပန်းနွမ်းရိဖွယ်များ၊ စက်ဆုပ်ရွံရှာဖွယ်များ နှင့်နိဂုံးချုပ်တတ်ပါသည်။

သို့သော်လည်း ယေရှုခရစ်တော်ပြုပြင်ပေးသော စပျစ်ရည်သည် အမြဲတမ်းကြည်လင်သစ်ဆန်းနေ၏။ လက်ထပ်ပွဲမှာ ကိုယ်တော်စီမံပေး သောစပျစ်ရည်သည် ထာဝရကျေနပ်တင်းတိမ်မှုနှင့် ပျော်ရွှင်ဝမ်းမြောက် မှုကိုဖြစ်စေပါသည်။ ထာဝရဘုရားသခင်အထံတော်မှ ရိက္ခာသည် ပြတ်ရိုး ထုံးစံမရှိနိုင်ပါ။ သင်သည် ကိုယ်တော်ရှင်၌ တည်နေအံ့။ ယနေ့ သင်ရရှိ သောဆုလက်ဆောင်တစ်ခုသည် မနက်ဖြန်နေ့မှာ မြတ်နိုးဖွယ်သော လက်ဆောင်တစ်ခုကို လက်ခံရရှိခြင်းအတွက် စိတ်ချစေပါသည်။

ထိုလက်ထပ်ပွဲမှာသခင်ပေးခဲ့သောလက်ဆောင်မွန်သည်ထိုဘဝကြင်ဖော် လင်မယားတို့အားတစ်သက်တာအတွက်မေ့မရစေဖို့အထိမ်းအမှတ်တစ်ခုဖြစ် ပါသည်။

ရေသည်ယေရှုခရစ်တော်၏သေခြင်း၌ဗတ္တိဇံကိုပုံဆောင်၍စပျစ်ရည် သည်ဤကမ္ဘာလောကကြီး၏အပြစ်အတွက်စီးကျခဲ့ရသောသက်စွန့်မေတ္တာ၏ အသွေးတော်ကိုပုံဆောင်ပါသည်။အိုးကြီးများထဲသို့လူတွေကလက်ဖြင့်ရေအ ပြည့်ဖြည့်ခဲ့ပါသော်လည်းခရစ်တော်သခင်၏နှုတ်တော်ထွက်စကားအားဖြင့်ထို

ရေသည်အသက်ပေးပိုင်ခွင့်ပါရမီကိုဖြစ်စေပါသည်။ ခရစ်တော်ယေရှုသခင်၏ သေခြင်းကိုပြညွှန်သည့် ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်တို့သည်လည်း ထိုအခိ ပ္ပါယ်ကိုဖေါ်ကျူးပါ၏။ ခရစ်တော်၏ တန်ခိုးတော်အားဖြင့်သာလျှင် ကျွန်ုပ် တို့သည် ယုံကြည်ခြင်းဖြင့် လုပ်ဆောင်လေသမျှမှာ လူ့အသက်ဝိညာဉ်ကြီး ထွားရင့်ကျက်ရေးအတွက် ထိရောက်စေနိုင်သည်မဟုတ်ပါလား။

လက်ထပ်ပွဲမှာ ခရစ်တော်သခင် စီမံပေးခဲ့သော စပျစ်ရည်နှင့် တပည့်တော်တို့အားပေးသော စပျစ်ရည်တို့သည် မိမိ၏အ သက်စွန့်မေတ္တာ အသွေးတော်ကိုပုံဆောင်သလို ထိုစပျစ်ရည်သည် သန့်ရှင်း လတ်ဆတ်ပါ ပေသည်။ "စပျစ်သီးပြွတ်၌ စပျစ်ရည်ကိုတွေ့သောအခါ မဖျက်နှင့် မင်္ဂလာ ရှိသည်" ဟု ဟေရှာယပုရောဖက်သည် ဤသည်ကိုရည်ညွှန်း၍ ဖေါ်ကျူး ပြောဆိုခဲ့လေပြီမဟုတ်လော။ (ဟေရှာယ ၆၅း၈ ကိုကြည့်ပါ)။

"စပျစ်ရည် သည်လှည့်စားတတ်၏။ သေရည်သေရက်သည် ရုန်းရင်း ခတ်ခြင်းအမှုကို ဖြစ်စေတတ်၏။ ထိုသို့သောအားဖြင့် မှားယွင်းသောသူ သည် ပညာမရှိ" (သု ၂၀း၁) ဟူ၍ ဓမ္မဟောင်းကျမ်းမှာ ဣသရေလ တို့အား သတိပေးပြောကြားခဲ့သူကား ခရစ်တော်ပင်ဖြစ်ပါသည်။

သခင်ကိုယ်တော်တိုင်က ထိုကဲ့သို့သောအဖော်ယမကာမျိုးကိုမပြု ခဲ့ပါ။ စာတန်သည် ဆင်ခြင်တုံတရားကို မှုန်ဝါးစေ၍ ဝိညာဉ်ရေးအသိ တရားကို ထုံထိုင်းစေသည့် ကာမဂုဏ်ခံစားမှုများကို လိုက်စားရန်လူ သားတို့အား သွေးဆောင်နေ၏။ ယေရှုသခင်မူကား မိမိ၏ အလိုရမ္မက် ကိုငြင်းပယ်၍ ဘုရားသခင်၏အလိုတော်၌ အပ်နှင်းထားပါရန် ကျွန်ုပ် တို့အား သွန်သင်ပါသည်။ ကိုယ်တော်ရှင်သည် နှစ်ခြင်းဆရာယော ဟန်အား စပျစ်ရည်နှင့် သေရည်ကို မသောက်ရန် ညွှန်ကြားခဲ့ သကဲ့သို့ မာနော်၏ ဇနီးသည် (ရှံဆုန်၏မိခင်အား) စပျစ်ရည် နှင့်သေရည်ကို ရှောင်ကြဉ်ရန် တားမြစ်သူမှာလည်း ယေရှုခရစ်တော်

ပင်ဖြစ်ပေသည်။ သို့ဖြစ်၍ ထိုသခင်သည် လူသားအချင်းချင်းအရက်တိုက်သူအား ကျိန်ခြင်းအမင်္ဂလာခံစေဟု ကြေငြာခဲ့ပါသည်။ (ဟဗက္ကုတ် ၂း၁၅)။ ခရစ်တော်သခင်သည် မိမိကိုယ်ကိုပြုခဲ့သော သွန်သင်ချက်များကိုဆန့်ကျင်ခြင်းမပြုပါ။ လက်ထပ်မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြကုန်သော ဧည့်သည်များအတွက် ကိုယ်တော်စီစဉ်ပေးခဲ့သော စပျစ်ရည်သည်ကစော်မပေါက်သေးသည့် စပျစ်ရည် လတ်လတ်ဆတ်ဆတ်ပင်ဖြစ်ပါသည်။ ကျန်းမာသန်စွမ်းစေသောစပျစ်ရည်ဟုဆိုရပါမည်။

လက်ထပ်ပွဲလာ ဧည့်သည်တော်များသည် စပျစ်ရည်၏ အရည်အသွေးကို မှတ်ချက်ချလျက် ဘယ်ကဲ့သို့သော နိမိတ်လက္ခဏာပါလိမ့်ဟူသည်ကို သိလိုကြသဖြင့် အစေခံတို့အား စုံစမ်းမေးမြန်းကြပါသည်။ ဤသို့သော အခြေအနေမျိုးမှာ စူးစမ်းလေ့လာလိုကြသော မျက်လုံးအစုံတို့သည် ယေရှုသခင်ကိုရှာဖွေကြ၏။ သို့သော်လည်း မည်သည့်အချိန်မှာသခင်ပျောက်သွားသည်ကို တမန်တော်တို့ပင် မသိလိုက်ရချေ။

ယခုတွင်ကား လူစုကလေးသည် တမန်တော်တို့အပေါ် အာရုံပြုလာကြ၏။ တမန်တော်တို့အတွက် မိမိတို့၏ သခင်အပေါ် ယုံကြည်အားကိုးမှုကို ပထမဦးဆုံးအကြိမ် ရရှိလိုက်ခြင်းဖြစ်ပါသည်။ သူတို့သည်လည်း ယော်ဒန်မြစ်နားမှာ သခင်နှင့်ပတ်သက်၍ ကြားခဲ့၊ မြင်ခဲ့ရသမျှတွေကို သက်သေခံ၏။ ထိုနိမိတ်လက္ခဏာပြခြင်း သတင်းသည် တစ်ဆင့်စကားတစ်ဆင့်နားသို့ ဆင်းသက်သဖြင့် ယေရုရှလင်မြို့သို့ဆိုက်ရောက်ရသည်။

ထိုအခါ ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲတို့သည် ခရစ်တော်သခင်ပေါ် ထွန်းတော်မူမည်ဟူသော အကြောင်းနှင့်ပတ်သက်၍ စိတ်ဝင်စားလာကြသဖြင့် ပုရောဖက်ဟောကြားချက်များရှိမရှိကို လေ့လာဆည်းပူးခဲ့ကြပေသည်။

ယေရှုသခင်သည် လူသားတို့နှင့်နီးကပ်စွာ နေထိုင်သွားလာမေတ္တာ ပြခြင်းအားဖြင့် မိမိ၏ အမှုတော်မြတ်လုပ်ငန်းကို စတင်ခဲ့ပါ၏။ ကိုယ်တော်ရှင်သည် ဘုရားသခင်၏ ပညတ်တော်ကို ရိုသေကိုင်းရှိုင်းကာအလေး အမြတ်ထားရှိကြောင်းကို လူတို့အား ထင်ရှားစေတော်မူစဉ်တွင် ဘုရားသခင်ဝတ်၌မွေ့လျော်ယောင်ဆောင်၍ မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်ကြကုန်သော ဖာရိရှဲကျမ်းတတ်ပုဂ္ဂိုလ်များကို ဆုံးမပဲ့ပြင်ခဲ့ပါသည်။

၎င်းတို့၏ စီရင်ပညတ်ချက်တို့ကိုလည်း အနှစ်အရသာမရှိသော စည်းမျဉ်းဥပဒေများဟူ၍ ဖေါ်ထုတ်ကာ ဣသရေလလူတို့အား ထိုအနှောင် အဖွဲ့မှလွတ်မြောက်အောင်ကြိုးပမ်းခဲ့လေသည်။ လူ့အလွှာအသီးသီးကိုညီ ညွတ်မျှတစွာ တစ်မိသားစုအသွင်မျိုးဖြင့် စုစည်းပေးနိုင်ရန်အတွက် အတားအဆီးဖြစ်စေသော လူ့သွန်သင်ချက်ရှိသမျှကို ဖြိုဖျက်ရန်ကိုလည်း ကြိုးစားခဲ့ပေသည်။

ယေရှုသည် ဝါသနာအမျိုးမျိုးနှင့်မိမိ၏ ရမ္မက်အလိုသို့ လိုက်စားတတ်သောသဘောကို ပြစ်တင်ဆုံးမတော်မူ၏။ သို့သော်လည်း သခင်သည် လူမှုရေးဝင်ဆန့်သူတစ်ယောက်ဖြစ်ပါသည်။ လူ့အလွှာအသီးသီးမှ ပြုသောဇွဲ့ဝတ်ကိုသခင်သည်မငြင်းပါ။ လက်ခံတော်မူ၏။ ဆင်းရဲချမ်းသာ၊ ပညာရှိပညာမဲ့၊မခွဲခြားဘဲသူတို့အိမ်သို့လည်းလည်ပတ်လေ့ရှိပါသည်။ဤသို့ပြုသည့်အရာ၌သာမန်လူ့အသက်တာ၏ကိစ္စများမြောင်လူတို့ဘောင်မှာဝိညာဉ်ရေးရာတွင်ထာဝရကာလအတွက်ကိစ္စရပ်များကိုမြှင့်တင် ပေးရန်ဖြစ်ပါသည်။ သခင်သည်အပျော်အပါးလွန်ကျူးမှုကိုခွင့်မပြုပါ။

အပြစ် ကင်းသောပျော်ရွှင်ဝမ်း မြောက်မှုကိုမူရှာ ဖွေ၍မွေ့လျော်ခဲ့ပါသည်။ ထိုယုဒလူငယ် ချစ်သူနှစ်ဦးတို့၏ လက်ထပ် ထိမ်းမြားမင်္ဂလာပွဲကို ဘုရားသခင်၏ သားတော် ယေရှု သခင်သည်နှစ်သက်တော်မူ၏။ ထိုပွဲတော်သို့ ယေရှုသခင် တက်ရောက်သဖြင့်လည်း

ထိုသခင်သည် ဘုရားသခင်နှင့်ပတ်သက်သော အခမ်းအနားတစ်ခုအဖြစ် လက်ထပ်မင်္ဂလာပွဲကို ဂုဏ်ပြုချီးမြှင့်တော်မူခဲ့ပေသည်။

မင်္ဂလာဆောင် လက်ထပ်ထိမ်းမြားခြင်းသည် ခရစ်တော်သခင်နှင့် မိမိလူတို့စပ်ကြားတည်ရှိသော သိမ်မွေ့၍ သန့်ရှင်းမွန်မြတ်သည့် ပေါင်းဖက်မှုကို ပုံဆောင်ထားပါသည်။ ထိုပုံဆောင်ချက်ကို ဓမ္မဟောင်းနှင့်ဓမ္မသစ် ကျမ်းနှစ်ကျမ်းစလုံးမှာပင် အသုံးပြုထားပါ၏။ ယေရှုသခင်၏ စိတ်အာရုံထဲတွင်ကား လက်ထပ်ထိမ်းမြားခြင်းနှင့်ပတ်သက်သော ပျော်ရွှင်ဝမ်းမြောက်ခြင်းဟူသည် တစ်နေ့သောအခါမှာ ကယ်တင်ရွေးနုတ်ခြင်းခံရသောသန့်ရှင်းသူများဖြစ်သည့် ယုံကြည်သူ သားသမီးများ (အသင်းတော်တည်းဟူသောသတို့သမီး) အား မိမိ၏ အဖခမည်းတော်ထံသို့ ခေါ်ဆောင်သွားလျက်ထိုသူတို့နှင့်အတူ သိုးသငယ်၏ မင်္ဂလာဆောင် ညစာစားပွဲမှာ အတူတကွစားသောက်ကြမည်ဖြစ်၏

ဤဖြစ်ရပ်မှန်ကို “မင်္ဂလာဆောင်လုလင်သည် မင်္ဂလာဆောင်သတို့သမီး၌ ဝမ်းမြောက်သကဲ့သို့ သင်၏ဘုရားသခင်သည် သင်၌ ဝမ်းမြောက်တော်မူလိမ့်မည်” ဟူ၍လည်းကောင်း၊ “သင်၌အားရ၍ ဝမ်းမြောက်တော်မူလိမ့်မည်။ ချစ်ခြင်းမေတ္တာနှင့်ကိန်းဝပ်၍ သီချင်းဆိုခြင်းနှင့်တကွ သင်၌ဝမ်းမြောက်တော်မူလိမ့်မည်” ဟူ၍လည်းကောင်း၊ (ဟေရှာယ ၆၂း၅၊ ဇေဖနိ ၃း၁၇)။

တမန်တော်ယောဟန်ကမူ “ဟာလေလုယ၊ အနန္တတန်ခိုးပြည့်စုံတော်မူသောထာဝရအရှင်၊ ငါတို့ဘုရားသခင်သည် စိုးစံတော်မူ၏။ ငါတို့သည်ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့။ ဂုဏ်တော်ကို ချီးမွမ်းကြကုန်အံ့။ အကြောင်းမူကား၊ သိုးသငယ်၏ မင်္ဂလာဆောင်ပွဲကို စံချိန်ရှိပြီ၊ သူ၏မိန်းမသည် ကိုယ်ကိုတန်ဆာဆင်ပြီ။. . . . သိုးသငယ်၏ မင်္ဂလာဆောင်ပွဲသို့ ခေါ်ဖိတ်ခြင်းကိုခံရသောသူတို့သည် မင်္ဂလာရှိကြ၏” ဟုရေးသားခဲ့ပေသည်။ (ဗျာ၊ ၁၉း၆၊၇၊၉)။

ယေရှုသခင်သည် အသက်ဝိညာဉ်တိုင်းကို မိမိ၏ အမွေတော်ခံများအဖြစ် တွေ့မြင်သဖြင့် ၎င်းတို့အား ကောင်းစားစေလိုသော ဆန္ဒမွန်ဖြင့် သူတို့အလယ်မှာသွားလာကာ အမှုတော်ကို ဆောင်ရွက်ခဲ့ပေသည်။

ဤနည်းဖြင့် များစွာသောစိတ်နှလုံးတို့ကို ထိတွေ့တော်မူခဲ့သည် မဟုတ်လော။ အများပြည်သူသွားရာလမ်းများ၊ နေအိမ်များ၊ လှေသင်္ဘောများ၊ ဗိမာန်တော်ပရဝုဏ်နှင့် ပင်လယ်ကမ်းနားဒေသများရှိ လူများသာမက လက်ထပ်ပွဲလာ လူသတ္တဝါခုနှစ်ရက်သားသမီးများကိုပင် ကိုယ်တော်သည် ရှာဖွေတော်မူခဲ့ပေသည်။ သခင်သည် ထိုသူတို့၏ နေ့စဉ်လုပ်ငန်းများတွင် သူတို့အားသွားရောက်တွေ့ဆုံ၏။ လောကရေးရာများတွင်လည်း သခင်သည် စိတ်ဝင်စားကြောင်း ပြသခဲ့ပါသည်။ သခင်၏ တစ်ဦးချင်းစီကို စာနာသနားတတ်သောစိတ်က အသက်ဝိညာဉ်များကို ဘုရားသခင်ထံတော်ပါးသို့ ခေါ်ဆောင်လာရန် အထောက်အကူများစွာဖြစ်စေပါသည်။

တစ်ဦးတည်းဆိတ်ညံရာအရပ်တောင်ပေါ်သို့တက်ကာ ဆုတောင်းလေ့ရှိသဖြင့်လည်း လူ့အလွှာပေါင်းစုံအတွင်း ထိရောက်စွာသာသနာပြုရန် အင်အားစုကိုဖြစ်စေပါသည်။ ထိုသို့ပြုလေ့ရှိပြီးမှ ကိုယ်တော်သည်နာမကျန်းသူများအား သက်သာစေရန်လည်းကောင်း၊ မသိနားမလည်သူတို့အား သွန်သင်ပြသရန်လည်းကောင်း စာတန်၏ အနှောင်အဖွဲ့များကိုချိုးဖျက်ရန် ထွက်ကြွတော်မူခဲ့ပေသည်။

ယေရှုသည် တမန်တော်တို့အား တစ်ဦးချင်းအနီးကပ်ရင်းရင်းနှီးနှီးဆက်ဆံခြင်းဖြင့် သင်ကြား ပို့ချခဲ့ပါသည်။ တစ်ခါတစ်ရံတွင် သခင်သည် တောင်စောင်းပေါ်မှာ၊ တစ်ခါတစ်ရံ ပင်လယ်ကမ်းနားပေါ်မှာ တပည့်တော်တို့နှင့်အတူ ထိုင်၍နေစဉ်၊ ဘုရားသခင်၏ နိုင်ငံတော်နှင့်ပတ်သက်သော နက်နဲရာများကို ဖေါ်ပြခဲ့၏။ လမ်းလျှောက်၍လည်းပြောပြတတ်သေးသည်။ သခင်သည် ယနေ့ လူတို့ တရားဟောသကဲ့သို့ မဟောခဲ့ပါ။ တပည့်တော်တို့အားလည်း ထိုအရာကိုလုပ်ပါ။ ဤအမှုကို

မပြုနှင့်ဟူ၍ အမိန့်မပေးပါ။ “ငါ့နောက်သို့လိုက်လော့” ဟုသာ မိန့်တော်မူခဲ့သည်။ သခင်သည် ဒေသစာရီလှည့်လည်ရင်းနှင့် တွေ့ရှိရသူမြို့ရွာနေလူထုတို့အား ဘယ်ကဲ့သို့ သွန်သင်ပြောဆိုကာ သာသနာပြုသွားသည်ကို တပည့်တော်တို့အား လက်တွေ့ကျကျသွန်သင်နည်းပြခဲ့ပေသည်။

ယေရှုခရစ်တော်၏ ပုံစံနမူနာကို ကျွန်ုပ်တို့သည်လည်း လိုက်လျှောက် ကျင့်သုံးသင့်ပါ၏။ ကျွန်ုပ်တို့သည် လူမှုဆက်ဆံရေးကို စွန့်ပယ်ရန်မဟုတ်၊ တစ်သီးပုဂ္ဂလနေရန်လည်းမဟုတ်ပါ။ လူတန်းစားအလွှာအသီးသီးကို လက်လှမ်းမီစေရန်အလို့ငှာ ထိုသူတို့ရှိရာနေရာများသို့ သွားရောက်တွေ့ဆုံရပါမည်။

လူသားတို့၏စိတ်နှလုံးကိုအမှန်တရားအလင်းနှင့်ထိတွေ့ပေးနိုင်သောနေရာမှာ တရားဟောရာနေရာပလ္လင်တစ်ခုတည်းသာမဟုတ်ပါ။ ဆင်းရဲမွဲတေသောအိမ်များနှင့် ခမ်းနားထည်ဝါသော သူကြွယ်တို့၏ဂေဟာများပင်လျှင် တစ်အိမ်တက်ဆင်းသာသနာပြုနိုင်ပါသည်။ အိမ်တွင်းကလေးများ၏ လူမှုရေးနှင့်ပတ်သက်သောပျော်ရွှင်ဝမ်းမြောက်မှုများအတွက် ဧည့်ခံပြုစုခြင်းနှင့်စုရုံးခြင်းအားဖြင့် ထိုနေရာမှာအမှန်တရားအလင်းကို ထွန်းလင်းပေးနိုင်ပါသည်။

ကျွန်ုပ်တို့သည် လောကသားတို့နှင့်ပေါင်းဖက်ရောယှက်ကာ လောကသားတို့၏ ပျော်ပါးမူးယစ်မှုမှာ အချိန်ကိုမကုန်လွန်စေရပါ။ စကားအားဖြင့်သော်လည်းကောင်း၊ အလုပ်အားဖြင့်သော်လည်းကောင်း၊ တိတ်ဆိတ်စွာနေခြင်း (သို့မဟုတ်) အတူတကွ ရောနှောပေါင်းသင်းခြင်းအားဖြင့်သော်လည်းကောင်း အပြစ်ကျူးလွန်ရန် မည်သည့်အခါမျှခွင့်မပြုသင့်ချေ။ ဘယ်ကိုပင်သွားသွား၊ ဘာကိုပင်လုပ်လုပ်၊ ခရစ်တော်ယေရှုသခင်ကိုသာလျှင် တခြားသူတို့အား မြင်တွေ့စေရပါမည်။သခင်ယေရှု၏သက်သေခံများ ဖြစ်သင့်ကြပေ၏။ ခရစ်တော်သခင်၏ ကျေးဇူးတော်အားဖြင့် လူမှုပေါင်းသင်းဆက်ဆံရေးအင်အားစုသည် အသက်ဝိညာဉ်

ရိုတ်သိမ်းခြင်းလုပ်ငန်းကို ကြီးပွားတိုးတက်စေသည်မဟုတ်လော။ မိမိ၏ တစ်ကိုယ်ကောင်းဆန်သော ကိုယ်ပိုင်စိတ်ဝင်စားမှုများတွင်သာ နစ်မျော နေပုံကို လောကသားတို့အား မတွေ့မြင်စေဘဲ မိမိခံစားရသောကောင်း ချီးမင်္ဂလာများနှင့် အခွင့်ထူးများကို တစ်ပါးသူတို့အား မျှဝေစွန့်ကြဲရန် ဆန္ဒရှိသူများအဖြစ် ကျွန်ုပ်တို့ကို လောကသားတို့က မြင်တွေ့စေရပါမည်။ ကိုယ်ချင်းစာတရားရှိသူများအဖြစ် ၎င်းတို့အားသိနားလည်စေပါ။ ဤကား ကျွန်ုပ်တို့၏ ဘာသာအယူဝါဒပေတကားဟု သိစေပါ။ ခရစ်တော်ကိုရရှိပြီး သူတို့သည် ကိုယ်တော်လုပ်ဆောင်ခဲ့သည်နည်းတူ တစ်ပါးသူကောင်းစား ရေးအတွက် အလုပ်အကျွေးပြုကြပေလိမ့်မည်မဟုတ်လော။

ကျွန်ုပ်တို့ခရစ်ယာန်များသည် မှိုင်တွေစိတ်ပျက်နေသော ပျော်ရွှင် မှုမရှိသည့် လူများဖြစ်သည်ဟု မှားယွင်းသောရုပ်လုံးဖော်မှုကို လောကသား တို့အား မည်သည့်အခါမျှ မပြသင့်ကြချေ။ ခရစ်ယာန်တို့သည် ပန်းပုံ ရုပ်လုံးများတော့မဟုတ်ပါ။ ဘုရားသခင်၏ ဇာတိတော်၌ ပါဝင်ဆက်ဆံ ခွင့်ရသော သက်ရှင်လှုပ်ရှားနေကြသူများဖြစ်ကြောင်း အသက်တာနှင့် သက်သေပြသရပေမည်။ ကျွန်ုပ်တို့သည် မိမိတို့အပေါ်သို့ကျရောက်သော အလင်းတော်ကို ခရစ်တော်သခင်၏ ချစ်မြတ်နိုးခြင်းကို သိမြင်လွယ်သော မိမိတို့၏ အကျင့်များအားဖြင့် တစ်ပါးသူတို့ အပေါ်သို့ ရောင်ပြန်ဟပ်စေ ကြပါသည်။

-၀-

# အခန်း (၁၆)
# ဗိမာန်တော်မှာဖြစ်ရပ်မှန်ကိုရင်ဆိုင်ဖြေရှင်းခြင်း

(ယောဟန် ၂း၁၂-၂၂ ကို အခြေပြုထားပါသည်။)

ယုဒပသခါပွဲခံချိန်နီးသည်ရှိသော် ယေရှုသခင်သည် ယေရုရှလင်မြို့သို့ကြွတော်မူ၏။

ဤခရီးစဉ်တွင် ယေရှုသည် လူအုပ်ကြီးနှင့်အတူ မသိမသာရောနှောကာ ခရီးသွားခဲ့ပါသည်။ ကိုယ်တော်သည် မိမိ၏ အမှုတော်ကို လူသိရှင်ကြားမကြေညာရသေးပါ။ ဤလိုအချိန်အခါမျိုးမှာ လူတကာ၏နှုတ်မှမေရှိယသခင်ပေါ်ထွန်းလာမည့်အကြောင်း စကားဝိုင်းတိုင်း၌ပြောဆိုလေ့ရှိပါသည်။ လူတို့သည် ယုဒနိုင်ငံကြီးပွားတိုးတက်ရေး မျှော်လင့်ချက်အပေါ် ရဲရဲတောက် စိတ်အားထက်သန်မှုအပြည့်နှင့်အာရုံ စူးစိုက်နေကြပါသည်တကား။

ဤကဲ့သို့ကျမ်းစာကို လွဲမှားစွာအနက်ဖွင့်ကြသဖြင့် တစ်နေ့သောအခါ ထိုသူတို့သည် စိတ်ပျက်ကြရလိမ့်မည်ကို ယေရှုသိတော်မူ၏။ ထိုအခါကိုယ်တော်သည် စိတ်အားပြင်းပြစွာဖြင့် ပုရောဖက်ဟောကြားခဲ့သောစကားများကို ရှင်းလင်းပြောဆိုခဲ့ပြီး ဘုရားသခင်၏ နှုတ်တော်ထွက်ကျမ်းစာကိုစေ့စေ့စပ်စပ်လေ့လာကြပါရန် ဣသရေလလူတို့အား ကြိုးစားနှိုးဆွတော်မူခဲ့ပါသည်။

ယေရုရှလင်မြို့တော်သို့ရောက်လာကြပါပြီ။ ပသခါပွဲနေ့များအတွင်းမို့ ပါလက်စတိုင်းအနှံ့နေ လူတို့သာမက အလွန်ဝေးလံသောတိုင်းပြည်များမှ လူပေါင်းများစွာတို့သည် စုရုံးလာကြ၏။ ဗိမာန်တော်ဝင်းသည်ရောနှော ရှုပ်ထွေးနေသော လူအုပ်ကြီးနှင့် ပြည့်နှက်နေသည်။ လူများစွာတို့သည် ကယ်တင်ပိုင်သူကို ပုံဆောင်သော ယဇ်ပူဇော်ရန်

တစ်ကောင်ကို မိမိတို့နှင့်အတူ တစ်ပါတည်း မယူဆောင်လာနိုင်ကြပါ။ ထိုသူတို့အတွက် အလွယ်တကူဝယ်ယူပူဇော်နိုင်ရန် ဗိမာန်တော်၏အပြင်ပရဝဏ်မှာ တိရစ္ဆာန်များကိုရောင်းချပေးနေပါ၏။ ထိုနေရာမှာ လူ့အလွှာအသီးသီးတို့ ပူဇော်သကာများကို ဝယ်ယူကြရန် စုဝေးနေကြသည်။ အရပ်ရပ်မှ ကြေးငွေပိုက်ဆံများကိုလည်း ဗိမာန်တော်သုံးပိုက်ဆံနှင့်လဲလှယ်ပေးကြပါသည်။

ယုဒလူတိုင်းသည် "မိမိတို့အသက်အတွက် အရွေးငွေအဖြစ်ကျပ်ငွေတစ်ဝက်ကို နှစ်စဉ်ပေးဆောင်ရပေသည်။ ထိုသို့ ကောက်ခံရရှိသောငွေများကို ဗိမာန်တော် စရိတ်အဖို့အလို့ငှာ အသုံးပြုကြ၏။" (ထွက် ၃၈း၁၂-၁၆)။ ထိုငွေများအပြင် စိတ်စေတနာအလျောက် ပေးလှူသောငွေများလည်းရှိပါသည်။

ထိုလှူဒါန်းငွေတို့ကို ဗိမာန်တော်၏ဘဏ္ဍာတိုက်မှာ သိမ်းဆည်းထားရှိကြ၏။ အရပ်ရပ်မှ ဆောင်ယူလာသော ထိုအလှူတော်ငွေများကို ဗိမာန်တော်အခမ်းအနားများအတွက် အသုံးပြုသော ဗိမာန်တော်သုံးငွေများနှင့်လဲလှယ်ကြရပါသည်။ ငွေကြေးလဲလှယ်ခြင်းသည် အဆမတန်အမြတ်ထုတ်မှုများနှင့် လိမ်လည်လှည့်ဖြားခြင်းများအတွက် အခွင့်အရေးကို ရစေပါသည်မဟုတ်လော။ သို့ဖြစ်၍ ဤငွေလဲလှယ်ခြင်းများသည် ယဇ်ပုရောဟိတ်များအတွက် အခွန်ငွေရရှိစေသော ပင်မအချက်အချာဖြစ်သည့် စက်ဆုတ်ရွံရှာဖွယ် ကူးသန်းရောင်းဝယ်မှုကြီးအတွင်းသို့ သက်ရောက်သွားခဲ့ပါတော့သည်။

ရောင်းချသူတို့သည် တိရစ္ဆာန်များကို အဆမတန်ဈေးများနှင့်ရောင်းချကြပြီး အမြတ်ငွေကို ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအမှူးတို့အား မျှဝေပေးကြရပါသည်။ ဝတ်ပြုကိုးကွယ်ရန် ရောက်ရှိလာကြသောသူတို့သည်လည်း ပူဇော်သကာကိုမပူဇော်ခဲ့လျှင် မိမိတို့၏သားသမီးများနှင့်ပြည်တော်အပေါ်မှာ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာကျရောက်

လိမ့်မည်မဟုတ်ကြောင်း သွန်သင်ခြင်းကို ခံခဲ့ကြရပေသည်။ သို့ဖြစ်၍ တိရစ္ဆာန်တို့ကို ဈေးကြီးပေးဝယ်ယူကာ ပူဇော်ကြပေသည်။

## ဘုရားသခင်၏အမှုတော်မှာငွေကြေးညစ်ညမ်းမှုဖြစ်ခြင်း

ဗိမာန်တော်ပရဝဏ်အတွင်း တိရစ္ဆာန်များကိုရောင်းဝယ်ဖေါက်ကားနေကြသည်။ ထိုအမှုကြောင့် ဗိမာန်တော်သည် သန့်ရှင်းစင်ကြယ်ရိုသေဖွယ်ဖြစ်ရမည့်အစား တိရစ္ဆာန်အော်သံများဖြင့် ဆူညံရှုပ်ထွေးနေပါတော့သည်။

ထိုနေရာမှာ အော်ကြီးဟစ်ကြယ်ဈေးဆစ်သံများ၊သိုး၊နွားအော်သံများ ငွေဒင်္ဂါးသံနှင့်စိတ်ဆိုးမာန်ဆိုးငြင်းခုံသံများကို ကြားနိုင်ပါသည်။ ပို၍ဆိုးသည်မှာ ဝတ်ပြုကိုးကွယ်ရန်ရောက်ရှိလာကြသူတို့၏ ဘုရားသခင်ထံတော်သို့ တောင်းလျှောက်အသနားခံနေသော စကားသံများသည် ဗိမာန်တော်အတွင်းသို့ စူးဝင်လာသော ရုန်းရင်းခတ်သံများတွင် နစ်မြုပ်ပျောက်ကွယ်သွားရခြင်းပင်ဖြစ်၏။

ယုဒလူတို့သည် မိမိတို့၏ဘာသာတရားရိုသေကိုင်းရှိုင်းမှုအပေါ်များစွာဝင့်ကြွားဂုဏ်ယူလေ့ရှိတတ်ပါသည်။ ဗိမာန်တော်အဆောက်အဦးအပေါ်အားရဝမ်းမြောက်၍ ဗိမာန်တော်အတွင်း အသရေမဲ့သောစကားတစ်လုံးကိုပြောဆိုကလည်း ဘုရားသခင်အား ပြစ်မှားသည်ဟု မှတ်ယူခဲ့ကြပါသည်။

မိမိတို့၏ သွန်သင်ဖေါ်ပြချက်များ၊ သန့်ရှင်းသော ဌာနနှင့်ဆက်နွှယ်သော အခမ်းအနားကြီးငယ်တို့ကို ပြုလုပ်ကျင်းပရာ၌ အလွန်တိကျသေချာလွန်းသော သူများဖြစ်ကြပါသော်လည်း ငွေကိုတပ်မက်ခြင်းသဘောသည် သူတို့၏ စည်းစနစ်ကြီးမားလွန်းခြင်းကို လွှမ်းမိုးခဲ့ပေသည်။ (ထွက် ၁၉း၁၂၊ ၁၃ ကို ကြည့်ပါ)။ ဘုရားသခင် တည်ရှိတော်မူသော နေရာတိုင်းနှင့် ဗိမာန်တော် ပရဝဏ်သည် မြင့်မြတ်သန့်ရှင်းသော နေရာ

အဖြစ် သတ်မှတ်ကြပါသော်လည်း ငွေကြေးအမြတ် ရရှိရေးအတွက် ရုန်းကန်လှုပ်ရှားဈေးကစားနေကြခြင်းဖြင့် ထိုမြင့်မြတ်သော ဘုရားသခင်၏ အကြံအစည်တော်အားလုံးတို့ကို မျက်ခြည်ပြတ်ကုန်ခဲ့ကြပါလေပြီ။

ယုဒလူအကြီးအကဲ ခေါင်းဆောင်တို့သည် ဘုရားသခင်၏ကိုယ်စားလှယ်တော်များအဖြစ်ရပ်တည်ရန် ဖိတ်ခေါ်ခြင်းကိုခံရသော သူများဖြစ်ကြပါ၏။ ဗိမာန်တော်အတွင်း ရှုမကောင်းလောက်အောင် ဆိုးရွားနေသောအကျင့်ဓလေ့တို့အား လမ်းမှန်ပေါ်ပြန်ရောက်အောင် ပြုပြင်ပေးသင့်ကြပါသည်။

ညီအစ်ကိုတို့ရှေ့မှာ သမ္မာဓိရှိခြင်း၊ သနားစုံမက်တတ်ခြင်းပုံသက်သေတို့ကို ပြသသင့်ပါ၏။ မိမိတို့၏ ကိုယ်ကျိုးကိုသာ ရှေ့တန်းတင်မည့်အစား ဝတ်ပြုကိုးကွယ်ရန် ရောက်ရှိလာကြသော သူတို့၏ အခြေအနေနှင့် လိုအပ်ချက်များကို ထည့်သွင်း စဉ်းစားသင့်ပါသည်။ သတ်မှတ်ထားသည့် ပူဇော်သကာများကို မဝယ်ယူနိုင်သူတို့အားလည်း ဖေးမကူညီရန် အဆင်သင့်ရှိနေသင့်ပါသည် မဟုတ်လော။ သို့သော်လည်း ထိုသူတို့သည် ဤအရာများကို မလုပ်ဆောင်ခဲ့ကြပါ။ ခေဉစ္စာပေါကြွယ်ဝမှုများကို တပ်မက်လွန်းခြင်းဖြင့် မိမိတို့၏ စိတ်နှလုံးကို မာကျောစေခဲ့ကြပါသည်။

ထိုပွဲတော်သို့ ရောက်ရှိလာကြသူပရိသတ်များထံမှာ ဆင်းရဲနွမ်းပါးသူဒုက္ခသည်များနှင့် စိတ်အားငယ်နေသော သူများပါဝင်ကြပါသည်။ မျက်စိကန်းသူများ၊ ဆွံ့အ၊ နားမကြားသူများလည်းရှိ၏။ တချို့ကို လူနာထမ်းစင်များနှင့် သယ်ဆောင် လာကြပါသည်။ လူများစွာတို့သည် ဘုရားသခင်ကို ဆက်သရန် တန်ဖိုးနည်း၍ အညံ့ဆုံးယဇ်ကိုသော်မှ မဝယ်နိုင်လောက်အောင် ဆင်းရဲကြ၏။ နပ်မှန်အောင် ထမင်းမစားရသူများလည်းရှိပါသည်။ ထိုသူတို့သည် ယဇ်ပုရောဟိတ်တိုက၏ ဆိုစကားများကြောင့် စိတ်အားငယ်ကြရသည်။ ယဇ်ပုရောဟိတ်တို့ကား မိမိတို့

ကိုယ်ကို ဣသရေလသိုးထိန်းမယ်များ၊ ကာကွယ်စောင့်ရှောက်သူများဖြစ်သည်ဟု အခိုင်အမာပြောဆို၍ မိမိတို့၏ ဘုရားတရားရှိသမျှအတွက် ဝါကြွားနေကြပါသော်လည်း၊ ၄င်းတို့၌ ကိုယ်ချင်းစာတရား (သို့မဟုတ်) အကြင်နာတရားမရှိခဲ့ကြချေ။

သူဆင်းရဲများ၊နာမကျန်းဖျားနာနေကြသူများနှင့် သေလုမြောပါးဖြစ်နေသော လူမမာများသည် ၄င်းတို့ထံမှ အမအစတို့ကို အချည်းနှီးတောင်း ခံနေကြပါ၏။ သူတို့ခံစားနေရသော ဒုက္ခဆင်းရဲခြင်းများသည် ယဇ်ပုရောဟိတ်တို့၏ စိတ်နှလုံးထဲမှာရှိသော အကြင်နာတရားကို မနှိုးဆွနိုင်ခဲ့ကြပါချေ။

ယေရှုသခင်သည် ဗိမာန်တော်အတွင်းသို့ ဝင်ရောက်လာသည်နှင့်အမျှ တရားမျှတမှုမရှိသော မြင်ကွင်းများကို မြင်တွေ့ရပါသည်။ တိရစ္ဆာန်၏အသွေးကို မသွန်းလောင်းဘဲ ယဇ်ပူဇော်ခြင်းကို မပြုနိုင်ချေက အပြစ်ဖြေလွှတ်ခြင်းကို မရရှိနိုင်ဟုထင်မှတ်ကာ စိတ်အားငယ်နေသော ဆင်းရဲသားများကိုလည်းကောင်း၊ ဗိမာန်တော်အပြင်ပရဝဏ်တွင် မသန့်ရှင်းသော ရောင်းဝယ်ဖေါက်ကားမှုများလုပ်ဆောင်ကာ၊ စီးပွားရှာနေကြသည်ကိုလည်းကောင်း၊ သခင်တွေ့မြင်နေရပေသည်။ မွန်မြတ်သန့်ရှင်းသောဗိမာန်တော်သည် ကြီးကျယ်သောငွေလဲလှယ်ရာ စတော့မားကက်ကြီးတစ်ခုအသွင်သို့ ရောက်ရှိနေလေပြီကော။

တစ်ခုခုတော့လုပ်ရချေအံ့။ ဝတ်ပြုကိုးကွယ်သူတို့သည် ကယ်တင်ပိုင်သူ ယေရှုသခင်၏ စုံလင်သောအပူဇော်ခံခြင်းကို ပုံဆောင်ကြောင်းနားမလည်ကြဘဲနှင့် ၄င်းတို့၏ ယဇ်ကောင်များကို ပူဇော်ခဲ့ကြပေသည်။ ထိုသူတို့အလယ်မှာ ယဇ်ပူဇော်ခြင်းဆိုင်ရာ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်ကိုပုံဆောင်၍ ကျင်းပနေသော ပုဂ္ဂိုလ်ယေရှုသခင်သည် ရပ်နေတော်မူသည် မဟုတ်ပါလား။ ဤသည်ကို ထိုသူတို့သည် အသိအမှတ်မပြု၊ ဂုဏ်ပြုခြင်းလည်း မရှိပါတကား။ ထိုသခင်သည် ဝိနည်းအထုံးအဖွဲ့ဆိုင်ရာ

ပညတ်များနှင့် ပတ်သက်သော ညွှန်ကြားချက်များကို ပေးတော်မူသော အရှင်ဖြစ်ပါသည်။ တန်ခိုးကြီးလှပေစွ။ သို့သော်လည်း ယခုတွင် ယုဒလူများသည် ထိုဝိနည်းအထုံးအဖွဲ့ဆိုင်ရာ လုပ်ငန်းစဉ် အခမ်းအနားများ၏ မူရင်း ရည်ရွယ်ချက်မှ သွေဖည်ကာ နားလည်မှုမှားကုန်ကြပြီကို သခင်မြင်တွေ့ခဲ့ရပေသည်။ ဤသို့လျှင် ဝိညာဉ်ရေးရာနှင့် ပြည့်ဝသောကိုးကွယ်မှုသည် လျင်မြန်စွာ ပျောက်ကွယ်ရ၏။ ထိုယဇ်ပုရောဟိတ်များ၊ ယုဒခေါင်းဆောင်များတို့နှင့် ဘုရားသခင် စပ်ကြားဆက်သွယ်ပေါင်းစည်းမှုသည် ပြတ်တောက်ခဲ့ရလေပြီ။ ဤသို့ မတူညီကွဲပြားခြားနားစွာ ဝတ်ပြုကိုးကွယ်မှုကို ခရစ်တော်သခင်သည် ပြန်လည်၍ ပုံမှန်ဖြစ်စေရန် တည်ထောင်ရမည်မဟုတ်ပါလား။

ခရစ်တော်သခင်သည် မိမိရှေ့မှာရှိသောမြင်ကွင်းကို စိတ်နှလုံးထိခိုက်စူးရှသောအကြည့်မျိုးဖြင့် ကြည့်လိုက်ပါသည်။ ကိုယ်တော်သည် အနှိုင်းမဲ့တန်ခိုးရှင် ထာဝရဘုရားသခင်ဖြစ်သောကြောင့် ရှေ့ရေးဖြစ်ရပ်မှန်ကိုကြိုမြင်နိုင်စွမ်းရှိလေရာ လာမည့်ရာစုနှစ်များ၊ ခေတ်အဆက်ဆက်ကို မျှော်ကြည့်၍ တွေ့မြင်ရလေ၏။

ထိုယုဒခေါင်းဆောင် ယဇ်ပုရောဟိတ်တို့သည် သူဆင်းရဲတို့၏ အခွင့်အရေးများကို ပိတ်ပင်ဖျက်ဆီးကာ ဧဝံဂေလိသတင်းစကား မပြန့်ပွားအောင်လုပ်ဆောင်တားဆီးသူများ ဖြစ်ကြောင်းမြင်တွေ့တော်မူပါသည်။

ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကိုလည်းအပြစ်သားတို့ မသိနားမလည်စေရန်ထိုသူတို့သည် ဖုံးကွယ်ထားကြပုံ၊ လူတို့သည်ဘုရားသခင်၏ ကျေးဇူးဂရုဏာတော်ကို ရောင်းအဝယ် လုပ်ကြမည့်ပုံကိုသခင်သည် မြင်၍ သိတော်မူ၏။ထိုမြင်ကွင်းကိုသခင်ရှုစားလိုက်ရသည်တွင်သခင်သည် ကရုဏာဒေါသ၊ အာဏာစက်နှင့်တန်ခိုးတော်တို့သည်မျက်နှာတော်ပေါ်မှာ ထင်ဟပ်ပေါ်လွင်လာပါသည်။ လူတို့သည်သခင်ကိုသာအာရုံပြု ဂရုစိုက်မိပါတော့

သည်။ ဗိမာန်တော်အတွင်း ရောင်းဝယ်ဖေါက်ကားမှုများနှင့် ယဉ်ပါးနေသော မျက်လုံးတို့သည်လည်းသခင်၏မျက်နှာတော်ကိုအာရုံစူးစိုက်ကာကြည့်နေကြလေပြီ။

ဤပုဂ္ဂိုလ်ထူးသည် မိမိတို့၏ စိတ်တွင်းအကြံအစည်များကို ဖတ်ရှုသဖြင့် ဖုံးကွယ်ထားသော စိတ်သဘောထားတို့ကို သိရှိသွားလေပြီဟု သူတို့ခံစားကြရပေသည်။ တချို့မှာလည်း မိမိတို့၏ (လိပ်ပြာမသန့်) ဒုစရိုက်လုပ်ရပ်များကြောင့် ရှပ်ဆင်းပျက်စီးနေသဖြင့် စေ့စေ့ပေါက်ပေါက်ကြည့်နေတော်မူသောသခင်၏ မျက်လုံးအစုံမှ လွတ်ကင်းရန် မျက်နှာလွှဲဖို့ကြိုးစားနေကြပါသည်။

ဆူညံသံများ ငြိမ်သက်သွားချေပြီ။ ရောင်းဝယ်သံနှင့်ဈေးဆစ်သံတို့ကို လုံးလုံးမကြားရတော့ပြီ။ ထိုဆိတ်ငြိမ်မှုက စိတ်နှလုံးကို ထိခိုက်နာကျင်စေပါသည်တကား။ လူတို့သည် ကြောက်ရွံ့တုန်လှုပ်နေကြသည်။ မိမိတို့၏ မကောင်းမှုလုပ်ရပ်များအတွက် ထုခြေလွှာတင်သွင်းအဖြေပေးရန် ဘုရားသခင်၏တရားရုံးတော်ရှေ့မှာ ရုံးတင်စစ်ဆေးခြင်းခံနေရသကဲ့သို့ ခံစားခဲ့ရလေပြီ။

သူတို့သည် ခရစ်တော်ယေရှုကို ကြည့်ရှုနေကြစဉ် လူသားမျိုးနွယ်၏ အမှုအယာများမှ ဘုရားသခင် ဇာတိတော်ထွန်းတောက် နေသည်ကို မြင်တွေ့ခံစားရပေသည်။ ကောင်းကင်ရှင်ဘုရင် ယေရှုခရစ်တော်ဘုရားသခင်သည် နောက်ဆုံးသော နေ့ရက်ကြီးမှာ သခင်ကို ပတ်ရစ်လွှမ်းခြုံမည့် ဘုန်းတော်သည် ယခုတွင် ကိုယ်တော်အား မရစ်ပတ်ထားသော်လည်း အသက်ဝိညာဉ်ကို ဖတ်ရှုနိုင်သော တန်ခိုးတော်မှာ အတူတူပင်ဖြစ်၏။ မျက်လုံးတော်သည် လူတစ်ဦးချင်းပါဝင်သောလူထုကြီးကို သိမ်းခြုံ၍ ကြည့်လိုက်သည်။ ကိုယ်တော်၏ရုပ်သွင်လက္ခဏာသည် တန်ခိုးအာဏာစက်နှင့်ပြည့်စုံသော အမိန့်ပေးသူ၏ ကာအိန္ဒြေရှိသောကြောင့် မျက်နှာတော်မှာလည်း အလင်းရောင်တော်နှင့် ထွန်းလင်းတောက်ပလျက်နေပါသည်။ ဤတွင် ကိုယ်တော်က "ဤဥစ္စာကို ယူသွားကြ၊

ငါ့အဘ၏ အိမ်တော်ကို ပွဲတဲမလုပ်ကြနှင့်" ဟု ချိုသာအေးမြကြည်လင်ပြတ်သားသောအသံတော်ဖြင့် မိန့်မြွက်လေသဖြင့် ဗိမာန်တော်စကြံ်ာမျ်ားတစ်လျှောက် မည်ဟည်းပဲ့တင်ထပ်သွားပါသည်။ ထိုအသံတော်မျိုးဖြင့် ထိုသခင်သည် ဣသရေလလူတို့အား သိနာတောင်ပေါ်မှာ မိန့်မြွက်ခဲ့ဖူးပါသည်မဟုတ်လော။

ယေရှုသည် ဗိမာန်တော်အတွင်း လှေကားထစ်များအတိုင်း ဖြည်းညှင်းစွာဆင်းလာ၍ ရိုက်စရာကြိုးများကို ဝှေ့ယမ်းလျက် တိရစ္ဆာန်များလှောင်ထားသောနေရာသို့သွားကာ ရောင်းဝယ် ဖေါက်ကားနေသောသူတို့အား ဗိမာန်တော်ရောက်မှ ထွက်ခွာသွားရန် အမိန့်ပေးလိုက်ပါသည်။

ဆက်လက်၍လည်း ကိုယ်တော်သည် ယခင်က တစ်ကြိမ်တစ်ခါမျှမပေါ်ပြခဲ့ဖူးသည့် စိတ်ထက်သန်တင်းမာမှုမျိုးနှင့် ပွဲစားတို့၏ ငွေတင်ခုံများကို တွန်းလှန်မှောက်ပစ်တော်မူခဲ့၏။ ဒင်္ဂါးပြားများ ကျဲပြန့်ကုန်ကြလေပြီ။

ကျောက်ဖြူသားဖြင့်ခင်းထားသောလမ်းပေါ်မှာ စူးရှသောအသံဗလံများပေါ်ထွက်လာပါ၏။ ထိုလုပ်ရပ်ကို အဘယ်သူမျှ မေးခွန်းမထုတ်ခဲ့ကြပါ။ ပြန့်ကျဲနေသော မတရားသွေဒင်္ဂါးပြားတို့ကိုလည်း မည်သူမျှရပ်နား၍ မကောက်သိမ်းဝံ့ကြချေ။ ယေရှုသခင်၏ လက်ထဲမှာရှိသောကြာပွတ်ကြိုးသည် မည်သူ့ကိုမျှမရိုက်သော်လည်း ဝှေ့ယမ်းကာနေသောကြာပွတ်ကြိုးကလေးသည် မီးလျှံတောက်နေသော ဓါးတစ်ချောင်းကဲ့သို့ကြောက်ရွံ့ဖွယ် ပုံသဏ္ဍာန်ပေါ်ထွက်နေပါ၏။ ဗိမာန်တော်ဂေါပကလူကြီးများ၊ စောင့်ကြည့်နေသော ယဇ်ပုယောဟိတ်များ၊ ပွဲစားများ၊ တိရစ္ဆာန်ရောင်းဝယ်ရေးသမားများတို့သည် ယေရှုသခင်၏ အပြစ်ဒဏ်ပေးစီရင်ခြင်းမှလွတ်မြောက်ရန်အကြံဖြင့် မိမိတို့၏ သိုးများရှိသည့်နေရာမှ တစ်ဟုန်ထိုးထွက်ပြေး စွန့်ခွာသွားကြပါတော့သည်။

# သခင်ဘုရားတည်ရှိနေမှုဖြင့် ဗိမာန်တော်မှာသန့်ရှင်းသွားရခြင်း

ထာဝရဘုရားသခင်၏ ကာကွယ်စောင့်ရှောက်မှုကို တောင့်တသဖြင့် ရရှိခံစားနေရသော လူထုကြီးသို့တိုင် ရုတ်ရုတ်သဲသဲဖြစ်မှုသည်ဂယက်ရိုက်သွားခဲ့ပါ၏။

တမန်တော်များပင်လျှင် ယခင်က တစ်ခါမျှ မတွေ့ဖူးသည်သခင်၏အမူအရာနှင့် စကားသံများကြောင့် စိုးရွံ့ထိတ်လန့်တုန်လှုပ်သွားရသည်။ ထိုအခါ ကိုယ်တော်ကို ရည်ညွှန်း၍ ရေးထားသောကျမ်းချက်ကို သူတို့သတိရကြလေသည်။

"ကိုယ်တော်၏အိမ်တော်၌ စွဲလန်းပူပန်ခြင်းစိတ်သည် အကျွန်ုပ်ကိုးစားပါ၏။" (ဆာလံ ၆၉း၉)။ ရုန်းရင်းဆန်ခတ်ဖြစ်နေသော လူအုပ်ကြီးသည် မကြာမီအတွင်း ဘုရားသခင်၏ ဗိမာန်တော်မှဝေးရာသို့ ဖယ်ရှားပျောက်ကွယ်သွားကြလေသည်။ ဗိမာန်တော်ပရဝဏ်သည် မသန့်ရှင်းသောရောင်းဝယ်ဖေါက်ကားမှုမှ ကင်းရှင်းပြီးနောက် နက်ရှိုင်းသောကြည်ညိုဖွယ် ဆိတ်ငြိမ်လေးမြတ်မှုသည် အခြေခိုင်လာ၏။ သိနာတောင်ကို သန့်ရှင်းစေတော်မူခဲ့သော ဘုရားသခင်သည် ယခုတွင် ဗိမာန်တော်ကို မွန်မြတ်သန့်စင်စေလေပြီမဟုတ်လော။

ယေရှုသခင်သည် ဗိမာန်တော်ကို သန့်ရှင်းအောင်ပြုတော်မူခြင်းဖြင့်မိမိသည် မေရှိယဖြစ်ကြောင်း ဖေါ်ပြကာ အမှုတော်မြတ်ကိုစတင်ခဲ့ပါသည်။ ဗိမာန်တော်ကြီးကား ဣသရေလလူတို့နှင့်ကမ္ဘာလောကတစ်ခုလုံးအတွက် သရုပ်ပြ သင်ခန်းစာတစ်ရပ်ဖြစ်ရန် အစအဦးမှစ၍ ဘုရားသခင်ရည်စူးခဲ့သည်မဟုတ်လော။ဖန်ဆင်းခြင်းခံလူသတ္တဝါတိုင်းသည် ဖန်ဆင်းသူဘုရားသခင် ကိန်းဝပ်တော်မူရန်အတွက် ဗိမာန်တော်တစ်ဆောင်ဖြစ်ရပါမည်။ သို့ရာတွင် အပြစ်တရားကြောင့် လူသားတို့သည် ဘုရားသခင်

အတွက် ဗိမာန်တော်ဖြစ်ခြင်းမှ ရပ်စဲခဲ့ကြပါ၏။ ဒုစရိုက်အပြစ်ကြောင့်လည်း မှောင်မိုက်ကာ ညစ်ညမ်းနေသော လူ့စိတ်နှလုံးသည် ဘုရားသခင်၏ဘုန်းတော်ကို မထင်ရှားစေနိုင်ခဲ့ပါချေ။

ဤတွင်ဘုရားသခင်သည် သားတော်ဘုရားသခင်ကို လူ့ဇာတိခံယူစေခြင်းဖြင့် မိမိ၏အကြံတော်ကို ဖေါ်ဆောင်ခဲ့ပေသည်။ ထို့ကြောင့် ယေရှုသခင်၏အသွေးတော်မြတ်အားဖြင့် ကျွန်ုပ်တို့သည် တစ်ဖန်ပြန်လည်၍ ဘုရားသခင်၏ ဗိမာန်တော်အဖြစ် ရပ်တည်ခွင့်ရှိလာပြန်ပါသည်။

ယေရုရှလင်မြို့တော်မှာရှိသော ဗိမာန်တော်သည် အသက်ဝိညာဉ်တိုင်းတို့အတွက် နောင်ကာလမှာဖြစ်မည့်မြင့်မြတ်သောအကြောင်းခြင်းရာများရှိနေကြောင်း အမြဲတမ်းသက်သေဖြစ်စေရန် ဘုရားသခင်ကြံရွယ်တော်မူခဲ့ပါသည်။ သို့သော်လည်း ထိုယုဒလူတို့သည် သန့်ရှင်းရာဌာန၏အရေးပါမှုကို နားမလည်ခဲ့ကြပေ။

ထို့ကြောင့်လည်း မိမိတို့ကိုယ်ကို ဘုရားသခင်၏ဝိညာဉ်တော်ကိန်းအောင်းရန်အတွက် သန့်ရှင်းသော ဗိမာန်တော်အဖြစ် မတိမ်းညွတ်ခဲ့ကြပေ။ ဗိမာန်တော်ပရဝဏ်ကို မသန့်ရှင်းသော ရောင်းဝယ်ဖေါက်ကားမှုနှင့် စည်ကားသိုက်မြိုက်စေ၏။ ကာမဂုဏ်ခံစားလိုစိတ်များနှင့် ညစ်ညမ်းသော တွေးခေါ်မှုများဖြင့် မိမိတို့၏နှလုံးသား ဗိမာန်တော်ကို ပုံဆောင်နေကြပေသည်တကား။

ဗိမာန်တော်ကို သန့်စင်စေခြင်းဖြင့်ယေရှုသည် လူတို့၏ စိတ်နှလုံးအတွင်းမှာရှိသောအပြစ်များကိုဆေးကြောပေးမည်ဟူသောမိမိ၏အမှုတော်မြတ်ကိုကြေညာခဲ့ခြင်းလည်းဖြစ်ပါသည်။ လူတို့၏အတွင်းစိတ်မှာကိန်းအောင်းနေသောမြေကြီးအရာကိုစွဲလမ်းခြင်း၊ ကိုယ်အကျိုးကိုကြည့်၍ ကာမဂုဏ်လိုက်စားလိုခြင်း၊ဒုစရိုက်ကျင့်စဉ်ကိုပယ်ရှင်းရမည်မဟုတ်လော။ သို့ဖြစ်၍၏ကျမ်းစာကဤသို့ကြို၍ပြောထားပါ၏။ "သင်တို့ရှာသောသခင်၊ သင်တို့တောင့်တသောပဋိညာဉ် (ကတိတော်) တမန်တော်သည် မိမိဗိမာန်တော်သို့ ချက်ချင်း

လာလိမ့်မည်။ သို့သော်လည်း ထိုသခင်လာတော်မူသောနေ့ရက်ကိုအဘယ်သူသည် မတိမ်းမရှောင်ဘဲနေလိမ့်မည်နည်း။ ပေါ်ထွန်းတော်မူသောအခါ အဘယ်သူသည် ခံရပ်နိုင်လိမ့်မည်နည်း။

ထိုသခင်သည် ငွေစစ်သောသူ၏မီး၊ ခဝါသည်သုံးသောဆပ်ပြာကဲ့သို့ ဖြစ်တော်မူမည်။ ငွေကိုချွတ်၍ သန့်ရှင်းသောသူကဲ့သို့ထိုင်လျက်ရွှေငွေကိုချွတ်သကဲ့သို့ လေဝိသားတို့ကိုချွတ်၍ သန့်ရှင်းစေတော်မူသဖြင့် သူတို့သည် ထာဝရဘုရားသခင်အဖို့ဖြစ်၍ ဖြောင့်မတ်ခြင်းပူဇော်သကာကိုပူဇော်လိမ့်မည်။" (မာလခိ ၃း၁-၃)။

"သင်တို့သည် ဘုရားသခင်၏ ဗိမာန်တော်ဖြစ်ကြသည်ကိုလည်းကောင်း၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူသည်ကိုလည်းကောင်း၊ မသိကြသလော။ အကြင်သူသည် ဘုရားသခင်၏ ဗိမာန်တော်ကို ဖျက်ဆီး၏။ ထိုသူကို ဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခင်၏ ဗိမာန်တော်သည် သန့်ရှင်းရ၏။ သင်တို့သည်လည်း ဗိမာန်တော်ဖြစ်ကြ၏။" (၁ကော ၃း၁၆၊၁၇)။

လူ့အတွင်းစိတ်နှလုံးကို ပိုင်စိုးထားသော မကောင်းဆိုးဝါးများကို မည်သူတစ်ဦးတစ်ယောက်မျှ မိမိ၏ စွမ်းအားဖြင့် ပြင်ပသို့နှင်ထုတ်နိုင်မည်မဟုတ်ပါ။ခရစ်တော်ယေရှုတစ်ပါးတည်းကသာလျှင် လူ့စိတ်နှလုံးကိုဖြူစင်သန့်ရှင်းစေနိုင်ပါသည်။ သို့သော်လည်း ကိုယ်တော်သည် လူ့စိတ်နှလုံးအတွင်းသို့ လူကခွင့်မပြုဘဲ အတင်းအကျပ်ဝင်ရောက် ကိန်းအောင်းတော်မူမည်မဟုတ်ပါ။ "ငါသည်တံခါးရှေ့မှာရပ်၍ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏ အသံကိုကြား၍ တံခါးကိုဖွင့်အံ့။ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူ စားသောက်မည်။" (ဗျာ ၃း၂၀) ဟုသခင်မိန့်တော်မူပါသည် မဟုတ်လော။ ထိုသခင်သည် လူ့စိတ်နှလုံးအတွင်းမှာ တည်ရှိနေပြီဆိုက လူ့အသက်ဝိညာဉ်သည် ဆေးကြောသန့်စင်

ခြင်းရှိနေပါပြီ။ ဤသို့လျှင် လူ၌ သခင်ဘုရားသည် ဝိညာဉ်တော်အားဖြင့် ကိန်းအောင်းတည်နေရန် သန့်ရှင်းသောဗိမာန်တော်ဖြစ်နိုင်ပါ၏။ (ဧဖက် ၂း၂၂)။

# နောက်ဆုံးအပြီးအပိုင်တရားစီရင်ပုံကိုကြိုမြင်ခြင်း

ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲခေါင်းဆောင်တို့သည် ကြောက်ရွံ့တုန်လှုပ်လျက်၊ ယေရှုသခင်ရှိရာ ဗိမာန်တော်မှ ဝေးရာသို့ ထွက်ပြေးကြပါ၏။

ထိုသခင်၏ စိတ်နှလုံးအတွင်းသဏ္ဍာန်ကို ဖတ်နေသော စူးရှသည့်အကြည့်ကို မခံနိုင်၍ဖြစ်သည်။ ယေရှုသည် ထိုသူတို့၏ ကြောက်ရွံ့မှုနှင့် စစ်မှန်သော ကိုးကွယ်မှုအကြောင်းစုံကို မသိခြင်းများအတွက် ကြင်နာသနားစိတ်နှင့် လှမ်းမျှော်၍ ကြည့်မြင်တော်မူ၏။ ဤမြင်ကွင်းသည် ဆိုးသွမ်းယုတ်မာ၍ အပြစ်ကို နောင်တမရလိုသောနေရာအနှံ့ပျံ့လွင့်နေသည့် ယုဒအမျိုးအနွယ်တစ်ရပ်လုံးကို ပုံဆောင်ထားပါသည်။

အဘယ်ကြောင့် ယဇ်ပုရောဟိတ်တို့သည် ဗိမာန်တော်မှထွက်ပြေးတိမ်းရှောင်လေကြပါသနည်း။ အဘယ်ကြောင့် ထိုသူတို့သည် မိမိတို့နေရာမှာ မြဲမြဲစွာ မရပ်တည်နိုင်ခဲ့ကြပါသနည်း။ ထိုသူတို့အား ထွက်ခွာသွားရန် အမိန့်ပေးသောလူသားစင်စစ်သည် လက်သမား၏ သားဂါလိလဲပြည်က၊ ဆင်းရဲသားတစ်ဦးသာ ဖြစ်ပါ၏။ အဘယ်ကြောင့် မတရားသဖြင့်ရရှိသော အမြတ်အစွန်းများကို စွန့်ပစ်ထားခဲ့ကာ အပေါ်ယံပုံပန်းအားဖြင့် နုံချာလှသော လက်သမားတစ်ဦး၏ အမိန့်ကြောင့် ထွက်ပြေးခဲ့ကြပါသနည်း။

ယေရှုသခင်သည် ရှင်ဘုရင်တစ်ပါး၏ အာဏာသံနှင့်မိန့်တော်မူခဲ့ပါသည်။ ထိုသခင်၏ အသွင်အပြင် လက္ခဏာနှင့် အသံနေအသံထားကို

သူတို့သည် တွန်းလှန်နိုင်စွမ်းမရှိကြပါချေ။ သူတို့၏ အခြေအနေမှန်သည် လျှို့ဝှက်သောသူ၊ သူခိုး၊ ဓါးပြများကဲ့သို့ လုံးဝဖြစ်နေကြောင်းကို ထိုသခင်၏စကားများအားဖြင့် သိရှိနားလည်ခဲ့ကြပါပြီ။ ထိုသခင်၏ လူသားဇာတိ၌ ဘုရားသခင်ဇာတိတော် ဝင်ရောက်ထွန်းတောက်လာသောအခါ သူတို့သည် ထာဝရကာလအတွက် မိမိတို့အား စီရင်ချက်ချမည့်ဘုရားသခင်၏ပလ္လင်တော်ရှေ့မှာ ရောက်နေသကဲ့သို့ ခံစားခဲ့ကြပေသည်။

သူတို့သည် အခိုက်အတန့်အားဖြင့် ခရစ်တော်သခင်ကို မေရှိယအနေဖြင့် ယုံကြည်ခဲ့ကြ၏။ သန့်ရှင်းသော ဝိညာဉ်တော်သည်လည်း ခရစ်တော်သခင်နှင့် ပတ်သက်သောပုရောဖက်စကားတို့ကို ၎င်းတို့၏ စိတ်တွင် ပြန်လည်သတိရစေခဲ့ပါသည်။ သို့ဖြစ်၍ သူတို့သည် မိမိတို့၌ အပြစ်ရှိကြောင်းဖေါ်ပြချက်ကိုသဘောတူ လက်ခံခဲ့ကြပါသလား။

ဝေးလှပေစွ။ သူတို့သည် နောင်တမရခဲ့ကြချေ။ သူဆင်းရဲတို့အပေါ် ခရစ်တော်သခင်သည် စာနာသနားစိတ်ထားရှိကြောင်း လူလူချင်းဆက်ဆံရာ၌ မိမိတို့သည် အပေါ်စီးမှအမြဲနေ၍ အနိုင်ကျင့်သောအဖြစ်ကို ထိုသခင်သိသွားပြီဟုကြောင်း သူတို့ ရိပ်စားမိကြပါပြီ။ မိမိတို့၏သဘောထားများကို ယေရှုသခင်သိရှိသွားပြီဖြစ်သောကြောင့် သူတို့သည်ကိုယ်တော်ကို မုန်းတီးကြပါ၏။

လူတကာရှေ့မှာ ကိုယ်တော်သည် သူတို့အားပြစ်တင်ဆုံးမသောကြောင့်လည်း သူတို့ သိက္ခာကျဆင်းရ၏။ ကိုယ်တော်ရှင်၏ ဂုဏ်သတင်းမှာလည်း ပိုမို၍ပျံ့နှံ့သောကြောင့် ငြူစူခြင်းတရားသည် သူတို့၌တိုးပွားလာ၏။ မိမိတို့အား အဘယ်မည်သော တန်ခိုးသြဇာကို အသုံးပြု၍ နှင်ထုတ်ကြောင်းကို သူတို့သည် သိလိုကြသဖြင့် ကိုယ်တော်အား မေးမြန်းကြရန် ဆုံးဖြတ်ခဲ့ကြပေသည်။

ထိုသူတို့သည် ဗိမာန်တော်သို့အေးဆေးစွာ ပြန်လှည့်လာကြ၏။ စိတ်ထဲမှာတော့ ရွံရှာမုန်းတီးလျက်ရှိပါသည်။ သူတို့ မရှိမီအတွင်းမှာ

အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့၏။ ကျန်ရစ်သူ ဆင်းရဲသားတို့သည် ခရစ်တော်ယေရှုသခင်ကို ဖူးမြော်ကြည်ညိုကြသဖြင့် ၎င်းတို့၏ မျက်နှာပေါ်မှာ ကိုယ်တော်ရှင်၏ မေတ္တာတော်နှင့် စာနာမှုတရားများကို ဖေါ်ပြထင်ရှားနေကြပေသည်။

လူထုကြီးသည် ခရစ်တော်ယေရှုသခင်၏ ရှေ့တော်မှောက်သို့ တိုးဝင်ချဉ်းကပ်ကာ မရလျှင် မဖြစ်ဖူးဟူသောအနေအထားရှိ သနားကြင်နာဖွယ်တောင်းဆိုချက်များကို တောင်းလျှောက်ကြပါ၏။ "သခင်၊ ကျွန်ုပ်တို့အား ကောင်းချီးပေးတော်မူ၏။" ထိုအခါ သခင်၏ နားတော်သည် အော်ဟစ်တောင်းလျှောက်သံတိုင်းကို ကြားတော်မူ၏။ သခင်အားကိုးစားသူတိုင်းကို သခင်သည် ဂရုစိုက်ပါ၏။ စွန့်ပစ်၍ မထားပါ။ နာမကျန်းရောဂါသည်တိုင်းကိုလည်း သခင်သည် အနာမှပျောက်ကင်းစေခဲ့ပါသည်။ ဆွံ့အသူတို့၊ ကိုယ်တော်သခင်ကိုချီးမွမ်းကြ၏။ မျက်စိမမြင်နားပင်းသူတို့ ကိုယ်တော်၏ မျက်နှာတော်ကို ဖူးမြင်ရကြ၏။ ဒုက္ခဆင်းရဲခံစားရသူများ၏ စိတ်နှလုံးသည် ဝမ်းမြောက် ပီတိဖြစ်ကြရလေသည်။

ဤကြီးကျယ်သော အမှုတော်လုပ်ရပ်များကို ယဇ်ပုရောဟိတ်များနှင့် ယုဒလူ အကြီးအကဲတို့သည် မျက်မြင်ကိုယ်တွေ့ဖြစ်သကဲ့သို့ နားနှင့်လည်းဆတ်ဆတ်ကြားရလေသည်။

လူတို့သည် မိမိတို့ ခံစားရသောနာကျင်မှု ဝေဒနာများ၊ မျှော်လင့်ချက် ပျက်ခဲ့ရပုံများ၊ မျှော်လင့်ချက်ရောင်ခြည်ကလေး ပျောက်ကွယ်လုဖြစ်နေချိန်မှာ ခရစ်တော်သခင်သည် ၎င်းတို့အား ကုသပျောက်ကင်းစေသည်သာမက ခန္ဓာဝိညာဉ် ငြိမ်းချမ်းစေကြောင်း၊ စသည်တို့ကို ပြန်ပြောင်း ပြောဆို ရှင်းပြနေကြပေသည်။ တစ်ဦးတစ်ယောက်ကမူ "မိမိ ထမ်းခဲ့ရသောဝန်သည် အလွန်လေးလံလှကြောင်း၊ သို့ရာတွင် ကူညီသူ ခရစ်တော် ယေရှုသခင်ကို တွေ့ရှိခဲ့ရကြောင်း၊ ဆက်လက်၍ မိမိ၏ အသက်တာ တစ်ခုလုံးကို သခင်၏ အမှုတော်

မြတ်အတွက် အပ်နှံထားပြီဖြစ်ကြောင်း" သက်သေခံ ပြောဆိုခဲ့ပါသည်။ "သခင်သည် သင်၏အသက်ကိုကယ်နုတ်ခဲ့လေပြီ။ သခင်ကိုအသံမြှင့်၍ ချီးမွမ်းပါလော့" ဟု မိဘများက သားသမီးတို့အား ပြောနေ၏။

ကလေးသူငယ်များ၊ လူငယ်လူရွယ်များ၊ မိဘများနှင့်ဘေးနားမှာ ရပ်ကြည့်နေသူများသည် စုပေါင်း၍ အသံကိုမြှင့်ကာ ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းကြလေသည်။ ထိုသူတို့၏ စိတ်နှလုံးထဲမှာ မျှော်လင့်ချက်ရောင်ခြည်တန်းသန်းသည်သာမက ဝမ်းမြောက်မှုနှင့် ပြည့်ဝကာ တည်ငြိမ်နေပါသည်။ ထိုသူတို့၏ ကိုယ်စိတ်နှစ်ပါးစလုံးမှာလည်း ပြန်လည်ကောင်းမွန်လာ၍ ယေရှုသခင်၏ အနှိုင်းမဲ့ချစ်ခြင်းမေတ္တာအကြောင်းစုံကိုနေရာအနှံ့ဖွင့်ဟချီးမွမ်းလျက် မိမိတို့အိမ်သို့ အသီးသီးပြန်သွားကြပါသည်။

ထိုကဲ့သို့အနာရောဂါ ပျောက်ကင်းခြင်းသို့ ရောက်ရှိသူတို့သည် ယေရှုသခင်အား၊ "ကိုယ်တော်ကို ကပ်တိုင်တင်ပါ၊ ကိုယ်တော်ကို ကပ်တိုင်တင်ပါ" ဟု ဟစ်အော်ကာ တောင်းခံနေသော ပေါက်ကရလူအုပ်ထဲမှာ မပါဝင်ကြပါ။ သူတို့သည် ခရစ်တော်သခင်ကို ချစ်ခြင်ကြင်နာခဲ့ကြ၏။

အကြောင်းသော်ကား ထိုသူတို့သည် ကိုယ်တော်သခင်၏ကြီးမားလှစွာသော ချစ်ခင်ကြင်နာမှုနှင့် အံ့ဖွယ်တန်ခိုးတော်ကို ခံစားရပြီဖြစ်သောကြောင့်တည်း။ မိမိတို့၏ ကိုယ်စိတ်နှစ်ဖြာအား ကျန်းမာ ပကတိဖြစ်စေသောကြောင့်လည်း ထိုသခင်သည် ကယ်တင်ပိုင်သူ တစ်ပါးဖြစ်ကြောင်း အသိအမှတ်ပြုကြလေသည်။ သူတို့သည် တမန်တော်တို့၏ သွန်သင်ချက်များကို နားကြားကာ နှုတ်တော်ထွက်ကျမ်းစာ အသိပညာကို ရယူခဲ့ကြသူများဖြစ်ပါသည်။ ထိုမျှမက ဘုရားသခင်၏ မေတ္တာတော်ဂုဏ်အင်္ဂါအား ဖေါ်ကျူးသူများဖြစ်လာကြ၍ သခင်ဘုရား၏ ကယ်တင်ခြင်းစီမံကိန်းကို ဆောင်ရွက်မှုအဖုံဖုံမှာ အသုံးခံတန်ဆာပစ္စည်းများဖြစ်လာခဲ့ကြလေသည်။

ဗိမာန်တော်ထဲမှထွက်ပြေးခဲ့ကြသတွေ တဖြေးဖြေးနှင့် ဗိမာန်တော်သို့ပြန်လာရောက်ရှိကြ၏။ ထိတ်လန့်ကြောက်ရွံ့မှုများ သက်သာသွားပါသော်လည်း သခင်ယေရှုအပေါ် အမြင်မကြည်ခြင်းနှင့် လန့်ဖျန့်နေခြင်းတို့သည် သူတို့၏ မျက်နှာပေါ်မှာ ထင်ရှားနေဆဲ။ ယေရှုသခင်၏ လုပ်ဆောင်မှုများကို အံ့အားသင့်စွာ ကြည့်ရှုသက်သေခံနေစဉ် ဤသူကား မေရှိယတည်းဟူကြောင်းကို ပုရောဖက်ဟော စကားချက်များကြောင့် သိရှိခဲ့ကြပါသည်။

သို့ဖြစ်၍ ဗိမာန်တော်အား မလေးမခန့်ပြုခြင်းအဖြစ်သည်သူတို့၌ ကျရောက်ရ၏။ သူတို့၏ အပြစ်သည် ကြီးမား၍ ဝတ်ပြုပွဲလာယုဒလူတို့သည် အပြစ်ကင်းကြောင်း သူတို့ တွေ့မြင်လာသည်။

မိမိတို့ကြောင့်သာ သန့်ရှင်းရာဌာနတော်မှာဈေးသက်သက်ဖြစ်ခဲ့ရကြောင်း၊ သခင်က သိမြင်စေခဲ့၍ သူတို့သိခွင့်ရရှိပါတော့သည်။ သို့တိုင်အောင်လည်း ခရစ်တော်သခင်၏ လုပ်ဆောင်မှုများသည် တီထွင်မှုအသစ်တစ်ခုသာဖြစ်ကြောင်း ယူဆကြပေ၏။ သူတို့အား မောင်းထုတ်ခဲ့သည်မှာလည်း မည်သည့်အခွင့်အာဏာနှင့်ပြုကြောင်းကို မေးခွန်းထုတ်ကြပါသည်။ အမှန်မှာတော့ သူတို့သည် ရောင်းဝယ်ဖေါက်ကားမှုအလယ်မှာ ကြားဝင်တားမြစ်ခြင်းကို ခံလိုက်ရသဖြင့် အထိနာသွားခြင်းဖြစ်၏။

၄င်းအပြင် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အပြစ်ထင်ရှားကြောင်း ပြသသည်များကိုလည်း သူတို့သည် စိတ်ထဲမှာ မျိုသိပ်ထိမ်ချန်ထားရစ်ခဲ့ကြပေသည်။

## ခရစ်တော်သခင်ကိုအပြီးအပိုင်ငြင်းပယ်ခြင်း၏အစအဦး

ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများတို့သည်ယေရှုသခင်အားဘုရားသခင်၏ ဘိသိတ်ပေးခံရသူအဖြစ် တွေ့မြင်ဖို့ကောင်းလှပါ၏။ အကြောင်းမူကား၊ သူတို့လက်ထဲမှာ ထိုသခင်ယေရှု၏အမှုတော်မြတ်

အကြောင်းကိုဖော်ပြထားသော ကျမ်းစာလိပ်တို့ ရှိသောကြောင့်တည်း။ ဗိမာန်တော်အတွင် သန့်စင်မှုပြုနေခြင်းသည် ရိုးရိုးသာမန်လူ့စွမ်းအားဖြင့် မပြုနိုင်၊ လူ့စွမ်းအားထက်ပိုမိုသော သဘာဝလွန်အင်အားရှိမှ ဖြစ်နိုင်သည်ကိုသူတို့ သိကြပါသည်။

ထိုသူတို့သည် ယေရှုသခင်ကို အလွန်မှပင်ရွံရှာမုန်းတီးကြသည်ဖြစ်သော်လည်း ကိုယ်တော်သည် ဗိမာန်တော်အား ဆေးကြောသန့်စင်ရန် ထာဝရဘုရားသခင်စေလွှတ်တော်မူသော ပုရောဖက်တစ်ပါးဖြစ်ကြောင်း မစဉ်းစားဘဲမနေနိုင်အောင် ဖြစ်ရပေသည်။ ထို့ကြောင့်လည်း "သင်သည် ဤသို့ပြုလျှင် အဘယ်နိမိတ်လက္ခဏာကို ငါတို့အား ပြမည်နည်း" ဟူသူတို့သည် သခင့်အနားသို့ ချဉ်းကပ်ကာ မေးမြန်းကြပါသည်။

ယေရှုသည် သူတို့အား နိမိတ်လက္ခဏာတစ်ခုကို ပြသပြီးဖြစ်ပါ၏။ မေရှိယသခင် ပြုတော်မူသည့်အမှုကို သခင်သည် ပြုတော်မူခဲ့ခြင်းဖြင့် ကိုယ်တော်၏ စာရိတ္တတော်အတွက် သဘောပေါက်လောက်သောအထောက်အထားများကို ပေးခဲ့ပြီဖြစ်ပါသည်။ ဤသို့တောင်းဆိုလာသဖြင့် ထိုသူတို့သည် အငြိုးထား၍ ပရိယာယ်ဆင်နေကြောင်းကို သခင်သိပါသည်။ ထိုပရိယာယ်၏ ခရီးလမ်းဆုံးကို ကြိုမြင်သဖြင့်လည်း သူတို့သိနိုင်လောက်သော ပုံပမာ တစ်ခုအားဖြင့် အဖြေပေးတော်မူခဲ့ပါသည်။ထိုအဖြေမှာ "ဤဗိမာန်တော်ကို ဖြိုဖျက်ကြလော့။ သုံးရက်အတွင်းတွင်ငါတည်ဆောက်မည်" ဟူ၍ ဖြစ်ပါသည်။ (ယောဟန် ၂း၁၉)။

ဤစကားတွင် အနက်အဓိပ္ပါယ် နှစ်မျိုးရှိပါသည်။ ဗိမာန်တော်၏အဆောက်အဦးကို ဖြိုဖျက်ခြင်းသာမက ကိုယ်တော်၏ခန္ဓာကိုယ်ဗိမာန်တော်ဖြိုဖျက်ခြင်းတည်းဟူသော ကိုယ်တော်၏ အသေခံခြင်းကို ရည်ညွှန်းမိန့်မြွက်ခြင်းဖြစ်ပါသည်။ ယုဒလူတို့သည် ဤကိစ္စအတွက် ပူးပေါင်းကြံစည်ထားကြပြီ မဟုတ်ပါလား။ ယဇ်ပုရောဟိတ်နှင့်ယုဒလူခေါင်းဆောင်

တို့သည် ဗိမာန်တော်သို့ပြန်လာခဲ့ကြစဉ် မိမိတို့အား အခက်ကြုံစေသူ ယေရှုခရစ်တော်အား သုတ်သင်ပယ်ရှင်းရန် တိုင်ပင် ဆုံးဖြတ်ထားကြပြီ ဖြစ်ပါသည်။ သို့တိုင်အောင်လည်း ယေရှုသခင်သည် ထိုသူတို့၏အကြံ အစည်ကို ၄င်းတို့အားပြောနေပါသော်လည်း သူတို့သည် မရိပ်မကြ။ သခင့်စကားကို နားမလည်ကြပေ။ ယေရုရှလင်မြို့မှာရှိသော ဗိမာန်တော် ကိုဖြိုဖျက်မည်ဟု သူတို့ထင်မှတ်ကြသဖြင့် "အနှစ်လေးဆယ့်ခြောက် နှစ်ပတ်လုံး ဤဗိမာန်တော်ကို တည်ဆောက်ရ၏။ သင်မူကား သုံးရက် တည်းနှင့်တည်ဆောက်မည်လော" ဟု ဒေါသတကြီး မေးမြန်းကြ၏။ ယခုတွင် ယေရှုသခင်သည် ၄င်းတို့၏ မယုံကြည်မှုကို စီရင်ဆုံးဖြတ် ပြီးဖြစ်သည်ဟု သူတို့ခံစားသိမြင်ကာ သခင်အား ငြင်းပယ်ရန်အတည် ပြုခဲ့ကြပါသည်။

ရန်သူတို့သည် မိမိ၏ ဆိုစကားကို အဓိပ္ပါယ်ကောက်လွဲမှား မည်ကို ယေရှုသခင်သိမြင်တော်မူခဲ့ပါသည်။ ယေရှုသခင်ကို စစ်ဆေး မေးမြန်းသောအခါနှင့် ကရာနီကုန်းပေါ်မှာ သခင်သည် ချစ်သက်သေကို ပြသောအခါမှာ ထိုသူတို့သည် သင်၏စကားကို စွဲချက် အဖြစ်နှင့် ခနဲ့သောစကားအဖြစ် အသုံးပြုကာ ကိုယ်တော်ရှင်အား မထီမဲ့မြင်ပြု ကြမည်ကို သခင်သိမြင်တော်မူခဲ့ပါပြီ။

သို့ပါသော်လည်း ယခုလိုအချိန်မျိုးမှာ ရှင်းပြခဲ့သော် သခင် ခံစားရမည့် ဆင်းရဲဒုက္ခကို တမန်တော်များ သိရှိသွားမည်ဖြစ်၍ ထို အချိန်မှာ ၄င်းတို့သည် ခံနိုင်ရည် မရှိသေးသောကြောင့် ပူဆွေး ဝမ်းနည်းမှုကို သူတို့ ခံစားကြရပေလိမ့်မည်။ ထို့အပြင် ထိုရှင်းပြ ချက်ကြောင့် ယုဒလူတို့၏ တစ်ဖက်သတ် အထင်လွဲမှားခြင်းနှင့် ယုံကြည်မှုများ၏ အကျိုးဆက်ကို အချိန်မတိုင်မီဖော်ထုတ်ပြောပြသလို ဖြစ်ပါလိမ့်မည်။ ထိုသူတို့သည် အသေသတ်ခြင်းကိုခံရမည့် သိုးသငယ် ကဲ့သို့ သခင်အား ပို့ဆောင်ရန် ဖြည်းဖြည်းချင်း လုပ်ဆောင်နေပေပါပြီ။

ခရစ်တော်သခင်သည် မိမိ ဆိုခဲ့ပြီးသောစကားကို ပသခါပွဲမှာ ပြန်လည်သုံးနှုန်းပြောဆိုမည်ကို သိတော်မူပါသည်။ ထိုသို့ထပ်မံပြောဆိုခြင်းအားဖြင့် ကမ္ဘာအရပ်ရပ်မှလာသော လူများစွာတို့သည် ကြားသိ၍ မိမိတို့ ပြန်သွားသောအခါ ထိုသတင်းကို သယ်ဆောင်သွားကြမည်ကို သခင်သိပါသည်။

သခင်သည် ရှင်ပြန်ထမြောက်ပြီးသည့်နောက်မှာ ထိုစကား၏ အဓိပ္ပါယ်သည် ရှင်းလင်းသွားပေလိမ့်မည်။ ထိုစကားသည် များစွာသော ယုဒလူတို့အတွက် ကိုယ်တော်၏ ဘုရားသခင်ဇာတိတော်နှင့်ပတ်သက်သောသံသယမရှိသည့် အထောက်အထားပင်ဖြစ်ပါလိမ့်မည်။

ကယ်တင်ပိုင်သူ ယေရှုသခင်၏ "ဤဗိမာန်တော်ကို ဖြိုဖျက်ကြလော့။ သုံးရက်အတွင်းတွင် ငါတည်ဆောက်မည်" ဟု မိန့်တော်မူသောစကား၌ ကြားနာသူများ နားလည်သည်ထက်ပို၍ နက်ရှိုင်းသော အဓိပ္ပါယ်ရှိပါသည်။

ဗိမာန်တော်မှာ ကျင်းပသောအခမ်းအနားများသည် ယေရှုဘုရားသခင်၏ အပ်နှံခြင်းကို ပုံဆောင်ပါသည်။ ယဇ်ပူဇော်ခြင်းအစီအစဉ်တစ်ခုလုံးသည် လောကသားတို့အား ကယ်တင်ရန် ကိုယ်တော်ရှင်၏အသေခံခြင်းကို ပြညွှန်ခြင်းဖြစ်ပါသည်။ ထိုဝတ်ပြုကိုးကွယ်မှု အလုံးစုံတို့သည် ခရစ်တော်သခင်၏ အမှုတော်မြတ်နှင့် အသေခံခြင်းတို့ကို ပုံဆောင်ထားသည်ဖြစ်သောကြောင့်၊ ခရစ်တော်ယေရှုကို ယုံကြည်လက်ခံခြင်းမရှိခဲ့ပါလျှင်၊ ထိုလုပ်ဆောင်မှုမှန်သမျှတို့၌ အကျိုးကျေးဇူးရှိလိမ့်မည်မဟုတ်ပါ။ ယုဒလူဂျူးတို့သည် ခရစ်တော်သခင်အား အသေသတ်ခံရန် ကိုယ်ထိလက်ရောက်ပေးအပ်လိုက်ခြင်းအားဖြင့် ခရစ်တော်ယေရှုကို ငြင်းပယ်ကြောင်း၊ ဗိမာန်တော်နှင့်ဝိနည်းအထုံးအဖွဲ့အခမ်းအနားဆိုင်ရာ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်၏ထူးခြားချက်အနှစ်သာရကိုငြင်းပယ်ကြောင်း၊ တံဆိပ်ခတ်သည့်နယ်ဖြစ်တော့၏။ထိုအခါဗိမာန်တော်၏မွန်မြတ်သန့်ရှင်းမှုသည်ကွယ်ပျောက်ခဲ့ရ၏။

၄င်းတို့သည် ဖြိုဖျက်ပစ်ရန် အပြစ်ဒဏ်စီရင်ခြင်းကို ခံရပေတော့မည်။ ထိုနေ့မှစတင်၍ ယဇ်ပူဇော်ခြင်းများနှင့် ဆက်နွယ်နေသော ကိုးကွယ်ဝတ်ပြုမှုတို့သည် အဓိပ္ပါယ်မရှိတော့ပါ။ ယုဒလူတို့သည် ယေရှုခရစ်တော်ကိုအသေသတ်ရန် ဆုံးဖြတ်ခြင်းအားဖြင့် မရည်ရွယ်ဘဲနှင့် မိမိတို့၏လှပသောဗိမာန်တော်ကို ဖြိုဖျက်ခဲ့ကြပါသည်။

ခရစ်တော်သခင်သည် လက်ဝါးကပ်တိုင်တော်မှာ အသက်စွန့်သွားသောအခါ မဟာယဇ်ပူဇော်မှုကြီးအပြီးအပိုင် အဆုံးသတ်ပြီဖြစ်ကြောင်းနှင့် ယဇ်ပူဇော်ခြင်းစနစ်သည်လည်း လုံးဝအဆုံးသတ်သွားပြီဖြစ်ကြောင်း၊ နိမိတ်ပြသည့်အနေဖြင့် ဗိမာန်တာ်မှ အတွင်းကန့်လန့်ကာသည် အထက်မှသည်အောက်ခြေသို့ နှစ်ခြမ်းကွဲသွားခဲ့ပါသည်။

"သုံးရက်အတွင်းတွင်ငါတည်ဆောက်မည်" ဟူသော သခင်၏ဆိုစကားအတိုင်း ခရစ်တော်ယေရှုသည် သုံးရက်မြောက်သောနေ့၌ယောသပ်၏ သင်္ချိုင်းဂူထဲမှ အောင်နိုင်သူတစ်ပါးကဲ့သို့ ရှင်ပြန်ထမြောက်တော်မူခဲ့ပေသည်။ အသေသတ်ခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကြောင့် သခင်ဘုရားသည် လူမဆောက်ဘဲ ထာဝရဘုရားသခင် ဆောက်တော်မူသော တဲတော်တောစစ်၏ ယဇ်ပုရောဟိတ်ဖြစ်လာတော်မူခဲ့ပေသည်။ (ဟေဗြဲ ၈း၂)။ လူတို့သည် တဲတော်နှင့်ဗိမာန်တော်တို့ကို တည်ဆောက်ခဲ့ကြပါသော်လည်း လောကတဲတော်က ပုံစံယူထားသည့် ကောင်းကင်တဲတော်ကို မြေကြီးသားဗိကာပညာရှင်တို့က တည်ဆောက်ခဲ့ကြသည်မဟုတ်ပါ။

"အညွန့်အမည်ရှိသောသူကိုကြည့်ရှုလော့။ မိမိဒေသအရပ်၌ ပေါက်၍ ထာဝရဘုရားသခင်၏ ဗိမာန်တော်ကို တည်ဆောက်လိမ့်မည်။ ထာဝရဘုရားသခင်၏ ဗိမာန်တော်ကို တည်ဆောက်ပြီးလျှင် ဘုန်းကြီး၍ မိမိရာဇပလ္လင်ပေါ်မှာထိုင်လျက် စိုးစံလိမ့်မည်။ ရာဇပလ္လင်တော်ပေါ်မှာ ယဇ်ပုရောဟိတ်လည်းဖြစ်၍ ထိုနှစ်ပါးတို့သည် မိတ်သဟာယပဋိညာဉ်ကို ဖွဲ့ကြလိမ့်မည်။" (ဇာခရိ ၆း၁၂၊၁၃)။

ယေရှုသခင်ကိုပြည့်နှုန်သော ယဇ်ပူဇော်ခြင်းအစီအစဉ်များသည် ကုန်ဆုံးခဲ့ပါပြီ။ သို့သော်လည်း ဤလောက၏အပြစ်ကိုယူဆောင်သွားခဲ့သော ယေရှုသခင်ကို အာရုံပြုကြည့်ရှုရန် ဘုရားသခင်သည် လူတို့အားဦးလှည့်ပေးပါ၏။ မြေကြီးပေါ်မှာ ပြုလုပ်သောတဲတော်အခမ်းအနား လုပ်ဆောင်မှုတို့သည် ရပ်တန့်သွားခဲ့ပါပြီ။ သို့သော်လည်း ပဋိညာဉ်တရားသစ်၏ အမှုတော်ဆောင်ယေရှုသခင်ကို စေ့စေ့ကြည့်ရှုရန် ဖြစ်ပါသည်။

"ပထမတဲတော်မပျက်စီးမီတိုင်အောင် သန့်ရှင်းရာဌာနသို့ သွားသောလမ်းမဖွင့်သေးကြောင်းကို ထိုအမှုအရာအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် အရိပ်ပေးတော်မူ၏။ ယခုမှာ လူလက်ဖြင့်မလုပ်၊ ဤလောကဓါတ်နှင့်မဆိုင်၊ သာ၍ကြီးမြတ်စုံလင်သော တဲတော်၌ နောက်မင်္ဂလာအကျိုးတို့၏ ယဇ်ပုရောဟိတ်မင်းဖြစ်သော ခရစ်တော်သည် မိမိအသွေးတော်နှင့် သန့်ရှင်းရာဌာနတော်ထဲသို့ တစ်ခါတည်းဝင်တော်မူ၏။" (ဟေဗြဲ ၉း၈-၁၂)။

"ထို့ကြောင့် အကြင်သူသည် ယေရှုအားဖြင့် ဘုရားသခင်အထံတော်သို့ချဉ်းကပ်ကြ၏။ ထိုသူတို့၏အမှုကို ကိုယ်တော်သည် စောင့်လျက် ကာလအစဉ်အသက်ရှင်သောကြောင့် သူတို့ကို အစဉ်ကယ်တင်ခြင်းငှာ တတ်နိုင်တော်မူ၏။" ဟေဗြဲ ၇း၂၅။ ဤသို့ ကောင်းကင်သန့်ရှင်းရာဌာနတော်နှင့် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းယေရှုသခင်ကိုသူ့မျက်စိဖြင့်မမြင်တွေ့ရပါသော်လည်း တမန်တော်တို့သည်မိမိတို့၏ ဆက်သွယ်ရောနှောမှုမှာ မပြတ်တောက်သွားပါ။ဆက်သွယ်ရေးစနစ်ကြောင့်ကယ်တင်ပိုင်သူယေရှုသခင် ကိုမတွေ့မထိရပါ သော်လည်းဝိညာဉ်တော်တန်ခိုးမှာ သေးသိမ်လျော့ပါး၍မသွားပါ။ယေရှုသခင် သည်ကောင်းကင်ထက်ကသန့်ရှင်းရာဌာနတော်မှာ အမှုတော်ဆောင်နေစဉ်မှာ မြေကြီးပေါ်မှာရှိသော အသင်းတော်ကို မိမိ၏ ဝိညာဉ်တော်အားဖြင့် ကူညီမစကာ ဆောင်ရွက်

နေဆဲဖြစ်ပါသည်။ တပည့်တော်တို့နှင့် ခွဲခွာခါနီး ပေးထားခဲ့သောက တိတော်မြတ်သည် ပြည့်စုံနေပါပြီ။ "ငါသည်လည်း၊ ဤကမ္ဘာကုန်သည့် တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်။"မဿဲ ၂၈း၂၀။ ကိုယ်တော်ရှင်၏ တန်ခိုးခွန်အားသည် အသင်းတော်နှင့်အတူ ဆက်လက် တည်ရှိဆဲ ဖြစ်ပါသည်။

"ငါတို့ ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသောဆင်းရဲဒုက္ခများ ကြောင့် မကြင်နာနိုင်သောသူမဟုတ်၊ ငါတို့ခံရသည်တည်းတူ အမျိုးမျိုး သောစုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူ ဖြစ်တော်မူ၏။ သို့ရာတွင် ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ၏။ ထိုကြောင့် ငါတို့သည် သနားခြင်း ကရုဏာကိုလည်းကောင်း၊ တော်လျော်သော မစခြင်းကျေးဇူးတော်ကိုလည်း ကောင်း ခံရမည်အကြောင်း ရဲရင့်သောစိတ်နှင့်ကျေးဇူးတော်ပလ္လင်သို့တိုး ဝင်ချဉ်းကပ်ကြကုန်အံ့။" (ဟေဗြဲ ၄း၁၄-၁၆)။

-o-

# အခန်း(၁၇)
# ယေရှုထံသို့ညဉ့်မှာရောက်လာသောနိကောဒင်

(ယောဟန် ၃း၁-၁၇ ကိုအခြေပြုသည်။)

နိကောဒင်သည် ယုဒပြည်မှာ ရာထူးကြီးကြီးရှိသူ ပညာတတ်တစ်ယောက်ဖြစ်၏။ သာမန်စွမ်းအားထက်ကြီးမားသော ဂုဏ်အသရေကိုပိုင်ဆိုင်သည့် အမျိုးသားကောင်းစီဝင် လူကြီးတစ်ဦးလည်း ဖြစ်ပါသည်။ သူသည် အခြားသူတို့ကဲ့သို့ပင် ယေရှုသခင်၏ သွန်သင်ချက်များကိုမြတ်နိုးမိသည်။

နိကောဒင်သည် ချမ်းသာကြွယ်ဝသူ ဂုဏ်အသရေရှိလူကြီးတစ်ဦးဖြစ်သော်လည်း နာဇရက်မြို့သား ယေရှုကို ထူးထူးဆန်းဆန်းစွဲလန်းနေခဲ့မိပါသည်။ ကိုယ်တော်၏ နှုတ်တော်ထွက် စကားတို့ကိုလည်းသင်ခန်းစာယူ၍ အံ့ဖွယ်ကောင်းသော အမှန်တရားတို့ကို ပိုမို၍လေ့လာရန်ဆန္ဒပြင်းပြခဲ့ပါသည်။

ဗိမာန်တော်ကို သန့်ရှင်းစင်ကြယ်စေခဲ့ရာတွင် ယေရှုသခင်အသုံးပြုခဲ့သောအခွင့်အာဏာသည် ယဇ်ပုရောဟိတ်များနှင့် ယုဒလူခေါင်းဆောင်တို့အား မုန်းတီးမှုကိုနှိုးဆွစေပါသည်။ မလောက်လေးမလောက်စားမထင်ရှားသည့် ဂါလိလဲပြည်သားတစ်ယောက်က ထိုကဲ့သို့သော ရဲတင်းမှုမျိုးပြသခဲ့သည်ကို သူတို့သည် မခံရနိုင်ဖြစ်ခဲ့ရကား သခင်ယေရှု၏အမှုတော်ကို အဆုံးသတ်ရန် အာရုံပြုခဲ့ကြပါသည်။

ဤသည်ကိုခေါင်းဆောင်အများစုကထောက်ခံသဘောတူကြသလိုမတူသူတချို့လည်းရှိပါသည်။ထိုသူတို့သည်သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ထင်ရှားပေါ်လွင်စွာပြုမူလုပ်ကိုင်နေသောထိုယေရှုအားမဆန့်ကျင်ဝံ့ကြချေ။ယုဒလူတို့သည်တိုင်းတစ်ပါးမှာသွားရောက်၍ကျွန်ခံရခြင်းသည် ဘုရားသခင်၏

ဆုံးမပဲ့ပြင်မှုများကို ဖန်ခါတလဲလဲ ငြင်းဆန်မှုတို့အတွက် အကျိုးဆက် ဖြစ်ကြောင်း သူတို့သိနားလည်ကြပါသည်။ ယေရှုသခင်ကို သုတ်သင်မည် ဆိုက ရှေးဘိုးဘေးတို့၏ ခြေရာကို လိုက်လျှောက်နေပြီလောဟူ၍ စိုးရိမ် ကြောက်ရွံ့မကင်း ဖြစ်နေကြပါသည်။

ထိုခံစားချက်မျိုးနိကောဒင်၌ရှိ၏။ သူသည် ယေရှုအပေါ် လုပ်ကြံ မည့်နည်းလမ်းများကို ချင့်ချိန်စဉ်းစားသုံးသပ်ကာ သတိထားလုပ်ဆောင်ရန် နှင့် အေးအေးဆေးဆေးဆောင်ရွက်ကြရန် ဆန်ဟီဒရင်ကောင်စီမှာ အကြံပြုခဲ့ပါသည်။ ယေရှုသည် ဘုရားသခင်ထံတော်ပါးမှ လာသူဖြစ်ပါက သူ၏ သတိပေးချက်ကို ငြင်းပယ်ခြင်းသည် အန္တရာယ်ရှိကြောင်း တိုက်တွန်း ခဲ့သောကြောင့် ကျန်ယဇ်ပုရောဟိတ်တို့သည် ဂရုမပြုဘဲမနေဝံ့ကြချေ။

နိကောဒင်သည် ယေရှုအကြောင်းကို ကြားသိခဲ့ချိန်မှစ၍ မေရှိ ယနှင့်ပတ်သက်သော ပုရောဖက်ဟောကြားချက်များကို စေ့စေ့လေ့လာခဲ့ ပါသည်။

ထိုသို့လေ့လာလေလေ ယေရှုသခင်သည် ပေါ်ထွန်းတော်မူမည့် မေရှိယဖြစ်ကြောင်း ထင်ရှားလေလေဖြစ်ပါသည်။ သူသည် ယေရှုသခင်၏ ဗိမာန်တော်မှာဖြစ်သော သန့်ရှင်းသည့် ဒေါသလုပ်ရပ်များကို အခြား ဣသရေလတို့နှင့် အတူတွေ့မြင်ရသဖြင့် စိတ်မကောင်းဖြစ်ခဲ့ရသည်။ ယေရှုသည် တိရစ္ဆာန်ရောင်းဝယ်သူ၊ ငွေကြေးလဲလှယ်သူတို့အား ဗိမာန် တော်မှ မောင်းထုတ်ပုံ၊ ဘုရားသခင်တန်ခိုးတော်၏ အံ့ဩဖွယ်ထင်ရှား မှုများ၊ ကယ်တင်ပိုင်သူ ယေရှုသခင်သည် ဆင်းရဲသားများနှင့် နာမကျန်း သူတို့အား လက်ခံပြုစုကုသပေးပုံ၊ ကယ်တင်ခြင်းခံရသူတို့၏ ဝမ်းသာမှု အကြည့်များနှင့် ကျေးဇူးတော်ကို ချီးမွမ်းထောမနာပြုသံများကို တွေ့မြင် ကြားနာခဲ့ရသည်ဖြစ်ရကား ယေရှုသခင်သည် ထာဝရဘုရားသခင်စေ လွှတ်တော်မူသော ပုဂ္ဂိုလ်တစ်ပါးဖြစ်ကြောင်းကို နိကောဒင်သည်သံသယ မရှိနိုင်ပါတော့ချေ။

သူသည် ယေရှုသခင်နှင့် တွေ့ဆုံမေးမြန်းလိုစိတ်ကြီးသော်လည်း ပြောင်ကျကျ လူသိရှင်ကြားသွားရောက်တွေ့ဆုံရန်ကိုမူ တွန့်ဆုတ်နေပါသည်။ အညတရ ဆရာလေးတစ်ဦးကို သူသည် အသိအမှတ်ပြုခင်မင်ရင်းနှီးနေမည်ဆိုက ယုဒခေါင်းဆောင်တစ်ယောက်အတွက် အလွန်ဂုဏ်ငယ်စရာဖြစ်ပေလိမ့်မည်။

သူ၏သွားရောက်တွေ့ဆုံမှုကို ဆန်ဟီးဒရင် အဖွဲ့ဝင်များကြားသိမည်ဆိုပါကလည်း သူ့အား အတိအလင်းစွပ်စွဲ ကြိမ်းမောင်းစရာဖြစ်ပေလိမ့်မည်။

ထိုသို့မဟုတ်လျှင်လည်း သူ့ကိုအတုယူကာ လိုက်လုပ်သူများရှိနိုင်ကြောင်း ထင်မှတ်သဖြင့် နိကောဒင်သည် ညအချိန်မှာ သခင်ယေရှုအား သွားရောက်တွေ့ဆုံမေးမြန်းရန် သန္နိဋ္ဌာန်ချခဲ့ပါသည်။ သူသည် ယေရှုရှိမည့်နေရာကို အသေအချာလေ့လာစုံစမ်းပြီးမှ တစ်မြို့လုံးအိပ်မောကျကာ ငြိမ်သက်နေချိန်မှာ ယေရှုသခင်ထံတော်သို့ သွားရောက်ခဲ့ပါသည်။

နိကောဒင်သည် ယေရှုသခင်ရှေ့တော်မှောက်မှာ ထိတ်လန့်ကာနေ၏။ သို့သော် ထိုထိတ်လန့်မှုကို တည်ငြိမ်သော အသံနှင့်ဖုံးကွယ်ရန် ကြိုးစားလျက် “အရှင်ဘုရားသခင်၊ ကိုယ်တော်သည် ပြတော်မူသောနိမိတ်ကို ကျွန်ုပ်တို့သည်ထောက်၍ ကိုယ်တော်သည် ဘုရားသခင်ထံတော်မှကြွလာတော်မူသော ဆရာဖြစ်ကြောင်းကိုသိကြပါ၏” ဟု နိကောဒင်လျှောက်ဆို၏။ သူ၏ဆိုစကားသည် ယေရှုသခင်နှင့်ပွင့်ပွင့်လင်းလင်း ယုံကြည်စိတ်ချစွာတွေ့ဆုံစကားပြောရန်၊ လမ်းခင်းပေးရန် မျှော်လင့်ခဲ့ပါသည်။

သို့ပါသော်လည်း အမှန်အားဖြင့် သူ၏ မယုံကြည်ခြင်းကိုဖော်ပြနေပါသည်။ နိကောဒင်သည် ယေရှုသခင်အား မေရှိယအနေဖြင့်အသိအမှတ်မပြုဘဲ ဘုရားသခင်စေလွှတ်တော်မူသော ဆရာတစ်ပါးအနေဖြင့်သာအသိအမှတ်ပြုခဲ့ပါသည်။

ယေရှုသည် နိကောဒင်၏ အတွင်းစိတ်ကို ဖတ်နေသကဲ့သို့သူ့အားအာရုံစိုက်ကြည့်တော်မူရာတွင် နိကောဒင်သည် အမှန်တရားကိုရှာဖွေနေသူတစ်ဦးဖြစ်ကြောင်း အနှိုင်းမဲ့ဉာဏ်တော်အားဖြင့် မြင်တွေ့တော်မူခဲ့ပါသည်။ နိကောဒင်လာရင်းကိစ္စကို ကိုယ်တော်သိတော်မူခဲ့ပါသည်။ သို့ဖြစ်၍လည်း "ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရ" ဟု ကြင်နာစွာဖြင့် လိုရင်းအချက်ကို တိုက်ရိုက်မိန့်တော်မူပါသည်။ (ယောဟန် ၃း၃)။

နိကောဒင်သည် ယေရှုသခင်နှင့်ဆွေးနွေးရန် ရည်ရွယ်၍လာခဲ့သော်လည်း ကိုယ်တော်သည် သူ့အားအမှန်တရား၏ အခြေခံစည်းမျဉ်းများကို ဖေါ်ပြခဲ့ပါသည်။ ကိုယ်တော်၏ စကားမှာ "သင်သည် နှိုက်နှိုက်ချွတ်ချွတ် သိလိုသောစိတ်အား ကျေနပ်မှုရစေရန် မလိုအပ်ပါ။ သင်လိုအပ်သည်က အသစ်သော စိတ်နှလုံးသာလျှင်ဖြစ်၏။ သင်သည် ကောင်းကင်အရာများကို မြတ်နိုးခုံမင်စိတ်မရှိမီ အထက်မှ ပေးသနားတော်မူသောဘဝသစ်ကို လက်ခံရယူသင့်ပါ၏။ ဤအမြင်သစ်ကို သင်သည် မရပိုင်မခြင်း၊ ငါနှင့်လာရောက်ဆွေးနွေးခြင်းသည် သင့်အတွက် ကယ်တင်ခြင်းကောင်းကျိုးဖြစ်လိမ့်မည်မဟုတ်" ဟု ဆိုလိုပါသည်။

နောင်တတရားနှင့်ပတ်သက်၍ နိကောဒင်သည် နှစ်ခြင်းဆရာယောဟန်၏ တရားတော်ကို ကြားနာခဲ့ပြီးပါပြီ။ သို့တိုင်အောင်လည်း သူ၏ စိတ်နှလုံးအား ကျိုးလွန်စေခဲ့သောပြစ်ချက်များကို ထင်ရှားစွာသိမြင်လာရန် အတွင်းစိတ်ကို ထိုးဖေါက်သိမြင်စေသော နှစ်ခြင်းဆရာ၏ သတင်းစကားက သူ့အား ပြောင်းလဲပေးရန် မစွမ်းဆောင်နိုင်ခဲ့ချေ။

သူသည်စိတ်အားကြီးသောဖာရိရှဲတစ်ယောက်ဖြစ်၍ မိမိ၏အကျင့်ကောင်းများအတွက် ဂုဏ်ယူဝင့်ကြွားတတ်သူတစ်ဦးဖြစ်ပါသည်။ ၄င်းအပြင်ထိုကောင်းမှုကုသိုလ်များအတွက် ဘုရားသခင်ရှေ့မှာ မျက်နှာရမည်ဟု

သူသည် ထင်မြင်ယူဆခဲ့၏။ လက်ရှိအခြေအနေမျိုးမှာ သန့်ရှင်းမွန်မြတ်လှသော နိုင်ငံတော်၏ သွန်သင်မြော်မြင်မှုကို ကြားနာသိရှိရသောကြောင့်လည်း ထိတ်လန့်သွားခဲ့ရပါသည်။

ခရစ်တော်ယေရှုပြောသော အသစ်တစ်ဖန် မွေးဖွားခြင်းနှင့်ပတ်သက်သည့် ရုပ်လုံးစုံကို နိကောဒင်သည် လုံးလုံး မကြားသိခဲ့ပြီတော့မဟုတ်ပါ။ နတ်ဘုရားကိုးကွယ်မှုမှ ဖန်ဆင်းရှင်ဘုရားသခင်ကို စတင်ယုံကြည်လာသောအခါ ထိုဖြစ်ရပ်မှန်ကို မွေးခါစကလေးငယ်ဟု ခိုင်းနှိုင်းပြောဆိုလေ့ရှိပါသည်။ သို့သော်လည်း သူသည် အစ္စရေးလူမျိုးဖြစ်သောကြောင့် ဤသို့သောပြောင်းလဲမှုမျိုး သူ၌မလိုအပ်ဟု ခံစားမိခဲ့၏။ သို့ဖြစ်၍ သူသည် ကယ်တင်ပိုင်သူ၏ ဆိုစကားများကြောင့် အံ့အားသင့်ခြင်း၊ ဂနာမငြိမ်ခြင်းဖြစ်ခဲ့ရပါသည်။ နိကောဒင်၏ စိတ်နှလုံးထဲမှာ ဖာရိရှဲတစ်ဦး၏ မာန်မာနနှင့်အမှန်တရားကို ရိုးသားစွာရှာဖွေလိုသောဆန္ဒမွန်တို့သည် ရုန်းကန်တိုက်ခိုက်နေကြပါလေပြီ။

သူသည် သတိလက်လွတ်ဖြစ်ကာ အံ့အားသင့်လျက် ငေါ၍ ခရစ်တော်ယေရှုအား ပြန်လည်ဖြေလိုက်သည်ကား “အသက်ကြီးသောသူသည် မွေးဖွားခြင်းကို အဘယ်သို့ခံနိုင်ပါမည်နည်း။ အခြားအစ္စရေးများနည်းတူ နိကောဒင်၏ စိတ်နှလုံးတွင်း၌ ဝိညာဉ်ပကတိသဘောကို တုံ့ပြန်နိုင်မည့်အရာဟူ၍ တစ်စုံတစ်ခုမျှ မရှိခဲ့ပြီကော။ အကြောင်းသော်ကား ဝိညာဉ်ပကတိအရာများကို ဝိညာဉ်တော်အားဖြင့်သာလျှင် သိမြင်နိုင်သောကြောင့်ပေတည်း။

ထိုအခါ ကယ်တင်ပိုင်သူ ယေရှုသခင်သည် ဣန္ဒြေသိက္ခာကြီးစွာဖြင့် လက်တော်ကိုမြှောက်လျက် “ရေနှင့် ဝိညာဉ်တော်မမွေးသောသူမည်သည်ကား ဘုရားသခင်၏ နိုင်ငံတော်သို့မဝင်ရ” ဟု ခိုင်လုံလေးနက်သောအာမခံချက်ဖြင့် အမှန်တရားကို ထိထိမိမိ ဟောပြောသွန်သင်တော်မူ

ခဲ့ပေသည်။ ဤတွင် ယေရှုသခင်က ရေနှစ်ခြင်းခံခြင်းနှင့် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် စိတ်နှလုံးအသစ်ပြောင်းလဲခြင်းကို ရည်ဆောင်ပြောဆိုကြောင်း နိကောဒင် သိပါသည်။ နှစ်ခြင်းဆရာယောဟန်ကြိုတင်ဟောကြားခဲ့သော ထူးခြားလူသားတစ်ဦး၏ ရှေ့တော်မှောက်မှာ သူရောက်နေကြောင်းကိုလည်း သဘောပေါက်မိခဲ့ပါသည်။

## အသစ်တစ်ဖန်မွေးဖွားခြင်း၏ နက်နဲမှုကို ရှင်းပြခြင်း

ယေရှုသခင်က “ဇာတိပကတိမွေးသောအရာသည် ဇာတိပကတိဖြစ်၏။ ဝိညာဉ်ပကတိမွေးသောအရာသည် ဝိညာဉ်ပကတိဖြစ်၏” ဟု ဆက်လက် မိန့်တော်မူခဲ့ပါသည်။ သဘာဝအားဖြင့် လူ့စိတ်နှလုံးသည် ဒုစရိုက်ဖြင့်ပြည့်ဝနေသည်မဟုတ်ပါလား။ ယောဘ ၁၄း၄ ကိုဖတ်ကြည့်ပါ။

မည်သည့် လူသားတစ်ဦး၏ တီထွင်ဖန်တီးမှုသည် အပြစ်ပြုတတ်သောအသက်ဝိညာဉ်အတွက် ဆေးတစ်ခွက်ကို မပေးစွမ်းနိုင်ပါချေ။ “ဇာတိစိတ်သဘောသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်၏။” “မကောင်းသောကြံစည်ခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ မိန်းမလွတ်နှင့်မှားယွင်းခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ မမှန်သောသက်သေကိုခံခြင်း၊ သူ့အသရေကို ဖျက်ခြင်းအရာတို့သည် စိတ်နှလုံးထဲက ထွက်လာ၏။” ရောမ ၈း၇။ မဿဲ ၁၅း၁၉။ စိတ်နှလုံး စမ်းရေတွင်းမှ ထွက်စီးလာသောချောင်းရေသည် စင်ကြယ်စေဖို့ရန် စိတ်နှလုံးအခြေအမြစ်ကို ဦးစွာ သန့်စင်စေရမည် မဟုတ်လော။ ကောင်းကင် နိုင်ငံတော်သို့ ဝင်စားရန်အကျင့်အားဖြင့် ပညတ်တော်ကို စောင့်ရှောက်နေသူများသည် မဖြစ်နိုင်သောအရာတစ်ခုကို ကြိုးစား၍ ပြုနေကြပါပြီကော။ ခရစ်ယာန်အသက်တာသည် ဟောင်းနွမ်းသော အသက်တာကို ကောင်းမွန်အောင်ပြန်လည်သစ်ဆန်း ပြုစုမွမ်းမံပြင်ဆင်ခြင်းမျိုးမဟုတ်ပါ။ လူ့သဘာဝဒုစရိုက်တစ်ခုလုံး

မှာလုံးဝပြောင်းလဲခြင်းမျိုး၊ ကိုယ့်အကျိုးရှာခြင်းနှင့် အပြစ်လုပ်လိုစိတ်မှ သေ၍ ဘဝသစ်သို့ လုံးလုံးလျားလျား ပြောင်းလဲသက်ရှင်ရန်ဖြစ်ပါသည်။ ဤပြောင်းလဲမှုမျိုးကို သန့်ရှင်းသော ဝိညာဉ်တော်၏ ထိရောက်သောလုပ်ဆောင်မှုအားဖြင့်သာ ပြီးမြောက်စေနိုင်ပါသည်။

နိကောဒင်သည် နားမလည်၊ ရှုပ်ထွေးနေသေး၏။ ထို့ကြောင့် ယေရှုသည် ပုံပမာနှင့်မိမိဆိုစကား၏ အနက်အဓိပ္ပါယ်ကိုရှင်းပြရန် "လေ" ကိုစံထားခဲ့ရပေသည်။

"လေသည် အလိုရှိသည်အတိုင်းသွားလာ၍ လေ၏အသံကို သင်သည်ကြားရသော်လည်း အဘယ်အရပ်ကဖြစ်သည်၊ အဘယ်အရပ်သို့သွားသည်ကို မသိနိုင်။ ထိုနည်းတူ ဝိညာဉ်တော်မွေးသောသူဖြစ်သည်" ဟု ယေရှုဆိုပါသည်။

လေတိုက်သောကြောင့် သစ်ကိုင်း၊ သစ်ရွက်များ အသံမြည်သည်ကိုကြားနိုင်ပါသည်။ သို့သော် ထိုလေကို မတွေ့မြင်နိုင်ပါတကား။ ထို့အတူ စိတ်နှလုံးကို ပြုပြင်နိုင်သော သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည်ဖြစ်၏။ လူတစ်ဦးသည် မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်ကဲ့သို့ အဆင့်ဆင့်ပြောင်းလဲလာကြောင်းကို ရှင်းလင်းပြောပြရန် မဖြစ်နိုင်ပါသော်လည်း ထိုကဲ့သို့ရှင်းမပြနိုင်ခြင်းသည် ထိုသူအား ပြောင်းလဲခြင်းမရှိသေးဟု အနက်မရောက်ချေ။ မမြင်နိုင်သည့် လေကဲ့သို့သော အင်အားစုတစ်ခုဖြင့် ခရစ်တော်သခင်သည် လူ့စိတ်နှလုံးကို အမြဲပင် ပြုပြင် လုပ်ဆောင်နေပါသည်။

သို့ဖြစ်၍တဖြည်းဖြည်းနှင့် မသိမသာ ခရစ်တော်သခင်ထံတော်ပါးသို့ ထိုသူသည် ရောက်လာတတ်ပေသည်။ ဤသို့ဖြစ်ရန်မှာ သူသည် သမ္မာကျမ်းစာကိုဖတ်ရှုခြင်း၊နိုးကြားမှုရှိသောဓမ္မဆရာထံမှ နှုတ်ထွက်စကားတော်ကိုကြားနာခံယူခြင်းအမှုကိုပြုရပါမည်။သန့်ရှင်းသောဝိညာဉ်တော်သည် စိတ်နှလုံးကို ညွတ်ပျောင်းစေသောတန်ခိုးဖြင့် ရုတ်တရက်သက်ရောက်

လာသောအခါမှာ အသက်ဝိညာဉ်သည် မိမိကိုယ်ကို ယေရှုသခင်၏ လက်တော်၌ ဝမ်းသာအားရစွာ အပ်နှံပါသည်။ ဤကဲ့သို့သောဖြစ်ရပ်မျိုးကို ရုပ်တရက်ပြောင်းလဲခြင်းဟု လူအများက ခေါ်ဆိုကြပါသည်။ သို့ပါသော်လည်း ထိုဖြစ်ရပ်မှန်သည် သန့်ရှင်းသောဝိညာဉ်တော်၏ အချိန်ကြာမြင့်စွာ စိတ်ရှည်သည်းခံမှုဖြင့် ကြိုးစားလုပ်ဆောင်ခြင်း၏ အကျိုးဆက်ပင်ဖြစ်ပါသည်။

လေသည် တွေ့မြင်ခံစားနိုင်သော အကျိုးသက်ရောက်မှုကိုဖြစ်ပေါ်စေသည်မဟုတ်လော။ ထိုကဲ့သို့ပင် သန့်ရှင်းသောဝိညာဉ်တော်၏ ပြုပြင်ခြင်းကို ခံရသောအသက်ဝိညာဉ်သည် ကယ်တင်ခြင်း၏ တန်ခိုးကိုခံစားသိမြင်ရသည်နှင့်အမျှ ပတ်ဝန်းကျင်ကို ပြန်လည်တင်ပြဖေါ်ကျူးမည်ဖြစ်ပါသည်။

ဘုရားသခင်၏ ဝိညာဉ်တော်သည် လူ့အသက်တာကို ပြောင်းလဲစေ၏။ ညစ်ညမ်းသောဒုစရိုက်တွေးခေါ်မှုများ ပပျောက်သွား၍ မကောင်းဆိုးဝါးစိတ်ဓါတ်များနှင့် လုပ်ရပ်တို့ကိုလည်း ကျော်ခိုင်း၏။ စိတ်ဆိုးခြင်း၊ မနာလိုဝန်တိုခြင်းနှင့် ခိုက်ရန်ဖြစ်ပွားလိုစိတ်နေရာမှာချစ်ခြင်း၊ နှိမ့်ချခြင်း၊ ငြိမ်သက်ခြင်းတို့သည် အစားထိုးဝင်ရောက်လာသည်။

ပူဆွေးဝမ်းနည်းမှုနေရာမှာ ဝမ်းမြောက်ရွှင်လန်းမှုရှိလာသည်။ လူသည် ယုံကြည်ခြင်းအားဖြင့် မိမိအသက်တာကို ဘုရားသခင်ထံအပ်နှံလိုက်သောအခါ လူ့မျက်စိဖြင့် မမြင်နိုင်သော တန်ခိုးအင်အားစုသည် ထိုသူကို ဘုရားသခင်၏ ပုံသဏ္ဍာန်တော်၌ အသစ်သော သတ္တဝါတစ်ခုအဖြစ် ဖန်ဆင်းလိုက်ပါသည်။ ကယ်တင်ရွေးနုတ်ခြင်း၏ မူလအစသည် ကိုယ်ပိုင်အတွေ့အကြုံ ဖြစ်ကြောင်းကို ဤနေရာမှာ ကျွန်ုပ်တို့သိမှတ်နိုင်ပါသည်။ ၎င်း၏ အကျိုးသက်ရောက်မှုတို့သည်လည်း ထာဝရကာလပတ်လုံးတည်မြဲနေမည်ဖြစ်ပါသည်။

# နိကောဒင်သည်အလင်းကို စမြင်ခြင်း

ယေရှုသခင်သွန်သင်နေစဉ် အမှန်တရား အလင်းတန်းသည် နိကောဒင်၏စိတ်နှလုံးတွင်းသို့ ထိုးဖေါက်ဝင်ရောက်ခဲ့ပါသည်။ သို့တိုင် အောင်လည်း ကယ်တင်ပိုင်သူ၏ ဆိုစကားတို့ကို သူသည်ပြည့် ပြည့်ဝဝ နားမလည်နိုင်ခဲ့ပါချေ။ အသက်ကြီးသောသူသည် မွေးခြင်းကို အဘယ် သို့ခံယူနိုင်မည်နည်းဟူ၍သာ အံ့သြခြင်းများစွာနှင့်မှတ်ချက်ချ ခဲ့မိပါသည်။

ဤတွင် ယေရှုက "သင်သည် ဣသရေလလူတို့တွင် ဓမ္မဆရာ ဖြစ်လျက်ပင် ဤအမှုအရာကိုမသိသလော" ဟုမေးခဲ့ပါ၏။ အမှန်အားဖြင့် စာချဆရာတော်တစ်ပါးအနေဖြင့် ဤမျှလောက် အရေးကြီးသော အမှန် တရားကို နိကောဒင်သည် နားလည်သင့်ပါ၏။ သူသည် ယေရှုသခင် ၏ဆိုစကားကို မသိနားမလည်သော် ဝန်ခံဖို့ရန်သာဖြစ်သည်မဟုတ်လော။ မိမိကိုယ်ကို နှိမ့်ချသင့်ပြီမဟုတ်လော။ သို့သော်လည်း ခရစ်တော်ယေရှု၏ ဆိုစကားသည် သမာဓိသိက္ခာနှင့်ပြည့်စုံသည်သာမက ထိုသခင်၏ အကြည့်နှင့် လေသံတို့က ကြီးမားသောချစ်ခြင်း (မေတ္တာ) ကိုဖေါ်ပြနေသည်ဖြစ်ရကား နိကောဒင်သည် စိတ်နာကြည်းမှုမရှိခဲ့ပေ။

သို့သော်လည်း မိမိလုပ်ဆောင်သောအမှုသည် တစ်ခဏတည်း သာတည်မြဲသောလောကနိုင်ငံတော်သစ်တစ်ခုမဟုတ်ဘဲ ဝိညာဉ်ရေးဆိုင် ရာနောင်လာမည့် နိုင်ငံတော်ဖြစ်ကြောင်း ယေရှုသခင်က ပြောဆိုလာသော အခါ နိကောဒင်မှာ စိတ်ဆင်းရဲခဲ့ရရှာလေသည်။ တာကိုမြင်သော ယေရှုက "မြေကြီးအရာကိုငါပြော၍ သင်တို့မယုံလျှင် ကောင်းကင်အရာကိုငါပြော သောအခါ အဘယ်သို့ ယုံကြည်လိမ့်မည်နည်း" ဟု ထပ်လောင်း၍ မိန့်တော်မူခဲ့ပြါသည်။ ခရစ်တော်သခင်၏ လောကအမှုတော်ကို သူသည် နားမလည်နိုင်ပါသော်လည်း ကောင်းကင်နိုင်ငံတော်မှာ လုပ်ဆောင်သည့် အမှုတော်ကို အဘယ်မှာလျှင် နားလည်နိုင်အံ့နည်း။

ခရစ်တော်ယေရှုဗိမာန်တော်မှ မောင်းထုတ်လိုက်သော ယုဒလူတို့သည် အပြင်ပန်းသန့်ရှင်းမှုမှာ စိတ်အားကြီးကြပါသော်လည်း စိတ်နှလုံးသန့်ရှင်းမှုအတွက် လုပ်ဆောင်ရန်ကား ဂရုမစိုက်ဥပေက္ခာပြုခဲ့ကြပေသည်။

ထိုသူတို့သည် ပညတ်တော်မှာရေးသားထားသော ကျင့်ဝတ်တို့ကို တိကျသေချာစွာ လိုက်နာတတ်ကြပါသော်လည်း စိတ်ထဲတွင်ကား မနာလိုဝန်တိုမှု၊ စိတ်နှလုံးညစ်ညမ်းမှုများရှိကြလေရကား ပညတ်တော်ကို အမြိချိုးဖေါက်လျက်ရှိကြပေသည်။ ထိုသူတို့အတွက် လိုအပ်ချက်မှာ နိကောဒင်အား၊ (ပြောင်းလဲခြင်း) ပင်ဖြစ်ပါသည်။ ထိုပြောင်းလဲခြင်းသည် အသစ်မွေးဖွားခြင်း၊ အပြစ်ဆေးကြောခြင်းနှင့် သန့်ရှင်းခြင်းမှာ ပြန်လည်ဆန်းသစ်ခြင်းတို့ဖြစ်ပါသည်။

အသစ်တစ်ဖန်မွေးဖွားခြင်းနှင့် ပတ်သက်၍ အစ္စရေးလူတို့မသိမမြင်မှုများအတွက် ဆင်ခြေပေးစရာမရှိပေ။ ရှင်ဘုရင်ဒါဝိဒ်က "အို၊ ဘုရားသခင်၊ အကျွန်ုပ်အထဲ၌ စင်ကြယ်သောနှလုံးကို ဖန်ဆင်းတော်မူပါ။

မြဲမြံတည်ကြည်သောသဘောကို အသစ်ပြုပြင်တော်မူပါ" ဟူ၍လည်းကောင်း ပုရောဖက်ယေဇကျေလက မိမိမြင်တွေ့ကြားသိရသောကတိတော်မြွတ်ဖြစ်သည့် "စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကိုသွင်းထားမည်။ သင်တို့ ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကိုနုတ်၍ အသားနှလုံးကို ငါပေးမည်။ ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့ သွင်းပေးသဖြင့် သင်တို့သည် ငါ၏ တရားလမ်းသို့လိုက်၍ ငါစီရင်တော်မူချက်တို့ကို စောင့်ရှောက်ကြလိမ့်မည်" ဟူ၍ လည်းကောင်း မြွက်ဆိုခဲ့ပါသည်။
ဆာလံ ၅၁း၁၀။ ယေဇကျေလ ၃၆း၂၆-၂၇။

နိကောဒင်သည် ယခုတွင် ဤကျမ်းချက်များ၏ အနက်အဓိပ္ပါယ်ကိုသိနားလည်လာပါပြီ။ ပညတ်တော်မှာ ပါဝင်သည့်စာသားများအတိုင်း

အပြင်ပန်းအသက်တာအတွက်သာ တင်းတင်းကျပ်ကျပ် လိုက်နာစောင့် ရှောက်ခြင်းဖြင့် ကောင်းကင်နိုင်ငံတော်သို့ မရောက်ရှိနိုင်ကြောင်းကိုသူ တွေ့မြင်လာပါပြီ။

ယေရှုသခင်ထံတော်ပါးသို့ သူနီးကပ်လာ၏။ ထိုသခင်ပြောသော အသစ်တစ်ဖန်မွေးဖွားခြင်းကို သူသည် စိတ်ထဲမှာ တောင့်တလျက်နေ သည်။ မည်သည့်နည်းဖြင့် ထိုပြောင်းလဲခြင်းကို ရရှိနိုင်ပါသနည်း။ ထို မေးခွန်းကို ယေရှုသခင်က ဖြေပေးခဲ့ပါသည်။ "မောရှေသည် တော၌မြွေကို မြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကို ခံရမည်။ အကြောင်းမူကား၊ ထိုသားတော်ကို ယုံကြည်သောသူအပေါင်း တို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရမည်အကြောင်းတည်း" (ယောဟန် ၃း၁၄-၁၅)။

မြှောက်ထားခြင်းကိုခံရသော မြွေ၏ အထိမ်းအမှတ်သည် ကယ် တင်ပိုင်သူယေရှုခရစ်တော်၏ အမှုတော်မြတ်ကို ရည်ဆောင်ကြောင်း နိကောဒင်သိနားလည်လာပါပြီ။ ဣသရေလလူတို့သည် မီးမြွေကိုက်၍ သေလုမြောပါးဖြစ်နေချိန်မှာ ဘုရားသခင်သည် မောရှေအား ကြေးဝါ မြွေရုပ်တစ်ခုကို ပြုလုပ်စေ၍ အများမြင်သာသောနေရာမှာထောင်ထားရန် ညွှန်ကြားခဲ့ပါသည်။ ထိုမြွေရုပ်ကို ခရစ်တော်ယေရှုနှင့် ပုံဆောင်ထား ပါသည်။ ထိုမြွေရုပ်ကို ခရစ်တော်ယေရှုနှင့်ပုံဆောင် ထားပါသည်။ သေစေ တတ်သော မြွေ၏ ပုံသဏ္ဌာန်အတိုင်း ကြေးသွန်းထားသော မြွေရုပ်ကို အနာပျောက်ကင်းစေဖို့ရန် မြှောက်တင်သကဲ့သို့ ထိုသူတို့၏ ကယ် တင်ပိုင်သူသည် အပြစ်နှင့်ပြည့်စုံသော ဇာတိပကတိ၏ ပုံသဏ္ဌာန်ကို ဆောင်တော်မူ၍ မြှောက်တင်ခြင်းကို ခံခဲ့ရပါသည်။

ထိုသို့ပြုမှ သခင်သည် ထိုသူတို့၏ ကယ်တင်ရွေးနုတ်ပိုင်သဖြစ် နိုင်မည်မဟုတ်ပါလား။(ရောမ၈း၃)။ ထာဝရဘုရားသခင်သည် ဣသရေလ

လူတို့အား ကယ်တင်ပိုင်သူထံပို့ဆောင်လိုဆောင်လိုတော်မူခဲ့ပါသည်။ အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိဖို့ (သို့မဟုတ်) အနာမှ သက်သာပျောက်ကင်းခြင်းရှိဖို့ ထိုသူတို့သည် မိမိတို့အစွမ်းနှင့်ဘာကိုမျှ မပြုလုပ်နိုင်ပေ။ ထာဝရဘုရားသခင်၏ ဆုလက်ဆောင်ဖြစ်သော ယေရှုသခင်ကို အကြွင်းမဲ့ ယုံကြည်စိတ်ချထားရန်သာ ဖြစ်ပါသည်။ ဤသို့လျှင် ထိုသူတို့သည် သခင်ကို ကြည့်ခြင်းဖြင့် အသက်ရှင်ခွင့်ရရှိရန်ဖြစ်လာသည်။

ထောင်သောင်းနှင့်ချီရှိနေသော ယနေ့လူသားတို့သည်မြှောက်ထားသောမြွေရုပ်အားဖြင့် နိကောဒင်သည် အမှန်တရားကို သိမြင်လာသကဲ့သို့ သိမြင်တတ်ဖို့ လိုအပ်နေပါပြီ။

"ထိုသခင်၏ နာမမှတစ်ပါး ငါတို့ကို ကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက်လူတို့တွင် မပေါ်မရှိ" (တမန်တော် ၄း၁၂)။

ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်၏ကျေးဇူးတော်မြတ်ကို ရရှိခံစားကြပါ၏။ သို့သော်လည်း ထိုယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ ကယ်တင်ပိုင်သူတော့မဟုတ်ပါ။

ယုံကြည်ခြင်းသက်သက်က ဘာကိုမျှမပြုပြင်ပေးနိုင်ပေ။ အပြစ်အတွက်ဆေးတစ်ခွက်သည် ခရစ်တော်သခင်ပင်ဖြစ်ပ။ ထိုသခင်ကိုစွဲကိုင်ထားရပါမည်။ ထာဝရဘုရားသခင်၏ ဝိညာဉ်တော် အကူအညီမပါဘဲနှင့်လည်း ကျွန်ုပ်တို့သည် နောင်တမရနိုင်ပါ။ ခရစ်တော်နှင့် ပတ်သက်၍ ကျမ်းစာတော်မြတ်က ဤသို့ပြောပါသည်။ "ဣသရေလလူတို့အားနောင်တတရားနှင့်အပြစ်လွှတ်ခြင်းအခွင့်ကို ပေးစေခြင်းငှာ ထိုသူတို့ကို အစိုးရသောအရှင်အရာ၌ လည်းကောင်း၊ ကယ်တင်သောသခင်အရာ၌လည်းကောင်း၊ ဘုရားသခင်ခန့်ထား၍ မိမိလက်ယာလက်တော်နှင့် ချီးမြှင့်တော်မူပြီ။"တမန် ၅း၃၁။ အပြစ်လွှတ်ခြင်းတရားသည် ခရစ်တော်သခင် အထံတော်မှလာသကဲ့သို့ နောင်တရခြင်းသည်လည်း ထိုသခင်မှလာပါသည်တကား။

ထိုသို့ဆိုလျှင် ကျွန်ုပ်တို့သည် မည်ကဲ့သို့လျှင် ကယ်တင်ခြင်းကို ရရှိကြမည်နည်း။ "ဤလောက၏ အပြစ်ကို ဆောင်သွားသောဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့" (ယောဟန် ၁း၂၉)။ လက်ဝါးကပ်တိုင်ပေါ်မှ ထွန်းတောက်သောအလင်းတော်သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဖော်ပြနေ၏။

သခင်၏ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့အား ဆွဲယူနေသည် မဟုတ်ပါလား။ ဤဆွဲငင်မှုကို ကျွန်ုပ်တို့သည် မဆီးတားပါက ကျွန်ုပ်တို့သည် အပြစ်တရားမှ နောင်တရကာ ကပ်တိုင်တော်မှာ အသေခံခဲ့သော သခင်၏ ခြေတော်ရင်းသို့ ပို့ဆောင်ခြင်းခံရမည်ဖြစ်ပါသည်။

ထိုအခါ ထာဝရဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ အသက်ဝိညာဉ်ကို ဘဝသစ်ဆီသို့ တက်လှမ်းရန် ယုံကြည်ခြင်းအားဖြင့် မစတော်မူပါလိမ့်မည်။ တွေးခေါ်မှုနှင့် ဆန္ဒအလိုတို့သည်လည်း ခရစ်တော်သခင်ကို နားထောင်ဖို့ပင်ဖြစ်လာပါမည်။ ကျွန်ုပ်တို့၏ နှလုံးသားအိမ်နှင့် စိတ်အာရုံတို့သည်လည်း သခင်၏ ပုံသဏ္ဌာန်တော်အတိုင်း အသစ်ပြုပြင်ခြင်းကိုခံရပါလိမ့်မည်။ ထိုအခါ ထာဝရဘုရားသခင်၏ ပညတ်တော်သည် ကျွန်ုပ်တို့အတွင်းနှလုံးသားနှင့် စိတ်အာရုံထဲမှာရေးထားပြီး ဖြစ်ပါလိမ့်မည်။ ခရစ်တော်သခင်နှင့်အတူ ကျွန်ုပ်တို့သည်လည်း "အကျွန်ုပ် ဘုရားသခင်၊ ကိုယ်တော်၏ အလိုကိုဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏" (ဆာလံ ၄၀း၈) ဟူ၍ မြွက်ဆိုနိုင်မည်ဖြစ်ပါသည်။

ယေရှုသခင်သည် နိကောဒင်နှင့် တွေ့ဆုံစကားပြောရာတွင်ကယ်တင်ခြင်းစီမံကိန်းနှင့်ပတ်သက်၍ ဖွင့်ဆိုခဲ့ပါ၏။ ကောင်းကင်နိုင်ငံတော်သို့ဝင်စားမည့်သူတို့သည် စိတ်နှလုံးထဲမှာ မလုပ်မဖြစ် အဆင့်ဆင့်လုပ်ကိုင်ပြီးစီးရမည့်အရာများကို သခင်ဘုရားသည် ပြည့်ပြည့်စုံစုံပင် နိကောဒင်အား မိန့်တော်မူခဲ့ပါသည်။ နောက်နောင်တွင် သခင်၏ဟောပြောချက်များတွင် ဤမျှလောက် မဖော်ပြတော့ပါ။ သခင်သည်

မိမိ၏ အမှုတော်ကို စလျှင်စချင်း အမှန်တရားကို လက်မခံချင်ဆုံးစိတ်သဘောရှိသူ လူထုက ရွေးချယ်ခန့်အပ်ထားခြင်းခံရသည့် ဆန်ဟီဒရင်အဖွဲ့ဝင်လူကြီး နိကောဒင်အား အမှန်တရားအလင်းကို ပေးခဲ့ပါပြီ။ သို့သော်လည်း ထိုသူသည် အလင်းတရားကိုလက်မခံပါ။ သူသည် ကြားနာခဲ့ရသောအမှန်တရားကို မိမိ၏စိတ်နှလုံးထဲမှာပင် ထိမ်ဝှက်ထားသဖြင့် သုံးနှစ်လုံးလုံး ဝိညာဉ်အသီးမသီးဘဲရှိခဲ့ရပေသည်။

သို့သော်လည်း ထိုနေ့ညဉ့် တိတ်ဆိတ်နေသော တောင်ပေါ်မှာပြောဆိုခဲ့သောစကားတို့မှာ အလဟသဖြစ်မသွားခဲ့ပါ။ နိကောဒင်သည် သခင်ယေရှုအား သုတ်သင်ပယ်ရှင်းမည့် ဆန်ဟီဒရင်အဖွဲ့မှ ယဇ်ပုရောဟိတ်များ၏ အကြံအစည်တို့ကို ထပ်ခါတလဲလဲ ပျက်ပြားစေခဲ့ပေသည်။

နောက်ဆုံးတွင် ထိုသခင်ကိုကပ်တိုင်ပေါ်တင်၍ မြှောက်ထားသောအခါမှာ နိကောဒင်သည် သခင်မိန့်တော်မူသည်များကို ပြန်လည်သတိရမိပါသည်။ "မောရှေသည် တော၌မြွေကိုမြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကိုခံရမည်။ အကြောင်းမူကား ထိုသားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရမည်အကြောင်းတည်း။" ထိုလျှို့ဝှက် တွေ့ဆုံစကားပြောပွဲမှ ရရှိခဲ့သော တရားအလင်းသည် ကရာနီကုန်းထက်မှ ကပ်တိုင်တော်၏ သက်သေအလင်းကြောင့် နိကောဒင်သည် ယေရှုသခင်၌ ဤကမ္ဘာလောကကြီး၏ ကယ်တင်ပိုင်သူကို တွေ့မြင်ခဲ့ရပါသည်။

သခင်ဘုရားသည် ကောင်းကင်ဘုံသို့ တက်ကြွသွားပြီးနောက် တပည့်တော်တို့ကိုလည်း နှိပ်စက်ညှင်းပန်းမှုများကြောင့် အရပ်ရပ်သို့ ကွဲလွင့်နေကြချိန်မှာ နိကောဒင်သည် အသင်းတော်သာသနာလှုပ်ရှားမှုများ၌ ရဲဝံ့စွာ ရှေ့တန်းတက်သူတစ်ဦးဖြစ်ခဲ့ပါသည်။ ခရစ်တော်သခင်၏ သေခြင်းနှင့်အတူ ပပျောက်သွားစေလိုသော အသင်းတော် နုနုငယ်ငယ်

လေးကိုလည်း နှိုက်နှိုက်ချွတ်ချွတ် မေးမြန်းတတ်သူ နိကောဒင်သည်ဆင်းရဲ ဒုက္ခကာလအတွင်း ယုံကြည်သူသားသမီးများစိတ်မပျက်စေဖို့ အားပေး ခြင်းအားဖြင့်လည်းကောင်း၊ ဧဝံဂေလိသာသနာလုပ်ငန်း တိုးချဲ့ လုပ်ဆောင် ရန် ငွေကြေးများထောက်ပံ့ခြင်းအားဖြင့်လည်းကောင်း ကျောက်ဆောင် တစ်ခုအလား မားမားမတ်မတ် ရပ်တည်ခဲ့ပါသည်။ ဧဝံဂေလိသာသနာ တော်ပြန့်ပွားရေးအတွက် သူသည် နောင်သောအခါမှာ လောကစည်းစိမ် ချမ်းသာခြင်းများချို့တဲ့သွားခဲ့ရသော်လည်း မိမိ၏ ယုံကြည်ခြင်း၌ မတိမ်း ယိမ်းသွားခဲ့ပါ။ ထိုညမှာ ခရစ်တော်ယေရှုနှင့်တွေ့ဆုံစဉ်က အစပျိုးခဲ့သော ယုံကြည်ခြင်းအတွက်လည်း သံသယမရှိ၊ ချီတုံချတုံ မဖြစ်တော့ပါချေ။

သူသည် သခင်ယေရှုနှင့် တွေ့ဆုံမေးမြန်းခန်းဖြစ်ရပ်မှန် အလုံးစုံ တို့ကို ယောဟန်အား ပြန်လည်ကြားပြောခဲ့လေရာ ယောဟန်၏ ကလောင်အားဖြင့် သန်းပေါင်းများစွာသောလူတို့သည် သခင်၏သွန်သင် ချက်များကို ကြားနာဖတ်ရှုရလေသည်မဟုတ်လော။ ယုဒလူမျိုးအကြီး အကဲတစ်ဦးဖြစ်သူ နိကောဒင်သည် ဂါလိလဲပြည်သားအညတရဆရာလေး တစ်ဦးထံမှာ မေးမြန်းသဖြင့် ရရှိခဲ့သော ဘဝသစ်လမ်းညွှန်အမှန်တရား သည် ထိုအချိန်မှာ အရေးကြီးခဲ့သကဲ့သို့ ယနေ့ လူသားတို့အဖို့မှာလည်း အရေးကြီးလှပေသည်မဟုတ်ပါလား။

-ဝ-

# အခန်း (၁၈)
# “ထိုသခင်သည် တိုးပွားခြင်းရှိရမည်”

(ယောဟန်ခရစ်ဝင် ၃း၂၂-၃၆ ကိုအခြေပြုထားသည်။)

အကယ်၍သာ နှစ်ခြင်းဆရာယောဟန်သည် မိမိကိုယ်ကိုမိမိ မေရှိယဟုကြေညာပြီး ရောမအာဏာပိုင်အား ပုန်ကန်ရန် လှုံ့ဆော်လိုက်မည်ဆိုလျှင် ယဇ်ပုရောဟိတ်များနှင့်တကွ ယုဒလူတို့သည် ထိုသူ၏အလံအောက်တွင် စုရုံးလာကြမည်ဖြစ်ပါသည်။ စာတန်သည် လောကနိုင်ငံများစွာကို အောင်နိုင်ရန် ရည်မှန်းချက်နှင့်အကောင်အထည်ဖော်ဆောင်သူတို့၏ တောင်းခံမှုများကို အမြဲအဆင်သင့်ရှိပါသည်။ ဤသဘောကို စာတန်သည် ယောဟန်၌လည်း ရှိစေလို၏။ သို့ပါသော်လည်း ယောဟန်သည် ထိုကြီးကျယ်စွာသော လာဘ်ယူမှုကို ငြင်းပယ်ခဲ့ပြီး မိမိအပေါ် အာရုံပြုလာမှုများကို ယေရှုခရစ်တော်ထံသို့ လွှဲပြောင်းပေးခဲ့လေသည်။

ယခုတွင် မိမိအပေါ် လူကြိုက်များခြင်းသည် ခရစ်တော်သခင်ထံသို့ရောက်ရှိသွားလေပါပြီ။ နေ့စဉ်နေ့တိုင်းသူ၏ တရားနာပရိသတ်တို့သည် နည်းပါးသွားပြီး ခရစ်တော်သခင်၌ ဝိုင်းအုံနေကြပါသည်။

ယောဟန်၏ တပည့်တို့သည် ယေရှုသခင်၏ ရေပန်းစားမှုကို မနာလို ဝန်တိုလာကြပြီကော။ ထိုသခင်၏ အမှုတော်ကို ဝေဖန်လာကြပါ၏။

အကြောင်းလည်းဖန်လာပြီဖြစ်ပါသည်။ ယောဟန်၏တပည့်များနှင့်ယုဒလူမျိုးတို့စပ်ကြား နှစ်ခြင်းခံခြင်းအားဖြင့် အပြစ်မှဆေးကြောခွင့်ရသည် မရသည်ဟူသော မွေးခွန်းပေါ် ထွက်လာပါသည်။ ထိုသူတို့က ခရစ်တော်၏ နှစ်ခြင်းမင်္ဂလာသည် ဆရာယောဟန်ပေးသော ရေနှစ်ခြင်းမင်္ဂလာနှင့်

အနှစ်သာရခြင်းကွဲပြားသည်ဟု သူတို့က အခိုင်အမာ ပြောဆိုကြပါသည်။ မကြာပါ။ ၎င်းတို့ ရေနှစ်ခြင်းမင်္ဂလာပွဲမှာ သုံးစွဲနေကြ သင့်လျော်သည့်စကား လုံးအသုံးအနှုန်းနှင့်ပတ်သက်၍ ဝိဝါဒကွဲပြားကာ အငြင်းအခုံဖြစ်လာ ကြပေသည်။

၎င်းနောက် ရေနှစ်ခြင်း မင်္ဂလာပေးပိုင်ခွင့်ကိုပင် သင့်မသင့်မေး ခွန်းထုတ်လာခဲ့ကြပေသည်။ ဤတွင် ဆရာယောဟန်၏ တပည့်တော်တို့ သည် ဝမ်းနည်းနာကြည်းစွာဖြင့် သူ့ထံသို့ရောက်ရှိလာကာ “အရှင်ဘုရား သခင်၊ ယော်ဒန်မြစ်တစ်ဖက်၌ ကိုယ်တော်နှင့်တကွရှိ၍ ကိုယ်တော်သက် သေပေးသောသူသည် ဗတ္တိဇံကိုပေးလျက်နေ၏။ ထိုသူထံသို့ လူအပေါင်း တို့သည် ရောက်ကြပါ၏” ဟု လျှောက်ဆိုပါသည်။(ယောဟန် ၃း၂၆)။

ဤစကားများအားဖြင့် စာတန်သည် ယောဟန်အားသွေးဆောင် နှောင့်ယှက်ခဲ့ပါသည်။ ဤနေရာတွင် အကယ်၍သာယောဟန်က သူ့ကို ကျော်သွားလေပြီဟူ၍ ထင်မှတ်ကာ စိတ်ပျက်ဝမ်းနည်းကြောင်း ဖေါ်ထုတ် ပြသခဲ့ပါမူ သူ၏ အပြုအမူတို့သည် စိတ်ဝမ်းကွဲပြားမှု မျိုးစေ့ကိုသာကြဲ ခြင်းဖြစ်ပေလိမ့်မည်။ ငြူစူမှုနှင့်မနာလိုမှုတိုးပွားများပြားကာ ဧဝံဂေလိသာ သနာလုပ်ငန်း တိုးတက်ပြန့်ပွားရေးကို အကြီးအကျယ် အဟန့်အတား ဖြစ်စေပါလိမ့်မည်။

ယောဟန်သည်လည်း လူထဲကလူမို့ လူ့ဇာတိသဘောမျိုး တော့ရှိနိုင်ပါသည်။ မှားယွင်းမှု၊ အားနည်းမှုကိုယ်စီရှိကြစမြဲပေတည်း။ သို့ ပါသော်လည်း ဘုရားသခင်၏ ချစ်ခြင်း မေတ္တာထိတွေ့မှုက သူ့အား ဘဝသစ်သို့ ပြောင်းလဲပေးလိုက်ပါသည်။ သူသည် ကိုယ်ကျိုးကြည့် အတ္တသမား၊ ရည်မှန်းချက်ကြီးသောသူတို့ လွယ်လင့်တကူ ကျဆုံးတတ် သောညစ်ညမ်းပတ်ဝန်းကျင်နှင့် ကင်းဝေးစွာ နေထိုင်ခဲ့သူပါတည်း။ မနာ လိုဝန်တိုခြင်းလည်း မရှိပါပြီ။ သူသည် မိမိ၏ တပည့်လက်သားတို့၏

မကျေနပ်မှုကို သနားသက်ဝင်ကြောင်းမပြဘဲ မိမိနှင့်မေရှိယစပ်ကြားနှီး နွှယ်မှုသည် ရှင်းလင်း၍ မိမိသည် ထိုသခင်၏ လမ်းတော်ကို ပြင်ဆင် ပေးရသူဖြစ်ကြောင်း၊ ထိုပုဂ္ဂိုလ်တော်အား ဝမ်းပန်းတသာကြိုဆိုဖို့လိုအပ် ကြောင်းများကိုသာပြသခဲ့ပေသည်။

ဆက်လက်၍ ယောဟန်ပြောသည်မှာ "ကောင်းကင်ဘုံမှပေး တော်မမူလျှင် လူသည် အဘယ်အရာကိုမျှ မခံနိုင်ရာ၊ ငါသည် ခရစ် တော်မဟုတ်၊ ခရစ်တော်ရှေ့၌ စေလွှတ်သောသူဖြစ်သည်ဟု ငါဆိုသည်ကို သင်တို့သည် ငါ၏ သက်သေဖြစ်ကြ၏။ မင်္ဂလာဆောင်သတို့သမီးကိုရသော သူသည် မင်္ဂလာဆောင်လုလင်ဖြစ်၏။ မင်္ဂလာဆောင်လုလင်၏ အနား မှာနေ၍ သူ၏စကားကို ကြားရသောအဆွေခင်ပွန်းသည် ထိုစကားကိုကြား သောအားဖြင့် ဝမ်းမြောက်ခြင်းရှိ၏။ ထိုနည်းတူ ငါ၏ဝမ်း မြောက်ခြင်း ပြည့်စုံ၏။" နှစ်ခြင်းဆရာယောဟန်သည် လက်ထပ်ထိမ်းမြား နိုင်ရန် စေ့စပ်ကြောင်းလမ်းထားသည့် ချစ်သူနှစ်ဦးအကြား အောင်သွယ် တော်တစ် ဦးအနေဖြင့် ဆောင်ရွက်နေသောမိတ်ဆွေအဖြစ် မိမိကိုယ်ကိုပုံဖော်ထား ပါသည်။

သတို့သားသည် သတို့သမီးနှင့် လက်ထပ်ပြီးသောအခါမှာ ယင်းမိတ်ဆွေအောင်သွယ်တော်၏ လုပ်ငန်းသည် ပြီးမြောက်သွားပါပြီ။ မိမိ၏ကြိုးစားမှုကြောင့် တလုံးတစည်းတည်းဖြစ်သွားသော ဇနီးမောင်နှံ တို့၏ပျော်ရွှင်မှု၌ သူသည်လည်း ဝမ်းမြောက်ပါ၏။ အလားတူစွာကယ် တင်ပိုင်သူ ယေရှုသခင်၏ အမှုတော်မြတ်အောင်မြင်မှုအတွက် မြင်တွေ့ ရသော ယောဟန်သည် အတိုင်းထက်အလွန်ဝမ်းမြောက်ပါပေသည်။ ထို့ ကြောင့်လည်း "ထိုနည်းတူ ငါ၏ဝမ်းမြောက်ခြင်းပြည့်စုံ၏။ ထိုသခင်သည်တိုး ပွားခြင်းရှိရမည်။ ငါမူကား ဆုတ်ယုတ်ခြင်းရှိရမည်" ဟုယောဟန်ပြောဆို ခဲ့ပါသည်။

ယောဟန်သည် ကယ်တင်ပိုင်သူ ယေရှုသခင်ကို ယုံကြည်ခြင်း စိတ်မျက်စိနှင့် ကြည့်ရှုသောကြောင့် မိမိအလိုကိုစွန့်၍ သခင်၏အလိုတော်

ကိုဆောင်ရွက်လိုစိတ် တိုးမြင့်လာခဲ့ရပေသည်။ သူသည် တောထဲမှာ ကြွေးကြော်သောအသံရှင်သာ ဖြစ်ခဲ့သော်လည်း ယခုမှာ များစွာသောမျက်လုံးတို့သည် အသက်တာ၏ အလင်းရှင်ဘက်သို့ ဦးလှည့်သွားစေရန်အတွက် တိတ်ဆိတ်ပြီး စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေရသည်ကိုပင်ဝမ်းမြောက်စွာလက်ခံခဲ့ပါသည်။

ကိုယ်ကျိုးကိုငဲ့သော စိတ်လုံးလုံးမရှိသည့် ထိုပုရောဖက်၏အတွင်းစိတ်သည် ထာဝရဘုရားသခင်၏ အလင်းတော်နှင့်ဖြည့်တင်းခြင်းကိုခံရပါသည်။

"အထက်မှလာသောသူသည် အလုံးစုံတို့၏ အထွတ်အမြတ်ဖြစ်၏။ ဘုရားသခင်စေလွှတ်တော်မူသောသူသည် ဘုရားသခင်၏ စကားတော်ကို ပြောဆိုတတ်၏။ ထိုသူအား ဘုရားသခင်သည် ဝိညာဉ်တော်ကိုအတိုင်းအရှည်မရှိဘဲ ပေးတော်မူ၏" ဟု ယောဟန် ပြောခဲ့သကဲ့သို့ ယေရှုခရစ်တော်သည်လည်း "ငါသည် ကိုယ်အလိုသို့မလိုက်၊ ငါ့ကို စေလွှတ်တော်မူသော ခမည်းတော်၏ အလိုသို့လိုက်၏" ဟု မိန့်မြွက်နိုင်ခဲ့ပေသည်။ (ယောဟန် ၅း၃၀)။

အလားတူစွာ ခရစ်ယာန်တို့၌လည်း ပြည့်စုံလေပါပြီ။ ကျွန်ုပ်တို့သည် ကိုယ်ကျိုးကိုမဖက်၊ ခရစ်တော်သခင်၏ နားထောင်ခြင်းအမှု၌မိမိ၏ ပြုမူတွေးခေါ် ကြံစည်လေသမျှတို့ကို အပ်နှင်းထားပါက ကောင်းကင်နိုင်ငံတော်၏ အလင်းကို ရရှိနိုင်ကြပါသည်။ ဤသို့ ခရစ်တော်သခင်၏ အလိုတော်ကို နားထောင်ကျင့်သုံးလိုသူအပေါင်းတို့အာလည်း သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးများကို အတိုင်းအဆမရှိ ပေးသနားတော်မူပါလိမ့်မည်။

နှစ်ခြင်းဆရာယောဟန်က ဝမ်းမြောက်ဝမ်းသာစွာ လက်ခံခဲ့သော ယေရှုသခင်၏ အမှုတော်အောင်မြင်ခြင်းသတင်းသည် ယေရုရှလင်မြို့မှာနေသော ယုဒအကြီးအကဲများတို့ထံရောက်ရှိသွားလေပါပြီ။ယဇ်ပုရောဟိတ်

များနှင့် ကျမ်းတတ်ဆရာတော်များက ယောဟန်၏ ဩဇာလွှမ်းမိုးမှုကို မနာလိုဖြစ်ခဲ့၏။ ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းကား ယုဒလူတို့သည် မြို့ပေါ်က တရားဇရပ်နှင့် ဗိမာန်တော်ကိုစွန့်၍ တောထဲကလူယောဟန်ထံ စုဝေးနေကြသောကြောင့်တည်း။ သို့သော်လည်း ယခုတွင် ယောဟန်ထက် မကလူထုကြီးကို ဆွဲဆောင်နိုင်သော ယေရှုသခင်ကို သူတို့ကြားသိရလေပြီကော။

ထိုယုဒအကြီးအကဲ ခေါင်းဆောင်ကြီးများတို့သည် ယောဟန်ကဲ့သို့ "သူသည် တိုးပွားခြင်းရှိ၍ အကျွန်ုပ်သည် ဆုတ်ယုတ်ခြင်းရှိရမည်" ဟူ၍ ပြောဆိုရန် ဆန္ဒအလျှင်းမရှိကြပါပြီ။

## နားလည်မှုမှားခြင်းများကို ရှောင်ရှားတတ်သော ခရစ်တော်၏ပုံနမူနာ

ကမ္ဘာ့အကြီးမြတ်ဆုံးပုရောဖက်များထဲမှ တစ်ပါးအပါအဝင် ပုဂ္ဂိုလ်တော်ကို သုတ်သင်ပယ်ရှင်းမည့် မုန်တိုင်းကြီးတစ်ခုသည် အားယူလျက် ရှိကြောင်း ယေရှုသခင်သိပါသည်။ အချင်းချင်း စိတ်ဝမ်းကွဲပြားမှုများနှင့် နားလည်မှုမှားခြင်းများကို ရှောင်ရှားရန်ဆန္ဒဖြင့် ကိုယ်တော်သည် ဂါလိလဲသို့ကြွမြန်းတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့သည်လည်း သခင်နည်းတူ အလုံးစုံသောကွဲပြားခြားနားမှုများနှင့် နားလည်မှုလွဲမှားခြင်းတို့ကို ရှောင်ရှားရန် ကြိုးစားရပါမည်။ အချင်းချင်းကွဲပြားခြားနားမှုများကို ဖြစ်ပေါ်စေမည့် ခြိမ်းခြောက်မှုအခြေအနေတိုင်းမှာ ကျွန်ုပ်တို့သည် ခရစ်တော်ယေရှုနှင့် နှစ်ခြင်းဆရာယောဟန်တို့၏ ပုံသက်သေစံနမူနာ အတိုင်းလိုက်လျှောက်သင့်ကြပါသည်။

ယောဟန်သည် ဘာသာရေးပြုပြင်ပြောင်းလဲသူတစ်ဦးအနေဖြင့် ဦးဆောင်လုပ်ကိုင်ရန် ဖိတ်ခေါ်ခြင်းခံရသူဖြစ်ပါသည်။ သို့ရာတွင် သူ၏

လုပ်ဆောင်မှုများသည် ခရစ်ယာန်အသင်းတော်ကြီးအတွက် တိုက်မြစ် ချရန်မလုံလောက်ပါ။ မိမိက လုပ်ဆောင်၍ မပြီးမြောက်သေးသည်များကို ဆက်လက်၍ ပြီးမြောက်သည်တိုင်အောင် လုပ်ဆောင်ဖို့ အခြားလုပ်ဆောင် မှုတစ်ခု လိုအပ်နေပါသေး၏။ ဤသည်ကို သူ၏ တပည့်များက မသိ နားမလည်ကြပါ။ ခရစ်တော်သခင်ကြွလာ၍ ထိုလုပ်ငန်းကို ဆက်လက် ဆောင်ရွက်သည်ကို မြင်သောအခါမှာ သူတို့တတွေ ယေရှုကို ငြူစူ၍ မကျေမနပ် ဖြစ်ခဲ့ကြပေသည်။

အလားတူစွာသော အန္တရာယ်မျိုးသည် ယခုပင်ဖြစ်လျက်နေ၏။ ဘုရားသခင်သည် အကြင်သူကို မိမိအမှုတော်မြတ်၌ လုပ်ဆောင်ရန်ဖိတ် ခေါ်ပါသည်။

ထိုသူသည် စွမ်းရည်သတ္တိရှိသည်အတိုင်း ပြီးနိုင်သမျှကြိုးစားဆောင် ရွက်ခဲ့လေပါပြီ။ ထိုအမှုတော်ကို သခင်ဘုရားသည် ဆက်လက်ဆောင် ရွက်ရန်အခြားသူများကို ထပ်မံခေါ်ဖိတ်လျက်ရှိပါသည်။

ဤအမှုအရာတို့တွင် များသောအားဖြင့် ထိုလုပ်ငန်း၏အောင်မြင် မှုသည် ပထမလုပ်ဆောင်သွားခဲ့သူအပေါ်တွင်အဓိကဖြစ်သည်ဟု မှတ်ယူကြ ပါသည်။

ဘုရားသခင်၏ အစီအစဉ်ဖြစ်သည်ဟူ၍ မမြင်သောအခါလူ တို့တွင် မနာလိုငြူစူမှုများပွားလာ၍ အမှုတော်မြတ်ကြီးမှာ အမည်းစက် ထင်ကျန်ရစ်ခဲ့ရလေသည်။

မထိုက်တန်ဘဲဂုဏ်ပြုချီးမြောက်ခြင်းခံရသူသည် မိမိကိုယ်ကိုမြတ်နိုး စိတ်ချလာစေရန် စုံစမ်းသွေးဆောင်မှုခံရခြင်းဖြစ်ပါသည်။လူသားအချင်းချင်း ဦးဆောင်မှုအပေါ်မှ အားကိုးအားထားမိကြသဖြင့် အမှားမှားအယွင်းယွင်း ဖြစ်ကာ ဘုရားသခင်၏လမ်းခရီးတော်မှ လွဲသွားရသည်လည်းရှိပါသည်။

ဘုရားသခင်သည် မိမိ၏အကြံအစည်တော်ကို အကောင်းဆုံးအကောင်အထည်ဖော်ဆောင်သွားမည့်သူများကို မကြာခဏခေါ်ယူအသုံးပြုပါလိမ့်မည်။ "ထိုသခင်သည် တိုးပွားခြင်းရှိ၍ ငါသည် ဆုတ်ယုတ်ခြင်းရှိရမည်" ဟု နှစ်ခြင်းဆရာမြွက်ဆိုခဲ့သည့်အတိုင်း မိမိကိုယ်ကို နှိမ့်ချလိုသောသူတို့သည် မင်္ဂလာရှိစေသတည်း။ အာမင်း. . .။

-၀-

# အခန်း (၁၉)
# ယေရှုသခင်နှင့်လင်ငါးယောက်ရှိဖူးသောမိန်းမ

(ယောဟန် ၄း၁-၄၂ ကိုအခြေခံထားပါသည်။)

ယေရှုသည် ဂါလိလဲပြည်သို့သွားရာ၌ ရှမာရိပြည်ကိုဖြတ်ကျော်သွားရပါသည်။ ထိုလမ်းပေါ်မှာ ယာကုပ်ရေတွင်းရှိ၏။ ထိုနေရာသို့ ရောက်သော် မွန်းလွဲနေပါပြီ။ ခရီးပန်းနေသောကြောင့် ယေရှုသည်ရေတွင်း နားမှာ ထိုင်နေတော်မူ၏။ ထိုစဉ်တွင် တမန်တော်တို့သည် စားစရာများ ကိုဝယ်ရန် ထွက်ခွာသွားကြပါသည်။

ယုဒလူတို့နှင့် ရှမာရိလူတို့သည် ခါးသီးသောရန်သူများဖြစ်ကြ၏။ တစ်ဦးနှင့်တစ်ဦးအကြောင်းမရှိက မဆက်ဆံကြ။ ဂျူးတစ်ယောက်ကမိမိ ၌မရှိမဖြစ်သောပစ္စည်းကို ရှမာရိထံမှာဝယ်ယူရမည်ဆိုက တရားဝင်ကြောင်း ကျမ်းတတ်ဆရာတော်တို့က မှတ်ယူကြသော်လည်း ယုဒ လူတစ်ယောက် သည် ရှမာရိတစ်ဦးထံမှ မည်သည့်ပစ္စည်းကိုမျှ ချေးငှားခြင်းမပြုသည့်အပြင် ထမင်းတစ်ဆုတ်၊ ရေတစ်မှုတ်ကိုပင် ဆက်ဆံစားသောက်ခြင်း မပြုကြပါ။ တမန်တော်တို့သည် ယုဒ ထုံးစံရှိသည့်အတိုင်း စားစရာဝယ်ခြင်းအမှုကို မပြုကြပါ။ တမန်တော်တို့သည် ယုဒထုံးစံရှိသည့်အတိုင်း စားစရာဝယ် ခြင်းအမှုကို ပြုကြပါ၏။ သို့ရာတွင် တမန်တော်များပင်လျှင် ရှမာရိတို့ထံ မှအခွင့်အရေးတစ်ခုခုတောင်းရန် (သို့မဟုတ်) အကျိုးကျေးဇူးတစ်ခုခုပြု ပေးရန်ပင် စိတ်မကူးကြပါချေ။

ယေရှုသည် ထိုရေတွင်းနားမှာ ထိုင်နေစဉ် ထမင်းလည်းဆာ ရေလည်းငတ်သဖြင့် အားနည်းနေပါသည်။ ခရီးလမ်းကလည်းကြမ်း၊ ရာ သီဥတုကလည်း ပြင်းထန်လှသဖြင့် မွန်းတည့်နေကို မခံနိုင်ဖြစ်ရကား၊ ရေငတ်လွန်းသောကြောင့် ရေအေးတစ်ခွက် သောက်ရသည်ရှိသော်

ကောင်းလှပေစွဟု စဉ်းစားမိခဲ့လေသည်။ ရေတွင်းရေတော့ရှိပါပြီ။ ခပ်စရာ ရေပုံးနှင့် ကြိုးတော့မရှိပါ။ ရေတွင်းကလည်းနက်လှပါ၏။

ရှမာရိအမျိုးသမီးတစ်ယောက်သည် ထိုရေတွင်းဆီသို့ ရေခပ်ရန် ရောက်ရှိလာပါပြီ။ ကိုယ်တော်ရှိနေသည်ကို သတိမမူမိပါ။ ရေတွင်းမှရေကိုဆွဲခပ်ပြီး၍ ရေတွင်းမှကြောကိုလှည့်ကာ ထွက်ခွာမည်အပြုတွင်ယေရှုသည် သူမအား ရေတစ်ခွက်ပေးရန် တောင်းခံလိုက်ပါသည်။ ထိုအခွင့်အရေးမျိုးကို မည်သည့်အရှေ့တိုင်းသားကမျှ လက်လွှတ်မခံပါ။

ကယ်တင်ပိုင်သူ ယေရှုသခင်သည် ထိုမိန်းမ၏ နှလုံးသားသော့ချက်ကို ရှာဖွေနေပါ၏။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်မှ အခြေခံ၍ ပေါက်ဖွားလာသည့် ကျွမ်းကျင်ပါးနပ်မှုကို အသုံးပြု၍ အမအစတစ်ခုကို ပေးပါရန် တောင်းခံခဲ့ပါသည်။ ယုံကြည်အားကိုးမှုသည် ယုံကြည်ကိုးစားမှုကို နှိုးဆွလေ့ရှိပါသည်တကား။ ကောင်းကင်ဘုံမှ ကြွဆင်းလာသောဘုရားသခင်သည် သူမ၏ လက်ဖြင့် အမှုတစ်ခုကို ဆောင်ရွက်ပေးပါရန် တောင်းခံလျက် ထိုအပါယ်ရတနာအသက်ဝိညာဉ်တစ်လုံးထံသို့ ကြွမြန်းလာခဲ့ပါသည်။ပင်လယ်သမုဒ္ဒရာများကို ဖန်ဆင်းတော်မူ၍ ရေထုအလွှာ များကိုထိန်းသိမ်းချုပ်ကိုင်ထားတော်မူထသော၊ ကမ္ဘာ၊ မြစ်၊ ချောင်းများနှင့်စမ်းရေတွင်းများကို စီးဆင်းစေတော်မူထသော၊ အရှင်သခင်သည် ရေတစ်ခွက်သောက်ရန်အတွက် ရင်းနှီးမှုမရှိသော အပါယ်ခံလူသားတစ်ဦးထံမှ ကြင်နာသနားမှုကို မှီခိုနေရလေပြီကော။

ယေရှုသည် ဂျူးလူမျိုးတစ်ဦးဖြစ်ကြောင်းကို ထိုရှာရိ အမျိုးသမီးကသိပါသည်။ သို့ဖြစ်၍ အံ့သြခြင်းကြီးစွာဖြင့် ကိုယ်တော်၏ တောင်းဆိုချက်ကိုဖြည့်စွက်ရန်မေ့သွားခဲ့ပါသည်။ သို့ပါသော်လည်း အကြောင်းရင်းကိုသိ ရှိရန် ထိုမိန်းမသည် ကြိုးစားခဲ့ပါ၏။ ထိုကြောင့်သူမက “သင်သည်ယုဒလူဖြစ်လျက်ပင် ရှမာရိမိန်းမဖြစ်သော အကျွန်ုပ်ကိုအဘယ်ကြောင့်သောက်ဖို့ရေတောင်းသနည်း” ဟုဆိုပါသည်။

ယေရှုကလည်း "ဘုရားသခင် ကျေးဇူးတော်ကိုလည်းကောင်း၊ ငါသောက်ဖို့ ရေပေးပါဟု ဆိုသောသူကား အဘယ်သူဖြစ်သည်ကို လည်းကောင်း သင်သည်သိလျှင် ထိုသူကိုတောင်းလိမ့်မည်" ဟု ပြန်၍ မိန့်တော်မူ၏။ တစ်နည်းဆိုရသော် သင်သည် ကျွန်ုပ်အား တောင်းမည် ဆိုလျှင် ကျွန်ုပ်သည် သင်သောက်ဖို့ထာဝရအသက်စမ်းရေကို ပေးမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

## ထိုမိန်းမ၏စိတ်ဝင်စားမှုသည် နိုးထလာခြင်း

ထိုမိန်းမသည် ခရစ်တော်၏စကားကို နားမလည်သော်လည်း အရေးပါသော စကားများဖြစ်ကြောင်းကိုသိပါသည်။ သို့ဖြစ်၍ သူမ၏ ပေါ့ပေါ့တန်တန် နောက်ပြောင်လိုသောအမူအရာသည် ပြောင်းလဲစပြုလာ၏။

သူမက"သခင်၌ ရေခပ်စရာမရှိ၊ ရေတွင်းလည်းနက်သည်ဖြစ်၍ အသက်ရေကိုအဘယ်သို့ရပါမည်နည်း။ ဤရေတွင်းကိုငါတို့အဘယာကုပ်သည် ငါတို့အားပေး၏။ သူကိုယ်တိုင်မှစ၍ သားသမီးတိရစ္ဆာန်များတို့သည် ဤရေတွင်းရေကိုသောက်ကြပြီး သခင်သည် ထိုသူထက်ကြီးမြတ်သလော"ဟုဆို၏။

သူမသည် ရေငတ်နေသောခရီးသွားတစ်ယောက်အဖြစ်နှင့်သာ ယေရှုကိုမြင်ပါသည်။ သူမသည် ရှေးဘိုးဘေးတို့၏ နှောင်းဖြစ်များကိုပြန်လည်မြော်တွေး၍ အနာဂတ်မှာပေါ်ထွန်းလာမည့် မေရှိယကို မျှော်ကြည့်နေစဉ်မှာပင် မေရှိယ ကိုယ်တိုင်က သူမအနီးတွင် ရောက်ရှိနေသည်ကို 'သူမ' မသိခဲ့ပါ။ ယနေ့မှာလည်း မည်မျှ များပြားလှစွာသော အသက်ဝိညာဉ်တို့သည်အသက်စမ်းရေတွင်းနားမှာရှိလျက်ပင်ဝေးလှစွာသောအသက်စမ်းရေပေါက်များကို မျှော်ကြည့်နေကြပါသလား။

ယေရှုသည် မိမိအကြောင်းကို ချက်ချင်းမဖြေဆိုသော်လည်း "ဤရေကိုသောက်သောသူသည် နောက်တစ်ဖန်ရေငတ်အုံးမည်။ငါပေးသောရေကိုသောက်သောသူမူကား ရေငတ်ခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်ရှင်ခြင်းအလို့ငှာထွက်သော စမ်းရေဖြစ်လိမ့်မည်" ဟု မိန့်တော်မူခဲ့ပါသည်။

လောကစမ်းရေပေါက်များကိုရှာ၍ ရေငတ်ပြေအောင် ကြိုးစားနေကြသူတို့သည် နောက်တစ်ဖန်ရေငတ်ကြပါလိမ့်အုံးမည်။လူသည်နေရာတိုင်းမှာ အသက်ဝိညာဉ်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် အရာဟူသရွေ့ မျှော်လင့်တောင့်တနေကြပါသည်။ တစ်ပါးတည်းသော လူသားကြီးခရစ်တော်တည်းဟူသော "လူမျိုးအပေါင်းတို့ နှစ်သက်ဖွယ်သောအရာ" သာလျှင် ထိုလိုအပ်ချက်များကို ဖြည့်စွမ်းနိုင်ပါသည်။ ထိုသခင်တစ်ပါးတည်းသာလျှင် ဘုရားသခင်၏ကျေးဇူးတော်တည်းဟူသော၊ အသက်စမ်းရေကဲ့သို့သောအသက်ဝိညာဉ်အား ဖြူစင်သန့်ရှင်းလန်းဆန်း၍ အင်အားပြည့်ဖြိုးစေနိုင်ပါသည်။

ယေရှုသခင်သည် အသက်ရေ အနည်းငယ်ကို သောက်သုံးခြင်းသက်သက်ဖြင့် လုံလောက်ပြီဟူသောသဘောကိုမဆိုလိုပါ။ ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကိုမြည်းစမ်းမိသောသူသည် မေတ္တာတော်ကိုအဆက်မပြတ်ပို၍ ခံစားရန်မျှော်လင့်တောင့်တမည်ဖြစ်ပြီး အခြားအရာများကိုရှာဖွေတော့မည်မဟုတ်ပါ။ လောက၏ ကြွယ်ဝချမ်းသာမှုများ၊ ဂုဏ်အသရေများနှင့်အပျော်အပါးတို့သည် ထိုသူကို မဆွဲဆောင်နိုင်တော့ပါ။ ထိုသူ၏စိတ်နှလုံးသည်ကိုယ်တော်ကိုသာ အမြဲအော်ဟစ်တမ်းတနေပါတော့မည်။

ကျွန်ုပ်တို့၏ကယ်တင်ရွေးနုတ်ရှင်သည်မခန်းခြောက်နိုင်သောစမ်းရေတွင်းဖြစ်တော်မူ၏။ထိုစမ်းရေကိုသောက်သောအခါခါ လတ်ဆတ်ကြည်လင်သောရေကိုအမြဲသောက်သုံးရမည်ဖြစ်ပါသည်။ ယေရှုသည်ထိုမိန်းမ၏

စိတ်ဝင်စားမှုနှင့်နိုးထမှုကို နှိုးဆွလိုက်သောစကားကြောင့် ထိုဆိုလက်ဆောက်ကို လိုချင်လာသော ဆန္ဒပြင်းပြလာပါသည်။ ထိုကြောင့် သူမက "သခင်၊ အကျွန်ုပ်သည် ရေငတ်ခြင်းနှင့်လည်းကောင်း၊ သည်ကိုလာ၍ ရေခပ်ခြင်းနှင့်ကင်းလွတ်မည်အကြောင်း ထိုရေကိုပေးပါ" ဟုတောင်းလေ၏။

## ထိုမိန်းမ၏အတိတ်သမိုင်းလျှို့ဝှက်ချက်များ

ယေရှုသည် ယခုတွင် ရုတ်တရက်မိမိ၏စကားလမ်းကြောင်းကိုလွှဲလိုက်ပါသည်။ ဤအသက်ဝိညာဉ်သည် (အမျိုးသမီး) ဆုလက်ဆောင်ကိုမရယူမီ သူမသည် မိမိအပြစ်များကိုလည်းကောင်း၊ မိမိ၏ကယ်တင်ပိုင်သူကိုလည်းကောင်း အသိအမှတ်ပြုရန် ပြင်ဆင်ပေးရမည်မဟုတ်လော။

ထိုကြောင့် ယေရှုက "သွားလော့၊ သင်၏လင်ကို ခေါ်၍သည်ကိုလာအုံးလော့" ဟု မိန့်တော်မူလိုက်ရာ "အကျွန်ုပ်၌လင်မရှိ" ဟု သူမကဆို၏။ ဤသည်ကို ကယ်တင်ပိုင်သူယေရှုက "လင်မရှိဟူသောစကားသည် မှန်၏။ အကြောင်းမူကား သင်၌လင်ငါးယောက်ရှိဖူးပြီ။ ယခုသင်နှင့်နေသောသူသည် သင်၏ လင်မဟုတ်၊ ဤအရာ၌ သင်သည်မှန်သောစကားကိုပြောပြီ" ဟု မိန့်တော်မူ၏။

ထိုစကားကို ကြားရသောသူမသည်တုန်လှုပ်သွားပါသည်။ အံ့ဩဖွယ်သောရှေလက်တော်သည် သူမ၏ အတိတ်သမိုင်းက အသက်တာလှုပ်ရှားမှုများကို ဖတ်နိုင်သော ဤပုဂ္ဂိုလ်ကြီးကား အဘယ်သို့သောသူပါနည်း။

ယခုတွင် ဖုံးကွယ်ထားသည့် ခပ်သိမ်းသောအရာတို့ကို ဖွင့်ပြမည့် အနာဂတ်တရားစီရင်ခြင်းအကြောင်းများနှင့် ပတ်သက်သောတွေးမြင်ချက်တို့သည် သူမ၏စိတ်နှလုံးထဲသို့ဝင်ရောက်လာပါသည်။

သူမသည် ဖုံးကွယ်၍မငြင်းဆိုနိုင်တော့ပြီဖြစ်သော်လည်း အလွန်ဝမ်းနည်းစရာကောင်းသည့် တစ်စုံတစ်ခုသောအကြောင်းကို ဖော်ပြရန်ကြိုးစားလွှဲရှောင်ခဲ့ပါသည်။

ထို့နောက် "ကိုယ်တော်သည် ပုရောဖက်ဖြစ်သည်ကို အကျွန်ုပ်ရိပ်မိပါ၏" ဟု ကြည်ညိုစွာဖြင့် သူမကဆို၏။ ၎င်းနောက် သူမ၏ အပြစ်များဖော်ထုတ်နေမှုများကို ရပ်တန့်သွားစေရန် မျှော်လင့်ချက်ဖြင့် ကိုးကွယ်မှုနှင့်ဆိုင်သောအငြင်းပွားစရာအချက်များကဲ့သို့စကားကြောကို လွှဲပြောင်းပစ်လိုက်ပါသည်။ ယေရှုသည် သူမပြောလိုသောစကားကို ပြောဆိုရန်စိတ်ရှည်စွာဖြင့် ခွင့်ပြုတော်မူခဲ့ပါသည်။ ထိုသို့ နားထောင်နေစဉ်မှာပင် သူမ၏စိတ်နှလုံးထဲသို့ အမှန်တရားကို ပို့ဆောင်ရန် အခွင့်ကောင်းကို စောင့်မျှော်နေ၏။

ထိုမိန်းမက "အကျွန်ုပ်တို့၏ ဘိုးဘေးများသည် ဤတောင်ပေါ်၌ကိုးကွယ်လေ့ရှိကြပါသည်။ ယေရုရှလင်မြို့၌သာ ကိုးကွယ်ရမည်ဟု သင်တို့သည်ဆိုတတ်ကြ၏" ဟုဆို၏။ သူတို့၏ ရှေ့မှောက်မှာ ဂေရဇိမ်တောင်ကြီးသည် ရှိနေပါ၏။ တောင်ပေါ်မှာရှိသော ဗိမာန်တော်သည် ဖြိုဖျက်ခြင်းကိုခံရ၍ ကြည့်ရှု၍မလှသောအနေအထားမှာရှိနေသည်။ ဂျူးလူမျိုးများနှင့်ရှမာရိလူတို့စပ်ကြား အထိကရုန်းဖြစ်ခဲ့ခြင်း၏ ရလဒ်ပေတည်း။ နောင်သောအခါမှာ ထိုမျိုးဆက်သစ်တို့သည် မိမိတို့၏ ဘာသာကိုးကွယ်မှုကိုညစ်ညူးစေသော နတ်ဘုရားကိုးကွယ်သူများနှင့် ရောနှောဆက်ဆံကာနေသောကြောင့် မျိုးရိုးမစစ်ဘဝသို့ ရောက်ခဲ့ရပါသည်။

ဇေရအချိန်မှာ ယေရုရှလင်မြို့ရှိ ဗိမာန်တော်ကို ပြန်လည်တည်ဆောက်သောအချိန်၌ ထိုဆောက်လုပ်ရေးလုပ်ငန်းမှာ ရှမာရိလူတို့သည် ယုဒလူတို့နှင့်အတူ ပူးပေါင်း၍ လုပ်ဆောင်လိုခဲ့ကြပါသည်။ ထိုကမ်းလှမ်းမှုကို ရှမာရိလူတို့သည် ငြင်းဆိုခြင်း ခံရသည်အတွက် ဤလူမျိုးနှစ်မျိုးအကြားမှာ ခါးသီးသော ရန်လိုမုန်းတီးမှုများ ဖြစ်ပေါ်ခဲ့

ပါသည်။ ထိုကြောင့် ရှမာရိလူတို့သည် ဂေရဇိမ်တောင်ပေါ်မှာ ဗိမာန်တော်တစ်ဆောင်ကို ယှဉ်ပြိုင်တည်ဆောက်ခဲ့ကြသည်။ သို့သော်လည်းကျိန်ခြင်းကိုခံခဲ့ပုံရသဖြင့် ၄င်းတို့၏ ဗိမာန်တော်ကြီးမှာ ရန်သူတို့၏လက်ချက်ဖြင့် ပျက်စီးခဲ့ရပေသည်။ သို့တိုင်အောင်လည်း ထိုသူတို့သည် ယေရုရှလင်မြို့မှာရှိသော ဗိမာန်တော်ကို ထာဝရဘုရားသခင်၏ အိမ်တော်ဟု အသိအမှတ်မပြုရုံမျှမက ဂျူးလူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှုသည် မိမိတို့ထက်သာလွန်ကြောင်းကို ဝန်မခံခဲ့ကြပါ။

ထိုမိန်းမ၏ မေးခွန်းကို ဖြေဆိုသည့်အနေဖြင့် ယေရှုက "အချင်းမိန်းမ၊ ငါ့စကားကိုယုံလော့၊ ဤတောင်သို့မလာ၊ ယေရုရှလင်မြို့သို့မသွားဘဲ ခမည်းတော်ကို ကိုးကွယ်ရမည့်အချိန်ကာလရောက်ဆဲရှိ၏။ သင်တို့သည် ကိုယ်မသိသောအရာကို ကိုးကွယ်ကြ၏။ အကြောင်းမူကား ယုဒလူတို့၌ ကယ်တင်ခြင်းအကြောင်းရှိ၏" ဟု မိန့်တော်မူသည်။

ယခုတွင်ကိုယ်တော်သည် ယုဒလူတို့အပေါ်ထားရှိသော ရှမာရိလူတို့၏ တစ်ဖက်သတ်အထင်လွဲမှုများကို ချေဖျက်ရန် ကြိုးစားတော်မူခဲ့ပါသည်။ ကယ်တင်ရွေးနုတ်ခြင်းနှင့်ပတ်သက်သော အမှန်တရားကြီးသည် ယုဒလူတို့၌အပ်နှင်းထားခဲ့ပြီဖြစ်ကြောင်းနှင့် မေရှိယသခင်သည် ယုဒလူတို့ထဲမှပေါ်ထွန်းမည်ဖြစ်ကြောင်း ယေရှုသည် ထုတ်ဖော်ပြောကြားတော်မူခဲ့ပါသည်။

ကိုယ်တော်သည် မိမိ၏ တရားနာအမျိုးသမီးအား ငြင်းခုံစရာအတွေးမျိုးမပေါ်ပေါက်စေလိုပါ။ ထိုကြောင့် "ကိုးကွယ်သောသူမှန်သမျှတို့သည် ခမည်းတော်ကို နာမန်ဝိညာဉ်နှင့်လည်းကောင်း၊ အမှန်တရားနှင့်လည်းကောင်း၊ ကိုးကွယ်ရမည့် အချိန်ကာလသည်လာ၍ ယခုပင်ရောက်လျက်ရှိ၏။ အကြောင်းမူကား ထိုသို့ကိုးကွယ်သော သူတို့ကို ခမည်းတော်သည် အလိုရှိတော်မူ၏။ ဘုရားသခင်သည် နာမ်ဝိညာဉ်

ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူသည် နာမ်ဝိညာဉ်နှင့် လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း ကိုးကွယ်ရမည်” ဟု မိန့်တော်မူ၏။ သန့်ရှင်းသောတောင် (သို့မဟုတ်) သန့်ရှင်းသောဘုရားရှိခိုးကျောင်းကို ကြိုးစားရှာဖွေခြင်းအားဖြင့် လူတို့သည် ဘုရားသခင်ကို မထိတွေ့မဆက်ဆံနိုင်ပါ။

ကိုယ်တော်အား မှန်ကန်စွာကိုးကွယ်နိုင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားသခင် ဝိညာဉ်တော်အားဖြင့် မွေးဖွားခြင်းကို ခံကြရပါမည်။ ထိုသို့ပြုမှ စိတ်နှလုံးသည် သန့်ရှင်းပြီး စိတ်အာရုံသည် ပြန်လည်ဆန်းသစ်ကာ ဘုရားသခင်၏ တောင်းဆိုမှုအပေါင်းတို့ကို နားထောင်ကျင့်သုံးလိုစိတ်ရှိလာရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား ပေးသနားတော်မူပါလိမ့်မည်။ ဤသည်ကို မှန်ကန်သောဝတ်ပြုကိုးကွယ်ခြင်းဟုခေါ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှု အသီးအပွင့်ပေတည်း။

လူသည် ထာဝရဘုရားသခင်၏ နောက်တော်သို့ ယိမ်းယိုင်လိုက်ပါနေသောနေရာတိုင်းမှာ ဝိညာဉ်တော်၏လုပ်ဆောင်မှုသည် ထင်ရှားပေါ်လွင်လျက်ရှိပြီး ထာဝရဘုရားသခင်သည်လည်း ထိုသူအား မိမိကိုယ်တော်တိုင်ကို ထင်ရှားစေတော်မူလိမ့်မည်။

ထိုမိန်းမသည်ယေရှုနှင့်စကားပြောနေစဉ်မှာကိုယ်တော်၏ နှုတ်တော်ထွက်စကားတို့သည် သူမ၏စိတ်နှလုံးထဲတွင် စွဲငြိနေခဲ့ပါပြီ။ သူမအသက်တာ၏ အတိတ်သမိုင်းဖြစ်ရပ်မှန်များကို ဖွင့်ပြနေစဉ်တွင် သူမ၏အသက်ဝိညာဉ်သည်ဆာလောင်မွတ်သိပ်နေကြောင်း သူမသတိထားမိခဲ့ပါသည်။ ရှခါရေတွင်းမှရေများကသူမအား ရေငတ်မှုကို မပြေစေနိုင်သကဲ့သို့တည်း။ ယခုအချိန်လောက်သူမ၏အမြင့်မားဆုံးသောလိုအပ်ချက်ကိုနှိုးဆွနိုင်သည့်အရာဟူ၍မရှိခဲ့ပါ။သူမအသက်တာ၏လျှို့ဝှက်ချက်များကိုယေရှုသခင်သည် သူမအားသဘောပေါက်စေခဲ့ပါသော်လည်း ကိုယ်တော်သည် သူမ၏ ချစ်ခင်သနား

သောမိတ်ဆွေတစ်ဦးဖြစ်ကြောင်း သူမခံစားခဲ့ရပါသည်။ ကိုယ်တော်၏ ဖြူစင်သန့်ရှင်းမှုက သူမ၏အပြစ်များကို ပေါ်လွင်ထင်ရှားစေချိန်မှာ သခင်သည် သူမအား ငြင်းပယ်သောစကားတစ်လုံးကိုမျှ ပြောတောမမူဘဲ သူမ၏ အသက်ဝိညာဉ်ကို အသစ်တစ်ဖန်ပြုပြင်ပေးနိုင်သော မိမိ၏ ကျေးဇူးတော်အကြောင်းကိုသာ ပြောကြားတော်မူခဲ့ပါသည်။ ထိုအခါ သူမ၏ စိတ်ထဲမှာ ထွက်ပေါ်လာသော မေးခွန်းက ဤသူသည် ရှေးမဆွကပင်မျှော်လင့်ခဲ့ရပါသော မေရှိယပင်ဖြစ်လေမလားဟုဆိုကာ "မေရှိယကြွလာတော်မူသည်ကို အကျွန်ုပ်သိပါ၏။ ရောက်တော်မူသောအခါ အကျွန်ုပ်တို့အား အလုံးစုံတို့ကို ဖော်ပြတော်မူမည်" ဟု လျှောက်ပြန်ရာ ယေရှုက "သင်နှင့်စကားပြောသောငါသည် မေရှိယပင်ဖြစ်သည်" ဟု မိန့်တော်မူ၏။

ထိုမိန်းမသည် ဤစကားတို့ကိုကြားနာခဲ့ရသည်နှင့်အမျှ မိမိ၏ စိတ်နှလုံးထဲမှာ ယုံကြည်စိတ်များ တိုးပွားလာ၏။ ယေရှုသခင်၏ အံ့ဖွယ်နှုတ်တော်ထွက်စကား ကြေညာချက်ကိုလည်း လက်ခံခဲ့ပေသည်။

သူမ၌ ဝေဖန်ပိုင်းခြားနိုင်သော စိတ်တန်ခိုးရှိပါသည်။ နှုတ်တော်ထွက်ကျမ်းစာကိုလည်း စိတ်ဝင်စားသဖြင့် ပို၍များသောအလင်းတရားကို လက်ခံရန် သန့်ရှင်းသောဝိညာဉ်တော်သည် သူမ၏ စိတ်နှလုံးကိုပြင်ဆင်ပေးတော်မူခဲ့၏။ သူမသည် ဓမ္မဟောင်းကျမ်းမှကတိတော်နှင့် ဆိုင်သော ပုရောဖက်စကားတို့ကို နားလည်လိုသည်ဖြစ်ရကား တရားအလင်းသည် သူမ၏ စိတ်နှလုံးထဲမှာ ထွန်းတောက်လျက်နေသည်။ ရေငတ်နေသော အသက်ဝိညာဉ်အား ခရစ်တော်ပေးသော ဝိညာဉ်ရေးအသက်တာဆိုင်ရာ အသက်စမ်းရေပေါက်သည် သူမ၏ စိတ်နှလုံးထဲမှာ ပေါ်ထွက်စပြုလာပါပြီ။

ဤမိန်းမအား ယေရှုမိန့်တော်မူသော ရှင်းလင်းရိုးသားသည့် ဖော်ပြချက်မျိုးကို ကိုယ်သာလျှင် ဖြောင့်မတ်သည်ဟု အယူအဆရှိသော

ယုဒလူတို့အား မဖော်ပြခဲ့ပေ။ သခင်ဘုရားသည် ယုဒလူတို့အားဖော်မပြ ဘဲချန်ထားသည့် တရားစကားကို ထိုမိန်းမအား ဖော်ထုတ်ပြောပြသည်မှာ ထိုမိန်းမသည် မိမိခံစားရသော ကျေးဇူးတော်ကို တစ်ပါးသူတို့အားလက် ဆင့်ကမ်းဝေငှမည်ကို ယေရှုသခင်တွေ့မြင်ထားသောကြောင့် ဖြစ်ပါသည်။

ယေရှု၏တပည့်တော်တို့တွင် စားစရာများကို ဝယ်ယူပြီးရာမှ ပြန်လာကြသောအခါ ကိုယ်တော်သည် ထိုမိန်းမနှင့်စကားလက်ဆုံကျနေ သည်ကို မြင်ရသဖြင့် အံ့အားသင့်နေကြပါ၏

သခင်သည် မိမိသောက်လိုသောရေ၊ စားလိုသောအစာကိုသော်မျှ တပည့်တော်တို့ထံမှာမတောင်းခံတော့ပါ။ ထိုမိန်းမသည် ထွက်သွားသော အခါ တပည့်တော်တို့က သခင်ဘုရားအား အစာကိုစားသုံးရန် တောင်းပန် ကြပါသည်။

သို့သော်လည်း ကိုယ်တော်သည် တိတ်ဆိတ်စွာနေ၏။ မျက်နှာ တော်မှာလည်း ပီတိရောင်ခြည်တော်ဖျန်းစီးကာနေပါသည်။ ကောင်းကင် ဘုံနှင့်ဆက်ဆံနေသည့် ကိုယ်တော်ရှင်အား တပည့်တော်တို့သည် ကြားဝင် ၍ဖြတ်တောက်ရန် မဝံ့ရဲကြချေ။ သို့သော်လည်း မိမိတို့၏ သခင်၏ခန္ဓာ ကိုယ်လိုအပ်ရာများကို ဖြည့်ဆည်းပေးရန် သူတို့တွင် တာဝန်ရှိသည်ဟု ထင်မှတ်ယူဆကြလေရကား မိမိတို့၏ တာဝန်ကို ဆက်လက်ထမ်းရွက် မည်အပြုတွင် ယေရှုက "သင်တို့မသိသော စားစရာသည် ငါ၌ရှိ၏" ဟု တပည့်တော်တို့အား မိန့်တော်မူခဲ့ပါသည်။

တပည့်တော်တို့သည် မိမိတို့၏ သခင်အား အဘယ်သူသည် လာ၍စားစရာကိုပေးဝေခဲ့လေသနည်းဟု အံ့ဩစွာ တွေဝေနေခိုက်မှာ ကိုယ်တော်က "ငါ့ကိုစေလွှတ်တော်မူသောသူ၏ အလိုတော်ကိုဆောင်ခြင်း သူ၏ အမှုတော်ကို ပြီးစီးခြင်းအမှုသည် ငါ့စားစရာဖြစ်၏" (ယောဟန် ၄း၃၄) ဟု ရှင်းပြပြောဆိုခဲ့ပါ၏။ အမှန်တရားကို ဆာလောင်ငတ်မွတ်

နေသော အသက်ဝိညာဉ်အား ကူညီမစရန်မှာ စားသောက်ခြင်းအမှုထက် ကိုယ်တော်အား ပီတိဖြစ်စေတော်မူပါသည်တကား။ ထိုလုပ်ဆောင်ခြင်း အမှုသည် ကိုယ်တော်အတွက် နှစ်သိမ့်မှု၊ လန်းဆန်းကြည်လင်မှုကို ဖြစ်စေပါသည်။ တစ်ပါးသူကို ကျေးဇူးပြုခြင်းသည် သခင်၏ အဓိကလုပ်ငန်းပင်ဖြစ်ချေသည်မဟုတ်ပါလား။

ကျွန်ုပ်တို့၏ ကယ်တင်ပိုင်သူယေရှုသခင်သည် မိမိအသွေးတော်အားဖြင့် ဝယ်ယူခြင်းခံရသောသူတို့၏ ကြင်နာသနားမှုနှင့်ချစ်ခြင်းမေတ္တာကို တောင့်တလှပါသည်။ မိခင်တစ်ဦးသည် မိမိရင်သွေးငယ်၏ အသိအမှတ်ပြုသောအပြုံးကို ကြည့်နေရင်းက အင်း - ဒီကလေးဟာ ဦးနှောက်ဖွံ့ဖြိုးမှုစတင်တည်ဆောက်လာပြီပဲဟု မှတ်ချက်ချကာ ပီတိသောမနာဖြာသကဲ့သို့ လူသားတို့၏ အသက်တာမှာ ဝိညာဉ်ရေးဆိုင်ရာများတွင် အစပျိုးကြောင်း ဖော်ပြသည့် ချစ်ခြင်းမေတ္တာ၏ နှစ်မြို့ဖွယ်ဖော်ကျူးချက်များကို ယေရှုသခင်သည် စောင့်ကြည့်ကာ ပီတိဖြာလိုတော်မူပါသည်။

ထိုမိန်းမသည် ယေရှုခရစ်တော်၏ ဆိုစကားတို့ကို ကြားနာခဲ့ရသဖြင့် ဝမ်းမြောက်ခြင်းကြီးစွာဖြစ်ခဲ့ရပါပြီ။ သူမသည် ရေအိုးကိုချန်ထား၍ မြို့တွင်းသို့ဝင်ကာ တစ်ပါးသူတို့အား သတင်းစကားကို ပြောကြားရန် ပြန်သွားခဲ့ပေသည်။ သူမသည် ရေခပ်ရန်လာကြောင်းကိုမေ့သွားလေပြီကော။ ကယ်တင်ပိုင်သူ ရေငတ်နေသည်ကိုလည်း သတိမရတော့။ ဝမ်းမြောက်ခြင်းကြီးစွာဖြင့် မိမိရရှိသော အလင်းတရားကို တစ်ပါးသူတို့အား မျှဝေရန် လျင်မြန်စွာထွက်ခွာသွားလေပါပြီ။

“အကျွန်ုပ် ပြုဖူးသမျှသော အမှုအရာတို့ကို ထုတ်ဖော်သောသူကို လာ၍ ကြည့်ကြပါ။ ထိုသူသည် ခရစ်တော်မှန်လိမ့်မည်လော” ဟုမြို့သားတို့အား သူမဆို၏။ သူမ၏မျက်နှာအမူအရာမျက်လုံးအစုံတို့၏အသွေးအရောင်တို့သည်လည်း တစ်မူ ထူးခြားလာသဖြင့် မြို့သားတို့သည်

ခရစ်တော်သခင်အား တွေ့မြင်ရန် ဆန္ဒပြင်းပြစွာဖြင့် မြို့ထဲမှထွက်လာ၍ အထံတော်သို့ သွားကြပါသည်။

ထိုအချိန်တွင် ခရစ်တော်သခင်ယေရှုသည် ရေတွင်းအနားမှာ ထိုင်နေဆဲဖြစ်၏။ မြစိမ်းရောင်ဂျုံစပါးခင်းပေါ်မှာ ရွှေရောင်ခြည်နေမင်း၏စွမ်းအားမှုံများဆမ်းထားသဖြင့် ရှုခင်းသာမှာ မိမိရှေ့၌ ရှုမငြီးဖြစ်နေပါသည်။

ယေရှုသည် တမန်တော်တို့အား ထိုမြင်ကွင်းကို ပြညွှန်ကာ မိန့်တော်မူသည်ကား "ယခုမှစ၍ လေးလလွန်လျှင် စပါးရိတ်ရာကာလ ဖြစ်လိမ့်မည်ဟု သင်တို့ဆိုတတ်သည်မဟုတ်လော။ ငါဆိုသည်ကား စပါးရိတ်ခြင်းအလို့ငှာ လယ်ပြင်တို့သည် ယခုပင် ဝင်းဝင်းရှိသည်ကို မျှော်ကြည့်ကြလော့" ဟု မိန့်တော်မူခဲ့စဉ်တွင် ရေတွင်းဆီသို့ဦးတည်၍ လာနေကြသောလူတစ်စုကို သခင်တွေ့မြင်ခဲ့ရပေသည်။ ဤနေရာမှာ စပါးရိတ်သူအတွက် ရိတ်သိမ်းစရာစပါးများ အဆင်သင့်ရှိလေပြီမဟုတ်ပါလား။

## ဧဝံဂေလိစပါးရိတ်သိမ်းမှုရာသီ

"စပါးရိတ်သောသူသည် အခကိုခံရ၍ ထာဝရအသက်ရှင်ခြင်းအလို့ငှာ အသီးအနှံစုသိမ်းရ၏။ သို့ဖြစ်၍ ပျိုးကြဲသောသူနှင့် စပါးရိတ်သောသူတို့သည် အတူဝမ်းမြောက်ကြလိမ့်မည်။ တစ်ဦးကားပျိုးကြဲ၏။ တစ်ဦးကား စပါးရိတ်၏ဟူသောစကားသည် ဤအရာ၌ အမှန်ကျသတည်း" ဟု ယေရှုသခင် မိန့်တော်မူပါသည်။ ဧဝံဂေလိတရားတော်ကို ရရှိထားသောသူသည် ကိုယ်တော်ရှင်၏ အသက်ရှင်သော အင်အားစုကို ကိုယ်စားလှယ်များဖြစ်ရန် လိုပါသည်။ တစ်ဦးက မျိုးစေ့ကြဲ၍ အခြားတစ်ဦးက စပါးရိတ်သိမ်းရန် ဖြစ်ပါသည်။ နှစ်ဦးစလုံးသည် ဘုရားသခင်အတွက် လုပ်ဆောင်နေခြင်းသာဖြစ်ပါ၏။ မိမိတို့၏ လုပ်အားခများ

အတွက် အကျိုးကျေးဇူးရလဒ်ထူးကို အတူတကွ ဝမ်းမြောက်စွာခံယူဖို့သာဖြစ်ပါသည်။

ယေရှုသခင်က "သင်တို့သည် လယ်မလုပ်သောအရပ်၌ စပါးရိတ်စေခြင်းငှာ သင်တို့ကိုငါစေလွှတ်၏။ အခြားသောသူတို့သည် လယ်လုပ်ကြ၍ သင်တို့သည် ထိုသူတို့၏ အလုပ်ထဲသို့ဝင်ရကြ၏" ဟု တပည့်တော်တို့အား မိန့်တော်မူ၏။ တပည့်တော်တို့အနေနှင့်လည်း တခြားသူတို့၏ အလုပ်ထဲသို့ ဝင်ရောက်နေခြင်းသာဖြစ်ပါသည်။ ဤတွင် မမြင်နိုင်သော အင်အားစုသည် တိတ်ဆိတ်စွာ အလုပ်လုပ်လျက်ရှိသဖြင့် ထိရောက်စွာ သောရိတ်သိမ်းမှုကို စုသိမ်းရန် ဖြစ်ပါသည်။

ခရစ်တော်သည် မိမိအသွေးတော်ဖြင့် မျိုးစေ့များကို ဖျန်းလောင်းပေးရတော့မည်မဟုတ်လော။ တပည့်တော်တို့သည် ခရစ်တော်သခင်နှင့် အတူ တွဲဖက်၍ လုပ်ဆောင်သောသူများ၊ ရှေးခေတ်က သန့်ရှင်းသူတို့နှင့် အတူ တွဲဖက်၍ လုပ်ဆောင်သောသူများဖြစ်ကြပါသည်တကား။ ပင်တေကုတ္တေပွဲနေ့များတွင် သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းအားဖြင့် တစ်နေ့တည်းတွင် ထောင်နှင့်ချီသောလူများတို့သည် ပြောင်းလဲခဲ့ကြပါသည်။ ဤသည်မှာ ခရစ်တော်သခင်၏ မျိုးစေ့ကြဲခြင်းမှအကျိုးရလဒ်ပင်မဟုတ်တုံလော။ သခင်ဘုရား၏ အမှုတော်မြတ်မှာ ရိတ်သိမ်းခြင်းဟူသည်ရှိပါသည်။

ရှမာရိလူတို့သည် ယေရှုထံလာ၍ သတင်းကောင်းကို နာကြားသဖြင့် ယုံကြည်ခဲ့ကြပါသည်။ ရေတွင်းအနားမှာပင် အုတ်အုတ်ကျက်ကျက်ဖြစ်ကာ ကိုယ်တော်ရှင်အား မေးခွန်းမေး၍တစ်မျိုး၊ ကိုယ်တော်ရှင်၏ရှင်းလင်းဖော်ပြချက်များကို နာကြား၍တစ်ဖုံ အဆီးအတားအနှောင့်အယှက်မရှိလွတ်လပ်ပီပြင်စွာ ကျေကျေနပ်နပ်ကြီး ကြားသိခံစားရပေသည်။ ထိုသူတို့သည် ထိုမျှနှင့်မရောင့်ရဲနိုင်ကြသေးရကား ကိုယ်တော်ကိုမြို့ထဲသို့

ဝင်ရန် ဖိတ်ခေါ်လျက် သူတို့နှင့်အတူနေပါမည်အကြောင်း တောင်းပန်ကြ၏။ ကိုယ်တော်သည် ထိုမြို့မှာ နှစ်ရက်နေသဖြင့် ကိုယ်တော်ကို ယုံကြည်သောသူတို့ များပြားလာပေသည်။

ယေရှုသည် ရေတွင်းနားက ထိုမိန်းမ၏ အသက်တာမှာဖြစ်ပျက်ခဲ့သည့်လျှို့ဝှက်ချက်များကို ဖော်ပြသည်ကလွဲ၍ အခြားမည်သည့်နိမိတ်လက္ခဏာကိုမျှ ထိုမြို့မှာမပြသခဲ့ပါ။ သို့သော်လည်း ထိုမြို့သူမြို့သားတချို့က ကိုယ်တော်ကို ယုံကြည်လက်ခံကြပါသည်။ ၎င်းပြင် "ယခုဖြစ်လျှင် ငါတို့သည် သင်၏ စကားကြောင့်သာ ယုံကြည်ကြသည်မဟုတ်။ စကားတော်ကို ကိုယ်တိုင်ကြားနာရ၍ ဤသူသည် လောကသားတို့ကို ကယ်တင်တော်မူသော သခင်တည်းဟူသော ခရစ်တော်အမှန်စင်စစ်ဖြစ်တော်မူကြောင်းကို သိသည်" ဟု ထိုသူတို့သည် ထိုမိန်းမအားဝမ်းသာစွာဖြင့်ပြောဆိုကြပါ၏။

## ခရစ်တော်သည် တစ်ယူသန်အမြင်စောင်းမှု အုတ်တံတိုင်းကိုဖြိုဖျက်လိုက်ခြင်း

ခရစ်တော်သခင်သည် ဤကမ္ဘာလောကကြီးအား ကယ်တင်ခြင်းသတင်းကောင်းကို ဟောပြောရန် ယုဒလူတို့နှင့် ရှမာရိလူတို့စပ်ကြားတည်ရှိနေသောအုတ်တံတိုင်းကြီးကို ဖြိုဖျက်ခဲ့ပါသည်။ ကိုယ်တော်သည် ယုဒလူဖြစ်လင့်ကစား ရှမာရိလူတို့နှင့် ရောပြွမ်းနေထိုင်တော်မူ၏။

သူတို့တတွေ ဧည့်ဝတ်ပြုသည်ကိုလည်း သခင်က လက်ခံသည်။ ၎င်းတို့နှင့်အတူ အိမ်မိုးတစ်ခုတည်းအောက်မှာ အိပ်၍ ထမင်းဝိုင်းတစ်ခုတည်းတွင်လက်ဆုံစားသောက်ခဲ့ပေသည်။ သူတို့၏လမ်းကြိုလမ်းကြားများထဲမှာသွန်သင်ဩဝါဒပေးပြီး၎င်းတို့အားအလွန်ကြင်နာယဉ်ကျေးစွာဖြင့် ဆက်ဆံပြုမူခဲ့ပါသည်။

ယေရုရှလင်မြို့၏ ဗိမာန်တော်အတွင်းမှာ အပြင်ပရဝဏ်နှင့်အတွင်းခန်းသန့်ရှင်းသောအပိုင်းကို ခွဲခြားထားသော အုတ်နံရံအနိမ့်ကလေးတစ်ခုရှိပါသည်။ ထိုနေရာမှာ ဂျူးလူမျိုးများမှအပ မည်သူမျှကျော်မသွားရဟူသောစာတမ်းကလေးရှိပါ၏။ အကယ်၍သာ တစ်ပါးအမျိုးသား တစ်ယောက်သည် ထိုသတ်မှတ်ဇုန်ကို ကျော်လွန်မိပါက သူသည် ဗိမာန်တော်ကိုညစ်ညူးစေသောကြောင့် သေပြစ်သင့်သဖြင့် အသေခံရမည်ဖြစ်ပါသည်။

သို့ရာတွင် ဗိမာန်တော်နှင့်တကွ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်ကို တည်ထောင်ညွှန်ကြားခဲ့သူ ခရစ်တော်သခင်သည် တစ်ပါးအမျိုးသားတို့ထံ ကယ်တင်ခြင်းကို ယူဆောင်လာပါပြီ။ ဤအရာကို ဂျူးလူမျိုးတို့သည် ငြင်းပယ်ကြပါသည်တကား။

ဤကဲ့သို့ ယေရှုသခင်ပြုမူဆောင်ရွက်ခဲ့သည်ကို တပည့်တော်တို့သည် အံ့သြကြပါ၏။ သူတို့သည် ရှမာရိပြည်မှာ နေထိုင်စဉ်နှစ်ရက်အတွင်း သခင်ပြသသော ပုံသက်သေကို မငြင်းဆိုနိုင်ခဲ့ကြပါ။ သစ္စာရှိရှိလိုက်နာခဲ့ကြပါ၏။ တစ်ဖက်သတ် အထင်လွဲမှုများကို ထိန်းခဲ့ရပါသော်လည်း မထီလေးစားလုပ်လိုစိတ်၊ မုန်းတီးရွံ့ရှာတတ်သောသဘောနေရာ၌ ကိုယ်ချင်းစာတရား၊ သနားကြင်နာတတ်မှုစသော စိတ်သဘောထားကို အစားထိုးရန်မလွယ်ကူ၊ နှေးကွေးနေကြပါသည်။

သို့သော်လည်းသခင်ဘုရားသည်ကောင်းကင်ဘုံသို့ တက်ကြွသွားခဲ့ပြီးနောက်မှာတော့ ကိုယ်တော်သင်ပေးခဲ့သော သင်ခန်းစာများတို့သည် အမြင်သစ်နှင့်သူတို့တတွေကိုရင့်ကျက်လာစေကြပါသည်။ သူတို့သည် သခင်၏ရုပ်လုံး၊ သွန်သင်ချက်များ၊ အနှိမ်ခံအပါယ်ရတနာတို့အပေါ် ထားရှိခဲ့သည့်ကိုယ်တော်၏ လေးစားမှု၊ သိမ်မွေ့နူးညံ့စွာဆက်ဆံမှုများတို့ကို ပြန်လည်သတိရခဲ့ကြပါ၏။ သို့ဖြစ်၍ပေတရုသည် ရှမာရိပြည်သို့တရားဟောရန်စေခိုင်းခြင်းကို ခံရသောအခါ ထိုစိတ်သဘောမျိုးဖြင့် သွားရောက်

လုပ်ကိုင်ခဲ့၏။ ရှင်ယောဟန်သည် ဧဖက်မြို့နှင့်စမုရန အသင်းတော်သို့ သွားရောက်သာသနာပြုရာ၌လည်း ရှောခင်မြို့ကအတွေ့အကြုံမျိုးကို သတိရလျက် သခင့်အတွက် အသုံးတော်ခံခဲ့ပါ၏။ ခရစ်တော် သခင်သည် ၄င်းတို့အား ပုံသက်သေကောင်းကို ပြသခဲ့လေပါပြီတကား။ သူတို့တတွေ သခင့်ကို ကျေးဇူးတင်ကြပါ၏။

မိမိကိုယ်ကို ကယ်တင်ပိုင်ရှင် ယေရှုသခင်၏ နောက်တော်လိုက် (ခရစ်ယာန်များ) ဟု ခေါ်ဝေါ်ကြသူများတွင် အနှိမ်ခံအပါယ်ရတနာများကို မထီလေးစားပြုကာ ရှောင်ဖယ်ကောင်းရှောင်ဖယ်ကြပါမည်။ သို့သော် လည်း မည်သည့်ဘဝမျိုးမှာမဆို အခြေအနေမဲ့ကာ ဆွေမျိုးမရှိ ဉစ္စာကင်း မဲ့ကာ ပညာနည်းသူပင်ဖြစ်ပါသော်လည်း ခရစ်တော်သခင်၏ ချစ်မေတ္တာ သည် ထိုသူအပေါ်မပြောင်းလဲပါချေ။

ဧဝံဂေလိတရားတော် သတင်းကောင်း၏ ဖိတ်ခေါ်ချက်သည် လူသတ္တဝါအားလုံးဆီသို့ ကြွေးကြော်ရန်ဖြစ်ပါသည်။ ယေရှုသည် ယာကုပ် ၏ရေတွင်းအနားမှာ ခရီးပန်း၍ အားနည်းကာနေသော်လည်း၊ အပြစ်ကို ပြောင်ကျကျကျူးလွန်နေသော သူစိမ်းတစ်ရံဆံဖြစ်သော ဂျူးလူမျိုးတို့၏ အနှိမ်ခံရှမာရိမိန်းမနှင့် စကားပြောခွင့်ကိုမူ လျစ်လျူရှုတော်မမူခဲ့ပါချေ။

ကိုယ်တော်သည် တစ်ဦးစပ်နှစ်ဦးစပ်နှင့် မိမိအပါးသို့ ချဉ်းကပ် လာကြကုန်သောသူတို့ကို ဘဝ၏ သင်ခန်းစာတရားပေးအစီအစဉ်ကိုအမြဲ စတင်လေ့ရှိပါသည်။

ထိုနောက်မှ ဖြတ်သွားဖြတ်လာလူတို့သည် ရပ်တန့်ကာနားထောင် ကြသဖြင့် လူစုလူဝေးကြီးအဖြစ်သို့ရောက်ကာ ထိုသူတို့သည် ကိုယ်တော်မှ တစ်ဆင့်ကြားနာရသောဘုရားသခင်၏ နှုတ်ထွက်စကားတော်ကို အံ့ဩ ကြောက်ရွံ့စွာတရားနာခဲ့ကြပေသည်။သခင်ခရစ်တော်၏ယခုခေတ် အမှုတော် ဆောင်တို့သည်လည်း ထိုနည်းတူပြုသင့်ကြပါ၏။

တရားနာပရိသတ်သည် တစ်ယောက်တည်းရှိသည်ဆိုဦးတော့၄င်း၏ ဩဇာသက်ရောက်မှုသည် မည်မျှခရီးရောက်မည်ကို အဘယ်သူပြောနိုင် အံ့နည်း။

ရှမာရိအမျိုးသမီးသည် ယေရှုသခင်၏ တပည့်တော်များထက်အမှု တော်ဆောင်လုပ်ငန်းတွင် ထိရောက်ပီပြင်မှုရှိကြောင်း သက်သေပြနေပါ၏။ ၄င်းတို့အထင်သေးခဲ့သော ထိုမိန်းမအားဖြင့် တစ်မြို့လုံးရှိလူတို့သည် ကယ်တင်ပိုင်သူ ယေရှုသခင်၏ တရားတော်ကို နားထောင်ရန် ခေါ်ဆောင် ခြင်းကိုခံခဲ့ကြရပါသည် မဟုတ်လော။ စစ်မှန်သောဘုရားသခင် တပည့် တော်တိုင်းသည် ဘုရားသခင်၏ နိုင်ငံတော်အတွက် သာသနာပြုတစ်ဦး အနေဖြင့် ဖွားမြင်ခြင်းကိုခံရပါမည်။ အသက်ရေကို သောက်သုံးသော သူမည်သည်ကား အသက်စမ်းရေပေါက်ဖြစ်လာရပေမည်။ ရယူသူသည် ပေးကမ်းသူဖြစ်လာရပေမည်။ ခရစ်တော်သခင်၏ ကျေးဇူးတော်ကို ခံစား ရသောသူသည် သဲကန္တာရထဲမှာရှိသောစမ်းရေတွင်းနှင့်တူပေ၏။ အိုအစစ် ဟုဆိုရပါမည်။ ပျက်စီးဆုံးပါးလုမတတ်ဖြစ်နေသော လူသတ္တဝါအပေါင်း တို့အား ပြန်လည်လန်းဆန်းငြိမ်းအေးစေရန် ပန်းထွက်လာသော သဘာဝ စမ်းရေပေါက်ကဲ့သို့ပင် မဟုတ်တုံလော။

-o-

# အခန်း (၂၀)
# သင်တို့သည်အံ့ဩဖွယ်
# နိမိတ်လက္ခဏာများကိုမမြင်ရလျှင်

(ဤအခန်းသည် ယောဟန် ၄း၄၃-၅၄ ကိုအခြေပြုထားသည်။)

ပသခါပွဲမှပြန်လာကြသူ ဂါလိလဲလူတို့သည် ယေရှုသခင်၏ အံ့ဩဖွယ်လုပ်ဆောင်မှုသတင်းတို့ကို ယူဆောင်လာခဲ့ကြပါ၏။ လူများစွာတို့မှာ မြင်တွေ့ခဲ့ရသော ဗိမာန်တော်အတွင်း ဆိုးရွားသောအကျင့်ဓလေ့များ၊ ယဇ်ပုရောဟိတ်တို့၏ လောဘကြီးခြင်းများနှင့် မာန်မာနထောင်လွှားမှုများကြောင့် စိတ်မချမ်းသာကြပါ။ သူတို့တတွေအမြင်နှင့် ဗိမာန်တော်မှထိုအကြီးအကဲများကို ထွက်ပြေးစေသော ထိုလူသားကြီးမှာ မိမိတို့စောင့်မျှော်နေသော ကယ်တင်ပိုင်ရှင် မေရှိယဖြစ်နိုင်သည်ဟု မျှော်လင့်ခဲ့ကြပေသည်။

သူတို့မျှော်လင့်ခဲ့သည့်အတိုင်း ထိုပုရောဖက်သည် မိမိကိုယ်ကို မေရှိယသခင်ဟု ကြေညာခဲ့ပါကြောင်း သတင်းစုံကအတည်ပြုခဲ့ပါလေပြီ။

သူတို့တတွေ ဝမ်းမြောက်ကြ၏။ ကာနမြို့ထဲသို့ ခရစ်တော်ကြွလာတော်မူသည်ဟူသောသတင်းသည် မကြာမီအတွင်း ဂါလိလဲတစ်ပြည်လုံးသို့ပျံ့နှံ့သွားတော့သည်။ ထိုသတင်းကို ကြားသောကပေရနောင်မြို့နေဘုရင့် အမှုတော်ဆောင် ဂျူးလူမျိုးအမတ်တစ်ယောက်သည် စိတ်ဝင်စားသွား၏။

ထိုသူ၏ သားငယ်၌ ကုသ၍မပျောက်နိုင်သောရောဂါဆိုးကြီးတစ်ခုစွဲကပ်နေပါသည်။ ဖခင်သည်ယေရှုအကြောင်းကို ကြားသိရသောအခါ မိမိသားအတွက် အကူအညီတောင်းမည်ဟု စိတ်ဆုံးဖြတ်လိုက်လေ၏။

သူတောင်းပန်လျှင် ထိုသမားတော်ကြီးသည် သနားခြင်း ကရုဏာသက်ကာ သားငယ်မှာ ပြန်လည်ကျန်းမာလာမည်ဟု မျှော်လင့်ခဲ့ပါသည်။

ကာနမြို့သို့ရောက်သော် ထိုအမတ်သည် ယေရှု၏ ရှေ့တော်မှောက်သို့မရမကတိုးဝင်သွား၏။ ယေရှုကိုတွေ့လေသော် ယေရှုသည် ခရီးသွားတစ်ဦးပမာ ဝတ်စုံမှာလည်း ဖုန်များဖြင့်ပေရေညစ်ထေးလျက်အထင်ကြီးစရာပုံပန်းမရှိသည်မို့ မိမိ၏ ယုံကြည်ခြင်းသည် ယိမ်းယိုင်သွားခဲ့ပါ၏။

သို့တစေလည်း သူသည် ယေရှုနှင့်တွေ့ဆုံလျက် မိမိလာရင်းကိစ္စကိုပြောဆိုကာ မိမိနှင့်အတူ နေအိမ်သို့ ကြွလာပါရန် တောင်းပန်ဖိတ်ခေါ် လိုက်လေသည်။

ထိုအမတ်သည် မိမိနေအိမ်မှမထွက်လာမီ ခံစားနေရသောစိတ်ဒုက္ခဆင်းရဲမှုကို ကိုယ်တော်ရှင်က ကြိုတင်သိမြင်ခဲ့ပြီဖြစ်ပါ၏။ ထို့အပြင်ထိုသူ၏စိတ်ထဲမှာလည်း ယေရှုသခင်အား ယုံကြည်သင့်မသင့် ချိန်ဆနေခဲ့ပုံကို သခင်သိမြင်ပါ၏။ သို့ဖြစ်၍ ထိုသူ၏ တောင်းပန်ချက်ကိုသခင်ကငြင်းပယ်ခဲ့မည်ဆိုက ထိုအမတ်သည် ယေရှုကို မေရှိယသခင်အနေဖြင့် လက်သင့်ခံမည်မဟုတ်တော့ပါ။ ထိုအမတ်သည် စိတ်မဝေခွဲနိုင်ဘဲ သံသယရှိနေစဉ်မှာ ယေရှုက “သင်သည် နိမိတ်လက္ခဏာနှင့် အံ့ဩဖွယ်သောအမှုတို့ကို မမြင်ရလျှင် ယုံကြည်လိမ့်မည်မဟုတ်” ဟု မိန့်တော်မူလိုက်ပါသည်။

ကယ်တင်ပိုင်သူ ယေရှုသခင်သည် မယုံကြည်မှု သံသယနှင့်မေးခွန်းထုတ်နေသည့် ဣဂျူးလူမျိုးအမတ်နှင့်နိမိတ်လက္ခဏာ တစ်ခုကိုမျှတောင်းဆိုခြင်းမပြုခဲ့သော ရှမာရိလူတို့၏ ယုံကြည်ခြင်းကို ကွဲပြားခြားနားအောင်သိသာရန် ယှဉ်၍ ပြသတော်မူခဲ့ပေသည်။ ကိုယ်တော်၏ ဆိုစကားသည် ၎င်းတို၏ စိတ်နှလုံးသို့တိုင် ထိုးဖေါက်ဝင်ရောက်ကာ နားလည်စေသည်တန်ခိုးရှိကြောင်း ပြပါသည်။ အမှန်တရားကို အပ်နှင်းခြင်းခံရသော

မိမိလူမျိုးတို့သည် သားတော်ယေရှုမှတစ်ဆင့် ၎င်းတို့အား မိန့်တော်မူသောဘုရားသခင်၏ အသံတော်ကို သူတို့သည် နားမထောင်ပျက်ကွက်ခဲ့သောကြောင့် ခရစ်တော်ယေရှုသည် နာကျင်မှုဝေဒနာကိုခံစားရပါသည်။

သို့ပါသော်လည်း ထိုအမတ်၌ ယုံကြည်ခြင်းအားကောင်းပါ၏။ အကြောင်းသော်ကား သူသည် ကောင်းချီးမင်္ဂလာတကာတွင် သူ့အတွက် အကောင်းဆုံးဟု ထင်မှတ်ရသော ကောင်းချီးမင်္ဂလာကို လာရောက်တောင်းခံသောကြောင့်ဖြစ်၏။

ကိုယ်တော်သည် ထိုကလေးငယ်ကိုအနာရောဂါမှ ပျောက်ကင်းစေလိုသည်သာမက ထိုအမတ်နှင့်မိသားစုဝင်တို့အားလုံးသည် ကယ်တင်ခြင်းကောင်းချီးမင်္ဂလာကို မျှဝေခံစားရန်အပြင် ကပေရနောင်မြို့မှာ တရားအလင်းစတင်အလင်းဆောင်ရန်ကိုလည်း သခင်အလိုတော်ရှိပေသည်။ သို့ရာတွင် ထိုအမတ်ကြီးသည် ယေရှုသခင်၏ ကျေးဇူးတော်ကိုမရယူမီ မိမိ၏ လိုအပ်ချက်ကို သိရှိမှတ်သားရမည်ဖြစ်ပါသည်။ မိမိ၏ လူမျိုးအများစုက ယေရှုသခင်ကို စိတ်ဝင်စားကြသည်အရာမှာ မိမိတို့၏ ကိုယ်ကျိုးအတွက် မျှော်လင့်ချက်ထားရှိခဲ့ကြပေသည်။ သူတို့သည် ဤလောကနှင့်ပတ်သက်သောမမြဲသည့် ကောင်းချီးမင်္ဂလာသက်ရောက်စေရေးအတွက်သာ ၎င်းတို့၏ယုံကြည်ခြင်းကို အခြေစိုက်ထားကြပါ၏။ မိမိတို့၏ ဝိညာဉ်ရေးရာရောဂါများကိုမူ သတိမမူမိ၍ မသိရှိခဲ့ကြဘဲရှိနေရကား ဘုရားသခင်၏ကျေးဇူးတော်လိုအပ်ကြောင်းကို သူတို့မတွေ့မြင်ခဲ့ကြပါချေ။

ကယ်တင်ရှင်ယေရှု၏ နှုတ်တော်ထွက်စကားသည် ထိုအမတ်၏ စိတ်နှလုံးထဲသို့ လျှပ်တစ်ပြက်ရိုက်ချက်ကြောင့် လင်းထိန်သွားလေပါပြီ။ သူ၏ တောင်းဆိုမှုတွင် ကိုယ်အကျိုးကိုကြည့်သော သဘောပါနေကြောင်း သူမြင်၏။ ယိမ်းယိုင်နေသော သူ၏ယုံကြည်ခြင်းသည် ဇာတိရုပ်အမှန်အတိုင်း သူ့ကိုထင်ရှားပြသနေပါပြီ။ သံသယစိတ်က မိမိသားငယ်၏အသက်ကိုပင် ဘေးဖြစ်စေနိုင်ကြောင်း သူမြင်လာပါသည်။ ထိုတရားကို

သူမြင်လာသဖြင့် စိတ်မကောင်းပါ။ သူသည် မိမိ၏ စိတ်နှလုံးကိုဖတ်နေသောပုဂ္ဂိုလ်တော်တစ်ပါးရှေ့မှောက်မှာ ရောက်ရှိနေကြောင်းကိုလည်းကောင်း၊ အရာရာကိုတတ်စွမ်းနိုင်သော တန်ခိုးရှင်ဖြစ်ကြောင်းကိုလည်းကောင်း သူသိပါ၏။ ထို့ကြောင့် "သခင်၊ ကျွန်ုပ်သားမသေမီ ကြွလာတော်မူပါ" ဟု စိတ်နှလုံးချမ်းမြေ့စွာဖြင့် တောင်းလျှောက် အသနားခံဟစ်ကြွေးခဲ့ပါသည်။ ယာကုပ်သည် ကောင်းကင်တမန်နှင့် နပန်းလုံးစဉ် "ကိုယ်တော်သည် ကျွန်ုပ်ကို ကောင်းချီးမပေးလျှင် မသွားရ" ဟု ဟစ်ကြွေးကာ ဖက်ထားသကဲ့သို့ ထိုအမတ်၏ ယုံကြည်ခြင်းသည် ခရစ်တော်ကို စွဲကိုင်ထားခဲ့ပါသည်။

ထိုအမတ်သည် ယာကုပ်ကဲ့သို့ပင် အောင်မြင်ခဲ့၏။ မိမိထံ၊ အကူအညီတောင်းခံလာသူကို ငြင်းပယ်လေ့မရှိသော ယေရှုသခင်က "သွားလော့၊ သင်၏သားသည် အသက်ချမ်းသာရပြီ" ဟု မိန့်တော်မူလိုက်လေသည်။ ထိုအခါ အမတ်သည် ယခင်က မခံစားခဲ့ရဖူးသော ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းကြီးစွာနှင့် ကယ်တင်ပိုင်သူသခင့် ရှေ့တော်မှောက်မှထွက်ခွာသွားခဲ့ပါသည်။

ယေရှုမိန့်တော်မူသောအချိန်မှာပင် ကပေရနောင်မြို့ရှိနေအိမ်၌ သေလုမြောပါးဖြစ်နေသော လူကလေး၏အနားမှာ ပြုစုနေကြသူတို့သည် နားလည်ဖို့ရန် ခက်ခဲလှသောတစ်မဟုတ်ချင်း ပြောင်းလဲမှုဖြစ်ရပ်မှန်ကို တွေ့မြင်ရပါသည်။ ကလေးငယ်၏ သေမင်းအရိပ်လွှမ်းမိုးသော ဖြူပပ်ဖြူရော်မျက်နှာမှာလည်း ပန်းနုရောင်သန်းလျက် ကျန်းမာပကတိဖြစ်လာခဲ့ပေ၏။

ကလေးငယ်တွင် ရောဂါဖိစီးခြင်း အရိပ်အမြွက်ကိုမျှ မတွေ့မြင်ရတော့ချေ။ ခြစ်ခြစ်တောက်ပူနေသောသူ၏ သွေးသားတို့သည် နူးညံ့စိုစွတ်လာ၍ သူသည် ငြိမ်သက်စွာ အိပ်မောကျသွားပါတော့သည်။ မိသားစုများအံ့သြဝမ်းမြောက်ခဲ့ရလေပြီကော။

ထိုအမတ်သည် ယေရှုသခင်နှင့်တွေ့ဆုံစကားပြော အကူအညီတောင်းပြီးသည်နောက်မှာ ကပေရနောင်မြို့ရှိမိမိအိမ်သို့ နေ့ချင်းပြန်လျှင်ရောက်ရှိနိုင်ပါ၏။ သို့သော်လည်း သူသည် အိမ်ပြန်ဖို့ရန် မလောခဲ့ပါ။ နောက်တစ်နေ့နံနက်ခင်းရောက်မှ ကပေရနောင်မြို့သို့ ပြန်လည်ရောက်ရှိခဲ့လေ၏။ အိမ်အပြန်ခရီးကို သူသည် ဘယ်အတွက်ကြောင့် ယခုကဲ့သို့ ဖြည်းဖြည်းဆေးဆေးလုပ်နေရပါလိမ့်။ အကြောင်းတော့ရှိပါလိမ့်မည်မဟုတ်လော။

ထိုအမတ်သည် ခရစ်တော်သခင်ကို တွေ့မြင်ရန် သွားသောအချိန်တွင် သူ၏စိတ်နှလုံးသည် လေးလံလျက်ရှိခဲ့၏။ ယခုခံစားနေရပုံနှင့်ကွာခြားလှပေစွ။ သူသည် ငြိမ်သက်နေသောနံနက်ခင်းမှာ ခရီးသွားနေစဉ်သဘာဝလောကတစ်ခုလုံးက သူနှင့်အတူတကွ ဘုရားသခင်ကို ချီးမွမ်းထောမနာပြုနေသယောင်ခံစားမိပါ၏။

သူသည် အိမ်သို့တာစူနေသော်လည်း ရောက်ဖို့ဝေးနေပါသေးသည်။ သူ့အားသတင်းကောင်းပါးရန် ရည်ရွယ်ချက်နှင့် အိမ်မှအစေခံကျွန်များသည် ပြေးထွက်လာ၏။ ကျွန်တို့ပေးသောသတင်းကောင်းကြောင့် ထိုအမတ်သည် မအံ့သြသွားပါ။ ထိုကလေးငယ်ဘယ်အချိန်မှ ကျန်းမာပကတိဖြစ်သွားပါသလဲဟုသာ ကျွန်တို့အား မေးမြန်းလိုက်လေသည်။"မနေ့က ခုနစ်နာရီအချိန်မှာဖျားနာပျောက်ပါသည်" ဟု ဖြေကြလေသည်။ထိုအချိန်ကား "သင့်သားအသက်ချမ်းသာရပြီ" ဟု ယေရှုမိန့်တော်မူသောအချိန်ဖြစ်ပါသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်သည် သေလုဆဲဆဲကလေးငယ်အားတို့ထိသဖြင့် ချမ်းသာရခဲ့လေပြီကော။

အဖေဖြစ်သူသည် သားအားနှုတ်ဆက်ရန် ခြေလျင်နှုန်းတင်လိုက်ပါ၏။ သားကိုတွေ့သော် သေရွာပြန်ကလေးငယ်အား ပိုက်ပွေ့လိုက်ပြီး ဤကဲ့သို့ အံ့သြဖွယ်ကောင်းသော ပြန်လည်ကျန်းမာလာမှုအတွက်သူသည် ဘုရားသခင်အား အထပ်ထပ်အခါခါ ကျေးဇူးတင်ခဲ့ပါလေသည်။

နောင်သောအခါ ထိုအမတ်သည် ယေရှုသခင်၏ အကြောင်းကို ပိုမိုလေ့လာသလို သူနှင့်သူ၏အိမ်သားစုတစ်ခုလုံးက တပည့်တော်များဖြစ်လာခဲ့ကြပေသည်။ ဤထူးဆန်းနိမိတ်လက္ခဏာသတင်းသည် ကပေရနောင်မြို့မှာ ယေရှုခရစ်တော်၏ ပုဂ္ဂလိကအမှုတော်မြတ်ဆောင်ရွက်မှုအတွက် လမ်းခင်းပြင်ဆင်ပေးခဲ့ပါသည်။

ကျွန်ုပ်တို့သည်လည်း ပူပင်သောကရောက်ခဲ့သည့် ထိုဖခင်ကဲ့သို့ ပင်လောကကောင်းကျိုးများကို ရယူလိုသောဆန္ဒဖြင့်သာ ခရစ်တော်ဘုရားကိုရှာဖွေလေ့ရှိကြပါသည် မဟုတ်လော။ ၎င်းအပြင် ကျွန်ုပ်တို့၏တောင်းခံချက်ကို သခင်ကြားနာအဖြေပေးမှသာလျှင် သခင်ကို ချစ်တုံ့ပြန်တတ်ကြသည်မဟုတ်လော။ ကယ်တင်ပိုင်ရှင် ယေရှုသခင်သည် ကျွန်ုပ်တို့တောင်းလျှောက်သည်ထက်ပို၍ ပေးကမ်းလိုပါ၏။

ကျွန်ုပ်တို့တောင်းလျှောက်သည်များကိုပေးဖို့ရန် သခင်တုံ့ဆိုင်းနေရခြင်း၏အကြောင်းရင်းမှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့သည် မိမိတို့၏ ဆိုးညစ်သောစိတ်နှလုံးသဘောထားတို့ကို ရှုမြင်ရန်နှင့် ဤအဖြစ်မှန်၌ ကျွန်ုပ်တို့သည် ယေရှုသခင်၏ ကျေးဇူးတော်ကို လိုအပ်နေကြောင်း သိမြင်ရန်အဖြေကို ဆိုင်းငံ့ထားခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ခိုကိုးရာမဲ့ခြင်းနှင့် အမှန်တကယ်လိုအပ်ချက်များကို ဝန်ခံလျက် ကိုယ်တော်ရှင်ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်ကိုလုံးလုံးလျားလျားယုံကြည်ကိုးစားရပါမည်။

ထိုအမတ်သည် ယေရှုသခင်အား မယုံကြည်မီ မိမိ၏ဆုတောင်းချက်ကိုပြည့်စုံစေရန် အလိုရှိပါသည်။ ဤတွင် သူသည် ယေရှုသခင်၏ အမိန့်တော်ကို လက်ခံရမည်ဖြစ်၏။ အမိန့်တော်ကို နာခံပြီးမှ ထိုသူ၏ ပန်ကြားချက်မှာ ကောင်းချီးမင်္ဂလာအဖြစ်သို့ ပြောင်းလဲခဲ့ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဆုတောင်းချက်ကို နားညောင်းကြောင်း သိမြင်ခံစားရသည်မို့ ဘုရားသခင်ကို ယုံကြည်သည်မျိုးမဟုတ်ဘဲ

ကိုယ်တော်သခင်၏ ပေးထားသော ကတိတော်များကို ကျွန်ုပ်တို့ကယုံကြည် စွဲလမ်းအားကိုးရန်ဖြစ်ပါသည်။ ကိုယ်တော်ရှင် ဘုရားသခင်ထံတော်မှကောင်း ချီးမင်္ဂလာကို တောင်းခံတိုင်းမှာရရှိပြီဟု ကျွန်ုပ်တို့ယုံကြည်ထားရပါမည်။ ထိုတောင်းလျှောက်ချက်အဖြေကို ရရှိပြီဟူသော စွဲလမ်းမှုမျိုးကိုအခြေခံ၍ ဘုရားသခင်ကို ကျေးဇူးတင်လိုက်ပါ။ ၄င်းနောက် မိမိလုပ်ဆောင်စရာရှိ
သည်များကို တာဝန်သိသိသစ္စာရှိရှိ ဆက်လက်လုပ်ဆောင်သွားပါ။ ကျွန်ုပ်တို့တောင်းလျှောက်လေသမျှသော ကောင်းချီးမင်္ဂလာအဖုံဖုံတို့သည် ကျွန်ုပ်တို့အလိုအပ်ဆုံးအချိန်မှာ ရရှိသည်ကို မြင်တွေ့ခံစားရပါလိမ့်မည်။

-၀-

# အခန်း (၂၁)
# ဗေသေသဒနှင့်ဆန်ဟီဒရင်

(ယောဟန် ၅ ကိုအခြေပြုထားပါသည်။)

"ယေရုရှလင်မြို့၌ သိုးတံခါးနားမှာ ဟေဗြဲဘာသာစကားဖြင့် ဗေသေသဒအမည်ရှိသော ကန်ရှိ၏။ ထိုကန်သည် ကနားပြင်ငါးဆောင်နှင့်ပြည့်စုံ၏။ ထိုကနားပြင်တို့၌ မျက်စိကန်း၊ ခြေမစွမ်း၊ ကိုယ်ပိန်ခြောက်သောသူတို့မှစ၍ အနာရောဂါစွဲကပ်သောသူများအပေါင်းတို့သည် ရေလှုပ်ရှားခြင်းကို မျှော်လင့်၍နေကြ၏။"

လှုပ်ချိန်တန်သော် ထိုကန်ထဲမှရေသည် လှုပ်၏။ ဤသည်ကို သဘာဝလွန် အင်အားရှင်ကောင်းကင်တမန်တစ်ပါးကပြုသည်ဟု ယုံကြည်ကာရေထဲသို့ ပထမဦးဆုံးဆင်းနိုင်သူသည် အနာရောဂါမှကင်း၍ ကျန်းမာပကတိဖြစ်ရ၏ဟု ယုံကြည်ကြပါသည်။ သို့ဖြစ်၍ ရာနှင့်ချီသောရောဂါသည်တို့သည် ကန်ဝန်းကျင်မှာ စုရုံး၍နေကြ၏။

သို့သော်လည်း စုရုံးသူများလွန်းသောကြောင့်ရေလှုပ်သော် ရေကန်ထဲသို့ ရောက်ဖို့အရေးသူ့ကိုငါကျော်၊ ငါ့ကိုသူကျော်နှင့် မိန်းမ၊ ယောကျ်ား၊ ကလေးသူငယ်အားနွဲ့သူတို့သည် အနင်းခံရကြကုန်၏။

ဤသို့လျှင် ရောဂါပျောက်ဖို့နေနေသာသာ အသက်ပျောက်ကြရသူများလည်းရှိပါသည်။ ကန်ဘောင်ထက်မှာ လူမမာတို့ခိုနားစရာဖို့ အမိုးအကာများတည်ဆောက်ပေးထားပါ၏။ တချို့သော လူမမာတို့သည်လည်း မိမိတို့သက်သာပျောက်ကင်းမှုရရှိရေးအတွက် မျှော်လင့်ချက်နှင့်နေ့တိုင်းအစဉ် ရေကန်ဘောင်စပ်သို့တွားသွားလျက် ကနားပြင်များတွင် ညအချိန်ကိုကုန်လွန်စေခဲ့ကြလေသည်။

ယခုတွင် ယေရှုသည် တစ်ဖန် ယေရုရှလင်မြို့မှာ ရှိနေပြန်၏။ ကိုယ်တော်သည် တရားတော်ကို ရှုမှတ်ရန်နှင့်ဆုတောင်းရန် ရေကန်အနီး သို့တစ်ပါးတည်းလျှောက်လှမ်းလာခဲ့ပါသည်။ ရေအလှုပ်ကိုစောင့်မျှော်နေကြကုန်သော မသန်မစွမ်း ဒုက္ခိတရောဂါသည်များကို ကိုယ်တော်သည်မြင်တွေ့တော်မူသောအခါ လူမမာတိုင်းကို ရောဂါပျောက်အောင်မိမိ၏ပျောက်စေတန်ခိုးကို အသုံးပြုလိုလှပေသည်။ သို့သော် ထိုနေ့ရက်သည် ဥပုသ်နေ့ဖြစ်၏။

ထိုသို့သောနေ့ရက်မြတ်မှာ ဘုရားကျောင်းလာဥပုသ်သည်တို့များစွာရှိ၏။ ဥပုသ်နေ့တွင် ရောဂါကုသပေးခြင်းသည် အယူသည်းသူယုဒလူမျိုးတို့အဖို့ တစ်ဖက်သတ်အထင်လွဲမှုကို နှိုးဆော်ပေးရာရောက်မည်ဖြစ်သဖြင့် မိမိ၏ အမှုတော်မြတ်ကိုလည်း ရုတ်တရက်ရပ်တန့်သွားစေနိုင်သည်ဖြစ်ရကားကိုယ်တော်သည် သိမြင်သည်နှင့် မထင်မရှားနေလေသည်။

သို့စေကာမူ ကယ်တင်ပိုင်သူ သခင်ဘုရားသည် ဆိုးဆိုးရွားရွားအတိဒုက္ခရောက်နေရှာသော ခြေလက်သေသူတစ်ဦးကို တွေ့မြင်ခဲ့လေသည်။

ထိုသူသည် သုံးဆယ်ရှစ်နှစ်လုံးလုံး ခိုကိုးရာမဲ့နှင့် ထိုဝန်းကျင်မှာပင် တုံးလုံးနေရရှာ၏။ သူ့ကို မည်သူကမှ ဂရုမစိုက်မကူညီပါ။ သူသည် မိမိ၏ အပျော်အပါးလိုက်စားမှုအပြစ်ဒုစရိုက်များကြောင့် ဘုရားသခင်၏တရားစီရင်မှုကို ခံရသူဖြစ်သည်ဟု စွဲမှတ်ကြလေသည်။ ဘုရားသခင်၏သနားခြင်း ကရုဏာနှင့်မတန်သူပါဟူ၍လည်း သူ့အားဘေးဖယ်ကာထားကြလေသည်။ မိမိ၏ ဖြစ်ရပ်မှန်ကိုလည်း ပြန်လည်သုံးသပ်သတိရတိုင်းငင်းသည် အဖော်မဲ့အထီးကျန်ဘဝဖြင့် ဤရောဂါဆိုးကို စိတ်ဆင်းရဲစွာခံစားနေရသည်မှာ နှစ်ပေါင်းများစွာ ရှိနေပါလေပြီ။ ရေလှုပ်လာတော့မည့် အရိပ်အယောင်များပေါ်လာချိန်မှာ သူ၏ အကူအညီမဲ့နေရမှုကိုမြင်၍ သနားကြသူများသည် သူ့အား ကနားပြင်အနားသို့အရောက်ချီမ၍သယ်ယူ

ခဲ့ကြပါသော်လည်း ရေလှုပ်သောတစ်ခဏအချိန်တွင်မူ သူ့အားရေကန်ထဲသို့ချပေးမည့်သူတစ်ဦးတစ်ယောက်မျှ မရှိပါပြီ။ သူသည် ရေလှိုင်းပွက်ထမှုများကိုသာ မြင်တွေ့ခဲ့ရပါသော်လည်း ရေကန်အစွန်းနားနှစ်ဖက်ဆီသို့ တိုး၍မရောက်နိုင်ခဲ့ချေ။ သူ့ထက်ခွန်အားရှိသူများ ရေကန်ထဲသို့ဆင်းသက်နိုင်ခဲ့သည်မဟုတ်ပါလား။

ဤကဲ့သို့လျှင် ရည်ရွယ်ချက်တစ်ခုအတွက် သူ၏ မလျှော့သောလုံ့လ၊ မဆုတ်မနစ်သောကြိုးစားအားထုတ်မှုများနှင့် အဆက်မပြတ်ကြုံတွေ့နေရသောစိတ်ပျက်မှုဒဏ်ချက်များကြောင့် မရှိမဲ့ရှိမဲ့သူ့ခွန်အားအကြွင်းအကျန်ကလေးသည် အလျင်အမြန်လျော့ပါးဆုတ်ယုတ်စေလျက်ရှိပေတော့သည်။

ထိုလူမမာသည် မိမိဖျင်တစ်ချပ်အပေါ်မှာ ကျောခင်း၍နေပါ၏။ နူးညံ့သိမ်မွေ့၍ သနားကြင်နာစိတ်ရှိသူမျက်နှာရှင်တစ်ဦးသည် သူ့အားငုံ့၍ကြည့်ရှုကာ "သင်သည် ကျန်းမာခြင်းသို့ရောက်လိုသလော" ဟူ၍ မေးလိုက်ပါသည်။ ထိုအာရုံကို လူမမာသည် လက်လွှတ်မခံပါပြီ။ လျှပ်တစ်ပြက်မျှော်လင့်ချက် ရောင်ခြည်လင်းတန်းကို သူမြင်လိုက်ရ၏။ တစ်နည်းနည်းနှင့် အကူအညီရချေတော့အံ့ဟု စိတ်အားတက်ကာ ခံစားမိလေသည်။ သို့သော် မျှော်လင့်ချက်ရောင်ခြည်သည် မကြာမီမှာပင်ပျောက်လွင့်သွားကုန်၏။ ရေကန်ထဲသို့ ဆင်းသက်ရန်သူသည် ကြိမ်ဖန်များစွာကြိုးစားခဲ့ဖူးပြီကို သတိရအောက်မေ့၏။ သို့သော်လည်း အချည်းနှီးဖြစ်ခဲ့ရသည်ချည်းဖြစ်၏။ သို့ဖြစ်၍ သူက "သခင်၊ ရေလှုပ်ရှားသောအခါ ရေကန်ထဲသို့အကျွန်ုပ်ကိုသွင်းထားမည့်သူမရှိပါ။ အကျွန်ုပ်သွားစဉ်တွင် အခြားသောသူသည် အကျွန်ုပ်ရှေ့မှာဝင်တတ်ပါသည်" ဟု လျှောက်ဆို၏။

ခရစ်တော်သခင်သည် ဤဒုက္ခိတကို မိမိအား ယုံကြည်ရန်မတောင်းဆိုခဲ့ပါ။ ရိုးရိုးကလေးပင် ပြောဆိုလိုက်သည်ကား "ထလော့၊

ကိုယ်အိပ်ရာကိုဆောင်၍ လှမ်းသွားလော့” ဟုသတည်း။ ထိုစကားကို ထိုလူသားသည် ယုံကြည်စွာဖြင့် ဆွဲကိုင်လိုက်ပါ၏။

ဤခဏခြင်းမှာပင်ငှင်း၏အကြောအခြင်များ၊ ကြွက်သားဆိုင်များ တို့သည် နိုးကြွကျန်းမာလာ၍ သန်စွမ်းခိုင်မာသော ဘဝသစ်အသက်တာ သည် ချည့်နဲ့ပျော့အိသောခန္ဓာကိုယ်နေရာမှာ အစားထိုးဝင်ရောက်လှုပ်ရှား လာပေသည်။ သူသည်မေးမနေတော့ဘဲ ခရစ်တော်၏အမိန့်တော်ကိုနား ထောင်ရန် ဆန္ဒပြုသတ်မှတ်လိုက်သည်နှင့် ရုတ်တရက်မတ်တတ်ထသဖြင့် မိမိကိုယ်ကိုဖျတ်လတ်သွက်လက်သောသူတစ်ယောက်အဖြစ် တွေ့မြင်ရပေ တော့သည်။

## ဝိညာဉ်ရေးဆိုင်ရာကုသမှု၏လျှို့ဝှက်ချက်

ထိုသူ၌ သံသယဝင်၍ အနာရောဂါပျောက်ကင်းရန် အခွင့် အလမ်းမှာ ဆုံးရှုံးသွားနိုင်ခဲ့ပါ၏။ သို့သော် သူသည် ယေရှုခရစ်တော် ၏စကားတော်ကို ယုံကြည်၍ မိန့်တော်မူသည်အတိုင်း ပြုလုပ်ဆောင်ရွက် ခဲ့သဖြင့် ခွန်အားသစ်ကိုရရှိခဲ့ပါသည်။

ထိုသို့သောယုံကြည်မှုမျိုးနှင့်ကျွန်ုပ်တို့သည် ဝိညာဉ်ရေးအနာရောဂါ ပျောက်ကင်းမှုကိုရရှိနိုင်ပါသည်။ အပြစ်ကြောင့်ကျွန်ုပ်တို့သည် ဘုရားသခင် ၏လန်းဆန်းစေနိုင်သောအသက်တာမှပြတ်တောက်မှုကိုခံခဲ့ရပြီး ကျွန်ုပ်တို့၏ အသက်ဝိညာဉ်သည်လည်းမသန်မစွမ်း ဖြစ်ရပေ၏။

ထိုဒုက္ခိတဝေဒနာရှင်မှာလမ်းလျှောက်ခြင်းငှာ မစွမ်းသာသကဲ့သို့ ကျွန်ုပ်တို့သည်လည်းမိမိတို့၏အစွမ်းအစနှင့်သန့်ရှင်းသောအသက်တာမျိုးကို မရရှိနိုင်ပေ။လူများစွာတို့သည်မိမိတို့၏အကူအညီ ကင်းမဲ့ခြင်းကိုသတိချပ်မိ သဖြင့်ဘုရားသခင်၏အလိုတော်နှင့်ညီညွတ်သောအသက်တာမျိုးနှင့်နေထိုင်ရန်

တောင့်တမျှော်လင့်နေကြပါသော်လည်း မရ။ အချည်းနှီးလုပ်ဆောင်ကြသည်ကို တွေ့ရပါ၏။ ထိုသူတို့အား သခင်ယေရှုသည် ငုံ့၍ကြည့်ရှုကာ နေပါသည်။ ထိုသို့ ရုန်းကန်ကြိုးစားနေသူတို့အား "သင်သည် ကျန်းမာခြင်းသို့ရောက်လိုသလော" ဟု နူးညံ့သိမ်မွေ့စွာသော ကြင်နာသံဖြင့်မိန့်တော်မူနေပါသည်။

သင်သည် ကျန်းမာမှုကိုခံစားရဖို့ စောင့်ဆိုင်းမနေပါနှင့်။ သခင်၏နှုတ်တော်ထွက်စကားကို ယုံကြည်ပါ။ ခရစ်တော်ယေရှုဘုရားသခင်ဘက်မှာရပ်တည်ရန် ဆုံးဖြတ်လိုက်ပါ။ သခင်မိန့်တော်မူသည်အတိုင်း သင်သည် လုပ်ဆောင်က ခွန်အားကိုရရှိပါလိမ့်မည်။ သင်သည်အချိန်ကြာမြင့်စွာ အပျော်အပါးလိုက်စားခဲ့ခြင်းကြောင့် ခန္ဓာဝိညာဉ်နှစ်ပါးစလုံးမှာ မကောင်းသောအကျင့်ဆိုးတွေမှာ ချုပ်နှောင်ခြင်းကို ခံစားရပါသော်လည်း သင့်အား ခရစ်တော်သခင်က ကယ်နုတ်နိုင်စွမ်းရှိပါသည်။ သခင်ဘုရားသခင်သည် "ဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော" (ဧဖက် ၂း၁) အသက်ဝိညာဉ်အား အသက်ကိုမျှဝေပါလိမ့်မည်။

ပြန်လည် ကျန်းမာလာလိုသောသူသည် မိမိအိပ်ရာဖြစ်သော ဖျင်ကြမ်းတစ်ပိုင်းနှင့် ခြုံစောင်ကလေးတစ်ထည်ကို ကုန်း၍ ကောက်ယူလိုက်ကာ အားရနှစ်သက်စွာဖြင့် မိမိကိုယ်ကိုမတ်စေပြီးမှ မိမိအားကူညီမစခဲ့သောသူကိုတွေ့မြင်ရန် ပတ်ဝန်းကျင်အား ကြည့်လိုက်ပါသည်။ သို့သော်လည်း ခရစ်တော်သခင်သည် လူအုပ်ကြီးထဲမှာပင် ပျောက်ကွယ်ခဲ့လေပါပြီ။

သူသည်မိမိရရှိသောခွန်အားသစ်ကြောင့် ပျော်ရွှင်ဝမ်းမြောက်စွာဖြင့်ဘုရားသခင်၏ကျေးဇူးတော်အပေါင်းကိုချီးမွမ်းထောမနာပြုလျက်ခိုင်မာသွက်လက်သော ခြေလှမ်းများဖြင့် လျှောက်လှမ်းလာရင်း လမ်းပေါ်မှာ ဖာရိရှဲတို့ကို တွေ့မြင်သည်နှင့် မိမိ၏ အနာရောဂါပျောက်ကင်းပြီဖြစ်ကြောင်းကို သက်သေခံ ပြောကြားလိုက်ပါသည်။ ထိုသက်သေခံ

ချက်စကားကို ဖာရိရှဲတို့သည် သွေးအေးအေးနှင့် နားထောင်နေကြပုံကို သူသည် မြင်တွေ့ရသောအခါ အံ့အားသင့်မိလေ၏။

ထိုဖာရိရှဲတို့သည် သုန်မှုန်သောမျက်နှာထားနှင့် ထိုဝမ်းမြောက်နေသူအား အဘယ်ကြောင့် ဥပုသ်နေ့မှာ အိမ်ရာထမ်းသနည်းဟုမေးလိုက်၏။

ထိုသူကား ဝမ်းမြောက်လှသောကြောင့် ဥပုသ်တော်နေ့ကိုပင် မေ့ပျောက်သွားခဲ့ရလေပြီကော။ သို့သော်လည်း ဘုရားသခင် တန်ခိုးခံရသောသူ၏ အမိန့်တော်ကိုနာခံခြင်း၌ အပြစ်မရှိဟု သူသည် ခံစားမိခဲ့ရကား "အကျွန်ုပ်ကို ကျန်းမာစေသောသူက ကိုယ်အိပ်ရာကိုဆောင်၍ လှမ်းသွားလော့" ဟု ဆိုကြောင်းကို ရဲဝံ့စွာပြန်၍ ပြောကြားလိုက်ပါသည်။ ထိုသို့သောလုပ်ရပ်ကို အဘယ်သူသည် ဥပုသ်နေ့မှာပြုဘိသနည်းဟု သူတို့က မေးမြန်းသော် ထိုသူသည် မပြောပြနိုင်ဘဲရှိခဲ့လေ၏။ တကယ်တော့ ဤယုဒခေါင်းဆောင်များတို့သည် ယေရှုသခင်ကို ဥပုသ်ချိုးဖေါက်သူအဖြစ် တရားစီရင်ချက်ချမှတ်ရန် လိုလားကြသဖြင့် တိုက်ရိုက်သက်သေကို ရှာနေကြသူများဖြစ်ပါသည်။ သူတို့၏ အလိုအရ ယေရှုသခင်သည် ဥပုသ်နေ့မှာ လူနာကိုကုသပေးခြင်းအတွက် ပညတ်တော်ကို ချိုးဖေါက်ရုံမျှမက ထိုသူအား အိပ်ရာကိုဆောင်သွားရန် အမိန့်ပေးခြင်းဖြင့် ဘုရားသခင်ကို မခန့်မညားပြုသည်ဟု စီရင်ခဲ့ကြလေသည်။

## အဓိပ္ပါယ်ကင်းမဲ့သော တောင်းဆိုမှုများ

ယုဒလူတို့သည် အဓိပ္ပါယ်မဲ့သော တောင်းဆိုမှုများ ထုတ်ပြန်ခြင်းဖြင့် ပညတ်တော်ကို ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့ပါသည်။ ဤသည်က တခြားလူမျိုးတို့အလယ်တွင် ကဲ့ရဲ့စရာဖြစ်လာ၏။ လွဲမှားစွာ ကျင့်သုံးနေခြင်းလည်းဖြစ်ပါသည်။ ယုဒလူမျိုးတစ်ယောက်သည် ဥပုသ်တော်နေ့မှာ ဖယောင်းတိုင်မီးထွန်းခြင်း၊ မီးမွှေးခြင်းအမှုကို လုပ်ဆောင်ခွင့်မရှိပေ။

သို့ဖြစ်ရကား ဤလိုကိစ္စရပ်မျိုးတွေမှာ မိမိတို့အတွက် ခွင့်ပြုချက်မရရှိသဖြင့် အခမ်းအနားအတော်များများတွေမှာ တစ်ပါးအမျိုးသားတို့ကို အားကိုးမှီခိုကြပေသည်။

သူတို့တတွေအနေဖြင့် တစ်ပါးအမျိုးသားတို့အတွက်မှာ ကယ်တင်ခြင်းသည်မရှိ။ ကယ်တင်ခြင်းသည် ယုဒလူမျိုးအတွက်သာဟူ၍ စွဲလမ်းနေကြပါသည်။ သို့ဖြစ်၍ မျှော်လင့်ချက်မရှိသည့်တစ်ပါးအမျိုးသားတို့အဖို့ ထိုသို့မီးထွန်း၊ မီးညှိခြင်းအတွက် ပိုမို၍ မဆိုးဝါးနိုင်တော့ဟူ၍ မိမိတို့၏အမျိုးသားရေး၌ စိတ်ကြီးဝင်ကာ တစ်ပါးသူတို့အား အထင်အမြင်သေးကြလေ၏။ သို့ရာတွင် ဘုရားသခင်သည် ခပ်သိမ်းသောလူတို့နားမထောင်မစောင့်ရှောက်နိုင်သော မည်သည့်ပညတ်ကိုမဆို မပေးကြောင်း သူတို့မေ့ထားကြလေပါပြီ။

ယေရှုသခင်သည် မိမိ ကျန်းမာစေခဲ့သောလူကို ဗိမာန်တော်ထဲမှာပြန်တွေ့ခဲ့၏။ ထိုသူသည် ခံစားရသောကြီးမားသည့် သနားခြင်းကရုဏာကျေးဇူးတော်ကို ချီးမွမ်းကျေးဇူးတင်နိုင်ရန် ချီးမွမ်းခြင်းယဇ်ကိုပူဇော်ဖို့ အပြစ်ဖြေရာယဇ်ကိုပူဇော်ဖို့ ဗိမာန်တော်သို့လာခဲ့ခြင်းဖြစ်ပါသည်။

ယေရှုသည် ထိုသူကိုတွေ့မြင်သောအခါ မိမိသည် မည်သူဖြစ်ကြောင်းကိုအသိပေးလိုက်ပါသည်။ ထိုလူကျန်းမာသည် မိမိကိုကုသခဲ့သူအားတွေ့ရှိသောအခါ အတိုင်းထက်အလွန်ဝမ်းမြောက်သဖြင့် ရိုးသားစွာဖြင့် ယေရှုသခင်ကို အငြိုးထားကြကုန်သော ဖာရိရှဲတို့အား မိမိကိုရောဂါပျောက်ကင်းစေသောသူကား ယေရှုပင်ဖြစ်ကြောင်း ပြောပြခဲ့ပါသည်။ "ထိုအမှုကို ဥပုသ်နေ့၌ ပြုတော်မူသောကြောင့် ယုဒလူတို့သည် ယေရှုကိုညှင်းဆဲခြင်းငှါလည်းကောင်း၊ သိတ်ခြင်းငှါလည်းကောင်း၊ ရှာကြံကြ၏။"

ယေရှုကို ဖာရိရှဲတို့သည် ဥပုသ်တော်နေ့ချိုးဖေါက်မှုနှင့်ခုံရုံးဆန်ဟီဒရင်လူကြီးများရှေ့မှောက်သို့ ခေါ်ဆောင်လာကြပါလေပြီ။ အကယ်၍သာ

ဂျူးလူမျိုးတို့သည် ထိုကာလအချိန်မှာ ကိုယ်ပိုင်အုပ်ချုပ်ရေးသာရမည်ဆို ပါက ယေရှုကို သေမိန့်ပေးရန်ပင်ဖြစ်ပေမည်။ သို့ရာတွင် သူတို့သည် ရောမ တရားရုံးမှာ ထိုသို့ပြုရန် အခွင့်မရှိပါ။ သူတို့သည် ရောမတို့၏ လက်အောက်ခံဖြစ်နေသည်မဟုတ်လော။ မည်သို့ပင်ဆိုစေ၊ သူတို့မျှော်လင့် ထားသည့် အခြားမျှော်မှန်းချက်များတော့ ရှိနေပါသေးသည်။ ဤသည်ကို သူတို့ထိန်းထားလိုကြပါသည်။ ခရစ်တော်သခင်သည် ထိုသူတို့ထက် လူထုအပေါ် ဩဇာသက်ရောက်မှုပိုကြီးပါသည်။ ကျမ်းတတ်ဆရာတော် တို့၏ ဟတ်ကြီးဟန်ကြီးနှင့် ပြောဆိုသွန်သင်သောဩဝါဒများကို လူထု ကြီးသည် စိတ်မဝင်စားတော့၊ ယေရှုကိုသာ စွဲလမ်းနေကြပါသည်။

ကိုယ်တော်သည် ထာဝရဘုရားသခင်အကြောင်းကိုသာ ပြော၏။ ကလဲ့စားချေတတ်ကြသော တရားသူကြီးအနေဖြင့် မဟုတ်ဘဲ ချစ်တတ်သော ဖခင်တစ်ဦးအဖြစ် ဖော်ကျူးခဲ့ပေသည်။ ကိုယ်တော်ရှင်၏ နှုတ်တော်ထွက် စကားများနှင့် ကရုဏာတော် လုပ်ရပ်တို့သည်လည်း ရှေးခေတ်မိရိုးဖလာ ထုံးတမ်းစဉ်လာများ၏ ဖိစီးနှိပ်စက်မှုတန်ခိုးတို့ကို ချေဖျက်၍ လူတို့စီရင် သွန်သင်သော ပညတ်တို့ကို ချိုးဖျက်ကာ မကုန်ခန်းနိုင်အောင်ပြည့်ဝပေါ်များ လှသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်ကို ဖော်ပြလျက်ရှိပေသည်။

## လူတို့သည် ယေရှုထံသို့စုရုံးလာကြခြင်း

ယေရှုခရစ်တော်နှင့်ပတ်သက်၍ ဖော်ပြထားသောရှေးအကျဆုံး ပုရောဖက်ဟောကြားချက်စကားတစ်ခုမှာ “ရှိလော မရောက်မီတိုင်အောင် ရာဇလှံတံသည် ယုဒထံမှလည်းကောင်း၊ မင်းအာဏာသည် သူ၏အမျိုး အနွယ်ထံမှလည်းကောင်း မရွေ့ရ။ ရှိလော၌ လူမျိုးတို့သည် ဆည်းကပ် ကြလိမ့်မည်” ဟုဆိုပါသည်။ (ကမ္ဘာဦး ၄၉း၁၀)။ လူထုကြီးသည် ခရစ် တော်ထံသို့ ချဉ်းကပ်ကာ လာကြပါပြီ။ အကယ်၍သာ ယဇ်ပုရောဟိတ် များနှင့် ကျမ်းတတ်ဆရာတော်တို့က ယေရှုသခင်၏ အမှုတော်ကို

ကြားဝင်ဟန့်တားခြင်းမပြုခဲ့ကြပါမူ ထိုသခင်၏ သွန်သင်ချက်သည် ကမ္ဘာက မကြုံစဖူးအကြုံထူးစွာသော ဘာသာရေးပြုပြင် ပြောင်းလဲမှုကြီး တစ်ခုကို ဖြစ်ပေါ်စေခဲ့ပါလိမ့်မည်။ သို့သော်လည်း ဤခေါင်းဆောင်ကြီး တို့သည် ယေရှု၏ဩဇာသက်ရောက်မှုကို ချိုးဖျက်ရန်ဆုံးဖြတ်ခဲ့ကြလေ ပါပြီ။

သို့ဖြစ်၍ ကြိုတင်စီရင်ထားသည့်အတိုင်း သူတို့သည် ကိုယ်တော် ရှင်အား ဆန်ဟီဒရင်အဖွဲ့ရှေ့မှောက်မှာ ရုံးတင်စစ်ဆေး၍ ပြောင်ကျကျ ပြစ်တင်ပုတ်ခတ်ခြင်းများပြုခဲ့ကြပါသည်။ ဤသည်ကို ဆန့်ကျင်ပြောဆို ဝံ့ချေက ဘုရားသခင်ကို မထီမဲ့မြင်ပြုခြင်းဖြစ်သည်သာမက နိုင်ငံတော် ကို သစ္စာဖေါက်သောသူဟူ၍ မှတ်ယူကြပေသည်။ ဤနေရာတွင် ကျမ်း တတ်ဆရာတို့သည် ခရစ်တော်ယေရှုအပေါ် မယုံသင်္ကာဖြစ်လာဖို့ သံသယဝင်လာဖို့နှိုးဆော်ရန် မျှော်လင့်ခဲ့ကြပါ၏။ ငြိမ်ဝပ်ပိပြားနေပြီဖြစ် သော ထုံးစံဓလေ့အကျင့်များကို ကပြောင်းကပြန်ဖြစ်အောင် ကြိုးစားမြေ လှန်နေသူတစ်ဦးအဖြစ် ခရစ်တော်သခင်ကို သူတို့တတွေ ပုံဖော်ခဲ့ကြပါ၏။ ဤနည်းဖြင့် ယုဒ လူအချင်းချင်းစိတ်ဝမ်းကွဲအောင် သူတို့လုပ်ကြသည်။ ယုဒလူမျိုးတစ်နွယ်လုံး ရောမလက်အောက်ခံအဖြစ် ကျွန်ဇာတ်သွင်းရန် ပြင်ဆင်နေကြပေသည်။

စာတန်သည် တောထဲမှာ ခရစ်တော်သခင်ကို အောင်မြင်မှုမရှိ ကျဆုံးခဲ့ရပြီးသည်နောက် ခရစ်တော်သခင်နှင့် ကိုယ်တော်ရှင်၏ အမှုတော် မြတ်ကို ဆန့်ကျင်ရန် မိမိ၏ အင်အားစုများကို စုစည်းခဲ့ပါသည်။

သူသည်ခရစ်တော်ယေရှုသခင်အပေါ် ထားရှိသော မိမိ၏ရန်ငြိုးကို ယုဒလူတို့၏စိတ်ထဲမှာစွဲမြဲစေခြင်းအားဖြင့် ယုဒလူတို့သည် မိမိတို့၏ကယ်တင် ရွေးနုတ်ရှင်ကို မမှတ်မိလေတော့၊ အမှန်တရား၏ အဓိပတိကို ဆန့်ကျင် ကြ၏။ ကိုယ်တော်ရှင်၏ အမှုတော်ဆောင်ခြင်းစိတ်ဓါတ်ကိုလည်း ကျဆင်း စေ၏။ သခင်ကို ငြင်းပယ်စွန့်လွှတ်ရန်နှင့်ကိုယ်တော်ရှင်၏ အသက်တာကို

လုံးဝမနှစ်မြို့စေရန် စာတန်ဦးဆောင်ခဲ့ပါသည်။ ထိုနည်းဖြင့် ယုဒလူမျိုးတို့သည် ခရစ်တော်နှင့်အမှုတော်မြတ်လုပ်ငန်းကို ဆန့်ကျင်တိုက်ခိုက်ရာ၌စာတန်၏ လက်ကိုင်တုတ်အသုံးတော်ခံပစ္စည်းများဖြစ်၍ လာကြပေတော့သည်။

ယေရှုသခင်သည် တရားတော်ကိုချီးမြှောက်၍ ဂုဏ်ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်ဝစုံလင်စေရန် (ဟေရှာယ ၄၂း၂၁) ကြွဆင်းလာခဲ့သည်မဟုတ်လော။

ဥပုသ်တော်နေ့ကိုကောင်းချီးမင်္ဂလာဖြစ်စေရမည့်အစား ကျိန်ခြင်းအမင်္ဂလာကိုဖြစ်စေသည့် ဝန်လေးစေသောတောင်းဆိုချက်များကို ဖယ်ရှားပစ်ရန်အတွက် ကိုယ်တော်ကြွဆင်းလာတော်မူခဲ့ပေသည်။ ထိုအကြောင်းကြောင့် ကိုယ်တော်သည် ဗေဒသေသဒရေကန်မှာ လူမမာတစ်ဦးအား ကုသခြင်းအမှုကိုပြုရန် ဥပုသ်တော်နေ့ကို ရွေးချယ်ခဲ့ပါသည်။ ကိုယ်တော်သည် လူမမာကိုအခြားနေ့တွေမှာ ကုသပျောက်ကင်းစေနိုင်ပါ၏။ သို့တည်းမဟုတ် ထိုသူအား ဥပုသ်နေ့မှာ အိပ်ရာလိပ်မထမ်းဖို့ ပညတ်ပေးနိုင်ပါ၏။ သို့ပါသော်လည်း ကိုယ်တော်ရှင်သည် အဆိုးဆုံးသောကိစ္စရပ်ကို ရွေးချယ်၍ ထိုသူအား မိမခံစားရသောကြီးမားသည့် ကျေးဇူးတော်ကို မြို့လမ်းတစ်လျှောက်အိပ်ရာလိပ်ထမ်း၍ ဝမ်းမြောက်စရာသတင်းကို ကြွေးကြော်ရန်အမိန့်ပေးခဲ့ပါသည်။ ဤကဲ့သို့ပြုခြင်းသည် သခင်ဘုရား၏ နေ့နှင့်ပတ်သက်၍ ယုဒလူတို့ သတ်မှတ်ထားသောတားမြစ်ချက်တို့ကို လူသိရှင်ကြားအပြစ်တင်ရန်နှင့် ၄င်းတို့၏ မိရိုးဖလာထုံးတမ်းစဉ်လာ လူ့စီရင်ချက်တို့သည် အချည်းနှီးသက်သက်ဖြစ်ကြောင်း ကြေညာရန် လမ်းဖွင့်သွားလိမ့်မည်ဖြစ်ပါသည်။

ယေရှုသခင်သည် ဥပုသ်တော်နေ့မြတ်မှာ အနာရောဂါငြိမ်းစေခြင်းအမှုကား ဥပုသ်ပညတ်နှင့် ကိုက်ညီကြောင်း ပြောကြားခဲ့ပေသည်။ ထာဝရ ဘုရားသခင်၏ ကောင်းကင်တမန် အစေခံနံဝိညာဉ်တို့သည်

ဆင်းရဲဒုက္ခခံနေရသော လူသားတစ်နွယ်လုံးကို အမြဲအစဉ် အကျိုးဆောင် ပေးနေသည်မဟုတ်လော။ သို့ဖြစ်၍ ယေရှုက "ငါ့ခမည်းတော်သည် ယနေ့တိုင်အောင် အလုပ်လုပ်တော်မူသည်ဖြစ်၍ ငါသည်လည်းလုပ်၏" ဟု မိန့်တော်မူခဲ့ပါသည်။ ဘုရားသခင်သည် လူသားတစ်နွယ်လုံးအတွက် နေ့တိုင်းအစဉ် မိမိ၏စီမံချက်အတိုင်း အကျိုးဆောင်ပေးလျက်ရှိနေပါ သည်။

အကယ်၍သာ ပညတ်တော်အပေါ် ယုဒလူတို့၏ အနက်ဖွင့်ဆို မှုသည် မှန်ကန်ခဲ့မည်ဆိုလျှင် ဥပုသ်နေ့ကို တည်ထောင်တော်မူခဲ့သော အရှင်သခင်သည် မိမိ၏အမှုတော်ကို အဆုံးသတ်တော်မူ၍ အဆုံးမဲ့ စကြာဝဠာ၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းတို့ကို ရပ်တန့်စေရမည်မဟုတ်ပါလား။ ထိုသို့မဖြစ်နိုင်ရာ။

ထာဝရဘုရားသခင်သည် ဥပုသ်တော်နေ့ရက်မှာ နေမင်းကြီးအား မိမိ၏ အလုပ်မှအနားယူရန် ပညတ်ထားရပါမည်လား။ ကိုယ်တော်သည် လယ်ကွင်းပြင်များနှင့် သစ်တော်ကြီးတို့အား ရေပေးဝေနေသောရေစီးချောင်း တို့အား ရေစီးရပ်တန့်သွားရန် ထိုနေ့မှာ အမိန့်ပေးသင့်ပါသလား။ ဂျုံစပါး နှင့်ပြောင်းသီးနှံတို့ဥပုသ်နေ့မှာ ကြီးထွားမှုရပ်တန့်သွားရပါမည်လား။ သစ် ပင်ပန်းမန်များ ဥပုသ်နေ့မှာ အဖူးအငုံများမဆောင်ရပေဖူးလား။

ထာဝရဘုရားသခင်သည် မိမိ၏ ရွှေလက်တော်ကို တစ်ခဏမျှ မရပ်တန့်နိုင်ပါချေ။ ထိုသို့ပြုချေက လူသားတို့သည် အမှန်တကယ်ခွန် အားဆုတ်ယုတ်၍ သေကြေပျက်စီးကုန်ကြပေလိမ့်မည်။ လူသားတို့အနေ နှင့်လည်း ထိုနေ့ရက်မှာ လုပ်စရာဖို့ အလုပ်များရှိပါသည်။ အသက် တာအတွက် မလုပ်လျှင် မဖြစ်သောလုပ်ငန်းများကို လုပ်ဆောင်ရပါမည်။ လူနာများကို ပြုစုစောင့်ရှောက်၍ ဆင်းရဲသားတို့၏ လိုအပ်ရာများကို ဖြည့်ဆည်းရပါမည်။ ထာဝရဘုရားသခင်၏ သန့်ရှင်းရာ အနားယူအပ်

အပ်သောရက်မြတ်သည် လူအတွက်ဖြစ်၍ သနားခြင်းကရုဏာနှင့်ဆိုင်သော အမှုတို့ကို ပြုလုပ်ရန် ဥပုသ်တော်နေ့က တောင်းဆိုပါသည်။ ဥပုသ်နေ့မှာ ဖြစ်စေ၊အခြားနေ့တွေမှာဖြစ်စေထာဝရဘုရားသခင်သည် မိမိ၏သားသမီးများ ရောဂါ ဝေဒနာခံစားရသည့် နာကျင်ခြင်းကို တစ်နာရီသော်မျှခံစားရန် အလို တော်မရှိပါချေ။

ဥပုသ်တော်ပညတ်၌ သခင်ဘုရား၏ အနားယူရာနေ့ရက်မြတ်မှာ လောကအလုပ်ကို မလုပ်ဆောင်ရန် တားမြစ်ထားပါသည်။ ဘုရားသခင် ဖန်ဆင်းရှင်ကိုသာလျှင် အာရုံပြုကိုးကွယ်ခြင်း အစီအစဉ်အားဖြင့်သာ အချိန် ကုန်လွန်သင့်သည် မဟုတ်လော။

လောကအကျိုးအမြတ်ရရှိရန်အတွက် ထိုနေ့ရက်မှာ လောကပျော် ပါးမှုများမလုပ်သင့်သလို ရှောင်ရှားအပ်ပေသည်။ ဘုရားသခင်သည် ဖန်ဆင်း ခြင်းအလုပ်ကို ဥပုသ်တော်နေ့မှာ ရပ်နားတော်မူ၍ ထိုနေ့ရက်ကိုကောင်းချီး ပေးတော်မူသကဲ့သို့ လူသားတို့သည်လည်း နေ့စဉ်အသက်တာ၏ လောက ရေးရာလုပ်ငန်းအဖြာဖြာကို ဥပုသ်နေ့တွင် စွန့်ပစ်ကာ ကျန်းမာစွာနားနေ ခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့် သန့်ရှင်းမွန်မြတ်သော ကျေးဇူးပြုခြင်းအလုပ် များအတွက် ထိုအချိန်ကို အပ်နှံကြရပါမည်။ ခရစ်တော်ယေရှုသခင်၏ ဥပုသ်နေ့မှာ လူမမာကို ကုသပျောက်ကင်းစေခြင်းသည် ပညတ်တော်နှင့် ဆီလျော်သလို ဥပုသ်တော်နေ့ကို ဂုဏ်ပြုခြင်းလည်းဖြစ်ပါသည်။

သို့ပါသော်လည်း ဖာရိရှဲတို့သည် ပို၍ပင်ဒေါသအမျက်ခြောင်း ခြောင်းထွက်နေဆဲဖြစ်သေး၏။ ယေရှုသည် ပညတ်တော်ကို ချိုးဖျက်ရုံ သက်သက်မျှမကသေး မိမိတို့၏ နားလည်သဘောပေါက်မှုအရ ဘုရား သခင်ကို "မိမိ၏အဖ" ဟု ခေါ်ဆိုခြင်းသည်ပင်လျှင် ထာဝရဘုရား သခင်နှင့် ပြိုင်နိုင်းတော်မူခြင်းဖြစ်ကြောင်း မှတ်ယူ ကြေညာခဲ့ပေသည်။ ဤကား ထာဝရဘုရားသခင်ကို စော်ကားခြင်းတည်းဟု သူတို့ယူဆကြ ပါ၏ ။ ခရစ်တော်သခင်အား ရန်ဘက်ပြုသူတို့သည် မိမိတို့၏မိရိုးဖလာ

ထုံးတမ်းစဉ်လာအလုပ်များကို ကိုးကားရည်ညွှန်းနိုင်ရုံမျှသာ ရှိကြပါ၏။ သခင်ဘုရား၏ နှုတ်တော်ထွက်ကျမ်းစာနှင့် မကုန်ဆုံးနိုင်သော သဘာဝတရား၏ ကျိုးကြောင်းဆင်ချင်မှု သံသရာလည်ပတ်ခြင်းများနှင့် နှိုင်းယှဉ်သော် ထိုသို့သော လူ့စီရင်ချက်တို့သည် အားနည်း၍ အနှစ်သာရမရှိသယောင်ဖြစ်နေပါ၏။ သို့သော်လည်း ကျမ်းတတ်ဆရာတော်တို့၏ သဘောအရ ယေရှုသည် ဘုရားသခင်နှင့် တန်းတူရည်တူဖြစ်ကြောင်း မိန့်တော်မူခြင်းကြောင့် သူတို့သည် အတိုင်းထက် အလွန်အမျက်ဒေါသထွက်ကြ၏။

လူထုကြီးကိုလည်း ထိုသို့နှိုးဆွလိုကြပါ၏။ ထိုသူတို့သည် လူထုကို သာမကြောက်ရပါသော်၊ ယေရှုသခင်ကို ထိုနေရာမှာပင် အဆုံးစီရင်လုပ်ကြံကောင်း လုပ်ကြံကြပေလိမ့်မည်ဖြစ်၏။ သို့သော်လည်း ယေရှုကို နှစ်သက်သောသူများ တိုးပွားအားကြီးလျက်ရှိပါသည်။ ဗေသေသဒ ရေကန်မှာ ထိုလူနာအား ကိုယ်တော်ရှင်က ကုသပျောက်ကင်းစေခြင်းသည် သင့်မြတ်လျော်ကန်သည်ဟုလည်း လူထုက ဆုံးဖြတ် ပြောကြားခဲ့ကြပေသည်မဟုတ်ပါလား။

## ယေရှုသည်အဖခမည်းတော်ထံမှာမှီခိုအားထားနေခြင်း

ထိုသူတို့၏ စွပ်စွဲချက်များကို ယေရှုသခင်သည် ငြင်းပယ်ခဲ့ပါ၏။ ကိုယ်တော်သခင်ဘုရား ကိုယ်တော်တိုင်က မိန့်တော်မူခဲ့သည်မဟုတ်လော။ ငါ၏ တန်ခိုးအာဏာသည် ဘုရားသခင်သားတော်ဖြစ်သောကြောင့်လည်းကောင်း၊ ဘုရားသခင်နှင့် တလုံးတစည်းတည်း ရှိသောသဘောသဘာဝ အလိုတော်နှင့် ရည်မှန်းချက်သည် ငါ၌ တည်ရှိကြောင်း၊ ဘုရားသခင်နှင့်အတူ ပူးပေါင်း၍ လုပ်ဆောင်နေပါကြောင်း သခင်အမိန့်တော်ရှိခဲ့ပါ၏။ "သားတော်သည် မိမိအလိုအလျောက် အဘယ်အမှုကိုမျှမပြုနိုင်၊ ခမည်းတော်ပြုသမျှအတိုင်း သားတော်သည်လည်း ပြု၏" ဟု

ကျမ်းမှတ်တမ်းရှိခဲ့၏။ ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာတို့သည် ခရစ်တော်ယေရှုအား အပြစ်ရှာလျက်ရှိနေဆဲတည်း။ ထိုသူတို့သည် အရာရာမှာ ပြည့်စုံနေပြီဟု မိမိတို့ကိုယ်ကိုထင်မှတ်ကြ၏။ မိမိတို့ ပြုမူသမျှအတွက် လမ်းညွှန်ချက်များ မလိုအပ်ရလောက်အောင် မိမိတို့အသိဉာဏ်သည် မြင့်မားနေသည်ဟုလည်း မှတ်ယူကြလေသည်။

သို့သော်လည်း ဘုရားသခင်၏ သားတော်သည် ခမည်းတော်ဘုရားသခင်၏ အလိုတော်အတိုင်း လုပ်ဆောင်ပြုမူရန် ဘုရားသခင်၏ တန်ခိုးတော်ကိုသာ အမှီတံကဲပြုလျက်နေပါ၏။ ယေရှုသည် မိမိ၏ကိုယ်ကျိုးအတွက် မည်သည့်အကြံအစည်မျှ မကြံစည်ခဲ့ပါ။ တစ်ကိုယ်ကောင်းစိတ်လုံးဝကင်းရှင်း၏။ ခမည်းတော် ဘုရားသခင်ဖေါ်ပြသည့် နေ့စဉအကြံတော်အတိုင်းကိုသာ ယေရှုသည် လုပ်ဆောင်သွားပါ၏။ ထိုနည်းတူကျွန်ုပ်တို့၏ အသက်တာမှာ ကိုယ်တော် သခင်ဘုရား၏ အလိုတော်ကို ဖေါ်ဆောင်နိုင်ရန်အတွက် ထာဝရဘုရားသခင်ကို မှီခိုသင့်ကြပါပြီမဟုတ်လော. . မိတ်ဆွေ။

ကျွန်ုပ်တို့သည် မိမိကိုယ်ကို မိမိ ကောင်းကင်ဗိုလ်ခြေအဖဘုရားသခင်နှင့် ဖြတ်တောက်ခြင်းမရှိသောသူများဟု မှတ်ယူကြပါရန် ယေရှုသခင်က သွန်သင်ခဲ့ပါသည်။

ကျွန်ုပ်တို့သည် မည်မျှပင်ရာထူး ဂုဏ်ပုဒ်များ ကြီးမြင့်ပါလေစေ အနာဂတ်ကိုလက်ဝယ်ကိုင်စွဲတော်မူသော ဘုရားသခင်ကို မှီခိုကြရပါမည်။

ကိုယ်တော်သည်သာလျှင်ကျွန်ုပ်တို့လုပ်ဆောင်ရမည့် အလုပ်များကို စီမံခန့်ခွဲပေးသနားတော်မူ၍ ထိုတာဝန်များကိုပြီးမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ဖို့လုံခြုံသော လမ်းသို့ပို့ဆောင်ပေးနေသူပါတည်း။ ကိုယ်တော်ရှင်၏အလိုတော်၌ကျွန်ုပ်တို့သည်အပ်နှံ၍ကိုယ်တော်ရှင်၏ခွန်အားတန်ခိုးနှင့် ပညာတော်ကိုကိုးစားနေသမျှကာလပတ်လုံးကျွန်ုပ်တို့၏လမ်းခရီးသည်လုံခြုံ၍

အကြံတော်အရ ပြီးပြည့်စုံသွားမည်ဖြစ်ပါသည်။ သို့သော်လည်း အကြင်သူသည် မိမိပညာနှင့်စွမ်းအား တန်ခိုးအပေါ်မှာသာ မှီခိုနေအံ့။ မိမိကိုယ်ကိုဘုရားသခင်နှင့် ဝေးကွာစေသူဖြစ်သောကြောင့် ထိုသူသည် ဘုရားသခင်နှင့် လူသားတို့၏ ရန်သူစာတန်၏ အလိုကို ဆောင်ရွက်နေခြင်းသာဖြစ်ပါသည်။

ဇဒ္ဒုကဲတို့က သေလွန်သောသူသည် ရှင်ပြန်ထမြောက်ရန်အကြောင်းမရှိဟု မှတ်ယူထားကြပါ၏။ သို့သော်လည်း ယေရှုသခင်ကခမည်းတော်ဘုရားသခင်၏ အရေးကြီးဆုံးသော အလုပ်သည် သေလွန်သူများကို ရှင်ပြန်ထမြောက်စေရန်ဖြစ်ကြောင်း၊ ရှင်ပြန်ထမြောက်စေရန်အတွက်ကိုလည်း မိမိ၌ တန်ခိုးရှိတော်မူကြောင်း မိန့်တော်မူခဲ့ပါသည်။

"ခမည်းတော်ပြုတော်မူသမျှအတိုင်း သားတော်လည်းပြု၏။ ခမည်းတော်သည် သေလွန်သောသူတို့ကို ထမြောက်ရှင်ပြန် စေတော်မူသကဲ့သို့ ထိုနည်းတူသားတော်ကိုလည်း အလိုရှိသမျှသော သူတို့ကို ရှင်စေ၏။" "သေလွန်သောသူတို့သည် ဘုရားသခင်သားတော်၏ စကားသံကိုကြား၍ ကြားသောအားဖြင့် အသက်ရှင်ရမည့် အချိန်ကာလသည်လာ၍ ယခုပင်ရောက်ရှိလျက်ရှိ၏။" ခရစ်တော်သခင်က သေလွန်သောသူကို အသက်ပေးနိုင်သောတန်ခိုးသည် ၎င်းတို့အထဲမှာ ရှိနေပါကြောင်း ထိုတန်ခိုးတော်၏ ထင်ရှား ဖေါ်ပြတော်မူခြင်းကိုလည်း ကြည့်ရှုကြပါရန် ကြေညာခဲ့ပါ၏။

ထိုထမြောက်စေနိုင်ခြင်း တန်ခိုးတော်သည်လည်း အသက်ဝိညာဉ်ကို အပြစ်တရားနှင့်သေခြင်းတရား၏ လက်တို့မှ လွတ်ကင်းစေနိုင်ကြောင်း (ရောမ ၈း၂) တရားပေးခဲ့သေး၏။ လူသည် ယုံကြည်ခြင်းအားဖြင့်အပြစ်ဒုစရိုက်၏ အစိုးတရပြုခြင်းကို မခံရဘဲ ကင်းကင်း ဝေးဝေးနေနိုင်ကြောင်း အကြင်သူသည် မိမိ၏ စိတ်နှလုံးထဲမှာ ခရစ်တော် သခင်ကိုဖိတ်ခေါ်အံ့။ ထိုသူသည် မိမိ၏ ခန္ဓာကိုယ်ကို သင်္ချိုင်းတွင်းမှ ပြန်လည်

ထမြောက်ရှင်ပြန်စေနိုင်ပြီး ဘုရားသခင်၏ မဟာတန်ခိုးတော်ကို မျှဝေ ခံစားနိုင်ခွင့်ရှိလာမည်ဖြစ်ပါကြောင်း ယေရှုသခင်က ဟောကြားတော်မူ ခဲ့ပါသည်။

နာဇရက်မြို့သား ယေရှုသည် မိမိ၏ စစ်မှန်သောဂုဏ်အသရေကို အခိုင်အမာဖြစ်စေ၍ အပြစ်နှင့်ရှက်ကြောက်ခြင်း အသွင်လက္ခဏာတို့ကို ပယ်ရှားလျက် စကြာဝဠာ၏ ဖန်ဆင်းရှင်နှင့်တစ်လုံးတစ်ဝတည်း ရှိသော သားတော်ဘုရားသခင်ဖြစ်ကြောင်းကို ထင်ထင်ရှားရှား ပေါ်လွင်မှုရှိအောင် ရပ်တည်တော်မူခဲ့ပေသည်။

ထိုအခါ မိမိ၏ တရားနာပရိသတ်တို့သည် အပ်ကျလျှင် ကြားရ လောက်အောင် တိတ်ဆိတ်စွာနေကြပေလေ၏။ ကိုယ်တော်ဘုရားသခင်မိန့် တော်မူခဲ့သောစကားမျိုးကို အဘယ်သူမျှ မပြောခဲ့ဖူးပါတကား။ အဘယ် သူမျှ ဤလောက်ကြီးမြတ်သော ဂုဏ်အသရေကို မဆောင်ခဲ့ဖူးကြပါချေ။ ကိုယ်တော်၏ မိန့်တော်မူချက်တို့သည် ရှင်းလင်းပြတ်သားလှပေ၏။

အမှုတော်မြတ်ကြီးကို ပြည့်ဝစုံလင်စွာကြေညာခဲ့ပြီးလေပါပြီ။ "ခမည်းတော်သည် အဘယ်သူကိုမျှ တရားစီရင်တော်မမူ၊ တရားစီရင်ခြင်းအ ခွင့်ရှိသမျှကို သားတော်အား အပ်ပေးတော်မူ၏။ သားတော်သည် လူသား ဖြစ်သောကြောင့် တရားစီရင်ခြင်းအခွင့်ကိုလည်း အပ်ပေးတော်မူ၏။"

ယဇ်ပုရောဟိတ်နှင့် ယုဒလူ အကြီးအကဲတို့သည် ခရစ်တော် သခင်၏အမှုတော်မြတ်ကို အပြစ်တင်ဝေဖန် ရှုတ်ချရန် မိမိတို့ကိုယ်ကို တရားသူကြီးများအဖြစ် ခန့်အပ်ကြပါသည်။ သို့ပါသော်လည်း ထိုသခင် သည် မိမိကိုယ်ကို ဤကမ္ဘာမြေကြီးသား အပေါင်းတို့အား တရားစီရင် မည့် အရှင်သခင်ဖြစ်ကြောင်းကို ကြေညာခဲ့ပြီးလေပါပြီ။ မိမိအားဖြင့်သာ လျှင် ကျဆုံးကမ္ဘာ့လူသား မျိုးနွယ်တစ်ရပ်လုံးသည် ဘုရားသခင်ထံ တော်မှ ကောင်းချီးမင်္ဂလာကို ခံစားရမည်ဖြစ်ပါသည်။ အပြစ်ဒုစရိုက်

ဝင်လာသည်နှင့် ကယ်တင်ပိုင်ရှင် တစ်ပါးရောက်နေကြောင်းကို သိမှတ်ရန်ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် လူသားတို့အား အသက်နှင့်အလင်းကိုပေးသနားတော်မူသောကြောင့် လူသားတို့သည် မိမိတို့ ခံစားရသော အလင်းတရား ပမာဏအတိုင်း တရားစီရင်ခြင်းကို ခံကြရမည်ဖြစ်ပါသည်။ ခေတ်အဆက်ဆက်မှာ စာတန်၏ လက်တွင်းသို့ ကျရောက်နေသောအသက်ဝိညာဉ်များကို ပြန်လည်လုယူရန် တရားစီရင်ဆုံးဖြတ်တော်မူမည့် လူသားကြီးသည် ယေရှုသခင်ပင် ဖြစ်တော်မူပါသည်။

ယေရှုသခင်သည် လူသားတို့ ခံစားနေရသော သောကစိုးရိမ်ခြင်းများနှင့် စုံစမ်းနှောင့်ယှက်မှုတိုင်းကို ကိုယ်တိုင်ခံစားခဲ့ဖူး၍ လူသားတို့၏ အားနည်း ချို့ယွင်းချက်များနှင့် အပြစ်ဒုစရိုက်များကို နားလည်တော်မူသောကြောင့်လည်းကောင်း၊ ကျွန်ုပ်တို့၏ ကိုယ်စား စာတန်ကိုခုခံအောင်မြင်၍ လူသားတစ်နွယ်လုံးအတွက် မိမိအသွေးတော်ကိုသွန်းလောင်းကာ ကယ်တင်တော်မူခဲ့သူ အရှင်သခင်ဖြစ်သောကြောင့်လည်းကောင်း ခမည်းတော်ဘုရားသခင်သည် သားတော် ဘုရားသခင်အား တရားစီရင်ခြင်းအခွင့်အာဏာကို ပေးအပ်ရုံမျှမက တရားသူကြီးအဖြစ် ခန့်အပ်တော်မူခဲ့ပေသည်။

"ဘုရားသခင်သည် လောကသားတို့အား အပြစ်စီရင်ခြင်းငှာ သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်၊ လောကသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း စေလွှတ်တော် မူ၏။" (ယောဟန် ၃း၁၇)။ ဆက်လက်၍ ခရစ်တော်သခင်သည် ဆန်ဟီဒရင်လူကြီးတို့ ရှေ့မှောက်မှာ ဤသို့မိန့်တော်မူခဲ့ပေသေးသည်။ "ငါ့စကားကို နားထောင်၍ ငါ့ကို စေလွှတ်တော်မူသောသူကိုယုံကြည်သော သူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကိုမခံရ၊ သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးပြောင်းသောသူဖြစ်၏။" (ယောဟန် ၅း၂၄)။

# သေခြင်းမှရှင်ပြန်ထမြောက်ခြင်း

"ဤအရာကို အံ့ဩခြင်းမရှိကြနှင့်။ သင်္ချိုင်းမှာရှိသောသူအပေါင်းတို့သည် သားတော်၏ စကားသံကိုကြား၍ ထွက်ရမည့် အချိန်ကာလရောက်လတ္တံ့။ ကောင်းသောအကျင့်ကို ကျင့်သောသူတို့သည် အသက်ရှင်ရာထမြောက်ခြင်းသို့လည်းကောင်း၊ ဆိုးယုတ်သောအကျင့်ကို ကျင့်သောသူတို့သည် အပြစ်စီရင်ရာထမြောက်ခြင်းသို့လည်းကောင်း ထွက်ရကြလတ္တံ့။" (ယောဟန် ၅း၂၈၊၂၉)။

ဂူသင်္ချိုင်း၏ အမှောင်ထုကို ထွင်းဖေါက်ကာ ထွန်းလင်းစေနိုင်သည့် တစ်ခုတည်းသော အလင်းတော်သည် အစ္စရေးတို့အပေါ် ထွန်းလင်းလျက်ရှိနေခဲ့ပါသည်။ သို့ရာတွင် မိမိတို့၏ ငါသာလျှင် မြတ်သည်ဟူသော အစွဲအလမ်းကြီးသော စိတ်သဘောသည် ၄င်းတို့၏ ဝိညာဉ်ရေးမျက်စိကို ကန်းစေပါ၏။

သူတို့၏ အတွေးအမြင်အရ၊ ယေရှုသည် ကျမ်းတတ်ဆရာတော်တို့၏ မိရိုးဖလာထုံးတမ်းစဉ်လာများကို ချိုးဖေါက်ကာ ထိုသူတို့၏ ဩဇာအာဏာကို မခံယူသောကြောင့် ကိုယ်တော်ကို သူတို့သည်မယုံကြည်ကြပါချေ။

ယေရှုသခင်၏ နှုတ်တော်ထွက်စကားတို့သည် အချိန်အခါ၊နေရာဒေသ၊ အခွင့်အခါသင့်ပြီမို့ စုရုံးနေကြသော လူထုကြီးတွင် ပျံ့နှံ့နေပြီဖြစ်သော ခံစားချက်ပြင်းပြမှုကြောင့် ဆန်ဟီဒရင်လူကြီးတို့ရှေ့မှာ ထိရောက်မှုကို ပို၍ ဖြစ်စေပါသည်။ ယုဒ လူမျိုးတို့၏ အမြင့်ဆုံးသော ဘာသာရေးအာဏာပိုင်များသည် အစ္စရေးတို့အား လွတ်လပ်စေမည်ဟု အဆိုအမိန့်ပြုခဲ့သော ယေရှုသခင်၏ အသက်ကိုရန်ရှာရန် ကြိုးစားခဲ့ကြလေပြီ။ ဥပုသ်နေ့၏ အရှင်သခင်သည် ဥပုသ်ပညတ်တော်ကို ချိုးဖေါက်သူဖြစ်၏ ဟူသော စွဲဆိုချက်ကို ဖြေကြားရန် ယေရှုသခင်သည် လောကတရားရုံးရှေ့တော်

မှောက်မှာ တရားစစ်ဆေးခြင်းကို ခံနေရပါ၏။ ဤတွင် မိမိလုပ်ရပ်နှင့် ပတ်သက်၍ မကြောက်မရွံ့ ပြန်လည်ချေပမိန့်တော်မူသောအခါ ကိုယ်တော်အား စီရင်ကြမည့် သူတို့သည် အံ့သြတုန်လှုပ်၍ ဒေါသအမျက်ခြောင်းခြောင်းထွက်ကာနေ၏။ သို့ပါသော်လည်း ယေရှု၏ ဆိုစကားတို့ကို သူတို့သည် ပြန်လည်ချေပနိုင်စွမ်းမရှိကြပါလေ။ ယေရှုသည်လည်း ထိုသူတို့၏ မေးမြန်းမှုများနှင့် အမှုတော်ကိုဝင်ရောက် နှောင့်ယှက်ခြင်းများကို ငြင်းပယ်တော်မူခဲ့ပါသည်။ ထိုသူတို့ တောင်းပန်စေလိုသောစကား၊ စွဲဆိုချက်တို့ကိုလည်း ယေရှုသည် ငြင်းဆန်ခဲ့လေသည်။

ယေရှုသည် ထိုသူတို့အား တောင်းပန်ဖို့နေနေသာ၊ ခေါင်းဆောင်အကြီးအကဲများဖြစ်နေပါလျက်နှင့် စိတ်နှလုံးခိုင်မာ၍ သမ္မာကျမ်းစာကို မသိနားမလည်မှုများအတွက် ပြစ်တင် ဆုံးမခဲ့ပါသည်။ ဘုရားသခင်စေလွှတ်တော်မူသောသူကို ငြင်းပယ်ခြင်းသည် ဘုရားသခင်၏ နှုတ်ထွက်စကားတော်မြတ်ကို ငြင်းပယ်ခြင်းဖြစ်ကြောင်း ယေရှုပြောခဲ့ပါသည်။ “ကျမ်းစာအားဖြင့် ထာဝရအသက်ကို ရမည်ဟု စိတ်ထင်နှင့် သင်တို့သည် ကျမ်းစာကို စေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာသည်ငါ၏သက်သေဖြစ်၏။” (ယောဟန် ၅း၃၉)။

ဓမ္မဟောင်းကျမ်းမှာ ပါရှိသောဖေါ်ပြချက် ဖြစ်ရပ်မှန်များနှင့် ဆုံးမစကားရှိသမျှတို့သည် ဘုရားသခင်၏ သားတော် ယေရှုသခင်၏ ဘုန်းတော်နှင့်ထွန်းတောက်နေပါသည်။

ဘုရားသခင်ကိုယ်တော်တိုင်က တည်ထောင်ထားရာ အဖွဲ့အစည်းတစ်ခုဖြစ်သောကြောင့်လည်း ယုဒဘာသာရေး ထုံးစံဓလေ့အပေါင်းတို့သည် ဧဝံဂေလိသတင်းကောင်း၏ ကျစ်လျစ်သိပ်သည်းသောပုရောဖက်စကားတစ်ခုပင်ဖြစ် ပါပေသည်။ အာဗြဟံမှစသော ရှေးဘိုးဘေးမျိုးဆက်များနှင့် တရားဥပဒေအရအသိအမှတ်ပြုခြင်း ခံရသောအိမ်ထောင်မှု စီမံအုပ်ချုပ်ပုံ နည်းစနစ်စီသို့တိုင် ကောင်းကင်ဘုံ၏

ဘုန်းအသရေတော်နှင့်ပြည့်စုံသော အလင်းရောင်ခြည်သည် ကယ်တင်ရှင်၏ခြေတော်ရာများကို ထင်ရှားစေခဲ့ပါသည်။ အပ်နှံပူဇော်မှုတိုင်းမှာခရစ်တော်သခင်၏ အသခေံခြင်းသည် ထင်ရှားခဲ့ပါ၏။ နံ့သာပေါင်းမီးရှို့ရာမီးခိုးထဲမှာလည်း သခင်၏ ဖြောင့်မတ်ခြင်းသည် အထက်သို့တက်ကြွလျက်ရှိခဲ့ပါ၏။

အသန့်ရှင်းဆုံးသော ချစ်ကြောက်ရိုသေဖွယ်ဖြစ်သည့် နက်နဲမှုထဲတွင်လည်း ကိုယ်တော်သခင်၏ ဘုန်းတော်သည် အစဉ်ကိန်းဝပ်တော်မူဆဲဖြစ်ပါ၏တကား။

## အဖွဲ့ဝင်လူကြီးများယေရှုကိုကြိမ်းမောင်းခြောက်လှန့်၍မရခြင်း

ဂျူးလူမျိုးတို့သည် ကျမ်းစာအသိပညာကို အပေါ်သံသိထားရုံနှင့်ထာဝရအသက်ကိုရမည်ဟု ထင်မှတ်ခဲ့ကြပါသည်။ သို့သော်လည်း ယေရှုခရစ်တော်၏ နှုတ်တော်ထွက်စကားတို့ကို သူတို့ ငြင်းပယ်ခဲ့ကြသည်မို့ ယေရှုသခင်ကို ငြင်းပယ်ကြပါ၏။ ထိုကြောင့် ယေရှုက “သင်တို့သည် အသက်ကိုရအောင် ငါ့ထံသို့လာခြင်းငှာ အလိုမရှိကြ” ဟု မိန့်တော်မူခဲ့ပါသည်။

ယုဒလူမျိုး အကြီးအကဲခေါင်းဆောင်များတို့သည် ပုရောဖက်တို့၏ သွန်သင်ချက်များကို လေ့လာရာ၌ အမှန်တရားကို အမှန်တကယ်သိနားလည်လိုစိတ်နှင့်မဟုတ်ဘဲ မိမိတို့၏ ကြီးပွားချမ်းသာလိုသော မျှော်မှန်းချက်များတို့ကို ထောက်ပံ့ကူညီရန် လိုအပ်သော သက်သေသာဓကကို ရှာဖွေနေခြင်းသာဖြစ်၏။ ယေရှုသခင်သည် မိမိတို့ မျှော်မှန်းထားသလို ပေါ်ထွန်းတော်မူသည် မဟုတ်သောအခါ သူတို့သည် ယေရှုသခင်ကို လက်မခံကြဘဲ လူလိမ်လူညာတစ်ဦးအနေဖြင့် စွဲချက်တင်ရန် ကြိုးစားခဲ့ကြပါသည်။ ကိုယ်တော်သည် ထိုသူတို့အား နောင်တ (တရား) ရရှိရန် တိုက်ရိုက်နည်းဖြင့် သနားခြင်း ကရုဏာကို ပြသတော်မူခဲ့ပါ

သော်လည်း ထိုသူတို့သည် ထိုအလင်းတရားကိုဆီးတားဖို့ ပိုမို၍ဆုံးဖြတ်ကြလေပါပြီ။

ယေရှုသခင်က "လူပေးသောဘုန်းအသရေကို ငါမခံ" ဟုအမိန့်တော်ရှိခဲ့ပါပြီ။ ကိုယ်တော်သည် ဆန်ဟီဒရင်အဖွဲ့ဝင်လူကြီး တစ်ယောက်လည်းမဖြစ်ချင်ပါ။ ထာဝရဘုရားသခင်သည် ယေရှုသခင်အား ကောင်းကင်နိုင်ငံတော်၏ အာဏာတန်ခိုးတော်တို့ကို အပ်နှင်းထားခဲ့ပါပြီ။ အကယ်၍သခင်က အလိုတော်ရှိလျှင် ဘုရားသခင်၏ အစေခံနံ့ဝိညာဉ်ကောင်းကင်တမန်တို့သည် ကိုယ်တော်ရှင်အား လာရောက်ကိုးကွယ် ကူညီကြပါလိမ့်မည်။ သို့သော်လည်း ကိုယ်တော်ရှင်သည် ယုဒနိုင်ငံနှင့် နိုင်ငံတော်၏ ဦးဆောင်ဦးရွက်ပြုသူများတို့၏ အကျိုးအလို့ငှာ မိမိအား အမြင်ကြည်ရန်နှင့် မိမိ၏ ဂုဏ်တော်ကို ခွဲခြားမြင်တွေ့တတ်စေရန် ယေရှုသခင်အလိုတော်ရှိခဲ့ပါသည်။

"ငါသည် ခမည်းတော်၏ အခွင့်နှင့်ရောက်လာသော်လည်း သင်တို့သည် ငါ့ကိုလက်မခံကြ။ အခြားသောသူသည် မိမိအခွင့်နှင့်ရောက်လာလျှင် ထိုသူကိုလက်ခံကြလိမ့်မည်" ဟု ကိုယ်တော် မိန့်တော်မူခဲ့ပါ၏။

ထိုသူတို့သည် ဘုရားသခင်၏ဘုန်းတော်ကိုဆောင်၍ ကြွဆင်းလာသောယေရှုသခင်ကို လက်မခံကြသော်လည်း မိမိအလိုအတိုင်း မိမိကိုယ်ကျိုးကိုထင်ရှားပေါ်လွင်စေလိုသော သူတို့ကိုမူ လက်ခံကြပါသည်။ အဘယ်ကြောင့်နည်း။ အကြောင်းမူကား မိမိကိုယ်ကျိုးကိုသာ ကြည့်သောသူတို့သည် တစ်ပါးသူတို့၏ ချီးမြှင့်ပင့်ကော် မြှောက်စားခြင်းကို ခံလို၍ဖြစ်ပါသည်။ ဂျူးလူမျိုးတို့သည် ပုရောဖက်ဆရာ အတုအယောင်တို့ကိုလက်ခံကြသည်အရာမှာ ထိုသူတို့သည် ၎င်းတို့အကြိုက်၊ ၎င်းတို့၏ မာန်မာန ထောင်လွှားမှုကို မြှောက်ပေးသောကြောင့်ဖြစ်၏။ ယေရှုခရစ်တော်သခင်၏ သွန်သင်ချက်သည် ဝိညာဉ်သဘောရှိ၍ မိမိကိုယ်ကို

အပ်နှံရန် တောင်းဆိုပါ၏။ ထိုသဘောမျိုးနှင့်ယုဒလူတို့သည်။ လုံးလုံးလျား လျားဆန့်ကျင်ကြရကား ၄င်းကို လက်သင့်မခံနိုင်ခြင်းဖြစ်ပါသည်။ သူတို့ သည် ဘုရားသခင်နှင့်အကျွမ်းမဝင်လိုကြ။ ခရစ်တော်အားဖြင့် မိန့်မြွက် တော်မူသော ဘုရားသခင်၏ အသံတော်သည်ပင်လျှင် ၄င်းတို့အတွက် သူစိမ်းဧည့်သည်တစ်ဦး၏ အသံကဲ့သို့ ဖြစ်ခဲ့ရပါသည်တကား။

အလားတူစွာသော သတင်းစကားဖြစ်ရပ်မှန်မျိုးသည် ကျွန်ုပ်တို့ ၏ခေတ်ကာလမှာလည်း အထပ်ထပ်မြွက်ဆိုနေသည် မဟုတ်ပါလား။ သခင်၏ အသံတော်ကိုပင်မမှတ်မိစေရန် မိမိတို့၏ မိရိုးဖလာထုံးတမ်း စဉ်လာ ကိစ္စများမြောင်လူတို့ဘောင်မှာ စောင့်ရှောက်ကျင့်သုံးစေလျက် ထာဝရဘုရားသခင်၏ နှုတ်တော်ထွက် စကားတို့ကို ငြင်းပယ်နေကြသော ဘာသာရေး အမည်ခံ ခေါင်းဆောင်များပင် ရှိနေကြသည်မဟုတ်ပါလား။

"သင်တို့သည် မောရှေ၏ စကားကိုယုံလျှင်၊ ငါ့စကားကိုမယုံ ကြည်ဘဲမနေနိုင်ကြ။ အကြောင်းမူကား မောရှေသည် ငါ့အကြောင်းကို ရေးထား၏။ ရေးထားသောစာကို သင်တို့သည် မယုံလျှင် ငါ့စကားကို အဘယ်သို့ ယုံနိုင်မည်နည်း" ဟု ယုဒလူတို့အား ယေရှုသခင်မိန့်တော် မူခဲ့ပါပြီ။

မှန်ပါသည်။ ထိုသူတို့သည် မောရှေအားဖြင့် မိန့်တော်မူသော ထာဝရဘုရားသခင်၏ အသံတော်ကို နားထောင်ခဲ့ကြပါသော် ယေရှုသခင် ၏သွန်သင်ချက်များတို့ကိုလည်း ထိုသူတို့သည် မှတ်မိကာ နားလည်ကျင့် သုံးသွားကြမည်ဖြစ်ပါသည်။

ယဇ်ပုရောဟိတ်နှင့်ကျမ်းတတ်ဆရာတို့သည် ယေရှုသခင်ကိုဆန့် ကျင်ကြသဖြင့် ထိုအမှုအရာအပြစ်တို့အတွက် ဆင်ခြေမပေးနိုင်တော့ သည်မှန်သော်လည်း ယေရှုသခင်ကို သတ်ချင်လောက်အောင်မုန်းတီး ရွံရှာသောစိတ်ကို ထိုသူတို့သည် မငြိမ်းသတ်နိုင်ခဲ့ကြပါချေ။ သူတို့သည်

ယေရှုသခင်၏ အမှုတော်မြတ်လုပ်ငန်းမှာ ပြတော်မူသော တန်ခိုးတော်တို့ကို မျက်ဝါးထင်ထင်မြင်တွေ့ကြရသဖြင့် ကြောက်ရွံ့တုန်လှုပ်ကာနေကြပါသော်လည်း သခင်၏ တောင်းပန်ချက်ကို ငြင်းဆန်ကာ အမှောင်ထုထဲမှာပင်မွေ့လျော်၍ မိမိကိုယ်ကို တံခါးပိတ်ဝါဒကျင့်သုံးနေကြပါသည်။

ထိုသူတို့သည် ယေရှုသခင်၏ ဩဇာတန်ခိုးပျက်သုဉ်းသွားစေရန်နှင့်ခရစ်တော်သခင်အပေါ်ထားရှိသော ယုဒလူထု၏ ရိုသေလေးစားမှုနှင့် အာရုံစွဲလမ်းမှုများကိုမူ ပျက်ပြားသွားစေရန် မစွမ်းဆောင်နိုင်ကြပေ။

ယုဒလူမျိုးအကြီးအကဲဘာသာရေးခေါင်းဆောင်တို့သည် မိမိတို့လုံးဝမှားယွင်းနေကြောင်းကို ခံစားသိမြင်ပါလျက်နှင့် ယေရှုသခင်၏ အသက်ကိုလုပ်ကြံရန် သူတို့တတွေဆုံးဖြတ်ခဲ့ကြပါ၏။ ယေရှုသည် နိုင်ငံတော်သစ္စာဖေါက်တစ်ဦးဖြစ်ကြောင်း မမှန်သတင်းကို ယုဒပြည်အနှံ့ရှိ လှည်းနေလှေအောင်းမြင်းစောင်းမကျန် ကြားသိစေဖို့ရန်ကိုလည်း သတိပေးစေတမန်များကိုလည်း စေလွှတ်ခဲ့ကြပေသည်။ သခင်ယေရှု၏ ထွက်ခြင်းဝင်ခြင်းပြောဆိုသည့်စကား လုပ်ရပ်များမှန်သမျှကို သတင်းပို့ရန်ကိုလည်း သူလျှိုများကိုစေလွှတ်ခဲ့ကြ၏။ ဤတစ်ကြိမ်မှာတော့ မြတ်နှလုံးသားအရှင်ကယ်တင်ပိုင်သူယေရှုသခင်သည် လက်ဝါးကပ်တိုင်တော်၏ အရိပ်အောက်မှာမုချဧကန်အမှန်ရပ်တည်လျက် ရှိနေတော်မူပါပြီတကား။

-ဝ-

# အခန်း (၂၂)
# နှစ်ခြင်းဆရာယောဟန်၏အကျဉ်းသားဘဝနှင့် ကွပ်မျက်ခံရခြင်း

(မဿဲ ၁၁း၁-၁၁၊၁၄း၁-၁၁၊မာကု ၆း၁၇-၂၉၊လု ၇း၁၉-၂၈ တို့ကို အခြေပြုထားပါသည်။)

နှစ်ခြင်းဆရာယောဟန်သည် ခရစ်တော်သခင်၏ နိုင်ငံတော် အကြောင်းကို ဦးဆုံးကြွေးကြော်သူဖြစ်သလို ခရစ်တော်သခင်အတွက်ဒုက္ခ ဆင်းရဲခံရာ၌ ပထမဦးဆုံးသောသူလည်းဖြစ်ပါသည်။

သူသည်ယခင်က တောတွင်းသားတစ်ယောက်ပီပီ လွတ်လပ်လဟာ ပြင်မှာနေထိုင်တရားဟောခဲ့ပေမယ့် ယခုမှာတော့ မြေတိုက်ခန်းကျဉ်းလေးထဲ မှာဟေရုဒ်အန္တိပ၏ အကျဉ်းသားဘဝ ရောက်နေရပါပြီ။ ဟေရုဒ်မင်းကြီး ကိုယ်တိုင်ကလည်း ဆရာယောဟန်၏ တရားဟောချက်များကို နားကြား ခဲ့ရဖူးသလို တုန်လှုပ်ခဲ့ရသည်လည်းရှိပါသည်။ အပျော်အပါးလိုက်စားသော ဟေရုဒ်သည် နောင်တရဖို့ ဖိတ်ခေါ်ခြင်းကို ခံရလေပါပြီ။

"ယောဟန်သည်ဖြောင့်မတ်သောသူဖြစ်ကြောင်းကို ဟေရုဒ်သိ၍ သူ့ကိုကြောက်ရွံ့ရိုသေ၏။" ဟုကျမ်းစာက မှတ်တမ်း ပြုခဲ့ပါ၏။

ဖြစ်ရပ်မှန်ကိုဆိုရပါလျှင်ဟေရုဒ်သည်မိမိ၏ညီဖြစ်သူ၏ဇနီးမယား ကြင်ရာတော်ဟေရောဒိနှင့် လက်ထပ်ပေါင်းသင်းမှုအတွက် ယောဟန်က ၎င်းအား လူသိရှင်ကြားပြစ်တင်ဝေဖန်ကာ မှန်ကန်သော အနေအထား ဖြင့်ပြောဆိုဆက်ဆံခဲ့ပေသည်။ သူကိုယ်တိုင်ကလည်း ထိုမတရားမှုအ နှောင်အဖွဲ့မှကင်းပြတ်အောင် ချည့်နဲ့တုန်ရင်စွာဖြင့် ကြိုးစားခဲ့ပေ၏။သို့ ရာတွင် ဟေရောဒိက သူမ၏ မာယာကျော့ကွင်းမှာ ပိုမို ခိုင်မြဲအောင်

ချည်နှောင်ထားရှိခဲ့ပြီး ဆရာယောဟန်အား ကလဲ့စားချေရန် စီမခဲ့လေသည်။ "မ" ဘက်ပါ၍ မိုက်မဲလှသော ဒေရုဒ်မင်းသည် တဏှာတည်းဟူသော အမှောင်တကာ့အမှောင်ဆုံး၏ သားကောင်ဖြစ်လာသောကြောင့် ဟေရောဒိ၏ ယုတ်မာသော ကလဲ့စားစီမံချက်ဖြင့် ဆရာယောဟန်သည် ထောင်ချအကျဉ်းခံရပါလေတော့သည်။

ယခင်က လွတ်လပ်သော ထက်မြက်စွာ အမှုတော်မြတ်မှာစွမ်းစွမ်းတမံထမ်းရွက်ခဲ့ရသလောက် ယခုတွင် ယောဟန်သည် ထောင်နန်းစံဘဝနှင့်ခြေချုပ်ခံရသဖြင့် ကြီးလေးသာဒဏ်၏ ဖိစီးမှုကို ခံနေရရှာပါသည်။

နေ့ကို ရက်သတ္တပတ်စား၍ ခုနှစ်ရက်တစ်ပတ်ကို လကစားပြီးဖြစ်သော်လည်း ယောဟန်၏အတွင်းစိတ်ထဲမှာ ပြောင်းလဲမှုကပေါ်မလာပါ။ စိတ်ပျက်အားလျော့မှုနှင့် သံသယစိတ်များကိုသာ တိုး၍တိုး၍ခံစားနေရပါ၏။

သို့ပါသော်လည်း သူ့တပည့်များကမူ ဆရာယောဟန်ကို ပစ်၍မထားခဲ့ကြပါ။ သူတို့သည် အကျဉ်းထောင်သို့လာရောက်ခွင့်ရှိသောကြောင့် ယေရှုသခင်၏ အမှုတော်မြတ်လုပ်ငန်းဆောင်ရွက်ချက် အဆင့်ဆင့်ကိုခရေစေ့တွင်းကျဖေါ်ပြပြောဆိုခဲ့ကြလေသည်။ ယေရှု၏ တရားကိုနားထောင်သူတို့မှာလည်း တိုးပွား၍သာရှိပါကြောင်း အစီရင်ခံကြလေသည်။ ဤတွင်ယောဟန်က ဤသို့စဉ်းစားမိလေ၏။ ယေရှုရှင်သည်မေရှိယဖြစ်ခဲ့ပါသော် အဘယ်ကြောင့်ငါ့အားလွတ်မြောက်ရေးအတွက်မည်သည့်အရာမျှမလုပ်ဆောင်ပေးပါသနည်း။မိမိ၏ရှေ့တော်ပြေးကြီး၏ လွတ်လပ်ခွင့်မကအသက်ကိုပင် ဆုံးရှုံးစေနိုင်သည်အထိအဘယ်ကြောင့် ကိုယ်တော်သည်ခွင့်ပြုရပါသနည်း။ထိုသံသယမေးခွန်းများပေါ် ပေါက်လာသည်မှာဓမ္မတာပင်ဖြစ်ချေသည်။ ထိုသံသယစကားကိုကြားခဲ့ရခြင်းနှင့်ရှေ့တော်ပြေးကြီးယောဟန်၏စိတ်ဝိညာဉ်ထိခိုက်နာကျင်ပုံကို မြင်တွေ့နေသော စာတန်သည် ဝမ်းမြောက်မိ၏။

မကြာခဏဆိုသလို လူကောင်းတစ်ယောက်အတွက် မိတ်ဆွေမျာဟု ထင်မှတ်နေရသူများသည် သမိုင်းကို ပြောင်းပြန်လှန်ကာ ထိုသူတို့အတွက် အန္တရယ်အပေးနိုင်ဆုံး ရန်သူကြီးဖြစ်နေတတ်ပါသည်မဟုတ်လော။

နှစ်ခြင်းဆရာယောဟန်သည် ယေရှုသခင်အား ဒါဝိဒ်မင်းကြီး၏ ပလ္လင်ကိုဆက်ခံမည့်သူပင်ဖြစ်လိမ့်မည်ဟု မျှော်လင့်မိခဲ့ပါသည်။ သို့သော် လည်း အချိန်အခါသာလွန်သွားခဲ့သည်။ ကယ်တင်ပိုင်သူ ယေရှုသည် မိမိ ကိုယ်ကို ရှင်ဘုရင်၏ တန်ခိုးအာဏာမျိုးပိုင်တိုင်သူဟု ကြေညာ မှုကိုမပြုခဲ့ သည့်အတွက် ယောဟန်သည် မိမိ၏မှန်းဆချက်နှင့်နှမ်းထွက်မကိုက် သဖြင့် စိတ်နှလုံး ရှုပ်ထွေးကာ ပူပန်ခဲ့ရပေသည်။

သူသည် လူသားတို့၏မာနထောင်လွှားခြင်းနှင့် တန်ခိုးအာဏာပြု မှုများကို ချိုးဖျက်နှိပ်ကွပ်ရန်ရည်ရွယ်၍ တရားတော်ကို ဟောကြားခဲ့ပါ၏။ လက်တော်ထဲမှာ ဆန်ကောပါလျက် မိမိကောက်နယ်တလင်းကို ရှင်းလင်း စေသဖြင့် ဂျုံစပါးကိုကျီ၌စုသိမ်း၍ အဖျင်းကိုကား မငြိမ်းသတ်နိုင်သော မီးနှင့် ရှို့တော်မူမည့်မေရှိယသခင်အား ပြညွှန်ခဲ့ပါ၏။ (ဟေရှာယ ၄၀၊ မဿဲ ၃ ကိုကြည့်ပါ)။ ယောဟန်သည် ဧလိယကဲ့သို့ပင် မိမိ၏ အရှင် သခင်ဘုရားသခင်ကို ရှုမြင်ရာ၌ မီးအားဖြင့် ထူးတော်မူသော ဘုရား သခင်တစ်ပါးအဖြစ် မိမိကိုယ်ကို ထင်ရှားဖော်ပြရန် မျှော်လင့်ခဲ့ပေသည်။

ဆရာယောဟန်သည် ဆင်းရဲချမ်းသာ လူ့အလွှာမရွေး သူတို့ကျူး လွန်နေကြသော အပြစ်ဒုစရိုက်များကို လားလားမျှမကြောက်၊ အားမ နာရှာမကျိုး မားမားမတ်မတ်ရပ်တည်ကာ ဆုံးမ ပဲ့ပြင်ခဲ့ပါ၏။ ရှင်ဘုရင် ကြီး ဟေရုဒ်ကိုသော်လည်း ၄င်းကျူးလွန်သော အပြစ်ဒုစရိုက်အတွက် ဆုံးမရန် ရဲဝံ့စွာရင်ဆိုင်ခဲ့၏။ ယခုတွင်မူကား သူသည် မကောင်းသူ ပယ်၊ ကောင်းသူကယ်မည့် ယုဒအမျိုးမှ ရွေခြသော့်မင်း (မေရှိယ) အားမိမိ၏ အချုပ်ခန်းငယ်လေးထဲမှနေ၍ စောင့်စား မျှော်လင့်မိပါသည်။

အကြောင်းမူကား ငါးကလေးကို ငါးကြီးစားသလိုမျိုးမာနထောင်သူတွေက အပါယ်ရတနာသူဆင်းရဲများကို အနိုင်ကျင့်နှိပ်ကွပ်နေကြသည်မဟုတ်ပါလား။ သို့သော်လည်း ယေရှုသည် မိမိစတိုင်နှင့် အေးအေးလူလူပင် လူထုကြီးအား အနာရောဂါမှ ပျောက်ကင်းစေ၍ ဆုံးမဩဝါဒများကို ပေးနေရသည်ကိုပင် ကျေနပ်ပုံရပါ၏။ အခွန်ခံတို့နှင့် စားပွဲဝိုင်းတစ်ခုတည်းမှာ ထမင်းစားသည်၊ တည်းခိုသည်၊ အဖော်လုပ် နေပါ၏။ တစ်ဖက်မှာတော့ ရောမသားတို့သည် အစ္စရေး လူမျိုးတို့အပေါ် နေ့တိုင်းအစဉ်ပိုမို၍ လေးလံသောထမ်းပိုးကို တင်လာကြ၏။ ဟေရုဒ်မင်းကြီးသည်လည်း ၎င်း၏ ဆိုးယုတ်သောအမြှောင်မယားတို့နှင့် မိမိတို့သဘောရှိသည်အတိုင်း ပလူးကာနေကြကုန်၏။ ဆင်းရဲသားလူငမွဲတို့မှာကား ဘုရားလေးရာဖရုံဆင့် ဆိုသကဲ့သို့ ဆင်းရဲမွဲတေဖွတ်ဘိုးအေဟု ဆိုရလောက်အောင် နာလန်မထူနိုင်ကြတော့ရကား ၎င်းတို့၏ အော်ဟစ်ငိုကြွေးသံတို့သည် ကောင်းကင်ထက်သို့ ပျံတက်ကာနေလေတော့သည်။

ပြင်းထန်သော စိတ်ပျက်ဖွယ်ရာတစ်ခု

ဤဖြစ်ရပ်စုံအပေါင်းတို့သည် တောတွင်းသား အချုပ်ခံဘဝမှာ ရှိနေသောထိုပုရောဖက်ကြီးအတွက် နားမလည်နိုင်လောက်အောင်နက်နဲလှပေ၏။

မကောင်းဆိုးဝါးတို့၏တီးတိုးပြောဆိုသံတို့သည် ယောဟန်၏စိတ်နှလုံးကိုနာကျင်စေ၏။ သို့ဖြစ်၍လည်း စိုးရိမ်ကြောက်လန့်မှုသည် သူ၌သန္ဓေတည်ကာ ရင့်မာလာပေသည်။ အချိန်ကြာမြင့်စွာ ကတည်းက စောင့်စားမျှော်လင့်ခဲ့ရပါသော ကယ်တင်ရှင်မေရှိယသည် ယခုတိုင်ပေါ်ထွန်းသေးသလော။ မိမိ၏ ဇွတ်အတင်းယုံကြည်စွာဖြင့် ဟောကြားခဲ့သောသတင်းစကားသည် မည်သို့ရှိချိမ့်မည်နည်း။ ထိုမထူးခြားနားလှသည့်ရလဒ်အတွက် ယောဟန်သည် အလွန်မှပင် စိတ်ပျက်ခဲ့ရလေသည်။

သူသည်မိမိဟောပြောခဲ့သော ဘုရားသခင် အထံတော်မှလာသည့်သတင်းစကားတို့သည် ယုဒရှင်ဘုရင်ယောရှိနှင့် ဇေဒရတို့၏ ခေတ်တုန်းကလို ပညတ်တော်ကို ဖတ်ရွတ်ကြားနာရသဖြင့် ပေါ်ထွက်လာသောအကျိုးသက်ရောက်မှုမျိုး ရလိမ့်မည်ဟု မျှော်လင့်ခဲ့ပါ၏။(ဧရာ ၃၄၊ နေဟမိမှတ်စာ ၈ တို့ကို လေ့လာပါ)။ ထိုခေတ်ကလူတို့သည် ပညတ်တော်တို့ကို ပြန်လည်ဖတ်ကြားလေ့လာကြသဖြင့် မြဲမြံသောနောင်တတရားများရရှိကာ ဘုရားသခင်အထံတော်သို့ ပြန်လည်ချဉးကပ်ကာ ခိုလှုံလာခဲ့ကြသည်မဟုတ်လော။ မိမိ၏ ဘဝအသက်တာကိုအပ်နှံကာသခင့်အစေခံခြင်းအမှုသည် အကျိုးမရှိအလဟဿဖြစ်သွားရပြီလော။ မိမိ၏ချစ်တပည့်ရင်းတို့ ဝိညာဉ်ခွန်အားတိုးကာ ယုံကြည်မှုကြီးရင့်လာဖို့အတွက် ခဲလေသမျှသဲရေကျခဲ့ရလေပြီကောဟု ယောဟန်စဉ်းစားမိ၍ စိတ်ဆင်းရဲခဲ့ရပါသည်။

ဤသို့ဖြစ်ရခြင်းသည် မိမိကိုယ်နှိုက်က အမှုတော်မြတ်အပေါ်ညာစား သက်သက်လုပ်နေခြင်းကြောင့်ပေလောဟုလည်း သူသည် ထွေရာလေးပါးစဉ်းစားလာမိ၏။ ကတိတော်နှင့်ဆိုင်သော ကယ်တင်ပိုင်သူသည် ပေါ်ထွန်းလာပြီဟုဆိုလျှင် ယောဟန်၏ သခင့်အစေခံမှုသည် အမှန်အကန်ဖြစ်ကာ ယေရှုသခင်သည်လည်း လက်ရှိ အခြေအနေမျိုးမှာ ဖိနှိပ်ကွပ်မျက်သူအာဏာရှင် အမှုထမ်းတို့၏ သြဇာတန်ခိုးကို ဖြိုဖျက်သိမ်းပိုက်၍ မိမိ၏ရှေ့တော်ပြေးကြီးအားလည်း ထောင်ချ အကျဉ်းသားဘဝမှလွှတ်ပေးလိမ့်မည်မဟုတ်လော။ ယခုမူကား အဘယ်ကြောင့် ထိုသို့မဖြစ်လာပါသတည်း။ လူအတွေးနှင့်တွေဝေနေမိသည်မှာ ဆရာယောဟန်ပေတည်း။

သို့ပါသော်လည်း ဆရာယောဟန်သည် ခရစ်တော်သခင်အပေါ်ထားရှိခဲ့သောယုံကြည်ခြင်းကို မစွန့်လွှတ်ပါ။ ကောင်းကင်ဘုံကအသံတော်၊ ဆင်းသက်လာသောချိုးငှက်ငယ်၊ အပြစ်ကင်းမဲ့သောလက္ခဏာနှင့်

ပြည့်စုံသည့် သခင်ယေရှု၊ ထိုသခင်သည် မိမိရှေ့မှောက်တွင် ရေနှစ်ခြင်းခံဖို့ရန် ရောက်ရှိလာစဉ် မိမိအပေါ်သို့ ကျရောက်လာသည့် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးနှင့် ကျမ်းစာကပြောသော ပုရောဖက် သက်သေခံချက်များအားလုံးတို့သည် တစ်လုံးတစ်ဝတည်းဖြင့် နာဇရက်မြို့သားယေရှုသည် ကတိတော်ထားရာ မေရှိယသခင်ဖြစ်ကြောင်း သက်သေခံနေကြပါသည်တကား။

ဆရာယောဟန်သည် မိမိ၏ သံသယစိုးရိမ်စိတ်တို့ကို ဘေးဖယ်ထား၍ အသေးစိတ်ကို စုံစမ်းရန်အတွက် ယေရှုထံသို့ သတင်းပို့လိုက်ပါသည်။ ဤအမှုကို သူ၏ ယုံကြည်အားကိုးရသော တပည့်နှစ်ယောက်က ထမ်းရွက်ရ၏။ ထိုသူတို့သည် ယေရှုသခင်ထံသို့ရောက်သော် မိမိတို့၏ ယုံကြည်ခြင်းခိုင်မြဲရေးအတွက် သခင်နှင့်တွေ့ဆုံမေးမြန်းကြပါ၏။ ဤတွင် မိမိအတွက် အထူးရှယ်တိုက်ရိုက် သတင်းရှိလိမ့်မည်ဟု ယောဟန် ကိုယ်တိုင်က မျှော်လင့်မိခဲ့ပေသည်။

ထိုသူတို့သည် အထံတော်သို့ရောက်လျှင် “ကိုယ်တော်သည် ကြွလာတော်မူသောသူမှန်သလော (သို့မဟုတ်) အခြားသောသူကိုမျှော်လင့်ရပါမည်လော” ဟုမေးလျှောက်ကြ၏။ လူ့သဘောသဘာဝနှင့်ဆိုရပါသော် ဤမေးခွန်းမျိုးသည် ပြင်းပြလှစွာသော ခါးသီးခြင်းနှင့်စိတ်ပျက်စရာပင်မဟုတ်ပါလား။ အကယ်၍သာ သစ္စာရှိ ရှေ့တော်ပြေးဆရာယောဟန်ကိုယ်တိုင်က ခရစ်တော်သခင်၏ အမှုတော်မြတ်နှင့်ပတ်သက်၍ ကွဲပြားခြားနားစွာ ထိထိမိမိ နားမလည်ဘဲရှိနေပါသော် ကိုယ်အကျိုးကိုသာ ကြည့်မြင်တတ်သော ထိုယုဒလူထုကြီးမှ မည်သည့်အရာကို မျှော်လင့်နိုင်ပါလိမ့်မည်နည်း။

ကယ်တင်ပိုင်သူ ယေရှုသည် ထိုတပည့်တော်တို့၏ အမေးကို ချက်ချင်းမဖြေပါ။ သူတို့သည် ယေရှုသခင် ရှေ့တော်မှောက်မှာ ငြိမ်သက်

စွာအဖြေကို စောင့်မျှော်နေစဉ်မှာ လူနာများနှင့် ဒုက္ခိတအပေါင်းတို့သည် ကုသမှုကိုခံယူရန် ကိုယ်တော်၏ ရှေ့တော်မှောက်သို့ ချဉ်းကပ်လာကြ၏။ မျက်မမြင်တို့လည်းပါလာ၏။ ကိုယ်ထူကိုယ်ထရောဂါသည်များလည်း မကင်းပါ။

အချင်းချင်းတိုးဝှေ့ကာဖြင့် ရှေ့တော်မှောက်သို့ရောက်လာကြပါသည်။ သမားတော်ကြီး၏ အသံတော်သည် နားပင်းတို့အားနားကြားစေ၏။ မျက်မမြင်တို့သည်လည်း ကိုယ်တော်၏လက်တို့ဖြင့် အမှောင်ခွင်း၍အလင်းသို့ရောက်ရကြ၏။ ယေရှုသည် ရောဂါဝေဒနာ မကောင်းဆိုးဝါးအပေါင်းတို့ကိုဆုံးမသဖြင့် နာမကျန်းသူတို့၏ အဖျားသည် ပျောက်လွင့်ကုန်၏။

သေလုမြောပါးလူသည် သခင်အသံကိုကြားရသဖြင့် အားအင်ပြည့်ဖြိုးလာကာ ကျန်းမာလာတော့၏။ သခင်သည် ရောဂါကိုကုသပေးရင်းနှင့် ဘဝသစ်မှာမည်သို့ နေထိုင်သက်ရှင်ရမည်ကိုလည်း သွန်သင်ပေးပါသည်။ ကျမ်းတတ်ဆရာတော်များက မသန့်ရှင်းသူများဟု သတ်မှတ်ကာ ရှောင်ရှားခြင်းခံရသော သူဆင်းရဲများ၊ လက်လုပ်လက်စား လယ်သမားများသည် သခင့်အနီးသို့ တိုးဝင်ချဉ်းကပ်ကာ စုဝေးနေကြသဖြင့် ယေရှုသည် ထိုသူတို့အား ထာဝရအသက်နှင့်ဆိုင်သော နှုတ်တော်ထွက်ကျမ်းစာမှ မိန့်မှာချက်တို့ကို ဟောကြားတော်မူခဲ့ပါသည်။

## ယေရှုသည် အထောက်အထားကိုတင်ပြခြင်း

ဤသို့လျှင် တစ်နေ့တာသည် ကုန်ဆုံးသွား၏။ ဆရာယောဟန်၏တပည့်တို့သည်လည်း အလုံးစုံတို့ကို မြင်ရကြားရကြပေသည်။ နောက်ဆုံးတွင် ယေရှုသခင်က ထိုသူတို့အား အထံတော်သို့ခေါ်၍ မြင်ရကြားရသမျှတွေကို ဆရာယောဟန်အား ပြန်လည်၍ သက်သေခံပြောကြားရန် မိန့်တော်မူ၍ "ငါ့ကြောင့် စိတ်မပျက်သောသူသည် မင်္ဂလာ

ရှိ၏" ဟု ထပ်လောင်း၍ သွန်သင်လိုက်ပါသည်။ ဤတွင်ယေရှုသခင်၏ဘုရားသခင် ဇာတိတော်အတွက် လုံလောက်သော အထောက်အထားကိုမြင်တွေ့နိုင်ပါပြီ။ လူသား အကျွန်ုပ်တို့၏ နိမ့်ကျသောအခြေအနေသို့တိုင် ကိုယ်တော်ရှင်သည် မိမိကိုယ်ကိုနှိမ့်ချခြင်းဖြင့် မိမိ၏ ဘုရားသခင်ဇာတိဘုန်းတော်ကို ထင်ရှားစေတော်မူခဲ့ပါပြီ။

တပည့်တော်တို့သည် မြင်တွေ့ကြားနာရလေသမျှကို မိမိတို့၏ဆရာအရင်း ယောဟန်အား ပြန်လည်၍ သတင်းပို့ရာတွင် လုံလောက်မှုရှိပါသည်။ ထိုသခင်သည် မေရှိယပင်ဖြစ်ပါသည်တကားဟူ၍ မေရှိယနှင့်ပတ်သက်သော ပုရောဖက်ဟောကြားချက်များကို ယောဟန်သတိရမိပါ၏။

"ထာဝရဘုရားသခင်၏ ဝိညာဉ်တော်သည် ငါ့အပေါ်မှာတည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းစကားကိုကြားပြောစေခြင်းငှာ ငါ့ကို ဘိသိတ်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏ အနာကိုလည်း စည်းစေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့် ထာဝရဘုရားသခင်၏ မင်္ဂလာနှစ်နှင့် ငါတို့ဘုရားသခင် အပြစ်ပေးတော်မူရာနေ့ရက်ကာလကို ကြားပြောစေခြင်းငှာလည်းကောင်း၊ ငါ့ကိုစေလွှတ်တော်မူပြီ။" (ဟေရှာယ ၆၁း၁၊၂)။ ယေရှုသခင်၏ ဆောင်ရွက်မှုအပေါင်းတို့သည် မိမိကို မေရှိယသခင်အဖြစ် ကြေညာပေးနေသည်မဟုတ်ပါလား။ သခင်၏ အမှုတော်မြတ်သည် လက်နက်စွဲကိုင်၍ ရာဇပလ္လင်နှင့် တိုင်းနိုင်ငံတို့ကို မှောက်လှန်သိမ်းပိုက်ရန်မဟုတ်ဘဲ၊ ကိုယ်အကျိုးစွန့် သနားခြင်းဂရုဏာနှင့်ပြည့်ဝသော အသက်တာအားဖြင့် လူသားတို့၏ စိတ်နှလုံးကို တရားပေးခြင်းဖြင့် အမှုတော်မြတ်ပြီးစီးအောင်ဆောင်ရွက်ရန်ဖြစ်ပါသည်။

ဆရာယောဟန်ကိုယ်တိုင်၏ အသက်တာအခြေခံမူစည်းမျဉ်းသည် မေရှိယသခင်၏ နိုင်ငံတော် စည်းမျဉ်း ဥပဒေများပင် ဖြစ်ပါသည်။

သို့ပါသော်လည်း အစ္စရေးခေါင်းဆောင်တို့၏ မျှော်လင့်ချက်နှင့် ၄င်းတို့၏ အသက်တာစည်းမျဉ်းတို့သည် ယေရှုသခင်၏ ဘုရားသခင် ဇာတိတော်နှင့်ပတ်သက်သော အထောက်အထားများနှင့် တခြားစီဖြစ်နေ၏။ ထိုသူတို့သည် သခင်ယေရှု၏ အမှုတော်မြတ်ကို သဘောမပေါက်နိုင်ကြပါချေ။

ကယ်တင်ပိုင်သူ ယေရှုခရစ်တော်၏လုပ်ဆောင်မှုတို့သည် မုန်းတီးရွံရှာမှုနှင့်အပြစ်စီရင်ခြင်းအမှုတို့ကိုသာဖြစ်စေဖို့ရန် အလားအလာများကြောင်းယောဟန်မြင်လေ၏။ ဇကေန်စစ်စစ်ဆရာယောဟန်သည် ယေရှုသခင်၏ရှေ့တော်ပြေး ယေရှုဘုရားသခင်ကိုယ်တော်တိုင်ကစစ်ယူသောက်သုံးရမည့်ခွက်ဖလားကိုယူ၍ သောက်နေခြင်းသာဖြစ်ပေသည်။

ကယ်တင်ပိုင်ရှင် ယေရှုသခင်၏ သိမ်မွေ့ဆုံးမပဲ့ပြင်မှုသည်ယောဟန်အဖို့ အလဟဿ ဖြစ်မသွားပါ။ ယခုတွင်မူ ယောဟန်သည်ယေရှုခရစ်တော်သခင်ဘုရား၏ အမှုတော်မြတ်လုပ်ငန်း၏ သဘောသဘာဝကို ပိုမိုထင်ရှားစွာ သိနားလည်ပြီဖြစ်သည်မို့ “သေလျှင်လည်းကျေးဇူးတော်၊ ရှင်လျှင်လည်း သခင့်အတွက်” မိမိကိုယ်ကို လုံးဝဥဿုံမိမိ၏ အသက်တာကို ဘုရားသခင်အား ပေးအပ် အပ်နှံထားပြီး ဖြစ်ပါသည်။ မိမိအနေဖြင့် ချစ်မြတ်နိုးရပါသော သခင့်အစေခံခြင်းအမှုတော်ကိုအကောင်းဆုံးလုပ်ဆောင်ရန်သာရှိပါတော့သည်တကား။

ကယ်တင်ရှင်၏နှလုံးသားသည် ဟေရုဒ်မင်းကြီး၏ အကျဉ်းထောင်ထဲမှာဖမ်းဆီးချုပ်နှောင်ခြင်းကိုခံနေရသည့်သစ္စာရှိသက်သေခံ ဆရာယောဟန်ထံရောက်ကာ အကြင်နာတရားပွားများလာခဲ့ပေသည်။

ထာဝရဘုရားသခင်သည် ယခုလိုအချိန်မျိုးမှာ ဆရာယောဟန်အား မစွန့်ပစ်ကြောင်းကိုလည်းကောင်း၊ သူ၏ ယုံကြည်ခြင်းသည် စမ်းသပ်စစ်ဆေးသောနေ့ရက်အချိန်မှာ ချည့်နဲ့နေကြောင်းကိုလည်းကောင်း သိသာ

ထင်ရှားစေရန် ယေရှုသခင်သည် အနီးရှိလူပရိသတ်တို့အား ဤသို့လျှင် မိန့်တော်မူခဲ့ပါ၏။ "သင်တို့သည် အဘယ်မည်သောအရာကို ကြည့်ရှုခြင်းငှာ တောသို့ထွက်သွားကြသနည်း။ လေလှုပ်သော ကျူပင်ကို ကြည့်ရှုခြင်းငှာ သွားကြသလော။"

ယော်ဒန်မြစ်နားကကျူပင်တို့သည် လေယူရာ ယိမ်းနေကြသည်။ နှစ်ခြင်းဆရာယောဟန်၏ လုပ်ဆောင်ချက်များကို ဝေဖန်စီရင်နေကြသော ကျမ်းတတ်ဆရာတော်တို့၏ ကိုယ်စားလှယ်တော်တို့သည်လည်း ခေတ်ရေစီးကြောင်း၏ ဩဝါဒလေတိုက်ခတ်မှုကြောင့် ဟိုဘက်ဒီဘက်ယိမ်းကာ နေကြပါသည်။

သို့တိုင်အောင်လည်း ယောဟန်၏ဆောင်ရွက်မှုတို့ကိုလူသိရှင်ကြား ဆန့်ကျင်လိုကြပါသော်လည်း လူထုကို ကြောက်ရွံ့သဖြင့် ပွင့်ပွင့်လင်းလင်း မပြုဝံ့ကြပါချေ။ ဘုရားသခင်၏ စေတမန်ကြီး ယောဟန်မူကားကြောက်ရွံ့ခြင်းလားလားမျှမရှိ၊ သတ္တိကြီးလေ၏။ သူသည် ကိုယ်ကျိုးကိုသာ ကြည့်၍ အမွှမ်းတင်တတ်သူ ကျမ်းတတ်ဆရာဖာရိရှဲများ၊ ယဇ်ပုရောဟိတ် အနွယ်ဝင် ဇဒ္ဒုကဲများ၊ မင်းညီမင်းသားနှင့် စစ်သည်တော်များ၊ ဟေရုဒ်မင်းကြီးနှင့်နန်းတွင်းသားများ၊ အခွန်ခံနှင့်လယ်သမားများ အပါယ်ရတာသူဆင်းရဲများတို့ကို မျက်နှာမလိုက်တစ်သမတ်တည်း ပွင့်ပွင့်လင်းလင်း သွန်သင်ဆုံးမပဲ့ပြင်ခဲ့ပေသည်။ သူသည် လေယူရာယိမ်းတတ်သော ကျူပင်ကဲ့သို့ မဟုတ်ပါ။

ယခုမှာတော့ ထောင်ကျအကျဉ်းခံရသည်ကိုပင်ခရစ်တော် နှင့်အတူ ဒုက္ခခံခြင်းအဖြစ်ဟု မြင်လာကာ ဂုဏ်ယူဝင့်ကြွားတတ်လာပါပြီ။အကျဉ်းခန်းထဲမှာပင် ဘုရားသခင်အား သစ္စာရှိပါ၏။ ကောင်းမြတ်သည့်ကျင့်စဉ်အပေါ် သစ္စာရှိတည်မြဲမှုသည် ယောဟန်အဖို့ ကျောက်ဆောင်ကဲ့သို့မားမား မတ်မတ်ရပ်တည်လျက်ရှိနေလေပါပြီ။

# ထိုသူထက်ကြီးမြတ်သောသူမရှိတော့ပါပြီ

ယေရှုသခင်သည် ဆက်လက်၍ "သို့မဟုတ် နူးညံ့သောအဝတ်ကိုဝတ်ဆင်သောသူကို ကြည့်ရှုခြင်းငှာသွားသလော။ တင့်တယ်သောအဝတ်ကိုဝတ်ဆင်၍ ကောင်းမွန်စွာစားသောက်သောသူသည် မင်းအိမ်၌နေတတ်ကြ၏" ဟုမိန့်တော်မူ၏။ စည်းစိမ်ချမ်းသာ ပေါကြွယ်ဝစွာ လှပတင့်တယ်သောအဝတ်တန်ဆာတို့ကို ဝတ်ဆင်၍ ဖိမ်ခံပျော်ပါးနေခြင်းသည် ဘုရားသခင် အစေခံတို့၏ အင်္ကနိးအတာမဟုတ်ပါ။ သို့ရာတွင် ယဇ်ပုရောဟိတ်တို့နှင့် အကြီးအကဲ ခေါင်းဆောင်ကြီးများတို့သည် မိမိတို့ကိုယ်ကို တင့်တယ်လှပသော ဝတ်ရုံများဖြင့် တောက်ပြောင်စေကြ၏။ သူတို့သည် လူတို့၏ ချီးကျူးဂုဏ်ပြုမှုကို လိုလားတောင့်တကြသည်မှာ ဘုရားသခင်၏ ထောက်ခံချက်ကို ရယူခြင်းထက်ပိုမို၍ စိတ်အားကြီးနေကြပါသည်။ သူတို့၏ သစ္စာစောင့်သိရိုသေမှုကိုလည်း ဘုရားသခင်အားမပေးဘဲ ဤလောကသားတို့၏ ချီးမွမ်းမှုကို ရရှိဖို့ရန်သာ ဆန္ဒကြီးနေကြလေသည်။

"သင်တို့သည် အဘယ်အရာကိုကြည့်မြင်ရန် တောသို့သွားကြပါသနည်း။" ပုရောဖက်ကိုကြည်ခြင်းငှာ သွားသလော။ ထိုသူအကြောင်းနှင့်ပတ်သက်၍ ကျမ်းဆိုချက်များက ဤကဲ့သို့မှတ်တမ်းတင်ထားရှိခဲ့ပါသည်။

"ကြည့်ရှုလော့၊ သင်သွားရာလမ်းကိုပြင်နေသော ငါ၏တမန်ကိုသင့်ရှေ့၌ ငါစေလွှတ်၏ဟုဆိုရာ၌ ယောဟန်ကိုဆိုလိုသတည်း။"

"ငါဆိုသည်ကား မိန်းမမွေးသောသူတို့တွင် ဗတ္တိဇံဆရာယောဟန်ထက်ကြီးမြတ်သော ပုရောဖက်တစ်ယောက်မျှမရှိ" ဟု ယေရှုသခင်မိန့်တော်မူခဲ့ ပါသည်။ ယောဟန်မမွေးဖွားမီ ကောင်းကင်တမန်က

ဇာခရိအား မိန့်တော်မူသည်ကား “ထိုသားသည် ထာဝရဘုရားသခင်ရှေ့တော်၌ ကြီးမြတ်သောသူဖြစ်လိမ့်မည်” ဟူသတည်း။ (လုကာ ၁း၁၅)။ ဘုရားသခင်၏အကဲဖြတ်မှုတွင် မည်သည့်အရာသည် အမြတ်ဆုံးဖြစ်ပါသနည်း။

လောကလူသားတို့ တန်ဖိုးထားကြသည့် ကြွယ်ဝချမ်းသာမှုများမဟုတ်ပါ။ ရာထူးရာခံ၊ မြင့်မြတ်သောမျိုးရိုးစဉ်ဆက်၊ အတတ်ပညာဆိုင်ရာမွေးရာပါဆုကျေးဇူးများလည်း မဟုတ်ပါ။ ထာဝရဘုရားသခင် တန်ဖိုးထားသောအရာမှာ ကျွန်ုပ်တို့၏ အကျင့်စာရိတ္တပင်ဖြစ်၏။ ချစ်ခြင်းမေတ္တာနှင့်ဖြူစင်သန့်ရှင်းခြင်းသည် ယေရှုသခင်၏ တန်ဖိုးအထားဆုံးသောအရာများပင်ဖြစ်ချေသည်။ ယောဟန်သည် ဘုရားသခင်ရှေ့တော်မှောက်မှာကြီးမြတ်သည်ဟုဆိုရာ၌ သူသည် မိမိအကျိုးကိုမကြည့်၊ ယေရှုသခင်ကိုသာလျှင် ကတိတော်နှင့်ဆိုင်သော မေရှိယသခင်ဖြစ်ကြောင်းပြညွှန်သောကြောင့်တည်း။

သူသည်ခရစ်တော်သခင်၏ အမှုတော်မြတ်မှာပါဝင်အသုံးတော်ခံခြင်းဖြင့်ခံစားရသောတစ်ကိုယ်ကောင်းစိတ်နှင့်လုံးဝကင်းစင်သော ပျော်ရွှင်ဝမ်းမြောက်မှုသည် လူ့ဘဝအသက်တာ၌တွေ့ဖူးသမျှမှာအမြတ်ဆုံးဂုဏ်အသရေပင်ဖြစ်ပါတော့သည်။

## ပုရောဖက်တစ်ပါးထက်ပိုမိုကြီးမြတ်သူပါတည်း

နှစ်ခြင်းဆရာ ယောဟန်သည် မေရှိယ၏ ရှေ့တော်ပြေးကြီးအဖြစ်အခြား ပုရောဖက်ထက်ကြီးမြတ်သောသူဖြစ်ပါသည်။ အခြားသောပုရောဖက်များသည် ခရစ်တော်ကြွလာခြင်းကို ကိုယ်တိုင်ကိုယ်ကျတွေ့ခွင့်မရှိဘဲရှိနေ စဉ်မှာ ယောဟန်အနေဖြင့် ကိုယ်တော်ရှင်အားကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ရသော အခွင့်ကိုရရှိခဲ့ပေသည်။ ထိုသခင်သည် မေရှိယ အရှင်ဖြစ်ကြောင်းကိုလည်း ကောင်းကင်က အသံတော်အားဖြင့်

ကြားသိမြင်တွေ့ရသဖြင့် အစ္စရေးတို့အား တင်ပြနိုင်ခွင့်ရှိခဲ့ပေ၏။သူသည် သေးငယ်သော အလင်းအိမ်သာဖြစ်၍ ပိုမိုကြီးမားသောအလင်းတန်းသည် နောင်သောအခါမှာ ဆက်တိုက်ပေါ်ထွက်လာမည်ဖြစ်ပါသည်။ ခရစ်တော် သခင်၏အသက်တာပုံစံနမူနာနှင့် သွန်သင်ချက်များမှ ထွက်ပေါ်လာခဲ့ သောလင်းရောင်ခြည်လောက် လူသားတို့အပေါ် ကြည်လင်စွာထွန်းလင်း ခဲ့သောအလင်းမျိုးသည် မည်သည့်အချိန်အခါတွင်မျှ ထွန်းလင်းလိမ့်မည် မဟုတ်ချေ။

နှစ်ခြင်းဆရာယောဟန်သည် မိမိ၏ အမှုတော်လုပ်ငန်းမှာပျော် ရွှင်မှုကိုတွေ့ရှိခံစားခဲ့ရသော်လည်း သူ၏အသက်တာမှာ ဝမ်းနည်းဖွယ်အတိ ဖြစ်ခဲ့ရပါ၏။

သူ၏ဘဝမှာ အထီးကျန်ဘဝသာတည်း။ မိမိလုပ်ဆောင်မှုများ၏ အကျိုးရလဒ်များကိုလည်း မြင်တွေ့ခွင့်မရရှိခဲ့ပါချေ။ သူသည် ခရစ်တော် သခင်နှင့်အတူ နေထိုင်လုပ်ကိုင်ခွင့်မရရှိခဲ့ရုံမျှမက အလင်းအိမ်ကြီး ယေရှုခရစ်တော်၏ ဆိုစကားတို့အားဖြင့် ထွန်းလင်းတောက်ပနေသော ရောင်ခြည်တော်ကိုလည်း သူမမြင်တွေ့လိုက်ရပါ။ ခရစ်တော်သခင်၏ ကြီးမြတ်လှသော အမှုတော်မြတ်လုပ်ဆောင်ချက်များကို မြင်တွေ့ခဲ့ပြီးနှုတ် တော်ထွက်စကားများကို ကြားခဲ့ရသည့် အငယ်ဆုံးသောတပည့်တော်သည် ဤအရာမှာ ဆရာယောဟန်ထက် အခွင့်အရေးသာခဲ့ပေသည်။ ထို့ကြောင့် ကောင်းကင်နိုင်ငံတော်တွင် အငယ်ဆုံးသောသူသည် ယောဟန်ထက်သာ လွန်သည်ဟု မိန့်တော်မူခြင်း ဖြစ်ပါသည်။

ဟေရုဒ်မင်းကြီးသည် ယောဟန်ကို ဘုရားသခင်၏ ပုရောဖက် တစ်ပါးဟု ယုံကြည်သည်ဖြစ်သောကြောင့် အကျဉ်းသားဘဝမှ သူ့အား လုံးဝလွတ်မြောက်စေသည်ဟူသော ဆန္ဒသည်ရှိပါ၏။ သို့ရာတွင် သူသည် ဟေရောဒိကို ကြောက်၏။ သူမကလည်း တိုက်ရိုက်လုပ်ဆောင်ချက်နှင့်

တော့ယောဟန်ကို လုပ်ကြံရန်မလွယ်ကူ၊ မဖြစ်နိုင်ကြောင်းကိုသူသိပါသည်။ သို့ဖြစ်၍ ပရိယာယ်ကိုသုံး၏။ မိမိသုံးသော မဟာဗျူဟာမှာ ဟေရုဒ်မင်းကြီး၏ မွေးနေ့၌ နိုင်ငံတော်အကြီးအကဲများနှင့် နန်းတော်မှ ဂုဏ်အသရေရှိလူကြီးမင်းတို့ကို ဧည့်ခံကျွေးမွေးဖြေဖျော်ရန် အစီအစဉ်တစ်ရပ်ကို ရေးဆွဲဖေါ်ဆောင်ခဲ့လေသည်။

ထိုပွဲနေ့မှာ ရွှေပွဲလာဧည့်ပရိသတ်တို့သည် သောက်စားမူးယစ်ကာ ပျော်ပါးကြလိမ့်မည်မဟုတ်လော။ ဟေရုဒ်မင်းကြီးသည်လည်း သတိလက်လွတ်ဖြစ်နေချိန်မှာ မူရာမာယာကြွယ်ဝလွန်းသောဟေရောဒိသည် မိမိလိုလားတောင့်တသလို ပစ်မှတ်ကို သေသေချာချာ ပစ်ခွင်းပစ်တော့မည်ဖြစ်ပါသည်။

မွေးနေ့ရက်ကြီးရောက်ရှိလာပါပြီ။ ရှင်ဘုရင်နှင့်အပေါင်းပါများတို့သည် မူးယစ်ပျော်ပါးနေကြ၏။ ထိုအချိန်မှာ ဧည့်သည်တော်တို့အား စွဲမက်စရာအကဖြင့် ဖြေဖျော်ရန် ဟေရောဒိသည် မိမိ၏ လှပျိုဖြူသမီးစလိုမီကို ဧည့်ခန်းထဲသို့လွှတ်လိုက်လေသည်။ ထိုသမီးပျိုသည် လှပစိုပြေ၍ ကိလေသာတဏှာစိတ်ကို နှိုးကြွစေသော ကိုယ်လုံးအလှပိုင်ရှင်တစ်ဦးဖြစ်ပေသည်။ ထိုပွဲမှာ သူမ၏အလှကို တွေ့ကြကုန်သောသူအပေါင်းတို့သည် စွဲလမ်းကာနေတော့၏။ နန်းတွင်းသူတစ်ယောက်က ဤလိုပွဲမျိုးမှာပါဝင်ဖြေဖျော်ခြင်းသည် ထုံးစံမဟုတ်ပါ။ သို့ဖြစ်၍ မိမိတို့အားဧည့်ခံရာ၌ အစ္စရေးတို့၏ ယဇ်ပုရောဟိတ်များနှင့် အကြီးအကဲတို့၏ သမီးအပျိုစင်နန်းတွင်းသူမျက်နှာဖုံးကိုပင် သုံးနေခြင်းကား ရိုးရိုးမဟုတ်၊ အတိုင်းထက်အလွန်ဂုဏ်ပြုပွဲထုတ်ခြင်းတည်းဟုဆိုကာ ဟေရုဒ်မင်းကြီးအား မြှောက်ထိုးပင့်ကော်ချီးမွမ်းခဲ့ကြပေသည်။

မင်းကြီးသည် စပျစ်ရည် သောက်ကြူးနေပြီဖြစ်သောကြောင့် မူးယစ်ကာ နေလေပြီ။ ကိလေသာတဏှာစိတ်များ ပေါ်ပေါက်လာကာ ဆင်ချင်တုံ တရားတို့သည်လည်း ပျောက်လွင့်ကုန်၏။ သူသည် မြူးတူး

ပျော်ပါးနေသော ဧည့်သည်တော်များ၊ စားသောက်ဖွယ်ရာများစွာနှင့်ပြည့် လျှံနေသောစားပွဲ၊ ပယင်းရောင်ရွှေစပျစ်ရည်၊ လင်းထိန်နေသော မီးရောင် များနှင့် မိမိရှေ့မှာ ကခုန်ဖြေဖျော်နေသော မိန်းကလေး စသည့်မြင်ကွင်း များကိုသာ မြင်နေတော့၏။ ထိုသို့ အသိဉာဏ်ကင်းမဲ့လာကာ သတိလက် လွတ်ဖြစ်နေသောအချိန်မျိုးမှာ မင်းကြီးသည် မိမိလက်အောက်ရှိ နိုင်ငံ ခေါင်းဆောင်ကြီးများရှေ့မှောက်၌ မိမိအား အထင်ကြီးသွားစေရန်ဟန်ကိုယ့် ဖို့ဆိုသလို ဟေရောဒိ၏ သမီးစလိုမီအား သင်သည် လိုချင်တာကိုတောင်း ခံလျှင် နိုင်ငံတော် တစ်ဝက်တိုင်အောင်ပေးမည်ဟု ကျိန်ဆိုကတိပြုခဲ့ လေသည်။

စလိုမီသည် သူငယ်မသာဖြစ်သေး၍ မည်သည့်အရာကိုတောင်း ခံရမည်ကိုမေးရန် မိခင်ဟေရောဒိထံသို့ အမြန်သွားရောက်ခဲ့ပါသည်။ ဟေရောဒိ၌မူ အဖြေရှိထားပါလေပြီ။ ဆရာယောဟန်၏ ဦးခေါင်းကိုလို ချင်နေပြီကော။

စလိုမီသည် သူ့မမိခင်၏ ကလဲ့စားချေလိုစိတ်ပြင်းထန်မှုကိုမသိ ခဲ့ပါ။ ထိုသို့တောင်းခံရန် သူမသည် တွန့်ဆုတ်နေခဲ့ပါသော်လည်း ဒေရောဒိ၏ ဆုံးဖြတ်ချက်သည် အနိုင်ရရှိသွားပါ၏။ မိန်းမငယ်သည် မင်းကြီးထံပြန်လာ၍ "ဗတ္တိဇံဆရာ ယောဟန်၏ ဦးခေါင်းကိုလင်ပန်း ၌အလျင်အမြန်ပေးတော်မူစေခြင်းငှာ ကျွန်ုပ်အလိုရှိပါသည်" ဟု ကြောက် ရွံ့တုန်လှုပ်စွာဖြင့် တောင်းလျှောက်ခဲ့လေသည်။

ထိုတောင်းခံမှုကိုကြားရသော ဟေရုဒ်သည် အံ့အားသင့်ကာတွေ ဝေသွားပါ၏။ သူသည် အပြစ်မဲ့ယောဟန်၏ အသက်ကို သတ်ရမည့် အတွေးကြောင့် ကြောက်လန့်ရသည်မှာ ကြက်သီး မွေးညင်းထသည်အ ထိဖြစ်လေပြီ။ သို့တိုင်အောင်လည်း ကတိပေးထားပြီ ဖြစ်သောကြောင့် "လူမှာကတိမင်းမှာသစ္စာ" ဆိုသကဲ့သို့ သူသည် မိမိ၏ကတိကိုပယ်ဖျက်ရန် ဆန္ဒမရှိပါ။ ဧည့်သည်တော်တို့ကို ဂုဏ်ပြုသည့်အနေဖြင့် ကျိန်ဆိုကတိပြု

ခဲ့ခြင်းဖြစ်သဖြင့် အကယ်၍သာ ဧည့်သည်များထဲမှ တစ်ဦးတစ်ယောက်က ဤကတိကိုမဖြည့်စွက်ပါရန် စကားတစ်လုံးကမ်းလှမ်းခဲ့ပါမူ မင်းကြီးသည်ဝမ်းမြောက်စွာဖြင့် ထိုပုရောဖက်ကြီး၏ အသက်ကို ချမ်းသာခွင့်ပေးလိုက်ပါလိမ့်မည်။ သို့ဖြစ်၍ သူသည် မိမိဧည့်သည်တော်တို့အား အကျဉ်းသားယောဟန်၏ ကိုယ်စားတောင်းပန်စကားပြောပေးရန် အခွင့်အရေးကိုပေးခဲ့ပါသည်။

ထိုသူတို့ကလည်း ယောဟန်သည် ထာဝရဘုရားသခင်၏ အစေခံကျွန်တစ်ယောက်ဖြစ်မှန်း သိကြပါ၏။ သို့ရာတွင် ထိုသူတို့သည် မိန်းမငယ်၏တောင်းခံမှုကြောင့် ထိတ်လန့်ချောက်ချားခဲ့သည့်တိုင်အောင် ဝင်ရောက်တားမြစ်ပိတ်ပင်မှုကို မပြုလုပ်နိုင်သည်အထိ သူတို့၌ မောဟဖုံးလွှမ်းနေလေတော့သည်။

ကောင်းကင်ဘုံဘုရားသခင်၏ စေတမန်အသက်ကို ကယ်နုတ်ရန် အဘယ်မည်သော အသံမျှထွက်ပေါ်၍ မလာခဲ့ချေ။ ဤသူတို့သည် နိုင်ငံတော်၏ ယုံကြည်အားကိုးမှုကိုခံရသည့် ရာထူးရာခံကြီးကို ထမ်းဆောင်ကြရသော ကြီးမားတာဝန်ရှိ ပုဂ္ဂိုလ်တော်များဖြစ်ကြပေသည်။ အာရုံခံစားမှုများ၌ ထုံထိုင်းသွားကြရသည့်တိုင်အောင် ထိုသူတို့သည် သောက်စားမူးယစ်ခဲ့ကြသဖြင့် သူတို့၏ ဦးခေါင်းထဲမှာ တေးဂီတသံစဉ်နှင့်အကအခုန်လျှပ်ပေါ်မြင်ကွင်းများနှင့် အပြည့်နေတော့ရကား အကောင်း၊ အဆိုး ဝေဖန်ခွဲခြား မြော်မြင်တတ်သောမသိစိတ်သည် ဆိတ်သုဉ်းကာနေတော့၏။ ထိုသို့တိတ်ဆိတ်ငြိမ်သက်ခြင်းက စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် စွန့်ပယ်ခံရသော မိန်းမယုတ် ဟေရောဒိ၏ ကလဲ့စားချေမှုကို ကျေနပ်သွားကြစေသည်မဟုတ်ပါလား။ ဘုရားသခင်၏ ပုရောဖက်ကြီးယောဟန်အပေါ် ချမှတ်ထားသောသေမိန့်ကားအတည်ဖြစ်ကြောင်း ကြေညာနေသလိုဖြစ်၍နေပါပြီ။

မကြာမီအတွင်းမှာပင် ဆရာယောဟန်၏ဦးခေါင်းကို မင်းကြီးနှင့်တကွ ဧည့်သည်တော်များ ရှေ့မှောက်သို့ ယူဆောင်လာခဲ့ကြပါသည်။

လူအပေါင်းတို့ နောင်တရကြလော့ဟူသော တရားဟောသံသည် ယောဟန်၏နှုတ်ခမ်းမှ ထာဝရဆိတ်ငြိမ်သွားရလေပါပြီ။ တစ်ညာတာ၏ အပျော်ကြူးမှုသည် ကြီးမြတ်သော ပုရောဖက်များထဲမှ တစ်ပါးဖြစ်သော ယောဟန်၏အသက်ကိုပင် ဆုံးရှုံးစေနိုင်ခဲ့သည်တကား။

တရားမျှတမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သင့်သော ဥပဒေပညာရှင်များ၏ ချုပ်တည်းမှုကင်းမဲ့ခြင်းကြောင့် အပြစ်မဲ့သော အသက်များမည်မျှဆုံးရှုံးခဲ့ရပြီလဲ။ သေရည်သေရက်ကို မိမိပါးစပ်အတွင်းသို့ထည့်လောင်းသောသူသည် မောဟဖုံးလွှမ်းသဖြင့် ကျူးလွန်နိုင်သော မတရားမှုဒုစရိုက်အပြစ်များအားလုံးအတွက် မိမိ၌ တာဝန်ရှိပါသည်။

သေရည်ကြောင့် အာရုံခံစားမှုမှာ ထုံထိုင်းနေသဖြင့် တည်ငြိမ်စွာဆုံးဖြတ်ချက်ချကာ အမှားနှင့်အမှန်ခွဲခြားသိမြင်ရန်မှာ မဖြစ်နိုင်တော့ပေ။ ဤလိုအခြေအနေမျိုးမှာ အာဏာတန်ခိုးကို အလွဲသုံးစားပြုမည်ကများပါ၏။ လူလူချင်းတရားစီရင်ပိုင်ခွင့်ရှိသူများသည် ချုပ်တည်းမှုကင်းမဲ့သွားသောအခါမှာ မိမိကိုယ်တိုင်က ရာဇဝတ်မှု မကျူးလွန်မိစေရန်ချုပ်ထိန်းသင့်ပါသည်။ ဥပဒေပြုပြဋ္ဌာန်းသူတို့သည် ဥပဒေကိုစောင့်ရှောက်သူများ ဖြစ်သင့်ကြသည်မဟုတ်လော။ ချုပ်တည်းခြိုးခြံမှုရှိရန် လိုအပ်လှပါသည်။ ဉာဏ်ပညာစွမ်းအားတိုးပွားဖို့နှင့် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သော တန်ခိုးသြဇာတို့ကို ပိုင်ဆိုင်နိုင်စေဖို့ သူတို့သည် မိမိတို့မှာရှိသောကာယ၊ ဉာဏနှင့် အကျင့်စာရိတ္တတန်ခိုးတို့ကို လုံလုံးလျားလျားအုပ်ထိန်းထားရှိရန် လိုအပ်လှပါသည်။

ဟေရောဒိသည် ကလဲ့စားချေရသောကြောင့် ပျော်နေသည်။ ဟေရုဒ်မင်းကြီးကို စိတ်ဒုက္ခရောက်စေမည့်သူမရှိတော့ဟု ထင်မှတ်ကာအားရမိ၏။ သို့သော်လည်း သူမ၏ လုပ်ရပ်ကြောင့် မည်သည့်ပျော်ရွှင်မှုကိုမျှမရရှိခဲ့ပါ။ မကောင်းသော နာမည်သာ တစ်ဆင့်စကားတစ်ဆင့်နား

ကြားရသဖြင့် ဆိုးသတင်းပျံ့နှံ့နေပါသည်။ ယေရှုဒ်မင်းသည်လည်း စိတ်သောကရောက်နေ၏။ သူသည် မိမိကျူးလွန်ခဲ့သောအပြစ်၏ ခြောက်လှန့်မှုကို အမြဲခံစားနေရ၏။ သို့ဖြစ်၍ မိမိကျူးလွန်ခဲ့သော အပြစ်၏ခြောက်လှန့်စွဲဆိုချက်မှ သက်သာမှုရရှိရန် သူသည် အစဉ်အမြဲ ကြိုးစားခဲ့ရပါ၏။

သူသည် ယောဟန်၏ ကိုယ်ကျိုးစွန့်ကာသခင့်အစေခံခြင်း၊ မိမိဆန္ဒအလိုကို ငြင်းပယ်ကာ အများအကျိုးကိုဆောင်ရွက်သောအသက်တာ၊ ဖြူစင်မွန်မြတ်လှပါသော စိတ်နှလုံးအတွင်းမှ ထွက်ပေါ်လာသည့် တောင်းဆိုချက်များ၊ ခိုင်မာလှစွာသော တရားဆုံးဖြတ်ချက်များနှင့် မင်းကြီးသည်ပြန်လည်သတိရမိတိုင်း ဂနာမငြိမ်စိတ်ဆင်းရဲခြင်းသာ ဖြစ်ခဲ့ရပေသည်။ သူသည် တိုင်းရေးပြည်ရေး ကိစ္စရပ်များစွာကိုထမ်းဆောင်ရာမှာ ကျိန်ခြင်းအမင်္ဂလာတစ်ပါးသည် မိမိအပေါ်မှာ ကျရောက်ခဲ့ချေပြီဟူသော စိုးရိမ်ကြောက်လန့်မှုကိုခံစားနေရ၏။ လူတို့၏ အရိုအသေပေးမှုကိုခံခဲ့ရပေမဲ့ မချိသောအပြုံးနှင့် အပေါ်ယံအိန္ဒြေဆောင်ကာ ဆက်ဆံနေရပေသည်။

ထာဝရဘုရားသခင်သည် နေရာတိုင်း၌ ရှိတော်မူသဖြင့်စားသောက်ပွဲခန်းမကြီးထဲမှာ မိမိတို့၏ ပျော်ပါးမှုကျူးလွန်ခြင်းများ၊ ဆရာယောဟန်၏ဦးခေါင်းကိုဖြတ်ပြီးယူလာရန် မိမိကအမိန့်ပေးခြင်း၊ ဟေရောဒိ၏ ကျေနပ်ဝမ်းသာနေပုံနှင့် သူမ၏ မထီလေးစားပြုမူနေပုံများကို ကိုယ်တော်ရှင် ဘုရားသခင်သည်လည်း မြင်တွေ့တော်မူမည်ကို ဟေရှုဒ်သည် သဘောပေါက်ခဲ့ပါသည်။

ဟေရှုဒ်မင်းကြီးသည် ခရစ်တော်သခင်၏ အမှုတော်မြတ်အကြောင်းကို ကြားသိရသောအခါမှာ အမိန့်ပေး၍ ခေါင်းဖြတ်သတ်ခံခဲ့ရသော ထိုယောဟန်သည် သေခြင်းမှ ရှင်ပြန်ထမြောက်လာသူဖြစ်လေမလားဟူ၍ စဉ်းစားမိခဲ့ပါသည်။ ထို့ထက်ပို၍ ဆိုးဝါးသည်က ဘုရားသခင်

ထမြောက်ရှင်ပြန်စေတော်မူခဲ့သည့် ထိုယောဟန်သည် မိမိနှင့်တကွနန်းတွင်းသားများအား မိမိတို့၏ အပြစ်နှင့်အလျောက် အပြစ်ဒဏ်ပေးစီရင်ခြင်းဖြင့် ကလဲ့စားချေမည်ကို မင်းကြီးသည် အစဉ်စိုးရိမ်လျက်နေပါသည်။

သို့ဖြစ်၍ သူ၌ ငြိမ်သက်ခြင်းဟူသည် မရှိတော့ပါပြီ။ အပြစ်၏ရလဒ်ကို သူသည် ပြန်ရိတ်သိမ်းနေရပါလေပြီ။ မင်းကြီးသည် "စိတ်နှလုံးသက်သာခြင်းမရှိ တုန်လှုပ်နေ၏။ မျက်စိမြော်၍အားကုန်ခြင်း၊ ဝမ်းနည်းခြင်းအကြောင်း သက်သက်သာရှိတော့၏။ သင်၏ စိတ်နှလုံးထဲမှာ ကြောက်ရွံ့ရသောအကြောင်း၊ သင့်မျက်စိ၌ မြင်ရသောအရာအကြောင့် နံနက်အချိန်၌ သင်က ညဉ့်ရောက်ပါစေ ဟူ၍လည်းကောင်း၊ ညဉ့်အချိန်၌နံနက်ရောက်ပါစေဟူ၍ လည်းကောင်း" တရားဟော ၂၈း၆၅-၆၇ ရင်ထဲမှာ တလှပ်လှပ်ခံစားနေရလေ၏။ ၎င်းအား နေ့ရောညပါနေမထိထိုင်မသာ ဖြစ်စေသောအပြစ်ရှိနေသည့် မသိစိတ်တစ်ခု၏ နာကျင်မှုထက်ပိုမိုထက်မြက်အစွမ်းရှိသော နှိပ်စက်ညှင်းဆဲမှုသည် ဤကမ္ဘာပေါ်မှာ မရှိနိုင်တော့ချေ။

## ယောဟန်ကိုမကယ်နှုတ်ခြင်း၏အကြောင်းရင်း

ဆရာယောဟန်၏ ကံကြမ္မာနှင့်ပတ်သက်၍ လူများစွာတို့က အဘယ်ကြောင့် ဘုရားသခင်သည် ထောင်ထဲမှာ အကျဉ်းချခံနေရသူကို မကယ်တင်ဘဲ ထိုနေရာမှာပင် လုံးပါးပါးစေကာ သေဆုံးသွားရန်စွန့်ပစ်ထားခဲ့ပါသနည်းဟု မေးမြန်းလာကြပါသည်။ သို့သော်လည်း ကျွန်ုပ်တို့က ယောဟန်သည် ခရစ်တော်သခင်၏ ဆင်းရဲဒုက္ခကို မျှဝေခံစားခဲ့သူတစ်ဦးဖြစ်သည်ဟု သတိရ အောက်မေ့သောအခါတွင် ဘုရားသခင်အပေါ် ကျွန်ုပ်တို့သည် မည်သည့်အခါမျှ သံသယဝင်တော့မည်မဟုတ်ပါ။ ဘုရားသခင်အပေါ် ထားရှိသော ကျွန်ုပ်တို့၏ စိတ်ချထား

မှုသည်လည်း ယိမ်းယိုင်သွားမည် မဟုတ်ပါ။ ခရစ်တော်သခင်၏နောက်တော်သို့လိုက်သောသူတိုင်းသည် အပ်နှံမှုသရဖူကိုတော့ ဆောင်းရပါလိမ့်မည်။ ထိုသူတို့သည် ကိုယ်ကျိုးကိုကြည့်သူတို့၏ နားလည်မှုလွဲမှားခြင်းကို သေချာပေါက်ခံရမည်ဖြစ်ပြီး စာတန်၏ ပြင်းထန်သော ပစ်မှတ်တစ်ခုလည်း ဖြစ်ပေလိမ့်မည်။

ယောဟန်သည် ထာဝရဘုရားသခင်ကို ချစ်မြတ်နိုး၍ မိမိကိုယ်ကို လုံးလုံးလျားလျား အပ်နှံထားပြီးသူဖြစ်၏။ ထိုအသက်တာမျိုးကိုစာတန်သည် လားလားမျှမမြင်လိုပါ။ စာတန်သည် ယောဟန်အား ထာဝရဘုရားသခင်နှင့် မမောနိုင်မပန်းနိုင်ကြိုးစားခဲ့ပါသော်လည်း မအောင်မြင်ခဲ့ပါလေ။ စာတန်သည် တောထဲမှာ ခရစ်တော်သခင်အား စုံစမ်းနှောင့်ယှက်ရာတွင် ရှုံးနိမ့်ရကား အမျက်ခြောင်းခြောင်းထွက်ကာ ယခုတွင် ယောဟန်ကို တိုက်ခိုက်အနာရစေခြင်းဖြင့် ခရစ်တော်သခင်အား ဝမ်းနည်းအောင်ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ စာတန်သည် ယေရှုသခင်အား အပြစ်ပြုဖို့လှည့်ဖြားသွေးဆောင်ရန် မစွမ်းဆောင်နိုင်သော အခါမှာ ကိုယ်တော်ရှင်အား ဒုက္ခဝေဒနာလှလှကြီးခံစားရအောင် လုပ်ဆောင်ခဲ့ပေသည်။ ဤကား ယုတ်မာသူတို့၏ လုပ်ရိုးလုပ်စဉ်ပေတည်း။

ယေရှုသည် မိမိ၏ အစေခံကြီးအား ကြားဝင်ကယ်တင်ရန်မလုပ်ဆောင်ခဲ့ပါ။

ယောဟန်သည် ထိုစစ်ဆေးမှုကို ခံရပ်နိုင်သည်ကို ကိုယ်တော်သိမြင်ထားပြီဖြစ်၏။ ကိုယ်တော်ရှင်သည် မှောင်မည်းနေသောအချုပ်ခန်းကလေးကို လင်းထိန်သွားအောင် အလည်အပတ်ပြုသွားနိုင်ပါသော်လည်း ယေရှုသည် မိမိကိုယ်ကို ရန်သူတို့၏ လက်တွင်းသို့ အချိန်အခါမတော်ကျရောက်စေ၍ မိမိ၏ အမှုတော်မြတ်လုပ်ငန်းကို အပျက်ခံမည်မဟုတ်ပါလေ။ သခင်ယေရှုသည် ယောဟန်ကို ကယ်နုတ်နိုင်ပါ

သော်လည်း နောင်လာမည့်နှစ်များမှာ အကျဉ်းထောင်မှသည် အသေသတ်ခံရခြင်းအထိ ရင်ဆိုင်ခံစားရမည့် ထောင်ပေါင်းများစွာသော ခရစ်ယာန်များ၏အကျိုးအလို့ငှာ ယောဟန်သည် မာတုရသေခြင်းကို ခံယူရပါ၏။

ခရစ်တော်သခင်၏နောက်တော်လိုက်များသည် တိတ်ဆိတ်သော အကျဉ်းခန်းထဲမှာ အားအင်ယုတ်လျော့နေကြစဉ် (သို့တည်းမဟုတ်) ဓါးဖြင့်ကွပ်မျက်ခံရစဉ်၊ ကပ်တိုင်တင်ကာ ညှင်းပန်းခံရစဉ်မျိုးတွေမှာ ဘုရားသခင်သည် ငါတို့အား စွန့်ပစ်ထားလေပြီလောဟု ထင်မြင်မိနေစဉ်မျိုးမှာ နှစ်ခြင်းဆရာယောဟန်၏ ဖြစ်ရပ်မှန်အကြောင်းစုံကို ပြန်လည်ဆင်ချင်အောက်မေ့သတိရခြင်းဖြင့် သခင့်အတွက် ငါသည်လည်းခံရချေသည်တကားဟု မှတ်ယူကာ ခံယူချက်နှင့် အသက်ပေးနိုင်စရာအားကိုးမှီခိုရာတစ်ခု ဖြစ်စေပါလိမ့်မည်မဟုတ်လော။

ယောဟန်သည် အံ့ဖွယ်နိမိတ်တန်ခိုးတော်ပြ၍ ကယ်နုတ်ခြင်းကို မခံခဲ့ရပါသော်လည်း သူသည် စွန့်ပစ်ခြင်းကိုခံရသူ တစ်ဦးမဟုတ်ပါ။ သူနှင့်အတူကောင်းကင်တမန်တို့သည်ရှိကြ၏။ သူတို့၏ အဖေါ်ပြုခြင်းကိုခံခဲ့ရသည်သာမက ခရစ်တော်သခင်နှင့် ပတ်သက်သော ပုရောဖက်တို့၏ စကားများနှင့် အလွန်အဖိုးတန်သော ဘုရားသခင်၏ ကတိတော်များကို သူတို့သည် ဖွင့်ပြခဲ့ပါ၏။ ယောဟန်အတွက်သော်လည်းကောင်း၊ သူ့နောက်မှာပေါ်ထွန်းလာမည့် ခရစ်တော်သခင်၏ အစေခံသားသမီးများအတွက်သော်လည်းကောင်း အာမခံချက်သတင်းကောင်းသည် ပေးထားခဲ့ပြီဖြစ်ပါသည်။ "ငါသည်လည်း ဤကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အစဉ်မပြတ်ရှိသည်" ဟူသော သခင့် ကတိတော်မြတ်ပင်ဖြစ်ပါသည်တကား။ မဿဲ ၂၈း၂၀။

ထာဝရဘုရားသခင်သည် မိမိသားသမီးတို့၏ ဆန္ဒသဘောမပါဘဲနှင့်အဘယ်အမှုအရာကိုမျှ မပြုလုပ်ပေးသလို ၄င်းတို့ ရွေးချယ်သည့်အရာ

များနှင့်မတူသည့်အရာတို့ကို မည်သည့်အခါမျှ ရွေးချယ်စေတော်မူမည် မဟုတ်ချေ။ ၄င်းတို့သည်သာ ဘုရားသခင်နှင့်အတူတွဲဖက်၍ အမှုတော် မြတ်မှာပါဝင်လှုပ်ရှား အသုံးတော်ခံပါက မိမိတို့၏ အမှုတော်မြတ်မှာ ဖြည့်စွက်လုပ်ဆောင်မှုများ၏ ရည်ရွယ်ချက်ကို အစမှသည် အဆုံးတိုင်အောင် ထင်ထင်ရှားရှားခွဲခြား သိမြင်နိုင်မည်ဖြစ်ပါသည်။ သေခြင်းကို မခံစားလိုက် ရဘဲ အရှင်ထွက်နှင့်ကောင်းကင်တက်ကြွသွားသော ဧနောက်သည်လည်း ကောင်း၊ မီးမြင်းရထားဖြင့် ကောင်းကင်ထက်သို့ ချီဆောင်ခြင်းကိုခံရသော ဧလိယသည်လည်းကောင်း အကျဉ်းထောင်ထဲမှာ အထီးကျန်ဘ၀ဖြင့် သေ ဆုံးခဲ့ရသော ဆရာယောဟန်ထက်ပိုမို၍ မကြီးမြတ်ပါ။ ပိုမို၍ ဂုဏ်ပြုခြင်း ကိုလည်း မခံခဲ့ကြရပါ။ "သင်တို့သည် အထက်ကမြင်သည့်အတိုင်း၊ယခု လည်းကြားသည့်အတိုင်း ငါခံရသောတိုက်လှန်ခြင်းကို ခံရသည်နည်းတူ သင်တို့သည် ခံရကြသည်ဖြစ်၍ ခရစ်တော်ကိုယုံကြည်ခြင်းအခွင့်မှတစ်ပါး ခရစ်တော်အတွက်ကြောင့် ဆင်းရဲခံရခြင်း အခွင့်ကို ကျေးဇူးတော်အားဖြင့် ရကြ၏" (ဖိလိပ္ပိ ၁း၂၉)။ သို့ဖြစ်၍ လူသားတို့အပေါ် ဘုရားသခင်ချ ပေးသနားတော်မူသော ဆုကျေးဇူးများတွင် ကိုယ်တော်နှင့်အတူ လက်တွဲ၍ ဒုက္ခဆင်းရဲခံခြင်းသည် အလေးနက်ဆုံးကိုးစားမှုဖြစ်၍ အကြီးမြတ်ဆုံးဂုဏ် ပြုခြင်းလည်း ဖြစ်ပါကြောင်း သိမှတ်အပ်ပါသည်မိတ်ဆွေ. . .။

-၀-

# အခန်း (၂၃)
# ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း
# ပုရောဖက်ဒံယေလဖော်ပြခဲ့ပုံ

မေရှိယသခင်ကြွလာကြောင်းကို ယုဒပြည်မှာ ဦးဆုံးကြေညာခဲ့ပါသည်။ ဗက်လင်တောင်ကုန်းတွေပေါ်မှာ ယေရှုသခင်ဖွားမြင်တော်မူပြီဖြစ်ကြောင်းကိုလည်း ကောင်းကင်တမန်တို့က ကြွေးကြော်ကြပါ၏။ မာဂုပညာရှိများသည်လည်း ယေရှုသခင်သူငယ်တော်အား ဖူးမြော်ရန်ရပ်ဝေးမြေခြားခရီးစဉ်မှ ယေရုရှလင်မြို့သို့ လာရောက်ရှာဖွေကြပါသည်။

အကယ်၍သာ အစ္စရေးပြည်မှာရှိသော ဂျူးလူမျိုးခေါင်းဆောင်တို့က ခရစ်တော်သခင်ကို ကြိုဆိုလက်ခံခဲ့ကြမည်ဆိုလျှင် ထိုသခင်သည် ၎င်းတို့အား ကမ္ဘာအနှံ့သာသနာပြန့်ရန် ဧဝံဂေလိတမန်တော်များ အဖြစ်ဂုဏ်ပြုထားရှိကာ မှတ်တမ်းတင်ခဲ့မည်မှာ မြေကြီး ပုတ်ခတ်မလွဲဖြစ်ခေမည်။

သို့သော်လည်း အစ္စရေးတို့သည် မေရှိယသခင်ကြွဆင်းလာချိန်ကိုမသိခဲ့ကြပေ။ ဂျူးလူမျိုးအကြီးအကဲတို့၏ မနာလိုဝန်တိုမှုနှင့် မယုံသင်္ကာဖြစ်ခြင်းတို့က လယ်ပြင်မှာဆင်ပြောင်ကြီးသွားသလို ပြောင်ကျကျပေါ်ထွန်းလာခဲ့သည်မို့ သူတို့အပါအဝင် ဂျူးလူမျိုးတို့၏ စိတ်နှလုံးသည်ယေရှုသခင်မှသေဖည်၍ သွားနေပါတော့သည်။

ဆန်ဟီဒရင်အဖွဲ့သည်လည်း ယေရှုသခင်ကိုလုပ်ကြံသတ်ဖြတ်ရန်သာစဉ်းစားနေ၏။ သို့ဖြစ်၍ ယေရှုသခင်သည် ယေရုရှလင်မြို့တော်မှ ကိုယ်ယောင်ဖျောက်ကာရှောင်ထွက်သွားခဲ့ပါသည်။ သူ့ကိုမလိုလားသောကျမ်းတတ်ဆရာတို့မှဝေးဝေးနေ၍ မိမိ၏သတင်းစကားပျံ့နှံ့ရေးအတွက် အခြားတစ်ပါးသောလူတန်းစားများဆီသို့ ခြေဦးလှည့်တော်မူခဲ့ပေသည်။

ခေတ်အဆက်ဆက်ရှိ မျိုးဆက်သစ်များသည် ယုဒပြည်မှာ ခရစ်တော် ယေရှုခဏခဏဆုတ်ခွာသွားခဲ့ရကြောင်းများကို ဖန်ခါတလဲလဲ ပြောဆိုနေတတ်ပေသည်။ ဘာသာရေး ပြုပြင်ပြောင်းလဲသူတို့သည် ဘုရားသခင်၏ နှုတ်တော်ထွက်စကားတော်တို့ကို ဟောကြားရာ၌ တည်ထောင်မြဲမြံစေပြီဖြစ်သောအသင်းတော်မှ သီးခြားထွက်ခွာရန် မရည်ရွယ်ခဲ့ကြပါချေ။ သို့သော်လည်း ဘာသာရေး ခေါင်းဆောင်များက အလင်းတရားကို သည်းမခံနိုင်ဖြစ်ခဲ့ကြသဖြင့် အလင်းတရားဆောင်သူတို့သည် အခြားလူ့အလွှာရှိ အမှန်တရားကို တောင့်တရှာဖွေနေကြသူများထံသို့ ချဉ်းကပ်ဝင်ရောက်ကာ ခရစ်ယာန်သာသနာပြုကြရပေသည်။

ကျွန်ုပ်တို့၏ ခေတ်ကာလအချိန်မှာလည်း ဘာသာတရား ပြုပြင်ပြောင်းလဲသူ ခရစ်ယာန် အမည်ခံလူတချို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လှုံ့ဆော်မှုကိုခံရသဖြင့် ဘုရားသခင်၏အသံတော်ကို နားထောင်ကာ အမှန်တရားအတိုင်း ကျင့်သုံးအသက်ရှင်သွားကြရန် အဆင်သင့်ရှိကြပေသည်။

ထိုသူတို့သည် ထာဝရ ဘုရားသခင်၏ နှုတ်တော်ထွက်စကားသတင်းကောင်းကို ရိုးသားစွာ ကြွေးကြော်ရန်အလို့ငှာ မိမိတို့ ချစ်ရပါသော မိခင်အသင်းတော်မှ မကြာခဏဆိုသလို မဖြစ်မနေကွဲကွာကြရ၏။ အလင်းတရားကို လိုက်လံရှာဖွေသူတို့သည် နားထောင်မှုအားဖြင့် ဘုရားသခင်ကို ချစ်မြတ်နိုးကြောင်းတုံ့ပြန်ရန်အတွက် ထိုသွန်သင်ချက်များကြောင့် ဘိုးဘေးတို့၏ အသင်းတော်ကို မလွှဲမကင်းစွန့်ခွာခဲ့ကြပါသည်။

ဂါလိလဲပြည်သားတို့သည် ပညာမတတ်၊ အထင်အမြင်သေးခံရပါသော်လည်း သူတို့သည် ခရစ်တော်သခင် ကယ်တင်ရှင်၏ အမှုတော်မြတ်အတွက် သာ၍ကောင်းမွန်သော သာသနာနယ်မြေကို ယေရုရှလင်မြို့ရှိကျမ်းတတ်ဆရာတော်များ တချို့ထက် တင်ဆက်နိုင်ခဲ့လေသည်။ ထိုသူတို့သည် စိတ်အားထက်သန်ကြ၏။ ရိုးစင်းကြပါပေသည်။ တစ်ယူသန်

မှုများပို၍ နည်းပါးကြပါသည်။ စိတ်ထားကိုကြည့်လျှင်ကား အမှန်တရားကိုလက်ခံရန် ဝန်မလေးပြီ။ ထိုဒေသခံလူတို့သည် ယုဒပြည်မှာ ရှိသောပြည်သူပြည်သားတို့ထက် လူဦးရေသိပ်သည်းမှုများပါ၏။ လူမျိုးစုံရောနှောနေထိုင်သည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ယေရှုသည် ဂါလိလဲပြည်ကိုဖြတ်၍ ခရီးသွားစဉ်တွင် လမ်းမှာတရားဟောခြင်း၊ လူနာများကို ကုသပေးခြင်း၊ သြဝါဒပေးသွန်သင်ခြင်းအမှုများကို လုပ်ဆောင်သောကြောင့် ယုဒပြည်မှလူအုပ်ကြီးသည် ကိုယ်တော်ထံမှာ စုရုံးခဲ့ကြလေသည်။

ယုဒလူတို့သည်လည်း စိတ်အားကြီးသူများဖြစ်ကြသောကြောင့် ရောမအာဏာပိုင်များသည် ပုန်ကန်ထကြွမှုမဖြစ်ပေါ်လာနိုင်ရေးအတွက် ကြိုတင်သတိပြုလုပ်ဆောင်သင့်သည်များကို လုပ်ဆောင်ကြရပေသည်။ အစ္စရေးတို့သည် မိမိတို့၏ ကယ်တင်ခြင်းအတွက် အချိန်ကြာမြင့်စွာကတည်းက စောင့်မျှော်ခဲ့ကြသော ဆာလောင်မွတ်သိပ်နေသည့် အသက်ဝိညာဉ်များသည် ယခုတွင် အကြင်နာတရားနှင့် ပြည့်ဝသောကယ်တင်ပိုင်ရှင်၏ကျေးဇူးတော်ကိုမှီခိုအားကိုးကာနွေးထွေးလုံခြုံစွာပွဲခံကြရပါလေပြီ။

## ပုရောဖက်ဒံယေလသည် ယေရှုသခင်၏ အမှုတော်မြတ်ကိုကြိုဟောခြင်း

ခရစ်တော်သခင်၏ လိုရင်းတိုရှင်း တရားဟောချက်မှာ "အချိန်ပြည့်စုံလေပြီ။ ဘုရားသခင်၏ နိုင်ငံတော်သည်လည်း တည်လုနီးပြီ။ နောင်တရကြလော့။ ဧဝံဂေလိသတင်းကောင်းကိုလည်း ယုံကြည်ကြလော့" ဟူ၍ ဖြစ်ပါသည်။ (မာကု ၁း၁၅)။ ယေရှုသခင် ကယ်တင်ရှင်ပေးသောသတင်းစကားသည် ပုရောဖက်များ ဟောကြားထားရှိချက်များအပေါ်အခြေခံထားပါ၏။ ယေရှုသခင် မိန့်တော်မူခဲ့သော ပြည့်စုံရမည့်

"အချိန်" သည် ဒံယေလအား ကောင်းကင်တမန် ဂါဗြေလက အသိပေးခဲ့သော "အချိန်" ပင်ဖြစ်ပါသည်။

"လွန်ကျူးခြင်းအမှုကိုဆီးတား၍အပြစ်ကို တံဆိပ်ခတ်စေခြင်းငှာလည်းကောင်း၊ ဒုစရိုက်အပြစ်ကို ဖြေရှင်း၍ထာဝရကောင်းမှုကိုသွင်းစေခြင်းငှာလည်းကောင်း၊ဖေါ်ပြချက်နှင့်ကြိုတင်ဟောထားချက်များတို့ကို တံဆိပ်ခတ်၍ အလွန်သန့်ရှင်းသော အရပ်ဌာနကိုလိမ်းစေခြင်းငှာလည်းကောင်း "သီတင်းခုနှစ်ဆယ်" ကိုသင်၏ အမျိုးသားချင်းအဖို့နှင့် သင်၏သန့်ရှင်းသော မြေအဖို့ ဆုံးဖြတ်ခြင်းရှိ၏။" (ဒံယေလ ၉း၂၄)။ ကြိုတင်ဟောထားချက်စကားတွင်ဖေါ်ပြထားသောတစ်ရက်သည်တစ်နှစ်နှင့်ညီမျှပါ၏။ ယေဇကျေလ ၄း၆။ သီတင်းခုနှစ်ဆယ်ဟုဆိုသော်ရက်ပေါင်း (၄၉) (သို့မဟုတ်) နှစ်ပေါင်းလေး ရာ့ကိုးဆယ်ဖြစ်ပါသည်။

နှစ်ပေါင်း (၄၉၀) ကို အစပြုရေတွက်ရမည့် အချိန်ကိုလည်း ဒံယေလ ၉း၂၅ မှာ ဖေါ်ပြထားပါသည်။ "ယေရုရှလင်မြို့ကို တစ်ဖန်တည်ထောင်ပြုစုစေခြင်းငှာ အမိန့်တော်ရှိသည့်နေ့မှစ၍ ခရစ်တော်သခင်၏လက်ထက်တိုင်အောင် ခုနှစ်သီတင်းနှင့်ခြောက်ဆယ့်နှစ်သီတင်း ကြာလိမ့်မည်ဟု သိမှတ်နားလည်လော့။" ခြောက်ဆယ့်ကိုးသီတင်း (သို့မဟုတ်) နှစ်ပေါင်း (၄၈၃) နှစ်ဖြစ်ပါသည်။ (ဒံယေလ ၉း၂၅)။

ယေရုရှလင်မြို့ကို ပြန်လည်တည်ဆောက်ရန် နောက်ဆုံးအပြီးပိုင်ထုတ်ပြန်သည့် အာတေဇေရဇ်လောင်ဂျီးဗီးနပ်စ်၏ အမိန့်တော်သည် ဘီစီ (၄၅၇) ၏ ဆောင်းဦးရာသီတွင် အကျိုးသက်ရောက်ခဲ့ပါ၏။ ထိုအချိန်မှစ၍ နှစ်ပေါင်း (၄၈၃) နှစ်ကို ရေတွက်လိုက်လျှင် အေဒီ (၂၇)တွင်အဆုံးသတ်ပါသည်။ ပုရောဖက် ဟောကြားချက်အရ ဤအချိန်ကာလနှစ်အပိုင်းအခြားမှာ ဘုရားသခင် ဘိသိတ်သွန်းလောင်းတော်မူသည့် မေရှိယ ပေါ်ထွန်းတော်မူရမည့် အချိန်ဖြစ်ပါသည်။ ထိုအေဒီ (၂၇) နှစ်

မှာခရစ်တော်ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဘိသိတ်သွန်း လောင်းမှုကို ခံယူလျက် ရေနှစ်ခြင်းမင်္ဂလာကို ခံယူတော်မူခဲ့ပါသည်။ ထို နောက်မကြာမီမှာပင် မိမိ၏ လုပ်ဆောင်ရမည့် အမှုတော်မြတ်ကို ထမ်း ဆောင်၏။ ထိုနောက်မှာ"အချိန်ပြည့်စုံလေပါပြီ" ဟုကြွေးကြော်ခဲ့ပေသည်။

ထိုနောက် "တစ်သီတင်းတွင် လူအများတို့နှင့်ပဋိညာဉ်ဖွဲ့ခြင်းရှိ၍" ဟု ကောင်းကင်တမန် အနာဂတ်ဟောကြားခဲ့သည့်အတိုင်း ခရစ်တော် သခင်သည် အမှုတော်လုပ်ငန်းထဲ စတင်ဝင်ရောက်သာသနာပြုပြီးသည် နောက်ပိုင်းမှာ ခုနှစ်နှစ်တာကာလပတ်လုံး ဧဝံဂေလိသတင်းကောင်းကို အထူးသဖြင့် ဂျူးလူမျိုးတို့ထံ ဟောရလိမ့်မည်ဖြစ်၏။

ပထမသုံးနှစ်ခွဲကာလကို ခရစ်တော်သခင်ကိုယ်တော်တိုင်က ဟော ကြားခဲ့ပြီး၊ ဒုတိယသုံးနှစ်ခွဲကာလအတွင်း တမန်တော်များက ဆက်လက် လုပ်ဆောင်ခဲ့ကြပါသည်။ ထိုသီတင်းတစ်ဝက်တွင် ယဇ်ပူဇော်ခြင်းနှင့်အပ်နှံ ခြင်းကို ပပျောက်စေလိမ့်မည်" (ဒံယေလ ၉း၂၇) ဟု ကြိုဟောထားသည့် အတိုင်း အေဒီ ၃၁ ခုနှစ်၏ . . . . ရာသီတွင် ယဇ်ကောင်အစစ်ဖြစ်တော် မူသောခရစ်တော်သည်ကရာနီကုန်းပေါ်မှာပူဇော်ခြင်းကိုခံတော်မူခဲ့ပါသည်။

ထိုအချိန်မှစ၍ယဇ်ပူဇော်ခြင်းနှင့်ပတ်သက်သော ဝိနည်းအထုံးအဖွဲ့ ပညတ်များ၏အရေးပါခြင်းတို့သည်ရပ်ဆိုင်းသွားပြီဖြစ်ကြောင်း ပြသသည့်အ နေဖြင့် ဗိမာန်တော်အတွင်းရှိ သန့်ရှင်းရာဌာနနှင့် အသန့်ရှင်းဆုံးဌာနစပ် ကြား ပိုင်းခြားထားသောကန့်လန့်ကာသည် အထက်မှသည်အောက်ပိုင်းဆီသို့ နှစ်ခြမ်းကွဲသွားခဲ့ပါသည်။ခရစ်တော်သခင်နှင့်ပုံဆောင်သောသိုးသငယ်ကိုသတ် ၍ယဇ်ပူဇော်ခြင်းအမှုတို့သည် ဤမြေကြီးပေါ်မှာခရစ်တော်၏အသက် စွန့်တော်မူခဲ့ခြင်းနှင့်အတူ ရပ်ဆိုင်းသွားပြီဖြစ်ပါသည်။

ထိုသီတင်းတစ်ပတ် (သို့မဟုတ်) ခုနှစ်နှစ်သည် အေဒီ (၃၄)ခု နှစ်မှာ အဆုံးသတ်ပါသည်။ ထိုနှစ်မှာ အသင်းတော်လူကြီး သတေဖန်

ကိုခဲနှင့်ပေါက်၍ ကွပ်မျက်ခဲ့ခြင်းဖြင့် ဂျူးလူမျိုးတို့သည် ဧဝံဂေလိသတင်းကောင်းကို ငြင်းပယ်ခဲ့ကြောင်းအပြီးပိုင် တံဆိပ်ခတ်ထားလိုက်ပြီဖြစ်ပါသည်။ ထိုမှသည် နှိပ်စက်ညှင်းဆဲခြင်းအမှုပြင်းထန်လာ၏။

အရပ်ရပ်သို့လွင့်စင်ကွဲပြား ရှောင်တိမ်းကြသောအသင်းဝင်များသည် လှည့်လည်ပြီး မြွေကဲ့သို့လိမ္မာ၍ ချိုးငှက်ကဲ့သို့အဆိပ်ကင်းစင်စွာဖြင့် ဘုရားသခင်၏ နှုတ်ထွက်စကားတည်းဟူသော ဧဝံဂေလိသတင်းကောင်းကို နေရာအနှံ့ ဟောကြားကြပါသည်။ (တမန်တော် ၈း၄)။ မကြာပါ၊ ရှောလုအမည်ခံ ခရစ်ယာန်များကို နှိပ်ကွပ်သောသူသည်လည်း အသက်တာပြောင်းလဲသွားသဖြင့် ပေါလုအမည်ခံကာ ဂျူးလူမျိုးမဟုတ်သော တစ်ပါးအမျိုးသားတို့ဆီသို့ သာသနာပြုရန် တမန်တော်တစ်ပါးအဖြစ် အထက်မိုးကောင်းကင်မှဘုရားသခင်သည် သူ့အား ရွေးချယ်ခန့်ထား တာဝန်ပေးအပ်လေတော့သည်။

ခရစ်တော်သခင် ပေါ်ထွန်းတော်မူမည့်အချိန်၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဘိသိတ်ခံရမည့်အရှင်မေရှိယ၊ ထိုသခင်၏ သက်စွန့်မေတ္တာနှင့် တစ်ပါးအမျိုးသားတို့ဆီသို့ ပြန့်ပွားသွားရမည့် ဧဝံဂေလိသတင်းစကားအစရှိသည်တို့သည် ကျမ်းစာထဲမှာ သေချာပေါက်တိတိကျကျ ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

ဤပုရောဖက် ဟောထားသော စကားချက်များကို ဂျူးလူမျိုးတို့သည် သိနားလည်ခွင့်ရရှိခဲ့ကြပါ၏။ ယေရှုသခင်၏ အမှုတော်မြတ်မှာလည်းသူတို့တတွေပါဝင်ဖြည့်စွက်လိုကဖြည့်စွက်ကာ အသိအမှတ်ပြုခွင့်ရှိပါသည်။ ဒံယေလကိုပေးသောအနာဂတ္တိစကားကို ရည်ညွှန်း၍ ၎င်းတို့၏ အချိန်ကာလအပိုင်းအခြားနှင့်ပတ်သက်၍ခရစ်တော်သခင်ကိုယ်တော်တိုင်က မိမိ၏တပည့်တော်တို့အားလည်းဤသို့ ပြောကြားခဲ့ပေသည်။"ထို့ကြောင့်ပုရောဖက်ဒံယေလဟောသည်အတိုင်းဖျက်ဆီးတတ်သော ရွံ့ရှာဖွယ် အရာသည်

သန့်ရှင်းသော အရပ်၌ရာန၌ စိုက်နေသည်ကို သင်တို့မြင်ရလျှင် ကျမ်းစာကိုကြည့်သောသူသည် နားလည်ပါစေ” (မဿဲ ၂၄း၁၅)။

ယေရှုသခင်သည် သေခြင်းမာန်ကို အောင်မြင်တော်မူပြီးသည့်နောက်မှာလည်း ထိုသူတို့အား ဤသို့ရှင်းပြခဲ့ပါ၏။ “ထိုအခါ မောရှေ၏ကျမ်းစာမှစ၍ ပုရောဖက်တို့၏ ကျမ်းစာများ၌ ကိုယ်တော်ကိုရည်မှတ်၍ ရေးထားသမျှသော ကျမ်းစာချက်အနက်ကို ရှင်းလင်းစွာ ဖေါ်ပြတော်မူ၏” (လုကာ ၂၄း၂၇)။ မှန်ပေ၏။ ကယ်တင်ပိုင်ရှင် ယေရှုသခင်သည် ပုရောဖက်များအားဖြင့် မိန့်ကြားတော်မူခဲ့သလို “ခရစ်တော်ယေရှုခံတော်မူရသောဆင်းရဲခြင်းကိုလည်းကောင်း၊ ဆင်းရဲခံပြီးမှ ဝင်စားတော်မူရသောဘုန်းစည်းစိမ်ကိုလည်းကောင်း သူတို့အထဲ၌ရှိသော ခရစ်တော်၏ ဝိညာဉ်သည် သက်သေခံ” တော်မူခဲ့ပေသည်။ (၁ပေ ၁း၁၁)။

ပုရောဖက်ဒံယေလထံသို့ ကောင်းကင်သတင်းယူဆောင်လာသူကား ကောင်းကင်တမ်ဂါဗြေလဖြစ်ပါသည်။ ထိုကောင်းကင်တမန်သည် ဘုရားသခင်၏ သားတော် ယေရှုခရစ်တော်ပြီးလျှင် သူ့နေရာပါတည်း။ အနာဂတ္တိစကားနှင့်ပတ်သက်၍ ယောဟန်ကို သတင်းပေးသူမှာလည်း ဂါဗြေလပင်ဖြစ်၏။ ဤအနာဂတ္တိကျမ်းစကားတို့ကို ကြည့်ရှုဖတ်ရွတ်နားထောင်၍ ရေးထားသမျှတို့ကို စောင့်ရှောက်သောသူတို့သည် မင်္ဂလာရှိကြ၏ဟု ကောင်းကင်တမန် ဂါဗြေလက “ကြေညာခဲ့ပါသည်။(ဗျာ ၁း၃ ကိုကြည့်ပါ)။ ပုရောဖက် ဟောကြားချက် ကျမ်းစကားတို့ကို ရိုသေလေးစားသောစိတ်နှင့် ဆုတောင်းလေ့လာသောသူတို့၌ ဧကန်အမှန် ထာဝရဘုရားသခင်၏ ကောင်းချီးမင်္ဂလာသည် သက်ရောက်ပါလိမ့်မည်။

ခရစ်တော်သခင်၏ ပထမအကြိမ် ပေါ်ထွန်းတော်မူမည်ဟူသော သတင်းစကား၌ ကျေးဇူးတော်နိုင်ငံဟူ၍ ကြေညာဘိသကဲ့သို့ ထိုသခင်၏ ဒုတိယအကြိမ် ပြန်ကြွလာမည်ဟူသော သတင်းစကားတွင် ထိုသခင်၏

ဘုန်းတော်နိုင်ငံအကြောင်းကို ကြေညာထားပါသည်။ ပထမသတင်းစကား နှင့် ဒုတိယသတင်းစကား နှစ်ခုစလုံးပင် ပုရောဖက်ဟောကြားထားသော အနာဂတ္တိစကားအပေါ် အခြေပြုထားပါ၏။ ကယ်တင်ပိုင်ရှင် ယေရှုသခင် ကိုယ်တော်တိုင်ကလည်း မိမိတစ်ဖန် ကြွဆင်းလာမည့်အကြောင်းနှင့် ပတ်သက်၍ နိမိတ်လက္ခဏာများကို ပေးထားခဲ့ပါသည်။ ယေရှုသခင်၏ မှာကြားချက်များကို ဖတ်ပါ။

"သင်တို့သည် ကိုယ်ကိုကိုယ်သတိပြုကြလော့၊ (သို့မဟုတ်) အစားအသောက်လွန်ကျူးခြင်း၊ လောကစိုးရိမ်ခြင်းအားဖြင့်စိတ်နှလုံး ပင်ပန်းလျက်နေစဉ်တွင် ထိုနေ့ရက်သည် အမှတ်တမဲ့ သင်တို့နှင့်တွေ့ ကြုံလိမ့်မည်။"

"ထို့ကြောင့် သင်တို့သည် ဖြစ်လတ္တံ့သောအမှုအရာတို့ နှင့် ကင်းလွတ်၍ လူသားထံသို့ ရောက်ခြင်းကို ခံထိုက်သောသူဖြစ် သည်ဟု မှတ်တော်မူမည်အကြောင်းအစဉ်ဆုတောင်းလျက်စောင့်နေကြလော့" (လုကာ ၂၁း၃၄၊၃၆)။

ဂျူးလူမျိုးတို့သည် ဘုရားသခင်၏ နှုတ်တော်ထွက်ကျမ်းစာကို အလွဲလွဲအမှားမှား အနက်အဓိပ္ပါယ် ပန်ဆိုခဲ့ကြပါသည်။ မိမိတို့၏တရား စီရင်ရာအချိန်နာရီကိုလည်း မသိရှိခဲ့ကြပါ။ ယေရှုသခင်၏ သာသနာ ပြုခြင်း နှစ်ကာလများနှင့် တမန်တော်တို့၏ သာသနာပြုခြင်းခေတ်ကာလ တို့မှာ ထိုသူတို့သည် ဘုရားသခင်၏ အစေခံတမန်တော်တို့ကိုသတ်ဖြတ် ဖျက်ဆီးဖို့ရန်ပင် အချိန်ကို ကုန်လွန်စေခဲ့ကြပါသည်။ သူတို့၌ မြေကြီး နှင့်ဆိုင်သော မျှော်မှန်းချက်များကိုသာ ထားရှိကြ၏။ ထို့အတူ ယနေ့ ခေတ်ကာလမှာလည်း လူတို့သည် မြေကြီးအရာတို့ကိုသာ တောင့်တစွဲ လမ်းကာနေကြ၏။ သမ္မာကျမ်းစာကပြောသော ပုရောဖက် ဟောကြား ချက် အနာဂတ္တိစကားတော်တို့ကို သတိပြုကာ မလေ့လာကြပါ။ ထို ပုရောဖက် စကားတို့သည်ကား အလျင်အမြန်ပြည့်စုံလာ၍ ဘုရားသခင်

၏နိုင်ငံတော်သည် အလျှင်အမြန် ကြွဆင်းလာတော့မည် ဖြစ်ကြောင်းကို ကျွန်ုပ်တို့သည် သတိချပ်ရပါမည်။ ဘုရားသခင် ကြွဆင်းလာမည့်အချိန် ကို ကျွန်ုပ်တို့သည် မသိရပါသော်လည်း ထိုအချိန်သည် နီးကပ်လာပြီ ဖြစ်ကြောင်းကိုတော့ မှတ်သားရပေမည်။ "သို့ဖြစ်၍ အခြားသောသူ တို့သည် အိပ်ပျော်သကဲ့သို့ ငါတို့သည် အိပ်မပျော်ဘဲ သမ္မာသတိရှိ၍ စောင့်ကြကုန်အံ့။" (၁သက် ၅း၆)။

-o-

# အခန်း (၂၄)
# ဤသူသည် လက်သမား၏သားမဟုတ်လော

(လုကာ ၄း၁၆-၃၀ ကိုအခြေပြုထားပါသည်။)

ဂါလိလဲပြည်မှာ ခရစ်တော်သခင်၏ သာသနာလုပ်ငန်းအောင်မြင်နေစဉ်ဖြစ်ပါသည်။ ထိုစဉ်အခါ မလိုလားအပ်သော ဖြစ်ရပ်မှန်တစ်ခုပေါ်ပေါက်လာ၏။

ထိုဖြစ်ရပ်ကား "ဤသူသည် လက်သမား၏သားမဟုတ်လော" ဟူသောနာဇရက်မြို့သားယေရှုကို ငြင်းပယ်လိုသောသဘောနှင့် ထုတ်သောမေးခွန်းပေတည်း။ ယေရှုသည် ကလေးဘဝမှသည် လူငယ်ဘဝတိုင်အောင်မိမိ၏ ညီအစ်ကိုများတို့နှင့် အတူနာဇရက်မြို့ရှိတရားဇရပ်မှာ ထုံးစံရှိသည်အတိုင်း ဝတ်ပြုကိုးကွယ်ခဲ့ပါ၏။ ယေရှုသည် အမှုတော်မြတ်ကို စတင်ထမ်းဆောင်ခဲ့သည့်အချိန်မှစ၍ နာဇရက်မြို့သို့မရောက်ခဲ့သည်မှာ ကြာလှပေပြီ။

ယခုတွင် တစ်ဖန် သူတို့အလယ်၌ ပေါ်လာသောအခါ သူတို့၏စိတ်ဝင်စားမှုသည် အထွတ်အထိပ်သို့ရောက်ခဲ့ရသည်။ ဤမြို့ငယ်မှာ ယေရှုနှင့်အကျွမ်းဝင်သော သူတို့များလှပေသည်မဟုတ်လော။ ထိုမြို့မှာ ယေရှု၏မယ်တော်နှင့် ညီအစ်ကိုမောင်နှမများလည်း ရှိကြသည်။ ဥပုသ်တော်နေ့မှာဗိမာန်တော်ထဲသို့ ကိုယ်တော်ယေရှု ဝင်လာသည်နှင့် မျက်လုံးတိုင်းက ယေရှုအားစူးစိုက်ငေးမောကာ ကြည့်ရှုနေကြပါသည်။

ဥပုသ်နေ့မှာ ကျင်းပမြဲဖြစ်သော ဝတ်ပြုခြင်း အစီအစဉ်မှာ အသင်းလူကြီးက ပုရောဖက်ရေးသားချက်များကို ဖတ်ရှုကာ ပရိသတ်တို့အားလည်း ဘုန်းတော်နှင့်ကြွဆင်းလာတော့မည် မေရှိယ အရှင်ကိုဆက်လက် မျှော်လင့်ကြပါရန်နှင့် ထိုအရှင်သည် ယုဒ လူမျိုးတို့အား

ဖိနှိပ်ညှဉ်းပန်းသူအားလုံးကို နှင်ထုတ်တော်မူမည်ဖြစ်ကြောင်း နိုင်ငံရေးတရားကိုလည်း ဟောလိုက်သေး၏။ ထိုသခင်သည် အစ္စရေးလူမျိုးတစ်ရပ်လုံးကို ရောမလက်အောက်ခံအဖြစ်မှ လယ်တင်ရန် ချီတက်လာသော တပ်မကြီးကို ဦးဆောင်မည့် စစ်ဦးစီးအဖြစ် ပေါ်ထွန်းလာလိမ့်မည်ဟူသော အတွေးမျိုးကိုလည်း အဆစ်ထည့်ကာ မေရှိယသခင်ကြွဆင်းလာမည့် ဘုန်းအသရေတော်ကို ဖေါ်ကျူးခဲ့၏။

အရှေ့တိုင်းသားတို့၏ ဧည့်သည်ဝတ်ကို ပြုတတ်သည့် အလေ့အထကြောင့် ဖြစ်ပါလိမ့်မည်။ ကျမ်းတတ်ဆရာတစ်ဦးသည် ဗိမာန်တော်ထဲမှာ အလည်အပတ်ရောက်ရှိခဲ့သော် ထိုသူ၌ တရားဟောကြားခွင့်ရှိမည်ဖြစ်ပြီး အစ္စရေးလူတစ်ယောက်သည် ပုရောဖက်ရေးသားချက်များကို ဖတ်ပေးရလေသည်။

ဤဥပုသ်တော်နေ့မှာ ယေရှုသည် ဤကဲ့သို့ပြုရန် ဖိတ်ခေါ်ခြင်းကိုခံခဲ့ရပါသည်။ ယေရှုသည် ကျမ်းစာကိုဖတ်ရွတ်ခြင်းငှာ ထတော်မူရာ တရားဇရပ်စောင့်သည် ကိုယ်တော်ရှင်အား ပုရောဖက် ဟေရှာယ၏ ကျမ်းစောင်ကို ပေးလေ၏။ (လုကာ ၄း၁၆-၁၇)။ ကိုယ်တော် ဖတ်ကြားခဲ့သော ကျမ်းချက်များသည် မေရှိယသခင်ကို ရည်ညွှန်းထားကြောင်း ပရိသတ်တို့က နားလည်သဘောပေါက်ပြီးသားဖြစ်ပါသည်။

“ထာဝရဘုရားသခင်၏ ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှာ ငါ့ကိုဘိသိတ်ပေးတော်မူပြီ။ ကြေမွသောသူတို့၏အနာကို ပျောက်စေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသော သူတို့အား လွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိ မြင်ပြန်ခြင်းအကြောင်း ပြစေခြင်းငှာလည်းကောင်း၊ ညှဉ်းဆဲခံရသော သူတို့ကို ကယ်မစေခြင်းငှာ လည်းကောင်း၊

ထာဝရဘုရားသခင်၏ မင်္ဂလာနှစ်ကာလကို ကြားပြောစေခြင်းငှာလည်းကောင်း၊ ငါ့ကို စေလွှတ်တော်မူပြီဟု လာသတည်း။" (လုကာ ၄း၁၈-၁၉၊ ဟေရှာယ ၆၁)။

"ထိုနောက် ကျမ်းစာလိပ်ကို ဇရပ်စောင့်အား ပေးပြီးမှထိုင်တော်မူ၏။ ဇရပ်၌ရှိသော သူအပေါင်းတို့သည် ကိုယ်တော်ကို စေ့စေ့ကြည့်လျက်နေကြ၏။ ထိုသူအပေါင်းတို့သည် ကိုယ်တော်ကို ဝန်ခံ၍ တင့်တယ်လျောက်ပတ်သော နှုတ်ထွက်စကားတော်ကို အံ့ဩချီးမွမ်းလျက်. . . . ဆိုကြ၏။" (လုကာ ၄း၂၀-၂၂)။

မိမိဖတ်ကြားခဲ့သမျှသော ကျမ်းဆိုချက်များကို ယေရှုသခင်သည် တရားနာပရိသတ်တို့အား ရှင်းပြခဲ့ပါသည်။ မေရှယသခင်သည် ညှင်းဆဲခံရသူတို့အား သက်သာစေမည့်သူဖြစ်ကြောင်း၊ ဖမ်းဆီးချုပ်နှောင်ထားခြင်းခံရသူတို့အား ကယ်လွှတ်မည့်သူဖြစ်ကြောင်း၊ မျက်မမြင်ဒုက္ခိတတို့အား မျက်စိပြန်မြင်ခြင်း အခွင့်ပေးလျက် အမှန်တရား၏ အလင်းကို ဤလောကကမ္ဘာကြီးအား ထွန်းလင်းစေလျက် ရောဂါဝေဒနာ စွဲကပ်နေသူတို့အား ရောဂါငြိမ်းစေမည့်သူဖြစ်ကြောင်းယေရှုသခင်ကိုယ်တော်တိုင်က မိန့်တော်မူခဲ့ပေသည်။

သခင်ယေရှု၏ဆွဲဆောင်မှုဓါတ်အပြည့်ပါသော အမူအရာနှင့် အံ့ဖွယ်နှုတ်တော်ထွက်စကားတို့၏ အရေးပါမှုကို တရားနာပရိသတ်အပေါင်းတို့သည် ယခင်က တစ်နခါမျှမခံစားခဲ့ဖူးသော သဘာဝလွန်အင်အားစု၏ တို့ထိမှုကို ရင်ဖိုစွာခံစားမိခဲ့ကြပါသည်။ ဘုရား သခင်၏ တန်ခိုးတော်ဒီရေသည် တရားနာပရိသတ်တို့မှာ ရင်ဆိုင်ကြုံတွေ့ခံစားနေရသောအတားအဆီးတိုင်းကိုပယ်ရှားခဲ့ပါလေပြီ။ထိုသူတို့၏နှလုံးသားအိမ်ထဲမှာ သန့်ရှင်းသော ဝိညာဉ်တော်သည်တို့ထိလှုပ်ရှားစေသည်နှင့်အမျှထိုသူတို့သည် အားကြီးသော "အာမင်" ကို အကြိမ်ကြိမ်ဆိုကာဘုရားသခင်၏ ဂုဏ်တော်အပေါင်းကို ချီးမွမ်းထောမနာပြုကြခြင်းဖြင့် တုံ့ပြန်ခဲ့ကြပေသည်။

သို့သော်လည်း ယေရှုသခင်က "ယနေ့ပင် ဤကျမ်းချက်သည် သင်တို့ကြားရသည့်အတိုင်း ပြည့်စုံလေပြီ" ဟု မိန့်တော်မူသောအခါ ထိုသူတို့သည် မိမိတို့အား မိန့်မြွက်တော်မူသောသူသည် မည်သူပါနည်း၊ မိမိတို့၏ မျိုးရိုးသည်လည်း မည်သို့နည်းဟု ချက်ချင်းပင်စဉ်းစားမိလာကြပါ၏။ သူတို့သည် အာဗြဟံ၏ သားသမီးဖြစ်ကြသည်မဟုတ်လော။ ဖမ်းဆီးချုပ်နှောင်ခြင်းခံရသော အစ္စရေးလူမျိုးဟူ၍ ရုပ်လုံးဖေါ်ခြင်းခံရသူများဖြစ်ကြပေသည်။

၄င်းအပြင် အပြစ်၏ မှောင်မိုက်တန်ခိုးအလုံးစုံတို့မှ ကယ်နုတ်ရန်လိုအပ်သော အကျဉ်းသားများဖြစ်၍ တရားအလင်းကိုပေးရန်လည်း လိုအပ်သူများဖြစ်ကြပါ၏။ ထိုသို့ဖြစ်သောကြောင့် ထင်မြင်ယူဆချက်နှင့် အမှန်တကယ်ဖြစ်ရပ်အလုံးစုံတို့သည် ကွာခြားနေသဖြင့် မိမိတို့၏ မာနထောင်လွှားခြင်းကို အထိနာစေပါသည်။ ယေရှုသခင် ဆောင်ရွက်မည့်အမှုတော်မြတ်သည် မိမိတို့တောင့်တခဲ့သောအရာနှင့် လုံးဝကွဲပြားခြားနားနေကြောင်း ယေရှုသခင်၏ နှုတ်တော်ထွက်စကားတို့က ဖေါ်ညွှန်းသက်သေခံနေ၏။ သို့ဖြစ်၍ သူတို့၏ လုပ်ရပ်များကိုအနီးကပ်လေ့လာစုံစမ်းစစ်ဆေးရမည်မဟုတ်ပါလား။ သို့သော်လည်း သူတို့အား စူးစိုက်လေ့လာနေသောမျက်စိရှင်ယေရှုသခင်၏ စစ်ဆေးကြည့်ရှုမှုကို သူတို့တတွေမလှန်ရဲ၊ နောက်တွန့်ခဲ့ရလေသည်။

ဤယေရှုကား မည်သူနည်းဟု သူတို့တတွေ မေခွန်းထုတ်ကြပါ၏။ မိမိကိုယ်ကိုမေရှိယသခင်ပါဟု ကြွေးကြော်နေသူကား လက်သမား၏သားပင် ဖြစ်သည်မဟုတ်လော။ ထိုသူအား ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက်ခဲ့ရသည်ကို သူတို့ မြင်တွေ့ခဲ့ဖူးလေသည်။ ၄င်း၏ ညီအစ်ကိုမောင်နှမများတို့နှင့် ရင်းနှီးခဲ့သလို ထိုသူ၏အသက်တာနှင့် ပင်ပန်းစွာအလုပ်လုပ်ခဲ့ရသည်များကိုလည်း သူတို့သိကြပါ၏။ ကလေးဘဝမှလူငယ်ဘဝ၊ လူငယ်ဘဝမှ လူကြီးဘဝသို့ အဆင့်ဆင့်ကြီးထွားလာပုံတို့ကို

လည်း သူတို့မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ပါ၏။ ထိုသူ၏ အသက်တာသည် အပြစ်အနာအဆာနှင့် လုံးဝကင်းမဲ့ခဲ့ပါသော်လည်း ထိုသူတို့အား မေရှိယ အရှင်ဟူ၍ သူတို့သည် မယုံကြည်ကြပါ။ သူတို့သည် သံသယစိတ်ကို ခွင့်ပြုကြ၏။ သို့ဖြစ်၍လည်း တဒင်္ဂအချိန်ကလေးမှာ နူးညံ့လာဖို့အတွက် ကိုပင် မဖြစ်နိုင်လောက်အောင် သူတို့နှလုံးသားတို့သည် အလွန်မာကျော လျက်ရှိကြပါ၏။ စာတန်သည်လည်း မပြတ်သော လှုံ့လဖြင့်ခွန်အားသုံး ကာ ထိုသူတို့အား ယုံကြည်စိတ်ချထားလိုစိတ်မရှိအောင် ညှို့ထားပါလေပြီ။

သူတို့ကိုစကားပြောနေသောသူသည် ၎င်းတို့၏ ကယ်တင်ပိုင်ရှင် ဖြစ်ကြောင်းကို သူတို့သည် ထင်ထင်ရှားရှား သိမြင်ပါ၏။ ယေရှုသခင် သည်လည်း ၎င်းတို့၏ လျှို့ဝှက်သောအကြံအစည်များကို ဖေါ်ထုတ်တော် မူခြင်းအားဖြင့် မိမိ၏ ဘုရားသခင်ဇာတိတော်ကို အထောက်အထားနှင့် ပေးတော်မူခဲ့ပေသည်။

"ငါအမှန်အကန်ဆိုသည်ကား အဘယ် ပုရောဖက်မျှမိမိနေရင်း မြို့၌ မျက်နှာမရတတ်။" ငါအမှန်ဆိုပြန်သည်ကား ပုရောဖက်ဧလိယလက် ထက်၌ သုံးနှစ်ခြောက်လပတ်လုံး မိုးခေါင်၍ ပြည်နိုင်ငံတစ်လျှောက်လုံး အစာအာဟာရအလွန်ခေါင်းပါးခြင်းရှိသောအခါ ဣသရေလအမျိုးဖြစ်သော မုဆိုးမအများရှိကြ၏။ သို့သော်လည်း ထိုမုဆိုးမတစ်ယောက်ရှိရာသို့ ဧလိယ ကိုစေလွှတ်တော်မမူ။ ဇိဒုန်ပြည်ဇရတ္တမြို့သူဖြစ်သော မုဆိုးမတစ် ယောက်ရှိရာသို့စေလွှတ်တော်မူ၏။ ပုရောဖက်ဧလိရှဲလက်ထက်တွင်လည်း ဣသရေလအမျိုး၌ နူနာစွဲသောသူအများရှိကြသော်လည်း နေမန်အမည်ရှိ သော ရှုရိလူမှတစ်ပါး အဘယ်သူမျှသန့်ရှင်းခြင်းသို့မရောက်ဟု မိန့်တော် မူ၏။" (လုကာ ၄း၂၄-၂၇)။

ဘုရားသခင်ရွေးချယ်တော်မူသော အစေခံကျွန်တို့ကို စိတ်နှလုံး ခိုင်မာခက်ထန်၍ မယုံကြည်သော သူတို့အတွက် အမှုတော်ဆောင်ရန်

ခွင့်မပြုပါ။ ပုရောဖက်ဧလိယအချိန်မှာတုန်းက အစ္စရေးလူမျိုးတို့သည် ထာဝရဘုရားသခင် စေတမန်များကို ငြင်းပယ်ခဲ့ကြ၏။ သို့ဖြစ်ရကား ထာဝရဘုရားသခင်သည်မိမိအစေခံကျွန်၏လုံခြုံရေးအတွက် တစ်ပါးအမျိုးသားတို့၏မြေပေါ်မှာ ရွေးချယ်ခံလူတစ်စုနှင့် မဆိုင်သောအမျိုးသမီးကြီး တစ်ယောက်ထံမှာ ခိုလှုံစေခဲ့ပါသည်။ သို့ပါသော်လည်း ထိုအမျိုးသမီးကြီးသည် မိမိရရှိခဲ့သောအလင်းတရားအတိုင်းလိုက်လျှောက်သောကြောင့်ဘုရားသခင်၏ မျက်နှာသာပေးခြင်းကို ခံစားခဲ့ရပါ၏။ ထို့အပြင် သူမသည် ထိုပုရောဖက်မှ တစ်ဆင့်ထပ်လောင်းရရှိမည့် ပိုမိုကြီးမားသော အလင်းကိုရရှိရန် သူမ၏ စိတ်နှလုံးတံခါးကို ဖွင့်ဟထားခဲ့ပါသည်။

အလားတူစွာသော အကြောင်းများကြောင့် ပုရောဖက်ဧလိရှဲအချိန်မှာလည်း အစ္စရေးနိုင်ငံရှိ နူနာရောဂါသည်တို့သည် ကျော်လွန်သွားခြင်းကို ခံခဲ့ရပါသည်။

သို့သော်လည်း နေမန်ဟူသော နိုင်ငံခြားသားသူတော်ကောင်းတစ်ဦးမှာထာဝရဘုရားသခင်ထံတော်မှ ဆုကျေးဇူးတော်ကို လက်ခံရယူရန် အခြေအနေမျိုးမှာရှိခဲ့ပါသည်။ ထိုတပ်မှူးသည် နူနာရောဂါမှလုံးဝပျောက်ကင်းသည်သာမက၊ စစ်မှန်သောဘုရားသခင်ကို သိသောမင်္ဂလာနှင့်လည်း ပြည့်ဝခဲ့ရပေသည်။

မိမိအလင်းတရားရရှိသည့်အတိုင်း ရိုးသားစွာအသက်ရှင်နေထိုင်သူတစ်ပါးအမျိုးသား၊ အမျိုးသမီးတို့သည်အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားတတ်ရုံမျှမက ထာဝရဘုရားသခင်ကို ကိုးကွယ်သူများ ထက်ပိုမို၍ နှစ်သက်မြတ်နိုးဖွယ်သော အခြေအနေမျိုးမှာရှိပေသည်။ အကြောင်းမူကား ထိုမလေးမခန့်လုပ်သောသူတို့သည် ထာဝရဘုရားသခင်ကို ကိုးကွယ်ကြပါသော်လည်း ရရှိသောအလင်းတရားကိုပမာဏမပြု၊ နေ့စဉ်အသက်တာမှာလည်း မိမိတို့၏ယုံကြည်ခြင်းနှင့်ဆန့်ကျင်ဖီလာကာ အသက်ရှင်နေထိုင်ကြသောကြောင့်ပေတည်း။

# ယေရှုသည် သူတို့ရှေ့အခြေအနေမှန်ကိုဖေါ်ပြခြင်း

ယေရှုသခင်၏ဆိုစကားတို့သည် မိမိကိုယ်ကိုဖြောင့်မတ်သည်ဟု ထင်မြင်ကြကုန်သောကြားနာရသူတို့၏ စိတ်နှလုံးကို အမြစ်မှလှန်တိုက်သလို ဖြစ်ပါသည်။ မှန်ရာကိုသာပြောတတ်သော ကိုယ်တော်ရှင်၏ နှုတ်ထွက်စကားတိုင်းသည်လည်း ဓါးတစ်ချောင်းကဲ့သို့ ခုတ်လျှင်ပြတ်၏။ ယေရှုသခင်သည် ထိုသူတို့အား ရှေးမဆွကပင် တရားပေးခဲ့၍ သူတို့သည် စိတ်တွေ့ခဲ့ကြလေပြီ။

သို့သော် ယခုမှာတော့ ထိုတရားကိုပင် မထီလေးစားပြုကြပါသည်တကား။ နိမ့်ကျဆင်းရဲစွာကြီးပြင်းလာခဲ့ရသော ယေရှုသခင်သည် သာမန် လူသားတစ်ဦးထက်ပို၍ ကြီးမြတ်ကြောင်းကို ထိုသူတို့သည် အသိအမှတ်ပြုဝန်မခံလိုကြပေ။ သူတို့၏ မယုံကြည်မှုသည်အငြိုးကိုပွားစေ သည် မဟုတ်ပါလား။ သူတို့သည် စဉ်းစားလေ ဒေါသကြီးလေဖြစ်၍ ကယ်တင်ရှင်အားဒေါသဖြင့်အော်ဟစ်ကြပါပြီ။ ပြင်းထန်သောအမျိုးသားရေးမာန်မာန ထောင်လွှားသောစိတ်သည် ထကြွလာသဖြင့် ကိုယ်တော်၏တရားပေးသံသည် ရှန်းရင်းခတ်ဖြစ်နေသောအသံများတွင် နစ်မြုပ်ပျောက်ကွယ်ခဲ့ရလေသည်။ ထိုသူတို့သည်လည်း မိမိတို့၏တစ်ယူသန်တစ်ဖက်သတ် ထင်မြင်ယူဆချက်များကို ထိပါးတိုက်ခိုက်လာသလို ခံစားရသောအခါမှာ ထိုသူတို့သည် ယေရှုသခင်ကို သတ်ဖြတ်ရန်ပင် အသင့်ရှိခဲ့ကြပါသည်တကား။ လူသတ်သည်မှာမဆန်းတော့ အကြမ်းဖက်မှုသည် လိုအပ်သောစနစ်ဟုသတ်မှတ်ကြပါပြီ။

လူအုပ်စုကြီးကွဲသွားပါပြီ။ သူတို့သည် ယေရှုသခင်အား သူခိုးဓါးပြကိုဆက်ဆံသလို ဖမ်းဆီးဆုပ်ကိုင်၍ တရားဇရပ်မှ တရွတ်တိုက်ဆွဲခေါ်သွားသည်မှာ မြို့ပြင်ရောက်သည်အထိပင်ဖြစ။ ကိုယ်တော်အား ဇောက်ထိုးကျသွားအောင် တွန်းချဖို့ရည်ရွယ်၍လည်း ချောက်ကမ်းပါး

တစ်ခုဆီသို့ အလျင်အမြန် ခေါ်ဆောင်သွားကြ၏။ ဟစ်အော်သံများကျိန်ဆဲသံများဆူညံ၍ နေပါသည်။ တချို့သောသူတို့သည် ကိုယ်တော်ရှင်ကို ခဲနှင့်ပစ်ပေါက်ကြပါ၏။ ထိုအချိန်မှာပင် သခင်သည် ရုတ်တရက် ပျောက်ကွယ်သွားခဲ့ပါသည်။ ကောင်းကင်တမန်များသည် စိတ်ရူးပေါက်နေသော ဤလူအုပ်ကြီးအလယ်၌ ကိုယ်တော်ရှင်နှင့်အတူရှိနေပါသည်။ ထိုအစေခံနံဝိညာဉ်တို့သည် ယေရှုသခင်အား လုံခြုံသောနေရာသို့ ကာကွယ်ပို့ဆောင်ပေးရန် ဖြစ်သည်မဟုတ်လော။

အလားတူစွာ ခေတ်အဆက်ဆက်ရှိ ခရစ်တော်သခင်၏ သစ္စာရှိသောနောက်တော်လိုက်များ၏ အနီးအပါးတွင် ကောင်ကင်တမန်တို့သည် ရှိနေကြပါသည်။ ကောင်းကင်ဘုံက စစ်သည်တော်ကြီးများသည် ဘုရားသခင်ကို ချစ်မြတ်နိုးသောသူအပေါင်းတို့၏ပတ်လည်၌ တပ်ချထားပါ၏။ အချိန်တန်လျှင် မြေကြီးသစ်ဆီသို့ရောက်သောအခါမှာ ဘုရားသခင်၏ အစေခံနံဝိညာဉ်ကောင်းကင်တမန်များသည် ကျွန်ုပ်တို့၏ နေ့စဉ်လျှောက်လှမ်းသောခြေလှမ်းတိုင်းမှာ ထပ်ကြပ်မကွာအတူပါရှိနေကြောင်း သိရှိရပါလိမ့်မည်။

ယေရှုသည် လူသားတို့နောင်တရဖို့ နောက်တစ်ကြိမ်ဖိတ်ခေါ်ခြင်း မပြုဘဲ ထိုသူတို့အား စွန့်လွှတ်တော်မမူနိုင်ပါ။ ထိုကြောင့် ကိုယ်တော်သည် ဂါလိလဲမှာပြုသည့် သာသနာတော်အဆုံးပိုင်းကလေး၌ မိမိကြီးပြင်းလာရာ အိမ်ငယ်ကလေးဆီသို့ တစ်ဖန်သွားရောက် အလည်အပတ်ပြုခဲ့လေသည်။

ကိုယ်တော်ရှင်၏ ဟောကြားသောတရားနှင့် ပြုခဲ့သော နိမိတ်လက္ခဏာတို့သည်လည်း ယုဒပြည်တစ်ဝန်းလုံးမှာ ဂုဏ်သတင်းထင်ရှားလျက်ရှိနေပါပြီ။ ကိုယ်တော်ရှင်သည် သာမန် လူသားတစ်ဦးထက်သာလွန်သော တန်ခိုးစွမ်းအားကို ပိုင်ဆိုင်တော်မူကြောင်း ယခုတွင် နာဇရက်မြို့သားတို့ မငြင်းနိုင်တော့ပေ။ ထိုသခင်သည် ကောင်းသော

အလုပ်များစွာကိုလုပ်ဆောင်၍ စာတန်၏ ဖိစီးနှိပ်စက်မှုကို ခံစားနေရသူ လူမမာအားလုံးကို ကုသပျောက်ကင်းစေတော်မူခဲ့ကြောင်း အရပ်တကာ့အရပ်တို့က သိရှိခံစားရလေပြီမဟုတ်ပါလား

နာဇရက်မြို့သားတို့သည် ယေရှုသခင်၏ နှုတ်တော်ထွက်စကားတို့ကို တစ်ဖန်ကြားနာခဲ့ရသဖြင့် ဘုရားသခင်၏ ဝိညာဉ်တော်တို့ထိမှုကို ခံစားခဲ့ရပါသည်။

သို့သော်လည်း ယခုထိတိုင်သူတို့အလယ်မှာကြီးပြင်းလာခဲ့သော ထိုလူသားကြီးယေရှုသည် သူတို့ထက်ကြီးမြတ်ကြောင်းကို သူတို့တတွေဝန်မခံလိုကြပါပြီ။

မိမိကိုယ်ကို မေရှိယသခင်ပါဟု မိန့်တော်မူသော ယေရှုသခင်၏ ကြွေးကြော်ချက်ကို သူတို့တတွေသတိရတိုင်း ဒေါသထွက်နေဆဲဖြစ်ပါ၏။ ဤသို့ ယေရှုမိန့်တော်မူသဖြင့်လည်း မိမိတို့ထင်မှတ်သည်အတိုင်း မဟုတ်သောကြောင့် ထိုသခင်သည် ထိုသူတို့အား အစ္စရေးတို့ခံစားထိုက်သောအထူးအခွင့်အရေးမှအမှန်တကယ် နှုတ်ပယ်ငြင်းဆိုလိုက်သည်ဟူသောသဘောသက်ရောက်ပါ၏။ သူတို့သည် တစ်ပါးအမျိုးသား၊ အမျိုးသမီးတို့ထက်ပိုမို၍ ဘုရားသခင်၏ ကျေးဇူးတော်ကို မခံစားထိုက်ကြောင်း ပြသခဲ့ပေသည်။ ဒါကိုသူတို့တတွေ စိတ်နာကြသည်။ ထိုကြောင့် သူတို့က "ဤသူ သည်ဤပညာကိုလည်းကောင်း၊ဤတန်ခိုးတော်ကိုလည်းကောင်း အဘယ်မှာရသနည်း"(မဿဲ ၁၅း၃၅) ဟုမေးလာကြသော်လည်း ယေရှုသခင်အားထာဝရဘုရားသခင်စေလွှတ်တော်မူသော ခရစ်တော်မေရှိယအနေဖြင့် သူတို့လက်မခံခဲ့ကြပေ။ သူတို့သည် ယုံကြည်ခြင်းမရှိသောကြောင့် ကယ်တင်ရှင်ယေရှုသည်လည်း သူတို့၏ အလယ်တွင် အံ့ဖွယ်နိမိတ်လက္ခဏာများစွာကို မပြသနိုင်ခဲ့ပါချေ။ လူအနည်းစုကသာ ကိုယ်တော်ထံမှာ ကောင်းချီးများကို ခံစားရရှိရန် စိတ်နှလုံးတံခါးကိုဖွင့်ပေးခဲ့ကြသဖြင့် ယေရှုသည် စိတ်မပျက်တပါနှင့် နာဇရက်မြို့သားတို့ထံမှ ထွက်ခွာသွားခဲ့သည်မှာမည်သည့်အခါမျှပြန်လည် ကြွမြန်းလာတော်မူခြင်း မရှိသည်တိုင်အောင် ဖြစ်ပါသည်။

တစ်ကြိမ်မျှသာ မြတ်နိုးတွယ်တာမိခဲ့ရပါသော မယုံကြည်မှုသည် နာဇရက်မြို့သားများ၊ ဆန်ဟီဒရင်အဖွဲ့ဝင်များနှင့် ယုဒလူတစ်ရပ်လုံးဆီသို့ အတောမသတ်နိုင်အောင် ကူးစက်ပျံ့နှံ့ကာ ထိန်းချုပ်ခံဘဝသို့ သက်ရောက်ခဲ့ရပေသည်။

ထိုသူတို့၏ သန့်ရှင်းသောဝိညာဉ်တော်ကို ငြင်းဆန်ခြင်းသည် ယေရှုသခင်၏လက်ဝါးကပ်တိုင်ပေါ်မှာသော်လည်းကောင်း၊ ယေရုရှလင်မြို့ကြီးဖျက်ဆီးခံရမှုတွင်လည်းကောင်း၊ ကမ္ဘာ့နေရာအနှံ့အပြားသို့ ကွဲလွင့်သွားသော ယုဒလူမျိုးတို့၏ဖြစ်ရပ်မှန်တို့၌လည်းကောင်း၊ အထွတ်အထိပ်သို့ဆိုက်ရောက်ခဲ့ရပေသည်။

ခရစ်တော်သခင်သည် အမှန်တရား၏အဖိုးထိုက်သောဘဏ္ဍာများကို အစ္စရေးလူမျိုးတို့အား ဖွင့်ပေးလိုသည်မှာ ကြာလှပါပြီ။ သို့သော်လည်း ထိုသူတို့သည် မိမိတို့စီရင်သော ပညတ်ဥပဒေသများနှင့် အသုံးမဝင်သော်ဝိနည်းအထုံးအဖွဲ့ဆိုင်ရာ အခမ်းအနားများ၌သာ စိတ်စွဲလမ်းနေကြပါ၏။

အသက်မုန့်သည် သူတို့၏ လက်တစ်ကမ်းအတွင်းမှာရှိနေစဉ်မှာပင် သူတို့သည် မိမိတို့၏ကြေးငွေများကို အသုံးမရသောအရာများအတွက် သုံးဖြုန်းပစ်နေကြပါသည်။ ခရစ်တော်သခင်သည် ပုရောဖက်ရေးသားချက်များမှ ဖန်ခါတလဲလဲ ကိုးကားလျက် "ယနေ့ပင် ဤကျမ်းစာချက်သည် သင်တို့ကြားရသည်အတိုင်း ပြည့်စုံလေပြီ" ဟု မိန့်တော်မူသည်မဟုတ်လော။ အကယ်၍သာ ထိုသူတို့သည် ရိုးသားစွာဖြင့်အမှန်တရား ကျမ်းစာချက်များကို စေ့စေ့ရှာဖွေခဲ့ကြပြီး ဘုရားသခင်၏နှုတ်တော်ထွက်စကားတို့နှင့် မိမိတို့၏ အယူအဆများကို စမ်းသပ်ချိန်တွယ်ခဲ့ပါသော် ယေရှုသခင်သည် မျက်ရည်ကျဖွယ် အကြောင်းမရှိပါချေ။ "သင်တို့နေသောအိမ်သည် သင်တို့၌ လူဆိတ်ညံလျက် ကျန်ရစ်ရ၏" ဟူ၍လည်း မိန့်တော်မူစရာမလိုပါချေ။ (လုကာ ၁၃:၃၅)။ သူတို့တတွေ ဂုဏ်ယူဝင့်ကြွားရပါသော ယေရုရှလင်မြို့တော်ပေါ်သို့ ကျရောက်အံ့သော

ဘေးဒုက္ခကြီးသည်လည်း လွဲဖယ်ပျောက်ကွယ်သွားနိုင်ပါလိမ့်မည်ဖြစ်၏။

သို့ပါသော်လည်း ခရစ်တော်ပေးသော သင်ခန်းစာများသည် အပြစ်မှနောင်တရဖို့ တောင်းဆိုနေပါ၏။ အကယ်၍သာ ထိုသူတို့သည် ခရစ်တော်သခင်၏ ဩဝါဒသွန်သင်ချက်များကို လက်ခံပါက သူတို့၏ အကျင့်ဓလေ့တို့သည်လည်း ပြောင်းလဲကာနေပါလိမ့်မည်။ ၎င်းတို့မြတ်နိုးတွယ်တာရပါသော လောကဆန်ဆန်မျှော်လင့်ချက်များကိုလည်း စွန့်လွှတ်နိုင်ကြပါလိမ့်မည်။

ထိုသူတို့သည် ထိုခေတ်ထိုအခါက တွေးခေါ်ရှင်ဆရာသမားတို့၏ ထင်မြင်ယူဆချက်များကို ဖီလာဆန့်ကျင်ရန် လိုအပ်နေသည်မဟုတ်ပါလော၊ ထိုသို့ပြုသင့်ပါပေသည်။

ဂျူးလူမျိုးအကြီးအကဲခေါင်းဆောင်များတို့၏ စိတ်နှလုံးတွင်ဝိညာဉ်ရေးမာနစိတ်များဖြင့် ပြည့်ဝနေကြပါသည်။ သူတို့သည် တရားဇရပ်ဗိမာန်တော်မှာ အမြင့်ဆုံးသောရာထူးကို မြတ်နိုးခုံမင်ရယူလိုကြပါ၏။

လူတကာတို့၏ချီးမွမ်းခြင်းကိုခံယူလိုကြပါ၏။ သူတို့တတွေမှာ မှန်ကန်သောဘာသာတရားကြည်ညိုမှုသည် ကျဆင်းလာသောအခါ၌ သူတို့တီထွင်ဖန်တီးပြုစုထားရှိသော ထုံးတမ်းစဉ်လာ အခမ်းအနားဆိုင်ရာဝိနည်းထုံးဖွဲ့မှုများကို ပိုမို၍ မြတ်နိုးတွယ်တာလာကြပါသည်။ သူတို့၏ စိတ်အာရုံတို့သည်လည်း တစ်ကိုယ်ကောင်းဆန်သော တစ်ဖက်သတ်အထင်လွဲမှုနှင့်ပြီးနေသဖြင့် မှောင်မိုက်အတိဖြစ်နေ၏။ ထို့ကြောင့်လည်း ယေရှုသခင်၏ နှိမ့်ချသောအသက်တာနှင့် ထိုသခင်၏ စိတ်နှလုံးပြောင်းလဲစေနိုင်သော နှုတ်တော်ထွက်စကားတို့၏ တန်ခိုးတော်တို့ကို ဆီလျော်ညီညွတ်စေအောင် သူတို့ မစွမ်းဆောင်နိုင်ကြပါချေ။ ကိုယ်တော်ရှင်ခံစားနေရသော ဆင်းရဲမွဲတေခြင်းသည် မိမိကိုယ်ကို မေရှိယပါဟု အခိုင်အမာပြောဆိုချက်နှင့် လုံးလုံးကြီး မဆီလျော်သလို ဖြစ်နေပါပြီကော။

ကိုယ်တော်ရှင်သည် မိမိကိုယ်ကို မေရှိယပါဟုဆိုလျှင် မိမိဆိုသည်အတိုင်း အဘယ်ကြောင့် အဆောင်အယောင်နှင့်ပပလွှားလွှားနေတော်မမူသနည်း။ လက်နက်အင်အားစုံမရှိ ကိုယ်ရံတော်တပ်မျှုးမဲ့နှင့် ကျေနပ်တော်မူရသနည်း။ အချိန်ကြာမြင့်စွာကတည်းက စောင့်ဆိုင်းမျှော်လင့်ရပါသော တန်ခိုးအာဏာနှင့် ဘုန်းအသရေတော်တို့သည် အစ္စရေးတို့အား ရောမအင်ပါယာအုပ်စိုးမှုအောက်မှ မည်ကဲ့သို့ကယ်နုတ်ကာ ယုဒနိုင်ငံတော်သို့ ပို့ပဆောင်နိုင်ပါမည်နည်း။

သို့သော်လည်း ယေရှုသခင်ကို ဂျူးလူမျိုးတို့ ငြင်းပယ်ရလောက်အောင်ဖြစ်ပေါ်စေသောအခြေအနေကား ယေရှုသခင်သက်တော်စဉ်၏ အပြင်ပန်း ဘုန်းအသရေကင်းမဲ့ခြင်း သက်သက်ကြောင့်သာမဟုတ်ပါ။ ကိုယ်တော်ရှင်သည် ဖြူစင်သန့်ရှင်းမှုအတွက် ရုပ်လုံးဖော်သူဖြစ်၍ ထိုသူတို့မှာ သန့်ရှင်းခြင်းမရှိ ညစ်ညမ်းနေပါ၏။ ကိုယ်တော်ရှင်၏ ခြောက်ပြစ်ကင်းသဲလဲစင်ရိုးသားဖြောင့်မှန်ခြင်း၏ ပုံသက်သေက ၎င်းတို့၏ မရိုးသားမှုကို ပေါ်လွင်စေပါသည်။ ထိုအလင်းတော်မျိုးကို သူတို့တတွေလားလားမျှ မမြင်တွေ့လိုကြပါ။ ကြိုဆိုခြင်းလည်းမပြုကြပါပြီ။ သူတို့သည် အပြစ်ကိုဖော်ပြ၍ ဆုံးမတော်မူတတ်သော ခရစ်တော်သခင်၏သဘောတော် ဆောင်ရွက်မှုများထက် မိမိတို့၏ငမ်းငမ်းတက်တောင့်တသော မျှော်လင့်ချက်များကြောင့် ခံစားရသည့် စိတ်ပျက်စရာများကို ပို၍ခံနိုင်ရည်ရှိခဲ့ကြပါသည်။ ခရစ်တော်သခင်၏ ရှေ့တော်မှောက်မှာပင် ထိုသူတို့သည် ကဲ့ရဲ့ပစ်တင်ရှုတ်ချမှုကို ခံစားနိုင်ခဲ့ကြပါပေသည်တကား. . . ။

-o-

# အခန်း (၂၅)
# ဂါလိလဲအိုင်နားမှာဖိတ်ခေါ်ခြင်း

(မဿဲ ၄း၁၅-၂၂။ မာကု ၁း၁၆-၂၀။ လုကာ ၅း၁-၁၁ ကိုအခြေပြုထားပါသည်။)

ဂါလိလဲအိုင်နားမှာ ရောင်နီပေါ်ထွန်းစအချိန်ဖြစ်ပါသည်။ တစ်ည လုံးငါးဖမ်းမရ၍ ပင်ပန်းနွမ်းနယ်နေသော တပည့်တော်တို့သည် အိုင်ထဲ ရှိလှေပေါ်မှာ ရှိနေကြဆဲ။

ယေရှုသခင်သည် ထိုရေအိုင်ကမ်းနားမှာ တစ်နာရီမျှ ငြိမ်သက်အေး ဆေးစွာအနားယူရန် ရောက်လာပါသည်။ နောက်တော်သို့ နေ့စဉ်နေ့တိုင်း လိုက်ပါနေကြသည့် တရားနာပရိသတ်တို့မှကင်းဝေးကာ အနားယူလို သည်မဟုတ်ပါလား။ သို့သော်လည်း မကြာပါ။ ကိုယ်တော်ရှင်၏ပတ် လည်မှာ လူတွေစုရုံးလာကြပါလေပြီ။

ထိုလူအုပ်ကြီး၏ တိုးဝှေ့မှုဒဏ်မှကင်းဝေးရန် ယေရှုသည် ပေတရု ၏လှေပေါ်သို့တက်ကာ ကမ်းမှအနည်းငယ်ခွာရန် အမိန့်ပေးလိုက်ပါသည်။

ဒီမှာတော့ သခင်ကို ကောင်းမွန်စွာမြင်သာ၍ အားလုံးကအသံ တော်ကိုကြားနိုင်သည်မဟုတ်ပါလား။ ကောင်းကင်နိုင်ငံတော်၏ ဂုဏ်ပြု ခြင်းကိုခံရသော ပုဂ္ဂိုလ်တော်သည် လဟာပြင်မှာ သာမန်လူတန်းစားတို့ အား နိုင်ငံတော်နှင့်ယှဉ်သော အရေးကြီးသည့်သတင်းစကားကို ဟော ကြားလျက်နေ၏။ ရေအိုင်၊ တောင်တန်း၊ လယ်ကွင်းပြင်များစွာတို့နှင့် ကမ္ဘာမြေကြီးကို လွှမ်းခြုံနေသော နေရောင်ခြည်စသည့် သဘာဝတရား အပေါင်းတို့သည် ထိုသခင်၏ သွန်သင်ချက်များကို သာဓကပြုလျက် ကြားရသူအပေါင်းတို့၏ စိတ်အာရုံ၌ မှတ်ကျောက်တင်ထားသကဲ့သို့ ဖြစ်ရပါသည်။ အဘယ်သင်ခန်းစာမျှ အလဟဿမဖြစ်သွားပါ။ ယေရှု

မြွက်ကြားသောသတင်းစကားတိုင်းသည် တချို့သော အသက်ဝိညာဉ်များ အတွက် ထာဝရအသက်နှင့်ယှဉ်သော နှုတ်ထွက်စကားတော် ဖြစ်ခဲ့ရပါ သည်တကား။

ဤကဲ့သို့သော မြင်ကွင်းမျိုးကို မျှော်မှန်းလျက် ပုရောဖက်ဟော ကြားချက်ရှိထားသည်ကား --

“ဇာဗုလုန်ခရိုင်နှင့် နဿလိခရိုင်တည်းဟူသော အိုင်နားလျှောက် သောလမ်း၊ ယော်ဒန်မြစ်တစ်ဖက်၊ တစ်ပါးအမျိုးသားနေရာ ဂါလိလဲပြည်၊ မှောင်မိုက်ထဲမှာနေသောသူတို့သည် ကြီးစွာသောအလင်းကိုမြင်ရ၍ သေမင်း၏နိုင်ငံအရိပ်တွင်ရှိနေသောသူတို့တွင်အလင်းပေါ်ထွန်းလျက်ရှိ၏။” မဿဲ ၄း၁၅-၁၆။

ယေရှုသခင်သည် ခေတ်အဆက်ဆက်ကို ရှုမြင်သုံးသပ်သောအခါ တွင် မိမိ၏ သစ္စာရှိခိုင်မြဲသောနောက်တော်လိုက်များကို အကျဉ်းထောင် များနှင့် တရားဆုံးဖြတ်ရာ လွှတ်ရုံးများ၌လည်းကောင်း၊ စုံစမ်းနှောင့်ယှက် မှုခံနေရခြင်း၊ အထီးကျန်ဘဝဖြင့် တစ်ကိုယ်တည်း အပစ်ပယ်ခံနေရခြင်း၊ ရောဂါဝေဒနာ ပြင်းပြစွာခံနေရသူများအဖြစ် တွေ့မြင်တော်မူခဲ့ပါ၏။

ကိုယ်တော်ရှင်သည် မိမိအနားမှာ စုရုံးနေကြသောသူတို့အားမိန့် တော်မူသည့်စကားတို့တွင် စုံစမ်းစစ်ဆေးမှုများ ခံနေရစဉ်ကာလမျှော် လင့်ချက်ကို ပေးနိုင်စွမ်းသော သတင်းစကား၊ ဝမ်းနည်းနေချိန်မှာနှစ်သိမ့် မှု၊ စာတန်၏ မှောင်မိုက်တန်ခိုးလွှမ်းမိုးခံရချိန်မှာ အလင်းအိမ်ဖြစ် စေရန်အတွက် လှပသောစကားတို့ပါဝင်ကြပါသည်။ ထိုတံငါလှေပေါ် မှာ မြွက်ဆိုခဲ့သော စကားသံသည် နောက်ဆုံးကာလမှာ အသက်ရှင် နေထိုင်လျက်ရှိသော အကျွန်ုပ်တို့၏ စိတ်နှလုံးထဲမှာလည်း ငြိမ်သက်ခြင်း ရရှိရန်အလို့ငှာ ဟောကြားနေကြောင်း သိမှတ်နားလည် ရပါမည်။

တရားပွဲကြီးပြီးဆုံးပါပြီ။ ယေရှုသည် ပေတရုအား ရေနက်ရာသို့ လှေကိုသွားစေပြီး ပိုက်ကွန်ကိုချရန် အမိန့်ပေးလိုက်ပါသည်။ သို့ သော်ပေတရုသည်တစ်ညလုံးငါးဖမ်းသော်လည်း ဘာကိုမျှမရရှိခဲ့၍ စိတ်ပျက်နေ၏။

ဤသို့အဖေါ်မဲ့၍ ပျင်းစရာကောင်းသည့်အချိန်မျိုးမှာ ပေတရုသည် နှစ်ခြင်းဆရာယောဟန်၏ စွန့်ပယ်ခံအကျဉ်းသားဘဝကို တွေးတောမိသည်။ ယေရှုသခင်နှင့် တပည့်တော်တို့၏ ရှေ့ရေးအလားအလာများ၊ ယုဒပြည်မှာ သာသနာပြုနေခြင်း၏ အခြေမလှမှုများ၊ ယဇ်ပုရောဟိတ် ကျမ်းတတ်ဆရာတော်များတို့၏ ရန်စောင်မုန်းတီးမှုများတို့ကိုလည်း စဉ်းစားမိပါသည်။

သူကိုယ်တိုင်ကလည်း ငါးဖမ်းလုပ်ငန်းမှာ မအောင်မြင်ဘဲဖြစ်နေသောကြောင့် ငါးမရှိသောပိုက်ကွန်များကို ကြည့်နေရင်းက အနာဂတ်အရေးကိုတွေးမိတိုင်း ရင်လေးနေရသည့်အဖြစ်မျိုးကို ပေတရုခံစားမိလေသည်။ စိတ်အားငယ်စရာအမှောင်ထုကြီးပေတကား။ ထိုကြောင့် ပေတရုက "သခင်၊ ကျွန်ုပ်တို့သည် တစ်ညလုံးကြိုးစားသော်လည်း ငါးတစ်ကောင်မျှမရပါ။ သို့ရာတွင် အမိန့်တော်ရှိလျှင် ပိုက်ကွန်ကိုချပါမည်ဟု လျှောက်လေ၏။"

တစ်ညလုံး ကြိုးပမ်းခဲ့ပါသော်လည်း ငါးမရရှိခဲ့သဖြင့် ယခုလိုရေကြည်လင်နေသော နံနက်ချိန်မှာ ပိုက်ကွန်ကိုချပါဟုဆိုသော် မျှော်လင့်ချက်မရှိသလောက်ဖြစ်ပါသည်။ သို့သော်လည်း တပည့်တော်တို့သည် သခင့်ကို ချစ်မြတ်နိုးသောစိတ်က ပြင်းထန်သဖြင့် သခင့်စကားတော်ကို နားထောင်ကြပါသည်။ ရှိမုန်နှင့်ညီတော်တို့ပိုက်ကို ချလိုက်ပါပြီ။ ထိုနောက် ပိုက်ကွန်ကို ပြန်၍ဆွဲတင်လိုက်သောအခါ ပိုက်ကွန်သည်စုတ်ပြဲစရှိသည့် အခြေရောက်အောင် ငါးများစွာကိုအုပ်မိခဲ့ပါ၏။ ထိုကြောင့်သူတို့သည် ယာကုပ်နှင့်ယောဟန်တို့ကို အကူအညီခေါ်ကာ ဆွဲယူကြပေရာ လှေနှစ်စင်းစလုံးနစ်လုမတတ်ဖြစ်သည်အထိ များစွာသောငါးတို့ကို ရရှိခဲ့ကြပါသည်။

# မသန့်ရှင်းမှုကိုဖော်ပြခြင်း

မိမိတို့တွေ့မြင်ခဲ့ဖူးသမျှသော နိမိတ်လက္ခဏာများစွာတို့တွင် ဤဖြစ်ရပ်မှန်သည် ပေတရုအတွက် ကိုယ်တော်၏ ဘုရားသခင်တန်ခိုးတော်ကို အထင်ရှားဆုံးဖြစ်စေခဲ့ပါသည်

ယေရှုသခင်သည် သဘာဝတရားအလုံးစုံကို ထိန်းချုပ်ထားသော အရှင်သခင်ဖြစ်ကြောင်း တပည့်တော်တို့မြင်တွေ့လာပါပြီ။ ပေတရုသည် မိမိ၏ မယုံကြည်မှုအတွက် ရှက်ကြောက်လာ၏။ ခရစ်တော်သခင်၏ လူ့ဇာတိခံယူခဲ့သော နှိမ့်ချမှုအတွက်ကိုလည်း ကျေးဇူးတင်မိ၏။ ထိုထက်ပိုသည်က အနန္တသန့်ရှင်းစင်ကြယ်တော်မူသော ပုဂ္ဂိုလ်တစ်ဦးရှေ့မှာ မိမိလို ညစ်ညမ်းသည့်သေမျိုး လူသားတစ်ယောက်က မထိုက်တန်ဘဲ ရပ်တည်နေခွင့်ရှိနေပါပြီလားဟူသော ခံစားမှုမျိုးက ပေတရု၏စိတ်ကို လွှမ်းမိုးခဲ့ပေသည်။

လုပ်ဖော်ဆောင်ဖက်တို့ ငါးများကိုဖြုတ်နေကြစဉ် ပေတရုသည် ကိုယ်တော်၏ခြေတော်ရင်းမှာ ဒူးထောက်လျက် “သခင်၊ အကျွန်ုပ်သည် အပြစ်များသောသူဖြစ်ပါ၏။ အကျွန်ုပ်ထံမှ ထွက်ကြွသွားတော်မူပါ” ဟု လျှောက်လေ၏။ (လုကာ ၅း၈)။

ပုရောဖက်ဒံယေလသည် ကောင်းကင်တမန်ရှေ့မှာ လူသေကောင်တစ်ယောက်အလား ဖြစ်စေခဲ့သော တန်ခိုးတော်သည် ဘုရားသခင်၏ သန့်ရှင်းခြင်းအဖြစ်တော်ပင်ဖြစ်ပါသည်။ “ငါမူကား၊ ကြီးစွာသောမြင်ခြင်း (vision) ကိုမြင်ရလျှင် ခွန်အားလျော့၍ မျက်နှာပျက်လျက်ကိုယ်၌ အစွမ်းသတ္တိအလျှင်းမရှိဖြစ်လေ၏” ဟု ဒံယေလက သက်သေခံပြောကြားခဲ့ပါသည်။ (ဒံယေလ ၁၀း၈)။ ထိုနည်းတူပင် ပုရောဖက်ဟေရှာယကလည်း ဘုရားသခင်၏ ဘုန်းတော်ကို မြင်တွေ့ရသောအခါမှာ “ငါ၌ အမင်္ဂလာရှိ၏။ ငါအကျိုးနည်းရှိ၏။ အကြောင်းမူကား ငါသည်ညစ်ညူး

သောနှုတ်ခမ်းရှိလျက် ညစ်ညူးသော နှုတ်ခမ်းရှိသောလူမျိုးတွင် နေလျက်နှင့်ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်တည်းဟူသော ရှင်ဘုရင်ကိုကိုယ်မျက်စိနှင့်မြင်လေပြီတကား" ဟုဆို၏။ ဟေရှာယ ၆း၅။

ဤသို့လျှင် ဘုရားသခင်၏ ကြီးမြတ်မှုနှင့် ကျေးဇူးတော်အပေါင်းနှင့်ပြည့်စုံမှုကို မြင်တွေ့ခွင့်ရသောသူတိုင်းသည် ထိုနည်းနှင်နှင်ခံစားကြရပါသည်။

ထိုအခါ ကယ်တင်ပိုင်ရှင်ယေရှုသခင်က "ကြောက်ရွံ့ခြင်းမရှိနှင့်။ သင်သည် ယခုမှစ၍ လူတို့ကိုဖမ်းဆီးသောသူဖြစ်လိမ့်မည်" ဟု ပေတရုအားမိန့်တော်မူခဲ့ပါသည်။ ဟေရှာယသည် ထာဝရဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် မိမိ၏မထိုက်တန်မှုတို့ကို မြင်တွေ့ပြီးသောအခါမှ ဘုရားသခင်နှင့်ဆိုင်သောသတင်းစကားကို ပေးအပ်ထားခြင်းခံရပါသည်။ ပေတရုသည်လည်း မိမိအလိုကိုငြင်းပယ်၍ ဘုရားသခင်၏ တန်ခိုးတော်အပေါ်မှီခိုခဲ့ပြီးနောက်မှ ခရစ်တော်ယေရှုသခင်၏အမှုတော်အတွက် ဖိတ်ခေါ်ခြင်းကို ခံခဲ့ရပါသည်။

တပည့်တော်တို့သည်ခရစ်တော်သခင် ပြသခဲ့သောနိမိတ်လက္ခဏာများစွာကို မြင်တွေ့ခဲ့ရပါ၏။ သွန်သင်ချက်တရားတော်များကိုလည်း ဆည်းပူးနည်းခံခဲ့ရပါသည်။

သို့ပါသော်လည်း မိမိတို့၏ လုပ်ငန်းဟောင်းကိုတော့ လုံးလုံးကြီးစွန့်ပစ်မထားခဲ့ကြသေးပါ။ နှစ်ခြင်းဆရာယောဟန်၏ထောင်ချအကျဉ်းခံရမှုသည်သူတို့အားလုံးအတွက်ခါးသီးသောစိတ်ပျက်မှုကိုဖြစ်စေ၏။ ဆရာယောဟန်သည် ကောင်းမွန်စွာသာသနာပြုအကျိုးဆောင်ပါလျက်နှင့် ထိုကဲ့သို့သောဖြစ်ရပ်မျိုးနှင့်ကြုံတွေ့ခဲ့ရချေက ခရစ်တော်သခင်၏ အမှုတော်မြတ်သည်လည်းမျှော်လင့်ချက်ရှိနိုင်ပါမည်လား။ ထိုအခြေအနေမျိုးမှာဂါလိလဲသို့ပြန်၍ ခေတ္တခဏမျှ ငါးပြန်ဖမ်းမည်ဆိုက မကောင်းပေလော။ ထိုသို့တွေးတော၍ ယခုလိုအချိန်မှာ ငါးဖမ်းနေခြင်း ဖြစ်ပါသည်။ သို့သော် ယခုတွင်မူ

သခင်ယေရှုသည် တပည့်တော်တို့အား မိမိတို့၏ အသက်တာဟောင်းကို စွန့်လွှတ်၍ ကိုယ်တော်၌တစ်လုံးတစ်ဝတည်းရှိရန် ဖိတ်ခေါ်လိုက်ပါသည်။ ပေတရုသည် ထိုဖိတ်ခေါ်မှုကို လက်ခံလိုက်၏။ ကမ်းပေါ်သို့ရောက်သော အခါ ယေရှုက "ငါ့နောက်သို့လိုက်ကြလော့၊ သင်တို့သည် လူကိုမျှားသော တံငါဖြစ်စေခြင်းငှာ ငါပြုမည်" ဟု အခြားတပည့်တော်သုံးယောက်တို့ကို လည်း မိန့်တော်မူခဲ့ပါသည်။ ထိုသူတို့သည်လည်း ချက်ချင်းပင် ပိုက်ကွန် များကိုစွန့်ပစ်၍ နောက်တော်သို့လိုက်ကြ၏။

## အပ်နှံမှု၏အကျိုးရလဒ်

ယေရှုသခင်သည် ထိုသူတို့အား မိမိတို့၏ တံငါလှေများကိုစွန့် ပစ်ကြရန် မခိုင်းစေမီ ဘုရားသခင်သည် ၎င်းတို့၏ လိုအပ်ချက်များကို မစတော်မူလိမ့်မည်ဟူသော အာမခံချက်ကို ပေးသနားတော်မူပြီးဖြစ်ပါ၏။ အမှန်တကယ်ပင်ဖြစ်သည်။ ဧဝံဂေလိလုပ်ငန်းစဉ်အတွက် ပေတရုသည် မိမိ၏လှေငယ်ကို အသုံးတော်ခံစေခြင်းဖြင့် ကြွယ်ဝသောအဖိုးအခကိုပြန် လည် ရရှိခဲ့ပါသည်။

"ကိုယ်တော်ကို ဆုတောင်းခြင်းပြုသောသူ အပေါင်းတို့၌ ကျေးဇူး ကြွယ်ဝစေတော်မူသော" အရှင်သခင်မိန့်တော်မူသည်ကား "သူတစ်ပါးအား ပေးကြလော့၊ ပေးလျှင် သူတစ်ပါးသည် သင်တို့အား ပေးကြလိမ့်မည်။ အမှန်ခြင်ရုံမျှမက သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့် သင်တို့ ရင်ခွင်၌ ပေးကြလိမ့်မည်။" ရောမ ၁၀း၁၂၊ လုကာ ၆း၃၈။

ဤအတိုင်းအတာ ပမာဏအတိုင်း ယေရှုသည် တပည့်တော် ပေတရု၏ လုပ်ဆောင်မှုကို ကျေးဇူးတုံ့ပြန်ခဲ့ပါသည်။ ယေရှု သခင်၏ ဧဝံဂေလိ သတင်းကောင်းကို ဟောပြော ကြွေးကြော်ခြင်း လုပ်ငန်း မှာ ပြုလုပ်ခဲ့သော အပ်နှံမှုတိုင်းအတွက် အလွန် ကြွယ်ဝသော

ကျေးဇူးတော်အားဖြင့် ဘုရားသခင်သည် ပေးဆပ်တော်မူပါလိမ့်မည်။ ဇေဖက် ၃း၂၀။ ၂း၇ ကိုဖတ်ပါ။

ဂါလိလဲအိုင်မှာ ဖြစ်ပျက်ခဲ့သော ဝမ်းနည်းဖွယ်ထိုည၌ ခရစ်တော်သခင်နှင့်ခွဲခွာနေရခြင်း၏ ဆိုးကျိုးတည်းဟူသော မယုံကြည်မှုသည် တပည့်တော်တို့၌ ပြင်းထန်နေပါ၏။ သို့သော်လည်း ကိုယ်တော်ရှင်ဘုရားသခင်သည် သူတို့ထံသို့ရောက်ရှိလာသောအခါတွင်မူကား သူတို့၏ ယုံကြည်ခြင်းသည် လှုပ်ရှားထကြွရှင်သန်လာပါသည်။ ဝမ်းမြောက်ခြင်းနှင့်အောင်မြင်ခြင်းကိုလည်း ဖြစ်စေပါသည်။ ထိုနည်းတူပင် ကျွန်ုပ်တို့သည်လည်း ခရစ်တော်နှင့်ကွာလျှင် လုပ်ဆောင်လေသမျှ အကျိုးမရှိဖြစ်ရပါ၏။

ပလိုင်းပေါက်နှင့်ဖားကောက်သကဲ့သို့တည်း။ အခက်အခဲကြုံတွေ့လေတိုင်းမှာလည်း မယုံကြည်မှုနှင့် ညည်းညူမြည်တမ်းမှုတို့သည် တိုးပွားများပြားလာဖို့ လွယ်ကူစေပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် သခင်ဘုရားနည်းတူ အဖဘုရားသခင်၏ ညွှန်ကြားချက်အောက်မှာ အလုပ်ကိုပွားများစေပါက ဘုရားသခင်၏ တန်ခိုးတော်အနန္တကို မျက်ဝါးထင်ထင်မြင်တွေ့ရသောအခွင့်သက်သေနှင့် ဝမ်းမြောက်ရပါလိမ့်မည်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အား အမှုတော်မြတ်မှာ ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းများဖြင့် ပြည့်ဝစေပါသည်တကား။ ပင်လယ်ထဲက ငါးများကိုစုသိမ်းစေနိုင်သောသခင်၏ နှုတ်တော်ထွက်စကားတို့သည် လူသားတို့၏ စိတ်နှလုံးကိုလည်း စွဲလမ်းမှတ်မိစေနိုင်ရုံမျှမက “လူကိုဖမ်းသောတံငါသည်များ” ဖြစ်စေအံ့သောငှာ မိမိ၏ အစေခံကျွန်များအဖြစ်သို့ သိမ်းသွင်းနိုင်စွမ်းရှိသည်မဟုတ်ပါလား။

ထိုဂါလိလဲပြည်သား တံငါသည်များသည် ဆင်းရဲ၍ ပညာတတ်များမဟုတ်ကြပါ။ သို့သော်လည်း သခင်က ရွေးချယ်ပြီဆိုလျှင် လုပ်ဆောင်မည့် အလုပ်အမှုတော်မြတ်အတွက် အရည်အသွေးမီအောင်

ကူညီမစရန် ကိုယ်တော်သည် ကြွယ်ဝ ကုံလုံစွာ တတ်နိုင်တော်မူပါသည်။ ထိုသခင်ယေရှုသည် ပညာရေးကို မရှုတ်ချပါ။ ဘုရားသခင်ကိုချစ်သော စိတ်နှင့်သန့်ရှင်းသော ဝိညာဉ်တော်လမ်းပြ ထိန်းချုပ်မှုအောက်မှာ အပ်နှံ လုပ်ဆောင်သွားခြင်း၏ ဉာဏ်ပညာနှင့်ဆိုင်သော ယဉ်ကျေးမှုသည်ကောင်း ကြီးမင်္ဂလာတစ်ပါးဖြစ်ပါသည်။

သို့သော်လည်း ထိုခေတ်ထိုအခါမှာ အသက်ရှင်နေထိုင်ကြကုန် သောပညာတတ်များမှာ ဆင်းရဲသားတို့အား ကိုယ်ချင်းမစာနိုင်တော့သည် အထိ မိမိကိုယ်ကို အထူးယုံကြည်အားကိုးနေကြသူများဖြစ်ရကား ၎င်း တို့သည် နာဇရက်မြို့သားယေရှုနှင့်အတူ လုပ်ဖော်ဆောင်ဖက်များ ဖြစ်မလာ နိုင်ကြပါချေ။ ကိုယ်သာမှန်သည်။ မည်သူ့ကိုမျှ ဂရုစိုက်စရာမလိုဟူသော တစ်ယူသန်မှုများကြောင့် ခရစ်တော်သခင်၏ သွန်သင်ချက်များကို ခံယူရန် မဖြစ်၊ အထင်သေးကြပါ၏။ ခရစ်တော်သခင်၏ သွန်သင်မှုကို သူတို့မခံ ယူလိုကြပါ။

သို့ဖြစ်၍ ထာဝရဘုရားသခင်နှင့်အတူ အမှုတော်ဆောင်လိုသော သူတို့သည် ပထမဦးစွာ မိမိကိုယ်ကိုအားမကိုးခြင်းနှင့် ဆိုင်သောသင်ခန်း စာကိုသင်ယူဖို့လိုပါသည်။ သို့ပြုပြီးမှ ထိုသူတို့သည် ခရစ်တော်သခင်၏ စာရိတ္တတော်ကို မျှဝေခံယူရန် ပြင်ဆင်ပြီးသားဖြစ်ပါလိမ့်မည်။ ဤသင်ခန်း စာမျိုးကို သိပ္ပံနည်းကျကျပညာပေးသင်ကြားနေသော ကျောင်းများမှာမရရှိ နိုင်ပါပြီ။ ထိုအရာသည် ခရစ်တော်ယေရှု တစ်ပါးတည်းထံမှသာ ရရှိနိုင် သောဉာဏ်ပညာ၏ အသီးအပွင့်ဖြစ်ပါသည်။

## စစ်မှန်သောသခင့်အစေခံတို့အားပညာပေးပုံ

ယေရှုသည် ပညာမတတ်သောတံငါသည်များကို ရွေးချယ်သည် အရာမှာ ထိုသူတို့သည် ၎င်းတို့ ခေတ်ကာလမှာ သင်ကြားပေးသော မှားယွင်းသည့် ထုံးစံဓလေ့များကို မသင်ယူရသေးသောကြောင့်ဖြစ်ပါသည်။

ထိုသူတို့သည် ပင်ကိုယ်စွမ်းရည်နှင့် ပြည့်ဝသူများဖြစ်ကြ၏။ စိတ်နှလုံးနှိမ့်ချ၍ သင်ကြားပေးလျှင် ရနိုင်သောသူများလည်းဖြစ်ပါသည်။ သာမန်လူတန်းစားအလွှာထဲမှ နေ့စဉ်လုပ်ကိုင်ဆောင်ရွက်နေရသည့် တာဝန်ဝတ္တရားကို ကျေပွန်သူတို့မှာ ကမ္ဘာတွင် ဂုဏ်ပြုခံရဆုံးလူသားကြီးတို့နှင့် အရည်အသွေးချင်းတူအောင် လုပ်ဆောင်နိုင်သော စွမ်းအင်သည် ရှိနိုင်ပါ၏။

ဒါကိုသူတို့တတွေသတိမပြုမိဘဲ ရှိကောင်းရှိပေမည်။ ထိုလှုပ်ရှားထကြွမှုမရှိသော စွမ်းရည်သတ္တိများကို နှိုးဆော်ရန် အထူးစွမ်းပကားနှင့် ပြည့်စုံတော်မူသောလက်တော်သည် ယေရှု၌ရှိပါသည်။ ထိုသို့သော လူသားကြီးတို့ကို ယေရှုသခင်သည် မိမိ၏လုပ်ဖော်ဆောင်ဖက်များအဖြစ် ဖိတ်ခေါ်နေပါ၏။ တပည့်တော်တို့သည် ကယ်တင်ပိုင်ရှင် ယေရှုသခင်၏ သင်တန်းကို ရယူပြီးသည်နောက်မှာတော့ သူတို့၏တွေးမြင်ယူဆချက်နှင့် စာရိတ္တတို့သည် ယေရှုသခင်နှင့် တူလာပါသည်။

ပညာရေးရာ၏အကြီးမြတ်ဆုံးလုပ်ငန်းသည် အသိဉာဏ်ပညာများကိုဖြန့်ဝေပေးရန် သက်သက်သာမဟုတ်ဘဲ စိတ်သဘောထားတစ်ခုနှင့် တစ်ခုထိတွေ့စေခြင်း၊ လူလူချင်းနားလည်မှုရယူတတ်ရန် ထိတွေ့စေခြင်း စသည့် အသက်ရှင်စေနိုင်သော စွမ်းအားကို ဝေမျှရန်ဖြစ်ပါသည်။

အသက်ရှင်ခြင်းကသာလျှင်အသက်ရှင်ခြင်းတန်ခိုးကို ပေးစွမ်းနိုင်သည်မဟုတ်လော။ သို့ဖြစ်၍ ကောင်းကင်ဘုံက အသက်သခင်နှင့်သုံးနှစ်လုံးလုံးထိတွေ့ဆက်ဆံခဲ့ရသည့် အခွင့်အရေးသည် တပည့်တော်များအတွက်ကြီးမားသည့် အခွင့်အရေး တစ်ခုပါတကား။ ဤသည်ကို တပည့်တော်ယောဟန်က ဤသို့ပြောပါသည်။ "ထိုသူ၏ ပြည့်စုံခြင်းမှလည်း ကျေးဇူးတစ်ပါး၌ ထပ်ဆင့်၍ကျေးဇူးတစ်ပါးကို ငါတို့ရှိသမျှသည် ခံရကြပြီ။" ယောဟန် ၁း၁၆။ ဤကား ယေရှုသခင်ကြောင့် အမှုတော်အောင်မြင်ရသည်ဟူသော သက်သေပင် ဖြစ်ပါသည်။ မိမိအနေဖြင့် ဝါကြွားစရာဘာတစ်ခုမျှမရှိပါ။ တပည့်တော်တို့၏ အသက်တာတိုးတက်

ကောင်းမွန်လာသောသူတို့၏ အကျင့်စာရိတ္တတို့နှင့် သူတို့အားဖြင့်ဘုရားသခင်ပြုတော်မူသော ကြီးကယ်သည့် အမှုတော်စသည်တို့သည် သင်ကြားပေးလျှင်ရနိုင်၍ နားထောင်မှုရှိသူအားလုံး၌ ဘုရားသခင်ပြုပြင်တော်မူမည်ဟူသော သက်သေခံချက်တစ်ခုပင်ဖြစ်ချေသည် မဟုတ်လော။

ထာဝရဘုရားသခင်အား လုံးလုံးအပ်နှံထားသော အသက်တာဖြင့်နေထိုင်၍ တစ်ကိုယ်ကောင်းစိတ်များဘေးဖယ်ထားကာ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုအတွက် စိတ်နှလုံးထဲမှာ အမြဲနေရာပေးသူတိုင်း၏အသုံးဝင်မှုသည် အကန့်အသတ်မရှိပါ။

အကယ်၍သာလူတို့သည် မရှိမဖြစ်လိုအပ်နေသောစည်းကမ်းများကိုညည်းညူမြည်တမ်းမောပန်းခြင်းမရှိဘဲ ခံနိုင်ရည်အပြည့်ရှိကြမည်ဆိုလျှင် ထာဝရဘုရားသခင်သည် ထိုသူတို့အား နာရီတိုင်း၊ နေ့ရက်တိုင်းသွန်သင်တော်မူပါလိမ့်မည်။ သူတို့သည် မိမိတို့ကိုယ်ကို ထာဝရဘုရားသခင်ထံအရှုံးပေးအညံ့ခံမည်ဆိုလျှင်လည်း ကိုယ်တော်ရှင်သည် ထိုသူတို့အား အရှိအတိုင်းခေါ်တော်မူ၍ မိမိ၏အမှုတော်မြတ်အတွက် လေ့ကျင့်သင်ကြားပေးပါလိမ့်မည်။ ထာဝရဘုရားသခင်၏ ဝိညာဉ်တော်သည် သူ၏အထဲမှာဝင်ရောက်ကိန်းဝပ်သဖြင့် ၎င်း၏ စွမ်းပကားအားလုံးကို နိုးကြားထကြွစေပါလိမ့်မည်။

သန့်ရှင်းသော ဝိညာဉ်တော်၏ အုပ်စိုးမှုအောက်မှာ ဘုရားသခင်ထံ၌ အကြွင်းအကျန်မရှိအပ်နှံထားသော ထိုစိတ်သဘောထားသည်လည်းညီညွတ်လျော်ကန်စွာ တိုးတက်လာကာ ဘုရားသခင်၏ အလိုတော်တို့ကိုသိမြင်နားလည်လာသည်နှင့်အမျှ အလိုတော်ကို ဖြည့်ဆည်းရန် ခွန်အားပြည့်ဖြိုးလာပါလိမ့်မည်။ အားနည်းသော စာရိတ္တသည် ခိုင်မာတောင့်တင်းသောအသွင်သို့ ပြောင်းလဲသွားပေမည်။

နေ့ညဉ့်မပြတ် အစဉ်အမြဲအပ်နှံခြင်းသည် ခရစ်တော်သခင်နှင့်တပည့်တော်တို့စပ်ကြား အလွန်နီးကပ်သော ဆက်သွယ်မှု တစ်ခုကို

ဖြစ်စေပါ၏။ စိတ်အာရုံနှင့်စာရိတ္တတို့သည်လည်း သခင်နှင့်တူ၍လာပါသည်။ ထိုအခါ သူသည် ပိုမို၍ ကြည်လင်ပြတ်သားပြီး ကျယ်ပြန့်သောအသိအမြင်များရှိလာ၏။ အသိတရားနှင့် နားလည်မှုမှာလည်း ပိုမိုထက်မြက်လာ၍ ဆုံးဖြတ်ချက်အရာတွင် မျှမျှတတဖြစ်လာသည်။ ဘုရားသခင်၏ ဘုန်းတန်ခိုးတော်ထင်ရှားစေရေးအတွက် အသီးအပွင့်ကိုများများဆောင်နိုင်သူလည်းဖြစ်လာပါသည်။ စိတ်နှလုံးနှင့်အသက်တာမှာ နှိမ့်ချသောခရစ်ယာန်တို့သည် မိမိတို့၏ပညာကို ကျောင်းတကာ့ကျောင်းအားလုံးတွင် အဆင့်အမြင့်ဆုံးကျောင်းတော်ကြီးမှာ သင်ယူရရှိခဲ့သည်မှာ မဆန်းပါ။ အကြောင်းမူကား၊ ထိုသူတို့သည် "အခြားသူတစ်ဦးတစ်ယောက်နှင့်မျှ မတူအောင် မိန့်မှာတော်မူခဲ့သော" ကိုယ်တော်ရှင်ယေရှု၏ ခြေတော်ရင်းမှာ ခစားကာ ပညာကိုဆည်းပူးသင်ယူခဲ့သောကြောင့်ပေတည်း။

-ဝ-

# အခန်း (၂၆)
# ကပေရနောင်မြို့မှာပျော်ရွှင်စရာနေ့ရက်များ

ယေရှုသည် သာသနာခရီးစဉ်ကို အရှေ့၊ အနောက်၊ တောင်၊မြောက် အရပ်လေးမျက်နှာသို့ မိုင်(၂၀၀) အတွင်းသွားလာခြင်းမှ ခေတ္တခဏအနား ယူသောအခါ နေထိုင်ရာကပေရနောင်မြို့သို့ ပြန်လာလေ့ရှိပါသည်။ ထို မြို့ကို ဂါလိလဲအိုင်ကမ်းခြေပေါ်မှာ တည်ထား၍ အိုင်မှာလည်း တံငါသည် လှေများနှင့်ပြည့်နေသည်။ နေရာတိုင်းမှာ အလုပ်ရှုပ်နေသော တံငါသည် များကို တွေ့မြင်ရပါသည်။

ကပေရနောင်မြို့သည် ဒမာသက်မြို့မှ ယေရုရှလင်မြို့နှင့် အီဂျစ် ပြည်သို့လည်းကောင်း၊ ဒမာသက်မြို့မှမြေထဲပင်လယ်သို့လည်းကောင်း၊ သွား ရာလမ်းမကြီးပေါ်မှာ တည်ရှိပါသည်။

သာသနာတော်အတွက်ဗဟိုချက်ပြုရန် အသင့်လျော်ဆုံးမြို့လည်း ဖြစ်ပါသည်။ အရပ်လေးမျက်နှာမှ ကုန်သည်ပွဲစားအလုပ်သမားတို့သည် လည်း ထိုမြို့ကိုဖြတ်သန်းသွားလာကြသည်မှာ ခြေချင်းရှုပ်ကာ ထပ်နေ ကြလေပြီ။ ဤဒေသမှာ ယေရှုသည် လူမျိုးပေါင်းစုံမှ လူတန်းစားအ သီးသီးကို ဆုံတွေ့နိုင်သဖြင့် မိမိ၏ သွန်သင်ချက်များစွာတို့ကို နိုင်ငံ အသီးသီးဆီသို့ ဆောင်သွားနိုင်မည်ဟုတ်လော။

ဤသို့လျှင် ပုရောဖက်ဟောကြားချက် အနာဂတ္တိစကားများကို လေ့လာစူးစမ်းလိုကြသူတွေ တိုးပွားလာမည်။ ကယ်တင်ရှင်အားလည်း အာရုံ ပြုလာကြကာ သခင့်အမှုတော်မြတ်သည် ကမ္ဘာ့ လူသားတို့ ရှေ့မှောက်သို့ အရောက်ဆောင်ယူသွားမည်ဖြစ်ပါသည်။ ကောင်းကင်တမန်တို့သည် လည်း ယေရှုသခင်၏ သာသနာတော်မြတ်အတွက် ခရီးလမ်းကိုပြင်ဆင်

ပေးကြသည်ဖြစ်ရကား လူတို့၏ စိတ်နှလုံးအစုံသည် ကယ်တင်ပိုင်ရှင်ထံ သို့တိုးဝင်ချဉ်းကပ်လာကြပါသည်။

ကပေရနောင်မြို့နေအမတ်တစ်ဦး၏သားကို ယေရှုသခင်သည် အနာရောဂါမှကုသပျောက်ကင်းစေခဲ့ခြင်းသည် ကိုယ်တော်ရှင်၏ တန်ခိုးတော်အတွက် သက်သေခံချက်တစ်ရပ်ပင်ဖြစ်ပါသည်။ ထိုမှူးမတ်နှင့် မိမိ၏ အိမ်ထောင်သားများသည်လည်း ၎င်းတို့၏ ယုံကြည်ခြင်းကို ဝမ်းမြောက်ဝမ်းသာစွာ သက်သေခံခဲ့ကြ၏။ ထိုဆရာတော် ယေရှုခရစ်တော်သည် ယခုတွင် မိမိတို့၏ မြို့မှာ တစ်ဖန်ရောက်ရှိနေကြောင်း ကြားသိလာသောအခါမှာ တစ်မြို့လုံး အုတ်အုတ်ကျက်ကျက်ဖြစ်ကာ ကိုယ်တော်ရှေ့မှောက်မှာ လာရောက်စုရုံးကြပါသည်။ ဥပုသ်နေ့မှာတော့ တရားဇရပ်အတွင်းသို့ ဝင်၍မရသည်အထိ လူထုကြီးသည် များပြားလှပါ၏။ တရားနာလိုသူတချို့ပင် မိမိတို့အိမ်သို့ ပြန်သွားခဲ့ရပါတော့သည်။

ကယ်တင်ရှင်ယေရှုခရစ်တော်၏ တရားဒေသနာတော်ကို ကြားရသူအပေါင်းတို့သည် အံ့သြမိန်းမောကာနေကြ၏။ ကျမ်းမှတ်တမ်းလာသည်ကား "အာဏာနှင့်ဟောတော်မူသောကြောင့် ပရိသတ်တို့သည် ဒေသနာကိုအလွန်အံ့သြကြ၏။"

"အကြောင်းမူကား ကျမ်းတတ်ဆရာနည်းတူမဟုတ်၊ အစိုးရသောသူနည်းတူ ဆုံးမသြဝါဒပေးတော်မူ၏။" (လုကာ ၄း၃၂။ မဿဲ ၇း၉)။

ကျမ်းတတ်ဆရာတော်များနှင့်အသင်းလူကြီးတို့၏ သွန်သင်ချက်များကား အလွတ်ကျက်ထားသော သင်ခန်းစာတစ်ခုကဲ့သို့ ထုံးစံမပျက် အေးစက်စက်သာဖြစ်ပါသည်။ ထိုသူတို့သည် ပညတ်တရားတော်ကို ရှင်းပြပြောဆိုခဲ့ကြပါသော်လည်း ဘုရားသခင်ထံတော်မှမည်သည့်လုပ်ဆောင်ချက်မျှ ၎င်းတို့၏စိတ်နှလုံးကိုသော်လည်းကောင်း ကြားနာရသူတို့၏စိတ်နှလုံးကိုသော်လည်းကောင်း ထိတွေ့လှုပ်ရှားစေခြင်းမရှိခဲ့ပါ။

ယေရှုသခင်၏အမှုတော်ကား အမှန်တရားကိုဟောပြောတင်ပြရန်ဖြစ်၏။ ကိုယ်တော်၏ နှုတ်တော်ထွက်စကားတို့သည် ရှေးပုရောဖက်များ၏ သွန်သင်ချက်တို့ကို လင်းရောင်ခြည်ထွန်းတောက်စေခဲ့ပါသည်။ ကိုယ်တော်၏ တရားနာပရိသတ်အပေါင်းတို့သည်လည်း ဘုရားသခင်၏ နှုတ်ထွက်စကားကျမ်းစာတော်မှ ထိုကဲ့သို့ လေးလံနက်ရှိုင်းသော အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ယခင်က တစ်ကြိမ်တစ်ခါမျှ မကြားနာခဲ့ဖူးကြပါချေ။

သခင်ယေရှု၏ တရားတော်ဟောကြားတင်ဆက်ပုံမှာ ရိုးရိုးလေးနှင့်တိုက်ရိုက်ဖွင့်ဆိုသည်က များပါ၏။ လှပစွာ တင်ဆက်ခြင်းတစ်ပါးပေတည်း။ သုံးနှုန်းသောစကားသည် ဖြူစင်၏။ သန့်စင်ထားပြီးသောရွှေစင်ကဲ့သို့ဖြစ်သလို စီးဆင်းနေသောစမ်းချောင်းရေကဲ့သို့ ကြည်လင်လှပါသည်။

အသံတော်သည်လည်း တေးဂီတ သံစဉ်ကဲ့သို့ဖြစ်ပါ၏။ ငြီးငွေ့ဖွယ်ထပ်တလဲလဲ တပြေးညီပြေးသော ကျမ်းတတ်ဆရာတို့၏ အသံသြကြီးနှင့်ခြားနားပါပေ။

## တွန့်ဆုတ်ခြင်း (သို့မဟုတ်) သံသယဟူသည်မရှိခြင်း

ယေရှုသခင်၏ သွန်သင်ချက်တို့သည် ရိုးစင်းလှပါသော်လည်းကိုယ်တော်သည် တန်ခိုးအားဏာရှိသူတစ်ပါးကဲ့သို့ ဟောကြားတော်မူ ခဲ့ပါ၏။ ဤအပြုအမူက ထူးခြားမှုကို ဖြစ်စေပါသည်။ ကျမ်းတတ်ဆရာတော်တို့ကား သံသယစိတ်များ၊ ယုံမှားစိတ်များနှင့် တွန့်ဆုတ်တွန့်ဆုတ်သွန်သင်နေကြ၏။ ကျမ်းဆိုချက်များသည် နှစ်ဖက်ခွ နားလည်သလိုအနက်အဓိပ္ပါယ် ပြန်ဆိုနိုင်ကြောင်း ပုံစံမျိုးနှင့် ပြောဆို ကြပါသည်။ သို့သော်လည်း ယေရှုသခင်သည် သမ္မာကျမ်းစာကို မေးခွန်းမထုတ်

နိုင်သောအာဏာတော်ဖြင့် တိတိလင်းလင်း သွန်သင်ခဲ့ပေသည်။ ကိုယ်တော်သွန်သင်လေသမျှမှာလည်း ပြန်လည် ငြင်းခုံရန် မစွမ်းနိုင်လောက်အောင် တန်ခိုးစွမ်းအားနှင့်ပြည့်စုံပါသည်။

သို့စေကာမူ ကိုယ်တော်သည် စိတ်ဆန္ဒစောမှုထက် စိတ်အားထက်သန်မှုက ကြီးမားပါသည်။ ပြောဆိုသွန်သင်ချက်တိုင်းမှာလည်းဘုရားသခင်ကိုသာ ဖေါ်ကျူးတော်မူ၏။ ကိုယ်တော်သည် ဤလောကမြေကြီးအသက်တာနှင့်ဆိုင်သောအရာများကို ချိုးဖျက်ရန် ကြိုးစားခဲ့၏။

ထိုအရာတို့သည် လူသားတို့အား ကိလေသာတဏှာအမှောင်ထုကြီးထဲမှာ နစ်မျောစေသည်မဟုတ်ပါလား။ သို့ဖြစ်၍ ကိုယ်တော်သည် ဤမြေကြီးအသက်တာနှင့်ဆိုသည်များကို ထာဝရ တည်တံ့မည်အရာများထက် ယုတ်ညံ့ကြောင်း အခြေအနေမှန်ကို ဖေါ်ပြခဲ့ပေသည်။ သို့သော်လည်း ထိုအရာတို့၏ အရေးပါမှုကိုတော့ လျစ်လျူရှု၍ မထားပါ။ ဘုရားတရားနှင့်ဆိုင်သော အမှန်တရားအသိစိတ်သည် လူတို့အား နေ့စဉ်အသက်တာ၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာလုပ်ဆောင်စေပါကြောင်း ထိုသခင်က သွန်သင်ပါ၏။ ကိုယ်တော်သည် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်နှင့် ဆက်ဆံရေး အသိစိတ်ရှိသည်နှင့်အညီ လူသားတစ်နွယ်လုံး၏ မိသားစုဝင်နှင့် ပေါင်းစည်းနေမှုရှိကြောင်းကိုလည်း သတိပြုမိခဲ့ပါသည်။

ကိုယ်တော်သည် "ပင်ပန်းသောသူအား မစခြင်းငှာ စကားပြောတတ်ပါသည်။" (ဟေရှာယ ၅၀း၄)။ တစ်ဖက်သတ်အထင်လွဲမှားနေသည့်စိတ်များနှင့် ထိုကဲ့သို့သောလူမျိုးတို့၏ စိတ်အာရုံပြုမှုကို ရရှိစေနိုင်မည့်သာဓကများအားဖြင့် ထိုသူတို့အား အံ့အားသင့်စေရန် ကိုယ်တော်၌ပါးနပ်လိမ္မာမှုရှိပါသည်။ ကိုယ်တော်ပေးသော သာဓကများသည်လည်းနေ့စဉ်အသက်တာမှ အတွေ့အကြုံများပင်ဖြစ်ချေ၏။ သာဓကတို့သည်

ရိုးစင်းပေမဲ့ အဓိပ္ပါယ်လေးနက်မှုတော့ရှိလှပါသည်။ လေထဲမှာ ပျံ့ဝဲနေသောငှက်ငယ်လေးများ၊ လယ်ကွင်းပြင်အနှံ့မှာ ပေါက်ရောက်နေသောနှင်းပန်းများ၊ မျိုးစေ့များ၊ သိုးကျောင်းသားနှင့် သိုးကလေးများစသည့်အရာများကို သာဓကပြု၍ မဖေါက်ပြန်မပျက်စီးနိုင်သည့် အမှန်တရားကိုသရုပ်ပြကာ သွန်သင်တော်မူခဲ့ပါသည်။ ပရိသတ်တို့သည်လည်း တရားကိုနာပြီးသည်နောက် ထိုသာဓကသဘာဝတို့ကို တွေ့မြင်ရသောအခါတိုင်း သခင်၏တရားတော်ကို ပြန်လည်သတိရကာ သင်ခန်းစာယူခဲ့ကြပါသည်။

ခရစ်တော်သခင်သည် အဘယ်လူသားကိုမျှ မြှောက်ထိုးပင့်ကော်မလုပ်ပါ။ ထိုသူတို့၏ ကျွမ်းကင်လိမ္မာသော တီထွင်မှုများအတွက်လည်း ချီးမွမ်းခန်းမထုတ်ပါ။ သို့သော်လည်း အာဃာတမရှိသော အတွေးအခေါ်ပညာရှင်များသည် ကိုယ်တော်၏ သွန်သင်ချက်များကို လက်ခံကြပြီး ထိုသွန်သင်ချက်တို့သည် ၎င်းတို့၏ ပညာဉာဏ်ကို စမ်းသပ်နေခြင်းဖြစ်ကြောင်း နားလည်ကြပါ၏။ အဆင့်မြင့် ပညာတတ်များသည်ပင်လျှင် ကိုယ်တော်ရှင် နှုတ်ထွက်စကားများကြောင့် နှစ်ထောင်းအားရမှုရှိခဲ့ရပါသည်။

ပညာမတတ်သူတို့အတွက်လည်း အမြဲပင်အကျိုးရှိပါ၏။ တစ်ပါးအမျိုးသားတို့အတွက်သော်လည်း မိမိ၌ သတင်းစကားကောင်းရှိကြောင်း သူတို့ကို နားလည်သဘောပေါက်စေခဲ့ပါသည်။

ယေရှုသခင်သည် ဒေါသမီးဟုန်းဟုန်းတောက်နေသော လက်မနှေးရန်သူများအလယ်မှာပင် ငြိမ်သက်ခြင်းရှိ၏။ မျက်နှာတော်၏ တင့်တယ်ခြင်း၊ ကောင်းမြတ်စုံလင်၍ နှစ်လိုဖွယ်ရှိသော အကျင့်စာရိတ္တ၊ မေတ္တာတရားတို့သည် ကိုယ်တော်ရှင်၏ အကျင့်နှင့် ထိုစကားသံတို့မှာဖေါ်ပြနေသည်ဖြစ်ရကား မယုံကြည်သောသူ၊ စိတ်နှလုံးခိုင်မာသော သူတို့သည်ပင်လျှင် ထိုသခင်ထံသို့ ချဉ်းကပ်ကြပါသည်။ ကိုယ်တော်ရှင်

ထံသို့ရောက်လာကြသော နာမကျန်းသူ ဒုက္ခိတများအနေနှင့်လည်း ယေရှုသည် ကြင်နာသောမိတ်ဆွေကောင်းတစ်ဦးကဲ့သို့ဖြစ်ကြောင်း ခံစားသိမြင်လျက် ထိုသခင် သွန်သင်သောတရားတော်ကို ပိုမို၍ ကြားသိလိုကြပါသည်။ ဤသို့လျှင် ထိုသူတို့သည် ထိုသခင်ချစ်ခြင်းမေတ္တာတော်၏ နှစ်သိမ့်မှုကို အစဉ်မပြတ်ခံစားတည်ရှိနိုင်စေရန် တောင့်တခဲ့ကြပါသည်။

ယေရှုသခင်သည် မိမိ၏ တရားနာပရိသတ်တို့၏ မျက်နှာထားကို အကဲခတ်လိုက်သည်တွင် စိတ်ဝင်စားမှုကြီးစွာဖြင့် နှစ်ထောင်းအားရမှုရှိနေကြောင်း ငြမ်တွေ့ရသောကြောင့်လည်း အကြီးအကျယ်စိတ်ကျေနပ်မှုကိုရရှိခဲ့ပါ၏။

အမှန်တရားမြားတောင့်တို့သည် တစ်ကိုယ်ကောင်းစိတ်ထားနှင့်ဆိုင်သော အဟန့်အတားများကို ထွင်းဖေါက်ဝင်ရောက်ချိုးဖျက်ခြင်းအားဖြင့် စိတ်နှလုံးကြေကွဲမှုကို ဖြစ်စေလျက် နောက်ဆုံးတွင် ကျေးဇူးတရားသိခြင်းကိုဖြစ်စေကာ အသက်ဝိညာဉ်များစွာကို ပြောင်းလဲစေသောကြောင့် ကယ်တင်ရှင်သည် ဝမ်းမြောက်ရပေသည်။ မိမိမြင်တွေ့ခဲ့ဖူးသော မျက်နှာများကိုပြန်လည်မြင်တွေ့ သတိပြုမိသောကြောင့်လည်း သခင်၏ ရွှေမျက်နှာတော်မှာ ဝမ်းမြောက်ခြင်းရောင်ခြည်သန်း၍နေပါ၏။

ယေရှုပြောသောအမှန်တရားသတင်းကောင်းသည် မြေကြီးပေါ်ရှိအရာများစွာကို ချစ်မြတ်နိုးသောသူတို့၏စိတ်နှလုံးကို ထွင်းဖေါက်သောအခါမှာကား သူတို့၏ မှောင်ကြုတ်နေသော မျက်နှာထားကြောင့် ထိုသူတို့သည် အလင်းတရားကို မကြိုဆိုကြောင်း သိနားလည်မိပါသည်။ လူသည်ငြိမ်သက်ခြင်းသတင်းစကားကိုငြင်းပယ်ကြောင်းယေရှုသခင်တွေ့မြင်ရသောအခါမှာ ကိုယ်တော်ရှင်သည်နှလုံးသားထဲကျွဲဝင်ခတ်သလိုခံစားလိုက်ပါသည်။

ယေရှုသည် တရားဇရပ်တစ်ခုမှာ မိမိတည်ထောင်မည့်နိုင်ငံတော်အကြောင်းနှင့် စာတန်၏ အကျဉ်းသားအဖြစ်မှ လူသားတစ်နွယ်လုံး

ကိုကယ်ချွတ်မည့်အကြောင်းကို ဟောကြားနေစဉ်မှာ နတ်ဆိုးစွဲနေသူတစ်ယောက်သည် လူပရိသတ်ထဲမှသည် ကိုယ်တော်ထံသို့ တစ်ဟုန်ထိုးပြေးလာကာ "နာဇရက်မြို့သားယေရှု၊ ကိုယ်တော်သည် အကျွန်ုပ်တို့နှင့်အဘယ်သို့ဆိုင်သနည်း။ အကျွန်ုပ်တို့ကို ဖျက်ဆီးခြင်းငှာလာသလော။ ကိုယ်တော်သည်အဘယ်သူဖြစ်သည်ကို အကျွန်ုပ်သိပါ၏။ ဘုရားသခင်၏ သန့်ရှင်းတော်မူသောသူဖြစ်ပါသည်" ဟု အော်ဟစ်လေ၏။ (မာကု ၁း၂၄)။

ထိုအော်ဟစ်သံကြောင့် လူတို့သည် ဗရုတ်သုတ်ခဖြစ်ကာထိတ်လန့်နေကြပါ၏။ ခရစ်တော်သခင်ကို အာရုံပြုနားစွင့်ခဲ့ရာမှ လွဲဖယ်၍ ကိုယ်တော်ရှင်၏ စကားတော်ကိုလည်း နားမထောင်တော့ပါ။ သို့သော်လည်း ယေရှုသည် ထိုနတ်ဆိုးကို ဤသို့ဆုံးမတော်မူ၏။ "အချင်းနတ်ဆိုးတိတ်ဆိတ်စွာနေလော့၊ ထိုသူ၏ အထဲမှထွက်သွားလော့" ဟု မိန့်တော်မူသည်နှင့် ညစ်ညူးသောနတ်သည် ထိုသူကိုတောင့်မာစေပြီးမှ ကြီးသောအသံနှင့် အော်ဟစ်၍ ထွက်သွား၏။"

ထိုဝေဒနာသည်၏ စိတ်အာရုံကို စာတန်သည် မှောင်မိုက်စေခဲ့ပါ၏။

သို့သော်လည်း ကယ်တင်ရှင်၏ ရှေ့တော်မှောက်တွင်မူ ထိုသူသည် စာတန်၏ ထိန်းချုပ်မှုမှလွတ်မြောက်ရန် နှိုးဆော်ခြင်းကိုတောင့်တခဲ့ပါသည်။ ဤသည်ကို နတ်ဆိုးသည် ခုခံခဲ့၏။ ထိုသူသည် အကူအညီရရှိရန် ယေရှုသခင်ကို တောင်းပန်ရန်ကြိုးစားသောအခါမှာ နတ်ဆိုးသည် သူ၏နှုတ်၌ စကားပြောစေသဖြင့် ကြောက်ရွံ့ခြင်းဝေဒနာ ဟစ်အော်သံတစ်ခုပေါ်လာခြင်းဖြစ်ပါသည်။

နတ်ဆိုးစွဲခံနေရသော ထိုသူသည် မိမိအား နတ်ဆိုးစွဲခြင်းမှ လွတ်မြောက်စေနိုင်မည့် ထူးခြားပုဂ္ဂိုလ်တော် လူသားကြီးတစ်ဦး၏ ရှေ့တော်မှောက်မှာ ရောက်နေသည်ကို တစ်စိတ်တစ်ဒေသ သိမြင်ပါ၏။

သို့သော်လည်း တန်ခိုးကြီးသောထိုသခင်၏ လက်တစ်ကမ်းမှာ ရောက်လာရန် ကြိုးစားသောအခါ အခြားသောစိတ်တန်ခိုးတစ်ခုက ၎င်းအားချုပ်ကိုင်လိုက်ပြီး အခြားသောသူ၏စကားကို ထိုနတ်ဆိုးစွဲခံရသူအား ပြောစေခဲ့ပါသည်။ စာတန်၏ တန်ခိုးနှင့်မိမိ၏ လွတ်မြောက်လိုခြင်း ဆန္ဒအလိုစပ်ကြား အငြင်းပွားတိုက်ခိုက်မှုသည် ကြောက်ခမန်းလိလိပင်ဖြစ်ခေ၏တကား။

နတ်ဆိုးသည် ထိုသူ၌ ဆက်လက်ပူးကပ်ဝင်နွဲနိုင်စေရန် မိမိ၏တန်ခိုးရှိသမျှကို အစွမ်းကုန်ကြိုးစားအားထုတ်၍ အသုံးပြုခဲ့ပါ၏။ အနှိပ်စက်ခံရသောထိုသူသည် မိမိ၏ ယေကျာ်းသဘာဘဝကို ပျက်စီးရန်ကြိုးစားတိုက်ခိုက်သော ရန်သူနတ်ဆိုးနှင့်ယှဉ်ပြိုင်ရုန်းကန်ရာ၌ အသက်ပင်ဆုံးရှုံးလုနီးဖြစ်ရပါ၏။

သို့သော်လည်း ကယ်တင်ပိုင်ရှင်ယေရှုသခင်သည် ထိုနတ်ဆိုးအား အာဏာတော်နှင့်အမိန့်ပေးသဖြင့် ထိုသူထံမှ မထွက်ချင်ဘဲထွက်ခဲ့ရပါသည်။ ထိုသူသည်လည်း လွတ်ငြိမ်းခွင့်ရရှိပါ၏။ ယခုမှာတော့ ပင်ကိုယ်အသိစိတ်နှင့် ထိုသူသည် အံ့အားသင့်နေသော သူတို့အလယ်မှာ ပျော်ရွှင်စွာမတ်တပ်ရပ်လျက်ရှိပါသည်။

နတ်ဆိုးသည်ပင်လျှင် ကယ်တင်ပိုင်သူ ယေရှုသခင်၏ ဘုရားသခင်တန်ခိုးတော်ကို သက်သေခံခဲ့လေပြီကော။ ယခင်ကစိတ်မနှံ့သောကြောင့် ရန်မူလိုသည့်နတ်ဆိုးသဘောနှင့် မီးတောက်နေသောသူ့မျက်လုံးတို့သည် ယခုမှာတော့ အသိဉာဏ်နှင့်ပြည့်ဝလျက် ပြုံးရယ်ကာဖြင့်ဝမ်းသာမျက်ရည်များပင် သက်ဆင်းလျက်ရှိနေပါလေပြီ။

လူတို့သည် အံ့သြစွာဖြင့် "ဤအမှုသည် အဘယ်သို့နည်း။ ဤဆုံးမခြင်းအသစ်သည် အဘယ်သို့နည်း။ ညစ်ညူးသော နတ်ကိုပင်အာဏာနှင့်မှာထား၍ သူတို့သည် နားထောင်ကြသည်တကား" ဟု အချင်းချင်း မေးမြန်းပြောဆိုကြပါသည်။ (မာကု ၁း၂၇)။

ဤသူကား ယခင်က အပြစ်၌ပျော်မွေ့ခဲ့သူပါတည်း။ အပျော်အပါး ကျူးသူတစ်ဦးဟု ဆိုရပါမည်။ မိမိကို လူအများက ကြောက်စရာလူသား ကြီးတစ်ဦးပါဟု အသိအမှတ်ပြုထားရှိရန် မရည်ရွယ်ခဲ့သူတစ်ဦးဖြစ်ပေ သည်။ ၎င်းမိသားစုများ၏ ပြစ်တင်ရှုတ်ချမှုကို ခံရမည့်သူဟုလည်းလား လားမျှမစဉ်းစားမိခဲ့ဖူးပါ။ သူ့အသက်တာသည် အပြစ်မဲ့သော ငမိုက်သား ဘဝမှာပင်ရှိစေပါတော့ဟု ထင်မှတ်မိ၏။

သို့ရာတွင် ချုပ်တည်းမှုမရှိခြင်းနှင့် ပေါ့ပေါ့ဆဆနေထိုင်ခြင်းအကျင့် စရိုက်တို့သည် မိမိ၏ မြင့်မြတ်သောကြွန်အင်လက္ခဏာများကို ပြောင်းလဲစေ၍ စာတန်သည် ၎င်းအား လုံးဝစိုးမိုးအုပ်ချုပ်လိုက်ပါတော့သည်။ သူသည်သတိ သံဝေဂရသဖြင့် မိမိဆုံးရှုံးသွားခဲ့သောယောကျ်ားဘသားဘဝကို ပြန်လည် ရရှိနိုင်ရန် ငွေကြေးအကုန်ခံ၍ အပျော်အပါးလိုက်စားမှုများကို စွန့်လွှတ်သော အချိန်မှာ သူသည် စာတန်၏လက်တွင်းသို့ အကူအညီမဲ့ဘဝနှင့်ရောက်ရှိ နေလေပါပြီ။

၎င်း၏ စွမ်းပကားအားလုံးကို စာတန်သိမ်းပိုက်လိုက်၏။ လူ သည် တစ်ကြိမ်မျှသာစာတန်နတ်ဆိုးကြီး၏ လက်ကိုင်တုတ်အသုံးခံဖြစ်လာ ပြီဆိုက ထိုမကောင်းဆိုးဝါးကြီးသည် အညှာအတာကင်းမဲ့စွာဖြင့် ရက်စက် ကြမ်းကြုတ်လာ၍ ၎င်း၏ ဒေါသအိုးကြီးဒဏ်ခတ်မှုကို ကြောက်ခမန်းလိလိ ခံစားရပါ၏။ အလားတူစွာပင် မကောင်းဆိုးဝါး ဒုစရိုက်အမှု၌ ယဉ်ကျေး သိမ်မွေ့စွာ ပါဝင်ပတ်သက်နေသည်ဖြစ်စေ၊ စရိုက်ကြမ်းကြီးနှင့်ဘီလူးစီးသလို ဘဝဇာတ်ခုံးပေါ်မှာ သရုပ်ဆောင်နေသည်ဖြစ်စေ၊ ဤသို့လိုက်လျောအညံ့ ခံသူအားလုံးသည် ထိုနည်းအတိုင်း ဒုက္ခဆင်းရဲခြင်းသို့ရောက်ရပါလိမ့်မည် ကိုမှတ်ပါမိတ်ဆွေ။

ထိုသို့နတ်ဆိုးဝိညာဉ်သည် မယုံကြည်သူ ဂျူးလူမျိုးတို့ကိုလည်း စီးနေ၏။ ဘယ်လိုပုံနှင့် နတ်ဆိုးစီးနေပါသလဲ။ ယေရှုခရစ်တော်အား မေရှိယအဖြစ် ငြင်းပယ်၍ မိမိတို့သည် ဘုရားတရားရိုသေကိုင်းရှိုင်း

သူများဖြစ်ကြသည်ဟုဆို၍ ဝိညာဉ်ရေးမာနတက်ကာနေကြ၏။ ထိုသို့သော အခြေအနေသည် နတ်ဆိုးစွဲနေသူ၏ အခြေအနေထက်ပို၍ မျှော်လင့်ချက်ကင်းမဲ့၏။ အကြောင်းမူကား ထိုသူတို့သည် ခရစ်တော်ယေရှုကို မလိုအပ်ဟုထင်မှတ်သဖြင့် စာတန်နတ်ဆိုးမင်း၏ တန်ခိုးအောက်မှာပြားပြားဝပ်လျက် ခိုင်မြဲစွာစွဲကိုင်နေသောကြောင့်ပေတည်း။

ခရစ်တော်သခင်၏တစ်ဦးချင်းဆီသို့ သာသနာပြုခြင်းအမှုသည် အမှောင်ကမ္ဘာမှာရှိသော နတ်ဆိုးအင်အားစုများအတွက် ခက်ခဲဆုံးအချိန်ဖြစ်ပါသည်။ ခေတ်အဆက်ဆက်စာတန်နတ်ဆိုးမင်းသည်လူတို့၏ခန္ဓာဝိညာဉ်နှစ်ပါးကိုထိန်းချုပ်ရန်နှင့် အပြစ်ဒုစရိုက်၌ဆင်းရဲခြင်း ဝေဒနာအမျိုးမျိုးကို ခံစားစေရန် ကြိုးစားဆောင်ရွက်နေသည်မဟုတ်လော။ ထိုသို့ခံစေပြီးမှ ဤကား ထာဝရဘုရားသခင်၏ အလုပ်ပေတည်းဟု စွပ်စွဲနေ၏။ မသိသူတို့သည် ဘုရားသခင်ကို အပြစ်တင်ကြသည်။ သို့ဖြစ်၍ ထာဝရဘုရားသခင်၏ဂုဏ်တော်အပေါင်းကိုဖေါ်ပြရန် ယေရှုသခင်သည် ပေါ်ထွန်းခဲ့ရသည်မဟုတ်လော။ ထိုသခင်သည် စာတန်နတ်ဆိုးမင်း၏ တန်ခိုးအာဏာကို ချိုးဖျက်ကာ ၄င်း၏ အကျဉ်းသားတို့အား လွတ်မြောက်စေခဲ့၏။

ကောင်းကင်ဘုံမှ ဆင်းသက်သော ချစ်မေတ္တာနှင့် တန်ခိုးတော်တို့သည် လူသားတို့၏စိတ်နှလုံးထဲမှာ လှုပ်ရှားလျက်နေလေပြီကော။ ဒုစရိုက်၏အရှင်သခင် ရှင်ဘုရင်တည်းဟူသော စာတန်သည်လည်း ဤအမှုတော်မြတ်ကြောင့် စိတ်ထကြွလာကာ တိုက်ခိုက်လေတော့သည်။ ခရစ်တော်သခင်၏ သာသနာလှုပ်ရှားမှုတိုင်းမှာ စာတန်သည် အမြဲတစေတိုက်ခိုက်မည်သာတည်း။

## စာတန်သည်ယောင်ဆောင်ကာအလုပ်လုပ်ခြင်း

အမှန်နှင့်အမှား၊ ဖြောင့်မတ်ခြင်းနှင့် အပြစ်ဒုစရိုက်တို့စပ်ကြား နောက်ဆုံး အပြီးအပိုင်တိုက်လှန်ပွဲကြီးမှာလည်း ဤနည်းနှင်နှင်ဖြစ်ပါ

လိမ့်မည်။ ခရစ်တော်သခင်၏ တပည့်တော်တို့၌ ဘဝသစ်နှင့်စွမ်းအင်တန်ခိုးသည် အထက်အရပ်မှ ဆင်းသက်ကျရောက်နေစဉ်မှာ အသစ်သောအသက်တာတစ်ခုသည် မြေကြီးပေါ်မှပေါ်ထွန်းလာ၍ စာတန်၏ ကိုယ်စားလှယ်များအား လှုံ့ဆော်လျက်ရှိပါသည်။

တိုက်လှန်ပွဲ၏ ရာစုနှစ်များတစ်လျှောက် ရရှိခဲ့သည့်အတွေ့အကြုံနှင့်ထိုးထွင်းသိမြင်မှုများကိုအသုံးပြု၍ စာတန်သည် ရုပ်ဖျက်ဟန်ဆောင်လျက် မိမိအလုပ်ကို မိမိလုပ်နေပါသည်။ ၎င်းသည် လင်းသောကောင်းကင်တမန်ဖြစ်ယောင်ဆောင်လျက် ပရိယာယ်အပေါင်းကိုသုံးသဖြင့် "လူများစွာတို့သည် ယုံကြည်ခြင်းကို စွန့်ပယ်၍ လှည့်ဖြားတတ်သော စိတ်ဝိညာဉ်တို့နှင့်လည်းကောင်း၊ နတ်ဘုရားတို့နှင့်စပ်ဆိုင်သော ဩဝါဒတို့၌လည်းကောင်း မှီဝဲဆည်းကပ်ကြလိမ့်မည်" (၁တိ ၄း၁) ဖြစ်ပါသည်။

အစ္စရေးလူမျိုးတို့၏ ခေါင်းဆောင်အကြီးအကဲဆရာတော်တို့သည် စာတန်နတ်ဆိုးမင်းတို့၏ တိုက်ခိုက်မှုများကို တွန်းလှန်ရန် မစွမ်းဆောင်နိုင်ကြပါ။

၎င်းတို့အား ရင်ဆိုင်တွန်းလှန်ဖြိုဖျက်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းအင်အားစုကြီးကိုလည်း သူတို့တတွေ လျစ်လျူရှုခဲ့ကြပေသည်။ ထိုနည်းမှာ နတ်ဆိုးကို ခရစ်တော်ယေရှု အောင်မြင်ခဲ့သော ထာဝရဘုရားသခင်၏ နှုတ်ထွက်စကားတော်ကို အသုံးပြုသည့်နည်းပင်ဖြစ်ပါသည်။

ယုဒလူမျိုးအကြီးအကဲတို့သည် ဘုရားသခင်၏ နှုတ်ထွက်စကားတော်ကို ရှင်းလင်းတင်ပြသူများဟု မိမိတို့ကိုယ်ကို ပြောပြနေကြပါသော်လည်း တကယ်တန်းမှာမူ မိမိတို့စီရင်သည့် လူ့ပညတ်ဥပဒေသများကိုသာ လိုက်နာစောင့်ထိန်းရန် လူတို့အား အတင်းအကျပ်တိုက်တွန်းကြပါသည်။ ထိုသို့ဆိုသော် လူတို့အား ဘုရားသခင် သိစေလိုသည်အတိုင်း ကျမ်းစာအနက်ကို ပြန်ဆိုကြသည်မဟုတ်ပါချေ။ ထိုသူတို့သည် နည်းနာ

နိဿယအားဖြင့် ကျမ်းဆိုချက်သဘောကို လေ့လာကြသော်လည်း တကယ်လက်တွေ့မှာတော့ မရှိမဖြစ်အမှန်တရားကို ငြင်းပယ်ကြသူများဖြစ်ကြပါသည်။

ဤသို့လျှင် ဘုရားသခင်၏ နှုတ်တော်ထွက်တန်ခိုးကိုလုယူကြ၍ မကောင်းဆိုးဝါး နတ်ဘုရားတို့သည်သာ မိမိတို့အလိုရှိသည်အတိုင်းအကောင်အထည်ဖော် ချယ်လှယ်နေကြပါတော့သည်။

သမိုင်းသည် ထပ်ခါတလဲလဲပြန်ပြောနေပါသည်။ တစ်ကျော့ပြန်လာတတ်ပါ၏။ ကျမ်းစာကို မိမိရှေ့မှာဖွင့်လှစ်ထားကာ ကျမ်းစာ၏သွန်သင်ချက်များကို ရိုသေကိုင်းရှိုင်းကြောင်း ဝန်ခံလျက်ရှိပါသည်ဟုဆိုကာ များစွာသောယခုခေတ်ဘာသာရေးခေါင်းဆောင်တို့သည် ဘုရားသခင်၏ နှုတ်တော်ထွက်စကားယုံကြည်မှုများကို ဖျက်ဆီးနေကြပါ၏။

သူတို့သည် သမ္မာကျမ်းစာကို ပိုင်းခြားစိတ်ဖြာခြင်းဖြင့် အလုပ်များနေကြသလို ကျမ်းစာ၏ ရိုးရိုးရှင်းရှင်းတင်ပြချက်များအပေါ်မှာ ၎င်းတို့၏ ကိုယ်ပိုင်ထင်မြင်ချက်များကို ထပ်ဆင့်ဖော်ပြကြပါသည်။ ထိုကြောင့် ဘုရားသခင်၏ နှုတ်ထွက်စကား၌ အသစ်ပြုပြင်ခြင်းတန်ခိုးသည် ပျောက်ဆုံးသွား၍မတရားမှုများသည် အလျှံပယ်တိုးပွားလာသည်မဟုတ်ပါလော။

လူသည် သမ္မာကျမ်းစာ၏ ရှင်းလင်းသောသွန်သင်ချက်များနှင့်အပြစ်ကို ဖော်ပြထင်ရှားစေသည့် သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးအင်အားကို ကျော်ခိုင်းစွန့်ခွာသည်ဖြစ်အံ့။ ထိုသူသည် နတ်ဆိုးတို့၏ စိုးမိုးမှုကို ဖိတ်ခေါ်နေခြင်းသာဖြစ်ပါသည်။ ကျမ်းစာနှင့်ပတ်သက်၍ ဝေဖန်မှုများနှင့် လူ့အတွေးအခေါ်ကို အခြေခံသော ဆင်ချင်သုံးသပ်မှုများသည် သခင်ယေရှုခရစ်၏ အသင်းတော်အတွင်းမှာပင် ခြေကုပ်ယူနေပြီဖြစ်၏။ ထိုမှလွန်သော် နတ်မိစ္ဆာအယူဝါဒသည် ထိုအသင်းတော်

မှာလမ်းယူရုံမျှမက ပွင့်လန်းလာမည်ဖြစ်ပါသည်။ ဇဝံဂေလိသတင်းကောင်း ဟောပြော ကြွေးကြော်ခြင်းနှင့် ဘေးချင်းယှဉ်လျက် လိမ်ညာသောဝိညာဉ် များ၏ နတ်ဝင်သည်များတို့သည် အလုပ်များနေကြပေသည်။

များစွာသောလူတို့သည်ထိုဝိညာဉ်ကိုယ်စားလှယ်များနှင့် ဆော့ကစား ရုံသက်သက်လေးနှင့် သဘာဝလွန်အင်အားတန်ခိုးကို မြင်တွေ့ရသည်တွင် မိမိထက်တန်ခိုးခွန်အားကြီးမားသော စိတ်အလိုတစ်ခု၏ အုပ်စိုးမှုကိုခံရ သည်တိုင်အောင် ဆက်တိုက်သွေးဆောင်လှည့်ဖြားမှုကို ခံကြရပေသည်။

ထိုသူတို့၌ရှိသော အသက်ဝိညာဉ်များ၏ အကာအကွယ်တို့သည် ပျက်သုဉ်းကုန်ကြပါလေပြီ။ လျှို့ဝှက်သောအပြစ်များနှင့် ကာမဂုဏ်လိုက် စားမှုများကြောင့် ကပေရနောင်မြို့မှ နတ်ဆိုးစွဲခံနေရသူသည် အကူအညီ ကင်းမဲ့သော စာတန်၏ အကျဉ်းသားဘဝသို့ ဆိုက်ရောက်ခဲ့ရသည်မဟုတ် လော။ သို့ပါသော်လည်း သူ၏အခြေအနေမှာ မျှော်လင့်ချက် ကင်းမဲ့သော အခြေအနေမဟုတ်သေးပါချေ။

ထိုသူသည် ဘုရားသခင် နှုတ်တော်ထွက်စကားတို့၏ တန်ခိုးအား ဖြင့်သာလျှင် အောင်မြင်နိုင်ခဲ့သည်မဟုတ်လော။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်ကိုသိ၍ ကျင့်သုံးလိုစိတ်ရှိပါသော် ကိုယ်တော် ရှင်၏ ကတိတော်တို့သည် ကျွန်ုပ်တို့အတွက် ဖြစ်ပါ၏။ “အမှန်တရား ကိုသိသဖြင့် ထိုအမှန်တရားသည် သင်တို့ကိုလွှတ်လိမ့်မည်။” ထိုသူ၏ အလိုတော်သို့ လိုက်ချင်သောသူမည်သည်ကား ထိုဒေသနာတော်ကိုပိုင်းခြား ၍သိလိမ့်မည်။” (ယောဟန် ၈း၃၂။ ၇း၁၇) ဟူသော ကတိများဖြစ်ပါ သည်။ မှန်ပါသည်။

ဤကတိတော်များကို ယုံကြည်စွဲလမ်းခြင်းအားဖြင့် လူသားတိုင်း သည်မှားယွင်းခြင်း၏ ကျော့ကွင်းများနှင့်အပြစ်တရား၏ အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကြမည်ဖြစ်ပါသည်။

# ပျောက်ဆုံးနေသူတိုင်းအတွက်မျှော်လင့်ချက်

မည်သူတစ်ဦးတစ်ယောက်မျှ ခရစ်တော် ယေရှုသခင်ထံမှာကယ်တင်ခြင်းအခွင့်ထူးကိုမရရှိ မတွေ့မြင်နိုင်လောက်အောင် အခြေအနေမနိမ့်ကျသေးပါ။ မဆိုးယုတ်ကြသေးပါ။

နတ်ဆိုးစွဲနေသောသူသည် စာတန်နတ်ဆိုးမင်းက ပြောစေလိုသောစကားကိုသာ ပြောနိုင်စေသော်လည်း ထိုနတ်ဆိုးစွဲခံနေရသူ၏အတွင်းစိတ်မှ တောင်းလျှောက်သံကိုမူ စာတန်မကြား၊ ဘုရားသခင်သည် ကြားတော်မူ၏။ နှုတ်တော်ထွက်စကားလုံးများအားဖြင့် မပြောနိုင်စေကာမူ ဒုက္ခဆင်းရဲရောက်နေသူများ၏ မည်သည့်နှလုံးသားတွင်းမှ တောင့်တအော်ဟစ်သံကိုမျှ ဘုရားသခင်သည် ဂရုမပြုဘဲနေတော်မမူပါ။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်နှင့် ပဋိညာဉ်ပြုဆက်ဆံရေးမှာ သဘောတူပါဝင်လိုသူအပေါင်းကို ကယ်တင်ပိုင်ရှင်က ဤသို့ ဖိတ်ခေါ်လျက်နေပါသည်။

"ငါ၏ အစွမ်းသတ္တိကို ကိုးစား၍ ငါနှင့်မိတ်သဟာယဖွဲ့ကြစေ။" (ဟေရှာယ ၂၇း၅)။

ထာဝရဘုရားသခင်၏ ကောင်းကင်တမန်များသည်လည်း အားကြီးသောတန်ခိုးဖြင့် ထိုအသက်ဝိညာဉ် အောင်မြင်နိုင်ရေးအတွက် ဆိုင်ပြိုင်တိုက်ခိုက်ပေးပါလိမ့်မည်။ "လုယူသောဥစ္စာကို အားကြီးသောသူ၏ လက်မှ ယူရမည်လော။ ထာဝရဘုရားသခင် မိန့်တော်မူသည်ကား အကယ်စင်စစ်အားကြီးသောသူ၊ သိမ်းသွားသောလူတို့ကို ယူရမည်။ ကြောက်မက်ဖွယ်သောသူလုယူရာ ဥစ္စာကို နုတ်ရလိမ့်မည်။ အကြောင်းမူကား သင်နှင့်ရန်တွေ့သောသူကို ငါသည်ရန်တွေ့၍ သင်၏သားတို့ကိုကယ်တင်မည်" (ဟေရှာယ ၄၉း၂၄၊၂၅) ဟူသော ဘုရားသခင်ပေးကတိတော် ရှိနေလေပြီမဟုတ်လော။

တရားဇရပ်မှာရှိကြသော လူထုပရိသတ်ကြီးတို့သည် မှင်သေတိတ်ဆိတ်နေဆဲရှိကြစဉ်တွင် ယေရှုသည် အနည်းငယ်အနားယူရန် ပေတရု၏ အိမ်သို့ ကြွသွားခဲ့ပါသည်။ သို့သော် ထိုနေရာမှာလည်း စာတန်၏ အရိပ်မည်းကြီးသည် ကျနေပါ၏။ ပေတရု၏ ယောက္ခမကြီးသည် ပြင်းထန်စွာဖျားနာလျက် အိပ်ရာပေါ်မှာလဲလျောင်း၍ နေပါသည်။ ယေရှုသည် ထိုဖျားနာခြင်းကိုဆုံးမတော်မူလျှင် သူမသည် အဖျားပျောက်သဖြင့် ချက်ချင်းထ၍ သခင်နှင့်တပည့်တော်တို့အား ဧည့်သည်ဝတ်ကိုပြုလေ၏။

ဤသတင်းစကားသည် ကပေရနောင်မြို့တစ်မြို့လုံးသို့ လျှင်မြန်စွာပျံ့နှံ့သွားပါပြီ။ မြို့နေလူထုကြီးသည်လည်း ကျမ်းတတ်ဆရာတော်များကို ကြောက်ရသဖြင့် ဥပုသ်နေ့မှာအနာရောဂါ ပျောက်ကင်းစေဖို့ ယေရှုထံသို့မလာဝံ့ကြချေ။

သို့ရာတွင် စနေနေ့ (သတ္တမနေ့) နေဝင်ပြီးသည်နှင့် မနေ့းအမြန်မြို့နေလူထုကြီးသည် ယေရှုသခင် တည်းခိုသည့်နုံချာလှသော အိမ်ငယ်ကလေးဆီသို့ ဖိပြုံလာကြပါသည်

လူမမာမျိုးစုံတို့သည် ကယ်တင်ပိုင်ရှင် ယေရှုခရစ်တော်၏ ရှေ့တော်မှောက်သိုပ နုန့်နဲ့စွာဖြင့်တစ်မျိုး၊ တွဲခေါ်လာ၍တစ်ဖုံ၊ ထမ်းစင်များအားဖြင့်လည်း တစ်နည်းရောက်ရှိလာကြပါသည်။ ယေရှုထံ လာရောက်သူတိုင်း ရောဂါပျောက်၍ ပြန်သွားကြ၏။ နာရီနှင့်အမျှရောဂါကို ငြိမ်းအေးစေရသည်မို့ လက်မလည်အောင်ရှိရပါသည်။ အကြောင်းမူကား၊ လက်ရှိအချိန်သည် အရေးကြီးဆုံးရယူနိုင်သည့် အခွင့်အရေးဟူ၍ မှတ်ယူကြသောကြောင့်ပေတည်း။ မနက်ဖြန်မှာထိုသမားတော်ကြီးကိုတွေ့မြင်ခွင့်ရှိချင်မှရှိမည်မဟုတ်ပါလား။ ထိုနေ့ရက်လိုအခြေအနေမျိုးကိုကပေရနောင်မြို့မှာတစ်ခါမျှ မကြုံစဖူးအကြုံထူးရပါ၏။အောင်မြင်မှုအတွက်ကြွေးကြော်သံများနှင့်လွတ်မြောက်မှုကြီးအတွက်အော်ဟစ်သံတို့သည် ဝေဟင်မှာ ဆူညံကာ

နေတော့၏။ ဒုက္ခဆင်းရဲဝေဒနာခံစားခဲ့ရသူတို့သည် ယခုတော့ကျန်းမာပကတိရှိလျက် ဝမ်းမြောက်ရွှင်လန်းနေကြောင်းကို တွေ့မြင်ရသောတန်ခိုးရှင်ယေရှုသခင်သည် မည်မျှဝမ်းမြောက်လှမည်ကိုစိတ်အာရုံဖြင့် ခံစားသိမြင်နိုင်မည်မဟုတ်ပါလား။

ညဥ့်နက်လှပါပြီ။ လူထုကြီးလည်း အိမ်ပြန်ကုန်ကြပြီ။ ရှိမုန်ပေတရု၏အိမ်အိုကြီးကား တိတ်ဆိတ်ကာ ကျန်ရစ်နေတော့၏။ တစ်နေ့လုံးပင်ပန်းခဲ့ရသည်မို့ ယခုတော့ ယေရှုသည် အနားယူရန်ဖြစ်ပါ၏။ သို့ပါသော်လည်း တစ်မြို့လုံးအိပ်မောကျနေစဉ်မှာ "နံနက်အချိန်မိုးမလင်းမီ ကယ်တင်ပိုင်ရှင် ယေရှုသခင်သည် ထပြီးလျှင် တောအရပ်သို့တက်ကြွ၍ ဆုတောင်းတော်မူ၏" (မာကု ၁း၃၅)။

ယေရှုသည် တပည့်တော်တို့အား မိမိတို့၏ အိမ်သို့ပြန်ကာလည်း ပတ်အနားယူရန် မကြာခဏသွားခွင့်ပြုသော်လည်း မိမိတို့လုပ်ဆောင်ရမည့် သာသနာပြုခြင်းအလုပ်ကိုတော့ ပစ်ထားခဲ့ရန် အလိုတော်မရှိပါ။ သိမ်မွေ့စွာဖြင့်ဆီးတားတော်မူခဲ့ပါ၏။ ကိုယ်တော်သည်တစ်နေ့လုံးပင်ပန်းစွာအမှုတော်ကို ဆောင်ရွက်ခဲ့၏။ ပြီးလျှင် ခမည်းတော်ဘုရားသခင်နှင့်ဆက်သွယ်စကားပြောရန်အလို့ငှာ ညဦးအချိန် (သို့မဟုတ်) နံနက်စောစောအချိန်မှာတောင်ပေါ်သို့ ထွက်ခွာသွားလေ့ရှိပါသည်။ ကိုယ်တော်သည်ဆုတောင်းခြင်းနှင့် တရားတော်မြတ်ကို ဆင်ခြင်အောက်မေ့ကာ ဘုရားသခင်ကိုအာရုံပြုခြင်းဖြင့် မကြာခဏတစ်ညလုံးအချိန်ကုန်လေ့ရှိပြီး နံနက်မိုးသောက်ရောက်သောအခါမှာ လူပရိသတ်တို့အလယ်တွင် အမှုတော်ဆောင်ရွက်ရန်ပြန်လည်ရောက်ရှိလာပါသည်။

ပေတရုနှင့်အပေါင်းအဖေါ်တို့သည် နံနက်စောစောမှာ ယေရှုထံသို့လာကြ၍ လူအပေါင်းတို့သည် ကိုယ်တော်ရှင်ကို ရှာဖွေနေကြပြီဖြစ်ကြောင်းကို ပြောပြပါသည်။ ယေရုရှလင်မြို့တော်မှ အာဏာပိုင်

များကလည်း ကိုယ်တော်ရှင်ကိုလုပ်ကြံရန် နည်းလမ်းရှာဖွေနေကြပါသည်။ နာဇရက်မြို့ကနေ ကိုယ်တော်ရှင်၏ တစ်ရပ်တည်းနေတစ်ရေတည်းသောက်အပေါင်းအသင်းများသော်မှမိမိ၏အသက်ကို ရန်ရှာလျက်ရှိပါ၏။

သို့သော်လည်း ကပေရနောင်မြို့မှာ ကိုယ်တော်ရှင်သည် လှိုက်လှိုက်လှဲလှဲကြိုဆိုခြင်းကိုခံရလေသည်။ သို့ဖြစ်၍ တပည့်တော်များ၏မျှော်လင့်ချက်သည် အသစ်တစ်ဖန်ရောင်နီပေါ်ထွန်းလာခဲ့ပြန်ပါသည်။ လွတ်မြောက်ခြင်းအခွင့်ကို တောင့်တမြတ်နိုးကြသည့် ဂါလိလဲပြည်သားတို့တွင် နိုင်ငံတော်သစ်ကိုထောက်ခံမည့်သူများတွေ့ရှိနိုင်ကောင်းပါ၏။

သို့ရာတွင် “ဘုရားသခင်၏ နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို အခြားသောမြို့ရွာတို့၌ ငါဟောပြောရမည်။ ထိုသို့အလို့ငှာ ငါ့ကိုစေလွှတ်လျက်ရှိသည်” ဟူသော သခင်ယေရှု၏ စကားသံကို သူတို့ကြားရသောအခါ အံ့အားသင့်ကြရပေသည်။ (မာကု ၁း၃၈)။

ယေရှုသည် နိမိတ်လက္ခဏာပြသူ (သို့မဟုတ်) ကိုယ်ခန္ဓာရောဂါများကို ကုသပျောက်ကင်းစေသူဟူ၍ တစ်ပါးသူတို့စိတ်ဝင်စားမှုရှိအောင်ဆွဲဆောင်ရန် မလိုလားပါ။ ယေရှုသခင်သည် လောကနိုင်ငံတစ်ခုကို တည်ထောင်ရန်ရှင်ဘုရင်တစ်ပါးအနေဖြင့် ကြွလာပြီဟု ယုံကြည်ကြပါရန် လူထုကြီးကစိတ်အားထက်သန်နေကြစဉ်မှာပင် ကိုယ်တော်ရှင်သည် သူတို့၏စိတ်နေသဘောထားကို လောကရေးရာမှသည် ဝိညာဉ်ရေးဆိုင်ရာများဆီသို့ ပြောင်းလဲပေးလိုက်ရန် အလိုတော်ရှိခဲ့ပါသည်။

ဤသို့အလိုတော်ရှိသောကြောင့် သတိလက်လွှတ်ဖြစ်၍ နေသောလူထုကြီး၏ အံ့ဩမှုသည်ကိုယ်တော်ရှင်၏ စိတ်ဝိညာဉ်ကို အခံရခက်စေပါ၏။ ရာထူးရာခံ (သို့မဟုတ်) ချမ်းသာကြွယ်ဝခြင်း (သို့မဟုတ်) အသိဉာဏ်စွမ်းပကားကြီးခြင်းများအပေါ် လောကသားတို့က ဂုဏ်ယူတတ်ကြပါသော်လည်း ထိုဂါရဝ ပြုခြင်းမျိုးသည် ကိုယ်တော်ရှင်နှင့်

လားလားမျှအဆက်အစပ်မရှိပါချေ။ သူတစ်ပါးကြောက်ချစ်ရိုသေရန် ပရိယာယ်သုံးခြင်းမျိုးကိုလည်း ယေရှုသခင်သည် ရှောင်ရှားပါ၏။ သို့ဖြစ်၍ ကိုယ်တော်နှင့်ပတ်သက်၍ ပုရောဖက်စကားရှိလေသည်မှာ "အော်ဟစ်ခြင်း၊ ကြွေးကြော်ခြင်းကို မပြုမူ၍ လမ်းခရီး၌ သူ၏အသံကို အဘယ်သမျှမကြားစေရ။ တရားသည် မြဲမြံခြင်းသို့ရောက်မည်အကြောင်း စီရင်လိမ့်မည်။ သူ၏တရားကိုလည်း တစ်ကျွန်းတစ်နိုင်ငံသားတို့သည် မျှော်လင့်ကြလိမ့်မည်" (ဟေရှာယ ၄၂း၂-၄)။

ယေရှုသခင်၏ အသက်တာမှာ မည်သည့်ဆူဆူညံညံငြင်းခုံသံများကိုမျှ မကြားရပါ။ သူတစ်ပါးမြင်သာအောင် ဟန်ပြဝတ်ပြုကိုးကွယ်ခြင်းလည်းမရှိပါ။ ကျေးဇူးတင်ချီးမွမ်းခံလို၍ ပြုသောအပြုအမူနိမိတ်လက္ခဏာများဟူ၍လည်း စိုးစဉ်းမျှမတွေ့ခဲ့ရပါချေ။ ခရစ်တော်ယေရှုသခင်သည် ထာဝရဘုရားသခင်၌ ကွယ်ဝှက်ထားခြင်းကိုခံရ၍ ထာဝရဘုရားသခင်၏ ကျေးဇူးတော်အပေါင်းသည် ယေရှုသခင်၌ ထင်ရှားလျက်ရှိပါသည်။

တရားတော်နေမင်းကြီးသည် မိမိဘုန်းတော်အားဖြင့်ထွန်းတောက်စေရန်အလို့ငှာ ဤကမ္ဘာလောကကြီးအပေါ်သို့ ခမ်းနားကြီးကျယ်စွာမထွန်းတောက်ခဲ့ရပါချေ။ တိတ်ဆိတ်ငြိမ်သက်သိမ်မွေ့စွာဖြင့်သာ အမှောင်ကိုခွင်း၍ အလင်းဆောင်ကာ ဤကမ္ဘာလောကကြီးကို ပြန်လည်လန်းဆန်းအသက်ဝင်စေခြင်းအမှုကိုသာ ပြုခဲ့ပါသည်။ ထိုနည်းအတူ "တရားတော်နေမင်းကြီးသည် အနာပျောက်စေသော အတောင်တို့နှင့်ပေါ်ထွန်းတော်မူခဲ့ပေသည်" မာလခိ ၄း၂ မဟုတ်ပါလား. . ။

-၀-

# အခန်း (၂၇)
# ယေရှုသခင်သန့်ရှင်းစေသောပထမဦးဆုံးလူနူ

(မဿဲ ၈း၂-၄။ ၉း၁-၈။ မာကု ၁း၄၀-၄၅။ ၂း၁-၁၂။
လုကာ ၅း၁၂-၂၈ ကိုအခြေပြုသည်။)

အရှေ့တိုင်းတစ်ခွင်မှာ လူသိများသည့်ရောဂါအပေါင်းတို့တွင် အနာကြီးရောဂါသည် ကြောက်စရာအကောင်းဆုံးဖြစ်ပါသည်။ ထိုစဉ်က ထိုရောဂါမျိုးသည် ကုသ၍မရနိုင်သည့်အပြင် ကူးစက်ခံရသူအပေါ်သက်ရောက်သည့် ကြောက်မက်ဖွယ်ရာဆိုးပြစ်များသည် သတ္တိအရှိဆုံးလူကိုပင်ကြောက်လန့်စေခဲ့ပါ၏။

ယုဒလူမျိုးတို့သည် ထိုအနာကြီးရောဂါကို အပြစ်ကြောင့်ခံရသောဒဏ်ခတ်မှုတစ်ခုဟု မှတ်ယူစွဲလမ်းကြပါသည်။ သို့ဖြစ်၍ "ဘုရားသခင်၏လက်ညှိုးတော်" ဟု သမုတ်ကြပါသလို အပြစ်၏ အထိမ်းအမှတ်တစ်ခုဟူ၍လည်း ရှုမြင်ကြပါ၏။

ထိုရောဂါရှိနေသူသည် အသက်ရှင်လျက်နှင့် သေသလိုဖြစ်၏။ လူ့အသိုက်အဝန်းမှာမနေရ။ လူမနေသော သီးသန့်နေရာမှာ သူတစ်ဦးတည်းနေရ၏။ သူတို့ထိလေသမျှသောအရာတို့သည်မစင်ကြယ်။ သူ့ရှုထုတ်သောလေပင်ညစ်ညမ်းရ၏။ ထိုရောဂါ စွဲကပ်နေပြီဟု မယုံသင်္ကာအဖြစ်ခံရသူသည်ယဇ်ပုရောဟိတ်ထံသွား၍ မိမိကိုယ်ကိုပြရ၏။ ယဇ်ပုရောဟိတ်ကထိုသူကိုအဆုံးအဖြတ်ပေးပါသည်။

သူသည်အနာကြီးရောဂါသည်ဖြစ်ကြောင်းကြေညာလိုက်သည်နှင့်အစ္စရေးလူတို့တွင်နေစရာမရှိလေတော့၊မိသားစုနှင့်ခွဲခွာကာသီးခြားနေထိုင်ရလေသည်။အနာကြီးရောဂါသည်အချင်းချင်းနှင့်သာသွားလာနေထိုင်ပေါင်းသင်းရ၏။ ဤပညတ်တရားဥပဒေသကား အလျှော့အတင်းမရှိ၊ ပြင်းထန်

လှပါ၏။ ရှင်ဘုရင်နှင့်ယုဒလူ အကြီးအကဲများသော်လည်း ဤဥပဒေမှ ကင်းလွတ်ခွင့်ကို မရရှိပါချေ။

ထိုနူနာစွဲခံရသောသူသည် မိမိ၏ မိတ်ဆွေရင်းများနှင့် ဆွေမျိုးသား ချင်းတို့မှဝေးကွာ၍ အထီးကျန်ဘဝနှင့် မိမိရောဂါ၏ ဖိစီးနှိပ်စက်မှုဒဏ် ကို သေသည်တိုင်အောင် အနာမပျောက်မချင်းခံစားရလေသည်။ သူသည် မိမိ၏ ဒုက္ခကို တစ်ပါးသူတို့သိစေဖို့ ကိုယ်ဝတ်သောဝတ်ရုံကို ဆုတ်ဖြဲလျက် မိမိနေထိုင်သောနေရာသို့မလာရောက် မချဉ်းကပ်ရန် အချက်ပေးသံကိုလည်း ပြုရပါသေးသည်။ အပယ်ခံဘဝနှင့် စွန့်ပစ်ခံရသူ၏ ဝမ်းနည်းငိုကြွေးသော အသံဖြင့် “ငါမသန့်ရှင်းဘူး၊ ငါမသန့်ရှင်းဘူး” ဟူသော ငိုကြွေးအော်ဟစ် သတိပေးသံသည် ကြောက်ရွံ့ဖွယ်သောအမှတ်လက္ခဏာတစ်ရပ်ပင် ဖြစ်သည် မဟုတ်ပါလား။

ခရစ်တော်သခင်၏ အမှုတော်လုပ်ငန်း သတင်းတိုထွာတို့သည် ထိုရောဂါလက္ခဏာနှင့်ပြည့်စုံသော အနာကြီးရောဂါသည်တို့ စုဝေးရာနယ် မြေဇုန်သို့ ရောက်ရှိသွားပါပြီ။ သူတို့တတွေ မျှော်လင့်ချက်ရောင်ခြည်သန်း လာပါ၏။

သို့သော်လည်း ပုရောဖက် ဧလိရှဲလက်ထက်မှစ၍ ထိုသို့သော ရောဂါသည် တစ်ဦးတစ်ယောက်ကိုမျှ သန့်ရှင်းစေခဲ့သည်ဟူသော သတင်း ကိုမကြားခဲ့ရဖူးပေ။ ယေရှုသည်လည်း ထိုသို့သော နူနာဝဲစွဲဘေးဖယ် ထားသူတစ်ဦးကိုမျှ ကုသပေးတော်မူခဲ့ခြင်း မရှိခဲ့သေးသည့်အတွက် သူ တို့သည် ကိုယ်တော်ရှင်အား မမျှော်မှန်းဝံ့ကြပါလေ။ မည်သို့ပင်ဖြစ်စေ ရောဂါသည်များထဲမှတစ်ဦးသည် စိတ်နှလုံးထဲမှာ ယုံကြည်စိတ် စတင် ဖြစ်ပေါ်လာ၏။ သူသည် အပေါင်းအဖော်များနှင့် အဆက်အသွယ် မပြုရန် တားမြစ်ပိတ်ပင်ခြင်းကိုခံရသဖြင့် မိမိ၏ ရောဂါကိုခရစ်တော် ယေရှုအား မည်ကဲ့သို့ ပြသနိုင်လိမ့် မည်နည်း။ ဘုရားသခင်အပြစ်

စီရင်တော်မူသောသူကို ယေရှုသခင်သည် သတိပြုဂရုစိုက်ပါမည်လား။ ထိုသခင်က မိမိအား ဖါရိရှဲများ၊ ဆေးဆရာဝန်များ ကျိန်ဆဲသကဲ့သို့ သူ့ကိုပြောဆိုကြေညာလိမ့်မည်လား စသည်ဖြင့် သူသည် ထွေရာလေးပါး စဉ်းစားမိပါသည်။

ယေရှုအကြောင်း တစ်ပါးသူတို့ပြောကြားကြသဖြင့် တစ်ဆင့်စကား တစ်ဆင့်နားထဲရောက်လေသမျှ သတင်းစကားများကိုလည်း ထိုသူသည် ကြားသိရပါ၏။

ကိုယ်တော်ရှင်ထံသို့လာရောက်၍ အကူအညီတောင်းခံသူမည်သူ ကိုမဆို ကိုယ်တော်သည် အကူအညီမပေးဘဲ ပြန်၍မလွှတ်ခဲ့ဖူးကြောင်းကို လည်း သူသိခွင့်ရပါသည်။ သို့ဖြစ်၍ ထိုဒုက္ခိတရောဂါရှင် နူနာသည်က ကယ်တင်ရှင်ယေရှုကို တွေ့ဆုံဖို့ရန် စိတ်ဆုံးဖြတ်လိုက်ပါသည်။ သူသည် မြို့ပြင်မှာ ထုတ်ထားခြင်းခံရသော်လည်း ထိုယေရှုသည် တောင်ပတ်လမ်း တစ်လျှောက်ခရီးသွားတော်မူစဉ်မှာ သခင့်ကို ဆုံတွေ့နိုင်မည်မဟုတ်ပါလား။ သို့တည်းမဟုတ် ကိုယ်တော်သည် မြို့ပြင်နေရာဒေသတွေမှာ သွန်သင် ဟောပြောနေစဉ် ဆုံတွေ့နိုင်ပါသည်မဟုတ်လော။ ဤနည်းလမ်းသည်သာ သူ၏တစ်ခုတည်းသောမျှော်လင့်ရာဖြစ်ပါသည်တကား။

ထိုနူနာရောဂါသည်သည် ကယ်တင်ရှင်ထံသို့သွားရန် လမ်းညွှန် မှုကိုခံရပါ၏။ ထိုစဉ်အခါ ယေရှုသခင်သည် ရေအိုင်ကြီးနံဘေးတစ်နေ ရာမှာ လူထုကြီးအား တရားဟောကာ သွန်သင်ပို့ချလက်ရှိနေပါသည်။

သူသည်အဝေးတစ်နေရာမှနေ၍ ယေရှုသခင်၏ဩဝါဒသွန်သင် ချက်စကားအနည်းငယ်ကိုကြားရပါ၏။ ကိုယ်တော်သည် လူမမာတို့အပေါ် လက်တော်ကိုတင်၍နေသည်ကိုလည်းကောင်း၊ ခြေဆွံ့သောသူများ၊ မျက် စိကန်းနေသူများ၊ ခြေသေ၊ လက်သေ ကိုယ်တစ်ခြမ်းသေရောဂါသည်များ နှင့်ရောဂါအမျိုးမျိုးကြောင့် သေလုမြောပါးဖြစ်နေကြသူများသည် မိမိတို့၏

ရောဂါဝေဒနာပျောက်ကင်းမှုအတွက် ထာဝရဘုရားသခင်ကို ချီးမွမ်းထောမနာပြုလျက် ကျန်းမာပကတိနှင့် မတ်တတ်ရပ်နေကြသည်ကိုလည်းကောင်း မြင်ရသဖြင့် သူ၏ စိတ်နှလုံးထဲတွင် ယုံကြည်ခြင်းခွန်အားသည် တိုးပွားလာ၏။ သို့နှင့်သူသည် သခင်ရှိရာသို့ ချဉ်းကပ်လာသည်။ သူတို့ တားကား တား၍မရ။သူ၏ ရွံ့ကြောက်စရာဘဝဖြစ်စဉ်ကို သူကိုယ်တိုင်က မေ့ပျောက်နေ၏။ သူစဉ်းစားသည့်အရာတစ်ခုတည်းမှာ သခင့်ထံရောက်လျှင် အနာရောဂါ ပျောက်ကင်းခြင်းရှိမည်ဟူသော မင်္ဂလာမျှော်လင့်ခြင်း၏အရသာကို ခံစားရမည်ဖြစ်ပါသည်။

သူ၏ရုပ်ဆင်းသဏ္ဍာန်မှာ အော့နှလုံးနာစရာ အဖြစ်မှာရှိသည်။ ဤရောဂါသည် ကြောက်မက်ဖွယ်ကောင်း၍ ပျက်စီးနေသော ခန္ဓာကိုယ်ကိုတွေ့မြင်ရသည်မှာ စိတ်ချောက်ချားစရာဖြစ်သည် မဟုတ်လော။ သူ့ကိုမြင်တွေ့သူတိုင်း နောက်ဆုတ်ကြ၏။ သူ၏ အထိကိုမခံရလေအောင် တိုးဝှေ့ကာနောက်ဆုတ်ကြလေသည်။ တချို့သည်လည်း သူ့အားခရစ်တော်ယေရှုထံ မရောက်ရှိရလေအောင် နည်းမျိုးစုံနှင့် တားဆီးကြ၏။

သို့သော်မရပါ။ သူသည် ဘုရားသခင်၏ သားတော်ကိုသာတွေ့မြင်တော့၏။ ယေရှုသခင်ထံတော်ပါးသို့ ကြိတ်မှိတ်ကာတိုး၍သွားသည်နောက် ကိုယ်တော်ရှင်၏ ခြေတော်ရင်းမှာ ပျပ်ဝပ်လျက် "သခင်၊ အလိုတော်ရှိလျှင် ကျွန်တော့်ကို သန့်ရှင်းစေနိုင်တော်မူမည်" ဟု လျှောက်လေ၏။ "ယေရှုကလည်း ငါအလိုရှိသည်။ သန့်ရှင်းခြင်းသို့ လေရာက်စေဟု မိန့်တော်မူလျက် လက်တော်ကိုဆန့်၍ ထိုသူကိုတို့တော်မူ၏။" (မဿဲ ၈း၃)။

ထိုခဏချင်းမှာပင် ထိုသူသည် နူနာပျောက်၍ သန့်ရှင်းခြင်းသို့ရောက်၏။ သူ၏အသားအရေသည် ကျန်းမာ လန်းဆန်းလာသည်။ ထုံကျင်မှုပပျောက်ကာ ထိတွေ့ခံစားမှုရှိလာ၏။ ကြွက်သားများလည်း

ပြန်လည်ကြွခိုင်လာပါသည်။ နူနာရောဂါသည်မှန်း ထင်ရှားစေသည့်ကြမ်းတမ်း၍ အော့နှလုံးနာဖွယ်ကောင်းသော အသားအရေတို့သည် ကွယ်ပျောက်ကုန်၍ ကလေးငယ်၏အသားအရေကဲ့သို့ နူးညံ့စိုပြည်ကာ လှပတင့်တယ်လာပါသည်။

ဤသန့်ရှင်းစေခြင်းအမှုကို ယေရှုသခင်သည် ထိုသူအား အလျင်စလိုလူသိရှင်ကြားမပြုရန်နှင့် တိတ်တဆိတ်နေရန် လိုအပ်ကြောင်းတင်းတင်းကျပ်ကျပ် အဆောတလျင်တားဖြစ်တော်မူ၏။

ကျမ်းဆိုချက်အရ "ယေရှုကလည်း သင်သတိပြု၊ ဤအကြောင်းကိုအဘယ်သူအားမျှမပြောနှင့်။ ယဇ်ပုရောဟိတ်ထံသို့သွား၍ ကိုယ်ကိုပြလော့။ သူတစ်ပါး၌ သက်သေဖြစ်စေခြင်းငှာ မောရှေစီရင်မှာထားသော ပူဇော်သကာကို ဆက်လော့ဟု မိန့်တော်မူ၏။" မဿဲ ၈း၄။ အကယ်၍သာ ယဇ်ပုရောဟိတ်တို့သည် ဤနူနာသည်အား ကုသခြင်းနှင့်ပတ်သက်၍အမှန်အတိုင်းဇစ်မြစ်ကိုသိခဲ့ပါသော် ခရစ်တော်အပေါ် ထားရှိသောသူတို့၏ အမုန်းတရားများကြောင့် သူ့အားမဖြောင့်မမှန် စီရင်ချက်ကို ချမှတ်စေခဲ့မည်ကို စိုးရိမ်သောကြောင့်ဖြစ်ပါသည်။ ထိုနိမိတ်လက္ခဏာနှင့်ပတ်သက်၍ ဟိုးလေးတကျော်မဖြစ်မီ ထိုသူသည် မိမိကိုယ်ကို ဗိမာန်တော်ထဲသို့သွားရောက်ကာ မိမိ ကိုယ်ခန္ဓာကိုပြသရန် သခင်အလိုတော်ရှိပါသည်။

ထိုသို့ပြုမှသာလျှင် နူနာရောဂါပျောက်ကင်းပြီဖြစ်သော ထိုသူသည် မိမိ၏ မသားစုများ၊ မိတ်ဆွေများနှင့် တစ်ဖန်ပြန်လည်၍ အတူတကွနေထိုင်ခွင့်ရရှိမည်မဟုတ်လော။

နောက်တစ်ချက်ရှိပါသေးသည်။ အကယ်၍ နူနာပျောက်ကင်းပြီဖြစ်သောသတင်းသည် ဟိုးလေးတကျော်ဖြစ်သွားချေက အခြားနူနာသည်များသည် ယေရှုထံသို့ ကြိတ်ကြိတ်တိုး စုရုံးလာကြသဖြင့် သူတို့၏တို့ထိမှုကို ခံရသောလူထုကြီးမှ ညစ်ညမ်းကုန်ပါပြီဗျို့ဟူသော အော်သံ

ကြီးမှာ မစဲတမ်းကြားရပေတော့မည်မဟုတ်ပါလား။ ဒါကို ကယ်တင်ရှင်ယေရှုသခင် သိပါသည်။ ထိုစုရုံးလာကြမည့် နူနာရောဂါသည်အများစုသည်လည်း ရရှိမည့်ကျန်းမာရေးဆုကျေးဇူးကို တန်ဖိုးထား၍ မိမိနှင့်အခြားသူများအတွက် ကောင်းချီးမင်္ဂလာဖြစ်စေရန် အသုံးပြုကြလိမ့်မည်မဟုတ်ချေ။

ထို့ပြင် ထိုနူနာသည်များကို မိမိအပါးတွင် စုရုံးစေခြင်းဖြင့်ယေရှုသည် ဝတ်ပြုကိုးကွယ်မှုဆိုင်ရာ ပညတ်တော်များ၏ တားဖြစ်ကန့်သတ်ချက်တို့ကို ဖေါက်ဖျက်သည်ဟု စွဲချက်တင်စရာအခွင့်ပေးသကဲ့သို့ ဖြစ်ပါလိမ့်မည်မဟုတ်လော။ ထိုသို့ဖြစ်လျှင် သခင်ယေရှု၏ ဧဝံဂေလိသတင်းကောင်းကြွေးကြော်ဟောကြားခြင်းအလုပ်သည် ဟန့်တားမှုကြီး မဖြစ်ရပေလော။

လူစုလူဝေးကြီးသည် ထိုနူနာသည်၏ ရောဂါ ပျောက်ကင်းခြင်းအဖြစ်ကိုမြင်တွေ့ခဲ့ရကား ထိုကိစ္စနှင့်ပတ်သက် ယဇ်ပုရောဟိတ်တို့၏ဆုံးဖြတ်ချက်မည်သို့ရှိမည်ကို သိလိုကြပါ၏။

ထိုသူသည် မိမိ၏ မိတ်ဆွေများထံသို့ပြန်လည်ရောက်ရှိလာသောအခါ ၄င်းတို့သည် အကြီးအကျယ်စိတ်လှုပ်ရှားကြ၏။ ထိုသူသည် ခရစ်တော်ယေရှုက တားမြစ်သည့်ကြားမှ မိမိ၏ ရောဂါပျောက်ကင်းခဲ့ပုံကို ဖုံးကွယ်ထားရန် မကြိုးစားဘဲ လူသိရှင်ကြားပြောကြားခဲ့ပေသည်။ ခရစ်တော်ယေရှုသည် မိမိအား တားမြစ်သည့်အရာမှာ ခရစ်တော်အနေဖြင့်ဣန္ဒြေစောင့်သောသဘောသာဖြစ်လိမ့်မည်ဟု ထင်မှတ်သဖြင့် ခရစ်တော်၏ တန်ခိုးတော်ကို သွားရောက် ကြေညာခြင်းဖြစ်ပါသည်။ ကိုယ်တော်ရှင်၏ တန်ခိုးတော်ကို ထင်ရှားစေသည့် လုပ်ဆောင်မှုတိုင်းသည် ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲတို့အား မနာလိုဝန်တိုစိတ်သာတိုးပွားစေကာသခင်ယေရှုအားလုပ်ကြံသတ်ဖြတ်ရန် ပိုမို၍ဆုံးဖြတ်ချက်ခိုင်မာလာစေကြောင်းကိုထိုသူသည်နားမလည်ခဲ့ပါချေ။ နူနာရောဂါမှပကတိပြန်လည်

သန့်ရှင်းကျန်းမာလာသောထိုသူသည် ချစ်ရပါသောမိတ်ဆွေ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့နှင့် ပြန်လည်၍ သူ့ဘဝကို သစ်ဆန်းစေသည်ဖြစ်ရကား ကျေးဇူးရှင် သမားတော်ကြီး ယေရှုသခင်အား ချီးမွမ်းထောမနာပြုခြင်းကို သူသည် လုံးဝချုပ်တည်းခြင်းငှာ မတတ်နိုင်ပါပြီ။

သို့သော် ထိုဖြစ်ရပ်မှန်ကို ကျော်ကြားအောင် ကြေညာခဲ့သောသူ၏ လုပ်ရပ်ကြောင့် ကယ်တင်ရှင်၏အမှုတော်ကို အဟန့်အတားပြုမှုများဖြစ်စေခဲ့ပါသည်း သူ၏ ဟိုးလေးတကျော်ပြုမူမှုကြောင့် ယေရှု၏ သာသနာတော်လုပ်ငန်းသည် အခိုက်အတန့်အားဖြင့် အတင်းအဓမ္မရပ်ဆိုင်းသွားရပါ၏။ အကြောင်းသော်ကား လူအုပ်ကြီးသည် ခရစ်တော်အနီးမှာပင် ဘာမျှမပြုနိုင်အောင် စုရုံးစေခဲ့သည်ဖြစ်သောကြောင့်တည်း။

ခရစ်တော်သခင်၏ အမှုတော်နှင့်ဆိုင်သော ပြုမူဆောင်ရွက်ချက်တိုင်းမှာ ရည်ရွယ်ချက်ရှိသကဲ့သို့ များစွာ ခရီးရောက်ခဲ့ပါသည်။ ကိုယ်တော်သည် လူခပ်သိမ်းကို ကောင်းချီးပေးလိုပါ၏။

အပယ်ခံလူသားတို့အား မိမိထံတော်ပါးသို့ဆွဲယူဆော်မူစဉ်မှာ တစ်ဖက်သတ်စိတ်ကြီးဝင်၍ မိမိသာမှန်သည် တစ်ပါးသူတို့ကား ကယ်တင်ခြင်းနှင့်မဆိုင်ဟူ၍ လူတို့စီရင်သောပညတ်ဥပဒေသရိုးရာဓလေ့များစွာတို့နှင့် မိမိကိုယ်ကိုတံတိုင်းကာရံထားသည့် ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာတော်တို့ကိုလည်း လက်ကမ်းရန် တောင့်တမျှော်လင့်တော်မူခဲ့ပါ၏။

ကျန်းမာပကတိဖြစ်သွားပြီးသော ထိုနူနာသည်အား ယဇ်ပုရောဟိတ်တို့ထံစေလွှတ်ခြင်းအားဖြင့်ကိုယ်တော်သည်သူတို့၏ တစ်ဖက်သတ်အထင်လွဲမှားမှုကို ပြေပျောက်စေမည်ဟု မျှော်လင့်ရသောသက်သေတစ်ပါးကို သူတို့ထံ ပေးပို့ခဲ့ပါသည်။ ခရစ်တော်ယေရှု၏ သွန်သင်ချက်များသည် မောရှေအားဖြင့် ဘုရားသခင်ပေးသနားတော်မူခဲ့သော ပညတ်တော်နှင့်

ဆန့်ကျင်သည်ဟု ဖာရိရှဲတို့ကအခိုင်အမာပြောဆိုခဲ့ကြ၏။ သို့သော်လည်း မောရှေ၏ တရားအတိုင်း ပူဇော်သကာကို သွားရောက်ပေးလှူရန် နူနာပျောက်ကင်းသွားသည့်ထိုသူအား ညွှန်ကြားခြင်းသည် ၎င်းတို့၏စွပ်စွဲချက်များမှာ မှားယွင်းကြောင်း ထင်ရှားစေခဲ့သည် မဟုတ်ပါလား။ ခရစ်တော်သခင်သည် လူသားတစ်နွယ်လုံးကို ချစ်မြတ်နိုးကြောင်း၊ ဘုရားသခင်၏ ပညတ်တရားအလုံးစုံကို လေးစားရိုသေကြောင်း၊ အပြစ်နှင့်သေမင်းပယောဂအပေါင်းတို့မှ ကယ်တင်နိုင်သောတန်ခိုးသ်ညလည်း မိမိ၌ရှိပါကြောင်းသက်သေသာဓကပေးခဲ့လေပါပြီ။

ထိုသူအား လူတို့အထဲမှာမနေတော့နှင့်ဟု မောင်းထုတ်ခဲ့သောယဇ်ပုရောဟိတ်တို့သည် ထိုသူ၌ နူနာရောဂါပျောက်ကင်းသွားချေပြီဟု သက်သေခံပြောကြားခဲ့ကြပါ၏။

ထိုသူ၌ နူနာရောဂါလက္ခဏာစိုးစဉ်းမျှ မရှိတော့ကြောင်း၊ ယဇ်ပုရောဟိတ်တို့၏ အာမခံချက်အရ ထိုသူသည် အစ္စရေးလူစုလူဝေးထဲသို့ပြန်လည်ရောက်ရှိလာသောအခါ သူကိုယ်တိုင်သည် ကျေးဇူးရှင်ကြီးသခင်ယေရှုအတွက် အသက်ရှင်သောသက်သေခံတစ်ဦးပင် ဖြစ်ခဲ့ပါသည်။

ဝမ်းမြောက်စွာဖြင့် ယေရှု၏နာမတော်ကို သူသည် ချီးမွမ်းမြွက်ဆို၏။ ဤကား အမှန်တရားကိုသိရှိရန်အတွက် ဘုရားသခင်က ယဇ်ပုရောဟိတ်တို့အား ပေးထားသောအခွင့်အရေးပင် ဖြစ်ချေသည်မဟုတ်လော။ ကယ်တင်ရှင် ယေရှုသခင်၏ သက်တော်စဉ် ခရစ်ယာန်သာသနာတော်ကာလအတွင်းမှာ ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာတို့ထံမှ မေတ္တာတရားအနည်းငယ်ကိုသာ ကိုယ်တော်သည် ရရှိခဲ့ပုံပေါ်သော်လည်း ထိုသခင်သည် ကောင်းကင်တို့ တက်ကြွသွားပြီးသည်နောက် "ယဇ်ပုရောဟိတ်အပေါင်းတို့သည် ယုံကြည်ခြင်းတရားကိုနားထောင်ခဲ့ကြ၏" ဟု (တမန်တော် ၆း၇) မှာ မှတ်တမ်းပြုထားသည်ကိုတွေ့ရှိရပါသည်။

## ခရစ်တော်သခင်သည် အပြစ်ကိုမည်ကဲ့သို့ဆေးကြောပုံ

နူနာရောဂါသည်ကို သန့်ရှင်းစေခဲ့သော ခရစ်တော်သခင်၏အနာကို ကုသပေးခြင်းသည် အသက်ဝိညာဉ်ကို အပြစ်မှ ဆေးကြောသန့်စင်ပေးမည့် ကိုယ်တော်၏ အမှုတော်မြတ်အတွက် သာဓကတစ်ခုဖြစ်ပါသည်။

ခရစ်တော်ယေရှုထံတော်ပါးသို့ လာရောက်သူသည် တစ်ကိုယ်လုံး နူနာပိုးနှင့်ပြည့်ဝနေပါသည်။ သို့ဖြစ်၍ တပည့်တော်တို့က ထိုသူသည် ယေရှုသခင်အား မထိမိစေရန် ကြိုးစားကာကွယ်ပေး၏။ သို့သော်လည်း ထိုလူနာအပေါ် ယေရှုသည် လက်တော်ကိုတင်လိုက်ပါ၏။ ကိုယ်တော်သည် မညစ်ညမ်းသွားရုံမျှမက ထိုနူနာအားလည်း အသက်ပေးနိုင်သောတန်ခိုးကို မျှဝေပေးခဲ့ပေရာ သူသည် ရောဂါမှပျောက်ကင်းသန့်ရှင်းခဲ့ရပါသည်။

ထိုနည်းတူ လူ့စွမ်းအင်နှင့်သန့်စင်ပေးရန် မဖြစ်နိုင်သောအပြစ်နူနာကိုလည်း ယေရှုသခင်သည် သန့်စင်ပေးတော်မူမည်ဖြစ်ပါသည်။

"ဦးခေါင်းသည်အနာသက်သက်ရှိ၏။ နှလုံးသည်လည်း ခွန်အားအလျှင်းမရှိ။ ခြေဖဝါးမှသည် ဦးခေါင်းတိုင်အောင် ကျန်းမာခြင်းမရှိ။ စုတ်ရှသောအနာ၊ ထိခိုက်၍ ရောင်နေသောအနာ၊ ရိရွဲသောအနာသက်သက်ရှိ၏။" (ဟေရှာယ ၁း၆)။ သို့သော်လည်း ယေရှုသခင်၌ အပြစ်သားတို့အတွက် အနာမှပျောက်ကင်းစေနိုင်သော တန်ခိုးရှိပါသည်။ မည်သူမဆို သခင့်ခြေတော်ရင်းမှာပျပ်ဝပ်၍ ယုံကြည်ခြင်းဖြင့် "သခင်၊ အလိုတော်ရှိလျှင် အကျွန်ုပ်ကိုသန့်ရှင်းစေနိုင်တော်မူသည်" ဟု ပြောဆိုက "ငါအလိုရှိသည် သန့်ရှင်းခြင်းသို့ရောက်စေ" ဟု ယေရှုသခင် ဖြေကြားတော်မူပါလိမ့်မည်။

ယေရှုသခင်သည် တချို့သော ရောဂါသည်တို့အား ကုသပေးရာ၌ ၎င်းတို့တောင်းခံသော ကောင်းချီးမင်္ဂလာကို ချက်ချင်းမပေးပါ။ နူနာရောဂါ

သည်ကို ကုသပေးရာ၌မူကား၊ အသနားခံလျှင်ခံချင်း ပေးသနားတော်မူခဲ့ပါသည်။

ကျွန်ုပ်တို့သည် လောကရေးရာ ကောင်းချီးမင်္ဂလာကိုတောင်းခံသောအခါ အဖြေသည် ကြန့်ကြာကောင်းကြန့်ကြာနိုင်ပါ၏။ သို့တည်းမဟုတ် ကျွန်ုပ်တို့တောင်းခံသည့်အရာထက် ပိုမိုကောင်းမြတ်သောအရာကို ဘုရားသခင်သည် ကျွန်ုပ်တို့အားပေးသနားကောင်းပေးသနားပါမည်။

သို့သော်အပြစ်မှ ကယ်လွှတ်ရန်အတွက် ကျွန်ုပ်တို့တောင်းလျှောက်သောအခါ ထိုကဲ့သို့မဟုတ်ပါ။ ကျွန်ုပ်တို့ကို သန့်ရှင်းစေလိုသောသဘောသည် ဘုရားသခင်၌ရှိ၏။ ဘုရားသခင်သားသမီးများအဖြစ် သန့်ရှင်းသောအသက်တာနှင့်နေထိုင်သက်ရှင်ဖို့ရန် သခင်သည်တတ်နိုင်တော်မူပါသည်။

"ခရစ်တော်သခင်သည် ငါတို့အဘတည်းဟူသော ဘုရားသခင်၏ အလိုတော်နှင့်အညီ ဆိုးညစ်သော ဤပစ္စုပ္ပန်ဘဝမှ ငါတို့ကိုကယ်နုတ်ခြင်းငှါ ငါတို့အပြစ်ကြောင့် ကိုယ်ကိုကိုယ်အပ်ပေးတော်မူ၏။" ဂလာတိ ၁:၄။ "ငါတို့သည် ဘုရားသခင်အထံတော့် ရဲရင့်ခြင်းအကြောင်းကိုတောင်းလျှင် ငါတို့သည် အလိုတော်နှင့်အညီ တစ်စုံတစ်ခုသောဆုကိုတောင်းလျှင် ဘုရားသခင်သည် နားထောင်တော်မူ၏။ ဆုတောင်းသမျှသောစကားတို့ကို နားထောင်တော်မူသည်ကို ငါတို့သိလျှင်အထံတော်၌ တောင်းသောဆုကိုရမည်ဟု သိရကြ၏။" (၁ယော ၅:၁၄-၁၅)။

ကပေရနောင်မြို့က သွက်ချာပါဒရောဂါသည်အား ကုသရာ၌လည်း ခရစ်တော်သခင်သည် အလားတူစွာသော အမှန်တရားကိုတစ်ဖန်သွန်သင်ခဲ့ပါသည်။ အပြစ်ကိုဖြေလွှတ်ရန် ပြုတော်မူသောနိမိတ်လက္ခဏာသည် ယေရှုသခင်၏တန်ခိုးတော်ကို ထင်ရှားစေခဲ့ပါ၏။ နူနာရောဂါသည်ကဲ့သို့ပင် ဤသွက်ချာပါဒရောဂါသည်မှာလည်း မျှော်လင့်ချက်မရှိ၊ လုံးဝဆုံးရှုံးနေပါ၏။ ထိုသူ၏ ရောဂါသည် အသက်တာမှာပြုခဲ့သော

အပြစ်၏ရလဒ်ဖြစ်သလို ခံစားရသော ဆင်းရဲဒုက္ခသည် သံဝေဂတရားကြောင့် စိတ်ကိုနာကျင်စေခဲ့ပါသည်။ ထိုသူသည် မိမိခံစားနေရသောခန္ဓာဒုက္ခ၊ စိတ်ဒုက္ခများကိုသက်သာစေရန် မျှော်လင့်ချက်ဖြင့် ဖာရိရှဲများနှင့် ကျမ်းတတ်ဆရာများထံမှာအချိန်ကြာမြင့်စွာကတည်းကပင်အသနားခံခဲ့ပါ၏။

သို့သော်လည်း ထိုသူတို့သည် ၎င်းအား မပျောက်ကင်းနိုင်သော ရောဂါကို ဘုရားသခင်၏အမျက်တော်နှင့်တကွ ပစ်ပယ်ခံဘဝမှာ ခံစားပေရောဟူ၍ အေးတိအေးစက်ပြန်ပြောခဲ့ကြပေသည်။

ခြေလက်သေနေသူသည် အကူအညီရလိုရငြားထောင့်စေ့ရှာဖွေပါသော်လည်း လားလားမျှမမြင်၊ အားကိုးရာမဲ့ဖြစ်နေသဖြင့် စိတ်ပျက်အားလျော့နေပါ၏။ ထိုအချိန်မှာ သူသည် ယေရှုသခင်၏ အံ့သြဖွယ်လုပ်ရပ်များကို ကြားသိခဲ့လေသည်။ မိတ်ဆွေများကလည်း သူ့အားယေရှုခရစ်ကိုယုံကြည်ရန်နှင့် ယေရှုထံရောက်လျှင် အနာရောဂါမှပျောက်ကင်းနိုင်ကြောင်း အားပေးခဲ့ပေသည်။

## အပြစ်ဝန်ထုပ်

ထိုသူသည် ခန္ဓာကိုယ်ပြန်လည်ကျန်းမာဖို့ထက် အပြစ်ဝန်ထုပ်မှသက်သာရာရဖို့ရန် ပိုမို၍အလိုဆန္ဒရှိပါသည်။ အကယ်၍သာ သူသည် ကောင်းကင်ဘုံမှ အပြစ်လွှတ်ခြင်းနှင့်ငြိမ်သက်ခြင်းအာမခံချက်ကိုရရှိနိုင်မည်ဆိုကသေပျော်ပြီဟု ကျေနပ်နေမည့်သူဖြစ်၏။သေလုမြောပါးဖြစ်နေသော ထိုသူ၌ဖြုန်းတီးရန်အချိန်မရှိပါ။

ယေရှုသခင်ထံသို့သူ့အားထမ်းစင်ဖြင့်ခေါ်ဆောင်သွားရန်မိတ်ဆွေတို့ အားတိုက်တွန်းအကူအညီတောင်းခံခဲ့ပါသည်။ သူ့မိတ်ဆွေများကလည်း ခေါ်ဆောင်သွားဖို့သဘောတူကြပါ၏။ သို့ပါသော်လည်း ကယ်တင်ရှင်ရှိရာနေအိမ်မှာလူတို့သည်အတွင်းအပြင်ပြည့်ကျပ် နေကြသည်မို့ ထိုလူနာအား

သခင်ယေရှုထံသို့ ယူဆောင်သွားဖို့နေနေသာသာ သခင့်အသံတော်ကို ကြားနိုင်လောက်သည့် နေရာသို့ပင် မယူဆောင်သွားနိုင်ကြပါပြီ။

ယေရှုသည် ပေတရု၏အိမ်မှာ ဩဝါဒပေးသွန်သင်နေပါသည်။ သခင့်ပတ်ဝန်းကျင်တွင်ကား တပည့်တော်တို့သည် အနီးကပ်ရှိနေကြ၏။ ဂါလိလဲပြည်၊ ယုဒပြည်မြို့ရွာများနှင့် ယေရုရှလင်မြို့မှလာကြသောဖာရိရှဲများနှင့် ကျမ်းတတ်ဆရာကြီးများလည်း ထိုသူတို့အနီးတစ်ဝိုက်မှာ ထိုင်နေကြပါသည်။ ထိုသူတို့သည် ခရစ်တော်ယေရှုအား အပြစ်ရှာထောက်လှမ်းရန် သူလျှိုများအဖြစ်နှင့်လာကြပါ၏။

ထိုသူတို့မှလွန်သော် စိတ်အားထက်သန်၍ ဘာသာတရားရိုသေကိုင်းရှိုင်းသောလူပေါင်းစုံတို့အပြင် မယုံကြည်သူများလည်း စုဝေးနေကြ၏။ ဘုရားသခင်၏တန်ခိုးတော်သည် နာသောသူတို့အား ချမ်းသာပေးရန် ထိုနေရာမှာရှိတော်မူသည်မဟုတ်လော။ သို့သော်လည်း ဖာရိရှဲများနှင့်ကျမ်းတတ်ဆရာတို့သည် ဝိညာဉ်တော်ဘုရားသခင်၏တည်ရှိနေမှုတန်ခိုးတော်ကို ပိုင်းခြားကာမသိမြင်ခဲ့ကြပေ။ ထိုသူတို့သည် မိမိတို့၏လိုအပ်ချက်များကို မသိရှိခဲ့ကြသောကြောင့် ထိုအနာပျောက်ကင်းစေသောတန်ခိုးသည် သူတို့အတွက်အကျိုးမရှိပါ။ ကိုယ်တော်ရှင်သည် "ငတ်မွတ်သောသူတို့ကို ကောင်းမွန်စွာကျွေး၍ ရတတ်သောသူတို့ကို လက်ချည်း လွှတ်လိုက်တော်မူပြီ" (လုကာ ၁း၅၃) တကား။

ထိုခြေလက်သေနေသောလူနာကို သယ်ဆောင်လာကြသောသူတို့သည် လူအုပ်ကြီးကိုဖြတ်ကျော်၍ သခင်ယေရှုထံရောက်အောင် ကြိမ်ဖန်များစွာ ကြိုးစားအားထုတ်ကြပါသော်လည်း အချည်းနှီးသာဖြစ်ခဲ့ရ၏။ သို့ဖြစ်၍ လူနာသည် မျှော်လင့်ချက်ကိုစွန့်လွှတ်ရပါမည်လော။ ရောဂါပျောက်စေနိုင်သော သခင်သည် အနားမှာရှိပါသည်။ သူ၏ အကြံပေးချက်အရ သူ့မိတ်ဆွေတို့သည် သူ့ကို အိမ်ခေါင်မိုးပေါ်သို့ သယ်သွားကြ၏။

အိမ်မိုးကိုဖေါက်ကာ ယေရှုသခင်၏ ခြေတော်ရင်းမှာ ကြိုးများဖြင့်လျှော့ချပေးကြပါသည်။

ကယ်တင်ပိုင်သူ ယေရှုခရစ်တော်သည် တောင်းပန်နေသောမျက်လုံးများဖြင့် မိမိအားစိုက်ကြည့်နေသောသူကို မြင်လိုက်ပါသည်။ ထိုလူနာသည် မိမိအိမ်တွင်းမှာနေစဉ်တွင် ၎င်း၏ အသိစိတ်ထဲ၌ ကယ်တင်ရှင်သည် အပြစ်ကိုထင်ရှားသိမြင်စေသဖြင့် စိတ်ရှုပ်ထွေးကာ သံသယဝင်နေသော ထိုဝိညာဉ်ကို ပြောင်းလဲစေခဲ့ပြီဖြစ်ပါသည်။ သူသည် မိမိ၏ အပြစ်တို့မှ နောင်တရပြီဖြစ်သောကြောင့် ကယ်တင်ရှင်၏ အသက်ပေးပိုင်သော ကရုဏာများသည် ရောဂါပျောက်ရန် တောင့်တမျှော်လင့်နေသော စိတ်နှလုံး၏အလိုကို ဦးစွာပြည့်စုံစေခဲ့ပါသည်။

အနည်းငယ်သော ယုံကြည်ခြင်းဖြင့်သခင့်ရှေ့တော်မှောက်သို့ ရောက်ရှိအောင် ခပ်သိမ်းသောကြိုးစားမှုများကိုလုပ်ဆောင်သဖြင့် ယုံကြည်ခြင်းတိုးပွားခိုင်မာလာသည့် အကျိုးကို ယေရှုသခင်သည်မြင်တွေ့နေရလေပြီကော။

ယခုတွင် ယေရှုသခင်သည် ခြေလက်သေနေသော လူနာ၏နားထဲမှာတေးဂီတသံစဉ်ကဲ့သို့ သာယာနာပျော်ဖွယ်ကောင်းသော စကားကို မြွက်ဆိုလိုက်ပါပြီ။ "ငါ့သား၊ မစိုးရိမ်နှင့်။ သင်၏အပြစ်ကို လွှတ်စေပြီ။"

စိုးရိမ်သောကမှု ဝန်ထုပ်ကြီးသည် လူနာပေါ်မှ ကျသွားပါပြီ။ အပြစ်လွှတ်ခြင်းခံရသဖြင့် ထိုသူ၏ မျက်နှာပေါ်မှာ ငြိမ်သက်ခြင်းရောင်ခြည်ကိုတွေ့မြင်ရ၊ ခံစားရသော ဝေဒနာသည်လည်း မရှိတော့ပါပြီ။ တစ်ကိုယ်လုံးမှာ လုံးဝပြောင်းလဲသွားတော့၏။ အကူအညီမဲ့နှင့် ခြေလက်သေရောဂါသည် တစ်ဦးသည် အနာရောဂါမှ ပကတိပျောက်ကင်းသွားပါပြီ။ ထိုဒုစရိုက် အပြစ်သားကောင်ကြီးသည် အပြစ်မှဖြေလွှတ်ခြင်းကိုခံရလေပြီတကား. . . .။

သူသည် ယေရှုသခင်၏ နှုတ်တော်ထွက်စကားများကို ရိုးစင်းစွာဖြင့် ယုံကြည်လက်ခံလိုက်ပါသည်။ အခြားတောင်းဆိုမှုများတို့ကိုလည်း ထပ်မံ၍ မပြုလုပ်ပါ။ ကျန်းမာခြင်းသုခအပြည့်အဝနှင့်ပင် ငြိမ်သက်စွာဖြင့်လဲလျောင်းနေပါ၏။ ဤသည်ကိုလူများတို့သည် စိုးရွံ့ထိတ်လန့်စွာဖြင့် မှင်သေကြည့် ကြည့်နေကြပါသည်။

ထိုသူသည် မိမိတို့ထံလာရောက်အကူအညီတောင်းခံခဲ့သောသူ၊ မိမိတို့က သနားခြင်းကင်းမဲ့စွာဖြင့် မျှော်လင့်စရာမရှိတော့ကြောင်း ငြင်းပယ်စကားပြောခဲ့သည်သာမက ကိုယ်အပြစ်ကြောင့် ဘုရားသခင်၏ ကျိန်ခြင်းအမင်္ဂလာကို ဤသို့လျှင် ခံစားနေရခြင်းဖြစ်ကြောင်း ကြေညာခဲ့ပုံများတို့ကို ကျမ်းတတ်ဆရာတို့သည် ပြန်လည်စဉ်းစားမိခဲ့ကြပါသည်။

ယခုတွင် လူများတို့သည် ဤမြင်ကွင်းကို စိတ်ဝင်တစားကြည့်ရှုနေကြသည်ကို သူတို့သတိပြုမိကြပါ၏။ မိမိတို့၏ ဩဇာအာဏာသက်ရောက်မှုလျော့ပါးသွားမည်ကိုလည်း သူတို့တတွေ အထူးစိုးရိမ်နေကြပါသည်။ ဤလူကြီးလူကောင်းအာဏာပိုင်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဤခံစားချက်ဒီရေကို ဟန့်တားနိုင်ရေးအတွက် တစ်ခုခုတော့လုပ်ရချေအံ့ဟု ကိုယ်စီကိုယ်ငှတွေးတောနေကြပါတော့သည်။ ယေရှုသည် ထိုခြေလက်သေနေသူအား အပြစ်များမှ ဖြေလွှတ်စေပြီဟု ကြေညာခဲ့သည်မဟုတ်လော။ ဤပြစ်မှုသည် ဘုရားသခင်ကို စော်ကားပြောဆိုသည်ဖြစ်၍ သေမိန့်ချနိုင်သော အပြစ်ဖြစ်သည်ဟု တင်ပြကာ "ဤသူသည် ဘုရားသခင်ကို လွန်ကျူး၍ အဘယ်ကြောင့် ဤသို့ပြောရသနည်း။ ဘုရားသခင်မှတစ်ပါး၊ အဘယ်သူသည် အပြစ်ကိုလွှတ်နိုင်သနည်း" (မာကု ၂း၇) ဟု ယေရှုကို သူတို့အထင်နှင့် စွပ်စွဲကြပါသည်။

ယေရှုသည် ထိုသူတို့အား စူးစိုက်စွာကြည့်တော်မူလျက် "သင်တို့စိတ်ထဲမှာ အဘယ်ကြောင့် ဤသို့ ထင်မှတ်ကြသနည်း။ ခြေလက်သေ

သောသူအား အဘယ်စကားကို သာ၍ပြောလွယ်သနည်း။ သင်၏အပြစ်ကိုလွှတ်စေပြီဟု ပြောလွယ်သလော၊ သင်ထလော့၊ ကိုယ်အိပ်ရာကိုဆောင်၍လှမ်းသွားလော့ဟု ပြောလွယ်သလော၊ လူသားသည် မြေကြီးပေါ်မှာအပြစ်လွှတ်ပိုင်သည်ကို သင်တို့ သိစေခြင်းငှာထလော့၊ ကိုယ်အိပ်ရာကိုဆောင်၍ ကိုယ့်အိမ်သို့သွားလော့ဟု သင့်အား ငါဆိုသည်ဟု လက်ခြေသေသောသူအားမိန့်တော်မူ၏။"

ထိုအခါ ထမ်းစင်ဖြင့် သယ်ဆောင်လာခဲ့ရသော ထိုသူသည်လူငယ်တစ်ဦး၏ ခွန်အားဗလမျိုးနှင့် ပြည့်စုံလာ၍ မိမိခြေပေါ်မှာမတ်တတ်ရပ်လိုက်ပါသည်။

သူ၏ ခန္ဓာကိုယ်အင်္ဂါတိုင်းသည် အလုပ်လုပ်၍ နေပါပြီ။သေလုနီးသဖြင့် ဖြူဖပ်ဖြူရော်ဖြစ်နေသော ထိုသူ၏အသားအရေသည်စိုပြည်လန်းဆန်းကာ ကျန်းမာနီမြန်းလာပါပြီ။ "ထိုသူသည်လည်း ချက်ချင်းထ၍ အိပ်ရာကိုဆောင်လျက် လူအပေါင်းတို့ရှေ့မှာထွက်သွား၏။ ထိုသူအပေါင်းတို့သည် မိန်းမောတွေဝေခြင်းရှိ၍ ဤကဲ့သို့တစ်ခါမျှမဖြစ်ဖူးဟုပြောဆို၍ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြ၏။"

ဖန်ဆင်းခြင်းတန်ခိုးတော်သည် ပျက်ယွင်းနေသော ခန္ဓာကိုယ်ကိုပြန်လည်ကျန်းမာစိုပြည်လာစေပါပြီ။ မြေမှုန့်နှင့် ပုံဖော်ထားသော သူသဏ္ဍာန်၌ တုံးထဲသို့ အသက်သွင်းပေးခဲ့သော ဖန်ဆင်းသူ ဘုရားသခင်၏အသံတော်သည် သေလုမြောပါးဖြစ်နေသော ထိုသွက်ချာပါဒရောဂါသည်အားအသက်ရှင်ရန် အမိန့်ပေးခဲ့ပါသည်။ ထိုတန်ခိုးသည်ပင်လျှင် လူ့စိတ်နှလုံးကိုလည်း ပြန်လည်ဆန်းသစ်စေနိုင်ပါ၏။ ခရစ်တော်သခင်က "လူသားသည် မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်သည်ကို သင်တို့သိစေခြင်းငှါ သင်ထ၍သွားလော့" ဟု ထိုခြေလက်သေနေသူအား ပညတ်တော်မူခဲ့သည်မဟုတ်ပါလား။

# ဝိညာဉ်ရေးဆိုင်ရာကုသမှုသည် ခန္ဓာကိုယ်ကုသမှုနှင့်ဆက်နွှယ်နေခြင်း

ယနေ့တွင် ထောင်ပေါင်းများစွာသောလူတို့သည် ခန္ဓာကိုယ်ရောဂါဝေဒနာများကို ခံစားနေရပါ၏။ ထိုသူတို့သည် ခြေလက်သေရောဂါသည်ကဲ့သို့ "သင်၏ အပြစ်ကိုလွှတ်စေပြီ" ဟူသော သတင်းစကားကို တောင့်တလျက်ရှိပါသည်။ အပြစ်သည် သူတို့ခံစားနေရသော ဝေဒနာ၏အရင်းအမြစ်ဖြစ်သည်မဟုတ်လော။ အသက်ဝိညာဉ်ကို ကုသပျောက်ကင်းစေနိုင်သောတန်ခိုးရှိသူ၊ ဖန်ဆင်းသူ ဘုရားသခင်သာလျှင် စိတ်ခွန်အားနှင့် ခန္ဓာကိုယ်ကျန်းမာရေးကို မျှဝေပေးနိုင်ပါသည်။

ယေရှုသည် လောက၌ အသက်ရှင်စဉ်ကာလ လူနာများကို ရောဂါကုသပေးသောအချိန်နှင့်အပြစ်သားများကို အပြစ်လွှတ်သောအချိန်များတွင် အသက်ရှင်ခြင်းအခွင့်ကို ပေးနိုင်သောတန်ခိုးတော်သည် ကိုယ်တော်၌ရှိဆဲဖြစ်ပါ၏။ ယေရှုသည် "သင်၏အပြစ်အလုံးစုံတို့ကိုဖြေလွှတ်၍ သင်၏အနာရောဂါရှိသမျှကိုလည်း ပျောက်စေတော်မူ၏" ဆာလံ ၁၀၃း၃။ ၁ယော ၃း၈။ ယောဟန် ၁း၄-၁၀။ ၁၀း၁၀။ ၁ကော ၁၅း၄၅ ကိုလည်းရှုပါ။

ရောဂါကို ပျောက်ကင်းအောင်ကုသခြင်းခံခဲ့ရသော ထိုသူသည် မိမိ၏အိပ်ရာလိပ်ကို ငှက်မွေးပမာသယ်ပိုးလျက် ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ချီးမွမ်းပုံတို့ကို မြင်တွေ့ရသောသူတို့သည် ထိုသူအား လမ်းဖယ်ပေးကာ မိန်းမောတွေဝေ၍ ကြောက်ရွံ့စွာဖြင့် "ငါတို့သည် အံ့ဖွယ်သောအမှုအရာကို ယနေ့မြင်ခဲ့ရပြီ" ဟု တစ်ယောက်ကိုတစ်ယောက်တီးတိုးပြောဆိုကြပါသည်။

ယခုမှာ ဖာရိရှဲတို့သည် အံ့သြမှုများကြောင့် 'အ' ၍နေကြလေပါပြီ။ ရှုံးနိမ့်၏ ဖိစီးခြင်းဒဏ်ကိုလည်း ခံနေရ၏။ သူတို့သည် မိမိတို့ထက်

တန်ခိုးကြီးမားသော ပုဂ္ဂိုလ်တစ်ပါးရှေ့မှာ ရောက်ရှိနေကြောင်း ဝန်မခံသော်လည်း အသိအမှတ်ပြုလျက် စိတ်မတည်ငြိမ်ဖြစ်ကာ ရှက်ကိုးရှက်ကန်းဖြစ်နေကြပါသည်။ ၄င်းနောက် သူတို့သည် ယေရှုသခင်၏နှုတ်ထွက်အမိန့်တော်အားဖြင့် ခြေလက်သေနေသောသူအား ပြန်လည်ကျန်းမာလာစေသည်ကို မြင်ခဲ့ရပြီး ပေတရု၏အိမ်မှ ထွက်ခွာသွားခဲ့ကြ၏။ စိတ်ထဲမှာကား ဘုရားသခင်၏သားတော်ကို ချေမှုန်းဖျက်ဆီးရန်အတွက် လုပ်ကြံမည့်အစီအစဉ်သစ်များကို တီထွင်ရေးဆွဲလျက်ရှိနေကြပါသည်။

ခြေလက်သေရောဂါမှပျောက်ကင်း၍ ကျန်းမာပကတိပြန်ဖြစ်လာသောသူ၏ အိမ်မှာ ကြီးစွာသောဝမ်းမြောက်ခြင်းရှိပါသည်။ ထိုသူ၏မိသားစုတို့သည် ကိုယ်မျက်စိကိုမှကိုယ်မယုံနိုင်လောက်အောင်ဖြစ်ပြီး ဝမ်းသာမျက်ရည်များပင်ကျခဲ့ကြပါ၏။ ယခင်ရှုံ့တွန့်ပြီး နီကြင့်ကြင့်ဖြစ်နေသောအသားအရေသည် ယခုတွင် စိုပြည်၍ပန်းရောင်သန်းနေပါ၏။ ကောင်းမွန်စွာခြေလှမ်းကာ လမ်းလျှောက်နိုင်သလို မျက်နှာထားမှာလည်း ငြိမ်းအေးမှုကိုဖေါ်ညွှန်းထားသကဲ့သို့ မြင်နေရပါသည်။ ဝမ်းမြောက်ခြင်း၊ မျှော်လင့်ခြင်း၊ ဖြူစင်ခြင်း၊ ငြိမ်သက်ခြင်းတို့သည် အပြစ်နှင့်ဒုက္ခဝေဒနာနေရာမှာ အစားထိုးဝင်ရောက်လာပါပြီ။ သခင်ယေရှုအတွက် ဤသူနှင့်မိမိ၏အိမ်ထောင်မိသားစုသည် အသက်ပေးအစေခံသွားရန် အသင့်ရှိနေကြပါ၏။ ယေရှုသခင်အပေါ် သူတို့ထားရှိသောယုံကြည်ခြင်းသည် သံသယနှင့်ကင်းလွတ်ပါ၏။ အကြောင်းမူကား ယေရှုသခင်သည် ဝိညာဉ်ရေးမှောင်မိုက်ကျနေသော ထိုသူ၏အိမ်ထောင်သားတို့ဆီသို့ အလင်းကိုဆောင်ယူခဲ့ပြီမဟုတ်ပါလား။

-ဝ-

# အခန်း (၂၈)
# အခွန်ခံဘဝမှတမန်တော်ဖြစ်လာသောမဿဲ

(မဿဲ ၉း၉-၁၇။ မာကု ၂း၁၄-၂၂။ လုကာ ၅း၂၇-၃၉
တို့မှာအခြေပြုထားသည်။)

ပါလက်စတိုင်းပြည်မှာ တာဝန်ထမ်းဆောင်နေကြသော ရောမ အာဏာပိုင်အရာရှိများနှင့် လူမုန်းအများဆုံးမှာ အခွန်ခံများဖြစ်ကြပါသည်။ အကြောင်းရင်းမှာ သူတို့ကိုတွေ့မြင်တိုင်း ငါတို့ဂျူးလူမျိုးတွေမှာ လွတ်လပ်မှုမရှိလို့ တိုင်းတစ်ပါးအာဏာပိုင်ကို အခွန်အတုတ်ပေးနေရသည်မဟုတ်လောဟု သတိရစေလျက် စိတ်ဆိုး အမျက်ထွက်စေသောကြောင့်ဖြစ်၏။ ၄င်းပြင် အခွန်ခံများသည် ရောမအာဏာပိုင်၏ အသုံးခံတန်ဆာပလာဝန်ထမ်းသက်သက်သာမဟုတ်ဘဲ မိမိတို့ကိုယ်ကျိုးအတွက်လည်း အဆစ်ထည့်၍ ခြောက်လှန့်ကာ တောင်းခံတတ်သေး၏။ အမျိုးသား အချင်းချင်း ဂုတ်သွေးစုပ်လျက် ချမ်းသာလာသူများ ဖြစ်ကြပါသည်။ ဤလိုရာထူးကိုလက်ခံသော ဂျူးတစ်ယောက်အား အမျိုးသား သစ္စာဖောက်ဟု မှတ်ယူသည်သာမက သူသည် အထင်သေးခြင်းလည်းခံရပြီး လူ့အဖွဲ့အစည်းမှာ အယုတ်ညံ့ဆုံးသူဟု သတ်မှတ်ကြပါသည်။

မဿဲသည် ဤအတန်းအစားထဲမှာပါဝင်၏။ ခရစ်တော်သခင်သည် မိမိ၏ အမှုတော်လုပ်ငန်းမှာ လုပ်ဆောင်ဖို့ရန် သူ့အားဖိတ်ခေါ်ခဲ့ပါသည်။

မဿဲသည် ကယ်တင်ပိုင်ရှင် ယေရှုသခင်၏ သွန်သင်ချက်များကို နားထောင်၏။ ဘုရားသခင်၏ ဝိညာဉ်တော်ကလည်း မိမိ၏ အပြစ်များကြောင့် အဖြစ်မှန်ကို ဖေါ်ပြသောအခါမှာ သူသည် ခရစ်တော်ယေရှုထံ အကူအညီတောင်းခံခဲ့ပါသည်။ သို့သော် သူသည် ကျမ်းတတ်

ဆရာတို့၏ "ပ" ထားခြင်းကို ခံရသူဖြစ်သောကြောင့် ဆရာတော်မြတ်ကြီးယေရှုခရစ်တော်သည် မိမိအား အ လေးတယူပြုလိမ့်မည်ဟု သူမထင်မိခဲ့ပေ။

တစ်နေ့တွင် သူသည် အခွန်ခံတဲထဲမှာထိုင်နေ၏။ ယေရှုသည်သူ့ထံသို့ချဉ်းကပ်လာပါသည်။ ထိုသခင်သည် သူ့အနားသို့ရောက်သောအခါ "ငါ့နောက်သို့လိုက်လော့" ဟု မိန့်တော်မူသောကြောင့် သူသည် အံ့သြခြင်းကြီးစွာဖြစ်ရ၏။

မဿဲသည် "ရှိသမျှကိုစွန့်ပစ်လျက် နောက်တော်သို့လိုက်လေ၏။" ထိုသို့ပြုရာ၌ မဿဲသည် နှောင့်နှေးကြန့်ကြာခြင်းဟူသည်မရှိ။ မေးမြန်းစုံစမ်းခြင်းကိုလည်းမပြု။ အကျိုးစီးပွားဖြစ်ထွန်းသော လုပ်ငန်းတစ်ခုကို ဒုက္ခဆင်းရဲခက်ခဲမှုများနှင့် လဲလှယ်ရမည်ဆိုသည့် အတွေးကိုလည်း မတွေးမိခဲ့ပါ။ ယေရှုသခင်နှင့် အတူနေရလျှင် လုံလောက်ပြီ၊ နှုတ်တော်ထွက်စကားကို နားထောင်ခြင်း၊ သခင့်အမှုတော်မြတ်မှာ ပါဝင်ခွင့်ရလျှင် လုံလောက်ပြီဟု ကျေနပ်နေသူပါတည်း။

ဤသို့လျှင် ခရစ်တော်သခင်သည် ပေတရုနှင့်အပေါင်းပါတို့အား နောက်တော်သို့လိုက်ရန် ခေါ်တော်မူသောအခါ ထိုသူတို့သည် ချက်ချင်းပင်လှေများနှင့် ငါးဖမ်းပိုက်တို့ကို စွန့်ပစ်ခဲ့ကြပါ၏။ သူတို့၏ မိတ်ဆွေများတချို့သည် အကူအညီ အမအစရရှိရန်အတွက် သူတို့ကို အားကိုးနေကြသည်ကို သူတို့ သတိမရတော့ပါ။ သူတို့သည် ကယ်တင်ရှင်၏ ဖိတ်ခေါ်သံကိုကြားသောအခါ ဘယ်လိုနေ၍ မိသားစုကို ဘယ်လိုထောက်ပံ့ရမည်ဟု မမေးခဲ့။ နောင်သောအခါ ယေရှုက သူတို့အား "အထက်က ငွေအိတ်၊ လွယ်အိတ်၊ ခြေနင်းမပါဘဲ သွားကြလော့ဟု သင်တို့ကို ငါစေလွှတ်သောအခါ တစ်ခုခုလိုသလောဟုမေးလျှင် တစ်စုံတစ်ခုမျှမလိုပါ" ဟု လျှောက်ကြပါသည်။ လုကာ ၂၂း၂၅။

ဤနေရာမှာမဿဲသည် ချမ်းသာ၍ ပေတရုနှင့်အိန္ဒြေမှာ ဆင်းရဲသော်လည်း တူညီသောစမ်းသပ်မှုကို သခင်သည် ပြုတော်မူ၏။ ထိုစဉ်အခါမှာ တံငါသည် ပေတရုတို့သည်လည်း အောင်မြင်နေချိန်ဖြစ်ပါသည်။

ပိုက်ကွန်အပြည့်ငါးများကို ဖမ်းမိကာ တံငါသည်ဘ၀၏ စိတ်ဇောအပြင်းထန်ဆုံးသေအချိန်မှာ ယေရှုသခင်သည် ထိုသူတို့အား ဧ၀ံဂေလိဟောကြားရန်အတွက် အားလုံးကို စွန့်လွှတ်ပြီး နောက်တော်သို့လိုက်ကြရန် မိန့်တော်မူခဲ့ပါသည်။ ထိုနည်းတူစွာ လူတိုင်းသည် တဒင်္ဂကောင်းစားရေးနှင့် ခရစ်တော်ယေရှု၏ နောက်တော်သို့အစေခံရန် လိုက်နာရေးတွင် မည်သည့်အရာကို အလေးပေးဦးထိပ်ထားမည်ကို အစမ်းသပ်ခံကြရပါလိမ့်မည်။

မည်သူမဆို မိမိ၏ စိတ်နှလုံးကို ဘုရားသခင့် အမှုတော်မြတ်မှာ အကြွင်းမဲ့မမြုပ်နှံထားပါက အောင်မြင်မှုကိုမရရှိနိုင်ပါ။ အပ်နှံမှုကိုခြွင်းချန်ထားရှိသောသူသည်လည်း ခရစ်တော်သခင်၏ တမန်တော်မဖြစ်နိုင်သည့်အပြင် ကိုယ်တော်၏ လုပ်ဖော်ဆောင်ဖက်တစ်ဦးဖြစ်နိုင်ဖို့လည်း အလှမ်းကွာဝေးလှပါသည်။

လူသည် ကြီးမြတ်သည့်ကယ်တင်ခြင်းကို မှန်ကန်စွာနားလည်သဘောပေါက်က ခရစ်တော်သခင်၏ အသက်တာမှာတွေ့မြင်ရသော ကိုယ်ကျိုးစွန့်သည့်စိတ်ထားကိုလည်း ၎င်းတို့၏ အသက်တာတွင် တွေ့မြင်ရပါလိမ့်မည်။ ကိုယ်တော်ပို့ဆောင်ရာခရီးလမ်းတစ်လျှောက် ထိုသူတို့သည် နောက်တော်သို့ ၀မ်းမြောက်စွာလိုက်ကြပါလိမ့်မည်။

မဿဲအား ယေရှုသခင်၏တပည့်တော်တစ်ပါးဖြစ်လာရန် ခေါ်ဖိတ်တော်မူခြင်းသည် ကြီးကျယ်သော အမျက်ဒေါသကို နှိုးဆွစေခဲ့ပါသည်။ ခရစ်ယာန်သာသနာ ကိုင်းရှိုင်းသူ ဆရာတစ်ပါးအတွက် အခွန်ခံတစ်ယောက်ကို မိမိနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ရန် ရွေးချယ်ခြင်းသည်

ယုဒ ဘာသာရေးထုံးစံကိုလည်းကောင်း၊ လူမှုရေးနှင့်အမျိုးသားရေးဓလေ့ထုံးစံများကိုလည်းကောင်း ဆန့်ကျင်လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ယုဒလူတို့အား တစ်ဖက်သတ်အထင်လွဲမှားမှုဖြစ်စေဖို့ သူတို့စိတ်ကို ပြောင်းလဲစေခြင်းအားဖြင့် ဖာရိရှဲတို့သည် ခရစ်တော်သခင်၏ ရေပန်းစားမှုကို ဆန့်ကျင်ဘက်လုပ်ရန် မျှော်လင့်ခဲ့ကြပေသည်။

သို့သော်လည်းအခွန်ခံတို့၏ အသိုက်အဝန်းတွင်မူစိတ်ဝင်စားမှုသည် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေ၏။ မဿဲသည်လည်း ယေရှုသခင်၏ တပည့်တော်တစ်ပါးဖြစ်ခွင့်ရသောကြောင့် ဝမ်းသာ၍ မိမိအိမ်မှာ ပွဲခံပါသည်။ ထိုပွဲသို့ကြွလှည့်ပါရန် မဿဲသည် ဆွေမျိုးမိတ်ဆွေသင်္ဂဟများနှင့်လုပ်ဖေါ်ဆောင်ဖက်ဟောင်းတို့ကို ဖိတ်ကြားခဲ့သည်။ ထိုစားသောက်ပွဲကြီးတွင် အခွန်ခံများသာမက သံသယ မကင်းဖွယ်သော နာမည်ပျက်ရှိသူများနှင့် အပြစ်ရှာတတ်သောအိမ်နီးနားချင်းမိတ်ဆွေများ၏ မတရား သတင်းကြေငြာခြင်းခံထားရသူများလည်း ပါဝင်ကြပါသည်။

## အပြင်ပန်းထူးခြားချက်များသည်အဓိပ္ပါယ်မဲ့ဖြစ်ခြင်း

ထိုဧည့်ခံပွဲသည် ယေရှုသခင်အား ဂုဏ်ပြုခြင်းဖြစ်သည်။ ထိုဖေါ်ရွေမှုကိုလည်း ယေရှုသခင်သည် မငြင်းပယ်လက်ခံခဲ့ပါ၏။ ဤကဲ့သို့လက်ခံသွားရောက်သဖြင့် ယုဒလူခေါင်းဆောင်များ ဖာရိရှဲတို့စိတ်ဆိုးအမျက်ထွက်ကာ မသင်္ကာမျက်လုံးများဖြင့် အမြင်စောင်းလိမ့်မည်ကို ကိုယ်တော်သိပါသည်။ သို့ပါသော်လည်း မည်သည့် စီမံအုပ်ချုပ်ရေးနည်းစနစ်ပေါ်လစီမျှသည် သခင်ယေရှု၏ လုပ်ရပ်များအပေါ် ဩဇာမလွှမ်းနိုင်ပါချေ။

ယေရှုသခင်သည် အခွန်ခံများ စီမံဧည့်ခံပေးရာ စားပွဲဝိုင်းမှာ ဂုဏ်ပြု ဧည့်သည်တော်တစ်ဦးအနေဖြင့် ထိုင်နေပါပြီ။ ဤသို့တုံ့ပြန်

ပြုမူဆက်ဆံပုံကိုထောက်သော် ကိုယ်တော်သည် လူသားတို့၏ ဂုဏ်သိက္ခာ ကိုအသိအမှတ်ပြုကြောင်းပြသည်မဟုတ်လော။ ယေရှုသည် ကြင်နာသနား တတ်ပါ၏။

လူမှုရေးမကြမ်းတမ်းပါ။ လူတို့အနေဖြင့်လည်း မိမိတို့သည် ကိုယ်တော်ရှင်၏ ယုံကြည်စိတ်ချထိုက်သောသူများဖြစ်လာရန် တောင့်တ မျှော်လင့်ကြပါ၏။ ဤသို့လျှင် ထိုသူတို့သည် အတွေးအမြင်သစ်ဖြင့်နိုး ကြားလာကာ ဤလူမှုရေးအပယ်ရတနာတို့သည် ဘဝသစ်နှင့်မြူးဝင့်ကာ နေခွင့်ရလေပါတော့သည်။

ဤဧည့်ခံပွဲလာ သောင်းပြောင်းထွေလာလူများစွာတို့တွင် ယေရှု သခင်ကို ကယ်တင်ရှင်အဖြစ် အသိအမှတ်မပြုခဲ့နိုင်သေးသည်မှာ ခရစ်တော် သခင်ကောင်းကင်ဘုံသို့ ကြွမြန်းသွားသည့်နေ့ရက်တိုင်ဖြစ်ပါသည်။တစ်ရက် အတွင်း၌ လူ (၃၀၀၀) တို့၏ အသက်တာပြောင်းလဲသွားသောထိုနေ့ရက်မှာ ပါဝင်ကြသူများစွာတို့သည် ယေရှုသခင်ကို ဧည့်သည်တော်ကြီးအဖြစ် ဧည့်ခံကြသောအခွန်ခံတို့၏ ဂုဏ်ပြုဧည့်ခံပွဲ၏ ရလဒ်ပင်ဖြစ်ပါသည်။

ထိုပွဲတော်မှာ ပထမဦးဆုံးကြားသိခဲ့ရသော ယေရှု၏တရားကြောင့် ဖြစ်ပါသည်။ ယေရှုသခင်၏ ပုံပမာသင်ခန်းစာကိုလည်း မဿဲသည် မိမိ၏ တစ်သက်တာမှာ မမေ့နိုင်ခဲ့ပါ။ ယခင်က အပစ်ပယ်ခံဘဝမှာ ရှိခဲ့သောအခွန် ခံမဿဲသည် ယခုမှာတော့ လုံးလုံးလျားလျားဧဝံဂေလိဓမ္မဆရာကြီး တစ်ပါး အဝင်ဖြစ်ရုံမျှမက သခင့်ခြေတော်ရာအတိုင်း လိုက်လျှောက်သူတစ်ဦးဖြစ်နေ ခဲ့ပါပြီ။

## တပည့်တော်တို့အားသွေးခွဲရန်ကြိုးစားခြင်း

ကျမ်းတတ်ဆရာတော်တို့သည် ယေရှု၏ တပည့်တော်တို့ကိုအသုံး ချ၍ ကိုယ်တော်အား အပြစ်ရှာရန် အခွင့်ကောင်း ယူကြပါသည်။ ၎င်းတို့၏ တစ်ဖက်သတ်အထင်လွဲမှားမှုများကို နှိုးဆွပေးခြင်းအားဖြင့်လည်း

ယေရှု၏ တပည့်တော်တို့သည် မိမိတို့၏ သခင်ထံမှ ခွဲထွက်လာကြလိမ့်မည်ဟု မျှော်လင့်ကြ၏။ သို့ဖြစ်၍ "သင်တို့ဆရာသည် အခွန်ခံသောသူ၊ ဆိုးသောသူတို့နှင့်အတူ အဘယ်ကြောင့်စားသနည်း" ဟူ၍ ပြူစူသောကျမ်းတတ်ဆရာဖာရိရှဲတို့က တပည့်တော်တို့အား မေးမြန်းခဲ့ပေသည်။

ထိုအခါ ယေရှုသည် တပည့်တော်တို့၏ဖြေဆိုမှုကို မစောင့်တော့ဘဲ "ကျန်းမာသောသူတို့သည် ဆေးသမားကိုအလိုမရှိကြ၊ နာသောသူတို့သာလျှင် အလိုရှိကြ၏။ ဖြောင့်မတ်သောသူတို့ကို နောင်တသို့ခေါ်ခြင်းငှာ ငါလာသည်မဟုတ်။ ဆိုးသောသူတို့ကိုခေါ်ခြင်းငှာ ငါလာသတည်းဟု မိန့်တော်မူ၏။"

ဖာရိရှဲတို့သည် မိမိကိုယ်ကို ဝိညာဉ်ရေးမှာပြည့်စုံပြီးသားသူတွေဟု မှတ်ယူကာ ဆေးဆရာမလိုဟု အခိုင်အမာပြောဆိုနေကြသူများဖြစ်ပါသည်။ အခွန်ခံနှင့် တစ်ပါးအမျိုးသားတို့ကိုမူကား ဝိညာဉ်ရေးရောဂါစွဲကပ်ကာ ပျက်စီးဆုံးပါးသွားမည့်သူများဟု သတ်မှတ်ထားကြပါသည်။ထိုသို့ဆိုသော် ဆေးသမားတစ်ဦးအနေဖြင့် မိမိထံမှအကူအညီအစမစကိုလိုအပ်နေသောလူတန်းစားဆီသို့ သွားရောက်ရန်မှာ ကိုယ်တော်ရှင်၏ အလုပ်ပင်မဟုတ်တုံလော။

သို့ဖြစ်၍ ယေရှုက "ယဇ်ပူဇော်ခြင်းအကျင့်ထက် သနားခြင်းကရုဏာအကျင့်ကို ငါနှစ်သက်၏ ဟူသောကျမ်းစကားကို နားလည်ခြင်းငှာ သင်တို့သွား၍သင်ကြလော့" ဟု ဖာရိရှဲတို့အား မိန့်တော်မူ၏။ သူတို့သည် ထာဝရဘုရားသခင်၏ နှုတ်တော်ထွက်စကားတော်တို့ကို အနက်အဓိပ္ပါယ်ရှင်းပြရန် ပြောဆိုနေကြစဉ် ဘုရားသခင်၏ဝိညာဉ်တော်ကို သူတို့သည် လုံးဝမသိဘဲနေကြပြီတကား။

ဖာရိရှဲတို့သည် အခိုက်အတန့်အားဖြင့် တိတ်ဆိတ်စွာနေကြသည်။ သို့သော် ယေရှုအပေါ် ထားရှိသောရန်ငြိုးကား ကြီးမား၍သာ

လာ၏။ ၎င်းနောက် သူတို့သည် ဆရာယောဟန်၏ တပည့်တော်များကို ကယ်တင်ရှင်ယေရှုသခင်အား ဆန့်ကျင်ကြပါရန် ကြိုးစားလှုံ့ဆော်ခဲ့ကြပါသည်။ အမှန်အားဖြင့် သူတို့သည် ဆရာယောဟန်၏ လုပ်ဆောင်မှုများကိုလက်မခံကြပါ။ ဆရာယောဟန်၏ ရိုးသားခြိုးခြံစွာသောလူနေမှုအကျင့်နှင့် ဝတ်နေကျအကျီကြမ်းကြီးကိုလက်ညှိုးထိုးကာမထီလေးစားပြုကြပါသည်။

အယူသီးသူတစ်ဦးဟူ၍လည်း ကြေညာကြ၏။ လူထုအားကိုးနှင့်သူ၏လုပ်ရပ်အဖုံဖုံကို ဆန့်ကျင်ကြပါရန် ကြိုးစားလှုံ့ဆော်ပါသည်။ ထာဝရဘုရားသခင်၏ ဝိညာဉ်တော်သည် ဤမထီလေးစားပြုနေကြသူတို့၏ စိတ်နှလုံးကို အပြစ်ထင်ရှားသိမြင်စေရန် လှုံ့ဆော်ပေးခဲ့ပါသော်လည်း ထိုသူတို့သည် ဘုရားသခင်၏ ပြုပြင်တော်မူခြင်းကို ငြင်းပယ်၍ ဆရာယောဟန်သည် နတ်ဆိုးစွဲနေသူတစ်ဦးဖြစ်ကြောင်း ကြေညာခဲ့ကြပါသည်။

ယခုတွင် ယေရှုသည် လူအများနှင့်ရောနှော၍ စားပွဲဝိုင်းတစ်ခုတည်းမှာ အတူစားသောက်သောအခါမှာမူကား ကိုယ်တော်အား အစားကြူးသူ၊ စပျစ်ရည်သောက်ကျူးသူဟု စွပ်စွဲကြပါသည်။ စာတန်၏အမှောင်ထုမှာရှိသော အပြစ်သားတို့အား ကောင်းကင်ဘုံက အလင်းကိုတွေ့မြင်စေအံ့သောငှာ ယေရှုသခင်သည် ထိုအပြစ်သားများနှင့် အတူထိုင်ကာစားသောက်သည်ဟု သူတို့သည် မစဉ်းစားမိကြ။

ကောင်းကင်ဘုံက ဆရာတော် သခင်ယေရှု၏ နှုတ်တော်မှစီးထွက်လာသော သွန်သင်ချက်တို့သည်လည်း တစ်နေ့မှာဘုရားသခင်၏ ဘုန်းတော်ထင်ရှားလာဖို့ရန်အပင်ပေါက်၍ အသီးဆောင်စေလိမ့်မည့် အသက်ရှင်သော မျိုးစေ့များဟူ၍လည်း မစဉ်းစားမိကြပါချေ။ ထိုသူတို့သည်ထိုအလင်းတရားကိုငြင်းပယ်ဖို့သာလျှင်ဆုံးဖြတ်ကြလေပါပြီ။ ဆရာယောဟန်၏ ခရစ်ယာန် သာသနာပြုခြင်းလုပ်ငန်းကို သူတို့သည် ဆန့်ကျင်ကြပါသော်လည်း ယခုတွင် ဆရာယောဟန်၏ တပည့်များနှင့်

အဆွေဖွဲ့ကာ ပူးပေါင်း၍ ယေရှုသခင်ကို တိုက်ခိုက်ရန် မျှော်မှန်းခဲ့ကြပါသည်။ ယေရှုသခင်သည် ရှေးရိုးရာဓလေ့များကို အာခံဆန့်ကျင်သူတည်းဟုပြောဆို၍ ယောဟန်၏ ဘာသာတရားကြည်ညိုကာချုပ်တည်းမှုရှိခြင်းနှင့် အခွန်ခံများ၊ ဆိုးသွမ်းသူများနှင့်အတူ စားသောက် ပျော်ပါးနေသော ယေရှုခရစ်တော်၏ အပြုအမူများတို့ကို ကွဲပြားခြားနားအောင် ပေါ်လွင်ထင်ရှားဖေါ်ပြခဲ့ကြပေသည်။

ယခုတွင် ဆရာယောဟန်၏ တပည့်တော်တို့သည် အလွန်မှပင် ဝမ်းနည်းကြေကွဲနေကြပါသည်။ သူတို့၏ ဆရာတော်ကြီးသည် အကျဉ်းထောင်ထဲမှာရှိနေသဖြင့် သူတို့၏ နေ့ရက်များတို့သည် မြည်တမ်းညည်းညူခြင်းနှင့်အတူ ကုန်လွန်ခဲ့ရ၏။ ယေရှုသည်လည်း ယောဟန်ကိုကယ်နုတ်ရန် မကြိုးစားခဲ့ပါ။ ယောဟန်၏ သွန်သင်ချက်များကိုပင် အသရေပျက်စေမည့် လက္ခဏာရှိစေခဲ့ပါသည်။ အကယ်၍ ဆရာယောဟန်ကို ဘုရားသခင်သည် စေလွှတ်တော်မူခဲ့ပါသော် ယေရှုသခင်နှင့်သူ၏တပည့်တော်များတို့၏ ပြုမူဆောင်ရွက်ပုံများသည် အဘယ်ကြောင့် ဆရာယောဟန်၏ လုပ်နည်းလုပ်ဟန်များနှင့် သိသိသာသာ ကွဲပြားခြားနားနေရပါသနည်း။

ယောဟန်၏ တပည့်တို့သည် ခရစ်တော်သခင်၏ ခရစ်ယာန်သာသနာတော်ကို ကောင်းမွန်စွာ နားမလည်ကြ။ သို့ဖြစ်၍ ဖာရိရှဲတို့၏ စွပ်စွဲချက်များ၌ အခြေအမြစ်ရှိနိုင်ကောင်းသည်ဟု သူတို့တွေထင်မှတ်ခဲ့ကြပါသည်။

သူတို့သည် ဖာရိရှဲ ကျမ်းတတ်ဆရာတို့၏ ပြဌာန်းထားသည့် ဥပဒေသများကို ဖြောင့်မတ်ရာသို့ရောက်မည်ဟု မျှော်လင့်ချက်ဖြင့်စောင့်ရှောက်ခဲ့ကြပါ၏။ တစ်ပတ်လျှင် နှစ်ရက်အစာရှောင်၍လည်းကောင်း မှုကုသိုလ် ယူကြ၏။ ယောဟန်၏ တပည့်များသည် ခရစ်တော်ယေရှုထံသို့ လာ၍ "အကျွန်ုပ်တို့နှင့် ဖာရိရှဲတို့သည် အဖန်တလဲလဲ အစာ

ရှောင်ကြသည်ဖြစ်၍ အဘယ်ကြောင့် ကိုယ်တော်၏ တပည့်တို့သည်အစာမရှောင်ဘဲနေကြပါသနည်း" ဟု လာရောက်မေးမြန်းသော အချိန်တွင်သူတို့နှင့် ဖာရိရှဲတို့သည် အစာရှောင်နေသောအချိန်ဖြစ်ပါသည်။

ယေရှုသည် ထိုသူတို့အား သိမ်မွေ့စွာဖြေကြားလိုက်ပါသည်။ အစာရှောင်ခြင်းနှင့်ပတ်သက်၍ သူတို့၏ မှားယွင်းသောအယူအဆများကို ယေရှုသည် ပြင်ဆင်ရန် မကြိုးစားခဲ့ပါ။

မိမိ၏ အမှုတော်မြတ်နှင့်ပတ်သက်၍ မှန်ကန်စွာ မြင်တတ်ဖို့ကိုသာကြိုးပမ်းခဲ့ပါသည်။ မိမိအကြောင်းနှင့်ပတ်သက်၍ နှစ်ခြင်းဆရာယောဟန်ကိုယ်တိုင်က ဤသို့တင်ပြထားပါသည်။ "မင်္ဂလာဆောင်သတို့သမီးကိုရသောသူသည် မင်္ဂလာဆောင်လုလင်ဖြစ်၏။ မင်္ဂလာဆောင်လုလင်၏ အနားမှာနေ၍ သူ၏စကားသံကိုကြားသောအားဖြင့် ဝမ်းမြောက်ခြင်းရှိ၏။ ထိုနည်းတူငါ၏ ဝမ်းမြောက်ခြင်းပြည့်စုံ၏။" (ယောဟန် ၃း၂၉)။ ယေရှုသခင်အကြောင်းနှင့်ပတ်သက်၍ မိမိတို့ဆရာယောဟန်၏ ဆိုစကားကို သူ၏တပည့်တော်တို့သည် မေ့မရနိုင်ခဲ့ပါချေ။ ဤသာဓကကိုယေရှုသည် ယူ၍မိန့်တော်မူသည်ကား၊ "မင်္ဂလာဆောင်လုလင်သည် မိမိအပေါင်းအဖေါ်တို့နှင့် အတူရှိစဉ်အခါ သူတို့သည် စိတ်မသာညည်းတွားတတ်သလော။"

ကောင်းကင်ဘုံရှင်ဘုရင်သည် မိမိလူတို့တွင် ရှိနေပါ၏။ ထာဝရဘုရားသခင်၏ အကြီးဆုံးသောဆုလက်ဆောင်ကိုလည်း မြေကြီးကမ္ဘာဆီသို့ စွန့်ကြဲပေးကမ်းလိုက်ပါပြီ။

ဆင်းရဲသားတို့ဝမ်းမြောက်ကြသည်။ အကြောင်းမူကားထိုသခင်ကြောင့်သူဆင်းရဲတို့သည်အမွေတော်ခံများဖြစ်နိုင်ခွင့်ရရှိလေပြီမဟုတ်လော။ သူကြွယ်တို့လည်းရွှင်လန်းကြပါ၏။ အကြောင်းမူကားထိုသခင်သည်သူကြွယ်တို့အားထာဝရချမ်းသာခြင်းသို့ဝင်စားရန်သွန်သင်ခဲ့ပါပြီ။ စာမတတ်ကျောင်းမနေကြ

ရသူတို့ မြူးထူးနေကြသည်။ အကြောင်းမူကား ထိုသခင်သည် ထိုသူတို့အား ကယ်တင်ခြင်းနှင့်ယှဉ်သောပညာရတနာကို သူတို့အား အပ်နှင်းထားသောကြောင့်တည်း။ ပညာတတ်တို့သည်လည်း ဝမ်းသာမဆုံးဖြစ်ကြရ၏။

အကြောင်းမူကား ထိုသူတို့နားလည်ထားသည်ထက် ပိုမို၍လေးနက်သောအရာများကို ဖော်ပြလိုက်သောကြောင့်ပေတည်း။ ဤကဲ့သို့သောအချိန်အခါမျိုးမှာ တပည့်တော်တို့သည် ငိုကြွေးမြည်တမ်းကာအစာရှောင်ရမည့်အချိန်မဟုတ်ပါ။ ထိုသူတို့သည် ဘုရားသခင်၏ ဘုန်းတန်ခိုးတော်ရောင်ခြည်လင်းတန်းကို နှလုံးသားအတွင်းဝင်ရောက်ထိုးဟပ်ရန် ဖွင့်ထားရမည်မဟုတ်လော။ ထိုမှတစ်ဆင့် သေမင်းအရိပ်လွှမ်းမိုးသောချိုင့်ဝှမ်းအမှောင်ထုမှာ ထိုင်နေသောသူတို့အပေါ်သို့ ကိုယ်တော်၏ အလင်းတရားကိုလက်ဆင့်ကမ်း ထွန်းလင်းပျံ့နှံ့စေရမည်ဖြစ်ပါသတည်း။

## အရိပ်မည်းကြီးတစ်ခု

ယေရှုသခင်၏ မိန့်မှာချက်များသည် လှပသောပန်းချီကားတစ်ခုကဲ့သို့ဖြစ်ပါသည်။ သို့ရာတွင် ထိုပန်းချီကားထောင့်ဖြတ်တစ်ခုအပေါ်မှာ အရိပ်မည်းကြီးတစ်ခုရှိနေပါ၏။

ထိုအရိပ်မည်းကြီးကို ယေရှုသခင်သာလျှင် မြင်တွေ့နိုင်ပေသည်။ ထိုအရာကို ရည်ညွှန်း၍ "မင်္ဂလာဆောင်လုလင်ကို သူ၏ အပေါင်းအဖော်တို့နှင့်ခွာ၍ ယူသွားသောအချိန်ကာလ ရောက်လိမ့်မည်။

ထိုအခါ သူတို့သည်အစာရှောင်ကြလိမ့်မည်" ဟု ယေရှု မိန့်တော်မူခဲ့ပါသည်။ ယေရှုကိုဖမ်းဆီး၍ လက်ဝါးကပ်တိုင်ပေါ် တင်ရိုက်သောအခါမှာ မြင်တွေ့ရသောတပည့်တော်တို့သည် စိတ်မသာသဖြင့်အစာရှောင်ကြပါလိမ့်မည်။

ကိုယ်တော်ရှင်သည် သင်္ချိုင်းတွင်းမှရှင်ပြန်ထမြောက်လာသောအခါ သူတို့၏ ဝမ်းနည်းမှုသည် ဝမ်းမြောက်မှုများသို့ ပြောင်းလဲသွားလိမ့်မည်။ ကောင်းကင်ထက်သို့ ကြွမြန်းသွားပြီးနောက်မှာလည်း သန့်ရှင်းသောဝိညာဉ်တော်ငြိမ်သက်ခြင်း အရှင်အားဖြင့် သခင်သည် သူတို့နှင့်အတူ တည်နေဆဲဖြစ်ကာ သူတို့သည် ငိုကြွေးမြည်တမ်းဖို့ မလိုပါပြီ။

သို့သော်လည်း သူတို့သည် ထင်ယောင်ထင်မှားဖြားယောင်းသွေးဆောင်မှုကြီးကို ခံရသဖြင့် စိတ်ညစ်စရာအဖြစ်နှင့်ကြုံတွေ့ရလေခြင်းဟူသောခံစားမှုမျိုးရရှိရန် စာတန်သည် အလိုရှိပါ၏။ တပည့်တော်တို့သည် မိမိတို့အဖို့ ယေရှုသခင်သည် ကောင်းကင်ဘုံသန့်ရှင်းရာဌာနတော်မှာအမှုတော်ဆောင်ပေးနေသည်ဆိုကြောင်းကို ယုံကြည်ခြင်းဖြင့် မျှော်ကြည့်ရန်ဖြစ်ပြီး မိမိတို့၏နှလုံးသားကို သန့်ရှင်းသော ဝိညာဉ်တော်ကိန်းအောင်းရန်ဌာနေဖြစ်စေကာ သခင်ဘုရား၏ တည်ရှိနေခြင်းလင်းရောင်ခြည်၌ ဝမ်းမြောက်ရန်ဖြစ်ပါသည်။

သို့တိုင်အောင်လည်း ခက်ခဲရာကာလနေ့ရက်များကား ရှေ့မှာဆီးကြိုလျက်ရှိပါ၏။ ခရစ်တော်ယေရှုသည် မိမိတို့နှင့်ထိတွေ့နိုင်ခြင်းမရှိသည့်အချိန်မျိုးမှာ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ခွဲခွဲခြားခြားမသိနိုင်။ ထိုအခါမှာ သူတို့ထံသို့စုံစမ်းနှောင့်ယှက်ခြင်းနှင့် စုံစမ်းစစ်ဆေးရာကာလသည် ရောက်လာသဖြင့် အစာရှောင်ရန် ပို၍သင့်လျော်လှသည်မဟုတ်လော။

သမ္မာကျမ်းစာ၏ အဆိုအရ ဘုရားသခင်နှစ်သက်တော်မူသောအစာရှောင်ခြင်းသည် "မတရားသော အချည်အနှောင်ကို ချွတ်ခြင်း၊ လေးသောဝန်ကိုချခြင်း၊ ညှင်းဆဲခံရသောသူတို့ကို လွှတ်ခြင်း၊ ထမ်းပိုးရှိသမျှကိုချိုးခြင်း" နှင့် "မွတ်သိပ်သောသူနှင့် ဆင်းရဲခံရသောသူကိုသနားသောစိတ်နှင့် ချမ်းသာပေးခြင်း" တို့ ဖြစ်ကြပါသည်။ (ဟေရှာယ ၅၈း၆၊၁၀)။ဤတွင် ခရစ်တော် ယေရှု၏ အမှုတော်ဆောင် စိတ်ဓါတ်

သဘောထားကို ဖော်ပြထားပါ၏။ ကိုယ်တော်ရှင်သည် တောထဲမှာအစာ ရှောင်သည်ဖြစ်စေ၊ အခွန်မဿဲတို့နှင့်အတူ စားသောက်ပွဲဝင်နွှဲသည်ဖြစ်စေ၊ သခင်သည် မိမိအသက်တာကို ပျောက်ဆုံးနေသော အသက်ဝိညာဉ်များကယ်တင်ခြင်းအတွက် ပေးအပ်ထားပြီဖြစ်ပါသည်။ ယေရှု သခင်၏ အလိုတူ ဘုရားသခင်အတွက်နှင့် လူတို့အတွက် အစေခံကာ အမှုတော်မြတ်မှာ ပါဝင်မစကူညီဆောင်ရွက်ခြင်းသည် မိမိ၏ အပ်နှံမှုတစိတ်တဒေသကို အမှန်အကန်ဖော်ပြနေခြင်းပင်ဖြစ်သည် မဟုတ်ပါလား။

ယေရှုသခင်သည် ဆရာယောဟန်၏ တပည့်တို့အား ပုံပမာအားဖြင့် ဆက်လက်ဖြေကြားလိုက်သည်မှာ "အဝတ်ဟောင်းကိုအဝတ်သစ်နှင့် ဖာလေ့ရှိ။ ထိုသို့ဖာလျှင် ဖာသောအထည်သည် အဝတ်ဟောင်းကိုစား၍ အပေါက်ကျယ်တတ်၏" ဟူ၍ ဖြစ်ပါသည်။ (မဿဲ ၉း၁၆)။ ဖာရိရှဲတို့၏ လူတို့စီရင်သော ဥပဒေပညတ်၊ ရိုးရာဓလေ့များနှင့် အယူသီးမှုတို့ကို ဆရာယောဟန်၏ သတင်းစကားတို့နှင့် ရောထွေးရန်ကြိုးစားခြင်းသည် ၎င်းတို့ စပ်ကြား ဖြစ်ပွားနေသော ပဋိပက္ခကို ပိုမိုထင်ရှားစေရန်သာ ရှိပါတော့သည်မဟုတ်လော။

အလားတူ ခရစ်တော်သခင်၏ သွန်သင်ချက်အခြေခံမူစည်းမျဉ်းတို့သည်လည်း ဖာရိရှဲတို့၏ ထုံးတမ်းစဉ်လာဓလေ့များနှင့် ပူးပေါင်းရန်မှာမဖြစ်နိုင်ပါ။

အဟောင်းနှင့်အသစ်တို့စပ်ကြားကွာခြားမှုကို ကွဲကွဲပြားပြား သိရှိနားလည်ရန် လိုအပ်နေပါပြီ။ ထို့ကြောင့် ယေရှုက "ဟောင်းသော သားရေဘူး၌ အသစ်သော စပျစ်ရည်ကို ထည့်လေ့မရှိ။ ထိုသို့ထည့်လျှင် သားရေဘူးသည် စုတ်ကွဲသဖြင့် စပျစ်ရည်သည်ယို၍ သားရေဘူးလည်းပျက်စီးတတ်၏။ အသစ်သော စပျစ်ရည်ကို အသစ်သော သားရေဘူး၌ထည့်လေ့ရှိ၏။ ထိုသို့ထည့်လျှင် နှစ်ပါးစလုံး မပျက်စီးဟုမိန့်တော်မူ၏။" (မဿဲ ၉း၁၇)။ စပျစ်ရည်အသစ်ကိုထည့်ရန် အသုံးပြု

ဖူးသောသားရေဘူးသည် ကြာသော် ခြောက်သွေ့လာ၍ ကွဲလွယ်ပါ၏။ ထိုသားရေဘူးကို စပျစ်ရည်သစ်ထည့်ရန်အတွက် ဆက်သုံးရန်မကောင်းတော့ပါ။ ယဇ်ပုရောဟိတ်ကျမ်းတတ်ဆရာတို့သည် ဝိနည်းအထုံးအဖွဲ့ဆိုင်ရာ ရိုးရာဓလေ့လုပ်ရိုးလုပ်စဉ်များ၌သာ အာရုံစိုက်တတ်ကြပေသည်။

ထိုသူတို့၏စိတ်နှလုံးသည် ခြောက်သွေ့နေသော စပျစ်ရည်ဘူးများကဲ့သို့ကျုံ့၍လာ၏။ မိမိတို့၏ ကိုယ်ပိုင်ဖြောင့်မတ်ခြင်းနှင့် လုံလောက်နေပြီဟု ထင်မှတ်ယူဆကာ မိမိတို့ စီရင်သုံးသပ် ဥပဒေပြဋ္ဌာန်းထားချက်များထဲသို့ အသစ်သော အမှန်တရား သွန်သင်ချက်များမလိုအပ်။ ရှိထားသည်နှင့် လုံလောက်ပြီ။ ထပ်ဖြည့်ရန်မဖြစ်နိုင်ပါဟု ဆိုကြ၏။

သို့ဖြစ်၍ ချစ်ခြင်းမေတ္တာအားဖြင့် ကျင့်ဆောင်စေ၍ အသက်ဝိညာဉ်ကို သန့်စင်ပေးသောယုံကြည်ခြင်းသည် ဖာရိရှဲတို့၏ ဘာသာရေးယုံကြည်ခံယူချက်များနှင့်ပေါင်းစပ်ရန်မှာ မဖြစ်နိုင်တော့ပေ။

ခရစ်တော် သခင်၏ သွန်သင်ချက်များကို တည်ရှိပြီးဖြစ်သော ဘာသာအယူအဆများနှင့်ပေါင်းစည်းရန်ကြိုးစားပါကလည်း အချည်းနှီးသာဖြစ်ပေတော့အံ့။ အင်အားအပြည့်ရှိသော ဘုရားသခင်၏အမှန်တရား စပျစ်ရည်သစ်သည် ဖာရိရှဲများပြဋ္ဌာန်းထားသောပညတ်တရား ဥပဒေသ၊ ရိုးရာဓလေ့တည်းဟူသော ဘူးများကိုပေါက်ကွဲပျက်သုဉ်းစေဖို့သာ ရှိပေတော့သည်တကား။

## စပျစ်ရည်သစ်အတွက် ဘူးသစ်များ

ကယ်တင်ပိုင်သူ ယေရှု ခရစ်တော်သည် ဖာရိရှဲတို့ထံမှ ကျောကိုလှည့်ကာ ကောင်းကင်ဘုံကသတင်းကောင်းကို လက်ခံမည့်သူများဆီသို့ ဦးတည်ထွက်ခွာခဲ့ပါပြီ။ စာမတတ်၊ ပေမတတ်သူ တံငါသည်များ ဈေးလည်ခေါင်မှာစားပွဲခင်းကာ ငွေကောက်ခံနေသော အခွန်ခံမဿဲ၊ ရှမာရိ

ပြည်မှအမျိုးသမီး စသောသာမန်လူတို့သည် ခရစ်တော်၏ တရားကိုဝမ်းမြောက်စွာလက်ခံခဲ့ကြပေသည်။ ဤသို့လျှင် ယေရှုသည် မိမိ၏ဘုံသစ်များအတွက် စပျစ်ရည်သစ်ကို တွေ့ခဲ့ရပါပြီ။

သခင်၏ တရားအလင်းကိုဝမ်းမြောက်စွာဖြင့် လက်ခံယုံကြည်ကြကုန်သောအသက်ဝိညာဉ်တို့သည်လည်းကမ္ဘာလောကအဝှမ်းအမှန်တရားဖြန့်ဝေရန်အတွက် သခင်ဘုရား၏ ကိုယ်စားလှယ်တော်ကြီးများ ဖြစ်လာခဲ့ကြပေသည်။

ခရစ်တော်သခင်၏ သွန်သင်ချက်များသည် စပျစ်ရည်သစ်နှင့် ပုံဆောင်ထားပါသော်လည်း သွန်သင်ချက်သစ်များတော့ မဟုတ်ပါ။ ရှေးမဆွက သွန်သင်ထားရှိချက်များသာ ဖြစ်ပါသည်။ သို့ပါသော်လည်း ဖာရိရှဲများအဖို့မူကား ခရစ်တော်သခင်၏ သွန်သင်ချက်တို့သည် အချက်တိုင်းမှာ သူတို့အတွက် ဆန်းသစ်နေပြီး သူတို့သည် အသိအမှတ်မပြုနိုင်ကြပါ။ တရားဝင်ဟူ၍လည်း မထည့်သွင်းကြပါပြီ။

"ဟောင်းသောစပျစ်ရည်ကို သောက်ပြီးသောသူသည်လည်းအသစ်သောစပျစ်ရည်ကို ချက်ချင်းအလိုမရှိတတ်။ ဟောင်းသောစပျစ်ရည်သာ၍ကောင်းသည်ကိုသိ၏" ဟု ယေရှုဘုရားသခင် အဆိုရှိခဲ့ပါသည်။

ရှေးဘိုးဘေးများနှင့်ပုရောဖက်တို့အားဖြင့် ကမ္ဘာလောကကြီးကိုပေးသနားတော်မူသောအမှန်တရားတို့သည် ခရစ်တော်သခင်၏ လှုပစကားသစ်များမှာ ထွန်းလင်းလျက်ရှိနေပါ၏။ သို့ပါသော်လည်း ထိုကောင်းလှစပျစ်ရည်သစ်ကို ဖာရိရှဲနှင့် ကျမ်းတတ်ဆရာတို့က မလိုလားခဲ့ကြပါ။

သူတို့၏ စိတ်နှလုံးအာရုံထဲမှာ ခရစ်တော်သခင်၏ သွန်သင်ချက်သည်မရှိ။ အသက်ရှင်ခြင်းနှင့် ဆိုင်သောအမှန်တရားနှင့် ဘုရားသခင်၏တန်ခိုးတော်ကို သူတို့တတွေကျော်ခိုင်းခဲ့ကြပါသည်။

## စွဲမက်နေသောရည်မှန်းချက်၏ဘေးအန္တရာယ်

ဤဖြစ်ရပ်မှန်သည် ယုဒလူတို့၏ ပျက်စီးဆုံးရှုံးရာဖြစ်စေသကဲ့သို့ ယခုခေတ်မှာ အသက်ရှင်နေထိုင်ကြကုန်သော ကျွန်ုပ်တို့အတွက်လည်း ပျက်သုဉ်းခြင်းကိုဖြစ်စေသည့် အကြောင်းရင်းတစ်ရပ်ပင်ဖြစ်ပါသည်။

လူတို့သည် တချို့သော နှစ်သက်မြတ်နိုးဖွယ်တွေးခေါ် မြော်မြင်မှုနှင့်မှားယွင်းသော အယူအဆတို့ကို စွန့်ပစ်ရမည့်အစား ဘုရားသခင်ထံတော်မှ ဆင်းသက်လာသော တရားအလင်းကို စွန့်ပစ်၍ နေကြ၏။

ထိုသူတို့သည် အရေးပါသောအကျင့်တို့ကို ကျင့်ဆောင်နိုင်ခြင်းအားဖြင့် ကယ်တင်ခြင်းခံစားရသည့်အကြောင်းကို ထပ်ခါတလဲလဲ ပြောဆိုတတ်ကြပါသည်။ သို့သော်လည်း ကယ်တင်ခြင်းမှာ ကိုယ့်အကျင့်သီလသည် အဓိကမဟုတ်ကြောင်းကို သူတို့တတွေကြားနာ မြင်တွေ့လာသောအခါတွင်မူကား သူတို့သည် ဘုရားသခင် ပြင်ဆင်ထားသောကယ်တင်ခြင်းကို ငြင်းပယ်လာကြပေသည်။

သို့ဖြစ်၍ ကိုယ်ကျင့်တရားကို အားကိုးသောဘာသာတရားသည် ဖြူစင်သော ချစ်ခြင်းမေတ္တာမျိုးမရှိ၊ ခရစ်တော်မဲ့သော ဘာသာဖြစ်ပေသည်။ အစာရှောင်ဆုတောင်းခြင်းမှာလည်း မိမိကိုယ်ကို ဖြောင့်မတ်စေလိုသော စိတ်ထား၏ လှုံ့ဆော်မှုသာဖြစ်သောကြောင့် ထိုအပြုအမူတို့သည် ထာဝရဘုရားသခင်၏ ရှေ့တော်မှောက်မှာ စက်ဆုပ်ရွံရှာဖွယ် ဖြစ်တော်မူ၏။ ကျွန်ုပ်တို့၏ အကျင့်သီလများနှင့်တော့ ကယ်တင်ခြင်းကို ဘယ်သောအခါမျှမဝယ်ယူနိုင်ပါ။ ထိုသို့ မိမိတို့၏ ဝိညာဉ်ရေးဆင်းရဲနွမ်းပါးမှုကို မသိနားမလည်သောသူတို့အတွက်သတင်းစကားမှာ "သင်ကလည်းငါသည် ဥစ္စာရတတ်၏။ ဘဏ္ဍာများကို ဆည်းပူးပြီ။ တစ်စုံတစ်ခုကိုမျှ မလိုဟု ပြောဆို၍ ကိုယ်တိုင်ပင်ပန်းခြင်း၊ သနားဖွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊

မျက်စိကန်းခြင်း၊ အဝတ်အချည်းစည်းရှိခြင်း ဖြစ်သည်ကို မသိပါတကား။ သင်သည် ဥစ္စာရတတ်ခြင်းငှါ မီးနှင့်ချွတ်ပြီးသော ရွှေကိုလည်းကောင်း၊ အဝတ်အချည်းစည်းရှိ၍ သူတစ်ပါးရှေ့တွင် မရှက်စေခြင်းငှာ ခြုံစရာ ဖို့ဖြူသော အဝတ်ကိုလည်းကောင်း၊ ငါ့ထံမှ ဝယ်လော့။ သင်၏ မျက်စိ မြင်စေခြင်းငှာ မျက်စိ၌ မျက်စဉ်းခတ်လော့ဟု သင့်အား ငါအကြံပေး၏။" (ဗျာ ၃း၁၇၊၁၈) ဟူ၍ ဖြစ်ပါသည်။ ယုံကြည်ခြင်းနှင့် ချစ်ခြင်း မေတ္တာသည် မီးနှင့်ချွတ်ပြီးသော ရွှေစင်ဖြစ်ပါသည်။ သို့ရာတွင် လူများစွာ တို့အတွက် ရွှေသည် အရောင်မှေးမှိန်လာ၍ ကြွယ်ဝချမ်းသာမှုသည် လည်း ဆုံးရှုံးပျောက်ကွယ်တတ်လေသည်။ ခရစ်တော်သခင်၏ ဖြောင့်မတ် ခြင်းသည်ကား၊ ထိုသူတို့အတွက် မဝတ်ခြုံရသေးသောဝတ်ရုံ၊ မမြည်းစမ်း မတို့ထိရသေးသော စမ်းရေပေါက်တစ်ခုပင်ဖြစ်ပေသည်။

"ဘုရားသခင် နှစ်သက်တော်မူသောယဇ်မူကား၊ ကျိုးပဲ့သောစိတ် ပေတည်း။ အိုဘုရားသခင်၊ ကိုယ်တော်သည် ကျိုးပဲ့ကြေမွသောနှလုံးကို ငြင်းပယ်တော်မမူပါ။" ဆာလံ ၅၁း၁၇။ လူသည် မိမိအလိုကိုငြင်းပယ် သောအခါ ဘုရားသခင်သည် ထိုသူအား အသစ်သောသတ္တဝါအဖြစ် ပြု ပြင်နိုင်တော်မူ၏။ ဘူးသစ်များဖြစ်လာ၍လည်း စပျစ်ရည်သစ်ကို ထည့် ထားနိုင်ပါပြီ။ ခရစ်တော်သခင်၏ ချစ်ခြင်းမေတ္တာသည် ဧကန်စင်စစ်ယုံ ကြည်သူတစ်ဦး၏အသက်တာကို ဘဝသစ်နှင့်အဆုံးသတ်စေတော်မူပါလိမ့် မည်။ ထိုသူ၌ ခရစ်တော်သခင်၏ ကျေးဇူးတော်အပေါင်းကိုမြင်တွေ့နိုင် မည်ဖြစ်ပါသတည်း။

-o-

# အခန်း (၂၉)
# ယေရှုသည် ဥပုသ်နေ့ကိုကယ်တင်လိုက်ခြင်း

ဥပုသ်တော်နေ့သည် ဖန်ဆင်းခြင်းအချိန်မှစ၍ ဘုရားသခင်က သန့်ရှင်းစေတော်မူခဲ့ပါပြီ။ ဥပုသ်တော်နေ့သည် လူအတွက်ဖြစ်သည်နှင့် အညီ "နံနက်ကြယ်တို့သည် တညီတညွတ်တည်း သီချင်းဆို၍ ဘုရားသခင်၏သားအပေါင်းတို့သည် ဝမ်းမြောက်သဖြင့် ကြွေးကြော်ကြသော" (ယောဘ ၃၈း၇) အချိန်ကပင် စတင်ခဲ့ပါ၏။

ထိုစဉ်က ဤကမ္ဘာမြေကြီးသည် ကောင်းကင်ဘုံနှင့်လိုက်လျောညီညွတ်သင့်တင့်ပါပေသည်။ ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသောအရာတို့ပကိုကြည့်လျှင် အလွန်ကောင်းသည်ကိုမြင်တော်မူ၍ မိမိ၏လက်စသတ်တော်မူခဲ့ပြီးသော ဖန်ဆင်းခြင်းအလုပ်မှ ဝမ်းမြောက်စွာ အနားယူတော်မူခဲ့ပေသည်။

ဘုရားသခင်သည် ဥပုသ်တော်နေ့မြတ်မှာ အနားယူခဲ့သည်ဖြစ်သောကြောင့် "ထိုသတ္တမနေ့ကိုကောင်းချီးပေး၍ သန့်ရှင်းစေတော်မူ၏။" (ကမ္ဘာဦး ၂း၃)။ ထိုနေ့ရက်သည် သန့်ရှင်းခြင်းနှင့်ဆိုင်သော လုပ်ငန်းများအတွက် သီးသန့်ထားတော်မူ၏။ ဖန်ဆင်းခြင်းအမှု၏ အထိမ်းအမှတ်တစ်ခုလည်းဖြစ်ပါသည်။ ထို့ကြောင့် ထိုနေ့ရက်သည် ထာဝရဘုရားသခင်၏တန်ခိုးတော်နှင့်ချစ်ခြင်းမေတ္တာတော်၏ အမှတ်လက္ခဏာတစ်ခုလည်းဖြစ်ခဲ့ပေသည်။

အရာခပ်သိမ်းတို့သည် ဘုရားသခင်၏ သားတော်အားဖြင့်ဖန်ဆင်းတော်မူခဲ့ပါ၏။ "ထိုနှုတ်တော်ထွက်စကားသည် ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျက် ရှိသော

အရာတစ်စုံတစ်ခုမျှမရှိ” (ယောဟန် ၁း၃)။ ဥပုသ်နေ့သည် ဖန်ဆင်းခြင်း၏ အထိမ်းအမှတ်ဖြစ်သောကြောင့်လည်း ထိုနေ့ရက်သည် ခရစ်တော်သခင်၏တန်ခိုးတော်နှင့် ချစ်ခြင်းမေတ္တာတော်၏ လက္ခဏာသက်သေတစ်ခုဖြစ်ပါသည်။

ဥပုသ်တော်နေ့သည် ကျွန်ုပ်တို့အား သဘာဝတရားနှင့် မွေ့လျော်စေပြီး ဖန်ဆင်းရှင်နှင့်ရင်းနှီးပွန်းတီးစေပါသည်။ ငှက်ငယ်ကလေးများ၏ တေးသီသံ၊ လေတိုက်၍ ထွက်ပေါ်လာသော သစ်ရွက်လှုပ်သံ၊ ပင်လယ်လှိုင်းဂယက်ရိုက်ခတ်သံတို့သည် သာယာလှပပေသည်မဟုတ်လော။

ဧဒင်ဥယျာဉ်တော်ကြီးထဲမှာ အာဒံနှင့်စကားပြောခဲ့သောဖန်ဆင်းရှင်၏ အသံတော်ကို ကြားယောင်မိသလိုပင်ဖြစ်ရပါသည်တကား။ ကျွန်ုပ်တို့သည် ထိုသဘာဝလောကထဲက ကိုယ်တော်ရှင်ဘုရားသခင်၏ အန္တိမ်းမဲ့တန်ခိုးတော်ကို မြင်တွေ့ရသည်နှင့်အမျှ ကျွန်ုပ်တို့သည် ကျေနပ်နှစ်သိမ့်ရပါ၏။ အကြောင်းမူကား အရာခပ်သိမ်းအလုံးစုံတို့ကို ဖန်ဆင်းသောအရှင်နှုတ်တော်ထွက်သည် ကျွန်ုပ်တို့၏ အသက်ဝိညာဉ် အသက်ရှင်သန်ရေးအတွက် စကားပြောနေသောကြောင့်ပေတည်း။ “မှောင်မိုက်ထဲကအလင်းထွန်းလင်းမည်အကြောင်း မိန့်တော်မူသော ဘုရားသခင်သည် ယေရှုခရစ်၏ မျက်နှာ၌ ထွန်းလင်းသော ဘုရားသခင်၏ ဘုန်းတော်ကိုသိသောဉာဏ်၏ အရောင်ကိုပေးလိုသောငှာ ငါတို့ စိတ်နှလုံးထဲ၌ အလင်းကိုထွန်းလင်းစေတော်မူ၏။” (၂ကော ၄း၆)။

“မြေကြီးစွန်းသားအပေါင်းတို့ ငါ့ကိုမျှော်ကြည့်၍ ကယ်တင်ခြင်းကျေးဇူးကိုခံကြလော့။ ငါသည် ဘုရားသခင်ဖြစ်၏။ ငါမှတစ်ပါး အခြားသောဘုရားသခင်မရှိ” (ဟေရှာ ၄၅း၂၂)။ ဤသတင်းစကားကို သဘာဝလောကကြီးထဲမှာ တွေ့မြင်ရပါ၏။ ဤသည်ကို ဥပုသ်တော်နေ့ကမှတ်မိစေပါသည်။ ဘုရားသခင်သည် အစ္စရေးလူမျိုးတို့အား ငါ၏ ဥပုသ်

တော်နေ့ရက်များကို သန့်ရှင်းစေပါဟု မိန့်တော်မူသောအခါ ဤကဲ့သို ပြောခဲ့ပါသည်။

"ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားသခင်ဖြစ်သည် ဟုသင်တို့သည်သိမည်အကြောင်း ထိုဥပုသ်နေ့ကို ငါနှင့်သင်တို့၏စပ်ကြား မှာလက္ခဏာသက်သေဖြစ်စေကြလော့" (ယေဇကျေလ ၂၀း၂၀)။

အစ္စရေးလူမျိုးတို့သည် သိနာတောင်ပေါ်သို့ မချဉ်းကပ်မရောက် လာမီကတည်းကပင် ဥပုသ်တော်နေ့ရက်မြတ်ကို သိထားနှင့်လေပါပြီ။ ကျွန်ခံခဲ့ရာ အီဂျစ်ပြည်မှစတင် ထွက်ခွာလာကတည်းက လမ်းခရီးမှာ ဥပုသ်နေ့ကို စောင့်ထိန်းခဲ့ပါပြီ။ ထိုစည်းကမ်းချက်များကို ဘုရားသခင်သည် ချမှတ်ခဲ့၍ အစ္စရေးတို့လူတချို့သည် စည်းကမ်းချက်များကို ရှုတ်ချ ဖေါက်ဖျက်သောအခါ "သင်တို့သည် ငါ၏ ပညတ်တော်များကို အဘယ်မျှ ကာလပတ်လုံး ငြင်းပယ်ကြလိမ့်မည်နည်း" (ထွက် ၁၆း၂၈) ဟူ၍ သူတို့ ကိုဆုံးမပဲ့ပြင်တော်မူခဲ့ပါ၏။

ဥပုသ်နေ့သည် အစ္စရေးလူမျိုးသက်သက်တို့အတွက်သာမဟုတ် ပါ။ ကမ္ဘာ့လူသားတစ်နွယ်လုံးအတွက် ဖြစ်ပါ၏။ ပညတ်တော်ဆယ်ပါး ဟူသည် လူသားတို့ စောင့်ထိန်းရန်အတွက် ဘုရားသခင် ပေးထားသော လူ့စည်းကမ်းချက်များဖြစ်ပါ၏။ ထာဝရဘုရားသခင်သည် မနေ့၊ ယနေ့၊ နောင်ကာလအစဉ်အမြဲတည်နေသကဲ့သို့ ထိုသခင်က ပေးသောပညတ် တော်များသည်လည်း လူသား တည်သရွေ့တည်နေရပါ၏။

ဤသည်နှင့်ပတ်သက်၍ ယေရှုသခင်ကြေညာခဲ့သည်မှာ "ကောင်း ကင်နှင့်မြေကြီးမပျက်စီးမီတိုင်အောင် ပညတ္တိကျမ်း၌ အငယ်ဆုံးသောစာလုံး ဗိန္ဒုတစ်လုံးမျှ ပြည့်စုံခြင်းသို့မရောက်မီမပျက်စီးရ"(မဿဲ ၅း၁၈)။ သို့ဖြစ်၍ ကောင်းကင်နှင့်မြေကြီးတည်ရှိနေသရွေ့ ဥပုသ်တော်နေ့ရက်သည် ဖန်ဆင်း ခြင်းတန်ခိုး၏ အထိမ်းအမှတ်တစ်ခုအဖြစ် တည်ရှိနေမည် မဟုတ်ပါလား။

ဒေင်ဥယျာဉ်တော်ကြီး ဤကမ္ဘာမြေကြီးမှာ တစ်ဖန်ပြန်လည်ဝေဆာလာသောအခါ နေအောက်မှာ ရှိသမျှသောလူသတ္တဝါခုနှစ်ရက် သားသမီးအပေါင်းတို့သည် ထာဝရဘုရားသခင်၏ အနားယူတော်မူရာ ထိုနေ့ရက်ကိုရိုသေ လေးမြတ်ကြပါလိမ့်ဦးမည် ဖြစ်ပါသည်။ ကျမ်းဆိုချက်အရ "လူသတ္တဝါအပေါင်းတို့သည် ငါ့ရှေ့မှာကိုးကွယ်ခြင်းငှာ လဆန်းနေ့နှင့် ဥပုသ်နေ့ အစဉ်အတိုင်းလာကြလိမ့်မည်ဟု ထာဝရဘုရားသခင် မိန့်တော်မူ၏။" (ဟေရှာယ ၆၆း၂၃)။

## စစ်မှန်သောပြောင်းလဲမှု၏လက္ခဏာသက်သေ

လူသည် ဥပုသ်နေ့ကို သန့်ရှင်းစေဖို့ရန်အတွက် မိမိကိုယ်ကိုသန့်ရှင်းအောင်ထားရပါမည် မဟုတ်လော။ ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်သခင်၏ ဖြောင့်မတ်ခြင်းတရား အနွယ်ဝင်များဖြစ်သင့်ကြပါ၏။

ဘုရားသခင်သည် အစ္စရေးလူမျိုးတို့အား "ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ ထိုနေ့ရက်ကိုအောက်မေ့လော့" ဟု မိန့်တော်မူစဉ်မှာ ထာဝရဘုရားသခင်သည် ထိုသူတို့အား "သင်တို့သည် ငါ့ထံ၌ သန့်ရှင်းသောသူဖြစ်စရကြမည်" ဟူ၍လည်း မိန့်တော်မူခဲ့ပါသည်။ (ထွက် ၂၀း၈၊ ၂၂း၃၁)။ ကျွန်ုပ်တို့သည် ယေရှုခရစ်တော်ကို ယုံကြည်သောကြောင့် ဝိညာဉ်ရေးဆိုင်ရာအစ္စရေးများဖြစ်ကြပါလေပြီ။ ထိုအမိန့်တော်နှင့် ကတိတော်မြတ်တို့သည်လည်း ကျွန်ုပ်တို့နှင့်ဆိုင်ပါသည်။

ဂျူးလူမျိုးတို့သည် ထာဝရဘုရားသခင်ကိုကျောပေး၍ ထွက်ခွာသွားခဲ့သောအခါမှာ ယေရှုခရစ်တော်၏ ဖြောင့်မတ်ခြင်းကို ယုံကြည်စွဲလမ်းခြင်းလည်းမရှိမူ၍ သူတို့အဖို့ ဥပုသ်နေ့၏ ထူးခြားမှု အနှစ်အရသာသည် ပျောက်လွင့်သွားခဲ့ရပါ၏။ စာတန်သည်လည်း ဥပုသ်နေ့ကိုအလွဲအမိပ္ပါယ်ကောက်စေရန် လုပ်ဆောင်ခဲ့ပါသည်။ အကြောင်းမူကား ဥပုသ်နေ့သည်

ခရစ်တော်ယေရှုဘုရားသခင်၏ အနှိုင်းမဲ့တန်ခိုးတော်၏ လက္ခဏာပင် ဖြစ်သောကြောင့်တည်း။ ယုဒလူမျိုးအကြီးအကဲတို့သည် ဘုရားသခင်၏ ဥပုသ်တော်နေ့ကို ဝန်ထုပ်ဝန်ပိုးဖြစ်စေကြ၏။

လူ့သဘောကိုအခြေခံ၍ တောင်းဆိုချက်များ ပြုခြင်းသည်လည်း စာတန်၏အလိုကို ပြီးမြောက်စေပါသည်။ ခရဏ်တော်သခင်လက်ထက်က ဆိုလျှင် ဥပုသ်နေ့မှာဥပုသ်စောင့်ခြင်းသည် မေတ္တာတော်ရှင်ထာဝရဘုရားသခင်၏ ဂုဏ်တော်ကို ရောင်ပြန်ဟပ်စေဖို့ ဖြစ်စေမည့်အစား တစ်ကိုယ်ကောင်းဆန်၍ နိုင်ထက်စီးနင်းပြုလုပ်တတ်သော လူသားတို့၏ စာရိတ္တကို ရောင်ပြန်ဟပ်သည့် အခြေအနေသို့ရောက်သည့်တိုင်အောင် မတရားလမ်းလွှဲနေပါသည်။

ကျမ်းတတ်ဆရာတော်တို့ကလည်း ဘုရားသခင်သည် လူသားတို့ မလိုက်လျှောက်နိုင်သော ပညတ်တော်များကိုပေးနေလေပြီကောဟူ၍ ဘုရားသခင်အား မှားယွင်းစွာကိုယ်စားပြုကြလေသည်။

ဘုရားသခင်သည် အာဏာရှင်ဆန်လှ၏ဟု လူတို့အား မြင်စေကြပါသည်။ ဥပုသ်နေ့မှာ လူနာကိုဆေးမကုရဟူသော သူတို့၏ သွန်သင်ပြဌာန်းချက်ကြောင့် ထာဝရဘုရားသခင်သည် ရက်စက်ကြမ်းကြုတ်လှ၏ဟူသောအတွေးကို လူတို့၌ သန္ဓေတည်စေ၏။ စိတ်နှလုံးလည်း ခိုင်မာလာစေသည် မဟုတ်ပါလား။ ဤသည်တို့ကို ဂျူးခေါင်းဆောင်တို့က လမ်းပြလုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ယေရှုသည် ထိုသူတို့၏ တောင်းဆိုချက်များကို လိုက်လျောလုပ်ဆောင်ခြင်းမပြုဘဲ ထာဝရဘုရားသခင်၏ ပညတ်တော်အရ ဥပုသ်တော်နေ့ကို မှန်ကန်စွာစောင့်ရှောက်ခဲ့ပါသည်။

## ဥပုသ်နေ့သင်ခန်းစာတစ်ခု

တစ်နေ့သောဥပုသ်နေ့မှာ ကယ်တင်ရှင်ယေရှုနှင့်တပည့်တော်တို့သည် ဝင်းမှည့်နေသောဂျုံစပါးခင်းကြီးကို ဖြတ်ကျော်၍ ခရီးသွားနေ

ကြ၏။ တပည့်တော်များသည် ဗိုက်ဆာသဖြင့် ဂျုံစပါးသီးများကိုဆွတ်၍ လက်ဖြင့် ပွတ်ကာ စားနေကြပါသည်။ အခြားနေ့ရက်များတွင် ဤကဲ့သို့ ပြုမူသော်လည်း မည်သူကမျှ အရေးလုပ်၍မပြောပါ။ အကြောင်းမူကား ဂျုံစပါးခင်းများ၊ သစ်သီးခြံများ၊ စပျစ်ဥယျာဉ်များထဲသို့ ဖြတ်သွားနေစဉ် သွားလာသူတို့သည် စားချင်ကကြိုက်သလောက် ထိုနေရာမှာ စားခွင့်ရကြပါသည်။ အိမ်ကိုတော့ သယ်မသွားရပါ။ (တရားဟော ၂၃း၂၄၊၂၅)။

သို့ရာတွင် ဤအပြုအမူမျိုးကို ဥပုသ်နေ့မှာပြုလုပ်ခြင်းသည် ဘုရားသခင်ကို မလေးမစားပြုလုပ်သည်ဟု မှတ်ယူကြပါသည်။ စပါးအနှံများကို ဆွတ်ခူးခြင်းသည် စပါးရိတ်သိမ်းခြင်း တစ်မျိုးဖြစ်ကြောင်း၊ စပါးနှံကိုလက်ထဲမှာထည့်၍ ပွတ်ခြင်းသည် စပါးနယ်ခြင်းတစ်မျိုးဖြစ်ကြောင်း လူတို့ ယူဆကြပါသည်။

ထိုယူဆချက်အရ ခရစ်တော်ယေရှု၏ တပည့်တော်များသည် နှစ်ထပ်ကွမ်းအပြစ်ကို ကျူးလွန်ခဲ့ကြလေပြီကော။ ထိုအခါ ဖာရိရှဲတို့စေလွှတ်ထားသောသူလျှိုတို့သည် ချက်ချင်းပင် ခရစ်တော်ယေရှုကို အပြစ်တင်ကာ လျှောက်ဆိုသည်မှာ "ဥပုသ်နေ့၌မပြု အပ်သောအမှုကို သူတို့သည် ပြုကြပါသည်တကား။" (မာကု ၂း၂၄)။

ယေရှုသည် ဗေသေသဒရေကန်မှာ ဥပုသ်နေ့ကို ချိုးဖေါက်သည်ဟု စွပ်စွဲပြောဆိုခံရစဉ် မိမိသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း အခိုင်အမာပြောဆို၍ မိမိ၏ လုပ်ဆောင်မှု အလုံးစုံတို့သည်လည်း ဘုရားသခင်၏ အလိုတော်နှင့် ကိုက်ညီကြောင်း အမိန့်ရှိကာ ကိုယ့်ကိုကိုယ် ကာကွယ်ခဲ့ပါ၏။ ယခုလို တပည့်တော်များ တိုက်ခိုက်မှုကို ခံရသောအခါတွင်ကား ကိုယ်တော်သည် ဓမ္မဟောင်းကျမ်းစောင်မှ ပုံသက်သေများနှင့် ဥပုသ်နေ့မှာ ဘုရားသခင်၏ အမှုတော်ဆောင်များ၏ တာဝန်ထမ်းရွက်မှု လုပ်ရပ်များသည် အပြစ်မသင့်ကြောင်း ထိုစွပ်စွဲသူတို့အား ချေပရွတ်ဆိုပြခဲ့ပါသည်။

စွပ်စွဲသူတို့ကိုပေးသော ကယ်တင်ရှင်ယေရှု၏ ဖြေကြားချက်တွင် ထိုသူတို့သည် ကျမ်းစာကိုနားမလည်ကြောင်း ပေါ်လွင်ထင်ရှားစေသည့် ဆုံးမပဲ့ပြင်မှုလေသံလည်းပါ၏။

"ဒါဝိဒ်သည် မိမိအဖော်တို့နှင့်တကွ မွတ်သိပ်သောအခါ ဘုရားသခင်၏ အိမ်တော်သို့ဝင်၍ ယဇ်ပုရောဟိတ်တို့မှတစ်ပါး အဘယ်သူမျှ မစားအပ်သော ရှေ့တော်မုန့်ကိုယူစား၍ မိမိအဖော်တို့အား ပေးသည့်အကြောင်းကိုမျှ သင်တို့သည် မဖတ်ဖူးသလော" "ယဇ်ပုရောဟိတ်တို့သည်လည်း ဗိမာန်တော်တွင် ဥပုသ်နေ့၌ ဥပုသ်ပျက်သော်လည်း အပြစ်မသင့်သည်ကို ပညတ္တိကျမ်း၌ မဖတ်ဖူးသလော။ ငါဆိုသည်ကား ဤအရပ်၌ ဗိမာန်တော်ထက်သာ၍ ကြီးမြတ်သောအရာရှိ၏။" "ထိုမှတစ်ပါး ဥပုသ်နေ့သည် လူအဖို့ဖြစ်၏။ လူသည် ဥပုသ်နေ့အဖို့ဖြစ်သည်မဟုတ်။ သို့ဖြစ်၍ လူသားသည် ဥပုသ်နေ့ကိုပင်အစိုးရသည်" ဟု ယေရှုမိန့်တော်မူခဲ့ပါသည်။ (လုကာ ၆း၃၊၄။ မဿဲ ၁၂း၅၊၆၊၈။ မာကု ၂း၂၇၊၂၈)။

သီးသန့်ထားသည့် ရှေ့တော်မုန့်ကို ဆာမွတ်နေသော ဒါဝိဒ်သည် ယူ၍စားလိုက်ခြင်း၌ မှန်ကန်မှုရှိလျှင် ဥပုသ်နေ့မှာ အဆာပြေစားရန် စပါးနှံများကို ခူးဆွတ်စားသောတပည့်တော်များ၏ လုပ်ရပ်သည်လည်း မှန်ကန်မှုရှိပါသည်မဟုတ်လော။ တစ်ဖန်တုံ၊ ယဇ်ပုရောဟိတ်တို့သည် ဗိမာန်တော်မှာ အခြားနေ့များထက် ဥပုသ်နေ့မှာ ပိုမို၍ အလုပ်များကြပါသည်။

လောကရေးရာအလုပ်ဆိုလျှင် ထိုကဲ့သို့အားထုတ်လုပ်ကိုင်ချေက အပြစ်ကျူးလွန်ရာသို့ရောက်မည်ဖြစ်ပါသော်လည်း ဘုရားသခင်၏အမှုတော်မြတ်မှာ ယဇ်ပုရောဟိတ်တို့သည် မိမိတာဝန်ကို ထမ်းဆောင်ခြင်းဖြင့် ခရစ်တော်သခင်၏ ကယ်တင်ခြင်းတန်ခိုးတော်ကို ပြဋ္ဌန်းနေခြင်းဖြစ်ပါသည်။ ခရစ်တော်တွေ့မြင်စေသော ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်ကို လုပ်ဆောင်နေသည်ဖြစ်၍ ဥပုသ်နေ့၏ ရည်ရွယ်ချက်နှင့်ကိုက်ညီနေပါသည်။

ဤကမ္ဘာလောကကြီးမှာ လူသားတို့ကို ကယ်တင်ရန်သည် ထာဝရဘုရားသခင်၏ ရည်ရွယ်ချက်ပင်ဖြစ်၏။ သို့ဖြစ်၍ ဤဦးတည်ချက်ဖြင့် ဥပုသ်နေ့မှာ မလုပ်မဖြစ်လုပ်ဆောင်ရန် လိုအပ်လေသမျှသည် ဥပုသ်ပညတ်နှင့်ဆီလျော်ပါ၏။

ထိုနောက်မှ ယေရှုသခင်သည် မိမိကိုယ်ကို "ဥပုသ်နေ့၏အရှင်" အဖြစ် ဖော်ပြပြောဆိုလိုက်ခြင်းဖြင့် စကားကိုလက်စသတ်တော်မူခဲ့ပါသည်။ ချိုးဖေါက်ကျူးလွန်ကြောင်းစွပ်စွဲထားသည့် အပြစ်တင် ဝေဖန်မှုများမှလည်း အနိုင်းမဲ့ တရားသူကြီးယေရှုသခင်သည် တပည့်တော်တို့အား ကင်းလွတ်စေခဲ့ပါသည်။

ယေရှုသည် မိမိရန်သူတို့၏ ဥပုသ်နေ့အပေါ် အမြင်တိမ်းစောင်းမှု၏ မှားယွင်းစွာယူဆချက်ကို ဤသို့မိန့်တော်မူ၏။ "အကယ်၍ သင်တို့သည် ယဇ်ပူဇော်ခြင်းအကျင့်ထက် သနားခြင်း ကရုဏာအကျင့်ကို ငါနှစ်သက်၏ ဟူသောကျမ်းစကားကို သင်တို့နားလည်လျှင် အပြစ်ကင်းသောသူတို့ကို အပြစ်မတင်မစီရင်ကြပြီ။" (မဿဲ ၁၂း၇)။ ထိုသူတို့၏ အကြင်နာတရားကင်းမဲ့သည့် ထုံးတမ်းစဉ်လာ လုပ်ဆောင်မှုများသည် ထာဝရဘုရားသခင်ကို စစ်မှန်စွာ ကိုးကွယ်သောသူတို့၏ စရိုက်မှာ ပေါ်လွင်ထင်ရှားနေသော သစ္စာသမာဓိနှင့် သိမ်မွေ့စွာသော ချစ်မေတ္တာမျိုးကို မပေးစွမ်းနိုင်ခဲ့ပါချေ။

## ယေရှုသည် ဥပုသ်နေ့မှာရောဂါအနာကိုငြိမ်းစေခြင်း

ပူဇော်သော ယဇ်ကောင်သီးသန့်သက်သက်မှာ မည်သည့်အရေးပါမှုတစ်စုံတစ်ခုမျှမရှိပါ။ ထိုအရာများသည် အထောက်အကူများသာဖြစ်၍ ပဓာနကျသော အရာများမဟုတ်ပါ။ ဦးတည်ရည်ရွယ်ချက်ကား သူတို့ကိုကယ်တင်ရှင်ထံသို့ လမ်းညွှန်ပေးခြင်း၊ ဘုရားသခင်နှင့်သဟဇာတဖြစ်စေခြင်းသာ ဖြစ်၏။ ချစ်ခြင်းမေတ္တာကို အရင်းခံသော

လုပ်ဆောင်မှုကိုသာ ဘုရားသခင် အလိုတော်ရှိပါသည်။ အကယ်၍သာ မေတ္တာမပါသော ယဇ်ပူဇော်ခြင်းဖြစ်ပါက ကိုယ်တော်ရှင် ဘုရားသခင်ကို ပြစ်မှားခြင်း သက်သက်သာဖြစ်စေပါ၏။

ဥပုသ်စောင့်ခြင်းသည်လည်း ထိုနည်းနှင်နှင်ပင်ဖြစ်ပါသည်။ လူ၏ စိတ်အာရုံသည် ဥပုသ်နေ့မှာ ဘုရားသခင်နှင့်အထူးဆက်သွယ် မိတ်သဟာ ယဖွဲ့ရန်ဖြစ်သော်လည်း စိတ်မောစရာ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်တို့ ဖြင့်သာ အချိန်ကုန်နစ်မျောစေပါသော် ဥပုသ်စောင့်ခြင်း၏ ရည်ရွယ် ချက်သည် ပျက်ပြားရ၏။ အပြင်ပန်း ဥပုသ်စောင့်ခြင်း သက်သက်သည် အချည်းနှီးအားထုတ်ခြင်းသာဖြစ်ပါသည်။

တစ်နေ့သော ဥပုသ်နေ့၌ ယေရှုသခင်သည် ဗိမာန်တော်ထဲမှာ လက်တစ်ဖက်သေနေသူတစ်ယောက်ကို မြင်တော်မူ၏။ ကိုယ်တော်သည် မည်သည့်အရာကို ပြုလုပ်မည်နည်းဟု ဖာရိရှဲတို့သည် စိတ်ဝင်တစား စောင့်ကြည့်နေကြပါသည်။ ကယ်တင်ပိုင်ရှင် ယေရှုသခင်သည် မဆိုင်းမတွ ဥပုသ်တော်နေ့ကို အကာအရံပြုလုပ်ထားသည့် မိရိုးဖလာပြဋ္ဌာန်းသတ်မှတ် ချက်တံတိုင်းကြီးကို ဖြိုချပစ်ရန် ဆောင်ရွက်တော်မူခဲ့ပါသည်။

ထိုအခါ ယေရှုသခင်က "အလယ်၌ မတ်တပ်ရပ်နေလော့ဟု လက်တစ်ဖက်သေသောသူအား မိန့်တော်မူပြီးမှ ဥပုသ်နေ့၌ ကျေးဇူးပြု အပ်သလော။ သတ်အပ်သလော" ဟု ပရိသတ်တို့အား မေးတော်မူ၏။ (မာကု ၃း၄)။ ဂျူးလူမျိုးတို့တွင်ကောင်းမှုကုသိုလ်တစ်ခုကိုလုပ်ဆောင်ဖို့ အခွင့်အရေးကြုံနေချိန်မှာ မလုပ်ခဲ့ခြင်းသည် အပြစ်ကျူးလွန်ခြင်းဖြစ် ကြောင်း၊ အသက်တစ်ချောင်းကိုကယ်တင်ရန် ဂရုမစိုက်လျစ်လျူရှု ခြင်းသည်လည်း ထိုအသက်ကိုသတ်ခြင်းဖြစ်ကြောင်း ဆိုရိုးစကား တစ်ခုရှိပါသည်။ ဤသို့လျှင် ယေရှုသည် ကျမ်းတတ်ဆရာတော်ကြီးများ အား မိမိတို့၏စကားနှင့် မိမိတို့ကို ချည်နှောင်ခဲ့ပါ၏။ "ထိုသူတို့

သည် တိတ်ဆိတ်စွာနေကြ၏။ ထိုအခါ အမျက်တော်နှင့် သူတို့ကိုပတ်လည်ကြည့်ရှု၍ သူတို့ စိတ်နှလုံးမိုက်သောကြောင့် ဝမ်းနည်းတော်မူခြင်းရှိလျှင် သင်၏ လက်ကိုဆန့်လော့ဟု ထိုသူအား မိန့်တော်မူ၍ သူသည် မိမိလက်ကိုဖန့်လျှင် ထိုလက်သည် အခြားလက်တစ်ဖက်ကဲ့သို့ ပကတိဖြစ်လေ၏။" (မာကု ၃း၅)။

ဤကဲ့သို့ဥပုသ်နေ့မှာ ရောဂါငြိမ်းစေခြင်းအမှုကို ပြုအပ်ပါသလောဟု မေးလာသည်တွင် ကိုယတော်က "မိမိ၌ သိုးတစ်ကောင်တည်းရှိ၍ ထိုသိုးသည် ဥပုသ်နေ့၌ တွင်းထဲသို့ကျလျှင် မဆွဲတင်ဘဲနေမည့် သူတစ်စုံတစ်ယောက်မျှသင်တို့တွင် ရှိသလော။ လူသည် သိုးထက်အလွန်မြတ်ပါ၏။ ထို့ကြောင့် ဥပုသ်နေ့၌ ကျေးဇူးပြုသည်ဟု ပြန်ပြောတော်မူ၏။" (မဿဲ ၁၂း၁၀-၁၂)။

## တိရစ္ဆာန်များကိုမူကား ပိုမို၍ဂရုစိုက်ခြင်း

ထိုသူလျှိုတို့သည် ခရစ်တော်သခင်ကို မချေပဝံ့ကြချေ။ လူအုပ်ကြီးက ကြည့်နေသည်မဟုတ်လော။ ယေရှုသည် အမှန်တရားကိုပြောနေကြောင်း သူတို့ သိနားလည်ကြပါသည်။

သူတို့သည် လူတို့စီရင်သောထုံးတမ်းစဉ်လာကို ချိုးဖေါက်ဖို့ထက် ရောဂါ ဝေဒနာခံစားနေရသူလူသား အချင်းချင်းအား စွန့်ပစ်ထားတတ်ကြပေသည်။

ပိုင်ရှင်မှာ ထိခိုက်နစ်နာဆုံးရှုံးသွားနိုင်သည့် တွင်းထဲသို့ကျသွားသောတိရစ္ဆာန်ကိုမူ သူတို့တတွေ ကယ်ဆယ်တတ်ကြပါသည် တကား. .။ ဤသို့လျှင် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားသည့် လူလို စကားမပြောတတ်သော တိရစ္ဆာန်တစ်ကောင်ထက် ပို၍ဂရုစိုက်ကြောင်း ပေါ်လွင်နေပါသည်။ ဤအမှုအရာသည် မှားယွင်းသောဘာသာ

တရားများအားလုံး၏ လုပ်ဆောင်ချက်များကို သရုပ်ဖော်နေပါ၏။ သူတို့သည် မိမိကိုယ်ကို ဘုရားသခင်အထက်မှာ ချီးမြှောက်ရန် ဆန္ဒများကိုလူတို့တွင် အစပျိုးပေးခဲ့ကြပါသော်လည်း နောက်ဆုံးတွင် တိရစ္ဆာန်ထက်ယုတ်ညံ့သော ရလဒ်များသာ ရရှိခဲ့ကြလေပါပြီ။

ဧဝံဂေလိသတင်းကောင်းမှာမူကား လူကိုခရစ်တော်၏ အသွေးတော်နှင့် ဝယ်ယူကယ်နုတ်ခဲ့သော တန်ဖိုးကြီးအရာအဖြစ် သတ်မှတ်ထားရှိကာ လူသားအချင်းချင်း၏လိုအပ်ချက်များ၊ ခံစားရ အမင်္ဂလာအကျိန်များအတွက် အရေးတယူပြုရမည့်အကြောင်းကို သွန်သင်ပါသည်။ ဟေရှာယ ၁၃း၁၂ ကိုရှုပါ။

ဖာရိရှဲတို့သည် ခါးသီးသော မုန်းတီးမှုဖြင့် ယေရှု၏အသက်ကို သတ်ဖြတ်ရန် ကြံစည်နေကြလေသည်။ ထိုအချိန်၌ ယေရှုသည် နာမကျန်းသူများအား အနာရောဂါပျောက်ကင်းစေပြီး လူသားတို့အား ဘဝသစ်၏ ပျော်ရွှင်စရာအသက်တာဆီသို့ ပို့ဆောင်ပေးနေပါသည်။

ဥပုသ်တော်နေ့မှာ အသက်ကိုကယ်မည့်အစား သူတို့တတွေ စီမံချက်ချသလို လုပ်ကြံသတ်ဖြတ်မှုကို ကျူးလွန်မည်ဆိုက ကောင်းပါမည်လား။ ယေရှုသခင်က နာမကျန်းသူဝေဒနာသည်တို့အား ကျန်းမာပကတိဖြစ်စေရန် ကုသပေးနေချိန်မျိုးမှာ သူတို့၏ ကလိမ်ကကျစ်လုပ်ကြံမှုအကြံအစည်ကို ဖေါ်ဆောင်မည်ဆိုက ကောင်းမွန်ပါမည်လား။

လက်တစ်ဖက် သေသောသူအား ကုသ ပျောက်ကင်းစေခြင်းအားဖြင့် ယေရှုသည် ဂျူးလူမျိုးတို့၏ ထုံးစံဓလေ့ စီရင်မှုတို့ကို ပြစ်တင်ရှုတ်ချလိုက်သလို စတုတ္ထပညတ်သည် ထာဝရဘုရားသခင်ပေးသနားတော်မူခဲ့စဉ်က တည်ရှိသကဲ့သို့ ရှိနေသေးပါကြောင်း ကြေညာနေခြင်းဖြစ်ပါသည်။ ထိုကြောင့် "ဥပုသ်နေ့၌ ကျေးဇူးပြုအပ်သည်ဟု သခင်

မိန့်တော်မူခဲ့၏။ သခင်ဘုရားအား အပြစ်တင်နေသော သူတို့သည်ဘုရားသခင်၏ သန့်ရှင်းသော ဥပုသ်တော်နေ့ကို ရှုတ်ချနေစဉ်မှာ ခရစ်တော်သည် ယုဒလူတို့၏ အဓိပ္ပါယ်မဲ့သော တားမြစ်ချက်များကို ပယ်ရှားလိုက်ခြင်းဖြင့် ဥပုသ်တော်နေ့ကို အလေးအမြတ် ပြုတော်မူကြောင်း ထင်ရှားစေခဲ့သည်မဟုတ်ပါလား။

ခရစ်တော်သည် ပညတ်တော်ကို ဖျက်ပယ်လိုက်ပြီဟု ယုံကြည်ခံယူသောသူတို့က ယေရှုသည် ဥပုသ်တော်နေ့ကို ချိုးဖောက်ခဲ့ပြီး မိမိ၏တပည့်တော်တို့အားလည်း အလားတူလုပ်ဆောင်ခြင်းသည် မှန်ကန်ကြောင်း အမိန့်တော်ရှိခဲ့သည်ဟု သွန်သင်နေကြပါသည်။ ဤသို့လျှင် ထိုသူတို့သည်လည်း အကြောင်းမဲ့အပြစ်ရှာတတ်သော ဂျူးလူမျိုးတို့၏ လုပ်ရပ်ကဲ့သို့ပင် အမှန်တကယ်လုပ်ဆောင်နေကြပါ၏။ ဤသို့ဆိုသော် ထိုသူတို့သည် ခရစ်တော်သခင် ကိုယ်တော်တိုင်က ပြုခဲ့သည့် "ငါသည် ငါ့ခမည်းတော်၏ ပညတ်တို့ကိုစောင့်ရှောက်၍ ငါ့ခမည်းတော်၏ မေတ္တာ၌တည်နေသည်" (ယောဟန် ၁၅း၁၀)ဟူသောကြေညာချက်နှင့်ဆန့်ကျင်ဖီလာဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ ကယ်တင်ပိုင်ရှင် ယေရှုသခင်သည်သော်လည်းကောင်း၊ မိမိ၏ နောက်တော်လိုက် တပည့်တော်များတို့သည်လည်းကောင်း၊ ဥပုသ်တော်နေ့ကို မချိုးဖောက်ခဲ့ကြပါ။ ယေရှုသည် မိမိအား အပြစ်တင်ရန်ရှာနေကြသောယုဒ (ဂျူး) နိုင်ငံ၏ သက်သေခံတို့အားဆိုသည်ကား "ငါ၌အပြစ်ရှိကြောင်းကို သင်တို့တွင် အဘယ်သူဖေါ်ပြသနည်း" ဟု သံသယကင်းစွာဖြင့်မေးတော်မူနိုင်ခဲ့ပေသည်။

"ဥပုသ်နေ့သည် လူအဖို့ဖြစ်၏။ လူသည် ဥပုသ်နေ့အဖို့ဖြစ်သည်မဟုတ်" ဟု ယေရှုမိန့်တော်မူခဲ့ပါ၏။ ဥပုသ်နေ့ ပညတ်တစ်ပါးပါဝင်သော လူတို့အဖို့ ဘုရားသခင်ပေးသနားတော်မူသည့် ပညတ်တော်ဆယ်ပါးသည် လိုက်နာကျင့်သုံးသူတို့အဖို့ မင်္ဂလာပင်ဖြစ်သည်မဟုတ်လော။ တရားဟောရာကျမ်း ၆း၂၄ ကိုရှုပါ။ ၄င်းအပြင် "ဥပုသ်နေ့ကို

မရှုတ်ချ၊ စောင့်ရှောက်၍ ငါ၏ပဋိညာဉ်ကို စွဲလမ်းသောသူအပေါင်းတို့ကို ငါ၏ သန့်ရှင်းသောတောင်သို့ ငါဆောင်ခဲ့၍ ငါ၏ဆုတောင်းရာအိမ်၌ ဝမ်းမြောက်စေမည်" ဟု ဘုရားသခင် အမိန့်တော်ရှိပါသည်တကား။ (ဟေရှာယ ၅၆း၆-၇)။

"သို့ဖြစ်၍ လူသားသည် ဥပုသ်နေ့ကိုပင် အစိုးရသည်" ဟူသော စကားတို့တွင် ညွှန်ကြားချက်များနှင့် နှစ်သိမ့်မှုများအပြည့်အဝ ပါရှိနေပါ၏။ ဥပုသ်နေ့သည် လူသားတို့အဖို့ တည်ထောင်ထားသည်ဖြစ်သောကြောင့် ထိုနေ့ရက်သည် သခင်ဘုရား၏ နေ့ဖြစ်ပါသည်။ အကြောင်းမူကား ထိုနှုတ်တော်ထွက် ယေရှုသည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့်ကင်းလွတ်လျက်ရှိသော အရာတစ်စုံတစ်ခုမျှမရှိ" (ယောဟန် ၁း၃)။

ကိုယ်တော်သည် အရာခပ်သိမ်းကိုဖန်ဆင်းတော်မူသောကြောင့် ဥပုသ်တော်နေ့ကိုလည်း ကိုယ်တော်သခင်ဖန်ဆင်းတော်မူခဲ့ပါသည်။ ထိုသခင်အားဖြင့် ဥပုသ်နေ့သည် အခြားနေ့ရက်များနှင့်မတူ၊ တစ်မူထူးခြားကာ ဖန်ဆင်းခြင်း၏ အထိမ်းအမှတ်တစ်ခုအနေဖြင့် သီးသန့်ခွဲထားတော်မူခဲ့ပါသည်။

ဥပုသ်နေ့သည်ထိုသခင်အား ဖန်ဆင်းရှင်နှင့်သန့်ရှင်းစင်ကြယ်စေသူအဖြစ် ပြညွှန်နေသလို အသင်းတော်၏ဦးခေါင်းဖြစ်သူ ထိုသခင်၏တန်ခိုးတော်အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ရန်ငြိမ်းသွားပြီဖြစ်ကြောင်းကိုလည်းဖော်ညွှန်းနေပါသည်။ ကိုယ်တော်ရှင် ဘုရားသခင်သည် အစ္စရေးလူမျိုးတို့အားဤသို့မိန့်ကြားတော်မူခဲ့ပါသေး၏။ "ငါထာဝရဘုရားသခင်သည် သူတို့ကို သန့်ရှင်းစေခဲ့သည်ဟု သူတို့သည် သိမည်အကြောင်း ငါနှင့်သူတို့စပ်ကြားမှာ လက္ခဏာသက်သေဖြစ်စေခြင်းငှာ ဤဥပုသ်နေ့တို့ကို ငါခန့်ထား၏။" (ယေဇကျေလ ၂၀း၁၂)။ ၄င်းပြင် ဥပုသ်တော်နေ့သည်ကျွန်ုပ်တို့ကို သန့်ရှင်းစေသော ခရစ်တော်သခင်၏ တန်ခိုးလက္ခဏာတစ်ခု

လည်းဖြစ်ပါသည်။ ထိုသန့်ရှင်းစေသောတန်ခိုးကို ခရစ်တော်သခင်သန့်ရှင်းစေသောသူအပေါင်းတို့သည် ရရှိကြကုန်၏။

သို့ဖြစ်၍ ဥပုသ်တော်နေ့ကို ခရစ်တော်သခင်၏ ဖန်ဆင်းခြင်းနှင့် ကယ်တင်ရွေးနုတ်ခြင်း တန်ခိုး၏ လက္ခဏာသက်သေတစ်ပါးအဖြစ်လက်ခံသူအပေါင်းတို့သည် ဝမ်းမြောက်ကြပါလိမ့်မည်။ ဟေရှာယ ၅၈း၁၃၊၁၄ ကိုရှုပါ။ ထိုနေ့ရက်၌ ခရစ်တော်ကို မြင်တွေ့ရခြင်းအတွက် ထိုသူတို့သည် သခင်၌ မွေ့လျော်ကြပါသည်။ ဥပုသ်တော်နေ့သည် ဧဒင်ဥယျာဉ်မှာဆုံးရှုံးခဲ့ရသော ငြိမ်သက်ဝမ်းမြောက်ခြင်းကို သတိရစေသကဲ့သို့ ကယ်တင်ရှင်ခရစ်တော်အားဖြင့် ပြန်လည်ရရှိမည့် ငြိမ်သက်ခြင်းအကြောင်းကိုလည်း ဖွင့်ပြနေပါသည်။ ၄င်းပြင် သဘာဝတွင်ရှိသော ပစ္စည်းတိုင်းက “ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့၊ ငါသည်ချမ်းသာပေးမည်” ဟူသော ယေရှုသခင်ကယ်တင်ရှင်၏ ဖိတ်ခေါ်ချက်ကို ထပ်ခါတလဲလဲရွတ်ဆိုနေကြပါသည်တကား။ (မဿဲ ၁၁း၂၈)။

-ဝ-

# အခန်း (၃၀)
# တမန်တော်ဆယ်နှစ်ပါးကို ခရစ်တော်က ခန့်အပ်တာဝန်ပေးခြင်း

(မာကု ၃း၁၃-၃၉။ လုကာ ၆း၁၂-၁၆ ကို အခြေခံသည်။)

"ကိုယ်တော်သည် တောင်ပေါ်သို့တက်၍ အလိုတော်ရှိသောသူတို့ကိုခေါ်တော်မူလျှင် အထံတော်သို့လာကြ၏။ ကိုယ်တော်နှင့်အတူရရှိနေစေခြင်းငှာလည်းကောင်း၊ တရားဟောသောအခွင့်. . . . .။"

ဂါလိလဲအိုင်နှင့် မလှမ်းမကမ်းမှာရှိသော သစ်ပင်အရိပ်အောက်မှာ တစ်ကျိပ်နှစ်ပါးသော တပည့်တော်တို့သည် တမန်တော်အရာ၌ ခန့်အပ်ထားကာ ယေရှုသည် တောင်ပေါ်တရားတော်ကို ဟောကြားတော်မူခဲ့ပေသည်။

ယေရှုသည် တပည့်တော်တို့အား သွန်သင်ရာ၌ မြို့မှထွက်၍ ဆိတ်ငြိမ်သော လယ်ပြင်၊ တောင်ကုန်းသဘာဝရှုခင်းများရှိရာ နေရာမှာ ပိုမို၍ နှစ်သက်ပါသည်။

သခင်၏အမှုတော်ဆောင်ရာ သာသနာကာလအတွင်းမှာလည်း ကိုယ်တော်သည် အပြာရောင်ကောင်းကင်အောက်၊ မြစိမ်းရောင်မြက်ခင်းခြုံထားသောတောင်ခါးပန်း (သို့မဟုတ်) ရေအိုင်ကြီး၏ ကမ်းခြေများပေါ်တွင် လူပရိသတ်တို့အား စုဝေးတရားနာစေခဲ့ပေသည်။ ဤလိုနေရာမျိုးမှာ ကိုယ်တော်သည် တရားနာပရိသတ်တို့အား ဟန်ဆောင်မှုများမှရှောင်ရှားစေ၍ သဘာဝကျကျအနှစ်သာရဆီသို့ တွန်းပို့နိုင်မည်မဟုတ်ပါလား။ လူတို့သည်လည်း သဘာဝတရား၏ ကြီးပွားလှပတိုးတက်မှုရှိသော အခြေအနေမျိုးမှာ ထာဝရဘုရားသခင်ပေးအမှန်တရားကိုပိုမို၍ လေ့လာဆည်းပူးကာ သင်ခန်းစာများစွာကို ယူနိုင်ကြမည်ဖြစ်ပါသည်။

ယေရှုသည် ကောင်းကင်ဘုံသို့ တက်ကြွသွားပြီးသည်နောက် မြေကြီးပေါ်မှာ မိမိ၏ ကိုယ်စားလှယ်အဖြစ် အသင်းတော်ကိုဖွဲ့စည်းတည်ထောင်ကာ တပည့်တော်တို့သည်လည်း စုပေါင်းပါဝင်ရန်ဖြစ်ပါသည်။ ဤကား ပထမဦးစွာလုပ်ရမည့် အလုပ်ပေတည်း။

တန်ဖိုးကြီးသောဗိမာန်တော်မှာအဆင်သင့်မရှိခဲ့ပါသော်လည်း ကယ်တင်ရှင်သည် မိမိနှစ်သက်မြတ်နိုးရာ ဆိတ်ညံရာအရပ်သို့ တပည့်တော်တို့ကို ခေါ်ဆောင်သွားပါသည်။ ထိုနေ့ရက်ကို တပည့်တော်တို့သည် မမေ့နိုင်ကြ။ အကြောင်းသော်ကား ထိုနေ့ရက်၏ ကောင်းမြတ်သော အတွေ့အကြုံများသည် သဘာဝ၏တောင်ကုန်းမြေမြင့်၊ လျှိုမြောင်၊ ချိုင့်ဝှမ်း၊ အိုင်ပင်လယ်တို့၏ တင့်တယ်မှုအပေါင်းနှင့် အမြဲတမ်းနီးနွယ်လှပနေသောကြောင့် ဖြစ်ပါသည်။

ယေရှုသည် တပည့်တော်တို့အား ဖိတ်ခေါ်သည်အရာမှာ ၎င်းတို့သည် သခင်ထံမှကြားရ၊ မြင်ရသက်သေခံရလေသမျှကို ကမ္ဘာလောကအရပ်ရပ်သို့ ထွက်ခွာ၍ ဟောပြောကြေညာရန် ဖြစ်ပေသည်။ လူသားတို့အား အပ်နှင်းသည့် တာဝန်များစွာတို့တွင် ဤတာဝန်သည် အရေးအကြီးဆုံးဖြစ်ပါ၏။

ခရစ်တော်သခင်ကိုယ်တော်တိုင်က လုပ်ဆောင်သည့်လုပ်ငန်းပြီးလျှင် ဤဘိသိတ်ပေးခြင်းသည် ဒုတိယအရေးကြီးသောလုပ်ငန်းဖြစ်ပေသည်။ ထိုသူတို့သည် ကမ္ဘာလောကကြီးကို ကယ်တင်ရန်ကိစ္စအတွက် ထာဝရဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်ရမည့်အမှုတော်ဆောင်များဖြစ်ရပါမည်။

တပည့်တော်များ၌ မည်ကဲ့သို့သော စာရိတ္တစရိုက်မျိုးရှိသည်ကို ကယ်တင်ရှင်သည် အသိဆုံးဖြစ်ပါ၏။ ၎င်းတို့၏ အားနည်းချက်များနှင့် မှားယွင်းပုံ အထွေထွေသည် ကိုယ်တော်ရှေ့မှောက်မှာ ထင်ရှားလျက်

ရှိပါ၏။ သူတို့သည် မည်မျှပြင်းထန်ခက်ခဲသော ဘ၀လမ်းခရီးကိုဖြတ်ကျော်သွားရမည်ကို သခင်သိပါသည်။ သို့ဖြစ်၍ သခင်သည် မိမိရွေးချယ်ခဲ့ပြီးသော တမန်တော်များအပေါ်မှာ စိတ်နှလုံး တိမ်းညွတ်လျက်ရှိ၏။

သူတို့အတွက် သခင်သည် တောင်ပေါ်မှာ တစ်ဦးတည်းညလုံးပေါက်ဆုတောင်းပေးနေပါသည်။ သူတို့တတွေမှာကား တောင်ခြေရင်းမှာအိပ်မောကျနေကြ၏။ အာရုဏ်ဦးအလင်းရောင်ဖြာလာသည်နှင့် အရေးကြီးစကားပြောကြားရန်ရှိသဖြင့် ကိုယ်တော်သည် တပည့်တော်တို့အား အထံတော်သို့ လာရောက်ကြပါရန် ခေါ်တော်မူလိုက်ပါသည်။

ယောဟန်၊ယာကုပ်၊ အိန္ဒြေနှင့်ပေတရုတို့သည်လည်းကောင်း၊ ဖိလပ္ပုနာသနေလနှင့် မဿဲတို့သည်လည်းကောင်း အခြားသော တမန်တော်များထက် ယေရှုသခင်နှင့် ပိုမိုရင်းနှီးကြပါသည်။

ထိုမှလွှန်၍ပြောရသော် ပေတရု၊ ယာကုပ်နှင့်ယောဟန်တို့သည် အနီးကပ်ဆုံးကိုယ်တော်၏အနားမှာ အမြဲတမ်းရှိကြပါ၏။ သူတို့သုံးယောက်သည် ကိုယ်တော်နှင့်အနီးကပ်ဆက်ဆံကြသူများဖြစ်၍ သခင်ပြသော နိမိတ်လက္ခဏာများနှင့် တရားပေးခြင်းကို ကြားရ၊ မြင်ရကြပါသည်။ ယေရှုသည်လည်း အားလုံးကိုချစ်၏။ သို့သော် ယောဟန်ကို အချစ်ဆုံးဖြစ်ပါသည်။

အကြောင်းမူကားယောဟန်၌ သွန်သင်ချက်များကိုအခံယူတတ်ဆုံးစိတ်ထားရှိသောကြောင့်တည်း။ ၎င်းသည် အခြားသူများထက် အသက်ငယ်၍ ကလေးငယ်ကဲ့သို့ ယုံကြည်ကိုးစားမှုမျိုးရှိသလို ယေရှုထံ၌မိမိစိတ်နှလုံးကို အမြဲဖွင့်ထားသူဖြစ်ပါသည်။ ဤသို့လျှင် သူသည် ယေရှုသခင်နှင့်ပိုမို၍ ကရုဏာသံယောဇဉ်စွဲညှိကာ သူမှတစ်ဆင့် တစ်ပါးသူထံသို့ ဝိညာဉ်ရေးနှင့်ပတ်သက်သော နက်နဲသည့် သွန်သင်ချက်များကိုယေရှုသည် ဟောကြားတော်မူခဲ့ပါ၏။

## ယုံကြည်ရန်နှေးကွေးခြင်း

"ငါ့နောက်သို့လိုက်လော့" ဟူသောအမိန့်ပေး၍ ခရစ်တော်ယေရှု ခေါ်တော်မူသော တမန်တော်တို့တွင် ဖိလိပ္ပုသည် အဦးဆုံးသောသူဖြစ်ပါသည်။ ယေရှုခရစ်တော်သည် ဘုရားသခင်၏ သိုးသငယ်ဖြစ်ကြောင်း နှစ်ခြင်း နှစ်ခြင်းဆရာယောဟန်၏ ကြေညာချက်ကို သူသည်ကြားသိခဲ့ရပြီး အမှန်တရားကို ရိုးရိုးသားသားရှာဖွေလေ့လာသူတစ်ဦး ဖြစ်၏။

သို့သော် ယုံလွယ်သောစိတ်ရှိသော သူတစ်ဦးတော့မဟုတ်ပါ။ သို့ဖြစ်၍ တမန်တော်ချင်းနာသနေလက ယေရှုသခင်၏ ဘုရားသခင်ဇာတိတော်အကြောင်းကို ဖိလိပ္ပုအားပြောသောအခါ 'နာဇရက်မြို့မှာကောင်းသောအရာတစ်စုံတစ်ခုထွက်သလော" ဟု ပြန်မေးခဲ့သည်မဟုတ်လော။

သူ့အတွက်မူ ကိုယ်တော်သည် "နာဇရက်မြို့နေ ယောသပ်၏သား ယေရှု" (ယောဟန် ၁း၄၅) ဟူ၍သာဖြစ်၏။ တစ်ဖန် လူငါးထောင်ကို ကျွေးမွေးသောအချိန်မှာလည်း ဖိလိပ္ပု၏ ယုံကြည်ခြင်းအားနည်းပုံကိုတွေ့ရပါသည်။

"ဤသူတို့စားစရာမုန့်ကိုအဘယ်မှာဝယ်မည်နည်း" ဟု သူ့အား စမ်းသပ်ရန်အတွက် ခရစ်တော်ယေရှုက မေးလိုက်သောအခါ "ဤသူတို့သည် မုန့်တဖွဲ့စီဝေရအောင်၊ ဒေနာရီအပြားနှစ်ရာ အဖိုးထိုက်သောမုန့်မလောက်ပါ" ဟု သံသယ မကင်းသောသဘောဖြင့် ဖြေဆိုခဲ့၏။ (ယောဟန် ၆း၅၊၇)။

ဖိလိပ္ပုသည် ယေရှုသခင်၏ လုပ်ဆောင်မှုများကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရပါ၏။ တန်ခိုးတော်ကိုလည်း မြည်းစမ်းခဲ့ရပါသော်လည်း ယုံကြည်ခြင်းမရှိကြောင်းကို တွေ့ရသည့်အတွက် ယေရှုသည် ဝမ်းနည်းမိပါသည်။

ဂရိလူမျိုးတို့က ခရစ်တော်ယေရှုအကြောင်းနှင့် ပတ်သက်၍သူ့အားမေးမြန်းစုံစမ်းသောအခါမှာလည်း ထိုသူတို့အား လှိုက်လှဲပျူငှာစွာဖြင့် ယေရှုခရစ်တော်နှင့်မိတ်ဆက်ပေးရန် အခွင့်အရေးကို သူသည်အသုံးမပြုခဲ့ဘဲ အိန္ဒြေထံသို့ အပြေးကလေးနှင့် ပြောပြရန် သွားခဲ့ပါသည်။

တစ်ဖန်ကိုယ်တော်ကို လက်ဝါးကပ်တိုင်မတင်မီ အချိန်ကလေးမှာပြောဆိုခဲ့သော သူ့စကားများကိုထောက်သော် စိတ်ဓါတ်ကျဆင်းနေသောယုံကြည်ခြင်းသာဖြစ်နေသေးသည်ကော။

"သောမတ်စ်က သခင်၊ ကိုယ်တော်သည် အဘယ်အရပ်သို့သွားတော်မူသည်ကို အကျွန်ုပ်မသိသည်ဖြစ်၍ လမ်းခရီးကိုအဘယ်သို့ သိနိုင်ပါမည်နည်းဟု လျှောက်လျှင် ယေရှုက ငါသည်လမ်းခရီးဖြစ်၏။ အမှန်တရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ သင်တို့သည် ငါ့ကိုသိလျှင် ငါ့ခမည်းတော်ကိုမသိဘဲမနေကြ။ ဖိလိပ္ပုကလည်း သခင်၊ ခမည်းတော်ကို အကျွန်ုပ်အားပြတော်မူပါ။ ထိုသို့ပြတော်မူလျှင် အကျွန်ုပ်တို့အလိုပြည့်စုံပါမည်ဟု လျှောက်၏။" (ယောဟန် ၁၄း၅-၈)။

နာသနေလ၏ ကလေးငယ်နှင့်တူသော ယုံကြည်ကိုးစားမှုကို ဖိလိပ္ပု၏ သံသယနှင့်ယှဉ်သော မယုံကြည်မှုနှင့်နှိုင်းစာလျှင် ကွဲပြားခြားနားလွန်းလှပါ၏။ နာသနေလသည် မမြင်ရသေးသည့် ဖြစ်ရပ်မှန်အချက်အလက်များကို ယုံကြည်ခြင်းဖြင့် စွဲကိုင်သူတစ်ဦးဖြစ်ပါသည်။ ဖိလိပ္ပုမူကား ခရစ်တော်ယေရှု၏ ကျောင်းမှာကျောင်းသား တစ်ယောက်ဖြစ်ပါလျက်နှင့် ဤသဘောမျိုးရှိသောကြောင့် ယေရှုသည် သူ၏ မယုံကြည်မှုများနှင့် ထုံထိုင်းအနမှုများကို စိတ်ရှည်စွာဖြင့် သည်းခံတော်မူခဲ့ပေသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် တပည့်တော်တို့အပေါ်သို့သက်ရောက်သောအခါတွင်မူကား ဖိလိပ္ပုသည် သခင်နှင့်ပတ်သက်၍ ပြောလေသမျှတို့တွင် ခရေစေ့တွင်းကျသိရှိနားလည်ပြီး မိမိ၏ တရားနာ

ပရိသတ်တို့အား ၄င်းတို့၏အပြစ်များကို ထင်ရှားစွာ သိမြင်လာစေသည့် အာမခံချက်ဖြင့် သွန်သင်ခဲ့ပါသည်။

ယေရှုသည် တပည့်တော်တို့အား လက်တင်မင်္ဂလာပေးခန့်အပ်ရန်ပြင်ဆင်နေစဉ်မှာ "ငါ့နောက်သို့လိုက်လော့" ဟု ဆင့်ခေါ်ခြင်းမခံခဲ့ရသောသူ ယုဒရှကာရုတ်သည် ထိုတပည့်တော်စုတွင် အပါအဝင်ဖြစ်ရန် တောင်းခံခဲ့ပါသည်။

ထိုသူသည် ခရစ်တော်နောက်လိုက်ဟု အတိအလင်းပြောဆိုသူဖြစ်၍ ယခုလိုလက်တင်မင်္ဂလာပေးမည်ဆိုသောအခါ သူ့အားလည်း အတွင်းလူတမန်တော်များတွင် တစ်ဦးအဖြစ် သတ်မှတ်အတည်ပြုပေးရန် အနူးအညွတ်တောင်းခံလာပါသည်။ ထိုတပည့်တော်များနှင့် ပူးပေါင်းခြင်းအားဖြင့် မိမိသည်လည်း နိုင်ငံတော်သစ်မှာ ရာထူးမြင့်မြင့်နေရာကိုရမည်ဟု မျှော်လင့်ခဲ့ပေသည်။

ယုဒရှကာရုတ်သည် ဩဇာကိတ္တိမနှင့်ပြည့်စုံသော ဥပဓိရုပ်သွင်ကို ပိုင်ဆိုင်သူဖြစ်၏။ ဉာဏ်ရည်ထက်မြက်၍ ထိုးထွင်းပိုင်းခြားသိမြင်တတ်ကာ စီမံကွပ်ကဲအုပ်ချုပ်မှုစွမ်းရည်ရှိသူပါတည်း။

ထိုသို့သောအရည်အသွေးနှင့် ပြည့်စုံသည်ဖြစ်၍ သခင်၏အမှုတော်မြတ်မှာ ကိုယ်တော်အား အကြီးအကျယ်အထောက်အကူပြုနိုင်သူတစ်ဦးဖြစ်မည်ဟု တပည့်တော်တို့က ခရစ်တော်ထံမှာ သူ့အား ချီးမွမ်းထောက်ခံကြပါသည်။ အကယ်၍သာ ယေရှုသခင်သည် ယုဒအား ငြင်းပယ်ခဲ့ပါလျှင် ထိုတပည့်တော်တို့သည် ကိုယ်တော်ရှင်၏ ဉာဏ်ပညာကို သံသယရှိမည်ဖြစ်၏။ မည်သို့ပင်ဖြစ်စေ၊ ဘုရားသခင်၏အမှုတော်အတွက် သင့်လျော်သောလူများကို ရွေးချယ်ခြင်းတွင်လောကဆန်ဆန်စဉ်းစားတွေးခေါ်ကာ ကျင့်သုံးသက်ရှင်သွားခြင်းသည် ဘေးအန္တရာယ်ကြီးကြောင်း ယုဒ၏နောက်ပိုင်းသမိုင်းကြောင်းက ဖော်ပြခဲ့ပေသည်။

အမှန်အားဖြင့် ထိုသို့ဖြစ်သွားရသည်တိုင်အောင် ပထမတွင်ယုဒသည် အသက်ဝိညာဉ်များကို ကယ်တင်ရှင်ထံ ဆွဲယူနေသော ဘုရားသခင်တန်ခိုးတော်၏ ဩဇာသက်ရောက်မှုကို သူကိုယ်တိုင်က ခံစားခဲ့ရပေသည်။ ယေရှုသည်လည်း ပျောက်ဆုံးသူကို ကယ်တင်ရန်ကြွဆင်းလာသည်ဖြစ်သောကြောင့် အလင်းတော်ကို လက်ကမ်းရန် ဆန္ဒရှိသော ဤအသက်ဝိညာဉ် ယုဒရှကာရုတ်ကို ငြင်းပယ်တော်မမူခဲ့ပါ။

ကယ်တင်ရှင်သည် ယုဒ၏စိတ်အတွင်းသဏ္ဍာန်ကို သိမြင်ပါသည်။ ဘုရားသခင်၏ ကရုဏာတော်အားဖြင့် မကယ်လွှတ်လျှင် ယုဒသည်အပြစ်နွံတွင် မည်မျှအထိနက်ရှိုင်းစွာ နစ်မြုပ်သွားမည်ကို ကိုယ်တော်သိပါသည်။

ဤသူနှင့်အနီးကပ်ဆုံးဆက်သွယ်လိုက်ခြင်းဖြင့် ယေရှုသခင်သည် မိမိ၏ ကိုယ်အကျိုးမဲ့ချစ်ခြင်းမေတ္တာတော်မှ ယိုစီးလာသောအပြုအမူ၊ အထိအတွေ့ကို သူ့အား နေ့ရက်အစဉ် ခံစားသိမြင်စေခဲ့ပါ၏။ အကယ်၍သာ ယုဒသည် မိမိ၏ စိတ်နှလုံးတံခါးကို ခရစ်တော်ယေရှုအား ဖွင့်ဟပေးခဲ့မည်ဆိုလျှင် ဘုရားသခင်၏ ကရုဏာတော်သည် ၎င်း၏ စိတ်နှလုံးထဲတွင်ရှိသော တစ်ကိုယ်ကောင်းစိတ်ကို နှင်ထုတ်ပေးမည်ဖြစ်ပြီး ယုဒရှကာရုတ်သည်လည်း ကောင်းကင်နိုင်ငံတော်သားကြီးတစ်ဦးဖြစ်လာနိုင်ပါသည်။

လူတို့သည် စည်းကမ်းသေဝပ်အောင် လေ့ကျင့်ပေးမှုကိုလက်ခံ၍ ကိုယ်တော်ထံနည်းခံကြမည်ဆိုလျှင် ၎င်းတို့ကို လက်ရှိအခြေအနေအတိုင်း လက်ခံ၍ အမှုတော်မြတ်အတွက် လေ့ကျင့်ပေးမည်ဖြစ်ပါသည်။ သူတို့သည် မစုံလင်သော သူများဖြစ်ငြားသော်လည်း အမှန်တရားကို သိကျွမ်းခြင်း၊ အမှန်တရားအတိုင်း ကျင့်သုံးအသက်ရှင်ခြင်း၊ ခရစ်တော်ယေရှု၏ ကျေးဇူးတော်အားဖြင့် ထိုသူတို့သည် ကိုယ်တော်၏ ပုံသဏ္ဍာန်တော်နှင့် အညီ ပြောင်းလဲမှုရှိလာနိုင်ကြပါသည်။

ယုဒရှကာရုတ်မှာရရှိသော အခွင့်အရေးတို့သည် အခြားတပည့်တော်များကဲ့သို့ပင်ဖြစ်၏။ သို့သော် အမှန်တရားကို အသုံးချမှုတွင်သူသည် မိမိ၏အလိုဆန္ဒနှင့် အကြံအစည်များအတိုင်း ကွဲလွဲစွာကျင့်သုံးလုပ်ဆောင်သောကြောင့် အထက်မှဉာဏ်ပညာကို လက်ခံရယူဖို့ရန် မိမိ၏အတွေးအခေါ်ကို မစွန့်လွှတ်ခဲ့ပါချေ။

ယေရှုသည် မိမိအား အပ်နှံမည့်သူကို အလွန်နူးညံ့သိမ်မွေ့စွာ ဆက်ဆံတော်မူခဲ့ပါသည်တကား။ ယေရှုသည် တပ်မက်သောစိတ်ကိုအမြစ်မှသုတ်သင်ပယ်ရှင်းပေးနိုင်သော ကျေးဇူးတော် အခြေခံနိယာမကိုယုဒအား ကြာမြင့်စွာကပင် ဟောပြောသွန်သင်ခဲ့ပါပြီ။

ထိုတပည့်တော်ယုဒသည်လည်း မိမိ၏ စာရိတ္တကိုဖေါ်ထုတ်ပြသ၍ ၄င်းမှာ အပြစ်ရှိကြောင်းထောက်ပြနေသည်ကို ရိပ်မိသည်မှာ အခါပေါင်းများလှပါပြီ။ သို့ရာတွင်သူသည် မိမိ၏အပြစ်ကို ဖေါ်ပြဝန်ချတောင်းပန်ခြင်းမရှိ။ မိမိ၏မဖြောင့်မတ်မှုများကိုလည်း မစွန့်ခဲ့ချေ။ သူသည် သွန်သင်မှုများကိုလည်း တစ်ခုပြီးလျှင်တစ်ခုပစ်ပယ်ခဲ့၏။ နားထောင်ခြင်းအလျှင်း မရှိပါတကား။

## ဆင်ခြေမပေးနိုင်တော့သောယုဒရှကာရုတ်

ယေရှုသခင်သည် အများကိုကျူးလွန်ရာ၌ မွေ့လျော်သောသူယုဒအားစိတ်ရှည်သည်းခံတော်မူခဲ့ပါ၏။ သူ၏ စိတ်နှလုံး အကြံအစည်များကို စာအုပ်ဖွင့်ဖတ်သလို ယေရှုသည် သိနေကြောင်းကိုလည်း သက်သေသာဓကပြပေးခဲ့လေပါပြီ။ ကိုယ်တော်ရှင်သည် သူ့အား အမှန်တရားအတိုင်းကျင့်သုံးသက်ရှင်လာဖို့ရန် အကောင်းဆုံးနှင့် အကြီးကျယ်ဆုံးလှုံ့ဆော်မှုကို ပြုခဲ့ပါပြီ။ သို့ပါသော်လည်း သူသည် တရားအလင်းတော်မှာလျှောက်လှမ်းရမည့်အစား မိမိ၏ ချို့ယွင်းချက်များကို ဆက်လက်ထိမ်းသိမ်း

ထားရန် ရွေးချယ်ခဲ့ပါ၏။ ပိုးဖလံမျိုးမီးကိုတိုးသည့်နယ် စာတန်သည်သူ့အား လုံးဝဥဿုံထိန်းချုပ်ထားလေပါပြီ။

အကယ်၍သာ ယုဒသည် ခရစ်တော်သခင်၏ ထမ်းပိုးကိုထမ်းရန် ဆန္ဒအလိုရှိခဲ့ပါသော် ယေရှု၏ တမန်တော်များထဲမှာ အကြီးဆုံးဦးစီးမှု ဖြစ်နိုင်ပါသည်။ သို့ရာတွင် သူသည် မာန်မာနထောင်လွှား၍ ပုန်ကန် လိုသောစိတ်ဖြင့် မိမိ၏ အကျိုးအတွက်ကိုသာ ရွေးချယ်ခဲ့ပါသည်။ ထိုကြောင့် သူသည် ဘုရားသခင်၏ လုပ်ဆောင်စေတော်မူသည့် အမှု တော်မြတ်အတွက် မထိုက်တန်သော သူတစ်ယောက်ဖြစ်ရပါတော့သည်။

တပည့်တော်အပေါင်းကို ယေရှုသခင် ဖိတ်ခေါ်ခဲ့စဉ်က ၎င်းတို့မှာ ကြီးကျယ်စွာသော ချို့ယွင်းချက်များကိုယ်စီရှိပါ၏။ ယောဟန်နှင့်ယာကုပ် ကိုလူတွေက "မိုးကြိုး၏ သားများ" ဟု ခေါ်ကြသည်။ သူတို့၏ သခင် ယေရှုကို တစ်ပါးသူတို့က မထီမဲ့မြင်ပြုလာကြလျှင် သူတို့သည် မခံ။ ဒေါသထွက်၍ ရန်ဖြစ်လိုကြ၏။ ဒေါသကြီးခြင်း၊ ကလဲ့စားချေလိုခြင်း၊ ပြစ်တင်ဝေဖန်ရှုတ်ချတတ်ခြင်းသဘောသည် အချစ်ဆုံး တပည့်တော် ယောဟန်မှာရှိခဲ့ပါသည်။

သို့သော်လည်း ယောဟန်သည် ယေရှုသခင်၏ စိတ်ရှည်သီးခံခြင်း နှင့် နူးညံ့သိမ်မွေ့ခြင်းတို့ကို နေ့တိုင်းအစဉ်မြင်တွေ့ကြားနာခဲ့ရသဖြင့် ဘုရား သခင်၏ တန်ခိုးလွှမ်းမိုးရန် မိမိ၏စိတ်နှလုံးကို ဖွင့်ဟလိုက်သည်တွင် ခရစ်တော်သခင်၏ထမ်းပိုးကို ယူတင်ထမ်းဆောင်သော သူတစ်ဦးဖြစ်လာ ခဲ့ပေသည်။

ယေရှုသခင်သည် မိမိတပည့်တော်တို့အား ဆုံးမသွန်သင်နှိုးဆော် သတိပေးခဲ့ပါ၏။ ဤတွင် ယောဟန်နှင့်ညီအစ်ကိုတို့သည် ယေရှုကိုမစွန့် ပစ်ခဲ့ကြပါ။ ဆိုဆုံးမသည့်အကြားမှ သခင်ကိုသာ ရွေးချယ်ခဲ့ကြသည်။ ကိုယ်တော်သခင် ခံစားရမည့် စုံစမ်းစစ်ဆေးမှုများကို မျှဝေခံစားရန် နှင့် သခင်၏ သက်တော်စဉ်တစ်လျှောက်ပေးသော သင်ခန်းစာများကို

ဆည်းပူးရန် သခင့်နောက်တော်သို့ အဆုံးတိုင်အောင် လိုက်လျှောက်ခဲ့လေသည်။ ခရစ်တော်သခင်ကို ကြည့်ခြင်းအားဖြင့်လည်း သူတို့၏ စာရိတ္တသည် ဘဝသစ်တစ်မျိုးဆီသို့ ကူးပြောင်းသွားခဲ့ပါသည်။

တမန်တော်တို့၏ အကျင့်စရိုက်များနှင့် သဘောထားတို့သည် တစ်ဦးနှင့်တစ်ဦး သိသိသာသာကွဲပြားခြားနားနေကြပါသည်။ လေဝိမသဲသည် အခွန်ခံဖြစ်၏။ ရှိမုန်ဇေလုတ်သည် ရောမအာဏာပိုင်များကိုခါးသီးစွာရွံရှာမုန်းတီးသူဖြစ်၏။ ပေတရုသည် သဘောကောင်း၍ စိတ်တိုသည်။

ယုဒရှကာရုတ်မူကားယုတ်မာညံ့ဖျင်းသော သဘောထားရှိသူဖြစ်၏။ သောမသည်သဘောကောင်းသော်လည်း စိုးရိမ်ကြောက်လန့်တတ်သူဖြစ်ပြီးဖိလိပ္ပုသည်အရာတစ်စုံတစ်ခုကိုယုံကြည်ဖို့ခက်ခဲသူ၊ သံသယဖြစ်တတ်သူတစ်ဦးဖြစ်၏။

ဇေဗေဒဲ၏သားများသည် စကားနည်းသူများဖြစ်ကြသော်လည်း ရည်မှန်းချက်ကြီးသူများ ဖြစ်ကြပါသည်။ မတူညီသောချို့ယွင်းချက်များ၊ မွေးရာပါအကျင့်ဆိုးများနှင့် အပြစ်ကိုခင်တွယ်တတ်သော သဘောများသူတို့၌ ရှိကြပါသော်လည်း ထိုသူတို့သည် တစ်စုတစ်စည်းတည်းရှိကာ ခရစ်တော်သခင်၌ ယုံကြည်ခြင်းအယူဝါဒသွန်သင်ချက်နှင့်စိတ်သဘောထားများ တစ်လုံးတစ်ဝတည်းရှိရန် နည်းခံရပါမည်။ သူတို့မှာကွဲပြားခြားနားသော ရည်မှန်းချက်များရှိမည်ဖြစ်သော်လည်း ခရစ်တော်သည် ၎င်းတို့၏ စိတ်နှလုံးတွင် ကိန်းဝပ်ချေက မည်သည့်စိတ်ဝမ်း ကွဲပြားမှုမျှသည် မရှိနိုင်တော့ချေ။ သခင်၏ သွန်သင်ချက်တို့သည်၎င်းတို့အား တစ်စိတ်တည်း၊ တစ်သံတည်းဖြစ်လာသည်တိုင်အောင်တမန်တော်တို့အား တစ်လုံးတစ်ဝတည်းဖြစ်စေလျက်အားလုံးသောကွဲပြားခြားနားမှုအပေါင်းကို ညီညွတ်မျှတစေပါလိမ့်မည်။ခရစ်တော်သခင်သည် ဗဟိုဆုံမှတ်ဖြစ်တော်မူ၍ သူတို့သည်ထိုဗဟိုဆုံမှတ်ကို ချဉ်းကပ်ဘိသကဲ့သို့ လူလူချင်းအားလည်း အချိုးညီစွာတစ်ဦးနှင့်တစ်ဦးချဉ်းကပ်စေလိမ့်မည်ဖြစ်ပါသည်။

## သန့်ရှင်းမြင့်မြတ်သောအလုပ်အတွက် ဘိသိတ်ပေးခြင်း

ယေရှုသည် တမန်တော်တို့အား ဆုံးမသွန်သင်ပြီးသောအခါ မိမိအထံတော်ပါးသို့ စုရုံးချဉ်းကပ်စေလျက် ကိုယ်တော်သည် သူတို့အလယ်မှာ ဒူးထောက်ကာ သူတို့၏ ခေါင်းပေါ်သို့လက်ကိုတင်၍ မိမိ၏ သန့်ရှင်းသောအမှုတော်မြတ်အတွက် ၎င်းတို့အား အပ်နှံဆုတောင်းပေးတော်မူခဲ့ပါသည်။

ခရစ်တော်သခင်သည် လူသားတို့အလယ်တွင် မိမိအား ကိုယ်စားပြုမည့်သူများကို ရွေးချယ်ရာ၌ အပြစ်ကင်းသော ကောင်းကင်တမန်များကိုမရွေးချယ်ဘဲ အပြစ်သားဖြစ်သည့် လူသားတို့ကို ရွေးချယ်ခဲ့ပါသည်။ ထို့ကြောင့် ခရစ်တော်သည် လူဇာတိကိုခံယူခဲ့၏။

အကြောင်းမူကား ဤကမ္ဘာလူသားတစ်နွယ်လုံးကို ကယ်တင်ဖို့ရန် ဘုရားသခင်ဇာတိတော်နှင့် လူသားဇာတိနှစ်မျိုးစလုံးသည် ပူးတွဲလုပ်ဆောင်ရန် တောင်းဆိုသောကြောင့်ဖြစ်၏။ ခရစ်တော်သခင်၏စေတမန်များနှင့် အစေခံတို့၌လည်း အလားတူပင်ဖြစ်ချေသည်။ လူ့ဇာတိသည် ဘုရားသခင်ဇာတိတော်ကိုစွဲကိုင်သောအခါမှာ ခရစ်တော်သခင်သည် ယုံကြည်ခြင်းအားဖြင့် စိတ်နှလုံးထဲတွင် ကိန်းဝပ်တော်မူ၏။ ဤသို့ ဘုရားသခင်ဇာတိတော်နှင့် ပူးတွဲလုပ်ဆောင်ခြင်းအားဖြင့် လူသားတို့၏ စွမ်းရည်သတ္တိများတိုးပွားလာကာ အမှုတော်မြတ်မှာ ထိရောက်မှုရှိလာပါသည်။

ဂါလိလဲရေအိုင်မှာ တံငါသည်များကို ဖိတ်ခေါ်ခဲ့သောအရှင်သခင်သည် ယနေ့အချိန်မှာ မိမိ၏အမှုတော်မြတ်မှာ ပါဝင်လုပ်ဆောင်ဖို့ ကျွန်ုပ်တို့အားလည်း ဖိတ်ခေါ်နေဆဲဖြစ်ပါသည်။ ကျွန်ုပ်တို့သည်ချောက်ပြစ်ကင်း သဲလဲ့စင်မဟုတ်သော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့အား ခရစ်တော်သခင်အထံတော်မှာ အလုပ်သင်အဖြစ် ကမ်းလှမ်းနေ

ပါ၏။ ထိုသခင်နှင့်ပူးပေါင်းဆက်ဆံခြင်းအားဖြင့် ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်၏ အမှုတော်မြတ်မှာ ပျော်ရွှင်ဝမ်းမြောက်စွာအပ်နှံလုပ်ဆောင်နိုင်ပါသည်။

"တန်ခိုးတော်၏ ဂုဏ်အသရေတော်သည် ငါတို့နှင့်မဆိုင်၊ ဘုရားသခင်နှင့်ဆိုင်မည်အကြောင်း၊ ထိုဘဏ္ဍာသည် မြေကြီးထဲမှာ ထည့်ထားလျက် ငါတို့၌ရှိ၏။" (၂ကော ၄း၇)။ အဘယ်ကြောင့်ဆိုသော် အားနည်းသောလူသားတို့အားဖြင့် ပြုတော်မူသော တန်ခိုးတော်သည် ထာဝရဘုရားသခင်၏ တန်ခိုးတော်ဖြစ်ကြောင်း ထင်ရှားလျက်ရှိ၏။ ထို့ကြောင့် ကျွန်ုပ်တို့ကဲ့သို့ အားနည်းသောသူတို့အား မစကူညီနိုင်သော တန်ခိုးသည် ကျွန်ုပ်တို့အားလည်း ကူညီနိုင်သည်ဟု ကျွန်ုပ်တို့ယုံကြည်ရပါမည်။

မိမိတို့ကိုယ်တိုင်က နွမ်းရိအားနည်းခြင်းရှိသည်ဖြစ်၍ တစ်ပါးသူတို့ကို ကိုယ်ချင်းစာတတ်လာကာ မိုက်သောသူ၊ မှားယွင်းသောသူတို့ကို သည်းခံခြင်းငှာ တတ်နိုင်ကြ၏။ (ဟေဗြဲ ၅း၂)။ သံသယလောကကြီးထဲမှာ စိတ်ရှုပ်ထွေးနေသော အသက်ဝိညာဉ်များ၊ ယုံကြည်ခြင်းမှာအားနည်းနေကြသူများ၊ ထာဝရဘုရားသခင်ကို အတွင်းကျကျ ဆက်ဆံပေါင်းသင်းမှု မပြုနိုင်ကြသူများစွာ ရှိပါသည်။ ထိုသူတို့ထံသို့ ခရစ်တော်သခင်၏နေရာမှာ အစားထိုးလာရောက်လည်ပတ် အားပေး နှိုးဆော်ပေးနိုင်သော မျက်စိနှင့်မြင်တွေ့နိုင်သည့် မိတ်ဆွေဟူသည် ရှိပါသည်။ ထိုမိတ်ဆွေသည် ၎င်းတို့၏ တုန်လှုပ်ချောက်ချားနေသော ယုံကြည်ခြင်းကို ခရစ်တော်ယေရှု၌ မြဲမြံခိုင်ခံ့စွာ ချည်နှောင်ထားရှိရန် အဆက်အသွယ်တစ်ခုဖြစ်နိုင်ပါသည်။

လူသည်သာလျှင် လူသားအချင်းချင်း ဆက်သွယ်ပေါင်းစည်းပေးနိုင်သည်မဟုတ်လော။ ထိုသို့ပြုသင့်ကြပါသည်။ ကျွန်ုပ်တို့သည် မိမိ

တို့ကိုယ်ကို ခရစ်တော်သခင်အား ပေးအပ်လိုက်ပြီဆိုက ကောင်းကင်တမန်တို့သည် ဝမ်းမြောက်ပျော်ရွှင်ကြ၏။ အကြောင်းသော်ကား ကျွန်ုပ်တို့၏ ကြွေးကြော်သံများအားဖြင့် ဘုရားသခင်၏ မေတ္တာတော်ကိုဤလောကကမ္ဘာကြီးဆီသို့ ဖွင့်ဟနိုင်ကြပေတော့မည်ဖြစ်သောကြောင့်တည်း။

-၀-

# အခန်း (၃၁)
# တောင်ပေါ်ဒေသနာ

(မဿဲ ၅၊၆၊၇ အခန်းကြီးများကို အခြေပြုထားသည်။)

ခရစ်တော်သခင်သည် တပည့်တော်တို့အား မိမိနှုတ်တော်ထွက်စကားကိုနာယူရန် သီးသန့်နေရာသို့ ခေါ်ဆောင်စုရုံးစေတော်မူခဲ့လှပါသည်။ သခင်၏ အမှုတော်သည် လူစုလူဝေးများဆီသို့ အရောက်လှမ်းကာ သတိပေးစကားပြောကြားခြင်း၊ စိတ်ဓါတ်ကျဆင်းနေသူတို့အားစိတ်ဓါတ်မြှင့်တင်ပေးသော အကျိုးပြု ကောင်းချီးပေးသော အလုပ်ဖြစ်ပါသည်။

တောင်ပေါ်ဒေသနာ တရားတော်သည် မိမိ၏ တပည့်တော်တို့အတွက်ကိုသာ အဓိကထားရည်ရွယ်ပါသော်လည်း လူစုလူဝေးကြီးကြားသိနိုင်ရန်အလို့ငှာ လဟာပြင်မှာဟောတော်မူ၏။ ယေရှုသည် တပည့်တော်တို့အား လက်တင်မင်္ဂလာဘိသိတ်ပေးပြီးသည်နောက် ပင်လယ်ကမ်းခြေသို့ ထွက်ခွာသွားခဲ့ပါသည်။

နံနက်စေစောအချိန်မှာ လူများစွာတို့သည်လည်း စုရုံးနေကြပြီ။ ထိုသူတို့သည် ယေရှုပြုတော်မူသမျှကို ကြားသိ၍ အထံတော်သို့လာကြခြင်းဖြစ်၏။

တရားနာခြင်းငှာလည်းကောင်း၊ အနာရောဂါ ငြိမ်းစေခြင်းငှာလည်းကောင်း၊ ညစ်ညူးသောနတ်ညှဉ်းဆဲခြင်းခံရခြင်းမှ ချမ်းသာရရှိရန်သော်လည်းကောင်း အထံတော်မှာ စုဝေးကြ၏။ ကိုယ်တော်၏ အထဲကတန်ခိုးသည်ထွက်၍ လူအပေါင်းတို့ကိုလည်း သက်သာစေတော်မူ၏။ (မာကု ၃း၈။ လုကာ ၆း၁၇-၁၉)။

ပင်လယ်ကမ်းခြေသည် တရားနာပရိသတ်တို့အဖို့ ယေရှုပေး သောတရားကို မတ်တတ်ရပ်၍ နားထောင်ဖို့ရန်ပင် မဖြစ်လောက်အောင် ကျဉ်းမြောင်းသွားရလေပါပြီ။ သို့ဖြစ်၍ အနီးရှိတောင်စွန်းပေါ်ရှိ မြက်ခင်း ပြင်သို့ ကူးပြောင်းသွားကြ၏။ တပည့်တော်တို့နှင့် လူထုကြီးသည်လည်း ကိုယ်တော်နည်းတူပြုကြပါသည်။

တမန်တော်တို့သည် သခင့်အနားမှာ အမြဲထိုင်နေကြ၏။ ထိုသူတို့ သည် ခေတ်အဆက်ဆက်မှာ နိုင်ငံအရပ်ရပ်သို့ သွားရောက်ဟောကြား ရမည်ဖြစ်ရကား အမှန်တရားကို သိနားလည်လိုသောစိတ်အားထက်သန် မှုဖြင့် ကောင်းမွန်စွာနားထောင်နေကြပါ၏။ ထိုသူတို့သည်လည်း များ မကြာမီကာလအတွင်းမှာ ကိုယ်တော်၏ နိုင်ငံတော်တည်ထောင်မည်ဟု ယုံကြည်ကြပါသည်။ ထိုယုံကြည်ချက်ကား ကူးစက်တတ်သည်ဖြစ်သော ကြောင့် တရားနာပရိသတ်အပေါင်းတို့၏ မျက်နှာမှာ ထင်ဟပ်ပေါ် လွင်နေပါ၏။

လူတို့သည်လည်း မျှော်လင့်ချက်နှင့် မြစိမ်းရောင်မြက်ခင်းပြင်ရှိ ရာ တောင်ခါးပန်းမှာထိုင်နေကာ နောင်ဘုန်းတော် တောက်ပမည့်နိုင်ငံ တော်အကြောင်း တွေးတောမျှော်မှန်းကာ နှလုံးသားမှာ ဝါဂွမ်းဆီထိသလို ပီတိဖြာနေကြပေသည်။

ကျမ်းတတ်ဆရာတော်များနှင့်ဖာရိရှဲတို့မူကား တစ်နေ့နေ့တစ်ချိန် ချိန်မှာမိမိတို့ မုန်းတီးသောရောမများကို စိုးမိုးကာ ကမ္ဘာ့အင်ပါယာ နိုင်ငံကြီး၏ ချမ်းသာကြွယ်ဝမှုများနှင့်ကြီးကျယ်ခမ်းနားမှုများပိုင်ဆိုင်ရမည့် နေ့ရက်များ ရောက်ရှိလာရေးကိုမျှော်ကိုးခဲ့ကြပေ၏။ သူဆင်းရဲတောင်သူလယ်သမား၊တံငါ သည်တို့သည်ကား မိမိတို့၏ဖြစ်ရပ်မှန်အခြေအနေမှ လွတ်ကင်းမည့်အရေး ကို မျှော်လင့်ထားကြ၏။ သူတို့သည် စားရပြန်တော့လည်း တစ်လုပ်တစ်ဆုပ်၊ ဝတ်ရပြန်တော့လည်းအစုတ်အနုတ်၊ နေရပြန်တော့လည်း တဲအိုတဲစုတ်ပေမို့

ဇိမ်ကျသော အဆောက်အဦးတိုက်ခန်းများနှင့် ကောင်းမွန်၍ အဖိုးကြီး သည်အကျီဝတ်ရုံများကို ခရစ်တော်သခင်သည် ပေးတော်မူမည်ဟုမျှော် လင့်ခဲ့ကြပါ၏။

ဘုရားသခင်သည် အစ္စရေးလူမျိုးကို အများနိုင်ငံတို့အလယ်မှာ ဂုဏ်ပြုချီးမြှင့်၍ ယေရုရှလင်မြို့အား ကမ္ဘာ့ထိပ်သီးမြို့ကြီးတစ်မြို့အဖြစ် ရွေးချယ်ချီးမြှောက်တော်မူမည်ဟူ၍လည်း မျှော်လင့်ကာ ပီတိဖြစ်နေကြ ပါသည်။

## လူတို့သည် လောကကြီးမြတ်ခြင်းကိုသာ မျှော်လင့်ကြ သောကြောင့် ခရစ်တော်သခင်စိတ်ပျက်သွားခဲ့ခြင်း

တောင်ပေါ်ဒေသနာတရားတော်အားဖြင့် ခရစ်တော်သခင်သည် မှားယွင်းသော ပညာပေးလုပ်ဆောင်မှုများကို ဖြေရှင်းရန်နှင့် တရားနာပရိ သတ်တို့အား နိုင်ငံတော်နှင့်ပတ်သက်သော မှန်ကန်သည့် သဘောထား တစ်ရပ်ကို ပေးသနားတော်မူရန် ဦးတည်ကြိုးစားတော်မူခဲ့ပါ၏။

ကိုယ်တော်သခင်သည် ဘုရားသခင်၏ နိုင်ငံတော်အပေါ်ထားရှိ သောလူတို့၏ ထင်မြင်ယူဆချက်များကို တိုက်ခိုက် ပြောကြားခြင်းမပြုပါ။ နိုင်ငံတော်၏ သဘာဝကို မိမိတို့ သဘောအတိုင်း ထင်မြင်ယူဆစေလျက် နိုင်ငံတော်သို့ ဝင်စားနိုင်မည့် အခြေအနေများကိုသာ မိန့်မြွက်တော်မူခဲ့ ပါသည်။

လူသည်မိမိ၏ဝိညာဉ်ရေးဆင်းရဲမှုကိုသိမြင်၍ ကယ်တင်ခြင်းခံရဖို့ လိုအပ်ကြောင်း ခံစားမိသောအခါ မင်္ဂလာရှိသည်ဟု သခင်ယေရှုမိန့် တော်မူခဲ့ပါ၏။ ဧဝံဂေလိသတင်းကောင်းသည် ဝိညာဉ်ရေးဘက်တွင်ကြွယ် ဝပြည့်စုံ၍ မည်သည်ကိုမျှမလိုအပ်ဟု အထင်ရှိသော ဝိညာဉ်ရေးမာနတက် နေသူများအတွက်မဟုတ်ဘဲ စိတ်နှလုံးနှိမ့်ချ၍ ကြေကွဲဝမ်းနည်းနေသော သူတို့ထံ သွားရောက်ဟောပြောရန်ဖြစ်ပါသည်။

မာနထောင်လွှားသောစိတ်နှလုံးသည် ကယ်တင်ခြင်းကို ရယူရန် မိမိ၏ နည်းလမ်းစုံလင်စွာဖြင့် ကြိုးစားတတ်ပါ၏။ သို့ပါသော်လည်းကောင်း ကင်ဘုံသို့ရောက်ရှိရန်အခွင့်နှင့် ကောင်းကင်သားများအဖြစ်ဆီလျော်ရန်မှာ ခရစ်တော်သခင်၏ ဖြောင့်မတ်ခြင်း၌သာလျှင် အခြေခံလျက်ရှိပါသည်။ မိမိ၏ လိုအပ်ချက်ဖြစ်ရပ်မှန်အခြေအနေကို သိမြင်သော သူထံမှ မည်သည့်အရာကိုမျှ ရုပ်သိမ်းတော်မူမည်မဟုတ်ချေ။ ဟေရှာယ ၅၇း၁၅ ကိုရှုပါ။

"စိတ်မသာညည်းတွားသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် သက်သာခြင်းသို့ ရောက်ကြလတ္တံ့" ဟု ယေရှုသခင်ဆိုရာ၌ ညည်းတွားရုံသက်သက်၌ အပြစ်ကိုပယ်ရှားပေးနိုင်သောတန်ခိုးသည် မရှိဟု ဆိုလိုပါသည်။ ကျွန်ုပ်တို့သည် အပြစ်အတွက် ဝမ်းနည်းကာ နောင်တရသည်မဟုတ်လော။

နောင်မှာလည်း ထိုအမှားမျိုးဆက်မလုပ်လိုတော့ပါပြီ။ ဤစိတ်သဘောမျိုးကို သန့်ရှင်းသောဝိညာဉ်တော်က ပြုပြင်ပေးပါသည်။ မိမိမှားယွင်းမှုများကြောင့် ရင်ဆိုင်ခံစားရမည့်ရလဒ်အပြစ်ဒဏ်ကို မခံစားရလိုခြင်း၌ ဝမ်းနည်းမှုနောင်တရှိပါသော်လည်းနောင်တအစစ်အမှန်မဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် နောင်တရကြေကွဲဝမ်းနည်းသောသူကို ခရစ်တော်သခင်၏ ကပ်တိုင်တော်ခြေရင်းသို့ ပို့ဆောင်ပေးပါ၏။ အပြစ်ကျူး လွန်မှုတိုင်းတို့အတွက် ယေရှုသခင်သည် ဒဏ်ရာသစ်ကို ခံစားနေရပါ၏။

ကျွန်ုပ်တို့၏ အပြစ်များကြောင့် နာကြင်မှုဝေဒနာကို ခံစားနေရသောကိုယ်တော်ရှင်ကို စိတ်မျက်စိနှင့်ရှုမြင်ခြင်းဖြင့် ကျွန်ုပ်တို့မှာစိတ်မသာ ညည်းတွားကြပါသည်။ ထိုကဲ့သို့သော စိတ်မသာ ညည်းတွားမှုသည် ဆက်လက်၍ အပြစ်ကျူးလွန်ရန် ငြင်းဆိုမှုကို ဖြစ်စေပါလိမ့်မည်။ ဤဝမ်းနည်းမှုမျိုးသည် သံဝေဂရနေသောသူအား အနိုင်းမဲ့ တန်ခိုးရှိသူ

ဘုရားသခင်နှင့်မပြတ်တောက်နိုင်သော အချည်အနှောင်သစ်ကို ဖြစ်စေပါသည်။ ထိုသူ၏ စီးကျမျက်ရည်ပေါက်များသည် သန့်ရှင်းခြင်းနေရောင်ခြည်၏ ရှေးမဆွကပေါ်ထွန်းခဲ့သော မိုးရေပေါက်များသာ ဖြစ်ကြပေသည်။ ဤဝမ်းနည်းမှုသည် အသက်ဝိညာဉ်များတွင် သက်စမ်းရေဖြစ်စေမည့်ဝမ်းမြောက်မှု၏ ကြွေးကြော်သံပင်ဖြစ်တော့သည်ဟူ၏။ ယေရမိ ၃၁း၁၂၊၁၃။ ဟောရှာယ ၆း၃ ကိုရှုပါ။

စုံစမ်းစစ်ဆေးခြင်းကို ခံရသောအခါနှင့် ဝမ်းနည်းပူဆွေးမှုကိုခံစားရသောအခါများတွင် စိတ်မသာညည်းတွားသူတို့သည် စိတ်သက်သာခြင်းသို့ရောက်ကြပါလိမ့်မည်။

ကျွန်ုပ်တို့သည် ကျေးဇူးတော်အားဖြင့် အောင်နိုင်သူများဖြစ်လာကြစေရန် ဘုရားသခင်သည် ကျွန်ုပ်တို့၏အကျင့်စာရိတ္တများ၌ရှိသော စိတ်ဒုက္ခဆင်းရဲမှုကိုဖြစ်စေသည့် အကြောင်းရင်းများကို သိရှိနားလည်စေရန် ဆင်းရဲဒုက္ခများကို ရင်ဆိုင်ခံစားစေခြင်းအားဖြင့် ဖော်ပြတော်မူပါသည်။

ကျွန်ုပ်တို့ကိုယ်တိုင်နှင့်ပတ်သက်သော မသိနိုင်သေးသည့် အရာများစွာသည်ရှိနေပါ၏။ ထိုအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဆုံးမပဲ့ပြင်မှုနှင့်အကြံတော်ကိုလက်ခံမည်၊ မလက်ခံမည်ကို သိရှိရန် စမ်းသပ်ခြင်းကိုခံရပါသည်။ စမ်းသပ်မှုကိုခံရသောအခါမှာ ကျွန်ုပ်တို့သည် ပူပန်စရာ၊ ညည်းတွားစရာမလိုပါ။ ခရစ်တော်သခင်ကို ပုန်ကန်စရာလည်းမလိုပါ။ လူ့သဘောသဘာဝအရ ထာဝရဘုရားသခင်၏ လမ်းခရီးတော်တို့သည် မှောင်မိုက်၍ ဝမ်းမြောက်မှုကင်းမဲ့နေသယောင်ရှိပါသည်။ သို့ပါသော်လည်း ထာဝရ ဘုရားသခင်၏ လမ်းခရီးတော်တို့သည် ကရုဏာကျေးဇူးတော်လမ်းစဉ်များဖြစ်၍ အဆုံးတွင် ကယ်တင်ခြင်းရှိပါသည်။

ဝမ်းနည်းပူဆွေးနေသူများအတွက် ထာဝရ ဘုရားသခင်၏နှုတ်တော်ထွက်စကားမှာ “သူတို့သည် ညည်းတွားခြင်းအရာ၌ ဝမ်းမြောက်

ခြင်းကို ငါဖြစ်စေမည်။ သူတို့သည် ဝမ်းနည်းခြင်းကို ခံရသောနောက် စိတ်သက်သာ၍ ရွှင်လန်းမည်အကြောင်းကို ငါပြုမည်။" ယေရမိ ၃၁း၁၃။

## ငြိမ်းအေးသောသဘောသည် ဘုရားသခင်၏ တန်ခိုးတော်ကိုထင်ရှားစေခြင်း

"စိနူးညံ့သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏။" ကျွန်ုပ်တို့ ကြုံတွေ့နေရသည့် အခက်အခဲများစွာတို့သည် ခရစ်တော်ယေရှု၌ရှိသော နူးညံ့သိမ်မွေ့သောစိတ်သဘောကို ထားရှိခြင်းအားဖြင့် များစွာလျော့ပါး သွားစေပါသည်။

အကယ်၍သာ ကျွန်ုပ်တို့သည် ယေရှုသခင်မှာရှိသော စိတ်နှလုံး နှိမ့်ချမှုမျိုးထားရှိခဲ့ကြပါလျှင် တစ်ပါးသူ၏ မထီမဲ့မြင်ပြုမှုများ၊ တင်းမာငြင်း ဆန်မှုများ နေ့စဉ်ကြုံတွေ့နေရသော စိတ်အနှောင့်အယှက်များနှင့် ကင်းလွတ် ကြလိမ့်မည်ဖြစ်ပြီး စိတ်ဓါတ်ကျဆင်းမှုရောဂါမှလည်း ရပ်စဲကင်းဝေးသွား မည်ဖြစ်ပါသည်။ အကျင့်ဆိုးများနှင့် အလွဲသုံးစားပြုမှု၊ ရက်စက်ကြမ်း ကြုတ်မှုများကြောင့် စိတ်နှလုံးတည်ငြိမ်မှုကို ထိန်းသိမ်းရန် ပျက်ကွက် သောသူသည် မိမိအသက်တာတွင် ကိုယ်တော်ရှင်၏စုံလင်သောစာရိတ္တ တော်ကို ဖေါ်ကျူးပေးမည့်ကိုယ်တော်ရှင်၏ လုပ်ပိုင်ခွင့်ကို လုယူရာကျပါ သည်။

စိတ်နှလုံးနှိမ့်ချခြင်းသည် ခရစ်တော်ယေရှု၏ နောက်တော်လိုက် တို့အား အောင်မြင်မှုကိုပေးသော အတွင်းခွန်အားစုကြီးဖြစ်ပါသည်။

နူးညံ့သိမ်မွေ့ခြင်းရှိ၍ ခရစ်တော်သခင်၌ ရှိသောစိတ်နှိမ့်ချမှုမျိုး ကို ထင်ရှားစေသောသူအား လောကသားတို့သာ အထင်အမြင်သေး သောအကြည့်ဖြင့် ကြည့်နိုင်ကောင်းသော်လည်း ထိုသူတို့သည် ထာဝရ ဘုရားသခင်၏ရှေ့တော်မှောက်မှာ အဖိုးမဖြတ်နိုင်သူများ ဖြစ်ကြပါသည်။ စိတ်နှလုံးနှိမ့်ချ၍ စိတ်နူးညံ့သိမ်မွေ့သောသူတို့နှင့် ထာဝရဘုရားသခင်

၏အလိုတော်ကိုဖေါ်ဆောင်ရန် အမြင့်ဆုံးသော ရည်ရွယ်ချက်ထားရှိသူတို့သည် ကောင်းကင်နိုင်ငံတော်သို့ ဝင်စားကြမည့်သူများ၊ မိမိတို့၏ဝတ်ရုံဖြူကို ခရစ်တော်သခင်၏ သိုးသငယ်အသွေးတော်၌ နစ်၍ခဝါချသောအားဖြင့် ဖြူစင်စေပြီးသောသူများတွင် အပါအဝင်ဖြစ်ကြပါလိမ့်မည်။

"ဖြောင့်မတ်ခြင်း ပါရမီကို ဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည်ဝပြောခြင်းသို့ရောက်ကြလတ္တံ့။"

လူသည် မိမိကိုယ်ကိုမထိုက်တန်ကြောင်းသိမြင်ခြင်းသည် ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်စေပါသည်။ ၎င်းအပြင် ဘုရားသခင်၏စာရိတ္တတော် (ကျေးဇူးတော်) ကို ရောင်ပြန်ဟပ်ရန် ရည်ရွယ်သဖြင့် ခရစ်တော်ဖြစ်လိုသောသူအပေါင်းတို့သည် စိတ်ဝိညာဉ်အလိုပြည့်စုံရသောအခွင့်ကို ရရှိပါသဖြင့် ကျေနပ်မှုရှိကြပါလိမ့်မည်။ ထိုသူတို့၏ စိတ်နှလုံးအိမ်အတွင်း၌ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမျိုးသည် တိုးပွားလာကာ ပိုမို၍ မြင့်မားသောအောင်မြင်မှုများအတွက် စွမ်းဆောင်နိုင်အားကို ပေးပါလိမ့်မည်။

ကောင်းကင်နိုင်ငံတော်နှင့်ဆိုင်သော အရာများနှင့်ပတ်သက်သည့် အသိဉာဏ်များလည်း တိုးပွားလာပေမည်။ ဤသို့လျှင် လူသည်ပြည့်ဝစုံလင်လာသည်တိုင်အောင် စဉ်ဆက်မပြတ်သောစွမ်းအားစုများသည်ပေါ်ထွက်လာမည်သာဖြစ်ပါသည်။

သနားစုံမက်တတ်သောသူတို့သည် သနားစုံမက်ခြင်းကို ခံရကြမည်ဖြစ်၍ စိတ်နှလုံး ဖြူစင်သောသူတို့သည် ဘုရားသခင်ကို မြင်ရပါလိမ့်မည်။ မသန့်ရှင်းသော တွေးတောစဉ်းစားမှုများသည် အသက်ဝိညာဉ်ကို ညစ်ညမ်းစေ၍ ကိုယ်ကျင့်တရားနှင့်ဆိုင်သော အသိစိတ်ကို ယုတ်လျော့ညှံ့ဖျင်းစေကာ သန့်ရှင်းသော ဝိညာဉ်တော်၏ ပုံသွင်းဖိနှိပ်တည်ဆောက်မှုကို ပျောက်ပျက်သွားစေပါသည်။ ဘုရားသခင်သည် နောင်တရသော

အပြစ်သားကြီးကို အပြစ်မှလုံးဝဥဿုံ ဖြေလွှတ်ပြီဖြစ်သော်ငြားလည်းထို အပြစ်ဖြေလွှတ်ခွင့်ရပြီဖြစ်သော သူ၏မူလသဏ္ဍာန်မှာ ပျက်ယွင်းသွားခဲ့ပါပြီ။ အမာရွတ်ကား ကျန်ရစ်နေပါသည်။ သို့ဖြစ်၍ ဝိညာဉ်ရေးနှင့် ဆိုင်သောအမှန်တရားကို ရှင်းလင်းပြတ်သားစွာ ခွဲခြမ်းစိတ်ဖြာ၍ သိမြင်လိုသောသူတို့သည် မသန့်ရှင်းသော အပြောအဆိုနှင့်ညစ်ညမ်း အတွေးအမြင်တို့ကို ရှောင်ရှားရပါမည်။

သို့သော်လည်း ခရစ်တော်သခင်၏ သွန်သင်ချက်များသည် ယုဒလူတို့ တိတိကျကျ ပွင့်ပွင့်လင်းလင်းရှောင်ရှားခဲ့သော ဝိနည်းအထုံးအဖွဲ့ ကျင်းပရေးဆိုင်ရာ ညစ်ညမ်းမှုမှလည်းကောင်း၊ ကာမဂုဏ်ခံစားမှုဆိုင်ရာ ညစ်ညမ်းမှုများမှလည်းကောင်း လွတ်လွတ်ကင်းကင်း နေခြင်းထက်သာလွန်သော အနက်အဓိပ္ပါယ်ကိုဆောင်ပါသည်။ ကျွန်ုပ်တို့မှာ ကိုယ်အကျိုးကိုသာ ကြည့်သောတစ်ကိုယ်ကောင်းစိတ် အတ္တသဘောထားမျိုးရှိနေမည်ဆိုပါက ကျွန်ုပ်တို့သည် ထာဝရ ဘုရားသခင်အား မကြည့်မြင်ဖို့ရန် ဟန့်တားခြင်းဖြစ်၏။

အကယ်၍သာ ကျွန်ုပ်တို့သည် ကိုယ်အကျိုးကိုသာ ရှာဖွေတတ်သောသဘောကို မစွန့်လွှတ်နိုင်ကြပါမူ ချစ်ခြင်းမေတ္တာဖြစ်တော်မူသော ထာဝရဘုရားသခင်ကို သိနားလည်ကာ အကျွမ်းဝင်နိုင်မည်မဟုတ်ပါ။

တစ်ကိုယ်ကောင်းမဆန်သည့်စိတ်နှလုံး၊ နှိမ့်ချ၍ ဘုရားသခင်ကို သာလျှင် ကိုးစားနားထောင်တတ်သော စိတ်နှလုံးသည်သာလျှင် ဘုရားသခင်ကို "သနားခြင်းကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝစုံလင်တော်မူသော ဘုရားသခင်တစ်ပါးအဖြစ် မြင်တွေ့ပါလိမ့်မည်။ (ထွက်မြောက်ရာ ၃၄း၆)။

"သူတစ်ပါးချင်းခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ ဤကမ္ဘာလောကကြီးသည် ထာဝရ ဘုရားသခင်၏ ပညတ်တော်ကို မုန်းတီး၍ အပြစ်သားတို့သည် မိမိတို့၏ ဖန်ဆင်းရှင်

ဘုရားသခင်ကို ရန်ငြိုးဖွဲ့နေကြသောကြောင့် လူသားအချင်းချင်းတစ်ယောက်ကိုတစ်ယောက်ရန်ငြိုးဖွဲ့နေကြပါသည်။ ကမ္ဘာ့ကုလသမဂ္ဂလို လူသားတို့၏ ပိရိသော စီရင်ထုံးဖွဲ့ချက်များသော်လည်း ငြိမ်းချမ်းရေးကို စီမံထုတ်လုပ်၍ မရနိုင်ပါချေ။ အကြောင်းမူကား၊ ထိုလုပ်ဆောင်မှုတို့သည် လူ့စိတ်နှလုံးအတွင်းအိမ်ကို မတို့ထိနိုင်သောကြောင့် ဖြစ်၏။

စစ်မှန်ခိုင်မြဲငြိမ်းအေးသောအဖြစ်ကို ဖန်တီးပြုပြင်နိုင်သော၊ တစ်ခုတည်းသော တန်ခိုးတော်သည် ခရစ်တော်ယေရှု၏ ကျေးဇူးတော်ပင်ဖြစ်ပါသည်။ ဤကျေးဇူးကရုဏာတော်သည် လူ့စိတ်နှလုံးအိမ်ထဲမှာ ပေါ်ထွန်းစွဲမြဲလာသောအခါတွင်မူကား ရန်ဘက်ပြုခြင်းနှင့် စိတ်ဝမ်းကွဲပြားမှုများကိုဖြစ်ပေါ်စေသော မကောင်းဆိုးဝါးတဏှာစိတ်များကို နှင်ထုတ်ပေးလိမ့်မည်ဖြစ်ပါသည်။

## လူအုပ်ကြီးမှာအံ့သြခဲ့ရခြင်း

လူထုပရိသတ်ကြီးသည် ဤလောကနှင့်ပတ်သက်သောပစ္စည်းဉစ္စာတို့ကိုပိုင်ဆိုင်ရခြင်း၊ ထင်ရှားကျော်ကြားခြင်းနှင့် ဂုဏ်အသရေကြီးခြင်းတို့သည် ပျော်ရွှင်မှုကိုပေးစွမ်းနိုင်ရကား တပ်မက်စွဲလမ်းစရာကြီးဖြစ်ကြောင်း ဖာရိရှဲတို့သွန်သင်၍ ယုဒလူတို့ ထိုသို့သဘောပေါက်ကြပါ၏။

“ရဗ္ဗိ” ဟု အခေါ်ခံရလျှင်လည်း အလွန်မှပင် ပီတိသောမဏဖြစ်မိကြသည်။ ရဗ္ဗိဟုဆိုသော် ပညာရှိ၍ဘာသာတရားရိုသေကိုင်းရှိုင်းကြသူများကိုသာ ချီးမွမ်းခေါ်ဆိုကြသည်မို့ သူတို့သည် အလွန်မှပင် သဘောကျကြပါသည်။ မင်္ဂလာအပေါင်းတို့၏ အထွတ်ဟု မှတ်ယူကြပါ၏။

သို့ရာတွင်ယေရှုသည် လောကရေးရာနှင့်ပတ်သက်သောအောင်မြင်မှုများနှင့်ဂုဏ်ပြုချီးမွမ်းခြင်းခံရမှုတို့သည် ထိုကဲ့သို့သော ပုဂ္ဂိုလ်ကြီးများရရှိမြဲဖြစ်သော ဆုလဒ်များဖြစ်ကြောင်းကို မိန့်တော်မူခဲ့ပါသည်။ ဤသို့

သောတရားဟောချက်တွင် အာဏာစက်လည်းရောပါလာရကား လူတို့သည် လွယ်လွယ်နှင့်သဘောပေါက်လာကြ၏။ ထိုတန်ခိုးတော်ကြောင့် လူအပေါင်းတို့သည် တိတ်ဆိတ်စွာနေကြပြီး စိုးရွံ့လာကြလေသည်။ ဤဆရာတော်ကြီးကား ထာဝရဘုရားသခင်၏ ဝိညာဉ်တော်ကို ရသောသူတည်းဟုများစွာသောလူတို့သည် မှတ်ယူကြလေသည်။

စစ်မှန်သော ပျော်ရွှင်လန်းဆန်းမှုကို မည်ကဲ့သို့လျှင် ရရှိနိုင်ကြောင်း ယေရှုသည် ရှင်းလင်းမြွက်ဆိုသွားပြီးသည်နောက် တစ်ပါးသူတို့အား ဖြောင့်မတ်ခြင်းလမ်းနှင့် ထာဝရအသက်လမ်းသို့ ပြသပို့ဆောင်ရန် ရွေးချယ်ထားသော တပည့်တော်တို့၏ တာဝန်ဝတ္တရားများကို တိတိကျကျပြဋ္ဌာန်းတော်မူခဲ့လေသည်။

တပည့်တော်တို့သည် မကြာခဏဆိုသလို စိတ်ဓါတ်ကျဆင်းမှုများ၊ စော်ကားခံရမှုများကြုံတွေ့ရကာ သူတို့၏ သက်သေခံချက်များကိုလည်း ငြင်းပယ်ကြလိမ့်မည်ဖြစ်ကြောင်း သခင်သိပါသည်။

မိမိ၏တရားကိုစိတ်အားကြီးစွာ နာယူကြကုန်သောသူတို့သည်လည်း တစ်ပါးသူတို့၏ သွားပုပ်လေလွင့်ပြောဆိုခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ ထောင်တွင်းအကျဉ်းခံရခြင်းနှင့် ကောင်းမွန်စွာ သိမြင်တော်မူသဖြင့် “ဖြောင့်မတ်ခြင်းတရားကြောင့် နှောင့်ယှက်ညှဉ်းဆဲခြင်းကို ခံရသောသူတို့သည် ထိုသူတို့၏ နိုင်ငံဖြစ်၏။ ငါ့ကြောင့် သင်တို့ကိုကဲ့ရဲ့ညှဉ်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာတင်ကြသောအခါ သင်တို့သည် မင်္ဂလာရှိကြ၏။ ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ သင်တို့၏ အကျိုးသည် ကြီးလှပေ၏။

သင်တို့ရှေ့က ပေါ်ထွန်းသော ပုရောဖက်တို့ကိုလည်း ထိုနည်းတူ ညှဉ်းဆဲကြပြီ” ဟု မိန့်တော်မူ၏။

ဤလောကကြီးနေ လောကသားတို့သည် အပြစ်ကိုခင်တွယ်မြတ်နိုး၍ ဖြောင့်မတ်ခြင်းတရားကိုမူ မုန်းတီးကြပါသည်။ ဤသို့ဖြစ်ရခြင်းမှာ ထိုသူတို့သည် ယေရှုခရစ်တော်ကို ရန်မူခြင်းကြောင့်ဖြစ်၏။

ခရစ်တော်၏ အလင်းတရားတော်သည် ထိုသူတို့၏အပြစ်များကို ကွယ်ကာထားသောအမှောင်ထုအား ရှင်းလင်းပစ်လိုက်သည်မဟုတ်ပါလား။ ဤတွင် ဘာသာတရားရေးရာမှာ ပြုပြင်ပြောင်းလဲဖို့လိုအပ်လာ၏။ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော်၌ မိမိကိုယ်ကိုအပ်နှံထားသူတို့သည် မိမိတို့ကိုယ်တိုင်နှင့် စင်ပြိုင်တိုက်လှန်နေကြရပါသည်။ အပြစ်တရားကို စွဲလမ်းမီခိုနေကြသူများသည်လည်း အမှန်တရားနှင့်ထိုတရား၏ကိုယ်စားလှယ်တော်တို့နှင့် စစ်ခင်းနေကြရပေသည်။

ဤသို့လျှင် ခရစ်တော်သခင်၏ နောက်တော်လိုက်တို့သည်လူတို့အား ဒုက္ခပေးသူများဟူ၍ စွပ်စွဲခြင်းကိုခံကြရ၏။ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ကြသဖြင့်လည်း လောကသားတို့၏ ရန်ငြိုးဖွဲ့ခြင်းကိုခံရပြန်ပါသည်။

ထိုသူတို့သည် ကမ္ဘာ့အမြင့်မြတ်ဆုံးလူသားကြီး ယေရှု၏လျှောက်လှမ်းခဲ့သော ခရီးလမ်းကို လျှောက်လျက်နေကြပါသည်။ ပြင်းထန်သော စုံစမ်းစစ်ဆေးမှုတိုင်းသည်လည်း ၎င်းတို့၏ အပြစ်ကင်းစင်မှုအတွက် ဘုရားသခင်၏ စွမ်းဆောင်မှုဟု ဆိုရပါမည်။ တိုက်လှန်ပွဲတိုင်းသည် ထိုသူတို့၏ နောက်ဆုံးအပြီးအပိုင် အောင်မြင်မှု၏ အနှစ်သာရတည်းဟူသော ပျော်ရွှင်ဝမ်းမြောက်မှုကို ထပ်ဆင့်ပေါင်းစပ်ပေးပါလိမ့်မည်။ ဤအမှုကိုထောက်ရှုလျက် ထိုသူတို့သည် မိမိတို့၏ ယုံကြည်ခြင်းကို စမ်းသပ်ခံရသောအခါမှာ ကြောက်ရွံ့တုန်လှုပ်မှုထက် ဝမ်းမြောက်ဝမ်းသာစွာဖြင့် လက်ခံကြပေလိမ့်မည်။

"သင်တို့သည် ဤလောက၏ ဆားဖြစ်ကြ၏" ဟု ဆိုရာ၌ သင်သည် နှိပ်စက်ညှင်းပန်းမှုမှ လွတ်ကင်းအံ့သောငှာ သင်တို့သည်

ဤလောကသားများနှင့် ကင်းကင်းရှင်းရှင်း ဝေးဝေးနေရန် မဟုတ်ပါ။ ဆားသည် ဤကမ္ဘာလောကကြီးအား ပုပ်သိုးပျက်စီးခြင်းမှ ကာကွယ်ထိန်းသိမ်းပေးသကဲ့သို့ ဘုရားသခင် ချစ်ခြင်းမေတ္တာတော်၏ မွှေးရနံ့များသည် လောကသားများအတွင်း ပျံ့နှံ့သွားစေရန် သင်သည် ထိုသူတို့နှင့်အတူ နေရပါမည်။

အကယ်၍သာ ဘုရားသခင်ကို ယုံကြည်ကိုးကွယ်နေကြသူတို့အား ဤကမ္ဘာမြေကြီးပေါ်မှ ပယ်ရှင်းပစ်လိုက်မည်ဟူက ဤကမ္ဘာသည် စာတန်၏ မှောင်မိုက်တန်ခိုး လက်နက်စုံများကြောင့် ပျက်စီးခြင်းသို့ ရောက်သွားပေလိမ့်မည်။ ဆိုးသွမ်းယုတ်မာသူတို့သည် ထိုအရာများကို မသိမြင်ကြသော်လည်း ၎င်းတို့စော်ကားဖိနှိပ်နေကြသော ဘုရားသခင်၏ သားစစ်သမီးမှန်တို့ကြောင့် ဤဘဝအသက်တာမှာ ခံစားနေရသော ကောင်းချီးမင်္ဂလာများအတွက် ကြွေးတင်နေသူများဖြစ်ကြပါသည်။

သို့သော်လည်း ခရစ်ယာန်တို့သည် နာမည်ခံသက်သက်လောက်ပင်ဖြစ်၏ဟုဆိုသော် ထိုသူတို့သည် အငန်ဓါတ်ကင်းပျောက်သောဆားကဲ့သို့ပင် ဖြစ်ချေတော့မည်။ ထိုသို့ဖြစ်သော် သူတို့သည် ထာဝရဘုရားသခင်ကို ကောင်းမွန်စွာ ကိုယ်စားပြုသူများ မဟုတ်ကြသဖြင့် မယုံကြည်သူတို့ထက်ပင် သူတို့၏အပြစ်သည် ပိုမိုဆိုးဝါးလှပါသည်။

"သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏" ဟုဆိုလျှင်ကယ်တင်ခြင်းသည် နေမင်းကြီး၏ တောက်ပရောင်ခြည်တော်ကဲ့သို့ တစ်ကမ္ဘာလုံးကို ထွန်းလင်းစေမည်ဖြစ်ပါသည်။ ကယ်တင်ခြင်းသည် တစ်ကမ္ဘာလုံးရှိလူတို့အတွက် ဖြစ်ပါ၏။ သမ္မာကျမ်းစာမှာ ဖေါ်ပြထားသောဘာသာတရားသည် အဖုံးနှင့်လုံခြုံသပ်ရပ်စွာ ဖုံးကာထားသောစာအုပ်ထဲတွင် သာထားရှိရန် မဟုတ်သကဲ့သို့ အသင်းတော်၏ နံရံပေါ်မှာ ချိတ်ဆွဲထားရန်လည်းမဟုတ်ပါ။ သမ္မာကျမ်းစာ၏ တရားတော်သည် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာကို သန့်ရှင်းစေ၍ ဆောင်ရွက်နေသောစီးပွားရေး

လုပ်ငန်း၊ လူမှုဆက်ဆံရေးလုပ်ငန်း အဖုံဖုံတို့တွင် မိမိတို့၏ ယုံကြည်ချက်ကို ဖေါ်ကျူးရန်ဖြစ်ပါသည်။ ဖြောင့်မတ်ခြင်းတရား၏ အခြေခံမူစည်းမျဉ်းများကို ကျွန်ုပ်တို့၏ နှလုံးသားအိမ်ထဲတွင် သိုမှီးထားရပါဦးမည်။

ခိုင်မြဲတည်တံ့သော အသက်တာ၊ တိမ်းစောင်းပျော့ညံ့မှုမရှိသော သမ္မာဓိသစ္စာ၊ ကျေးဇူးသိတတ်သော စိတ်သဘောထားနှင့်ဘာသာတရားကို ကိုင်းရှိုင်းမှုပုံသက်သေအပေါင်းတို့သည် ဤလောကဆီသို့ ပေးဝေနေသော အလင်းရောင်ခြည်တန်းပင်ဖြစ်ပါသည်။ ကြားခံပစ္စည်းများဟူ၍လည်းဆိုနိုင်ပါ၏။

ယေရှုသခင်၏ဆိုစကားတို့ကို ခရေစေ့တွင်းကျနိုက်နိုက်ချွတ်ချွတ်မှတ်သားလျက် ၎င်းတို့၏အကြံအစည်၊ ဉာဏ်နီဉာဏ်နက်ထောင်ချောက်များအတွက် အထောက်အကူအဖြစ် စွဲချက်တင်ကြမည့်သူလျှိုတို့သည် အနီးမှာရှိနေကြကြောင်းကို ယေရှုသိပါသည်။

သို့ဖြစ်၍ မောရှေအားဖြင့် ပေးအပ်ထားသော ဘာသာတရားနှင့် အသားကျနေသောဝိနည်းအထုံးအဖွဲ့များအပေါ် အခြေခံသည့် ၎င်းတို့၏ ယုံကြည်ချက်များကို တုန်လှုပ်စေသည့် မည်သည့်စကားမျိုးကိုမဆို ယေရှုရှောင်ပါသည်။

ထိုစကားမျိုးကိုမပြောပါ။ အမှန်အားဖြင့် ထိုဝိနည်းအထုံးအဖွဲ့ပညတ်များနှင့်လူ့ကျင့်ဝတ်တည်းဟူသော ပညတ်တော်ဆယ်ပါးတို့ကို ခရစ်တော်သခင်ကိုယ်တော်တိုင်က ပေးအပ်ခဲ့ပါ၏။ မိမိကိုယ်တိုင်ပေးခဲ့သောသွန်သင်ညွှန်ကြားချက်များကို ယေရှုသည် အဘယ်မှာလျှင် ဆန့်ကျင်ဖျက်ဆီးပါအံ့နည်း။ ကိုယ်တော်သည် ပညတ်တော်အကြောင်း မှားယွင်းစွာအနက်ပြန်ဆိုမှုများကို ပယ်ဖျက်နေစဉ်မှာ ပေဖြိလူတို့အား ယုံကြည်၍အပ်နှင်းထားခဲ့သည့်အသက်ရှင်စေသော အမှန်တရားကို စွန့်လွှတ်ခြင်းမှကင်းဝေးရန် တမန်တော်တို့အား ဂရုတစိုက်ကာကွယ်စောင့်ရှောက်တော်မူခဲ့ပေသည်။

ဖာရိရှဲအဖွဲ့ဆိုလျှင် ကယ်တင်ရှင်ယေရှု၏ အမိန့်တော်စကားများစွာတို့သည် မကောင်းဆိုးဝါး အယူဝါဒဖြစ်သည်ဟု မှတ်ယူကြလေသည်။ ယေရှုသည် အမှန်တရားကို ဖုံးအုပ်ထားသော အမှိုက်သရိုက်များကို လှဲထုတ်ဖယ်ရှားပစ်လိုက်သောအခါမှာလည်း ထိုသူတို့က အမှန်တရားအနှစ်သာရကို ဖယ်ရှားပစ်နေသည်ဟု ယူဆကြပါသည်။

ယေရှုသည် ထိုသူတို့၏ အတွင်းစိတ်ကိုရှုမြင်၍ သိရှိသောကြောင့် ဤသို့အဖြေပေးပြောကြားခဲ့ပေသည်။ "ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှာ ငါလာသည်ဟု မထင်ကြနှင့်။ ဖျက်ပယ်ခြင်းငှာ ငါလာသည်မဟုတ်၊ ပြည့်စုံစေခြင်းငှာ ငါလာသတည်း။"

ဤသို့လျှင်ယေရှုသည် ပညတ်တော်တို့ကို ချိုးဖေါက်ဖျက်ဆီးသည်ဆိုခြင်းမှာ မမှန်မကန်ကြောင်း၊ အပြစ်တင်ခွင့်နှင့် ကင်းလွတ်ကြောင်းထင်ရှားစေရန် ဖြစ်ပါ၏။

အကယ်၍သာ ထာဝရဘုရားသခင်၏ ပညတ်တရားသည်ပြောင်းလဲပေးရန် (သို့မဟုတ်) ဖျက်သိမ်းပစ်ရန် ဖြစ်နိုင်ခဲ့လိမ့်မည်ဆိုလျှင် ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ ပညတ်တော်ချိုးဖေါက်မှုအတွက် အဖိုးအခကို ခံစားဖို့ရန်လိုလိမ့်မည်မဟုတ်ချေ။ ကိုယ်တော်သည် လူသားတို့နှင့် ပညတ်တရားအကြား ဆက်နွယ်နေပုံကိုရှင်းပြရန်နှင့် မိမိ၏ နားထောင်ခြင်းအသက်တာအားဖြင့် ပညတ်တရား၏ ကျင့်ဝတ်များကို ရှင်းလင်းသရုပ်ဖေါ်ဆောင်ရန် ကြွလာတော်မူခဲ့ပေသည်။

## နားထောင်မှုသည် ဝမ်းမြောက်မှုဆီသို့ပို့ဆောင်ခြင်း

ထာဝရဘုရားသခင်သည် လူသားတစ်နွယ်လုံးကို ချစ်တော်မူ၏။ ထို့ကြောင့် အပြစ်ဒုစရိုက်ပြုခြင်း၏ ရလဒ်များမှ ကာကွယ်ရန်

ကိုယ်တော်ရှင်သည် ဖြောင့်မတ်ခြင်းတရား၏ အခြေခံမူစည်းမျဉ်းများကို ဖော်ပြခဲ့ပေသည်။ ပညတ်တော်ကို ခရစ်တော်ယေရှုအားဖြင့် ကျွန်ုပ်တို့ လက်ခံရရှိသောအချိန်မှာ ဘုရားသခင်၏ သဘောတော်သည် ကျွန်ုပ်တို့ ၏သဘောထားအသွင်သို့ ကူးပြောင်းလာပါသည်။ ထိုအခါ အပြစ်သို့ ပို့ဆောင်သော စုံစမ်းနှောင့်ယှက်ခြင်းနောက်သို့ မလိုက်လိုတော့ပါ။ လူ့သ ဘာဝ၏ အလိုရမ္မက်များနှင့် အပြစ်သို့ တိမ်းညွတ်မှုများ အထက်မှာကျွန်ုပ် တို့ကို မြှင့်တင်ပေးပါသည်။

သိနာတောင်ပေါ်မှာ ထာဝရဘုရားသခင်သည် မိမိကျေးဇူးတော် ၏သန့်ရှင်းခြင်းအဖြစ်ကို လူသားတို့အား အသိပေးခဲ့ပါသည်။ ထိုပညတ် တော်အားဖြင့် လူတို့သည် မိမိတို့၏ အပြစ်များခြင်းအဖြစ်ကို ပြန်မြင်နိုင် ခဲ့ပါ၏။ ပညတ်တော်ကို ပေးသည်ဆိုရာ၌လည်း လူသည် အပြစ်များ ကြောင်းကို ထင်ရှားစွာသိမြင်ရန်နှင့် ကယ်တင်ရှင်တစ်ပါးလိုအပ်နေပြီဖြစ် ကြောင်းကို ဖော်ပြရန်ဖြစ်ပါသည်။

ဤအမှုကိုဆက်လက်၍ ပြုလုပ်ဖော်ထုတ်ရန် လိုအပ်နေဆဲပင် ဖြစ်၏။ သန့်ရှင်းသောဝိညာဉ်တော်သည် လူ့စိတ်နှလုံးကို တို့ထိသဖြင့် ခရစ်တော်သခင်၏ အလင်းတော်သည် လူတို့အား ကိုယ်တော်ရှင်၏အပြစ် ကင်းစင်စေသည့် အသွေးတော်နှင့် တရားမျှတတော်မူသည့် ကိုယ်တော်၏ ဖြောင့်မတ်ခြင်းပါရမီကို လိုအပ်နေကြောင်းကို ဖော်ပြနေသည်နှင့်အမျှ ကျွန်ုပ် တို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်မည်အကြောင်း ပညတ်တော်သည် ကျွန်ုပ်တို့အား ခရစ်တော်သခင်ထံတော်ပါးသို့ ပို့ဆောင် နေပါသည်။ "ထာဝရဘုရားသခင်၏ တရားတော်သည် စုံလင်သည်ဖြစ် ၍ စိတ်ဝိညာဉ်ကိုပြုပြင်တတ်၏။" (ဆာလံ ၁၉း၇)။

"ကောင်းကင်နှင့် မြေကြီးမပျက်စီးမီတိုင်အောင် ပညတ္တိကျမ်း၌ အငယ်ဆုံးသော စာလုံးဗိန္ဒုတစ်လုံးမျှ ပြည့်စုံခြင်းသို့မရောက်မီ မပျက်စီးရ"

ဟုခရစ်တော်ယေရှုမိန့်တော်မူခဲ့ပါသည်။ ကောင်းကင်ယံမှာ နေမင်းကြီး ရှိ၏။ ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးသည် နေမင်းကြီးနှင့်အတူ သက်သေ ခံနေသည်မှာ ဘုရားသခင်၏ ပညတ်တော်သည် ပြောင်းလဲခြင်းမရှိ ထာဝရတည်ကြောင်းဖြစ်ပါသည်။

ထိုအရာတို့သည် ပျက်စီးပျောက်ကွယ်သွားမည်ဆိုလျှင် ပျက်စီးသွား နိုင်ပါသော်လည်း ဘုရားသခင်၏ပညတ်တော်သည် အမြဲထာဝစဉ်တည်ရှိ နေပါလိမ့်မည်။ ခရစ်တော်ယေရှုသခင်ကို ဘုရားသခင်၏ သိုးသငယ်တော် ဟု ပုံဆောင်ပြည္ဆန်း၍ ကျင်းပသော ဝိနည်းအထုံးအဖွဲ့ပညတ် အခမ်းအ နားများသည် ယေရှုသခင်အသေခံပြီးသည့်နောက်မှာ ဖျက်သိမ်းခြင်းကိုခံ လိုက်ရပါသော်လည်း ပညတ်တော်ဆယ်ပါးတွင် ဖေါ်ပြပါရှိသောအရာတို့ သည် ဘုရားသခင်၏ ပလ္လင်တော်ကဲ့သို့ပင် တည်မြဲလျက်ပင်ရှိပါသည်။

ဘုရားသခင်၏ တရားတော်သည် စုံလင်သည်ဖြစ်သောကြောင့် လူဇာတိကိုခံယူသော ကယ်တင်ပိုင်သူ ယေရှုသခင်၏ နားထောင်ခြင်းရှိ သည့်အသက်တာသည် ပညတ်တော်၏ တောင်းဆိုချက်များကို ဆက်လက် ကာဆောင်ရွက်တော်မူပြီဖြစ်ပါ၏။

တစ်နည်းဆိုရလျှင် လူသည် ပညတ်တော်ကိုစောင့်ထိန်းနိုင်ကြောင်း ပုံသက်သေကို ပြခဲ့ပြီဖြစ်၏။ တစ်ဖက်တွင်လည်း ဘုရားသခင်၏ပညတ် တော်ကို လွန်ကျူးနေသူများက ပညတ်တော်သည် တရားမျှတမှုမရှိ ကြောင်း၊ စောင့်ထိန်းရန် မဖြစ်နိုင်ကြောင်းဖေါ်ပြ၍ စာတန်၏ စွပ်စွဲချက် ကို ထောက်ခံနေကြပါသည်။

ဤနည်းဖြင့်ထိုသူတို့သည် သူပုန်လူယုတ်မာကြီးများဖြစ်၏။ထိုသူတို့ ကို ကောင်းကင်နိုင်ငံတော်သို့ဝင်စားရန် ခွင့်ပြုခြင်းသည်စိတ်ဝမ်းကွဲပြားမှုနှင့် ပုန်ကန်မှုများသာဖြစ်ပွားစေနိုင်ရကား စကြာဝဠာကြီး၏ သာယာချမ်းမြေ့မှု ကိုဘေးဒုက္ခရောက်စေပါသည်။ ပညတ်တော်ဆယ်ပါးတွင် ပါရှိသောအခြေ ခံစည်းမျဉ်းဥပဒေသတစ်ခုခုကို အလိုတူအလိုပါ တမင်သက်သက်ဂရုမပြု

လျစ်လျူရှုသောသူသည် ကောင်းကင်နိုင်ငံတော်သို့ ဝင်စားရလိမ့်မည်မ ဟုတ်ချေ။

ခရစ်တော်သခင်၏ နေ့ရက်ကာလမှာ သက်ရှင်နေထိုင်ခဲ့ကြကုန် သောလူတို့၏ စိတ်နှလုံးထဲတွင် ကိန်းအောင်းနေသော အကြီးမားဆုံးသော လိမ်လည်မှုကြီးမှာ သမ္မာကျမ်းစာတရားအသိကို သဘောတူရုံမျှနှင့်ဖြောင့် မတ်ရာသို့ ရောက်သည်ဆိုသည့် အယူအဆပင်ဖြစ်ပါသည်။ ခေါင်းအသိ သီအိုရီနှင့် အသက်ဝိညာဉ်ကို ကယ်တင်ရန် မလုံလောက်ပါ။ အမှန်တ ရားကိုနှလုံးသားနှင့်မသိဘဲ ခေါင်းအသိသက်သက်နှင့်သာသိခြင်းအားဖြင့် ဖြောင့်မတ်ခြင်း၏ အသီးအပွင့်များကို မသီးမပွင့်နိုင်ပါ။

သဘောတရားပညာနှင့်သာဆိုင်သော အမှန်တရားကို ပြုစုသည့် သဘောဖြင့် ပမာဏပြုခြင်းသည် စစ်မှန်သောအမှန်တရားအား မုန်းတီး ခြင်းများတို့ကို ပူးတွဲဖြစ်ပေါ်စေလေ့ရှိပါသည်။ ကမ္ဘာ့သမိုင်း၏ အမှောင် မိုက်ဆုံးသော အခန်းကဏ္ဍများသည်လည်း တစ်ယူသန်ဘာသာရေးသမား ကြီးတို့ ကျူးလွန်ခဲ့သော ရာဇဝတ်မှုမှတ်တမ်းများဖြင့်သာလျှင် ပြည့်ဝနေ ပါသည်။ ဖာရိရှဲတို့သည် မိမိတို့ကိုယ်ကို ကမ္ဘာကျော်ဘာသာရေးသမား များဟု ထင်မှတ်ကြပေ၏။

သို့ရာတွင် ထိုသူတို့၏ နာမည်ခံရှေးရိုးစွဲဂျူးဘာသာတရားသည် ၎င်းတို့ကို ဘုန်းဝင့်သခင်ဘုရားကို ကပ်တိုင်တင်သတ်ကြရန် ပို့ဆောင်ခဲ့ ပေသည်။ လူများစွာတို့သည် အမည်ခံခရစ်ယာန်များဖြစ်၍ ယုံကြည် ခြင်းမှာ အမာခံပါဟု နှုတ်ဖြင့်ဝန်ခံကောင်းဝန်ခံကြမည်ဖြစ်ပါသော်လည်း ထိုအမှုအရာသည် သူတို့အား ရိုးသားတည်ကြည်မှု၊ကြင်နာသနားမှု၊ သည်း ခံခြင်း၊ စိတ်ရှည်ခြင်းနှင့်ကောင်းကင်သားတို့၏ စိတ်သဘောထားကို မဖြစ် ပွားစေခဲ့လျှင် ထိုအမှန်တရားသည် မိမိအဖို့ကျိန်ခြင်းအမင်္ဂလာဖြစ်လာသကဲ့ သို့သူတို့၏သြဇာသက်ရောက်မှုအားဖြင့် ကမ္ဘာကြီးအတွက်လည်း ကျိန်ခြင်း အမင်္ဂလာတစ်ခု ဖြစ်လာနေပါသည်။

## ထာဝရဘုရားသခင်၏ပညတ်တော်အကျယ်အဝန်းနှင့်နက်ရှိုင်းမှု

ယေရှုသခင်သည် ပညတ်တော်ကို သီးခြားချီးမြှောက်တော်မူ၍ ထိုပညတ်တရား၏ အခြေခံနိယာမများသည် မည်ရွေ့မည်မျှ ခရီးပေါက်ကြောင်းကို ရှင်းပြတော်မူ၏။ လူသည် မကောင်းသောအတွေးနှင့် ပြစ်မှားသောသဘောဖြင့် ကြည့်သောအကြည့်သည် ဘုရားသခင်၏ ပညတ်တော်ကိုလွန်ကျူးနိုင်ကြောင်း ယေရှုမိန့်တော်မူခဲ့၏။ အငယ်ဆုံးသော မတရားမှုတွင် ပါဝင်လုပ်ဆောင်သူသည် ပညတ်တော်ကို လွန်ကျူး၍ မုန်းတီးမှုအတွက် စိတ်နှလုံးမှာ နေရာပေးသောသူသည် လူသတ်သမား၏ လမ်းခရီးကို စတင်လျှောက်လှမ်းနေခြင်းဖြစ်ပါသည်။

ဂျူးလူမျိုးတို့သည် ကလဲ့စားချေခြင်းစိတ်ဓါတ်ကို အထူးမွေးမြူကြပါသည်။ သူတို့သည် ရောမတိုင်းသားတို့အား မုန်းတီးသောကြောင့် ပြင်းထန်သော အတိအလင်းစွပ်စွဲချက်များကို ဖွင့်ဟကြ၍ ကြောက်မက်ဖွယ်လုပ်ရပ်များစွာကို လုပ်ဆောင်ရန် မိမိတို့ကိုယ်ကို လေ့ကျင့်လျက်ရှိကြပေသည်။

အပြစ်မရှိသော အမျက်ထွက်ခြင်းရှိသည်ဆိုသည်မှာ မှန်ကန်ပါ၏။ ယေရှုသခင်၏ နောက်တော်လိုက်များထဲမှာပင် ထိုကဲ့သို့သော အပြစ်မရှိသောအမျက်ဒေါသထွက်ခြင်းမျိုးသည်ရှိ၏။

ဘုရားသခင်၏အသရေတော်ကိုရှုတ်ချ၍သခင်အမှုတော်ကို ဂုဏ်အသရေယုတ်ညံ့အောင်လုပ်ဆောင်ခြင်းများကို တွေ့မြင်ရသောအခါမှာလည်းကောင်း၊အပြစ်မဲ့သူတို့အား နှိပ်ကွပ်ညှဉ်းပန်းနေသည်ကိုမြင်ရ၊ တွေ့ရသောအခါမှာလည်းကောင်း အပြစ်မရှိသောအမျက်ဒေါသသည် စိတ်ထဲမှာပေါ်လာရ၏။ ထိုကဲ့သို့သော အမျက်ဒေါသသည် အာရုံခံစား လွဲသောအကျင့်စာရိတ္တမှဖြစ်ပွားခဲ့သည် ဖြစ်သောကြောင့် အပြစ်မဟုတ်ချေ။ သို့သော်လည်းကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတော်နှင့် ဆီလျော်ညီညွတ်သူများ

ဖြစ်ကြလိမ့်မည်ဆိုက နာကြည်းသောစိတ်ထားများနှင့် ရန်ငြိုးကြီးသော ကလဲ့စားချေလိုစိတ်မျိုးကို ကျွန်ုပ်တို့၏ စိတ်နှလုံးမှ နှင်ထုတ်ရပါမည်။

ဘုရားသခင် သားသမီးတို့အတွက် ဘုရားသခင်ဖြစ်စေလိုသည့် အမွန်မြတ်ဆုံးသော "စံ" မှာ လူသားတို့၏ စိတ်ကူးထဲတွင် အကောင်းဆုံးစိတ်ကူးစဉ်းစားနိုင်သည့် "စံ" ထက်ပို၍ မြင့်မားပါ၏။

"ကောင်းကင်ဘုံ၌ ရှိတော်မူသောသင်တို့၏အဘသည် စုံလင်တော်မူသည်နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့" ဤအမိန့်တော်သည် ကတိတော်တစ်ခုလည်းဖြစ်သည်။ ကယ်တင်ခြင်း စီမံကိန်းသည် ကျွန်ုပ်တို့အား စာတန်နတ်ဆိုးမင်း၏ တန်ခိုးအာဏာစက်အောက်မှာ လုံးဝဉဿုံပြန်လည် နုတ်ယူရန် ဖြစ်သည်မဟုတ်လော။ ခရစ်တော်သခင်သည် ကြေကွဲနေသောနှလုံးအား အမြဲတမ်းအပြစ်နှင့်ကင်းကွာစေတော်မူပါသည်။

ကိုယ်တော်ရှင်သည် အပြစ်ပြုခြင်းမှ ကင်းဝေးစေရန် သန့်ရှင်းသော ဝိညာဉ်တော်ကို နောင်တရပြီးဖြစ်သော သူတို့ထံသို့စေလွှတ်၍ ကျေးဇူးတော်မျှဝေပေးကမ်းနိုင်ဖို့ရန် စီစဉ်မှုများကို ပြုလုပ်တော်မူခဲ့ပါသည်။

## စုံစမ်းနှောင့်ယှက်ခြင်းများကို ဆင်ခြေပေး၍မရခြင်း

လုပ်ရပ်မှားတစ်ခုအတွက် စာတန်နတ်ဆိုးမင်း၏ စုံစမ်းနှောင့်ယှက်မှုများကြောင့် ဖြစ်ရသည်ဟု ဆင်ခြေပေး၍မရပါ။ အပြစ်ကျူးလွန်မှုအတွက် ခြွင်းချက်တစ်စုံတစ်ရာမရှိပါ။ ခရစ်တူအသက်တာတည်းဟူသော သန့်ရှင်းသော သဘောထားသည် နောင်တရ၍ ယုံကြည်သူ ဘုရားသခင်သားသမီးတိုင်း၏ စိတ်နှလုံးထဲသို့ရောက်ရှိလာရန် လွယ်ကူလှပါ၏။

ဘုရားသခင်၏ သားတော်ယေရှုသခင်သည် မိမိ၏ အသက်တာ၌ စုံလင်တော်မူသကဲ့သို့ ခရစ်တော်၏ နောက်တော်လိုက်များသည်လည်း မိမိတို့၏ အသက်တာများတွင် စုံလင်ခြင်းဟူသည်ရှိရမည်။ သခင်ယေရှုသည်

အရာရာတွင် မိမိ၏ ညီအစ်ကိုများနှင့် တူညီတော်မူ၏။ ကိုယ်တော်သည် ကျွန်ုပ်တို့ကဲ့သို့ပင် အသွေးအသားနှင့် အသက်ရှင်နေထိုင်ခဲ့ပါသည်။

ကိုယ်တော်သည်လူသားတို့၏ အငန်းအတာများကို မျှဝေခံစားခဲ့၏။ သို့သော်လည်း အပြစ်နှင့်လုံးဝကင်းစင်ခဲ့ပါသည်။ ထိုသခင်သည် အသွေးအသားနှင့် အသက်ရှင်တော်မူခဲ့သော ဘုရားသခင်ဖြစ်တော်မူ၏။ ထိုသခင်၏ စာရိတ္တတော်သည် ကျွန်ုပ်တို့၏ စာရိတ္တဖြစ်ရန် လိုအပ်ပါသည်။

ယေရှုခရစ်တော်သည် ယာကုပ်တွေ့မြင်ခဲ့သော လှေခါးဖြစ်ပါသည်။ ထိုလှေခါး၏အခြေသည် မြေကြီးပေါ်မှာရှိ၍ အဖျားသည်ကောင်းကင်တံခါးဝသို့တိုင် ရောက်ရှိနေပါ၏။ ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးနှင့်ဆက်သွယ်လျက်ရှိသော ထိုလှေခါးသည် တစ်ထစ်မဟုတ်တစ်ထစ်တွင် ချို့ယွင်းခဲ့ပါလျှင် ကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ရောက်ရှိနိုင်ပါသည်။

သို့သော်လည်း ယေရှုခရစ်တော်သည် ကျွန်ုပ်တို့ရှိသောနေရာသို့ ကြွဆင်းလာပြီး ကျွန်ုပ်တို့သည် ကိုယ်တော်၏ သဘာဝကို ယူတင်ဝတ်ဆောင်ခြင်းအားဖြင့် စာတန်ကို အောင်မြင်ကျော်လွှားနိုင်ရန် အလို့ငှာကိုယ်တော်သည် ကျွန်ုပ်တို့၏ လူသားဇာတိတော်ကို ယူတင်ဝတ်ဆောင်၍ သေခြင်းမာန်ကို အောင်မြင်ခဲ့ပေသည်။

ကိုယ်တော်သည် အပြစ်နှင့်ပြည့်စုံသော ဇာတိပကတိ၏ ပုံရိပ်ကို ဆောင်၍ (ရောမ ၈း၃၀) အပြစ်ကင်းစင်သောအသက်တာနှင့် အသက်ရှင်ခဲ့ပါ၏။

ယခုတွင် ကျွန်ုပ်တို့သည်ကိုယ်တော်ကို ယုံကြည်သောအားဖြင့် ဘုရားသခင်ဇာတိတော်၏ဘုန်းအသရေကိုကြိုးစားရယူကြပါရန် သခင်မိန့်တော်မူခဲ့ပါသည်။ ထိုကြောင့် ကောင်းကင်ဘုံမှာရှိသော အဖဘုရားသခင်သည် စုံလင်တော်မူသကဲ့သို့ ကျွန်ုပ်တို့သည်လည်း စုံလင်ကြရပါမည်။

ဖြောင့်မတ်ခြင်းတရားဟူသည်မှာ မည်သည့်အရာများပါဝင်ပတ်သက်နေ၍ ထိုအရာတို့သည် ဘုရားသခင် ထံတော်ပါးမှ အရင်းခံကြောင်းကို ယေရှုသည် ပြည့်စွန်တော်မူခဲ့ပါ၏။ ယခုတွင်မူ လက်တွေ့ကျင့်ဆောင်ရမည့်တာဝန်များကို မိန့်တော်မူခဲ့ပါသည်။ ဤသို့ပြုကျင့်ရာ၌ တစ်ပါးသူ၏ စိတ်အာရုံကိုဆွဲဆောင်၍ မိမိအား သူတစ်ပါးချီးမွမ်းစေလိုသည့် သဘောမျိုးမပါဝင်စေရပါ။

ဆင်းရဲဒုက္ခရောက်နေသူတို့အား ရိုးသားစွာသောစိတ်ဖြင့် ပေးလှူပါ။ ဆုတောင်းခြင်းဖြင့် အသက်ဝိညာဉ်များစွာကိုဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ပေးပါ။ အစာရှောင်သောအခါ စိတ်နှလုံးတွင် “ငါ” အတွက်ဟူသောအတွေးများဖြင့် ပြည့်ဝမနေပါစေနှင့်။

ရိုးသားသောစိတ်ဖြင့် တုံ့ပြန်သော လုပ်ဆောင်မှုများတွင် ကြီးမားသောအကျိုးရှိပါသည်။ “မထင်ရှားသောအရာကို မြင်တော်မူသော သင်၏အဘသည် အကျိုးကို ထင်ရှားစွာပေးတော်မူလတ္တံ့။” ကျေးဇူးတော်ကြောင့်သာ ကျွန်ုပ်တို့၏ သက်ရှင်နေထိုင်မှုပုံစံအားဖြင့် စာရိတ္တကို ဖွဲ့စည်းတည်ဆောက်ပါသည်။

ခရစ်တော်သခင်၏ ဂုဏ်ကျေးဇူးတော်ဆောင်စရိုက်များသည် လူတို့ထံမျှဝေပေးကမ်း၍လည်း လူတို့၏ အသက်တာတွင် ဘုရားသခင်၏သဏ္ဍာန်တော်မှာ ထွန်းလင်းစပြုလာပါ၏။ ဘုရားသခင်နှင့် အတူတွဲဖက်ကာလုပ်ဆောင်နေသောသားသမီးတို့၏ မျက်နှာမှာ ကောင်းကင်နိုင်ငံတော်၏ငြိမ်သက်ခြင်းကို ဖော်ပြနေသည်။ ထိုအသက်ဝိညာဉ်များအတွက် ဘုရားသခင်၏ နိုင်ငံတော်သည် အစပျိုးလျက် ရှိနေပါပြီ။

“အဘယ်သူမျှ သခင်နှစ်ဦး၏ အစေကိုမခံနိုင်ပါ။” ကျွန်ုပ်တို့သည် စိတ်နှစ်ခွဖြင့် ဘုရားသခင်၏ အစေကိုမခံနိုင်ကြချေ။ သမ္မာကျမ်းစာ၏ ဘာသာတရားသည် အခြားဘာသာတရား များစွာမှာရှိသော

ဩဇာသက်ရောက်မှုမျိုးမဟုတ်ဘဲ၊ လူ့အသက်တာတစ်ခုလုံးထဲသို့စိမ့်ဝင်ပျံ့နှံ့သွားရမည်ဖြစ်၏။

"ထိုကြောင့် မျက်စိကြည်လင်လျှင် တစ်ကိုယ်လုံးလင်းလိမ့်မည်။ မျက်စိမြေးယှက်လျှင် တစ်ကိုယ်လုံးမိုက်လိမ့်မည်။" အညစ်အကြေးနှင့်ကင်းစင်သော စိတ်နှလုံးတည်ကြည်မြဲမြံခြင်းသည် ဘုရားသခင်ထံတော်မှအလင်းတရားကို ရရှိရန်အတွက် အခြေအနေများပင်ဖြစ်ပါသည်။အမှန်တရားကို သိလိုသောသူသည် ထိုအမှန်တရားမှဖေါ်ပြသော အရာခပ်သိမ်းကိုလက်ခံရန် ဆန္ဒရှိရမည်မဟုတ်လော။ အမှန်တရားကို သစ္စာစောင့်သိမှုတွင် ယိမ်းယိုင်လှုပ်ရှား၍ စိတ်မပ့ါတပါဖြစ်ချေက မှားယွင်းခြင်း၏မှောင်မိုက်တန်ခိုးနှင့် စာတန်၏ လှည့်စားခြင်းကို ရွေးချယ်ခြင်းသာဖြစ်ပါသည်။

သက်တံ့မှာရှိသော ရောင်စုံလင်းရောင်ခြည်တန်းတို့သည် တစ်ခုနှင့်တစ်ခုမရောယှက်သကဲ့သို့ လောကစည်းမျဉ်း ပေါ်လစီများနှင့်ဖြောင့်မတ်ခြင်းတရား၏ မသွေဖည်သော စည်းမျဉ်းတို့သည် တစ်ခုနှင့်တစ်ခုစိုးစဉ်းမျှ မရောယှက်နိုင်ကြပေ။

ထိုစည်းမျဉ်းနှစ်ခုအကြားတွင် ဘုရားသခင်သည် သိသာထင်ရှားသောမျဉ်းမတ်တစ်ကြောင်းကို ဆွဲထားတော်မူ၏။ မွန်းတည့်အချိန်သည် ညဥ့်သန်းခေါင်ယံအချိန်နှင့် လုံးဝကွဲပြားခြားနားသကဲ့သို့ ခရစ်တော်နှင့်အသွင်တူခြင်းသည် စာတန်နှင့် အသွင်တူခြင်းနှင့်ကွဲပြားလှပါသည်။

ခရစ်တော်ယေရှု၏ အသက်တာမျိုးနှင့် အသက်ရှင်သွားကြသူများသည်သာ ကိုယ်တော်ရှင်၏လုပ်ဖေါ်ဆောင်ဖက်များဖြစ်ကြပါသည်။

ဘုရားသခင်၏အစေကိုခံရန် ရွေးချယ်သူတိုင်းသည် ကိုယ်တော်၏ကြည့်ရှုစောင့်ရှောက်မှုကို အမှီတံကဲပြုရကြပါမည်။ ဘုရားသခင်၏ဖန်ဆင်းခြင်းဖြစ်သည့် ကောင်းကင် ငှက်ကလေးများနှင့် လယ်ပြင်မှာ

ပွင့်လန်းနေသောပန်းများကို ယေရှုသည် ပြည့်ွန်ကာ "ထိုငှက်တို့ထက်သင်တို့သည် မြတ်သည်မဟုတ်လော" ဟု မိန့်တော်မူခဲ့ပါသည်။ (မဿဲ ၆း၂၆)။ ညိုပြာရောင်ငှက်ကလေးများကို ဘုရားသခင် ကြည့်ရှုစောင့်ရှောက်တော်မူ၏။

နှင်းပန်းကလေးများနှင့်မြစိမ်းရောင်မြက်ခင်းပြင်တို့သည်လည်း အဖဘုရားသခင်၏ ဂရုပြုမှုကို မျှဝေခံစားကြရပါသည်။ ထိုအနှိုင်းမဲ့ပန်းချီဆရာကြီးသည် တောနှင်းပန်းကလေးများအား ရှောလမုန်မင်းကြီး၏ဘုန်းထက် သာလွန်လှပအောင် ဂရုပြုတော်မူခဲ့ပါ၏။ သို့ဖြစ်လျှင် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းတော်မူခဲ့သော လူသားတို့အား ထိုအရာတို့ထက် အဆပေါင်းများစွာ ဂရုစိုက်ကြည့်ရှုတော်မူမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ နေရောင်ခြည်သည် လှပပန်းကလေးများအား ထူးခြားစွာသောအဆင်းကို ဆောင်စေသကဲ့သို့ ဘုရားသခင်သည် အသက်ဝိညာဉ်တို့အား မိမိဂုဏ်ကျေးဇူးစာရိတ္တတော်၏ တင့်တယ်ခြင်းမျိုးကို ဝေငှတော်မူပါသည်။

ဘုရားသခင်သည် မိမိ၏စီမံကွပ်ကဲမှုစာအုပ်အတွဲ "အသက်တာ" မှ စာတစ်မျက်နှာစီကို ကျွန်ုပ်တို့အား ပေးသနားတော်မူပါ၏။ ထိုစာမျက်နှာပေါ်တွင် ကျွန်ုပ်တို့၏ ကိုယ်ရေးရာဇဝင်ထူးခြားမှု မှတ်တမ်းများကိုရေးမှတ်ထားပါသည်။ ကိုယ်တော်၏ သားသမီးများကို ဘုရားသခင်သည် မည်သည့်အခါမျှ မေ့လျော့ခြင်းရှိတော်မမူချေ။ "ထို့ကြောင့်နက်ဖြန်အဖို့မစိုးရိမ်ကြနှင့်" (မဿဲ ၆း၃၄) ဟု ယေရှုသခင် မိန့်တော်မူခဲ့သည်မဟုတ်လော။

ကျွန်ုပ်တို့သည် ခရစ်တော်နောက်ကို နေ့တိုင်းအစဉ်လိုက်ရပါမည်။ ဘုရားသခင်သည် မိမိ၏သားစစ်သမီးမှန်များတို့၏ စိတ်နှလုံးရှုပ်ထွေးသွားမည်ကို စိုးရိမ်သဖြင့် အသက်တာခရီးစဉ်အတွက် လိုအပ်သော ညွှန်ကြားချက်များကို တစ်ခါတည်းဖြင့် အကုန်လုံးကိုပေးတော်

မမူချေ။ သူတို့သတိရလုပ်ဆောင်နိုင်ရုံလောက်ကိုသာ မိန့်တော်မူ၏။ ပေးအပ်ထားသောခွန်အားနှင့် ဉာဏ်ပညာသည် လတ်တလောအရေးပေါ် လိုအပ်ချက်များအတွက်သာ ဖြစ်ပါသည်။

"သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့် ကင်းလွတ်ရမည်အကြောင်း သူတစ်ပါးအမှု၌ စစ်ကြောဆုံးဖြတ်ခြင်းကို မပြုကြနှင့်" မိမိကိုယ်ကို သူတစ်ပါးထက်သာ၍ ကောင်းမြတ်သည်ဟု မထင်မှတ်ပါနှင့်။

မိမိကိုယ်ကို ၎င်းတို့၏တရားသူကြီးအဖြစ် မချီးမြှောက်ပါနှင့်။ သင်သည်တစ်ပါးသူ၏ စိတ်သဘောထားကို သိနိုင်စွမ်းမရှိသည်ဖြစ်သောကြောင့် သူတစ်ပါးအားတရားစီရင်ခြင်းငှာမတတ်စွမ်းနိုင်ချေ။ သင်သည် ထိုသူအားပြစ်တင်ဝေဖန်ရှုတ်ချခြင်းအားဖြင့် မိမိကိုယ်ကို အပြစ်စီရင်နေခြင်းဖြစ်ပါသည်။

အကြောင်းမူကား သင်သည် ဤသို့ပြုမူသဖြင့် စာတန်၏အပေါင်းအသင်းဝင်တစ်ဦးဖြစ်ကြောင်း ထင်ရှားနေ၏။ စာတန်သည် ခရစ်ယာန်ညီအစ်ကိုမောင်နှမတို့အား အမြဲထာဝစဉ်စွပ်စွဲနေသူ ဖြစ်ပါသည်။ (၂ကော ၁၃း၅။ ၁ကော ၁၁း၃၁) ကိုရှုပါ။

ကောင်းသောအပင်သည် ကောင်းသောအသီးကို သီးပါလိမ့်မည်။ အသက်တာ၏ အသီးအပွင့်များသည် ကျွန်ုပ်တို့၏ စိတ်နှလုံးအခြေအနေနှင့်စာရိတ္တကောင်းမြတ်ခြင်းကို သက်သေခံနေပါသည်။

ကောင်းမြတ်သောအကျင့်အားဖြင့် ကယ်တင်ခြင်းကိုမဝယ်ယူနိုင်ပါသော်လည်း ထိုအကျင့်တို့သည် ချစ်ခြင်းမေတ္တာအားဖြင့်လှုပ်ရှား၍အသက်တာကိုညစ်ညမ်းမှုများနှင့် ကင်းစင်စေနိုင်သောယုံကြည်ခြင်း၏ သက်သေအထောက်အထားပင်ဖြစ်ပါသည်။ ထာဝရဆုကျေးဇူးတော်ကို ကျွန်ုပ်တို့၏ ကောင်းမှုကုသိုလ်များကြောင့် ချပေးသနားတော်မူသည် မဟုတ်သော်လည်း ခရစ်တော်သခင်၏ကျေးဇူးတော်အားဖြင့် လုပ်ဆောင်နေသောကောင်းမှုကုသိုလ်နှင့်အချိုးအစားညီမျှစွာအကျိုးကို ခံစားရပါလိမ့်မည်။

ဤသို့လျှင် ခရစ်တော်သခင်သည် မိမိနိုင်ငံတော်၏ အခြေခံ စည်းမျဉ်းနိယာမများကို ချမှတ်ခဲ့ပါ၏။ ထိုသင်ခန်းစာကို မေ့မရနိုင်စေဖို့ရန်ကိုလည်း ယေရှုသခင်သည် သာဓကဖြင့် ဆက်လက်တင်ပြခဲ့ပါသည်။ ငါ၏နှုတ်တော်ထွက်စကားများကို ကြားနာရုံမျှနှင့်မလုံလောက်ပါ။ ထိုစကားတို့ကိုသင်တို့သည် နားထောင်ကျင့်သုံး၍ သင်တို့၏ စာရိတ္တမဏ္ဍိုင်ကိုဆောက်တည်ကြရမည်။ အကယ်၍ သင်တို့သည် လူ့အတွေးအခေါ်သီအိုရီများအပေါ်အခြေခံ၍ မိမိအိမ်ကို တည်ဆောက်ပါက သင်၏ အိမ်သည် ပြိုလဲပျက်သုဉ်းသွားပါလိမ့်မည်။ စုံစမ်းနှောင့်ယှက်ခြင်း မုန်တိုင်းနှင့်စမ်းသပ်မှုအဖုံဖုံတို့သည် ထိုအိမ်ကို လွင့်ပျောက်စေလိမ့်မည်။ သို့သော်လည်း ငါပေးသော ဤစည်းမျဉ်းနိယာမတို့သည် ဆက်လက်၍ တည်မြဲကြံ့ခိုင်ပေလိမ့်မည်။ သို့ဖြစ်၍ ငါယေရှုဘုရားသခင်ကိုလက်ခံ၍၊ ငါ၏ နှုတ်တော်ထွက်စကားအပေါ်အခြေခံ၍ သင့်အိမ်ကိုတည်ဆောက်ပါလော့။

"အကြင်သူသည် ငါဟောပြောသော ဤစကားကို ကြားနာ၍ နားထောင်၏။ ထိုသူသည် ကျောက်ပေါ်မှာ အိမ်ဆောက်သောပညာရှိနှင့်တူကြောင်းကို ငါပုံပြမည်။ မိုးရွာ၍ ရေစီးသည်နှင့် လေလာ၍ထိုအိမ်ကိုတိုက်သည်ရှိသော် ကျောက်ပေါ်မှာတည်သောကြောင့် မပြိုမလဲနေ၏။" (မဿဲ ၇း၂၄-၂၅)။

-ဝ-

# အခန်း (၃၂)
# ကျွန်အတွက်အကူအညီတောင်းခံသော ရောမတပ်မှူး

ခရစ်တော်ယေရှုသည် မိမိ၏ လူမျိုးသားချင်းတို့ကြောင့် စိတ်မကောင်းများစွာဖြစ်ရပါသည်။ အကြောင်းမှာ သူတို့မှာ မိမိသည် မေရှိယဖြစ်ကြောင်းသက်သေပြရန် နိမိတ်လက္ခဏာများကို တောင်းခံကြသည်တကား။ သို့သော်လည်း မိမိထံသို့ ရောက်ရှိလာသောရောမတပ်မှူးကလေးသည် ကိုယ်တော်အား နိမိတ်လက္ခဏာ တစ်စုံတစ်ခုကိုမျှ ပြသရန်မတောင်းဆို။ "အမိန့်တော်တစ်ခွန်းရှိလျှင် ကျွန်တော်၏ ငယ်သားသည် ချမ်းသာရပါလိမ့်မည်" ဟူ၍သာလျှောက်ဆိုသဖြင့် ယေရှုသခင်သည် အံ့အားသင့်ခဲ့ရပေသည်။

တပ်မှူး၏ ငယ်သားသည် ခြေလက်သေရောဂါဖြင့် ဝေဒနာကိုပြင်းပြစွာခံစားနေရပြီး သေလုမြောပါးအခြေအနေတွင် ရှိပါသည်။ ရောမတိုင်းသားတို့အဖို့ ငယ်သားသည် ကျွန်ဈေးမှ ဝယ်ယူလာသောလူသားဖြစ်၏။

အခိုင်းအစေကျွန်သပေါက်တို့ကိုလည်း ရောင်း၍၊ ဝယ်၍ရ၏။ ရက်စက်ကြမ်းကြုတ်စွာ ဆက်ဆံကာ စော်ကားလျှင်လည်း ကျွန်သည် လူသုံးကုန်ပစ္စည်းသက်သက်သာဖြစ်၏။ သို့သော် ဤတပ်မှူးမှာမူ မိမိ၏ငယ်သားကို နူးညံ့သိမ်မွေ့စွာဆက်ဆံ၏။

ထိုငယ်သားပြန်လည်ကျန်းမာလာဖို့ရန်သူဆန္ဒရှိပါသည်။ ခရစ်တော်သည် ထိုငယ်သားအားရောဂါမှပျောက်ကင်းစေနိုင်သည်ကို သူယုံကြည်၏။ ယေရှုသခင်ကိုမမြင်ခဲ့ဖူးသော်လည်းကြားသိခဲ့ရသောသတင်းကသူ၏ယုံကြည်ခြင်းကိုတိုးပွားစေ၏။ဤတပ်မှူးအနေဖြင့် ယုဒလူတို့၏ ဘာသာတရားသည်

မိမိတို့၏ နတ်ဘုရားကိုးကွယ်သော ဘာသာတရားထက် သာလွန်ကောင်းမွန်သည်ဟု သဘောထား၏။ အောင်နိုင်သူရောမသားတို့နှင့် အုပ်ချုပ်ခံရှုံးနိမ့်ဂျူးလူမျိုးတို့စပ်ကြား ကွဲပြားစေသော မုန်းတီးမှုနှင့် အမျိုးသားရေးတစ်ဖက်သတ် အထင်လွဲမှုများမှုတည်းဟူသော အတားအဆီးများစွာကိုထိုတပ်မှူးသည် ချိုးဖျက် ပယ်ရှားခဲ့ပါသည်။

ဂျူးလူမျိုးတို့ကိုလည်း ဘုရားသခင်ကို ကိုးကွယ်သောသူများအဖြစ်ကြင်နာသနားစွာဆက်ဆံခဲ့ပေ၏။ သူသည် ကြားသိခဲ့ရသောသတင်းအရအသက်ဝိညာဉ်၏ လိုအပ်ချက်ကို ခရစ်တော်၏သွန်သင်ချက်များမှာ တွေ့ရှိရသဖြင့် မိမိ၏ စိတ်နှလုံးအလိုဆန္ဒပြည့်စုံရေးအတွက် ကယ်တင်ရှင်ယေရှု၏ နှုတ်ထွက်စကားအလုံးစုံကို တုံ့ပြန်ခဲ့ပေသည်။

သို့ရာတွင် မိမိသည် ခရစ်တော်သခင်ရှေ့တော်သို့ဝင်ရောက်ရန်၊ မထိုက်တန်ကြောင်းခံစားရသဖြင့် မိမိ၏ ငယ်သားအတွက် ယေရှုအားကုသပေးဖို့ တောင်းပန်ပေးရန် ဂျူးလူမျိုးအကြီးအကဲများအား အသနားခံခဲ့ပါသည်။

ထိုဂျူးလူမျိုးတို့ကား ထိုဆရာတော်ကြီးယေရှုကို ကောင်းစွာသိကျွမ်း၍ ကိုယ်တော်ရှင်ထံမှ ကရုဏာကျေးဇူးတော်ကို ခံစားရနိုင်မည့်ချဉ်းကပ်နည်းကိုလည်း သိရှိကြလိမ့်မည်ဟု ထင်မှတ်ခဲ့ပေသည်။ ယေရှုသည် ကပေရနောင်မြို့ထဲသို့ဝင်သည်နှင့် ဂျူးလူမျိုးအကြီးအကဲ ကိုယ်စားလှယ်တစ်စုတို့သည် တပ်မှူး၏ဆန္ဒကို ယေရှုအားပြောပြကြပါ၏။ "ကျေးဇူးတော်ကိုခံမည့်သူသည် ခံထိုက်သောသူဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့အမျိုးကိုနှစ်သက်၍ အကျွန်ုပ်တို့အဖို့ တရားဇရပ်ကို ဆောက်ပါပြီ" ဟု ကျပ်ကျပ်တောင်းပန်ကြလေသည်။

ယေရှုသည် ထိုတပ်မှူး၏ နေအိမ်သို့ ချက်ချင်းကြွတော်မူ၏။ သို့သော်လည်း လမ်းမှာ လူအုပ်ကြီး၏ တိုးဝှေ့မှုကြောင့် အရောက်နှေးခဲ့ရ၏။ တပ်မှူးသည် ယေရှုသခင် ကြွလာတော်မူကြောင်းကို ကြားသိရ

သောအခါမှာ ကိုယ်ကိုကိုယ်မလုံမလဲဖြစ်သောကြောင့် မိမိအဆွေတို့ကို စေလွှတ်၍ "သခင်၊ ကိုယ်ကိုပင်ပန်းစေတော်မမူပါနှင့်။ အကျွန်ုပ်၏ အိမ်မိုးအောက်သို့ ကြွဆင်းတော်မူခြင်း ကျေးဇူးတော်ကို အကျွန်ုပ်မခံထိုက်ပါ" ဟု လျှောက်ထားစေခဲ့ပါသည်။

သို့သော်လည်း ကယ်တင်ရှင် ယေရှုသည် ဆက်လက်၍ ကြွလာတော်မူသောကြောင့် တပ်မှူးကလေးသည် နောက်ဆုံးတွင် အရဲစွန့်၍ ယေရှုထံချဉ်းကပ်ကာ "အကျွန်ုပ်သည် ကိုယ်တော်ထံသို့ရောက်ထိုက်သော သူမဟုတ်သည်ကို အကျွန်ုပ်ထင်ပါပြီ။ အမိန့်တော်တစ်ခွန်းရှိလျှင် အကျွန်ုပ်၏ ငယ်သားသည် ချမ်းသာရပါလိမ့်မည်။

ဥပမာကား အကျွန်ုပ်သည် မင်းအောက်၌ ကျွန်ခံသောသူဖြစ်သော်လည်း စစ်သူရဲများကိုအုပ်စိုး၍ တစ်ဦးကိုသွားချေဟုဆိုလျှင် သွားပါ၏။ တစ်ဦးကိုလာခဲ့ဟုဆိုလျှင် လာပါ၏။ ကျွန်ကိုလည်း ဤအမှုကိုလုပ်တော့ဟုဆိုလျှင်လုပ်ပါ၏။ ကျွန်ုပ်သည် ရောမအစိုးရကို ကိုယ်စားပြုသောကြောင့် အကျွန်ုပ်၏စစ်သားများသည် အကျွန်ုပ်၏ အမိန့်ကို အသိအမှတ်ပြုခဲ့ကြသကဲ့သို့ ကိုယ်တော်သည် အနန္တတန်ခိုးရှင် ထာဝရဘုရားသခင်ကို ကိုယ်စားပြုသောကြောင့် ဖန်ဆင်းသမျှသော အရာခပ်သိမ်းတို့သည် ကိုယ်တော်စကားတော်ကို နားထောင်ကြပါ၏။ ကျွန်ုပ်၏ ငယ်သားခံစားနေရသောရောဂါကို ပျောက်ကင်းသွားရန် ကိုယ်တော်အမိန့်ပေးလျှင် ရောဂါပျောက်ကင်းသွားပါလိမ့်မည်။ ကိုယ်တော်သည် ကောင်းကင်သားများကို ဆင့်ခေါ်နိုင်တော်မူပြီး ထိုသူတို့သည် အနာပျောက်ကင်းခြင်းတန်ခိုးကို ပေးသနားတော်မူလိမ့်မည်။ အမိန့်တော်တစ်ခွန်းရှိလျှင် အကျွန်ုပ်၏ ငယ်သားသည် ချမ်းသာရပါလိမ့်မည်" ဟု လျှောက်လေ၏။

"ထိုစကားကိုယေရှုသည် ကြားတော်မူလျှင် အံ့ဩခြင်းရှိ၍ နောက်တော်၌ လိုက်သောသူများကို လှည့်ကြည့်လျက် ငါဆိုသည်ကား

ဤမျှလောက်သောယုံကြည်ခြင်းကို ဣသရေလအမျိုး၌ပင် မတွေ့ဖူးသေးဟု မိန့်တော်မူ၏။” ထိုနောက် တပ်မှူးအား “သင်သွားလော့။ ယုံကြည်သည်နှင့်အညီသင်၌ဖြစ်စေဟု မိန့်တော်မူ၏။ ထိုခဏချင်းတွင် သူ၏ငယ်သားသည် အနာရောဂါကင်း၍ သက်သာခြင်းသို့ရောက်လေ၏။”

ယေရှုထံမှတပ်မှူးကလေးအတွက် ထောက်ခံချက်ပေးခဲ့သောဂျူးလူမျိုးအကြီးအကဲများသည် ထာဝရဘုရားသခင်ထံတော်မှ ကျေးဇူးတော်ကိုရရှိရန် တောင်းခံဖို့သာဖြစ်ကြောင်းကို သူတို့သည် အသိအမှတ်မပြုခဲ့ကြပေ။

သို့သော် တပ်မှူးကမူ “အကျွန်ုပ်သည် ကြွလာတော်မူခြင်းကျေးဇူးကိုမခံထိုက်ပါ” ဟု မိမိ၏သဘောကို ဖော်ပြခဲ့ပါ၏။ သူသည် မိမိကောင်းမြတ်ခြင်းကို အားမကိုးပါ။ ခရစ်တော်ယေရှုအား နိမိတ်လက္ခဏာပြသူတစ်ဦးအဖြစ်သာမက မိတ်ဆွေတစ်ဦးအနေဖြင့်သော်လည်းကောင်း၊ လူသားတစ်နွယ်လုံး၏ ကယ်တင်ပိုင်ရှင်အဖြစ်နှင့်သော်လည်းကောင်း ယုံကြည်စွဲလမ်းခဲ့ပေသည်။

သင်သည် အပြစ်သားတစ်ဦးဖြစ်ကြောင်း စာတန်က သင့်အားပြောလာသောအခါမှာ ခရစ်တော်ယေရှုသည် အပြစ်သားတို့ကို ကယ်တင်ရန် ဤလောကသို့ကြွဆင်းလာတော်မူခဲ့ကြောင်း သူ့ကို သင်သည်ပြန်ပြောပြလိုက်ပါ။ ဘုရားသခင်အထံတော်မှ ကျွန်ုပ်တို့၏ တောင်းခံသံများသည် မရှိမဖြစ် လိုအပ်ကြောင်းကို ဖော်ပြနေသော အကူအညီမဲ့အခြေအနေပင်ဖြစ်သည် မဟုတ်လော။ မိမိကိုယ်ကို အားကိုးမှီခိုသောစိတ်များကို ငြင်းပယ်လျက် ကျွန်ုပ်တို့သည် ကရာနီကုန်းပေါ်မှာကပ်တိုင်တော်ကိုမျှော်ကြည့်ကာ “ကျွန်ုပ်၏ လက်ထဲတွင် ပေးစရာအဖိုးအခတစ်စုံတစ်ရာကို ယူဆောင်မလာပါ။ ကိုယ်တော်ရှင်၏ ကပ်တိုင်တော်ကိုသာ အကျွန်ုပ်သည် ရိုးသားစွာဖြင့် စွဲလမ်းနေပါ၏။” ဟု ပြောဆိုနိုင်ပါသည်။

ခရစ်တော်ယေရှု၌ လိုချင်စရာဟူ၍ ဘာမျှမရှိဟု ယုဒလူမျိုးတို့သည် မြင်ကြပါ၏။ သို့သော်လည်း တစ်ပါးအမျိုးသားများစံပျော်ရာ ရောမအင်ပါယာ၏ ကြီးကျယ်ခမ်းနားသော၊ နတ်ဘုရား ကိုးကွယ်သော ဘာသာတရားကို လေ့ကျက်သူ စစ်ရေးဝနေသော ပညာတတ်ပတ်ဝန်းကျင်သဘာဝကို မြတ်နိုးခင်တွယ်သူ ထိုတပ်မှူးသည် ဝိညာဉ်ရေးရာကို အလေးထားမြတ်နိုးသောကြောင့် အာဗြဟံ၏ သားသမီးများမမြင်ခဲ့သော အမှန်တရားကို သိမြင်ခဲ့ပါသည်။

ဤလောကသို့ ကြွဆင်းလာသော အလင်းရှင်၏ အလင်းသည် ထိုတပ်မှူးကလေးအပေါ်သို့ ထွန်းလင်းသောအခါ သူသည် အလှမ်းကွာဝေးခဲ့ပါသော်လည်း သားတော်၏ ဘုန်းတော်ကို ခွဲခြားသိမြင်နိုင်ခဲ့ပါသည်။ ဤအမှုသည် ယေရှုသခင်အတွက် တစ်ပါးအမျိုးသားတို့တွင် ဧဝံဂေလိအမှုတော်မြတ်ပြီးစီးရန် လုပ်ငန်းအတွက် ဦးဆုံးအောင်မြင်မှုကြီး တစ်ခုပင်ဖြစ်ပါသည်။

## သေသူတစ်ဦးအသက်ပြန်ရှင်ခြင်း

ကပေရနောင်မြို့နှင့် မိုင် (၂၀) ကျော်မှာ နာဣနမြို့တည်ရှိ၏။ ထိုမြို့ကဆီသို့ ယေရှုခရီးဆက်ခဲ့ပါသည်။ လမ်းတစ်လျှောက်လုံးမှာ လူတွေနှင့်ခြေချင်းထပ်ကုန်၏။ တရားနာလို၍ တစ်မျိုး၊ ရောဂါကုခံယူလိုသူများကတစ်ဖုံ စုံလှပေသည်။ ထို့အပြင် ယခုကဲ့သို့ အံ့ဖွယ်တန်ခိုးရှင်သည် အစ္စရေးလူမျိုး၏ ရှင်ဘုရင်ဖြစ်သော် မကောင်းပေလောဟု မှတ်ယူကာ ယေရှုကို မင်းမြှောက်လိုသဖြင့် ချဉ်းကပ်သူများလည်းရှိပေသည်။လူအုပ်ကြီးသည် သခင်နောက်တော်သို့ မျှော်လင့်ချက်နှင့်လိုက်လာကြသည်တွင် ရွာကလေး၏ အဝင်တံခါးဝအနီးဆီသို့တိုင်ရောက်နေပါပြီ။

သူတို့သည် ရွာနားသို့ချဉ်းကပ်လာစဉ် အသုဘချလာကြသော လူတစ်စုသည် ရွာအဝင်တံခါးမှထွက်လာကြ၏။ ထိုသူတို့သည် လူသေကို

မြေမြှုပ်သင်္ဂြိုလ်မည့်နေရာသို့ ဦးတည်၍ ဝမ်းနည်းပူဆွေးတုံ့နှေးစွာဖြင့် လျှောက်လာနေကြပါသည်။ ရှေ့ဆုံးမှာလူသေအလောင်းရှိ၏။ အဖုံးအကာမရှိ၊ လွတ်လပ်လဟာဖြစ်၍ မြင်တွေ့နေရပါသည်။ တလား၏ပတ်လည်မှာ အသံကုန်ဟစ်အော်ငိုကြွေးကြသူများ လိုက်ပါလာကြပါသည်။

ထိုမြင်ကွင်းသည် စိတ်ထိခိုက်စရာပင်ဖြစ်၏။ သေဆုံးသူသည် မုဆိုးမကြီး၏ တစ်ဦးတည်းသောသားဖြစ်သည်။ သူမသည် ကြေကွဲဝမ်းနည်းမှုကြီးစွာဖြင့် ငိုကြွေးလျက်လိုက်ပါလာသည်ဖြစ်ရကား ယေရှုသည် မိမိအနားသို့ရောက်ရှိသည်ကိုပင် သတိမပြုမိဘဲ မျက်မမြင်ကဲ့သို့ ဖြစ်၏။

ယေရှုသည် သူမအနားသို့ချဉ်းကပ်သွားကာ သိမ်မွေ့သောအသံဖြင့် "မငိုနှင့်" ဟုမိန့်တော်မူ၏။ ယေရှုသည် တလားကိုလက်တော်နှင့်တို့ထိကာနေသော်လည်း ကိုယ်တော်အတွက် အသေကောင်နှင့် တို့ထိခြင်းပင်လျှင် ညစ်ညူးမှုကို မဖြစ်စေနိုင်ပါ။ ထမ်းစင်လည်းရပ်၊ ငိုကြွေးသံလည်း ရပ်စဲသွားပါပြီ။ မျှော်လင့်ချက်မဲ့သော သူတို့ မျှော်လင့်နေကြပါသည်။

ရောဂါမျိုးစုံနှင့်နတ်ဆိုးစွဲသူတို့အား ကုသပျောက်ကင်းစေသော လူသားကြီး ယေရှု ရောက်ရှိလို့လာပါပြီ။ သေခြင်းသည်လည်း ကိုယ်တော်၏တန်ခိုးတော်အောက်မှာ အမိန့်တော်နာခံလျက် အညံ့ခံပါမည်လား။

ယေရှုသည် ရှင်းလင်းပြတ်သား၍ တန်ခိုးအာဏာနှင့်ပြည့်စုံသောအသံဖြင့် "အချင်းလုလင်၊ ထလော့။ သင့်အား ငါအမိန့်ရှိသည်" ဟု မိန့်တော်မူ၏။ ထိုအသံတော်သည် လူသေ၏ နားအတွင်းသို့ ထိုးဖေါက် ဝင်ရောက်ခဲ့လေရာ ထိုလုလင်ငယ်မှာ မျက်လုံးများဖွင့်၍ လာ၏။ ယေရှုသည် သူ့အား လက်ကမ်း၍ မထူလိုက်ပါသည်။ မိခင်နှင့်သားငယ်တို့သည် ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် ဖက်ယမ်းကာပြန်လည်

ပေါင်းစည်းခွင့်ရရှိခဲ့ပါပြီ။ လူအပေါင်းတို့သည် ထိုမြင်ကွင်းကြောင့် မှင်သေကာငြိမ်သက်နေကြသည်။ ဘုရားသခင်၏ ရှေ့တော်မှောက်မှာ ရောက်နေဘိသည့်အလား ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်ပြီးသည်နောက် ရိုသေလေးစားစွာဖြင့် ကြီးစွာသော ပုရောဖက်သည် ငါတို့၌ပေါ်ထွန်းပြီ။

ဘုရားသခင်သည် မိမိလူမျိုးကို အကြည့်အရှုကြွလာတော်မူသည် ဟူ၍ ဘုရားသခင်ဂုဏ်တော်ကို ချီးမွမ်းမြွက်ဆိုကြလေသည်။ အသုဘချသည့် လူတန်းကြီးသည် အောင်ပွဲခံနေသောတပ်မဟာပမာ နာဣနမြို့သို့ပြန်ဝင် ရောက်လာခဲ့ပါ၏။ ထိုသတင်းကား ဟိုးဟိုးကျော်သွားခဲ့ပေသည်။

နာဣနမြို့တံခါးဝအနားမှာ ဝမ်းနည်းပူဆွေးနေသော မိခင်နံဘေး ၌ ရပ်နေခဲ့သောယေရှုသည် ကျွန်ုပ်တို့၏ ဝမ်းနည်းကြေကွဲမှုများအတွက် သနားခြင်းစိတ်ရှိတော်မူပါသည်။ သေခြင်းမှ အသက်ရှင်ခြင်းသို့ရောက်ရန် အမိန့်ပေးခဲ့သော ကိုယ်တော်၏ နှုတ်ထွက်စကားသည် နာဣနမြို့နေ ထိုလုလင်၌ဖြစ်သကဲ့သို့ ယခုအချိန်တွင်လည်း ထိုတန်ခိုးအာနိသင်အ ပေါင်းတို့သည် လျော့ပါးသွားသည်ဟူ၍ မရှိပြီ။ မဿဲ ၂၈း၁၈ ကို ရှုပါ။ ကိုယ်တော်ရှင်ယေရှုကို ယုံကြည်သောသူအားလုံးအတွက်ကိုယ် တော်သည် အစဉ်အဆက်အသက်ရှင်လျက်ရှိသော ကယ်တင်ရှင်တစ်ပါး ပင်ဖြစ်တော်မူပါသည်။

ထိုမိခင်၏သားငယ်သည် သေဆုံးရာမှ ပြန်လည်အသက်ရှင် သဖြင့် မိခင်၏စိတ်မှာ ပျော်ရွှင်ဝမ်းမြောက်မှုအသွင်သို့ ပြောင်းလဲခဲ့ သော်လည်း ထိုလူငယ်သည် ဝမ်းနည်းပင်ပန်း ပျက်စီးဆုံးရှုံးမှုများကို တစ်ဖန်ပြန်လည်ခံစားရန်နှင့် သေမင်း၏ အရိပ်အောက်မှာ ပြန်လည်၍ ဖြတ်သန်းရဦးမည်ဖြစ်ပါသည်။ သို့ပါသော်လည်း ယေရှုသခင်သည်သေ သောသူများအတွက် ကျွန်ုပ်တို့၏ ဝမ်းနည်းမှုများကို မျှော်လင့်ခြင်းသ တင်းစကားတစ်ရပ်နှင့် နှစ်သိမ့်ထားပါသည်။ "ငါသည် အသက်ရှင်

ကျွန်အတွက်အကူအညီတောင်းခံသောရောမတပ်မှူး ၄၄၅
သူလည်းဖြစ်၏။ ငါသည် အလျင်သေသည်ဖြစ်၍ ကမ္ဘာအဆက်ဆက် အသက်နှင့်ပြည့်စုံ၏။ မရဏာနှင့်မရဏာနိုင်ငံကိုလည်း ငါအစိုးရ၏။" (ဗျာ ၁း၁၈)။

ယုံကြည်ခြင်းအားဖြင့် တန်ခိုးကြီးတော်မူသော ခရစ်တော်၏ နှုတ်ထွက်စကားတော်ကိုလက်ခံရရှိထားသော အသက်ဝိညာဉ် တစ်ခုအားလည်း ဝိညာဉ်ရေးဆိုင်ရာ သေခြင်းတွင် စာတန်သည် ထိန်းချုပ်မှုမထားနိုင်ပါ။

အပြစ်တရားတွင်သေနေကြသောသူများအားလုံးကို ထာဝရဘုရားသခင်မိန့်တော်မူသည်ကား "အိပ်ပျော်သောသူနိုးလော့၊ သေခြင်းမှ ထမြောက်လော့" (ဧဖက် ၅း၁၄)။ ဘုရားသခင်၏ နှုတ်ထွက်စကားတော်သည် ပထမဦးဆုံးသော လူသားအား အသက်ရှင် ပညတ်ခဲ့သကဲ့သို့ ယခုမှာလည်း အသက်ရှင်ခြင်းသို့ ဝင်စားနိုင်ရန် ဖိတ်ခေါ်လျက်နေဆဲဖြစ်ပါသည်။ "အချင်းလုလင် ထလော့၊ သင့်အား ငါအမိန့်ရှိသည်"ဟူ၍ နာဣနမြို့နေထိုလူငယ်အား အသက်ရှင်စေသော ခရစ်တော်၏ နှုတ်တော်ထွက်စကားကဲ့သို့ "သေခြင်းမှ ထမြောက်လော့" ဟူသော နှုတ်ထွက်စကားတော်သည် လက်ခံရယူသော အသက်ဝိညာဉ်များအတွက် အသက်ဖြစ်ပါသည်။

"ထိုမှ္စမက ယေရှုကိုသေခြင်းမှ ထမြောက်စေတော်မူသာ ဘုရားသခင်၏ ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူလျှင် ခရစ်တော်ကို သေခြင်းမှထမြောက်စေတော်မူသော ဘုရားသခင်သည် သင်တို့အထဲ၌ ကိန်းဝပ်သော မိမိဝိညာဉ်တော်အားဖြင့် သေတတ်သော သင်တို့၏ ကိုယ်ကာယကိုပင် ရှင်စေတော်မူမည်။" ရောမ ၈း၁၁။ ၁သက် ၄း၁၆-၁၇ ကို ရှုပါ။ ထိုနှစ်သိမ့်စကားနှင့်တစ်ဦးကိုတစ်ဦးနှစ်သိမ့်ကြပါရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား မိန့်တော်မူလျက်ရှိပါသည်။

## အခန်း (၃၃)
## အိမ်တွင်းပြဿနာများကိုယေရှုဖြေရှင်းခဲ့ပုံ

ယောသပ်၏သား၊ ခရစ်တော်ယေရှု၏ ညီအစ်ကိုတို့သည် မိမိ၏ အမှုတော်လုပ်ငန်းကို ထောက်ခံအားပေးသူများ မဟုတ်ကြပါ။ ယေရှု၏ အသက်တာနှင့် လုပ်ဆောင်မှုများစွာတို့ကို ကြားရသဖြင့်လည်း သူတို့တ တွေအံ့ဩတုန်လှုပ်ခဲ့ကြပါ၏။

ယေရှုသည် ညလုံးပေါက် ဆုတောင်းခြင်းအမှုကိုပြုကြောင်း၊ နေ့အ ချိန်မှာလည်း ကိုယ်တော်ရှင်ထံစုဝေးလာကြသူများမှာ များလွန်းလှ၍ ထမင်း စားခွင့်မရသည်တိုင်အောင် ဖြစ်ရ၏။ ယေရှုသည် မနားမနေလုပ်ဆောင် မှုများကြောင့် ပင်ပန်းနွမ်းလျလျက်ရှိကြောင်းကို ကြားသိရပြန်၏။ ယေရှု ခရစ်တော်အနေဖြင့် ဖာရိရှဲတို့အပေါ် မည်ကဲ့သို့သဘောထားရှိကြောင်း ကိုတော့ သူတို့တတွေ ရှင်းလင်းချက်မပေးနိုင်ပါ။ တချို့လည်း ယေရှု၏ ဆင်ခြင်တုံတရားသည် မတည်မငြိမ်ဖြစ်လာမည်ကို စိုးရိမ်ကြပါသည်။

ယေရှု၏ ညီအစ်ကိုတော်တို့သည် မိမိတို့ထံရောက်ရှိလာသော စွပ်စွဲပြစ်တင်ကဲ့ရဲ့မှုသတင်းစုံများကို ကြားသိခဲ့ရ၍ နာကြည်းနေကြသည်။

ယေရှုသည် ဖာရိရှဲများနှင့် ကျမ်းတတ်ဆရာတော်တို့အား ငြင်း ပယ်သောကြောင့်လည်း သူတို့တတွေ စိတ်ဆိုးနေကြ၏။ ဤလုပ်ငန်း ကိုဆက်လက်၍ မလုပ်ဆောင်သော် ကောင်းမည်ဟု သူတို့ကြံစည်၍ ကိုယ်တော်အား နားဝင်အောင် ဖျောင်းဖျရန် အသင့်လျော်ဆုံးပုဂ္ဂိုလ် သည်မယ်တော်မာရိပင်ဖြစ်၏ဟုဆိုကာ မိမိတို့နှင့်အတူ ပူးပေါင်းပါဝင်ရန် မယ်တော်မာရိကို ဖျောင်းဖျသွေးဆောင်ကြလေသည်။

ထိုအချိန်တွင် ယေရှုသည် "နတ်ဆိုးကြီးကို အမှီပြု၍ နတ်ဆိုး တို့ကို နှင်ထုတ်သည်" ဟု ဖာရိရှဲတို့က ကိုယ်တော်ရှင်အား စွပ်စွဲနေချိန်

ဖြစ်၏။ (မဿဲ ၉း၁၄)။ ကိုယ်တော်ကလည်း မိမိအား ဆန့်ကျင်ပြောဆို ကဲ့ရဲ့သောသူတို့သည် အပြစ်လွှတ်ခွင့်ကိုရကောင်း ရနိုင်မည်ဖြစ်၏။ အကြောင်းမူကား၊ ထိုသူသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မိမိအမှားကို မြင်တွေ့လာပြီး နောင်တရလာနိုင်ဖွယ်ရှိသော ကြောင့်တည်း။

သို့သော်လည်း သန့်ရှင်းသောဝိညာဉ်တော်၏ ဖန်ခါတလဲလဲကောင်းမွန်ရာကိုသာ လုပ်ဆောင်ရန် တိုက်တွန်းသွေးဆောင်မှုကို အကြိမ်ကြိမ်ငြင်းပယ်သောသူ၌ကား မိမိကိုယ်ကို နောင်တတရားနှင့် ယုံကြည်ခြင်းအားအင်မရရှိနိုင်သည့် အခြေအနေမှာ ရှိစေပါသည်။

လူသည် သန့်ရှင်းသောဝိညာဉ်တော်ကို တမင်တကာအလိုတူလျက်ငြင်းပယ်ပါက မိမိသည် စာတန်မှလာ၍ စာတန်နှင့်ဆိုင်ကြောင်းကို ကြေညာနေခြင်းသာဖြစ်၍ သူနှင့်ဘုရားသခင်ဆက်သွယ်နေသော လမ်းကြောင်းကို သူကိုယ်တိုင်က ဖြတ်တောက်ပစ်လိုက်ပါသည်။ သူသည် သန့်ရှင်းသောဝိညာဉ်တော်အား အပြီးအပိုင်ငြင်းပယ်လိုက်သောအခါတွင်ကားဘုရားသခင်သည် ထိုသူအတွက် ဘာကိုမျှ မလုပ်ဆောင်ပေးနိုင်တော့ပါ။

သတိပေးခြင်းခံနေရသော ဖာရိရှဲတို့သည် မိမိတို့ကိုယ်နှိုက်ကယေရှုသခင်အားဆန့်ကျင်၍စွပ်စွဲနေကြသည်ဟု ကိုယ့်ကိုကိုယ်မထင်မှတ်မယုံကြည်ခဲ့ကြပေ။

ထိုဂုဏ်အသရေရှိလူကြီးမင်းတို့သည် ယေရှုသခင်အားအစွရေးလူမျိုးတို့တွင်ဘိသိတ်ပေးခြင်းခံရသူဖြစ်ကြောင်း ဖေါ်ပြပြောဆိုသည့်သန့်ရှင်းသောဝိညာဉ်တော်၏ အသံကိုနားဖြင့်ဆတ်ဆတ် ကြားခဲ့ကြရပါ၏။ ကိုယ်တော်ရှင်၏ရှေ့တော်မှောက်မှာလည်း မိမိတို့၏မသန့်ရှင်းမှုများကို ကွက်ကွက်ကွင်းကွင်းသိမြင်လာခဲ့ကြ၏။ မိမိတို့မဖန်တီးနိုင်သော ဖြောင့်မတ်ခြင်းကိုသူတို့တတွေတောင့်တနေကြပါပြီ။သို့ပါသော်လည်းထိုသူတို့သည်သခင်ယေရှုကို ငြင်းပယ်ခဲ့ကြပြီဖြစ်သောကြောင့်ကိုယ်တော်အားမေရှိယအရှင်အဖြစ်လက်ခံခြင်းသည် အလွန်အောက်တန်းကျသော လုပ်ဆောင်မှုသာဖြစ်သည်ဟု ယူဆကာ

နေတော့၏။ အမှန်တရားကို အသိအမှတ်ပြုခြင်းမှ ရှောင်ရှားရန်အတွက်လည်း သူတို့သည် ကယ်တင်ပိုင်ရှင်ယေရှုသခင်၏ သွန်သင်ချက်များကို အငြင်းအခုံပြုရန် ကြိုးစားကြလေသည်။ ထိုသူတို့သည် ကိုယ်တော်အား နိမိတ်လက္ခဏာ ပြခြင်းမှ မဆီးတားနိုင်ခဲ့သော်လည်း ကိုယ်တော်ရှင်အား အလွဲလွဲအမှားမှား အမြင်စောင်းရန်အလို့ငှာ အမျိုးမျိုးသော ဩဇာတန်ခိုး နည်းပရိယာယ်စုံလင်စွာဖြင့် အတတ်နိုင်ဆုံး သရုပ်သကန် ပေါ်အောင်ဖော်ပြခဲ့ကြပေသည်။

သို့ဖြစ်သည့်တိုင် အပြစ်ကိုထင်ရှားစွာ သိမြင်စေသည့် ဘုရားသခင်၏ ဝိညာဉ်တော်သည် သူတို့နောက်မှာ လိုက်မြဲဖြစ်၏။ သူတို့သည် ဝိညာဉ်တော်၏တန်ခိုးကို ဆန့်ကျင်ခုခံနိုင်ရန်အလို့ငှာ များစွာသောအတားအဆီး ဆူးငြောင့်ခလုတ်တို့ကို တည်ခင်းဆောက်တည်ထားပေသည်။ လူသားတို့၏ စိတ်နှလုံးကိုနူးညံ့ပျော့ပျောင်းစေနိုင်စွမ်းရှိသည့် အကြီးမားဆုံး တန်ခိုးကိုပင်လျှင် သူတို့သည် လက်မခံ၊ ငြင်းပယ်ခဲ့ကြလေပြီတကား။

ဘုရားသခင်သည် လူတို့၏ မျက်စိကိုကန်းစေ၍ နှလုံးသားကို မာကျောစေသူမဟုတ်ပါ။ သူတို့၏ အမှားများကို ပြုပြင်ရန်နှင့် လုံခြုံသော လမ်းသို့ ပို့ဆောင်ရန် အလင်းတရားကို ပေးသောအရှင် ဖြစ်ပါသည်။ ထိုအလင်းတရားကို ငြင်းပယ်ခြင်းအားဖြင့် သတို့၏ မျက်စိများသည်ကန်း၍ နှလုံးသားတို့သည် မာကျောလာကြပါသည်။

ဤဖြစ်စဉ်သည်မသိမသာ ဖြစ်ပျက်နေခြင်းဖြစ်၏။ သို့သော်လည်း တစ်ခုသော အမှန်တရား အလင်းရောင်ခြည်ကို ဂရုမစိုက်၊ ဥပေက္ခာပြုလိုက်ခြင်းသည် ဝိညာဉ်ရေးအသိစိတ်ကို တစ်ပိုင်းတစ်စ ထုံထိုင်းလာစေရကား၊ အလင်းတော်ကို ဒုတိယအကြိမ် ဖော်ပြလိုက်သောအခါ တွင်အမြင်ကြည်လင်မှုမှာ နည်းပါးလာတော့၏။

ဤသို့လျှင် လူ့အသက်ဝိညာဉ်၌ အမှောင်ထုသည် တိုးပွားလာပါသည်။ ထိုနည်းနှင်နှင် မှားယွင်းသူတို့မှာ ယုဒလူအကြီးအကဲတို့

ဖြစ်ကြ၏။ ထိုဂျူးလူမျိုးအကြီးအကဲတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ်ကို စာတန်၏ အလုပ်ဟူ၍ စွပ်စွဲကြ၏။ ဤသို့လုပ်ဆောင်ခြင်းကြောင့် သူတို့သည် လိမ်လည်လှည့်ဖြားမှုကို တမင်တကာ ရွေးချယ်၍ မိမိတို့ကိုယ်ကိုလည်း စာတန်၏လက်တွင်းသို့ အပ်ပေးခဲ့ကြရကား ထိုအခါမှစ၍ သူတို့သည် စာတန်တန်ခိုး၏ ထိန်းချုပ်မှုအောက်တွင်လုံးလုံးကြီးကျရောက်သွားခဲ့ကြပါတော့သည်။

သန့်ရှင်းသောဝိညာဉ်တော်ကို ဆန့်ကျင်သွေဖည်သော အပြစ်နှင့်စပ်လျဉ်း၍ အနီးကပ်ဆုံး ခရစ်တော်ယေရှု၏ သတိပေးချက်မှာ လူတို့၏အကျိုးမဲ့သောစကားနှင့် ဆဲရေးတိုင်းထွာသော မကောင်းစကားတို့ဖြစ်၏။

စကားဟူသည် လူ့စာရိတ္တအကျင့်ကို ဖေါ်ညွှန်းသောပုံရိပ်ပင် မဟုတ်ပါလား။ လူသည် စိတ်ထဲမှာဖြစ်ပေါ်လာသည်အတိုင်း နှုတ်မှပြောဆိုတတ်ပေသည်။ စကားအားဖြင့်လည်း လူ့ဝန်းကျင်ကို လွှမ်းမိုးနိုင်ပါ၏။ ထိုစကားတို့တွင် လူ့စာရိတ္တကို ပြုပြင်ပြောင်းလဲပေးနိုင်သော တန်ခိုးသည်ရှိ၏။

မိမိတို့ ပြောဆိုသောစကားများအားဖြင့် ဆွဲဆောင်ခြင်းကိုခံရလေသည်။ စာတန်၏ နှိုးဆွမှုကြောင့် သူတို့သည် ရုတ်တရက် စိတ်ဆိုးလာကာ အမှန်တကယ်မယုံကြည်ဘဲ ပြောဆိုသောစကားများ၊ မနာလိုသောအကြံအစည်များကို ဖွင့်ဟသောစကားများ ပေါ်ထွက်လာပါသည်။

ထိုအကြံအစည်များကို ထင်ရှားစေသောစကားတို့သည် စာတန်၏နှိုးဆွပေးသောစကားများဖြစ်၍ မှန်သည်ဟု ယုံကြည်ကာ မရုပ်သိမ်းလိုကြပေ။ မိမိတို့မှန်ကန်ကြောင်းကိုသာ သက်သေပြရန် ကြိုးစားကြပေသည်။ သံသယရှိသော စကားတစ်ခွန်းကို ပြောလိုက်ခြင်းသည် အန္တရာယ်ကြီးလှပါ၏။ ဘုရားသခင်ပေး အလင်းတရားကို ပြစ်တင်ဝေဖန်၍ မေးခွန်းထုတ်ခြင်း၌ ဘေးဥပဒ်ကြီးလှပေသည်။ လူ့စာရိတ္တကိုလည်း ထိခိုက်သည်။

ဤအလေ့အထကို ကျင့်သုံးသောလူများစွာတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုများကို ပြစ်တင်ဝေဖန်ရန်နှင့်ငြင်းပယ်ရန်အဆင်သင့်ရှိလာသည်တိုင်အောင် ဘေးအန္တရာယ်ကိုမရိပ်မိဘဲလျက်လုပ်ဆောင် နေကြပါသည်။

ထို့ကြောင့်လည်း ယေရှုက လူတို့သည် အကျိုးမဲ့သော စကားကိုပြောသမျှအတွက် တရားဆုံးဖြတ်သောနေ့၌ စစ်ကြောခြင်းကိုခံရကြလတ္တံ့။ သင့်စကားအားဖြင့် သင်သည်အပြစ်လွတ်လိမ့်မည်။ သို့မဟုတ်သင့်စကားများအားဖြင့်အပြစ်စီရင်ခြင်းကို ခံရလိမ့်မည်” ဟုမိန့်တော်မူခဲ့သည်မဟုတ်ပါလား။

ထိုနောက် ယေရှုသည် ဝိညာဉ်တော်ဘုရားသခင်ကို မလိုလားသော မိမိ၏နှုတ်တော်ထွက်တရားစကားကို စွဲလမ်းသောသူတို့အားထပ်မံ၍သတိပေးစကားတစ်ခုကို မိန့်တော်မူသည်ကား “ညစ်ညူးသောနတ်သည် လူထဲကထွက်လျှင် ခြောက်ကပ်သောအရပ်တို့၌ လည်၍ငြိမ်ဝပ်ခြင်းကိုရှာတတ်၏။

မတွေ့လျှင် ငါသည် ထွက်ခဲ့သောနေမြဲအိမ်သို့ပြန်ရဦးမည်ဟုဆို၍ရောက်သောအခါ ထိုအိမ်သည် လွတ်လပ်၍ သုတ်သင်ပြင်ဆင်လျက်ရှိသည်ကိုတွေ့သော် မိမိထက်သာ၍ ညစ်ညူးသော နတ်ဆိုးခုနစ်ယောက်ကိုခေါ်ပြီးလျှင် ထိုသူထဲသို့ဝင်၍ နေကြ၏။ ထိုလူ၏ နောက်ဖြစ်ဟန်သည် ရှေ့ဖြစ်ဟန်ထက်သာ၍ ဆိုး၏။”

ယေရှုခရစ်တော်၏ နေ့ရက်တွေမှာ ထိုသို့သောသူများစွာရှိသကဲ့သို့ယနေ့မှာလည်း အသက်ဝိညာဉ်အပေါ်ကြီးစိုးမင်းလုပ်သော မကောင်းဆိုးဝါးနတ်ယုတ်မာများလည်းရှိကြ၏။ ထိုဝိညာဉ်ဆိုးတို့၏ ဖိစီးမှုမှလွတ်မြောက်ရန် တစ်ခုတည်းသော နည်းလမ်းမှာ ဘုရားသခင်၏ ကျေးဇူးကရုဏာတော်အားဖြင့်သာလျှင် ဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်၌ ဝမ်းမြောက်ခြင်း ရှိခဲ့ကြပါသော်လည်း ကိုယ်တော်၏ မေတ္တာတော်၌ နေ့တိုင်းအစဉ် အပ်နှံလျက် အသက်

မရှင်ကြပါ။ မိမိတို့၏ အသက်ဝိညာဉ်တည်းဟူသော နှလုံးသားကို ခရစ်တော်ယေရှုအုပ်စိုးရန် ဘုရားသခင်ထံတော်မှာ နေ့စဉ်အပ်နှံသောကြောင့် မကောင်းဆိုးဝါး ဝိညာဉ်ယုတ်မာနတ်ဆိုးသည် ပြန်လာသောအခါ "မိမိထက်သာ၍ ဆိုးသောနတ်ဆိုးခုနှစ်ကောင်တို့နှင့်အတူ" မှောင်မိုက်တန်ခိုးအလုံးစုံနှင့် ထိုအသက်ဝိညာဉ်ကို လုံးလုံးလျားလျားကြီးထိန်းချုပ်မင်းလုပ်လေတော့သည်။

## အင်အားသစ်တစ်ခုအပိုင်စီးဝင်ရောက်ခြင်း

လူမည်သည်ကား ခရစ်တော်၌ မိမိအသက်တာတစ်ခုလုံးကိုအပ်နှံထားပြီးလျှင် ထိုနှလုံးအိမ်ထဲမှာ အင်အားသစ်တစ်ခုသည် ဝင်ရောက်ပိုင်ဆိုင်ထားလေသည်။ ထိုအချိန်တွင် မိမိကိုယ်တိုင်က မည်သည့်အခါမျှပြီးစီးအောင်မလုပ်ဆောင်နိုင်သော ပြောင်းလဲမှုတစ်ခုသာ ဖြစ်၏။

ယေရှုခရစ်တော်ထံသို့ မိမိအသက်တာကို အပ်နှံထားသောသူသည် ထိုသခင်၏ ရဲတိုက်ကြီးဖြစ်လာပါသည်။ ထိုရဲတိုက်ကြီးသည် ပုန်ကန်ခြားနားသော ဤကမ္ဘာမြေပေါ်မှာ ရှိနေပါသော်လည်း ကိုယ်တော်တိုင်၏ အာဏာတော်မှလွဲ၍ မည်သည့်အာဏာတန်ခိုးမျှမရှိစေရန် ရည်ရွယ်တော်မူ၏။ ထိုသို့ ကောင်းကင်တန်ခိုးတော်များ၏ ပိုင်စိုးပိုင်သမှုကို ခံယူရရှိသောအသက်ဝိညာဉ်တစ်ခုသည် စာတန်၏ ကျူးကျော်တိုက်ခိုက်သိမ်းပိုက်မှုမှ လုံခြုံပါသည်။

သို့သော်လည်း ကျွန်ုပ်တို့သည် မိမိကိုယ်ကို ခရစ်တော်သခင်၏ ထိန်းချုပ်မှုအောက်မှာ မအပ်နှံထားရှိခဲ့ပါသော် လူဆိုးသွမ်းတို့၏ စေစားအနိုင်ပြုခြင်းကို မလွဲမသေခံရပါလိမ့်မည်။ ကျွန်ုပ်တို့သည် စာတန်၏အုပ်ချုပ်မင်းလုပ်မှုအောက်မှာ ရောက်သွားရန် အမှောင်ကမ္ဘာ၏ လုပ်ရပ်များကိုတမင်သက်သက် ရွေးချယ်စရာမလိုပါ။ အလင်းကမ္ဘာနှင့်မိမိကိုယ်ကို

မဟာမိတ်ဖွဲ့ရန် လျစ်လျူရှုထားရုံမျှနှင့် အမှောင်ကမ္ဘာ၏ လက်တွင်းသို့ ကျရောက်သွားနိုင်ပါသည်။ အကယ်၍သာ ကျွန်ုပ်တို့သည် ကောင်းကင် ဘုံအင်အားစုများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းမရှိခဲ့ပါသော် စာတန်သည် ထိုနှလုံးသားအိမ်ထဲမှာ ဝင်ရောက် မင်းမူစိုးစံမည်ဖြစ်ပါသည်။ သို့ဖြစ်၍ စာတန်၏ ရန်မှကာကွယ်နိုင်မည့် တစ်ခုတည်းသော တန်ခိုးတော်မှာကိုယ် တော်ရှင်၏ ဖြောင့်မတ်ခြင်း၌ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သခင် အား နှလုံးသားအိမ်ထဲမှာ ဝင်ရောက်စိုးစံခွင့်ပြုလိုက်ခြင်းပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ေ လးနက်စွာဆက်သွယ်မှုမရှိ ခဲ့ပါလျှင် မိမိကိုယ်ကို ချစ်မြတ်နိုးသောစိတ်နှင့် ကိုယ့်အလိုရမ္မက်သို့ လိုက်စားလိုစိတ်၊ အပြစ်သွေးဆောင်ရာသို့ လိုက်ပါသွားလိုစိတ်ကိုမည် သည့်အခါမျှ တွန်းလှန် တားဆီးနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် တစ်ခါ တစ်ရံမှာ အကျင့်ဆိုးများကို စွန့်ပစ်နိုင်ကောင်း စွန့်ပစ်နိုင်ပါမည်။ သို့သော် လည်း အချိန်နာရီတိုင်းမှာ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ခရစ်တော်သခင် ထံ စိတ်နှလုံးမအပ်နှံထားဘဲ ထိုသခင်နှင့် မပြတ်ဆက်သွယ်ရေးအမှုကို လျစ်လျူရှုနေပါသော် ကျွန်ုပ်တို့သည် စာတန်ပြုလိုတိုင်း ခံရမည့်အခြေ အနေတွင် ရှိပါသည်။ အဆုံးတွင်ကား သူ၏ အမိန့်ကိုနာခံ လုပ်ဆောင် သူသာဖြစ်သွားပေလိမ့်မည်။

ထိုကြောင့် "ထိုလူ၏ နောက်ဖြစ်ဟန်သည် ရှေ့ဖြစ်ဟန်ထက် သာ၍ဆိုး၏။ ဆိုးညစ်သော ဤလူမျိုး၌ ထိုနည်းတူဖြစ်လတ္တံ့" ဟုယေရှု မိန့်တော်မူခဲ့ပါသည်။

ကရုဏာဖိတ်ခေါ်သံကို မထီမဲ့မြင်ပြု၍ သန့်ရှင်းသောဝိညာဉ်တော် ကိုစိတ်နာစေသောသူလောက် စိတ်နှလုံးမာကျောသောသူသည် မရှိပါ။ သန့်ရှင်းသောဝိညာဉ်တော်ကို ပြစ်မှားခြင်းအမှုတွင် နောင်တရရှိရန် ဘုရား သခင်၏ ကရုဏာဖိတ်ခေါ်သံကို မဆုတ်မနစ်၊ မထီလေးစားပြုလုပ်နေ ခြင်းဖြစ်ပါသည်။

ဂျူးလူမျိုးတို့သည် ခရစ်တော်ယေရှုကို ငြင်းပယ်လိုက်ခြင်းဖြင့် ထိုသူတို့သည် အပြစ်မှခွင့်လွှတ်ခြင်းငှာ မထိုက်တန်သော အဖြစ်မျာသက် ရောက်ခဲ့လေသည်။

ကျွန်ုပ်တို့သည်လည်း ကရုဏာတော်ဖိတ်ခေါ်ချက်ကို မပြတ် ငြင်းဆန်နေပါက အလားတူအမှားမျိုးကို ကျူးလွန်နိုင်ပါသည်။ ကိုယ်တော် ရှင်၏ စေတမန်တို့၏ဆိုစကားသွန်သင်ချက်များကို နားထောင်ရန် ငြင်း ဆန်သောအခါမှာဖြစ်စေ၊ ခရစ်တော်သခင်ထံတော်ပါးမှ အသက်ဝိညာဉ် ကိုဝေးကွာစေသောသူတို့၏ စကားကို နားထောင်သည်ဖြစ်စေ၊ ကျွန်ုပ်တို့ သည် စာတန်၏ အပေါင်းအသင်းတို့ရှေ့မှာလည်းကောင်း၊ သန့်ရှင်းသူအ ပြစ်မဲ့များတည်ရှိရာ စကြဝဠာရှေ့မှာလည်းကောင်း၊ အသက်သခင်ကျေး ဇူးရှင်ကြီးကို စော်ကား၍ အရှက်ရစေရန် လုပ်ဆောင်ခြင်းသာဖြစ်ပါသည်။

ဤသို့သောနည်းဖြင့် လူသည်အပြစ်ကို ပြုလုပ်နေသမျှကာလပတ် လုံး သူသည် မျှော်လင့်ချက်မရှိ အပြစ်လွှတ်ခြင်းအခွင့်ကိုမရရှိနိုင်ဘဲ နောက် ဆုံးတွင် ဘုရားသခင်ဖန်ဆင်းရှင်နှင့် ပြန်လည်သင့်မြတ်လိုသော ဆန္ဒများ သည်လည်း ပျောက်ကွယ်သွားပါလိမ့်မည်။

## ခရစ်တော်သခင်၏အမှန်အကန်ညီအစ်ကိုတော်များ

ယေရှုသခင်သည် လူထုကြီးအားသွန်သင်နေစဉ် မယ်တော်နှင့် ညီအစ်ကိုတော်တို့သည် သခင်နှင့်တွေ့လို၍ အပြင်မှာစောင့်နေကြပါ ကြောင်း တပည့်တော်များက သတင်းပို့ကြပါသည်။ ယေရှု ကိုယ်တော် သည် ၎င်းတို့၏ စိတ်ရင်းကိုသိသောကြောင့် "ငါ့အမိ၊ ငါ့ညီကား အဘယ် သူနည်းဟု မေးတော်မူ၏။ လက်တော်ကိုလည်းဆန့်၍ တပည့်တော်တို့ ကိုညွှန်းလျက် ဤသူတို့သည် ငါ့အမိ၊ ငါ့ညီပေတည်း။ ကောင်းကင်ဘုံ ၌ရှိတော်မူသောငါ့အဘ၏ အလိုကို ဆောင်သောသူသည် ငါ့ညီ၊ ငါ့နှမ၊ ငါ့အမိဖြစ်သတည်း" ဟု မိန့်တော်မူ၏။

ယုံကြည်ခြင်းဖြင့် ခရစ်တော်ကိုရရှိသောသူတို့သည် လူသား ဆွေမျိုးရင်းချာတော်စပ်မှုထက် ပိုမိုရင်းနှီးသော သံယောဇဉ်နှောင်ကြိုးဖြင့် ကိုယ်တော်၌ တစ်လုံးတစ်ဝတည်း ဖြစ်လာကြပါသည်။ မယ်တော်မာရိသည် ယေရှုသခင်၏ တရားတော်ကို ယုံကြည်၍ ကျင့်ကြံလိုက်လျှောက်သူတစ် ဦးဖြစ်သောကြောင့် သားအမိတော်စပ်မှုထက် သာလွန်သောရင်းနှီးမှုကို ရရှိခဲ့ပါသည်။ ယေရှု၏ ညီအစ်ကိုတော်များကား ကိုယ်တော်ရှင်အား ပုဂ္ဂလိကကယ်တင်ရှင်အဖြစ် လက်မခံကြလျှင် ကိုယ်တော်ရှင်နှင့်ဆွေမျိုး တော်စပ်မှုကြောင့် မည်သည့် အကျိုးကျေးဇူးကိုမျှ ၄င်းတို့ရရှိလိမ့်မည် မဟုတ်ပါ။

ထိုသူတို့၏ မယုံကြည်မှုသည်ယေရှုသခင်၏ လောကအသက်တာ ကိုမှောင်မိုက်ကျစေခဲ့သလို ကျွန်ုပ်တို့အတွက် ကိုယ်တော်ရှင်သောက်ခဲ့ ရသော အမင်္ဂလာခွက်ဖလားမှ ခါးသီးမှု၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။

ဧဝံဂေလိတရားတော်နှင့်ဆန့်ကျင်၍ လူသားတို့၏ စိတ်နှလုံးထဲ မှာ တောက်လောင်နေသော ရန်ငြိုးဖွဲ့ခြင်းကို သားတော်ဘုရားသခင်၏ စိတ်နှလုံးသားအိမ်ထဲမှာ မချိမဆန့် ခံစားခဲ့ရပေသည်။ အထူးသဖြင့် မိသားစုအတွင်းဖြစ်သည့် နာကျင်မှုသည် အခံရဆုံးဖြစ်၏။ ယေရှု၏အစ်ကို တော်တို့က ယေရှုသခင်အား မိမိတို့ထံမှာ အကြံဉာဏ်တောင်းခံရမည် ဟု သူတို့မျှော်လင့်ခဲ့ကြပေသည်။ ကိုယ်တော်သည် လျှောက်ပတ်ညီ ညွတ်စွာ ဖာရိရှဲတို့အား ပြောဆိုတောင်းပန်သော် အားလုံးမှာအဆင် ပြေ၍ မလိုလားအပ်သော သဘောထားကွဲလွဲတိုက်လှန်မှုများ ပယ်ရှား ချုပ်ငြိမ်းသွားတော့အံ့ဟု သူတို့ ထင်မှတ်ခဲ့ပေသည်။

ယေရှုသည် စိတ်ကိုမထိန်းနိုင်ဘဲ ကောင်းကင်ဘုံကတန်ခိုးအာဏာ မျိုးမိမိမှာရှိနေကြောင်းကြေညာနေသည်ဟုလည်းသူတို့တတွေ ထင်မှတ်ခဲ့ကြ ပေသည်။ဖာရိရှဲတို့သည်ယေရှုအားဒုက္ခပေးရန်အခွင့်ကောင်းရှာနေကြသည်ကို

လည်းကောင်း၊ ယေရှုသည် ထိုကဲ့သို့ တုံ့ပြန်ဆက်ဆံလုပ်ဆောင်နေခြင်း အားဖြင့် ၄င်းတို့အား လုံလောက်သော အခွင့်အရေးပေးနေသူဟူ၍ လည်းကောင်း ညီအစ်ကိုတို့သည် ထင်မှတ်ခဲ့ကြပြန်၏။

ယေရှု၏ ညီအစ်ကိုတော်တို့သည် ကိုယ်တော်ရှင်၏ ကယ်တင် ခြင်းစီမံချက်ဖေါ်ဆောင်လုပ်ကိုင်ခြင်းအမှု၏ အတိမ်အနက်ကို လားလား မျှမတိုင်းထွာနားမလည်နိုင် ဖြစ်ကြပါသည်။ သူတို့တတွေ နားမလည်နိုင် သည်များကို သူတို့က လွတ်လပ်စွာစီရင်နေကြလေပြီကော။ ဘုရားသခင် သည် အသွေးအသားအားဖြင့် သူတို့နှင့်အတူ ရှိနေပါလျက်ပင် သူတို့ တတွေမသိခဲ့ကြဘဲ မိမိတို့သည် ဘုရားသခင်၌ ယုံကြည်ခြင်းရှိကြောင်း ပြောဆိုလျက် မိမိတို့သည် ဘုရားသခင်အား ထင်ရှားစေကြသူများဟု ထင်မှတ်ခဲ့ကြပေသည်။

ဤအရာတို့သည် ယေရှုသခင်၏ ခရီးလမ်းကို ဆူးနှင့်ပြည့်စေ ပါ၏။ ဆူးခင်းလမ်းဟု ဆိုရပါမည်။ မိသားစုအတွင်း နားလည်မှုမှားယွင်း ခြင်းသည် ခရစ်တော်ယေရှုအား အလွန်စိတ်ထိခိုက်စေသောကြောင့် ထိုခံစားမှုမျိုးမှ သက်သာရာရအံ့သောငှါ ကိုယ်တော်သည် မိမိအပေါ်မှာ အမြင်ကြည်သောနေရာဆီသို့ ကြွမြန်းဖို့သာ ရှိပေတော့မည်မဟုတ်လော။ ထိုအိမ်မှာ လာဇရု၊ မာရိနှင့်မာသတို့အိမ်ပင် ဖြစ်ပါသည်။ ထိုအိမ်သား များ၏ ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာသည် ယေရှုသခင်၏ စိတ်တော် ကိုငြိမ်သက်စေပါ၏။ အနားလည်းရပါသည်။ သို့စေကာမူ ယေရှုသည် တစ်ကိုယ်တည်းနေခြင်းနှင့် ကောင်းကင်ဘုံအဖဘုရားသခင်နှင့် မိတ်သဟာ ယဖွဲ့စကားပြောခြင်းအားဖြင့် စိတ်သက်သာမှုကို တွေ့ရှိနိုင်ခဲ့ပေသည်။

ခရစ်တော်အတွက်နှင့် မိမိ၏ နေအိမ်မိသားစုအတွင်းမှာ ဒုက္ခ ဝေဒနာများကို ရင်ဆိုင်ခံစားနေရသူတို့အဖို့ ယေရှုသခင်မှာလည်း အလားတူ ခံစားခဲ့ရသည်ကို ဆင်ခြင်ကြည့်က စိတ်သက်သာမှုကို ရရှိနိုင်ပေသည်။

ကိုယ်တော်သည် ထိုသူတို့အား သနားကြင်နာတော်မူသောကြောင့် မိမိနှင့်အပေါင်းအဖေါ်ပြုရန် ကောင်းကင်ဘုံအဖဘုရားသခင်နှင့် ဆက်သွယ်ခြင်းအားဖြင့် သက်သာမှုကို ရှာဖွေရယူရန် ပညတ်တော်မူပါသည်။

ခရစ်တော်ယေရှုကို ယုံကြည်လက်ခံသောသူတို့အား ကိုယ်တော်သည် အလျှင်းစွန့်ပစ်၍မထားပါ။ မိဘမဲ့ကလေးများကဲ့သို့ မိမိတို့၏ ပြဿနာကို မိမိတို့သာလျှင် ဖြေရှင်းကြရန် ပစ်မထားပါ။ စမ်းသပ်စစ်ဆေးမှုတိုင်းမှာ ကိုယ်တော်သည် အနားမှာရှိပါသည်။ ကောင်းကင်မိသားစုဝင်များပမာ ကိုယ်တော်သည် မိမိအား ယုံကြည်သူတို့ကို မိမိ၏အဖဘုရားသခင်အား "အဖဘုရားသခင်" ဟု ခေါ်ဆိုရန် ပညတ်တော်မူပါ၏။

ထိုအခွင့်အရေးကို ကျွန်ုပ်တို့သည် ရရှိကြပါသည်မဟုတ်လော။ ဘုရားသခင်သည် လူသားတို့ထက်မြင့်မြတ်သည်နည်းတူ ကျွန်ုပ်တို့အပေါ် သခင်ထားရှိသော မေတ္တာတော်သည်လည်း အကူအညီကင်းမဲ့နေစဉ် ကျွန်ုပ်တို့အပေါ်ထားရှိသော မိဘမေတ္တာထက် များစွာသာလွန်ကြီးမားတော်မူပါသည်။

ဟေဗြဲလူမျိုးတို့တွင် ဆင်းရဲမွဲတေသဖြင့် လူလုံးမလှုပါသော် ဘိုးဘွားပိုင်မြေကို ရောင်းချလိုက ရောင်းနိုင်ပါ၏။ မိမိကိုယ်ခန္ဓာကိုလည်း ကျေးကျွန်အဖြစ် ရောင်းချနိုင်လေသည်။ သို့သော်လည်း မိမိနှင့် အနီးစပ်ဆုံး ဆွေမျိုးတော်သူသည် ထိုအရာများကို ပြန်ရွေးနိုင်ခွင့်ရှိလေသည်။ ဝတ်ပြုရာ ၂၅း၂၅။ ၄၇-၄၉။ ရုသဝတ္ထု ၂း၂၀ ကိုရှုပါ။ ထိုနည်းတူစွာ အပြစ်နွံတွင်းမှာ နစ်မြုပ်ပျောက်ဆုံးနေသော လူသာကျွန်ုပ်တို့အားကယ်တင်ရွေးနုတ်ရန် ကျွန်ုပ်တို့နှင့်ပေါက်ဖေါ်တော်သော ယေရှုခရစ်သည် ကျွန်ုပ်တို့အား ရွေးချယ်ခွင့်ရှိပါသည်။ ခရစ်တော်သည် ဤနည်းဖြင့် လူ့ဇာတိကိုခံယူကာ ကျွန်ုပ်တို့၏ နီးစပ်သော ဆွေမျိုးဖြစ်လာသည်။ ကျွန်ုပ်တို့အား ကယ်တင်ရန်အလို့ငှာ ကိုယ်တော်သည်

ကျွန်ုပ်တို့၏ ပေါက်ဖော်၊ မိဘ၊ မောင်နှမ၊ ဆွေမျိုး၊ မိတ်ဆွေ ချစ်ရသူများ ထက်သာလွန်သော ချစ်ခင်ရင်းနှီးမှုကို သက်စွန့်မေတ္တာအားဖြင့် သက်သေထူခဲ့လေပါပြီ။ ကျွန်ုပ်တို့အပေါ် ထားရှိသော ကယ်တင်ပိုင်ရှင် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်မျိုး အဘယ်မှာလျှင် တွေ့နိုင်အံ့နည်း။ အဘယ်သို့လျှင်နားလည်ရပါအံ့နည်း။ သို့သော်လည်း ကိုယ်ပိုင်အတွေ့ အကြုံများအားဖြင့် သခင်၏ ချစ်ခြင်းမေတ္တာတော်မျိုးကို သိနိုင်ကြပါသည်တကား။

-ဝ-

# အခန်း (၃၄)
# ငါ့ဝန်သည်ပေ့ါ၍ ငါ့ထမ်းပိုးသည် ထမ်းလွယ်၏

(မဿဲ ၁၁း၂၈-၃၀ ကို အခြေပြုထားပါသည်။)

"ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့လာကြလော့၊ ငါသည် ချမ်းသာပေးမည်။"

ကယ်တင်ရှင်ယေရှုသည် လူအားလုံးကို ကိုယ်တော်ရှင်၏ ကြည့်ရှုစောင့်ရှောက်ချစ်ခင်ယုယမှုကို ခံစားစေခဲ့ပါသည်။ စွန့်ပစ်၍ မထားပါ။ ကိုယ်တော်သည် မျှော်လင့်ချက်ကင်းမဲ့ကာ စိတ်သောက ဗျာပါရရောက်ရှိနေသော ဝန်ပိနှလုံးသားရှင်များနှင့် အသက်ဝိညာဉ်၏ တောင့်တမှုများကို လောကတဒင်္ဂပျော်ရွှင်မှုများအားဖြင့် ကျေနပ်တိတ်ဆိတ်သွားအောင် ကြိုးစားလုပ်ဆောင်နေကြသူများကို မျှော်ကြည့်တော်မူ၍ မိမိထံသို့သက်သာခြင်းအခွင့်ကို လာရောက်ရှာဖွေကြပါရန် ဖိတ်ခေါ်လျက်နေ၏။

"ငါ့ထမ်းပိုးကိုတင်၍ ထမ်းကြလော့၊ ငါ့ထံ၌ နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်သဘောရှိ၏။ သင်တို့၏ စိတ်နှလုံးသည် သက်သာခြင်းကို ရလိမ့်မည်" ဟု ဝန်လေး၍ ပင်ပန်းနေကြသူတို့အား နူးညံ့သိမ်မွေ့စွာဖြင့် ယေရှုသခင်သည် ဖိတ်ခေါ်နေပါသည်။

ဤစကားသည် လူသားတစ်နွယ်လုံးအတွက်ဖြစ်၏။ ကျွန်ုပ်တို့လူသားအားလုံးသည် မိမိ၏ အခြေအနေမှန်ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ဝန်လေး၍ ပင်ပန်းနေသောသူများသာ ဖြစ်ကြပါသည်။ ခရစ်တော် ယေရှုတစ်ပါးတည်းသာလျှင် ထိုဝန်ထုပ်များကို ပယ်ရှားနိုင်ပါသည်။ ထိုဝန်ထုပ်တကာဝန်ထုပ်များတွင် အပြစ်ဝန်ထုပ်သည် အလေးလံဆုံး ဖြစ်၏။ ထိုဝန်ထုပ်များကို ကျွန်ုပ်တို့ဘာသာ ထမ်းပိုစေခဲ့မည်

ဆိုလျှင် ကျွန်ုပ်တို့အားလုံးသည် စိစိညက်ညက် ကြေကုန်ကြပေလိမ့်မည်။ သို့သော်လည်း အပြစ်နှင့်ကင်းစင်သော ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့ ကိုယ်စား အနာခံတော်မူခဲ့ပါ၏။ "ထာဝရဘုရားသခင်သည် ခပ်သိမ်းသော ငါတို့၏ အပြစ်များကို သူ့အပေါ်၌တင်တော်မူ၏" (ဟေရှာယ ၅၃း၆)။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အပြစ်ဝန်များကို သယ်ပိုးတော်မူခဲ့လေသည်။ ကျွန်ုပ်တို့ပခုံးထက်မှာ ရှိနေသော ဝမ်းနည်းပူဆွေးသောကဝန်များကိုလည်း ကိုယ်တော်သည် သယ်ပိုးပေးကာ ကျွန်ုပ်တို့အား သက်သာခြင်းအခွင့်ကို ပေးတော်မူပါလိမ့်မည်။

ကျွန်ုပ်တို့ လူသားတစ်နွယ်လုံး၏ အစ်ကိုတော်ကြီး ယေရှုသည် ကောင်းကင်ဘုံက ထာဝရပလ္လင်တော်နားမှာ ရှိနေပါသည်။ ကိုယ်တော်သည် မိမိ၏ အတွေ့အကြုံများအားဖြင့် လူသား ကျွန်ုပ်တို့၏အားနည်းချက်များ၊ လိုအင်ဆန္ဒများ၊ စုံစမ်းနှောင့်ယှက်ခြင်း၏ ပြင်းထန်မှုများကို သိနားလည်တော်မူ၏။

အကြောင်းမူကား ကိုယ်တော်သည် ကျွန်ုပ်တို့ကဲ့သို့ အဘက်ဘက်မှစုံစမ်းသွေးဆောင်နှောင့်ယှက်ခြင်းကို ခံခဲ့ရပေသည်။ ထူးခြားသည်မှာ ကိုယ်တော်သည် စာတန်ကိုအောင်နိုင်၍ အပြစ်နှင့်လုံးဝကင်းစင်ခဲ့၏။ သင်သည် စုံစမ်းနှောင့်ယှက်ခြင်းကို ခံနေရပါသလား။ သခင်ကယ်နုတ်တော်မူလိမ့်မည်။ သင်သည် အားနည်းနေပါသလား။ ကိုယ်တော်သည် သင့်ကို ခွန်အားပေးပါလိမ့်မည်။ သင်သည် အသိတရားနည်းပါးနေပါသလား။ ကိုယ်တော်သည် သင့်အား ပညာအလင်းကို ပေးလိမ့်မည်။ သင်သည် ထိခိုက်ဒဏ်ရာရနေပါသလား။ သင်၏အနာကိုသခင်သည် ပျောက်ကင်းစေပါလိမ့်မည်။ "ထာဝရဘုရားသခင်သည်ကြေမွသောသူတို့ကိုနှစ်သိမ့်စေ၍ သူတို့အနာကိုကုတော်မူ၏။" ဆာလံ ၁၄၇း၃။

သင်၏စိတ်ပူပန်မှုများနှင့် ဆင်းရဲဒုက္ခများသည် မည်မျှပင်ကြီးမားပါလေ့စေ၊ ကိုယ်တော်သခင်၏ ရှေ့တော်မှောက်မှာ ရင်ဖွင့်တင်ပြပါ။

သင်သည် တောင့်တင်းခိုင်မာကာ ခံနိုင်ရည်ရှိရန်အတွက် သင်၏စိတ်သဘောသည် ပြောင်းလဲသွားလိမ့်မည်။ သင့်အတါက် အခက်အခဲများနှင့်စိတ်အနှောင့်အယှက်ဖြစ်မှုများမှ လွတ်မြောက်စေသည့် လမ်းကိုကိုယ်တော်စီရင်ပေးပါလိမ့်မည်။ သင်၏ ဝန်ထုပ်များသည် လေးလံလေလေ ဝန်ထုပ်များကို ခရစ်တော်သခင်၏ ခြေတော်ရင်းမှာ ချထားလိုက်ခြင်းဖြင့် သက်သာခြင်းအခွင့်ကို ပိုမိုခံစားရလေဖြစ်ပါသည်။

ခရစ်တော်သခင် ပေးသနားတော်မူမည့် သက်သာခြင်းအခွင့်သည် အခြေအနေပေါ်မှာတည်၍ ပေးထားသော်လည်း ထိုအခြေအနေများကို ကွဲကွဲပြားပြားခွဲခြား သိမြင်နိုင်ပါသည်။ ထိုအခြေအနေများသည် ကျွန်ုပ်တို့လိုက်လောနိုင်သည့် အရာများသာဖြစ်ပါသည်။

"ငါ့ထမ်းပိုးကိုတင်၍ ထမ်းကြလော့" ဟု ယေရှုသခင်မိန့်တော်မူသောအခါ ထိုထမ်းပိုးသည် လုပ်ဆောင်မှုတစ်ခုမှာ အသုံးပြုသောပစ္စည်းကိရိယာတစ်ခုဖြစ်ပါသည်။ နွားများကို အလုပ်လုပ်ရန် ထမ်းပိုးတင်ပါသည် မဟုတ်လော။ အလုပ်ကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်ရန် ထမ်းပိုးသည် မရှိမဖြစ်လိုအပ်ပါ၏။ ဤသာဓကအားဖြင့် ကျွန်ုပ်တို့သည် အသက်ရှင်နေသရွေ့မှာ သခင့်အမှုတော်မြတ်တွင် ပါဝင် လုပ်ဆောင်ရန် သခင်သည် ကျွန်ုပ်တို့အား ဖိတ်ခေါ်ကြောင်း သွန်သင်နေပါသည်။ ကျွန်ုပ်တိုပသည် သခင်ဘုရားနှင့်အတူလုပ်ဆောင်သော လုပ်ဖေါ်ဆောင်ဖက်များဖြစ်လာနိုင်စေရန်အလို့ငှာ ကိုယ်တော်၏ ထမ်းပိုးကိုတင်၍ထမ်းရကြပါမည်။

အမှုတော်ဆောင်ရွက်ရန် ကျွန်ုပ်တို့အပေါ်မှာ တင်ထားသောထမ်းပိုးသည် ဘုရားသခင်၏ ပညတ်တော်ပင်ဖြစ်၏။ ပဋိညာဉ်တရားသစ်အရ လူ့နှလုံးသားမှာရေးသားလျက်ရှိသော ဘုရားသခင်၏ပညတ်တော်ပင်ဖြစ်ပေသည် ထိုပညတ်တရားက သခင့်လုပ်သားများအားလုံးကို

ထာဝရဘုရားသခင်၏ အလိုတော်မေတ္တာတရား၌ ပူးတွဲချည်နှောင်ထား ရှိပါသည်။ အကယ်၍သာ ကျွန်ုပ်တို့သည် လုပ်ချင်တာလုပ်၍ စားချင် တိုင်းစားကာ မိမိသဘောအတိုင်းရှိစေက ကျွန်ုပ်တို့သည် စာတန်၏ အမျိုးတူသားဖြစ်သွားပါလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်သည် မိမိ၏ ကြီးမြတ်ကောင်းမွန် တိုးတက်စေလိုသောအလိုတော်ဖြင့် ကျွန်ုပ်တို့ကိုဘောင် ခတ်ထားရှိပါသည်။

ခရစ်တော်ယေရှုသည် အမှုတော်ဆောင်ခြင်းထမ်းပိုးကြီးကို လူ့ဇာတိခံယူစဉ်မှာ ထမ်းရွက်ခဲ့ပြီးပါပြီ။ ယေရှုက "ငါသည် ကိုယ်အလို သို့လိုက်ခြင်းငှာ ကောင်းကင်မှဆင်းသက်သည်မဟုတ်၊ ငါ့ကို စေလွှတ် တော်မူသောသူ၏ အလိုသို့လိုက်ခြင်းငှာ ဆင်းသက်၏။" ယောဟန် ၆း၃၈ ဟု မိန့်တော်မူခဲ့ပေသည် ။ ဘုရားသခင်ကိုချစ်သောမေတ္တာတော်၊ ထာဝရ ဘုရားသခင်၏ ဘုန်းတော်ကိုထင်ရှားစေလိုသည့် စိတ်ဓါတ်ထက်သန်မှု၊အပြစ် နွံတွင်းမှာ ကျဆုံးနစ်မွန်းနေသော လူသားမျိုးနွယ်တစ်ရပ်လုံးအပေါ် မှာ ထားရှိသော မေတ္တာတော်သည် ယေရှုဘုရားသခင်ကို ဤကမ္ဘာမြေပေါ် သို့ကြွဆင်းလာစေ၍ ဆင်းရဲဒုက္ခခံကာ အသေခံစေတော်မူခဲ့လေသည်။ ဤအရာသည် ထိုသခင်၏ အသက်တာကို ထိန်းချုပ်ထားသော တန်ခိုး ဖြစ်ပါသည်။ ဤစည်းမျဉ်းအတိုင်း လိုက်နာ ဆောင်ရွက်ကြပါရန် အကျွန်ုပ် တို့အား ကိုယ်တော်သည် မိန့်တော်မူနေပါသည်။

## ကျွန်ုပ်တို့အား အလွန်ပင်ပန်းစေသောအရာ

လောကရေးရာများစွာတို့ကြောင့် သောကဗျာပါရဝန်ထုပ်အောက် မှာ ပြားပြားပိကာ နာကျင်မှုဝေဒနာ ခံစားနေရသူများစွာရှိပါသည်။ သူတို့သည် ခေတ်လောကသားတို့၏ အဆင့်အတန်းကိုမီအောင် အား ထုတ်လုပ်ဆောင်၍၊ ရှုပ်ထွေးမှုအလုံးစုံတို့ကိုလည်း ရွေးချယ်လက်ခံကျင့်သုံး

ကြသူများဖြစ်ပါသည်။ ထိုသို့အားဖြင့် ၎င်းတို့၏ အသက်တာသည်ငြီးငွေ့ ဖွယ်ဖြစ်လာ၏။ လောကရေးရာနှင့် စပ်ဆိုင်သော ရည်မှန်းချက်များနှင့် အလိုဆန္ဒရမ္မက်များ ပြေပျောက်စေရန်အလို့ငှာ လူတို့သည် မိမိတို့၏ အသိတရား၊ မသိစိတ်ကို နာကျင်စေကြပါ၏။

မိမိတို့အပေါ်မှာ နောင်တသံဝေဂရခြင်းတည်းဟူသော နောက်ဆက်တွဲဝန်ပိုများကိုလည်း ကျရောက်စေပါသည်။ ထိုအချုပ်အနှောင်ဝန်ပိုများကို စွန့်ပစ်ရန် ယေရှုသခင်သည် အလိုတော်ရှိပါ၏။ ထို့ကြောင့် "ငါ့ထမ်းပိုးသည် ထမ်းလွယ်၍ ငါ့ဝန်သည်လည်းပေါ့၏" ဟု မိန့်တော်မူကာ သခင့်ထမ်းပိုးကိုတင်၍ ထမ်းကြရန် သခင်ဖိတ်ခေါ်နေပါသည်။ သခင်သည် ကျွန်ုပ်တို့အား ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာဖွေရန် အမိန့်တော်ရှိပါသည်။

စိုးရိမ်ပူပန်သောကရောက်ခြင်းသည် ရှေ့ရေးကိုမမြင်နိုင်စေပါ။ အကန်းနှင့်တူ၏။ သို့သော် ခရစ်တော်သခင်သည် အစမှသည်အဆုံးတိုင်အောင် မြင်တွေ့တော်မူ၍ အခက်အခဲတိုင်းအတွက် ထွက်မြောက်ရာလမ်းကို ဖန်တီးပြင်ဆင်ပေး၏။ သက်သာခွင့်ကိုလည်းပေးလေသည်။ ကောင်းကင်ဗိုလ်ခြေဘုရားသခင်ထံမှာ ကျွန်ုပ်တို့အားကူညီမစရန် ကျွန်ုပ်တို့ မသိမြင်နိုင်သောနည်းလမ်းပေါင်း ထောင်ချီ၍များစွာရှိပါ၏။ ဒါကို ကျွန်ုပ်တို့သည် ဘာကိုမျှမသိပါ။ အကြင်သူသည် ထာဝရဘုရားသခင်ကို ဂုဏ်ပြုချီးမြှင့်၍ အမှုတော်မြတ်မှာ အကောင်းဆုံးကို လုပ်ဆောင်၏။ထိုသူသည်ထိုလုပ်ဆောင်မှုကြောင့် စိတ်သောကရောက်မှုများပြေပျောက်ကာ ကျေနပ်မှုကိုရသဖြင့် ဖြောင့်ဖြူးသောလမ်းခရီးကို လျှောက်လှမ်းရပါလိမ့်မည်။

"ငါ့ထံမှာ နည်းခံကြလော့၊ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသော သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကို ရလိမ့်မည်" ဟု ယေရှုသခင် အမိန့်တော်ရှိခဲ့ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ထံမှာ နူးညံ့သိမ်မွေ့ခြင်းနှင့် နှိမ့်ချမှုကိုဆည်းပူးရန် ခရစ်တော်၏

ငှါဝန်သည်ပေ့ါ၍ ငှါထမ်းပိုးသည်ထမ်းလွယ်၏ ၄၆၃ ကျောင်းတော်မှာ တက်ရောက်ပညာယူကြရပါမည်။ ကယ်တင်ရွေးနုတ်ခြင်း ဆိုသည်မှာ အသက်ဝိညာဉ်တစ်ခုအား ကောင်းကင်နိုင်ငံတော်သို့ဝင်စား နိုင်ရန်အတွက် ပညာပေးလုပ်ဆောင်ရာမှာ အသုံးပြုသော အဆင့်ဆင့် လုပ်ဆောင်မှုတစ်ရပ်သာဖြစ်၏။ ဤသင်တန်းသည် သခင်ယေရှုအား သိကျွမ်းရန်ရည်ရွယ်၍ မကောင်းမှု မှောင်မိုက်တန်ခိုးရှင် စာတန်၏ ကျောင်းမှတတ်မြောက်ရရှိသော အတွေးအခေါ်များ၊ အကျင့်ဓလေ့များ နှင့်အမူအကျင့်များမှ လွတ်မြောက်ရန်ကိုလည်း ရည်ရွယ်ပါသည်။

ကျွန်ုပ်တို့သည် အထကအရပ်၏ အသစ်သော မွေးဖွားခြင်းကို ခံယူပြီးသောအချိန်မှာ ခရစ်တော်၌ရှိသော လုံးဝဥဿုံငြိမ်သက်ခြင်းစိတ် သဘောသည် ကျွန်ုပ်တို့၌လည်း ရောက်ရှိလာပါလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့သည် ရာထူးရာခံ၊ အဆင့်မြင့်ကြီးစိုးချင်စိတ်ကို ဦးစားမပေး တော့ဘဲ ယေရှုသခင်၏ ခြေတော်ရင်းမှာထိုင်၍ သခင့်ထံနည်းခံရန်သာ ဆန္ဒရှိလာပေတော့မည်။ ကျွန်ုပ်တို့၏ အလုပ်တန်ဖိုးသည်လည်း သန့်ရှင်း သောဝိညာဉ်တော်ကို မျှဝေခံစားမှု အချိုးအဆပေါ်တွင် မူတည်ကြောင်းကို ကျွန်ုပ်တို့သိမြင်နားလည်ကြပါလိမ့်မည်။ စိတ်ရှည်သည်းခံခြင်းဖြင့် မိမိ တို့၏ အသက်ဝိညာဉ်ကို ပိုင်ဆိုင်နိုင်စေရန်အလို့ငှာ ထာဝရဘုရားသခင်ကို ကိုးစားခြင်းသည် ကျွန်ုပ်တို့၏ စိတ်သဘောထားများတွင် ပိုမိုသန့်ရှင်း သောအရည်အသွေးများကို ဖြစ်စေပါသည် မိတ်ဆွေ။

## သခင်ယေရှု၏ထမ်းပိုးသည် အမှုတော်မြတ်ကိုလွယ်ကူစေပုံ

ဝန်ကိုဆွဲယူရာတွင် အကူအညီပေးရန်နှင့် ဆွဲသောဝန်ထုပ်ကို ပေ့ါပါးစေရန် နွားများအပေါ်သို့ ထမ်းပိုးကိုတင်ပါသည်။ ခရစ်တော်၏ ထမ်းပိုးသည်လည်း ထိုနည်းတူဖြစ်၏။ ကျွန်ုပ်တို့၏ အလိုရမ္မက်များကို ဘုရားသခင်၏ အလိုတော်က လွှမ်းမိုးသွားသောအခါ ကျွန်ုပ်တို့သည် သခင့်ထံမှာရရှိသောဆုကျေးဇူးဖြင့် တစ်ပါးသူတို့၏ အကျိုးကို ထမ်းဆောင်

လာသဖြင့် မိမိအသက်တာမှာ ထမ်းရသောဝန်များသည်လည်း ပေါ့ပါး လာသည်ကိုတွေ့ရပါလိမ့်မည်။ အကြင်သူသည် ထာဝရဘုရားသခင်၏ ပညတ်တော်လမ်းခရီး၌ လျှောက်လှမ်းနေသော် ခရစ်တော်နှင့်အတူခရီး သွားသည်ဖြစ်၍ ထိုသခင်၏ မေတ္တာတော်၌ ထိုသူသည် ငြိမ်သက်ခြင်း ကိုရရှိပါလိမ့်မည်။ မောရှေသည် "မျက်နှာရကြောင်းကို အကျွန်ုပ်သိပါ မည်အကြောင်း ကိုယ်တော်၏ လမ်းကိုပြတော်မူပါ" ဟု ဆုတောင်း သောအခါ "ငါကိုယ်တိုင်သွား၍ ငြိမ်ဝပ်ခြင်းချမ်းသာကို ပေးမည်" ဟု ထာဝရဘုရားသခင်က အဖြေပေးတော်မူခဲ့သည် (ထွက် ၃၃း၁၃) မဟုတ် လော။

ခရစ်တော်၏ နှုတ်တော်ထွက်စကားကိုခံယူ၍ သခင်၏အစီအစဉ် အတိုင်းအသက်ရှင်နေထိုင်သူအပေါင်းတို့သည် ငြိမ်သက်ခြင်းကိုတွေ့ရပါ လိမ့်မည်။ လောကရေးရာမည်သည့်အရာတစ်စုံတစ်ခုမျှ ထိုသူတို့အား ဝမ်းနည်းစေခြင်းငှာ မလုပ်ဆောင်နိုင်ပါ။ အကြောင်းသော်ကား ယေရှု သခင်သည် မိမိ၏ မပြောင်းမလဲတည်မြဲနေခြင်းအားဖြင့် ထိုသူတို့အား ပျော်ရွှင်ဝမ်းမြောက်စေသောကြောင့်ပေတည်း။ "စိတ်နှလုံးတည်ကြည် သောသူသည် ကိုယ်တော်၌ ခိုလှုံသောကြောင့် ငြိမ်သက်ခြင်း သက်သက် ရှိမည်အကြောင်း စောင့်ရှောက်တော်မူလိမ့်မည်။" (ဟေရှာယ ၂၆း၃)။

ကျွန်ုပ်တို့၏ အသက်တာသည် ရှုပ်ထွေး ပွေလီသောအရာတစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပါသော်လည်း မိမိကိုယ်ကို ခရစ်တော်သခင်ထံအပ်နှင်း လိုက်သောအချိန်တွင် ကိုယ်တော်သည် မိမိဘုန်းတန်ခိုးတော်ထင်ရှားစေ နိုင်အံ့သောငှာ ကျွန်ုပ်တို့၏ အသက်တာနှင့် စာရိတ္တပုံစံများကို အလိုတော် နှင့်အညီ ဖြစ်ထွန်းလာပါလိမ့်မည်။ ခရစ်တော်သခင်၏ စာရိတ္တတော်နှင့် ဘုန်းတန်ခိုးတော်ကို ဖော်ပြနေသော ထိုသူကိုလည်း ဘုရားသခင်၏ နိုင်ငံတော်သို့ဝင်စားရန် ကြိုဆိုပါလိမ့်မည်။

ကျွန်ုပ်တို့သည် ယေရှုသခင်အားဖြင့် သက်သာငြိမ်းအေးသော အဖြစ်သို့ဝင်စားနေစဉ်မှာ ကောင်းကင်နိုင်ငံတော်သည် ကျွန်ုပ်တို့၌ ယခုပင်အစပျိုးလျက်နေပါပြီ။ ငါ့ထံသို့လာ၍ နည်းခံကြလော့ ဟူသော သခင်၏ ဖိတ်ခေါ်သံကို ကျွန်ုပ်တို့သည်တုံ့ပြန်၍ ကိုယ်တော်ထံသို့တိုးဝင် ချဉ်းကပ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ထာဝရအသက်ကို ယခုမှာပင် အစပျိုး၍နေပါပြီ။

ကောင်းကင်နိုင်ငံတော်သည် ခရစ်တော်အားဖြင့် ထာဝရဘုရား သခင်ထံ မရပ်မနား ချဉ်းကပ်နေသောအရာတစ်ခုပါတကား။ တာ၀ရဘုရား သခင်နှင့်အကျွမ်းဝင်၍ ပိုမိုရင်းနှီးစွာဆက်ဆံလေလေ၊ ကျွန်ုပ်တို့သည် ပိုမို၍ ဝမ်းမြောက်ရလေဖြစ်ပါ၏။ ယခုအသက်တာမှာ ကျွန်ုပ်တို့သည် ခရစ်တော် ယေရှုနှင့်အတူ လမ်းလျှောက်နေသည်နှင့်အမျှ ကိုယ်တော်၏ချစ်ခြင်းမေ တ္တာတော်သည် ကျွန်ုပ်တို့၌ပြည့်ဝလာကာ ကိုယ်တော်နှင့်အတူနေရခြင်း၌ ကျေနပ်ရောင့်ရဲမှုကိုဖြစ်စေပါသည်။ လူသားတို့သဘာဝအရ ခံရရှိနိုင်သည့် အရာခပ်သိမ်းအလုံးစုံကို ယခုလူသားတို့သဘာဝအရ ခံယူရရှိနိုင်သည့်အ ရာခပ်သိမ်းအလုံးစုံကို ယခုတွင် ဤမြေကြီးကမ္ဘာပေါ်မှာပင် ရရှိနိုင်သည် မဟုတ်ပါလော။

-၀-

# အခန်း (၃၅)
# မိုးသက်မုန်တိုင်းကိုငြိမ်သက်စေခြင်း

(မဿဲ ၈း၂၃-၃၄။ မာကု ၄း၃၅-၄၁။ ၅း၁-၂၀။ လုကာ ၈း၂၂-၃၉ တို့မှာ အခြေပြုထားပါသည်။)

ထိုနေ့သည် ယေရှုသခင်အဖို့ ထူးခြားသောနေ့ရက်တစ်ခုဖြစ်ပါသည်။ ဂါလိလဲအိုင်အနားမှာ ယေရှုသည် ပထမဦးဆုံးသော ပုံပမာများကို မိန့်ကြားတော်မူ၏။

ပြယုဂ်များကား မိမိတည်ထောင်မည့်နိုင်ငံတော်၏ သဘောသဘာဝနှင့် တည်ထောင်မည့်နည်းလမ်းများနှင့်ပတ်သက်နေပါသည်။ ယေရှုသည် မိမိ၏အမှုတော်မြတ်ကို မျိုးစေ့ကြဲသောသူနှင့်ပုံခိုင်းထား၏။ အမှုတော်ကြီးတိုးတက်ကြီးပွားမှုကိုမူ မုန်ညင်းစေ့နှင့်လည်းကောင်း၊ မုန့်ညက်ထဲမှာထည့်ထားသောတဆေး၏ဖေါင်းပွစေမှုဖြင့်လည်းကောင်း ခိုင်းနှိုင်းဟောကြားခဲ့သည်။

ဖြောင့်မတ်သူများနှင့် လူဆိုးသွမ်းတို့၏ နောက်ဆုံးအပြီးပိုင်ခွဲခြားထားရှိမှုကိုမူ စပါးပင်နှင့်ပေါင်းပင်ပုံပမာအားဖြင့်လည်းကောင်း၊ ငါးများကို အုပ်မိသော ပိုက်ကွန်အားဖြင့်လည်းကောင်း ရုပ်လုံးဖေါ်ဟောကြားတော်မူခဲ့ပါသည်။ တန်ဖိုးမဖြတ်နိုင်သောအမှန်တရားနှင့်ပတ်သက်၍ကား မြတ်သောပုလဲရတနာနှင့်သာဓကပြသွန်သင်တော်မူခဲ့ပေသည်။

ညနေစောင်းလာပြီဖြစ်သော်လည်း လူထုကြီးသည် ယေရှုထံသို့ ရောက်လာမစဲတသဲသဲဖြစ်ဆဲပင်။ ယေရှုသည် နေ့တိုင်းအစဉ် ထမင်းစားရန်နှင့် ခေတ္တခဏအနားယူသည့်အချိန်မှလွဲ၍ လူထုကြီးကို ကူညီမစခဲ့ပါသည်။ သို့ဖြစ်၍လည်း တစ်နေ့တာလုံး၏ မောပန်းနွမ်းလျှမှုကိုဂါလိလဲအိုင်၏ တစ်ဖက်ကမ်းရှိ ဆိတ်ငြိမ်သောနေရာတစ်ခုမှာ သွားရောက်

အနားယူရန် ယေရှုသည် ဆုံးဖြတ်လိုက်ပါ၏။ တပည့်တော်တို့အား လည်း မိမိနှင့်အတူ ထိုနေရာသို့သွားရန် မိန့်တော်မူခဲ့ပေသည်။

ယေရှုသည် လူအုပ်ကြီးကို ပြန်လွှတ်လိုက်ပါပြီ။ တပည့်တော် တို့သည် သခင်ကိုလှေပေါ်သို့ကြွဂုန် ပန်ကြားပြီးသည်နောက် မြန်ဆန် စွာကမ်းမှ ထွက်ခွာခဲ့ကြပါသည်။ ကမ်းနားမှာဆိုက်ကပ်ထားသော အခြား တံငါလှေများလည်းရှိကြသဖြင့် နောက်တော်သို့လိုက်၍ ယေရှုသခင်အား ဖူးမြော်တရားနာယူရန် စိတ်အားထက်သန်ကြသူတို့သည် ထိုလှေများပေါ် သို့တက်ရောက်နေရာယူကြပါသည်။

ယခုတွင် ကယ်တင်ပိုင်ရှင် ယေရှုသခင်သည် လူအုပ်ကြီး၏တိုးဝှေ့ အကူအညီတောင်းမှုများမှ အနည်းဆုံးတော့ သက်သာရာရခဲ့ပါပြီ။ သို့သော်လည်း ပင်ပန်းနွမ်းနယ်မှုနှင့် ဆာလောင်မွတ်သိပ်မှုများကြောင့် လေပွဲ့ပိုင်းမှာလဲလျောင်း အနားယူရင်း တစ်ခဏချင်းမှာပင် အိပ်ပျော် သွားပါတော့သည်။

သို့ရာတွင် ရုတ်ခြည်းဆိုသလို အမှောင်ထုကြီးသည်ကောင်းကင် ပြင်ကို လွှမ်းခြုံလာ၏။ ပြီးသော် လေကြမ်းများတိုက်ခတ်လာကာ ပြင်းထန်သော လှိုင်းတံပိုးများထလာပါသည်။

နေလည်းဝင်ပြီ။ မုန်တိုင်းထန်နေသော ဂါလိလဲအိုင်ကြီးသည် လည်း မှောင်နက်မည်းမည်းဖြစ်နေ၏။ ပြင်းထန်လှသော လှိုင်းပုတ်မှု ကြောင့် တပည့်တော်တို့၏ လှေသည် နစ်မြုပ်လုမတတ်ဖြစ်နေသည်။ ထိုတံငါသည် ရင့်မာကြီးတို့သည် ဤဂါလိလဲအိုင်ကြီးမှာ ကြီးပြင်းလာခဲ့ ကြသည်မို့ ကျွမ်းကျင်လိမ္မာစွာဖြင့် မုန်တိုင်းပေါင်းများစွာကို ရင်ဆိုင် ကျော်လွှားနိုင်ခဲ့ကြပါသော်လည်း ယခု ရင်ဆိုင်နေရသော မုန်တိုင်းဒဏ် ကိုမူ ထိုသူတို့၏ ကျွမ်းကင်မှုနှင့်ခွန်အားတို့သည် အရှုံးပေးကြရလေပါ ပြီ။ လူ့အင်အားသည် အရာမရောက်ဖြစ်ရ၏။ လှိုင်းတံပိုးများကြားဝယ်

အကူအညီမဲ့ဖြစ်နေကာ လှေထဲသို့ ရေလုံးကြီးဝင်လာသည်ကို တွေ့မြင်ရ၍လည်း အသက်ရှင်ရန်ပင် မျှော်လင့်ချက်ကင်းမဲ့လာသလို သူတို့တတွေ ခံစားမိခဲ့ကြပေသည်။

## ယေရှုသည်စောင့်ရှောက်တော်မူခြင်း

တပည့်တော်တို့သည် ကိုယ့်အသက်ကို ကယ်ရန်ကိုသာ အာရုံပြုကြသည်မို့ လေပေါ်မှာပါလာသော ယေရှုသခင်ကို သတိမရကြပါ။ ယခုတွင် သူတို့တတွေ ခြေကုန်လက်ပန်းကျပြီ၊ အသံလည်းမထွက်နိုင်တော့ပြီ၊ သေဖို့သာပြင်ဆင်ရပေတော့မည်။ ထိုအခါ မည်သူ့အမိန့်နှင့်ဤပင်လယ်ကိုဖြတ်ကျော်ရသည်ကို သူတို့ သတိဝင်လာ၏။ ထိုယေရှုသခင်၌သာလျှင် သူတို့တတွေ မျှော်လင့်ချက်ရောင်ခြည်သန်းနိုင်တော့မည်မဟုတ်ပါလား။

"သခင်၊ သခင်" ဟုသူတို့ အော်ခေါ်ကြပါသည်။ သို့သော်လည်း သူတို့၏အသံကို လှိုင်းမုန်တိုင်းကြီးများက လွှမ်းမိုးနေကြပါသည်။ တုံ့ပြန်သံကိုမကြားရပါ။ သံသယနှင့်ကြောက်ရွံ့တုန်လှုပ်မှုတို့သည် သူတို့ကိုလွှမ်းမိုးတော့၏။ အနာရောဂါများ၊ နတ်ဆိုးများနှင့်သေသောသူကိုပင် အသက်ရှင်စေခဲ့သော ကိုယ်တော်ရှင်သည် ယခုတွင် သူတို့အား မကယ်တင်နိုင်ဘဲ စွန့်ပစ်လိုက်ပြီလော။ သူတို့တတွေခံစားနေရသော ဆင်းရဲခြင်း ဒုက္ခကို သခင်သည် ဂရုမစိုက်လျစ်လျူရှုနေပြီလောဟူသော မေးခွန်းများထဲမှာ ပေါ်လာ၍ ယေရှုသခင်ကို သံသယဝင်လာခဲ့ကြပါသည်။

နောက်တစ်ဖန် ထိုသူတို့သည် သခင်ကိုအော်၍ အကူအညီတောင်းကြပါ၏။ ကျယ်လောင်စူးရှသော လှိုင်းသံ၊ လေသံများမှလွဲ၍ ဘာကိုမျှမကြားရပါ။ လှေသည်လည်း မြုပ်လုမြုပ်ခင်ဖြစ်ကာ မကြာမီမှာပင် သူတို့အားလုံးသည် ဒေါမာန်ဝင့်နေသော လှိုင်းလေများ၏ ဝါးမျိုခြင်းကိုခံရပေတော့မည်တကား။

ထိုအချိန်တွင် ကောင်းကင်မှလျှပ်စီးသည် ရုတ်တရက်ထွန်းလက်လာကာ အမှောင်ထုကို ခွင်းလိုက်သဖြင့် အနှောင့်အယှက် ကင်းမဲ့စွာဖြင့် ကျိန်းစက်နေသော ယေရှုခရစ်တော်ကို တပည့်တော်တို့သည် မြင်ရကြ၏။ ထိုအခါ သူတို့သည် အံ့သြခြင်းများစွာနှင့် ပူပန်သောကသံကို လွင့်လိုက်သည်ကား "အရှင်ဘုရားသခင်၊ အကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ရောက်သည်ကို လျစ်လျူရှုသောစိတ်ရှိတော်မူသလော။"

ယေရှုသည် တပည့်တော်တို့၏ အော်သံများကြောင့် ကျိန်းစက်ရာမှနိုးလာ၏။ လျှပ်ပန်းလျှပ်နွယ်များ၏ အလင်းရောင်ကြောင့် ကိုယ်တော်၏မျက်နှာတော်မှာ ကောင်းကင်နိုင်ငံတော်၏ ငြိမ်သက်ခြင်းကို သူတို့တွေ့မြင်လိုက်ရပေသည်။ သခင်၏ အကြည့်တွင်လည်း အတ္တကင်းသောစိတ်နှင့် နူးညံ့သိမ်မွေ့သောမေတ္တာတော်ကို သူတို့တွေ့ရှိကာ "သခင်" အကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ရောက်ပါ၏။ ကယ်မတော်မူပါ" ဟု လျှောက်ကြလေသည်။

ထိုသို့သောကြွေးကြော်သံကိုပြုသည့် အသက်ဝိညာဉ်အား သခင်သည် ဂရုမစိုက် လျစ်လျူရှုသည်ဟူ၍ မည်သည့်အခါကမျှ မရှိဖူးပါချေ။ တပည့်တော်တို့သည် တက်မများကို မြဲမြဲကိုင်၍ နောက်ဆုံးလှော်ခတ်ကြမည်အပြုတွင် ယေရှုသည် ရပ်တော်မူလိုက်ပါသည်။ လှိုင်းလေနှင့် မုန်တိုင်းတိုပကား ထန်နေဆဲ။ လျှပ်စီးသည်လည်း အလင်းကိုဆောင်သောကြောင့် ကရုဏာတော်အရှင် ယေရှုသခင်ကို ကြည်ညိုဖွယ်အသွင်နှင့်မြင်တွေ့ရလေသည်။ ကိုယ်တော်သည် လက်တော်ကိုဆန့်၍ ဒေါမာန်ထနေသောလေနှင့်ပယ်လယ်အား "တိတ်ဆိတ်ငြိမ်ဝပ်စွာ နေလော့" ဟု မိန့်တော်မူလိုက်ပါသည်။

တစ်ခဏချင်းမှာပင် မုန်တိုင်းစဲ၍ လှိုင်းလေများငြိမ်သက်သွားပါသည်။ မိုးတိမ်များကင်းရှင်း၍ ကြယ်အလင်းကိုပင်တွေ့မြင်ရချေပြီ။

လှေကြီးသည်လည်း ငြိမ်သက်သာယာနေသော ဂါလိလဲအိုင်ပေါ်မှာမျော ပါနေ၏။ ထိုနောက်မှာ ယေရှုသည် ဝမ်းနည်းစွာဖြင့် တပည့်တော် တို့အား "သင်တို့သည် အဘယ်ကြောင့် ဤမျှလောက် ကြောက်တတ်သ နည်း။ အဘယ်ကြောင့် ယုံကြည်ခြင်းစိတ်နှင့် ကင်းသနည်း" ဟုမေး တော်မူ၏။ (မာကု ၄း၄၀)။

တမန်တော်တို့သည် ဘာမျှပြန်မပြောဘဲ တိတ်ဆိတ်စွာနေကြ၏။ လှေများပေါ်တွင် ပါလာသောလူတို့သည် ကြောက်ရွံ့မှုများနှင့် ပူပင် သောကမှုများ ရှိခဲ့ကြပါသော်လည်း ယေရှုသခင်၏ အမိန့်တော်တစ်ရပ် သည် ရုန်းရင်းခတ်နေသည့်မြင်ကွင်းကို ငြိမ်သက်သွားစေခဲ့ပါ၏။ ပြင်း ထန်သောလေမုန်တိုင်းသည် လှေငယ်တို့အား တစ်စီးနှင့်တစ်စီးပူးကပ် သွားစေခဲ့ပါသဖြင့် လှေပေါ်မှာလိုက်ပါလာကြသောသူတို့သည် ယေရှု ပြုသောနိမိတ်လက္ခဏာကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရပေသည်။ ထိုနောက် မှသူတို့သည် "ဤသူကား အဘယ်သူနည်း။ လေနှင့်ပင်လယ်သည် သူ၏စကားကို နားထောင်ပါသည်တကား" ဟု အချင်းချင်းတီးတိုးပြော ဆိုကြပါသည်။

ယေရှုသည် လေမုန်တိုင်းကို ရင်ဆိုင်တွေ့ဆုံရန် နိုးထလာသော အခါ ကိုယ်တော်၏ရုပ်သွင်မှာ ကြောက်ရွံ့တုန်လှုပ်မှုကို စိုးစဉ်းမျှမတွေ့ ရပါ။

သို့သော်လည်း ကိုယ်တော်သည် မိမိပိုင်ဆိုင်ခဲ့သော အနိုင်းမဲ့ တန်ခိုးတော်တို့အပေါ် မှီခိုအားထားခြင်းမရှိပါ။ ကိုယ်တော်ရှင်၏ငြိမ်သက် ခြင်းသည် "ကောင်းကင်၊ မြေကြီး၊ ပင်လယ်သမုဒ္ဒရာတို့၏ အရှင်သခင်" အနေဖြင့် တည်ရှိသော ငြိမ်သက်ခြင်းမျိုးမဟုတ်ပါ။ ထိုတန်ခိုးတို့ကို ကိုယ်တော်သည် စွန့်လွှတ်တော်မူခဲ့ပြီဖြစ်သဖြင့် "ငါသည် ကိုယ်အလို အလျောက် အဘယ်အမှုကိုမျှမပြုနိုင်" ဟု မိန့်တော်မူခဲ့သည်မဟုတ်လော။ (ယောဟန် ၅း၃၀)။ ကိုယ်တော်သည် ကောင်းကင်ဘုံ အဖဘုရားသခင်၏

တန်ခိုးတော်ကိုသာ အားကိုးခိုလှုံခဲ့ပါ၏။ အဖဘုရားသခင်၏ မေတ္တာတော်နှင့် စောင့်ရှောက်မှုတို့သည် လုံလောက်ပါ၏။ လေမုန်တိုင်းကိုငြိမ်သက်စေသောနှုတ်တော်ထွက်စကားတို့၏ တန်ခိုးတော်သည် အဖဘုရားသခင်၏ တန်ခိုးတော်သာဖြစ်ပါသည်။

ထိုနည်းတူစွာ ကျွန်ုပ်တို့သည်လည်း ကယ်တင်ပိုင်ရှင်ယေရှုသခင်ကိုခိုလှုံရပါမည်။ ဘေးအန္တရာယ်ကျရောက်လာသော အချိန်မှာ ဖြစ်ပေါ်လာသော စိုးရိမ်ကြောက်ရွံ့မှုများသည် တပည့်တော်တို့၏ မယုံကြည်မှုကိုဖော်ပြနေသည်မဟုတ်ပါလော။ သူတို့သည် ယေရှုကိုမေ့ထားခဲ့၏။ မိမိကိုယ်ကိုအားကိုးမိသောအခါမှာ စိတ်သောကရောက်ခဲ့ကြပါသည်။ သို့သော်လည်း ထိုသူတို့သည် ယေရှုသခင်ထံ ပြန်လည်ဦးလှည့်လာသောအခါတွင်မူကား ကိုယ်တော်ရှင်သည် ၄င်းတို့အား ကူညီစေတော်မူခဲ့ပါသည်။

စုံစမ်းနှောင့်ယှက်ခြင်း လေပြင်းမုန်တိုင်း လှိုင်းတံပိုးများထန်လာသောအခါမှာ ကျွန်ုပ်တိုပသည် ယေရှုသခင်ကို မေ့လျော့လျက် မိမိတို့ဘာသာ မုန်တိုင်းကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်မှာ ဘယ်နှစ်ကြိမ်ရှိခဲ့ပါပြီလဲ။

ကိုယ့်ခွန်အား အစွမ်းသတ္တိကို ယုံကြည်စိတ်ချလျက် ဘဝမုန်တိုင်းကို ရင်ဆိုင်လေ့ရှိသည်မှာ နောက်ဆုံးပျက်စီးလုနီး အချိန်တိုင်ရောက်ခဲ့ရသည်မဟုတ်လော။ ထိုအခါ ကျွန်ုပ်တို့သည် ယေရှုသခင်ကိုသတိရလျက် “ကျွန်တော်မျိုးကို ကယ်မ သနားတော်မူပါ” ဟု အကူအညီတောင်းခံသောအခါမှာ ကိုယ်တော်ရှင်သည် ကယ်မတော်မူသည်မဟုတ်လော။ ကိုယ်တော်ကို အကူအညီတောင်းခံခြင်း၌ အချည်းနှီးမဖြစ်ရပါ။

ကျွန်ုပ်တို့၏လိုအပ်ချက်ကို ကိုယ်တော်သည်ဖြည့်တင်းပေးရန်ဘယ်သောအခါမျှ မပျက်ကွက်ပါ။ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲမှာ ကယ်တင်ရှင်ယေရှုခရစ်တော်သာရှိနေလျှင် ကျွန်ုပ်တို့သည် ဘာကိုမျှကြောက်လန့်

စရာမလိုပါ။ ကိုယ်တော်သည် အနှိုင်းမဲ့ ဉာဏ်တော်ရှိသည်နှင့်အညီအကောင်းဆုံးသောနည်းလမ်းဖြင့် ကျွန်ုပ်တို့ကို ဘေးအန္တရာယ်အသွယ်သွယ်မှ ကယ်နုတ်တော်မူပါလိမ့်မည်။

"မတရားသောသူတို့သည် မငြိမ်နိုင်ဘဲ လှုပ်ရှား၍ ရွံ့နှင့်အမှိုက်ကို ပက်သောပင်လယ်ရေနှင့်တူကြ၏။ မတရားသောသူတို့၌ ငြိမ်သက်ခြင်းမရှိ" ဟု ကျမ်းဆိုချက်ရှိပါသည်။ (ဟေရှာယ ၅၇း၂၀)။ အပြစ်တရားမှာရှိသော ငါတည်းဟူသောအတ္တ၊ ငါတကောကောတတ်သော စိတ်ဓါတ်ကို မည်သည့် ပုထုဇဉ်လူသား အစွမ်းသတ္တကမျှ မထိန်းသိမ်းနိုင်ပါ။ ကျွန်ုပ်တို့သည် ပြင်းထန်နေသော လေလှိုင်းမုန်တိုင်းဒဏ်ကို ငြိမ်သက်စေခြင်းငှာမတတ်စွမ်းနိုင်သော တပည့်တော်များကဲ့သို့ ဤလောကတွင် ခွန်အားမဲ့သောသူများဖြစ်ကြပါသည်။ သို့သော်လည်း မည်မျှပင်ကြမ်းတမ်းခက်ထန်သောလေမုန်တိုင်းကို ရင်ဆိုင်ရသည်ဖြစ်စေ၊ ခရစ်တော်သခင်ထံတော်ပါးသို့ ဦးလှည့်၍ သခင်၊ ကျွန်ုပ်တိုပအား ကယ်တင်တော်မူပါဟု တောင်းလျှောက်ပါသော် ကျွန်ုပ်တို့သည် ကယ်လွှတ်ခြင်း ကရုဏာတော်သည်လူသားတို့၏ရန်ဘက်ပြုလိုသောစိတ်များကို ငြိမ်သက်စေ၍ သခင်ယေရှု၏မေတ္တာတော်ကြောင့် လူ့စိတ်နှလုံးသည် သက်သာခြင်းအခွင့်ကို ရရှိပါသည်။

ကိုယ်တော်ရှင်သည် "လေပြင်းကို ပျောက်စေတော်မူ၍လှိုင်းတံပိုးများလည်း ငြိမ်ဝပ်ကြ၏။ ထိုသို့ငြိမ်ဝပ်သောကြောင့် သူတို့သည်ဝမ်းမြောက်ကြ၏။ အလိုရှိရာ သင်္ဘောဆိပ်သို့ ပို့ဆောင်တော်မူ၏။"ဆာလံ ၁၀၇း၂၉၊၃၀။

"ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက် လျှင် ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်ရှေ့တော်၌ငြိမ်သက်ခြင်းကိုခံစားကြ၏။" ရောမ ၅း၁။

နံနက်စောစောအချိန်မှာ ကယ်တင်ရှင်နှင့် အပေါင်းအပါတို့သည် အရှေ့ဘက်ကမ်းခြေသို့ ရောက်ရှိလာကြပါသည်။ ပြူထွက်လာသောနေမင်းကြီး၏ လင်းရောင်ခြည်သည်လည်း ငြိမ်သက်ခြင်းနှင့်အတူ ရေပြင်နှင့်မြေပြင်တို့အပေါ်သို့ အတူတကွသက်ရောက်နေ၏။ သို့သော် ထိုသူတို့သည် ကမ်းခြေပေါ်သို့ တက်လှမ်းလိုက်သည်တွင် ပြင်းထန်သော လေမုန်တိုင်းထက် ကြောက်စရာကောင်းသည့် မြင်ကွင်းတစ်ခုသည် ၎င်းတို့အား ကြိုဆိုလျက်နေသည်။

လူရူးလူမိုက် နှစ်ယောက်သည် သူတို့အား အပိုင်းပိုင်းဆုတ်ဖြဲရန် ပုံစံမျိုးဖြင့် ပုန်းအောင်းနေရာသင်္ချိုင်းဂူတို့မှ တစ်ဟုန်ထိုးပြေးထွက်လာနေပါသည်တကား။ ချုပ်နှောင်ထားသော သံကြိုးကြီးများလည်း ရုန်းကန်မှုကြောင့် ပြတ်တောက်ခဲ့သဖြင့် ၎င်းတို့၏ လက်တစ်ဖက်စီမှာ သံကြိုးတွဲတိတွဲလောင်းနှင့်ဖြစ်ပါသည်။ မိမိတို့ ကိုယ်ကိုကျောက်စောင်းများဖြင့် ရှစေခဲ့ကြသဖြင့်လည်း တစ်ကိုယ်လုံးမှာ စုတ်ပြတ်ပေရေကာ သွေးများပင် ယိုစီးကုန်၏။ မျက်လုံးတို့မှာလည်း ရှည်လျားရှုပ်ထွေးနေသော ဆံပင်ကြားမှ ပြူးကြည့်နေသည်။ သူတို့ကို နတ်ဆိုးများပူးကပ်နေသောကြောင့် သူတို့သည် လူနှင့်ပင်မတူတော့ဘဲ တောရိုင်းတိရစ္ဆာန်များနှင့်သာ တူနေပါတော့သည်။

တပည့်တော်များ ကြောက်အားလန့်အားနှင့် ထွက်ပြေးသွားကြပါပြီ။ ထိုအထဲတွင် ခရစ်တော်ယေရှုမပါပါ။ ဤသည်ကို သတိပြုမိကြသဖြင့် နောက်လိုလှည့်၍ကိုယ်တော်ကို ရှာဖွေကြလေရာ ကိုယ်တော်သည် သူတို့ချန်ထားခဲ့သည့်နေရာမှာပင်ရပ်နေသည်ကို တွေ့မြင်ခဲ့ရပေသည်။ မုန်တိုင်းကိုဆုံးမနိုင်ခဲ့သူယေရှုသည် ဤနတ်ဆိုးများရှေ့မှောက်မှထွက်ပြေးတော်မမူပါ။

ထိုနတ်ဆိုးစွဲနေသူတို့သည် ပါးစပ်မှာ အမြှုပ်တစီစီနှင့် အံသွားခဲကြိတ်ကာ ယေရှုအနားသို့ ချဉ်းကပ်လာပါသည်။ လှိုင်းလေများကိုငြိမ်သက်စေသော လက်တော်ကို မြှောက်ပြတော်မူသောအခါ ထိုနတ်ဆိုး

စွဲနေသူတို့သည် ပို၍နီးကပ်စွာ မချဉ်းကပ်ဝံ့တော့ပေ။ ထိုသူတို့သည် စိတ်ဆိုးမာန်ဆိုးနှင့် ရပ်နေကြသော်လည်း ကိုယ်တော်ရှေ့မှောက်မှာ ဘာမျှမတတ်နိုင်ကြပါချေ။

ထိုနောက်ယေရှုသည် အာဏာတန်ခိုးဖြင့် နတ်ဆိုးတို့အား ထိုလူနှစ်ယောက်အထဲမှ ထွက်သွားကြရန် နှင်ထုတ်တော်မူခဲ့ပေသည်။ ကိုယ်တော်၏ အသံတော်သည် ကံဆိုးမိုးမှောင်ကျနေသော ထိုသူနှစ်ယောက်၏နှလုံးသားအိမ်ကို ထွင်းဖေါက်ဝင်ရောက်သွားချေပြီ။ သူတို့သည် မိမိတို့အား နတ်ဆိုး၏ဖိစီးနှိပ်စက်မှုများမှ ကယ်တင်နိုင်မည့်အရှင်သခင် အနီးတွင် ရောက်ရှိနေကြောင်းကို မထင်မရှားသိရှိခဲ့ကြပါ၏။

ထိုကယ်တင်ရှင်အားကိုးကွယ်ရန် ခြေတော်ရင်းမှာ ပျပ်ဝပ်ကာကူညီမစအသနားခံစကားကိုပြောရန် ဟန်ပြင်လိုက်သောအခါတွင် နတ်ဆိုးတို့သည် သူတို့အားဖြင့် "ဘုရားသခင်၏သားတော်ယေရှု၊ ကိုယ်တော်သည် အကျွန်ုပ်တို့နှင့် အဘယ်သို့ဆိုင်သနည်း။ အချိန်မရောက်မီ အကျွန်ုပ်တို့ကို ညှဉ်းဆဲခြင်းငှာ ကြွလာတော်မူသလော" ဟု အော်ဟစ်၍လျှောက်လေ၏။

ယေရှုက "သင်သည် အဘယ်အမည်ရှိသနည်း" ဟုမေးတော်မူလျှင် "အကျွန်ုပ်အမည်သည် လေဂေါင်ဖြစ်ပါ၏။ အကျွန်ုပ်တို့သည် အများဖြစ်ကြပါသည်" ဟု ပြန်ဖြေလေသည်။ နတ်ဆိုးတို့သည် ယေရှုသခင်အား ထိုနယ်မြေမှအပြင်သို့ မနှင်ထုတ်ပါရန် တောင်းပန်ကြပါသည်။

ထိုနေရာမှများစွာမကွာဝေးသော တောင်စောင်းပေါ်မှာ ဝက်များအစာစားနေကြပါသည်။ ထိုဝက်အုပ်စုထဲသို့ ဝင်ခွင့်ပြုရန် ယေရှုသခင်အား တောင်းပန်ကြသဖြင့် ယေရှုသည် ချက်ချင်းပင် ခွင့်ပြုလိုက်လေသည်။ ညစ်ညူးသောနတ်တို့သည် ဝက်များထဲသို့ ဝင်ရောက်သည်နှင့် ချက်ချင်းပင် ဝက်အုပ်ကြီးသည် အိုင်ကမ်းစောက်သို့ တစ်ဟုန်ထိုး

ပြေးဆင်းကာ ၄င်းတို့အား မည်သူကမျှ မတားဆီးနိုင်မီမှာပင် ရေထဲတွင် နစ်၍ သေဆုံးကုန်ကြပါသည်။

ထိုအတောအတွင်းမှာ နတ်ဆိုးအစွဲခံရသူနှစ်ဦး၏ အခြေအနေသည် အံ့ဩဖွယ်ပြောင်းလဲခဲ့ပါ၏။ သူတို့၏စိတ်ထဲတွင် တရားအလင်းထွန်းလင်းခဲ့ချေပြီ။ သူတို့၏ မျက်လုံးအစုံတို့မှာလည်း အသိဉာဏ်ဝင်လာကာ တောက်ပလာ၏။ ဝမ်းမြောက်သောအသံများဖြင့် သူတို့သည် လွတ်မြောက်မှုကြီးအတွက် ဘုရားသခင်ကို ချီးမွမ်းထောမနာပြုခဲ့ကြပါသည်။

ထိုအခြင်းအရာကို ဝက်ကျောင်းသားတို့သည် မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ကြရပါသည်။ သို့ဖြစ်၍ သူတို့သည် မြို့ထဲသို့အလျင်အမြန်ပြေးကာ ဝက်ပိုင်ရှင်တို့အား ကြားပြောကြ၏။ မြို့တွင်းရှိ လူတို့သည်လည်း ကြောက်ရွံ့အံ့ဩစွာဖြင့် ယေရှုသခင်ကို ထွက်တွေ့ကြလေသည်။

ယေရှုကိုတွေ့ဆုံကြသောအခါမှာ နတ်ဆိုးစွဲခဲ့သူနှစ်ဦးကိုလည်း ကိုယ်တော်၏အနားမှာ ရိုသေစွာပုဆစ်ဒူးကွေး၍ ခစားနေသည်ကို တွေ့ကြရပြန်၏။ အမှန်အားဖြင့်တစ်မြို့လုံးက ထိုနတ်ဆိုးစွဲနေသောသူနှစ်ယောက်ကို ကြောက်ရွံ့ခဲ့ကြပါသည်။ သူတို့နှစ်ယောက်ရှိသည့်နေရာမှာ အဘယ်သူမျှဖြတ်၍မသွားလာဝံ့ကြ။ ယခုတွင်မူ ထိုသူတို့သည် စိတ်နှလုံးကြည်လင်စွာဖြင့် ကောင်းမွန်စွာ ဝတ်ဆင်ကာ သခင်ခရစ်တော်ယေရှု၏ ခြေတော်ရင်းမှာ ထိုင်လျက်နှုတ်ထွက်စကားတော်တို့ကို နားထောင်နေပါသည်တကား။

မိမိတို့အား ကျန်းမာပကတိဖြစ်စေသော ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကိုလည်း ချီးမွမ်းကြလေသည်။ သို့ရာတွင် လူထုကြီးသည် စိတ်မပျော်နိုင် ဖြစ်ခဲ့ကြပါသည်။ ဝက်အုပ်ကြီးမှ ဆုံးရှုံးမှုသည် စာတန်၏ အနှောင်အဖွဲ့မှ လွမြောက်သွားသည့် လူနှစ်ယောက်ထက် သူတို့အတွက် တန်ဖိုးကြီးမားနေလေပြီကော။

ဝက်ပိုင်ရှင်တို့သည် မြေကြီးအရာများကို တပ်မက်ကြသည်ဖြစ်ရကား ဝိညာဉ်ရေးဆိုင်ရာ အသက်တာကို သိပ်ပြီးစိတ်မဝင်စားကြပါ။ ယေရှုသည် ဤအရာကို ချေဖျက်လို၏။ တစ်ကိုယ်ကောင်းစိတ်လွှမ်းမိုးမှုကို ပယ်ရှား၍ ဘုရားသခင်၏ ကရုဏာတော်ကို ခံစားစေလို၏။ သို့ပါသော်လည်း သူတို့၏ လောကပစ္စည်းများဆုံးရှုံးခြင်းအတွက် ဖြစ်ပေါ်လာသောနှမြောစိတ်များ၊ ဒေါသစိတ်များသည် သင်တို့၏ မျက်စိတို့အား ကယ်တင်ရှင်၏ ကရုဏာတော်ကို မျက်ကွယ်စေခဲ့ပါသည်။

## အယူသီးမှုသည် ကြောက်ရွံ့မှုကိုတိုးပွားစေခြင်း

သဘာဝလွန် တန်ခိုးတော်ထင်ရှားမှုသည် ထိုသူတို့၏ အယူသီးမှုကိုဖြစ်စေ၍ ကြောက်ရွံ့မှုကိုလည်း တိုးပွားစေပါသည်။ ဤလူသားကြီး ယေရှုသူတို့အထဲမှာ ဆက်လက်ရှိနေချေက နောက်ထပ်အဘယ်မည်သော ဘေးဒုက္ခများ ဆက်တိုက်ဖြစ်ပေါ်လာလိမ့်ဦးမည်နည်း။ ထိုသူနှင့်ကင်းကင်းရှင်းရှင်းနေက ကောင်းမည်ဟု သူတို့ဆုံးဖြတ်ခဲ့ကြလေ၏။ ယခင်ညက ယေရှုနှင့်အတူလှေစီး၍ ဂါလိလဲအိုင်ကိုဖြတ်လာခဲ့ကြသူများက မိမိတို့၏ တွေ့ကြုံရသော မုန်တိုင်းကြီးအကြောင်း၊ ထိုမုန်တိုင်းကြီးကို ယေရှုသခင်ဆုံးမခဲ့ပုံများတို့ကို ခရေစေ့တွင်းကျပြောကြားခဲ့ပါသော်လည်း သူတို့၏ ပြောစကားတို့သည် အရာမရောက်ခဲ့ချေ။ လူထုကြီးသည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ယေရှုထံချဉ်းကပ်ကာ ဤနေရာမှထွက်ခွာသွားပါရန် အနူးအညွတ်တောင်းပန်ကြလေသည်။

ယေရှုသည်လည်း ၎င်းတို့၏ ဆန္ဒကိုလိုက်လျောကာ ချက်ချင်းပင် နောက်ကြောင်းလှည့်ကာ အနောက်ဘက်ကမ်းသို့ပြန်၍ လှေနှင့်ကူးတော်မူခဲ့ပါသည်။

ဂါဒရမြို့သားတို့သည် ယေရှုပြသော နိမိတ်လက္ခဏာ၏အထောက်အထားကို မျက်ဝါးထင်ထင်မြင်တွေ့ရသည်မို့ အံ့သြကြောက်ရွံ့

ကာနေကြသော်လည်း မိမိတို့၏ အကျိုးစီးပွားလောကဘဏ္ဍာများထိပါး လာမည်ကို စိုးရိမ်ကြပါသဖြင့် အမှောင်ထုတန်ခိုးရှင် နတ်ဆိုးတို့အားနှင် ထုတ်သူ ပုဂ္ဂိုလ်ထူးကိုပင် အလိုမတူဘဲ ကျူးကျော်ဝင်ရောက်စီးနင်းလာ သူတစ်ဦးပမာ ဆက်ဆံခဲ့ကြပေသည်။ ကောင်းကင်ဘုံက ဆုလက်ဆောင် အဖြစ်ပေးသနားတော်မူသော ယေရှုကို သူတို့တတွေက ယဉ်ယဉ်ကလေး နှင့် မောင်းထုတ်ကြပါပြီ။

နားထောင်ကျင့်သုံးခြင်းသည် မည်သည့်လောကဥစ္စာဘဏ္ဍာများကို အပ်နှံပူဇော်ခြင်းနှင့် ဆက်စပ်နေသောကြောင့် ယေရှု၏နှုတ်တော်ထွက်စကား များကို နားထောင်ရန် ငြင်းဆန်ခြင်းအားဖြင့် လူများစွာတို့သည် ယေရှုခရစ်တော်ကို နှင်ထုတ်ကြ၏။ ကိုယ်တော်ရှင်ယေရှုက သူတို့နှင့်အတူရှိ နေခြင်းသည် သူတို့အား ငွေကြေးဥစ္စာဆုံးရှုံးမှုကို ဖြစ်စေမည်ကို စိုးရိမ်သောကြောင့် လူများစွာတို့သည်။ ယေရှုသခင်၏ကရုဏာတော်ကို ငြင်းပယ်၍ သန့်ရှင်းသောဝိညာဉ်တော်ကို မိမိတို့ထံမှ ထွက်ခွာသွားပါရန် နှင်ထုတ်ကြလေသည်။

သို့ပါသော်လည်း နတ်ဆိုးစွဲသော ထိုလူနှစ်ယောက်သည် ထိုသို့ မဟုတ်၊ ကိုယ်တော်ရှင်နှင့် အပေါင်းအဖော်ပြုလိုကြပါ၏။ ယေရှုသခင် ၏ရှေ့တော်မှောက်မှာ နေထိုင်ရခြင်းအားဖြင့် ၎င်းတို့အား ဖိစီးနှိပ်စက် ၍ ယောကျ်ားဂုဏ်ကို ပျက်စီးစေခဲ့သည့် နတ်ဆိုးတို့ရန်မှ ဘေးကင်း လုံခြုံသည်ဟု သူတို့ခံစားသိမြင်ကြပါသည်။ ယေရှုသည် လှေပေါ်သို့ ကြွဝင်တော်မူသည်နှင့် သူတို့သည် ယေရှုအပါးမှ တစ်ဖဝါးမခွာဘဲကပ်၍ လိုက်လာကြကာ ခြေတော်ရင်းမှာ ပုဆစ်ဒူးထောက်လျက် သခင်၏ နှုတ် တော်ထွက်စကားတို့ကို အမြဲတစေ ကြားနာခွင့် ရရှိပါမည်အကြောင်း နောက်တော်သို့ လိုက်ခွင့်ပြုပါရန် တောင်းပန်ကြပါ၏။ သို့သော်လည်း ယေရှုသခင်သည် ၎င်းတို့အား ကိုယ့်အိမ်ကိုယ်ပြန်၍ ခံစားခဲ့ရသော ဘုရားသခင်၏ ဆုကျေးဇူးကောင်းချီးမင်္ဂလာသည် ကြီးမြတ်လှကြောင်းကို

ပတ်ဝန်းကျင် လူတို့အား ပြောပြသက်သေခံရန် အမိန့်ပေးတော်မူခဲ့ပါသည်။

ဤနေရာတွင် ၄င်းတို့လုပ်ဆောင်စရာ အလုပ်ရှိကြောင်းကို ပြသပါသည်။ သူတို့၏ အလုပ်ကား ဝမ်းမြောက်ဖွယ် သတင်းကောင်းမကြားသိရသေးသော တစ်ပါးအမျိုးသားတို့ထံသွား၍ ယေရှုသခင် ထံတော်မှ ခံစားခဲ့ရသော ကောင်းချီးမင်္ဂလာအကြောင်းကို ပြောပြရန်ဖြစ်ပါသည်။ သူတို့အနေဖြင့် မိမိတို့ကို ကယ်တင်ခဲ့သောအရှင်သခင်နှင့် ခွဲခွာ၍နေရမည်မှာ မလွယ်ကူပါ။ အခက်အခဲများစွာတို့က ၄င်းတို့ကို စိတ်ဓါတ်ကျဆင်းစေခဲ့ပါ၏။

လူတို့နှင့်ဝေးဝေးနေခဲ့ရသည်များကြောင့် လူ့အသိုက်အဝန်းနှင့်ကင်းကွာခဲ့ရသဖြင့် သခင်ယေရှုပေးအပ်ထားသော ထိုအမှုတော်ကို သူတို့တတွေလုပ်ဆောင်ရန် အရည်အချင်းမရှိပုံရသည်မဟုတ်လော။ သို့ပါသော်လည်း ယေရှုသခင်သည် ထိုသူတို့အား တာဝန်ကို ပေးအပ်လိုက်သည်တွင် သူတို့သည် မငြင်းဆန်လက်ခံနားထောင်ရန် အသင့်ရှိကြပါ၏။

သူတို့သည် ဒေကာပေါလိပြည်အနှံ့အပြားသို့ ခရီးဆန့်၍ ယေရှုခရစ်တော်၏ ကယ်တင်ခြင်းတန်ခိုးတော်အကြောင်းကို ကြွေးကြော်ကာ မိမိတို့အား ထိုယေရှုသည် နတ်ဆိုးတို့၏ဖိစီးမှုမှမည်ကဲ့သို့ လွတ်ကင်းစေကြောင်းများကို ပြောပြသက်သေခံခဲ့ကြပေသည်။ ဤသို့ လုပ်ဆောင်သွားသောကြောင့် ၄င်းတို့သည် ကောင်းချီးမင်္ဂလာများစွာကို တိုးပွားခံစားကြရပါ၏။

ယေရှုဘုရားသခင်၏ ရှေ့တော်မှောက်မှာ ခစားနေခွင့်ရသည်ထက်ကောင်းချီးပိုပါသည်။ ကယ်တင်ခြင်း သတင်းကောင်းကိုပျံ့နှံ့အောင် လုပ်ဆောင်ခြင်းအမှုအားဖြင့် ကျွန်ုပ်တို့သည် ယေရှုသခင်နှင့်အနီးကပ်တည်ရှိနေရန် ပို့ဆောင်ခြင်းကို ခံရပါသည်တကား။

နတ်ဆိုးစွဲခြင်းမှ လွတ်မြောက်သွားသူနှစ်ဦးတို့သည် ဒေကာပေါလိ နယ်မြေတစ်ဝိုက်တွင် သတင်းကောင်းဟောပြောရန် ခရစ်တော်သခင်ကိုယ်တော်တိုင်က စေလွှတ်လိုက်သော ပထမဦးဆုံး သာသနာပြုများဖြစ်ကြပါသည်။

ထိုသူတို့သည် ယေရှုခရစ်တော်၏ သွန်သင်ချက်များကို ခဏလေးပင်နာကြားခွင့်ရရှိခဲ့ပါသည်။ သို့ပါသော်လည်း ထိုသူတို့သည် မိမိတို့၏ ပုဂ္ဂလိကအသက်တာအားဖြင့် ခရစ်တော်သည် မေရှိယဖြစ်ကြောင်း အထောက်အထားများကို ပြသကြပါ၏။ သူတို့သည် သိသည့်အရာများ၊ မြင်တွေ့ခံစားရသည့် ခရစ်တော်သခင်၏ တန်ခိုးတော်အကြောင်းကိုပြောပြနိုင်ကြသည်မဟုတ်လော။ ဤသို့သောအမှုကို ဘုရားသခင်၏ ကျေးဇူးကရုဏာတော်နှင့် ထိတွေ့ခံစားရသော စိတ်နှလုံးပိုင်ရှင်တိုင်းက လုပ်ဆောင်နိုင်သောအရာဖြစ်ပါသည်။ ၁ယော ၁း၃ ကိုရှုပါ။ ကျွန်ုပ်တို့သည် ယေရှုခရစ်တော်၏ ခြေတော်ရာအတိုင်း လိုက်လျှောက်ခဲ့ကြပါလျှင် သခင်လမ်းပြခဲ့သည့်နည်းလမ်းများနှင့် ပတ်သက်၍ ပိုင်နိုင်စွာပြောပြနိုင်ကြပါလိမ့်မည်။ သခင်၏ ကတိတော်များကို ကျွန်ုပ်တို့သည် မည်ကဲ့သို့စမ်းသပ်ခဲ့ကြ၍ ထိုကတိတော်များ မည်မျှ ပြည့်စုံခဲ့ကြောင်းကိုလည်း ပြောပြနိုင်ကြပါလိမ့်မည်ဖြစ်၏။ ဤကား ကျွန်ုပ်တို့အား သခင်ဘုရားခေါ်တော်မူခြင်းအတွက် သက်သေပင်ဖြစ်ပါသည်။

ဂါဒရပြည်သားတို့သည် ယေရှုသခင်အား လက်မခံခဲ့ကြသော်လည်း ကိုယ်တော်သည် ၄င်းတို့အား မိမိတို့ရွေးချယ်သည့် အမှောင်ထဲမှာ ပစ်ထားတော်မမူခဲ့ပါ။ သူတို့သည် သခင်ဘုရား၏ နှုတ်တော်ထွက်စကားတို့ကို မကြားနာခဲ့ရပါ။ သူတို့တတွေ ငြင်းပယ်ထားသည့်အရာကို သူတို့တတွေ မသိကြပါ။ ထို့ကြောင့် ၄င်းတို့အနေဖြင့် နားထောင်ရန် မငြင်းပယ်မည့် နတ်ဆိုးစွဲခဲ့ဖူးသူ ထိုသူနှစ်ယောက်အားဖြင့် သခင်သည် သူတို့ထံသို့ အလင်းတော်ကို တစ်ဖန်ပို့ပေးခဲ့ပါသည်။

ဝက်များပျက်စီးစေခြင်းအမှုတွင် လူတို့သည် ယေရှုခရစ်တော်အား ထိုဒေသမှာမနေ၊ ထွက်သွားရန် နှင်ထုတ်ခြင်းသည် ဧဝံဂေလိတရားဟောကြားခြင်းအမှုမပြုရန် လုပ်ငန်းကို တားဆီးခြင်းဖြစ်ပါသည်။ စာတန်၏အစီအစဉ်တစ်ရပ်ပေတည်း။ သို့သော်လည်း ဤဖြစ်ရပ်မှန်ကြောင့် တစ်ပြည်လုံးမှာ နိုးကြားမှုရှိလာ၍ ခရစ်တော်ယေရှုကို အာရုံပြုလာကြပါသည်။

ခရစ်တော်သခင် ကုသပေးလိုက်သော ထိုသူနှစ်ဦးသည်လည်း သခင်၏တန်ခိုးတော်ကို သက်သေခံရန် ကျန်ရစ်နေ၏။ ထိုသူတို့သည် အလင်းတော်၏ ဆက်သွယ်ရေးလမ်းကြောင်းများ၊ ဘုရားသခင်သာတော်၏ စေတမန်များဖြစ်လာခဲ့ကြပါသည်။ ထိုသူတို့ကြောင့် ထိုဒေသရှိနယ်မြေအနှံ့အပြားမှာ ဧဝံဂေလိတရားတော်အတွက် တံခါးပွင့်သွားရ၏။

ယေရှုသည် ဒေကာပေါလိပြည်သို့ ပြန်လည်၍ အလည်တစ်ခေါက်ရောက်သောအခါတွင်မူ ထိုပြည်သားတို့သာမက အနီးပတ်ဝန်းကျင်ရှိထောင်ပေါင်းများစွာသောလူတို့သည် သခင်ယေရှုထံ လာရောက်စုရုံးကြကာ ကယ်တင်ခြင်းသတင်းစကားကို နာကြားခဲ့ကြလေသည်။ နတ်ဆိုးတို့၏တန်ခိုးသည် ဖယ်ရှားတော်မူခြင်းကို ခံရလေပြီကော။

ဂါဒရပြည်မှ နတ်ဆိုးစွဲခံရသူ ထိုလူသားနှစ်ဦးသည် သင်္ချိုင်းတစပြင်မှာနေထိုင်လျက် အထိန်းအသိမ်းမရှိခံစားနေရသည့် စိတ်ဝေဒနာများတို့နှင့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် အလိုရမ္မက်များတို့၏ကျေးကျွန်ဘဝမှာ ဆင်းရဲဒုက္ခ ရောက်နေကြသောအဖြစ်ကို စာတန်၏ အုပ်ချုပ်မင်းလုပ်မှုအောက်မှာ နင်းပြားဘဝနှင့် အရှုံးပေးလျှင်ဖြစ်ပေါ်လာမည့် လူသားတို့၏ အခြေအနေနှင့် ပုံဆောင်ထားပါသည်။ စာတန်၏ ဩဇာလွှမ်းမိုးမှုသည် လူသားတို့အပေါ် မပြတ်သောလှံ့လဖြင့်စိုးမိုးကာ စိတ်နှလုံးကို ထိန်းချုပ်ထား၏။ အကြမ်းဖက်မှုများနှင့်ရာဇဝတ်

မှုများကျူးလွန်ဖို့ရန်ကိုလည်း လှုံ့ဆော်ပေးလေသည်။ လူ့ခန္ဓာကိုယ်ကို အားအင်ချည့်နဲ့စေ၍ အသိဉာဏ်ကိုမိုက်မဲစေကာ အသက်ဝိညာဉ်ကို သူယုတ်မာအဆင့်သို့ ပို့ဆောင်ပေးနေပါသည်။ လူသည် ကယ်တင်ပိုင် ရှင်ယေရှုသခင်၏ ဖိတ်ခေါ်မှုကို ငြင်းပယ်လိုက်သောအခါမှာ မိမိကိုယ် ကို စာတန်ထံမှာ အပ်နှံနေခြင်းဖြစ်ပါသည်။ ဤသည်ကို ယနေ့ လူ သားတို့သည် အလုပ်ဌာနတိုင်း၊ စီးပွားရေးလုပ်ငန်းတိုင်းနှင့် အသင်းတော် တိုင်းမှာပင် လုပ်ဆောင်နေကြ၏။ ထို့ကြောင့်ပင်မဟုတ်လော။ ဤ လောကကမ္ဘာပေါ်မှာ အကြမ်းဖက်မှုများ၊ ရာဇဝတ်မှုများသည် အတိုင်း ထက်အလွန်ပျံ့နှံ့နေပါသည်။ စာရိတ္တယိုင်ကာ လူမှုရေး ဖေါက်ပြန်မှုများ သည် သေမင်းတမန်ဝတ်ရုံကဲ့သို့ လူသားတစ်နွယ်လုံးအပေါ်မှာ လွှမ်း ခြုံနေပါ၏။

စာတန်သည် ၎င်း၏ ကလိန်ကကျစ်စုံစမ်း နှောင့်ယှက်ခြင်းများ အားဖြင့် လူသားတို့ကို ဆိုးသည်ထက်ဆိုးဝါးအောင် တွန်းပို့နေသည်မှာ နောက်ဆုံးလုံးလုံးအကျင့်ပျက်ပြား၍ ပျက်စီးဆုံးရှုံးရသည်အထိ ဖြစ်ပါ သည်။ ထိုမှောင်မိုက်တန်ခိုးမှ လုံခြုံမှုပေးနိုင်သည့် တစ်ခုတည်းသော နေရာမှာ ခရစ်တော်သခင် တည်ရှိသောနေရာပင်ဖြစ်၏။

စာတန်သည် လူရှေ့၊ ကောင်းကင်တမန်တို့ရှေ့မှာ မိမိကိုယ်ကို လူသားတို့၏ ရန်သူဖျက်ဆီးခြေမွသူအဖြစ် ထင်ရှားပေါ်လွင် စေသကဲ့သို့ ခရစ်တော်ယေရှုသည် လူသားတို့၏ ချစ်မိတ်ဆွေနှင့် ကယ်တင်ရှင်အဖြစ် ပေါ်လွင်ထင်ရှာစေပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား "သခင်ယေရှု၏ ဘုန်းတည်းဟူ သော သားတော်၏ ပုံသဏ္ဍာန်တော်နှင့် တစ်ညီတည်းဖြစ်စေခြင်းငှာခေါ် တော်မူပါသည်။" ရောမ ၈း၂၉။ စာတန်၏ အသုံးတော်ခံများအဖြစ် တစ်ချိန်ကယုတ်ညံ့ သိမ်ဖျင်းဖူးခဲ့ကြသူတို့ကိုလည်း ခရစ်တော်သခင်၏ တန် ခိုးတော်အားဖြင့် ဖြောင့်မတ်ခြင်း တရား၏ စေတမန်များ အဖြစ်သို့

ပြုပြင်ပြောင်းလဲကာ "ဘုရားသခင်သည် သင်၌ အဘယ်မျှလောက်ကျေးဇူးပြုတော်မူသည်ကို" လောကသားတို့အား ကြားပြောရန် စေလွှတ်တော်မူပါသည်မိတ်ဆွေ။

-၀-

# အခန်း (၃၆)
# ယုံကြည်စိတ်နှင့်တို့ထိသောကြောင့် ရောဂါပျောက်ကင်းခြင်း

(မဿဲ ၉း၁၈-၂၆။ မာကု ၅း၂၁-၄၃။ လုကာ ၈း၄၀-၅၆ ကိုအခြေပြုထားပါသည်။)

ယေရှုသည် ဂါဒရမှဂါလိလဲအိုင်အနောက်ဘက်ကမ်းသို့ ပြန်လည်ကြွချီလာသည်တွင် ဝမ်းမြောက်ရွှင်မြူးစွာကြိုဆိုနေသော လူအုပ်ကြီးကို တွေ့မြင်ခဲ့ရလေသည်။ ကိုယ်တော်သည် ထိုကမ်းခြေမှာပင် အချိန်ယူ၍ တရားဟောကာ လူနာများကို ကုသပေး၏။ ၎င်းနောက် အခွန်ခံမဿဲ နေအိမ်သို့သွား၍ အခြားအခွန်ခံများနှင့် ထမင်းလက်ဆုံစားရန် ယေရှုကို တွေ့ဆုံခဲ့၏။

ထိုသူသည်စိတ်အားညှိုးငယ်စွာဖြင့် ကိုယ်တော်ထံသို့ရောက်လာကာ ခြေတော်ရင်း၌ ပျပ်ဝပ်လျက် "အကျွန်ုပ်၏ သမီးငယ်သေလုပါပြီ။ သို့သော်လည်း ကိုယ်တော်သည်ကြွ၍ သူ့ကို ကယ်တင်ခြင်းငှာ သူမအပေါ်၌လက်ကိုတင်တော်မူလျှင် အသက်ရှင်ပါလိမ့်မည်" ဟု တောင်းပန်လေ၏။

ယေရှုသည် ထိုသူနှင့်အတူ သူ၏ အိမ်သို့ ချက်ချင်းပင်လိုက်ပါသွားတော်မူ၏။ တပည့်တော်တို့သည် ဟန်ကြီးပန်ကြီး နိုင်လှသော ထိုတရားဇရပ်မှူး၏ တောင်းပန်ချက်ကို လိုက်လောသည့် အတွက် ကိုယ်တော်အား အံ့အားသင့်ခဲ့ကြပါ၏။

သို့စေကာမူ သူတို့သည် သခင့်နောက်ကို လိုက်ပါသွားကြသဖြင့် လူအပေါင်းတို့သည်လည်း မျှော်လင့်ချက်ကြီးစွာနှင့် လိုက်ခဲ့ကြပါသည်။

လူအုပ်ကြီး၏ တိုးဝှေ့မှုကြောင့် ခရီးစဉ်မှာ ကြန့်ကြာသည်။ တော်တော်နှင့်အိမ်သို့မရောက်နိုင်ဖြစ်၏။ စိုးရိမ်မှုကြီးသော ဖခင်ကြီးသည် ထိုနှောင့်နှေးမှုကြီးအတွက် စိတ်ရှည်သီးခံခြင်းငှာ စိတ်ကိုချုပ်တည်းထားရ၏။ ဤအခြေအနေမျိုးမှာ ယေရှုသည် သနားသောစိတ်နှင့် လမ်းမှာ အကူအညီတောင်းခံနေသော ရောဂါဝေဒနာရှင်တို့အား သက်သာခွင့်ပေးရန်နှင့် စိတ်ဆင်းရဲရောက်နေသူတို့အား နှစ်သိမ့်မှုပေးရန် ရံဖန်ရံခါ တန့်တော်မူ၏။

သူတို့သည် ထိုအိမ်သို့သွားကြစဉ်မှာပင် သမီးငယ်မှာ သေဆုံးသွားပြီဖြစ်ကြောင်း၊ သခင်ကိုဆက်၍ ဒုက္ခပေးရန် မသင့်လျော်ကြောင်း လူတစ်ယောက်သည် လူအုပ်ကြားထဲတိုးဝင်လာကာ ယာဣရုအား သတင်းပို့လိုက်ပါသည်။ ယေရှုသည် ထိုစကားကိုကြားလျှင် "မကြောက်နှင့်၊ ယုံကြည်ခြင်းစိတ်တစ်ခုတည်းသာရှိစေလော့" ဟု တရားဇရပ်မှူးအား မိန့်တော်မူ၏။

ယာဣရုသည် ယေရှုသခင်အနီးတွင်ကပ်လျက် အိမ်သို့ဒုန်းဆိုင်းလျှောက်လှမ်းလာ၏။ ယေရှုနှင့်တပည့်တော်တို့သည် အိမ်သို့ရောက်သော်အငှားငိုချင်းသည်များနှင့် တီးမှုတ်သူများအိမ်တွင် ရောက်ရှိထားနှင့်ပြီးဖြစ်၍ ဆူညံစွာအော်ဟစ်ငိုကြွေးသံများနှင့် အုတ်အုတ်ကျက်ကျက်ဖြစ်လျက်ရှိ၏။ ယေရှုသခင်စိတ်မကောင်းပါ။ ထို့ကြောင့် "သင်တို့သည် အဘယ်ကြောင့် အုတ်အုတ်ကျက်ကျက်ပြု၍ ငိုကြွေးကြသနည်း။ သူငယ်သေသည်မဟုတ်၊ အိပ်ပျော်နေသည်" ဟု ၄င်းတို့အား ငြိမ်သက်သွားရန် မိန့်တော်မူသော် ထိုသူတို့သည် ယေရှုသခင်အား ပြက်ရယ်ပြုကြလေ၏။ ကလေးငယ်သေဆုံးသည်ကို သူတို့တတွေ မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသည်မဟုတ်လော။ ယေရှုသည် သူတို့အား အပြင်သို့ထွက်စေပြီးမှ သူငယ်၏ မိဘများနှင့် ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့ကို ခေါ်လျက် သူငယ်ရှိရာအခန်းထဲသို့ပဝင်သွားကြ၏။

ယေရှုသည် သူငယ်လျောင်းရာ နေရာသို့ ချဉ်းကပ်သွား၍ သူငယ်၏ လက်ကိုကိုင်တော်မူလျက် "မိန်းမငယ်၊ ထလော့၊ ငါဆို၏" ဟု သူမ၏အိမ်ခေါ်အသုံးအနှုန်းများကို သုံး၍ ညင်သာစွာမိန့်တော်မူလိုက်ပါသည်။

ထိုခဏချင်းတွင် မိန်းမငယ်သည် မေ့မြောပုံစံရှိနေရာမှ ပြန်လည်လှုပ်ရှားလာ၏။ အိပ်ပျော်ရာမှနိုးလာသည့်အလား မျက်လုံးများလည်း ပွင့်လာကာ သူမ၏ပတ်လည်ကို ကြည့်လိုက်သည်တွင် လူများစွာကိုအံ့သြဖွယ်ရာမြင်တွေ့ရသဖြင့် စိုက်ကြည့်မိနေသည်။ ထိုနောက်မှ သူမသည် ထ၍ရပ်၏။ မိဘတို့သည် သူမကို ဖက်ယမ်းကာ ဝမ်းသာမျက်ရည်များ ယိုစီးလာကြပါတော့သည်။

ထိုးတရားဇရပ်မှူး၏ အိမ်သို့သွားရာလမ်းမှာ တစ်ဆယ့်နှစ်နှစ် ပတ်လုံးသွေးသွန်နာစွဲနေသော အမျိုးသမီးငယ်တစ်ယောက်ကို ယေရှုတွေ့မြင်ခဲ့ရပါသည်။ သူမသည် ဥစ္စာရှိသမျှနှင့်ဆေးကုသခံခဲ့သော်လည်း သက်သာရာမရ၊ ရောဂါမပျောက်ချေ။ သို့သော်လည်း ယေရှုခရစ်တော်သည် လူနာများကို ကုသပေးနေကြောင်း သတင်းကောင်းကို ကြားသိရသောအခါ သူမ၏ မျှော်လင့်ချက်သည် ပြန်လည်သက်ဝင်လာ၏။

မိမိသည် ယေရှုထံသို့ရောက်ရှိမှုနှင့် ခံစားရဝေဒနာများပျောက်ကင်းတော့အံ့ဟုစိတ်ချယုံကြည်ခဲ့ပါ၏။ သူမသည် ချည့်နဲ့သောခွန်အားလေးနှင့်ယေရှုသခင်ဒေသနာတော်ဟောကြားတော်မူရာ ပင်လယ်ကမ်းခြေသို့လာ၍လူအုပ်ကြီးထဲတွင် တိုးဝင်ကာ ကိုယ်တော်ထံသို့ ကြိုးစားချဉ်းကပ်ပါသော်လည်း အချည်းနှီးသာဖြစ်ခဲ့ရ၏။ ထိုနောက် အခွန်ခံမဿဲ၏ အိမ်သို့ကိုယ်တော်ကြွတော်မူစဉ် သူမသည် နောက်တော်မှထက်ကြပ်မခွာ လိုက်ခဲ့သော်လည်း ယေရှုထံသို့ မရောက်နိုင်ဖြစ်ခဲ့ရပြန်၏။ ထိုသို့စိတ်အားငယ်စဉ်မှာပင် သခင်သည် လူအုပ်ထဲတွင် လမ်းထင်၍ကြွသွားသဖြင့် သူမ၏အနီးသို့ရောက်ရှိလာခဲ့ပေသည်။

သူမသည် မဟာသမားတော်မကြီးရှေ့တော်မှောက်မှာ ရောက်ရှိနေပါပြီ။ ရုတ်ရုတ်သဲသဲဖြစ်နေသည့်ကြားမှ သူမသည် ယေရှုကိုစကားပြောဖို့မဆိုထားနှင့် အရိပ်အယောင်ကိုမျှ ထင်ရှားစွာမမြင်ရပါ။ ငါသည် အဝတ်တော်ကိုသာ တို့ထိခွင့်ရလျှင် ချမ်းသာရမည်ဟု စိတ်ထဲတွင်ရေရွတ်ကာ အခွင့်ကောင်းကလေးကို မဆုံးရှုံးစေလိုသဖြင့် စိုးရွံ့စွာဖြင့် သူမသည် ရှေ့သို့ တိုးဝှေ့လာခဲ့ပါသည်။ ယေရှုသည် သူမ၏ရှေ့သို့ရောက်လာသဖြင့် ကိုယ်တော်၏ ဝတ်ရုံတော်အစွန်းကလေးကို သူမသည် တို့ထိလိုက်ပါ၏။

ထိုခဏချင်းမှာပင် မိမိခံစားနေခဲ့ရသော သွေးသွန်နာရောဂါမှာ ပျောက်ကင်းသွားကြောင်း သိရှိခံစားရလေသည်။ သူမသည် ဝေဒနာနှင့် အအင်အားချည့်နဲ့မှုများပျောက်ကင်းသွားကာ ပကတိ ကျန်းမာခြင်းခွန်အားပြန်လည်ရရှိလို့နေပါပြီ။

သူမသည် ကျေးဇူးတင်ဝမ်းသာမဆုံးသော စိတ်သဘောနှင့်လူအုပ်ကြီးထဲမှ နောက်သို့ဆုတ်ရန် ကြိုးစားလိုက်သည်တွင် ယေရှုသည် ရုတ်တရက်ရပ်တန့်တော်မူ၏။ ပတ်ဝန်းကျင်ကိုလည်း ကြည့်နေသည်။ ၄င်းနောက် ပြတ်သားကြည်လင်သောအသံတော်ဖြင့် ငါ့အဝတ်ကိုအဘယ်သူတို့သနည်းဟု မေးလိုက်ပါသည်။ လူတို့သည်လည်း ထိုအမေးကိုအံ့အားသင့်နေကြ၏။ ဤမျှများပြားလှသော လူအုပ်ကြီးသည် ကြမ်းတမ်းစွာတွန်းတိုက်နေကြစဉ်မှာ ထိုကဲ့သို့သော မေးခွန်းသည် ထူးဆန်းနေသယောင်ဖြစ်သည်ကား အမှန်ပင်။

ဤတွင် ဒိုးဒိုးဒေါက်ဒေါက်ပြောဆိုတတ်သော ပေတရုက လူအစုအဝေးသည် ကိုယ်တော်အား ထိခိုက်ကြသည်ကို မြင်လျက်ပင် ငါ့ကိုအဘယ်သူသည် တို့သနည်းဟု မေးတော်မူပါသည် တကားဟု လျှောက်ထားရာ ယေရှုက တစ်စုံတစ်ယောက်သောသူသည် ငါ့ကိုတို့လေပြီ။ ငါ့ကိုယ်မှ တန်ခိုးထါက်သည်ကို ငါသိ၏ဟု ပြန်လည်၍ မိန့်တော်မူ

လိုက်ပါသည်။ ယေရှုသည် ယုံကြည်ခြင်းကြောင့်ပြုသည့် တို့ထိမှုနှင့်နမော်နမဲ့တို့ထိခြင်းကို ခွဲခြားသိမြင်တော်မူပါသည်။ ထိုကဲ့သို့သော ယုံကြည်ကိုးစားမှုဖြင့် တို့ထိခြင်းကို ဂရုမပြုမိဘဲ မနေသင့်ပါချေ။ ကိုယ်တော်သည် သူမအတွက် ဝမ်းမြောက်ခြင်းသက်စမ်းရေဖြစ်စေရုံမျှမက နောက်ဆုံးသောခေတ်ကာလမှာ အသက်ရှင်နေထိုင်ကြသည့် ကိုယ်တော်၏ နောက်တော်လိုက်များအတွက် ကောင်းချီးမင်္ဂလာဖြစ်စေမည့်စကားတို့ကို ထိုနှိမ့်ချသောအမျိုးသမီးအား မိန့်တော်မူလိုက်ပါသည်။

ယေရှုသည် ထိုမိန်းမကိုကြည့်လျက် မိမိအား တို့ထိသူကို အမှန်တကယ်သိရှိတော်မူကြောင်း အခိုင်အမာမိန့်တော်မူ၏။ သူမသည် ပုန်းရှောင်၍ မနေနိုင်တော့ပြီ။ ထုန်လှုပ်စွာဖြင့် ယေရှုရှေ့တော်သို့ထွက်လာကာ ခြေတော်ရင်းမှာပျပ်ဝပ်နေပါသည်။ မိမိခံစားခဲ့ရသော ဝေဒနာဆိုးမှ လုံးဝပျောက်ကင်းသွားခဲ့ပုံကို ဝမ်းသာမျက်ရည်စီးကျလျက် ယေရှုသခင်အား ပြန်လည်ပြောပြခဲ့ပါသည်။ ယေရှုကလည်း နူးညံ့သိမ်မွေ့စွာဖြင့် "ငါ့သမီး၊ မစိုးရိမ်နှင့်။ သင်၏ယုံကြည်ခြင်းသည် သင့်အနာကိုငြိမ်းစေပြီ။ ငြိမ်ဝပ်စွာသွားလော့ဟု မိန့်တော်မူ၏။ ဤနေရာတွင်ယေရှုသည် မိမိ၏ဝတ်ရုံတော်ကို တို့ထိရုံနှင့်အနာပျောက်ကင်းစေနိုင်သည့် တန်ခိုးတော်ကို တောင်းခံရှိနိုင်သည်ဟူသော အယူသီးမှုအတွက် အခွင့်ထူးမပေးခဲ့ပါ။ အနာရောဂါပျောက်ကင်းခြင်း တန်ခိုးကိုရရှိခြင်းသည် ကိုယ်တော်ရှင်အား အပေါ်ယံတို့ထိမှုကြောင့်မဟုတ်ဘဲ ကိုယ်တော်အား ယုံကြည်ကိုးစားမှုကြောင့် ဖြစ်ပါကြောင်း သိနားလည်စေအပ်ပါသည်။

## အသက်ရှင်သောယုံကြည်ခြင်းသည် အနာရောဂါကိုပျောက်ကင်းစေခြင်း

ဘာသာတရားရေးရာတို့ကို ပေါ့ပေါ့တန်တန် အမှုမဲ့အမှတ်မဲ့ ပြောဆိုခြင်းများ၊ ဝိညာဉ်ရေးဆာလောင်မှုနှင့် အသက်ရှင်သောယုံကြည်

ခြင်းမရှိဘဲ ဆုတောင်းနေခြင်းတို့သည် မည်သည့်အရာကိုမျှရရှိနိုင်မည် မဟုတ်ချေ။ ယေရှုသခင်အား ကမ္ဘာ့ကယ်တင်ရှင်တစ်ပါးအနေဖြင့် လက်ခံ ရုံသက်သက်သာဖြစ်စေသည့် အမည်ခံယုံကြည်ခြင်းသည် အသက်ဝိညာဉ် တို့အား မည်သည့်အခါမျှ အနာပျောက်ကင်းခြင်းတန်ခိုးကို ဆောင်ကြဉ်း ပေးနိုင်မည်မဟုတ်ပါ။

ယုံကြည်ခြင်းသည် အမှန်တရားကို တွေးခေါ်မြော်မြင်တတ်သော အစွမ်းတစ်ခုထက် ပိုပါသည်။ ကိုယ်တော်၌စိတ်နှလုံးပုံအပ်လျက် ယုံကြည် သင့်လေ၏။

ကယ်တင်ခြင်းကိုပေးနိုင်သော ယုံကြည်ခြင်းသည် ဘုရားသခင်နှင့် ပဋိညာဉ်ပြုခြင်းတွင် ခရစ်တော်ယေရှုကို ရရှိထားပြီဖြစ်သော လူသားအချင်း ချင်း ဆက်သွယ်ပေါင်းစည်းမှုကို ဖြစ်စေသော ဆောင်ရွက်မှုတစ်ခု ဖြစ်လာပါသည်။ စစ်မှန်သော ယုံကြည်ခြင်းသည် အသက်ဆက်ရန် ခွန်အားကိုတိုးပွားစေ၏။ အသက်ဝိညာဉ်အား အောင်နိုင်သောတန်ခိုး တစ်ခုကို ဖြစ်စေ၍ ကြံ့ခိုင်ခြင်းနှင့်ယုံကြည်သက်ဝင်ကိုးစားခြင်းအမှုကို တိုးပွားဖွံ့ဖြိုးလာစေပါသည်။

ယေရှုသည် ထိုသွေးသွန်နာရောဂါသည် အမျိုးသမီးကို ကုသ ပျောက်ကင်းစေခဲ့ပြီးသည်နောက် ၎င်းခံစားနေရသည့် ကောင်းချီးမင်္ဂလာ များအတွက် အသိအမှတ်ပြုရန် ကိုယ်တော်အလိုတော်ရှိပါသည်။ ထိုနည်း တူစွာ ကျွန်ုပ်တို့သည်လည်း ဧဝံဂေလိတရားတော်ကြောင့် ရရှိခံစား ရသော ဆုကျေးဇူးများကို မသိမသာ လျှို့ဝှက်စွာဖြင့် ရရှိခံစားကြရန်မဟုတ် ပါ။ သို့ဖြစ်၍ "ငါသည် ဘုရားသခင်မှန်ပြီဟု သင်တို့သည် ငါ၏ သက်သေခံဖြစ်ကြ၏" ဟူ၍ ယေရှုသခင်၏ ကောင်းမြတ်ခြင်းများကို ဝန်ခံကြရန်အတွက် ဘုရားသခင်သည် ကျွန်ုပ်တို့အား ဖိတ်ခေါ်နေ သည်မဟုတ်ပါလား။ ဟေရှာယ ၄၃း၁၂ ကိုရှုပါ။ ကျွန်ုပ်တို့သည်

ဘုရားသခင်၏ ကျေးဇူးတော်ကို အသိအမှတ်ပြုရာတွင် ကျွန်ုပ်တို့၏ကိုယ်ပိုင်အတွေ့အကြုံများအားဖြင့် သက်သေခံခြင်းသည် အထိရောက်ဆုံးသောနည်းဖြစ်ပါသည်။ ခရစ်ယာန်အသက်တာအားဖြင့် ကိုယ်တော်၏တန်ခိုးတော်အား ချီးမွမ်းထောမနာပြုခြင်းသည် အသက်ဝိညာဉ်များအား ကယ်တင်သည့်လုပ်ငန်းတွင် အလွန်အမင်း အာရုံစွဲငြိထိမိစေသည့် တန်ခိုးတစ်ခုဖြစ်ပါသည်။

နူနာရောဂါသည် ဆယ်ယောက်တို့သည် ယေရှုသခင်ထံကုသခံရန်ရောက်လာသောအခါ သူတို့တတွေအားလုံးရောဂါ ပျောက်ကင်းသွားကြပါ၏။

သို့သော်လည်း တစ်ဦးတည်းသာလျှင် ယေရှုသခင်ကို ကျေးဇူးတင်ချီးမွမ်းစကား ပြန်လာပြောဖေါ်ရခဲ့ပါသည်။ ယခုခေတ်တွင်လည်း ကျေးဇူးတော်ချီးမွမ်းရန် မေ့လျော့ကြသူများသည် မည်မျှရှိနေပါသလဲ။ ဘုရားသခင်သည် နာမကျန်းအဖျားကြီးသူတွေကို ကျန်းမာစေပါပြီ။ လူတို့အားလည်း ၎င်းတို့မမြင်မတွေ့ရသည့် ဘေးရန်များမှ ကယ်နုတ်နေပါပြီ။ မှောင်မိုက်ထဲမှာလည်တတ်သော ကာလနာရောဂါမှလည်းကောင်း၊ မွန်းတည့်အချိန်မှာ ဖျက်ဆီးတတ်သော ဘေးရန်များမှလည်းကောင်း၊ ကင်လွှတ်ကာကွယ်ရန် ကောင်းကင်တမန်များကို တပ်ချစောင့်ကြပ်ရန် တာဝန်ပေးထားပါသည်။ (ဆာလံ ၉၁း၆)။ သို့ပါသော်လည်း ထိုသူတို့သည် ကိုယ်တော်၏ မဟာမေတ္တာတော်ကို ဂရုမပြုခဲ့ကြပါ။ မိမိတို၏ ကျေးဇူးမသိတတ်မှုများအားဖြင့် ဘုရားသခင်၏ ကရုဏာတော်ကို ငြင်းဆန်၍ စိတ်နှလုံးတံခါးတို့ကိုလည်း ပိတ်ထားကြပါသည်။

ကျွန်ုပ်တို့သည် မိမိတို့၏ ကောင်းကျိုးချမ်းသာအလို့ငှာ ဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူး မင်္ဂလာအဖြာဖြာကို အမြဲအစဉ်သတိရနေဖို့ လိုအပ်ပေသည်။ ဤနည်းဖြင့် ယုံကြည်ခြင်းခွန်အား

သည် ဆထက်ထမ်းပိုးတိုး၍လာ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် သခင်ဘုရား၏ချစ်သနားခြင်း ကရုဏာတော်ကို သတိရခိုလှုံကြပါစို့။ ကျွန်ုပ်တို့သည် ထာဝရ ဘုရားသခင်၏ လုပ်ဆောင်မှုအဖုံဖုံတို့ကို ပြန်ပြောင်း ရှုမြင်ပီတိဖြာနေကြစဉ်မှာ “ငါ၌ ထာဝရဘုရားသခင်ပြုတော်မူသော ကျေးဇူးအလုံးစုံတို့ကို အဘယ်သို့ဆပ်ရမည်မည်း” (ဆာလံ ၁၁၆း၁၂) ဟူ၍ အသည်းလှိုက်အူလှိုက်ကျေးဇူးတင်စွာဖြင့် ကြွေးကြော်ကြပါစို့လားမိတ်ဆွေ။

-၀-

# အခန်း (၃၇)
# ပထမဦးဆုံးသောဧဝံဂေလိတရားဟောဆရာများ

(မဿဲ ၁၀။ မာကု ၆း၇-၁၁။ လုကာ ၉း၁-၆ တို့ကို အခြေပြုထားပါသည်။)

တမန်တော်တို့သည် ဂါလိလဲပြည်အနှံ့ ခရစ်တော်သခင်နှင့်အတူ ခြေလျင်ခရီးနှင်ခဲ့ကြပေသည်။ ဘုရားသခင်၏ သားတော်နှင့်သွားလာအတူ၊ စကားပြောအတူရှိလျက် လူသားတို့အကျိုးအလို့ငှာ ဘယ်ကဲ့သို့ အကျိုးဆောင်ရမည်အကြောင်းကိုလည်း သွန်သင်ခံနေကြပါ၏။

ယေရှုသခင်သည် ပတ်လည်ရှိ လူထုကြီးအား အလုပ်အကျွေးပြုနေပါသည်။ တမန်တော်တို့သည်လည်း ယေရှုသခင်၏ သွန်သင်ချက်များကို လွယ်ကူရှင်းလင်းစွာနားထောင်နိုင်ရန်နှင့် သခင်၏ အလုပ်ပေ့ါပါးသွားစေရန် စိတ်အားထက်သန်စွာဖြင့် ကူညီနေကြပါသည်။ သူတို့သည် လူမမာတို့သက်သာရာရစေဖို့ ကယ်တင်ရှင် ယေရှုသခင်ထံတော်သို့ စီစဉ်ခေါ်ဆောင်ရာတွင် ကူညီကြပါ၏။ စိတ်ဝင်စားသူ တရားနာပရိသတ်တို့အားလည်း ကျမ်းစာသင်ပေးကာ ထိုသူတို့၏ဝိညာဉ်ရေးအကျိုးအလို့ငှာ နည်းမျိုးစုံဖြင့် မစကူညီခဲ့လေသည်။

သို့ပါသော်လည်း ထိုသူတို့သည် မိမိတို့ဘာသာ လုပ်ဆောင်နိုင်ရန်အတွက် အတွေ့အကြုံများစွာလိုအပ်နေသေးသည် ဖြစ်ရကား များစွာသောသွန်သင်ချက်များ၊ သည်းခံစိတ်ရှည်ခြင်း၊ စိတ်နူးညံ့သိမ်မွေ့ခြင်းများဖြင့် ပါရမီဖြည့်ရန် လိုအပ်ဆဲဖြစ်ပါသည်။ ယခုတွင် ယေရှုခရစ်တော်သည် ၎င်းတို့နှင့်အတူရှိနေစဉ်မှာ ခရစ်ယာန်သာသနာတော်မှာ အကြံပေးပြုပြင်မှုများ ပြုလုပ်နိုင်ရန် မိမိ၏ ကိုယ်စားလှယ်တော်များအဖြစ် တရားဟောရန် စေလွှတ်တော်မူခဲ့ပါသည်။

တပည့်တော်တို့သည် ဖာရိရှဲနှင့်ယဇ်ပုရောဟိတ်တို့၏ သွန်သင်ပို့ချမှုများကြောင့် မကြာခဏဆိုသလို စိတ်ရှုပ်ကြရပါ၏။ ထိုသပွတ်အူအရှုပ်တော်ပုံတို့ကို တပည့်တော်တို့သည် သခင်ယေရှုထံတော်သို့ တင်ပြကြပါသည်။ ကိုယ်တော်သည်လည်း ထိုသူတို့ကို ဘုရားသခင်၏ နှုတ်တော်ထွက်၌ စိတ်ချယုံကြည်မှုကို တိုးပွားစေကာ မိရိုးဖလာသွန်သင်ချက်များ၏ အနှောင်အဖွဲ့နှင့် ကျမ်းတတ်ဆရာများကို ကြောက်ရွံ့ခြင်းဘေးမှ လွတ်မြောက်စေခဲ့ပါသည်။ ကိုယ်တော်ရှင်ထံမှ သူတို့တတွေခွဲခွာရသော အချိန်မှာတော့ ကိုယ်တော်၏အကြည့်၊ ကိုယ်တော့်အသံကို သူတို့ ပြန်လည်သတိရမိခဲ့ကြပါသည်။ ဧဝံဂေလိတရားတော်ကို ရန်ဘက်ပြုသူများနှင့် မကြာခဏရင်ဆိုင်ရသောအခါများတွင် သူတို့သည် ကိုယ်တော်ရှင်၏ ဆိုစကားများကို ပြန်လည်ရွတ်ဆိုပြခဲ့ကြပေသည်။

ယေရှုသည် တပည့်တော်တစ်ဆယ့်နှစ်ပါးကို ဆင့်ခေါ်ပြီးနှစ်ယောက်တစ်တွဲ တွဲဖက်၍ မြို့ရွာအသီးသီးသို့ သွားရောက်သာသနာပြုကြရန် မိန့်တော်မူခဲ့ပါသည်။ ဤသို့ပြုခြင်းဖြင့် အချင်းချင်းကူညီနိုင်သကဲ့သို့ အတူတကွတိုင်ပင်ဆွေးနွေးခြင်း၊ ဆုတောင်းခြင်းအမှုတို့ကိုပြုကာ တစ်ဦးနှင့်တစ်ဦး အားပေးအားယူလုပ်နိုင်မည်မဟုတ်လော။

ဤနည်းအတိုင်း ဧဝံဂေလိ အမှုတော်လုပ်ငန်းကို အနီးစပ်ဆုံးလုပ်ဆောင်ကြပါမူ ယနေ့ ခရစ်ယာန်သာသနာတော်လုပ်ငန်းသည်လည်း ဆထက်ထမ်းပိုး အောင်မြင်လိမ့်မည်ဖြစ်ပါသည်။

တပည့်တော်တို့လုပ်ဆောင်ရမည့် အမှုတော်မှာ နာဇရက်မြို့သားယေရှုသည် မေရှိယဖြစ်သည် မဖြစ်သည်ကို အငြင်းပွားရန် မဟုတ်ဘဲကိုယ်တော်ပြုတော်မူခဲ့သကဲ့သို့ ကိုယ်တော်၏ နာမတော်အားဖြင့် နာသောသူတို့ကို ချမ်းသာပေးရန်၊ သေသောသူတို့ကို ထမြောက်စေရန်၊ နူသောသူတို့ကို သန့်ရှင်းစေရန်၊ နတ်ဆိုးတို့ကို နှင်ထုတ်ကြရန်ဖြစ်ပါသည်။ "သင်တို့

သည် အဖိုးကိုမပေးဘဲ ကျေးဇူးတော်ကိုခံရပြီဖြစ်၍ အဖိုးမယူဘဲ ပေးကမ်းကြလော့" ဟု တပည့်တော်တို့အား ယေရှုသခင် မိန့်တော်မူခဲ့ပါသည်။

ယေရှုသခင်သည် တရားဒေသနာတော် ဟောကြားခြင်းထက် လူနာများကိုကုသခြင်း၌ အချိန်ပိုပေးခဲ့ပါသည်။ ကိုယ်တော်ရှင်သည် ဘယ်ကိုပဲသွားသွား ကိုယ်တော်ရှင်၏ သနားခြင်း ဂရုဏာတော်ပြယုဂ်မှာ ကျန်းမာလာသဖြင့် ဝမ်းမြောက်နေကြခြင်းအဖြစ်၌ တည်သောလူထု သက်သေသာလျှင် ဖြစ်ပါသည်။

ကိုယ်တော်ရှင်၏ အသံတော်သည် သူတို့ကြားဖူးခဲ့ကြသည့် ပထမဦးဆုံးသောအသံဖြစ်၍ ပြောဆိုခဲ့ဖူးသည့် စကားတို့တွင် နာမတော်သည် အလျင်ဆုံးဖြစ်ကာ ဖူးမြော်ခဲ့ဖူးသောအရာများတွင် ကိုယ်တော်၏ မျက်နှာတော်သည် ဗွေဆော်ဦးဖြစ်ပါသည်။ ကိုယ်တော်သည် မြို့ရွာများစွာကို ဖြတ်သန်းသွားလာသည်တွင် နေရာတိုင်းမှာ အသက်ရှင်ခြင်းနှင့်ဝမ်းမြောက်ခြင်းတို့ရောနှော ပျံ့နှံ့စေသောအသက်နှင့်ဆိုင်သည့် ရေစီးချောင်းတစ်ခုကဲ့သို့ ဖြစ်တော်မူခဲ့ပါသည်။

ခရစ်တော်သခင်၏ နောက်တော်လိုက်များသည် သခင်ပြုတော်မူခဲ့သည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဆာငတ်ခင်မွတ်နေသူများကို အစာကျွေးမွေး၍ အဝတ်အချည်းစည်းရှိသူတို့အား အဝတ်ပေးရန် ကိုယ်ရောစိတ်ပါ ဒုက္ခရောက်နေသူတို့အား နှစ်သိမ့်မှုပေးရန်ဖြစ်ပါသည်။ မျှော်လင့်ချက်ကင်းမဲ့နေသူတို့အားလည်း မျှော်လင့်ချက်ရောင်ခြည်သန်းလာစေရပါမည်။ တစ်ကိုယ်ကောင်း စိတ်ကင်းမဲ့သော ခရစ်ယာန်သာသနာလုပ်ငန်း၌ ခရစ်တော်သခင်၏ ချစ်ခြင်းမေတ္တာကို ပေါ်လွင်ထင်ရှားစေခြင်းသည် လူမှုထိန်းကျောင်းရေး လုပ်ငန်းတွင်ပေါ်လက်နက်ကိုင်၍ အုပ်ချုပ်ခြင်း (သို့မဟုတ်) တရားဥပဒေ စိုးမိုးရေးသည် ပထမဟူသောဆောင်ပုဒ်ထက် များစွာပိုမို၍ ထိရောက်ပါလိမ့်မည်။ပြစ်တင်ဆုံးမမှုများကြောင့် လူ့စိတ်နှလုံးသည် မာကျောခက်ထန်လာတတ်

သော်လည်း ယေရှုခရစ်တော်၏ မေတ္တာတော်သည် နူးညံ့ပျော့ပျောင်းမှုကို ဖြစ်စေပါသည်။ ဘုရားသခင်သည် မိမိ၏ ချစ်တပည့်တော် အစေခံများအားဖြင့် လောကသားများ မသိရှိကြသေးသည့် ဥပဇ္ဈာယ်ဆရာနှစ်သိမ့်ရှင်တစ်ပါးပေါ်ထွန်းလာစေရန် အလိုတော်ရှိပါသည်။

တပည့်တော်တို့သည် ပထမဦးဆုံး ခရစ်ယာန်သာသနာပြုခရီးစဉ်အဖြစ် အစ္စရေးလူမျိုးတို့ထဲမှ ပျောက်ဆုံးနေသော သူတို့ထံသို့ သွားရောက်ကြရန်ဖြစ်ပါသည်။ ဂျူးလူမျိုးသည် ဧဝံဂေလိတရားတော်ကို လက်ခံကြပါလျှင် တစ်ပါးအမျိုးသားတို့အတွက် ၎င်းတို့အား သခင့်စေတမန်များအဖြစ်အသုံးပြုရန် ဘုရားသခင် အကြံအစည် ရှိခဲ့ပါ၏။ ထိုအကြောင်းကြောင့် သူတို့သည် ထိုဧဝံဂေလိသတင်းကောင်းကို ဦးဆုံးကြားနာခွင့် ရရှိခဲ့သည်မဟုတ်လော။

ပထမဦးဆုံးခရီးစဉ်အဖြစ် တပည့်တော်တို့သည် ယေရှုသခင်သွားလာခဲ့ဖူးသော ကိုယ်တော်၏ မိတ်ဆွေများရှိသည့်အရပ်များသို့သွားကြရန်ဖြစ်ပါသည်။ ထိုခရီးစဉ်အတွက် ပြင်ဆင်မှုများလည်း မခက်ခဲလှပါချေ။

သူတို့သည် ခရစ်ယာန် ဘာသာရေး ခေါင်းဆောင်တို့၏ ဝတ်ဆင်မှုအတိုင်းလိုက်၍ ဝတ်ဆင်ကြရမည်မဟုတ်သလို၊ နိမ့်ကျသော သူဆင်းရဲများထက် မိမိကိုယ်ကို ထူးခြားအောင် ဝတ်ဆင်ရန်လည်း မလိုအပ်ပါ။ သူတို့သည် လူထု ဧဝံဂေလိတရား ဟောပြောပွဲများကို ကျင်းပရန်မဟုတ်ဘဲ တစ်အိမ်တက်ဆင်းသွားရောက် တရားဟောပြောရန်ဖြစ်ပါသည်။ မိမိတို့အား ဧည့်ဝတ်ပြုသူများနှင့် ခရစ်တော်ကိုယ်တော်တိုင်ကို ဧည့်ဝတ်ပြုနေသကဲ့သို့ စိတ်နှလုံးပါလျက် ကြိုဆိုဧည့်ခံသူများ၏ ဧည့်ဝတ်ပြုခြင်းကို နေရာတိုင်းမှာ လက်ခံရန် ဖြစ်ပါသည်။ ဤအိမ်၌ မင်္ဂလာရှိပါစေသော်ဟူသည့် နှုတ်ခွန်းဆက်စကားကိုဆိုလျက် လူနေအိမ်များဆီသို့သွားရန်ဖြစ်ပါသည်။ အိမ်ထောင်မိသားစုများသည်လည်း

၄င်းတို့၏ဆုတောင်းသံများ၊ ဂုဏ်တော်ချီးမွမ်းသံများနှင့် မိသားစုအလယ်မှာ ကျမ်းစာဖွင့်ဖတ်ခြင်းများအားဖြင့် ကောင်းချီးမင်္ဂလာများစွာကို ခံစားကြရပါလိမ့်မည်။ သူတို့ သယ်ဆောင်သွားကြကုန်သော သတင်းစကားတို့သည် ထာဝရအသက်နှင့်ဆိုင်၍ လူသားတို့၏ ခရီးလမ်းဆုံးသည် ထိုသတင်းကောင်းကို လက်ခံသည် (သို့မဟုတ်) လက်မခံသည် အပေါ်တွင် မူတည်နေပါသည်။ (မဿဲ ၁၀း၁၄၊၁၅)။

"ကြည့်ရှုလော့၊ တောခွေးစုထဲသို့သိုးတို့ကို စေလွှတ်သကဲ့သို့သင်တို့ကို ငါစေလွှတ်၏။ ထိုကြောင့် သင်တို့သည် မြွေကဲ့သို့လိမ္မာ၍ ဂျိုးငှက်ကဲ့သို့အဆိပ်ကင်းလျက်ရှိကြလော့" ဟု ယေရှုရှင် မိန့်တော်မူခဲ့ပါသည်။

ယေရှုခရစ်တော်သည် အမှန်တရားနှင့်ပတ်သက်သော မည်သည့်စကားတစ်လုံးကိုမျှ ထိမ်ချန်ကွယ်ဝှက်ထားခြင်း မရှိခဲ့သလို အမှန်တရားကိုအမြဲတမ်းမေတ္တာရှေ့ထား၍ သွန်သင်တော်မူခဲ့ပေသည်။ ကိုယ်တော်သည် ရိုင်းစိုင်းစွာဆက်ဆံမှုကို လုံးဝရှောင်ရှား၏။ အသက်ဝိညာဉ်တို့အား မလိုအပ်ဘဲစိတ်နာကျင်အောင် ဘယ်သောအခါမျှ မပြုလုပ်ခဲ့ချေ။

လူသားတို့၏ အားနည်းချက်များကို ပြစ်တင်ဝေဖန်ခြင်းလည်း မပြုလုပ်ခဲ့ပါ။ သူတော်ကောင်းယောင်ဆောင်ခြင်းများ၊ မယုံကြည်ခြင်းသံသယစိတ်များနှင့် ဆိုးညစ်ယုတ်မာစွာ လုပ်ဆောင်ခြင်းများကို ရဲရဲဝံ့ဝံ့လူသိရှင်ကြား ပြစ်တင်ဝေဖန်ခဲ့ပါသော်လည်း စိတ်နှလုံးနာကြည်းစေသောဆုံးမမှုများကို ဝန်းနည်းကြေကွဲသောအသံဖြင့် ဆုံးမတော်မူခဲ့ပါသည်။ ကိုယ်တော်၏ မျက်မှောက်တော်တွင် လူသားတိုင်းသည် အဖိုးထိုက်တန်ကြပါ၏။

ဘုရားသခ်၏အစေခံကျွန်တို့သည် ထာဝရဘုရားသခင်နှင့်အနီးကပ်ဆက်သွယ်မှုရှိရန် လိုအပ်ပါသည်။ သို့မှသာလျှင် စိတ်ဆိုးအမျက်ထွက်စရာကိစ္စရပ်များ ပေါ်ပေါက်လာလျှင် မိမိပြောဆိုလိုက်သော စကားတို့သည်

မသင့်လျော် ပြင်းထန်သောစကားမျိုးမဖြစ်ဘဲ၊ ညှိုးနွမ်းနေသောသစ်ရွက်ပင်များအတွက် ငွေနှင်းမှုန်များပမာ စိုပြည် လန်းဆန်းစေနိုင်မည်ဖြစ်ပါသည်။

ဘုရားသခင်၏ အစေခံကျွန်တို့သည် ခရစ်တော်ယေရှု၏ချစ်ဖွယ်ကောင်းခြင်းများကို အာရုံပြု ကြည့်ရှုရမည်ဖြစ်၏။ သို့ပြုလျှင်ထိုသူတို့သည် ဧဝံဂေလိတရားတော်ကို ဘုရားသခင်၏ ညင်သာပါးနပ်မှုမျိုးနှင့် တစ်ပါးသူတို့ထံ တင်ဆက်နိုင်မည်ဖြစ်ပါသည်။ အမျက်ထွက်စိတ်ဆိုးအောင် နှိုးဆွခြင်းခံရသော အချိန်မှာ နူးညံ့သိမ်မွေ့စွာစိတ်ထိမ်းနိုင်သောသူသည် ပြင်းထန်စွာ တိုက်ခိုက်ငြင်းခုံမှုထက် အမှန်တရားကို အသားပေးပြောဆိုရာတွင် ပိုမို၍ ထိရောက်မှုရှိပါလိမ့်မည်။

## ကျွန်ုပ်တို့သည် ဆန့်ကျင်မှုများကို တွေ့ဆုံသင့်ခြင်း

ယေရှုက "လူတို့ကို သတိပြုကြ" ဟူ၍ တပည့်တော်တို့အား ဆက်လက်၍ ဆုံးမသွန်သင်ခဲ့ပါသည်။ တပည့်တော်များအနေဖြင့် ဘုရားသခင်ကို မသိသေးသောသူများကို ယုံကြည်စိတ်ချထားမှုများ မပြုရန်နှင့် သူတို့ပေးသော အကြံဉာဏ်များကို မရယူရန် ဖြစ်ပါသည်။ အကြောင်းမူကား ထိုသို့ပြုခြင်းသည် စာတန်၏ ကိုယ်စားလှယ်များအား အခွင့်အရေးပေးရာ ရောက်ပါသည်။ လူသားတို့၏ တီထွင်မှုများသည် ဘုရားသခင်၏ အကြံအစည်များကို မကြာခဏဆိုသလို ပျက်ပြယ်စေပါသည်။

သခင့်အစေခံတို့သည် သန့်ရှင်းသော ဝိညာဉ်တော်လမ်းပြမှုအောက်မှာ မရှိမနေသောလူတို့၏ အကြံဉာဏ်ကို အမှီတံကဲပြုနေပါသော် ထိုသူတို့သည် ထာဝရဘုရားသခင်ကို သစ္စာဖေါက်ငြင်းပယ်သည်နှင့်မခြားဖြစ်ပါသည်။

ယေရှုသခင်က "သင်တို့ကိုလွှတ်ရုံးသို့ အပ်နှံကြလိမ့်မည်။ တစ်ပါးအမျိုးသားတို့အား သက်သေဖြစ်စေခြင်းငှာ မြို့ဝန်မင်း၊ ရှင်ဘုရင်တို့ထံသို့ ငါ့ကြောင့်သင်တို့ကို ပို့ဆောင်ကြလိမ့်မည်။" (မဿဲ ၁၀း၁၇-၁၈) ဟု မိန့်တော်မူခဲ့ပေသည်။

ထာဝရဘုရားသခင်၏ အစေခံကျွန်များတို့သည် ဧဝံဂေလိသတင်းကောင်းကို တစ်ခါမျှမကြားဖူးကြသော လောကအကြီးအကဲများရှေ့သို့ ပို့ဆောင်ခြင်းကို ခံကြရလိမ့်မည်။ သူတို့သည် ယုံကြည်ခြင်းနှင့်ပတ်သက်၍လည်း မှားယွင်းသောစွပ်စွဲချက်များ ခရစ်တော်၏ တပည့်တော်တို့အပေါ်တင်ထားသည်ကို ကြားဖူးကြပါသည်။

မိမိတို့၏ ယုံကြည်ခြင်းအတွက် စစ်ဆေးမေးမြန်းခြင်းခံနေရသော တပည့်တော်တို့၏ သက်သေခံချက်သည်သာလျှင် ထိုလောကအကြီးအကဲတို့အတွက် ဧဝံဂေလိတရားတော်အစစ်ကို လေ့လာရန် တစ်ခုတည်းသော နည်းလမ်းဖြစ်ပါသည်။

ဤကဲ့သို့သော အခြေအနေမျိုးမှာ ယေရှုသခင်က "သင်တို့ကို အပ်နှံသောအခါ အဘယ်သို့ပြောရမည်ကို မစိုးရိမ်ကြနှင့်။ ပြောရသောစကားကို ထိုခဏချင်းတွင် သင်တို့သည် ရကြလိမ့်မည်။ အကြောင်းမူကား၊ သင်တို့အလိုအလျောက်ပြောကြသည်မဟုတ်။ သင်တို့အဘ၏ ဝိညာဉ်တော်သည် သင်တို့အားဖြင့် ပြောတော်မူ၏" ဟု မိန့်တော်မူခဲ့ပါသည်။ အမှန်တရားကိုငြင်းပယ်သောသူတို့သည် ယေရှု၏တပည့်တော်များကို ညှင်းပန်းနှိပ်စက်သည့်အသိုက်အဝန်းဘက်မှာ ရပ်တည်ကြပါလိမ့်မည်။ သို့သော်လည်း ဘုရားသခင်၏ သားသမီးတို့သည် မိမိတို့၏ကောင်းကင်ဘုံဘုရားသခင်၏ပြသခဲ့သော ပုံသက်သေဖြစ်သည့် နူးညံ့သိမ်မွေ့ခြင်းကို ဖော်ပြကြရန် ဖြစ်ပါသည်။ဤနည်းအားဖြင့် စာတန်၏ နောက်လိုက်များနှင့် ခရစ်တော်ယေရှု၏ ကိုယ်စားလှယ်တော်များစပ်ကြားကွဲပြားခြားနားမှုများကို မျက်ဝါးထင်ထင်မြင်တွေ့ကြရပါလိမ့်မည်။

ခရစ်တော်သခင်၏ အစေခံတို့သည် စုံစမ်းမေးမြန်းခြင်းကိုခံရသောအခါမှာ တင်ပြပြောဆိုရန်စကားများကို ကြိုတင်ပြင်ဆင်ထားရှိရန်မလိုပါ။ ထိုအချိန်အခါမျိုးမှာ သန့်ရှင်းသော ဝိညာဉ်တော်သည် လိုအပ်သည့်အမှန်တရားများကို ပြန်လည်သတိရစေပါလိမ့်မည်။ သမ္မာကျမ်းစာကို စိတ်အားထက်သန်စွာ လေ့လာဖတ်ရှုခြင်းအားဖြင့် ရရှိခဲ့သော အသိပညာများတို့သည် သင့်လျော်လျောက်ပတ်သော အချိန်မျိုးမှာ ပြန်လည် သတိရစေပါလိမ့်မည်။ သို့သော် ယေရှုသခင်၏ နှုတ်တော်ထွက်စကားများကို သိကျွမ်းရန် မကြိုးစားခဲ့ပါသော် ထိုသူတို့သည် အရေးကြုံသောအခါမှာ သန့်ရှင်းသော ဝိညာဉ်တော်၏အကူအညီဖြင့် နှုတ်တော်ထွက်စကားများကို ပြန်လည်သတိရဖို့ မျှော်လင့်နိုင်စရာ အကြောင်းမရှိပါချေ။

## နှိပ်စက်ညှဉ်းဆဲရာကာလမှာ သင်ဘာလုပ်မည်နည်း

ခရစ်တော်၏ တပည့်တော်တို့သည် မိမိတို့၏ အိမ်သူအိမ်သားများထံမှ အသေသတ်ခြင်းခံရန် ပို့ဆောင်သည့်တိုင် ရန်ဘက်ပြုခြင်းကို ခံရလိမ့်မည်ဖြစ်ကြောင်း ယခုကဲ့သို့ ကိုယ်တော်သခင်မိန့်တော်မူထားပါသည်။

"လူအပေါင်းတို့သည်လည်း ငါ၏နာမကြောင့် သင်တို့ကိုမုန်းကြလိမ့်မည်။ အကြင်သူသည် အဆုံးတိုင်အောင်တည်ကြည်၏။ ထိုသူသည် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်" (မာကု ၁၃း၁၃)။ သို့စေကာမူ မလိုအပ်ဘဲနှင့် ဒုက္ခဆင်းရဲနှိပ်စက်ညှဉ်းပန်းခြင်းကို မရင်ဆိုင်ကြပါရန် ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်သခင်ပင်လျှင် မိမိ၏အသက်ကိုဘေးရန်ပြုမည့်သူများထံမှ လွတ်မြောက်စေရန်အလို့ငှာ မကြာခဏဆိုသလို တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်း၍ အမှုတော်ဆောင်ခဲ့ပါသည်။ ထိုနည်းနှင်နှင်သခင့်အစေခံတို့သည်လည်း နှိပ်စက်ညှဉ်းပန်းမှုများကြောင့် စိတ်ဓါတ်ကျဆင်းကြရန်မဟုတ်ဘဲ အသက်ဝိညာဉ်ကယ်တင်

ရေးအတွက် အမှုတော်ဆောင်ရွက်နိုင်သေးသည့်နေရာများကို ရှာဖွေလုပ်ဆောင်ကြရန် ဖြစ်ပါသည်။

သို့ပါသော်လည်း မည်သည့်ဘေးရန်ရှိသည်မဆို ခရစ်တော်ယေရှု၏နောက်တော်လိုက်များသည် မိမိတို့၏ မူလယုံကြည်ခံယူချက်များအပေါ် အတိအလင်း ဝန်ခံကြရမည်သာတည်း။ ထိန်ချန်မှုများ မပြုသင့်ကြပါချေ။ သူတို့သည် အမှန်တရားကို ဝန်ခံခြင်းတွင် လုံခြုံမှုအတွက် စိတ်ချမှုမရမီတိုင်အောင် မအပ်နှံဘဲနေထိုင်နိုင်ကြမည်မဟုတ်ပါ။ ယေရှုက "မှောင်မိုက်၌သင်တို့အား ငါပြောသောအရာများကို သင်တို့သည် အလင်း၌ ကြားပြောကြလော့။ သင်တို့နားအပါး၌ပြော၍ ကြားသော အရာများကို အိမ်မိုးပေါ်မှာ ဟစ်ကြော်ကြလော့" ဟု မိန့်မြွက်တော်မူခဲ့လေသည်။ (မဿဲ ၁၀း၂၇)။

ယေရှုသည် လိုက်လျောမှုပြုခြင်းအားဖြင့် မည်သည့်အခါမျှ ငြိမ်သက်ခြင်းကို ဖလှယ်မယူခဲ့ပါ။ ကိုယ်တော်သည် လူသားတစ်နွယ်လုံးကို ချစ်ခြင်းမေတ္တာလျှံသွားသည့်တိုင် နှလုံးသားကိုဦးစားပေးခဲ့ပါသော်လည်း ၎င်းတို့၏ အပြစ်များကို မည်သည့်အခါမျှ အလိုလိုက်ခြင်းမပြုခဲ့ပါ။

ထိုအသက်ဝိညာဉ်များသည် ပျက်စီးဆုံးရှုံးခြင်းလမ်းသို့ ဦးတည်လျှောက်လှမ်းနေကြစဉ်တွင် ကိုယ်တော်သည် မိတ်ဆွေကောင်းတစ်ဦးအနေဖြင့် သူတို့အားသတိမပေးဘဲ တိတ်ဆိတ်စွာ နေနိုင်တော်မမူချေ။ လူသားတို့သည် မိမိတို့ကိုယ်ကို မိမိတို့သစ္စာရှိမှန်ကန်ရန်နှင့် မြင့်မြတ်သောထာဝရအကျိုးကို သစ္စာစောင့်သိကြပါရန် ကိုယ်တော်သည် အမှုတော်ကို ဆောင်ရွက်ခဲ့ပါသည်။ သခင်၏ အစေခံဓမ္မဝန်ဆောင်သက်သေခံတို့သည်လည်း အလားတူလုပ်ဆောင်ကြရန်ဖြစ်ပါသည်။ မသင့်မြတ်မှုများကိုဆီးတားရန် ကြိုးစားနေစဉ်မှာ မိမိကိုယ်တိုင်က အမှန်တရားကို မစွန့်လွှတ်မိစေရန် ကိုယ်ကိုကိုယ် ဂရုပြုသင့်ကြပါသည်။ စစ်မှန်သော

ငြိမ်သက်ခြင်းကို အခြေခံစည်းမျဉ်းများအား အတိုးအလျှော့၊ အပေးအယူ လုပ်ခြင်းဖြင့် မည်သည့်အခါမျှ ရယူနိုင်လိမ့်မည်မဟုတ်သလို မည်သူမဆို ဆန့်ကျင်ဘက်ပြုသူများမရှိလျှင်လည်း အခြေခံစည်းမျဉ်းများကို သစ္စာရှိ နိုင်ကြမည်မဟုတ်ချေ။ ယေရှုသည် "ကိုယ်ခန္ဓာကိုသာသတ်၍ စိတ် ဝိညာဉ်ကိုမသတ်နိုင်သောသူကိုမကြောက်ကြနှင့်" ဟု တပည့်တော်တို့ အားမိန့်တော်မူခဲ့ပါသည်။ ၎င်းတို့အဖို့ တစ်ခုတည်းသော စိုးရွံ့ဖွယ်ကောင်း သည့်အချက်မှာ အမှန်တရားကို စွန့်လွှတ်၍ ထာဝရဘုရားသခင် ကိုယုံကြည်ကိုးစားမှုမရှိတော့မည်ကိုသာ စိုးရိမ်ရန်ဖြစ်ပါသည်။

စာတန်သည် လူသားတို့၏ စိတ်နှလုံးကို သံသယစိတ်များနှင့် ပြည့်ဝစေရန် လုပ်ဆောင်နေပါသည်။ လူတို့အား အပြစ်ကျူးလွန်ရန် စုံစမ်းသွေးဆောင်၏။

ထိုနောက်ကောင်းကင်ဘုံအရှင်ဘုရားသခင်အား ကရုဏာကင်းမဲ့ သော စီရင်ဆုံးဖြတ်သူတစ်ဦးအဖြစ် လူအများကိုသိမှတ်စွဲလမ်းစေ၏။ ကိုယ်တော်ရှင်သည် ဤအမှုအရာအားလုံးကို သိနားလည်တော်မူပါသည်။ ယေရှုသည် မိမိ၏ တပည့်တော်တို့အား ဘုရားသခင်၏ စာနာသနား မှုသည် ထာဝစဉ်အမြဲရှိကြောင်း အခိုင်အမာသိစေတော်မူပါ၏။ သက် ပြင်းတစ်ချက်မျှမချ၊ နာကျင်မှု တစ်ခုသော်မျှအသက်ဝိညာဉ်ကို မထိုး ဖေါက်သော်လည်း လူ့နှလုံးခုန်နှုန်းတစ်ခုသည် အဖဘုရားသခင်၏ အသည်းနှလုံးကို တုန်ခါသွားစေခဲ့ပါသည်တကား။

ဘုရားသခင်သည် မြင့်မြတ်သန့်ရှင်းသောအရပ်၌ စိုးစံနေကြောင်း ကျမ်းစာက ဖေါ်ပြထားပါသည်။ (ဟေရှာယ ၅၇း၁၅)။ ကိုယ်တော်ရှင် သည် လုပ်ကိုင်ဆောင်ရွက်မှုမပြုသော အခြေအနေ၌ တစ်ပါတည်း ငြိမ်သက်စွာစံနေတော်မူသည်ဟု ဖေါ်ပြထားခြင်းမဟုတ်ဘဲ ဘုရားသခင် ၏အလိုတော်ကို ဆောင်ရွက်ရန် စောင့်ဆိုင်းနေကြသောကုဋေသချေ်မက များပြားလှသည့် ကောင်းကင်တမန်တို့၏ ခြံရံခစားမှုကို ခံယူတော်မူနေ

ကြောင်းကို ဖော်ပြထားပါသည်။ ကျွန်ုပ်တို့ယတိဖြတ်ပိုင်းခြား၍ မမြင်နိုင်သော လမ်းကြောင်းများဖြင့် ကိုယ်တော်ရှင်သည် မိမိ၏ အုပ်ချုပ်ရေးအောက်မှာ လုပ်ဆောင်စရာအစိတ်အပိုင်းတိုင်းကို ဆက်သွယ်လှုပ်ရှားလျက်ရှိပါ၏။

ဤတွင် စကြဝဠာထဲရှိ သေးငယ်လွန်းလှသော ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးလည်း ပါဝင်ပါသည်။ ဘုရားသခင်သည် ကောင်းကင်ဘုံပလ္လင်တော်မှနေ၍ လူသား အကျွန်ုပ်တို့ကို စိတ်ဝင်စားစွာကြည့်ရှုစောင့်ရှောက်လျက်နေပါသည်။ အတိဒုက္ခရောက်နေသူတို့၏ အော်ဟစ်သံနှင့်တကွ သဘောဖြူအူစင်းဖြင့် တောင်းခံသောဆုတောင်းသံတိုင်းကို "ငါဒီမှာရှိပါတယ်" ဟူသောအဖြေကို ပေးလျက်နေပါသည်။ ကိုယ်တော်သည် နင်းပြားဘဝမှာ ရှိနေ၍ စိတ်ညစ်နေသူတို့အား ချီးမြှင့်တော်မူပါသည်။ စုံစမ်းနှောင့်ယှက်မှုတိုင်းတွင် ကျွန်ုပ်တို့အားကယ်တင်ရန် ဘုရားသခင်၏ ကောင်းကင်တမန်သည် ကျွန်ုပ်တို့၏ အနီးအပါးတွင် ရှိနေပါသည် မိတ်ဆွေ။

ယေရှုသခင်သည် ဆက်လက်၍ မိန့်တော်မူသည်ကား "သင်သည် ငါ့ကို လူတို့ရှေ့မှာဝန်ခံအံ့၊ ထာဝရဘုရားသခင်နှင့်တကွ သန့်ရှင်းသော ကောင်းကင်တမန်များရှေ့တွင် သင့်ကို ငါဝန်ခံမည်။ သင်သည်ဤမြေကြီး ကမ္ဘာပေါ်မှာ ငါဘုရားသခင်၏ သက်သေခံဖြစ်ရမည်။ သို့ပြုလျှင် ငါသည်လည်း ကောင်းကင်ဘုံမှာ သင်၏ ကိုယ်စားလှယ်ဖြစ်ပါမည်။ ကောင်းကင်ဘုံအဖဘုရားသခင်သည် သင်၏ စွန်းထင်းသော စာရိတ္တကိုမကြည့်ပါ။

ငါယေရှုဘုရားသခင်၏စုံလင်ခြင်းဝတ်ရုံကို လွှမ်းခြုံထားခြင်းခံရသောသူအဖြစ် သင့်ကို တွေ့မြင်တော်မူပါသည်။ ပျောက်ဆုံးနေသူတို့အတွက် ငါနှင့်အတူ အပ်နှံလုပ်ဆောင်၍ ဒုက္ခကို မျှဝေခံစားသောသူတိုင်းကို ငါသည် ဘုန်းတော်နှင့်ဝမ်းမြောက်ခြင်းအနှစ်သာရကို ခံစားထိုက်သော ကယ်တင်ရွေးနုတ်ခြင်းခံသန့်ရှင်းသူအဖြစ် ငါဝန်ခံသတ်မှတ်ပါမည်။

အကြင်သူသည် ယေရှုခရစ်ကိုဝန်ခံအံ့။ ထိုသူ၏ အသက်တာတွင် ယေရှုခရစ်သည် စိုးစံတော်မူလိမ့်မည်။ တပည့်တော်တို့သည်အဝဇ္ဇန်းရှင်ရှင်ဖြင့် ယုံကြည်ချက်များကို သွန်သင်ဟောပြောကောင်းဟောပြောနိုင်ပါမည်ဖြစ်သော်လည်း သူတို့၌ ခရစ်တူနူးညံ့သိမ်မွေ့ နှိမ့်ချမှု မေတ္တာချစ်ခြင်းမျိုးမထားရှိနိုင်ကြပါသော် ကိုယ်တော်ရှင်ကို ငြင်းပယ်သောသူများသာဖြစ်ပါသည်။

လူတို့သည် ဘာသာတရားရှိကြောင်း မည်မျှပင်ပြောစေကာမူ ခရစ်တော်၏စိတ်သဘောထားနှင့် ဆန့်ကျင်ဖီလာ၍ တစ်ပါးသူအားစကားနာထိုးအတင်းအဖျင်းပြောခြင်း၊ ဆင်ခြင်ပိုင်းခြားမှုမရှိသော အရှုံးစကားများပြောခြင်း၊ မမှန်စကား အကြင်နာမဲ့သောစကား ပြောဆိုခြင်းဖြင့် ခရစ်တော်ကိုငြင်းပယ်နေကြပါ၏။ သူတို့သည် အသက်တာမှာထမ်းရွက်ရမည့်တာဝန်များကို ရှောင်ဖယ်ခြင်း၊ လောကဆန်ဆန် နေထိုင်စားသောက်သွားလာပြောဆိုခြင်း၊ ယဉ်ကျေးသိမ်မွေ့မှုမရှိ၊ ရိုင်းစိုင်းယုတ်မာသော အပြုအမူရှိခြင်း၊ မိမိသာလျှင် ဖြောင့်မတ်မှန်ကန်သည်ဟု သဘောထားရှိခြင်း၊ သံသယစိတ်များကို မြတ်နိုးတွယ်တာခြင်း၊ မလိုအပ်သောအငှားဒုစရိုက်လုပ်ရပ်များ၏ ဆိုးပြစ်ကို သဘောတူလက်ခံခြင်းတို့အားဖြင့်လည်း သခင်ယေရှုကို ငြင်းပယ်နိုင်ကြပါသည်။ မည်သို့ပင်ဖြစ်စေ၊ “ အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုငြင်းပယ်အံ့။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကို ငါငြင်းပယ်မည်” ဟု ယေရှုခရစ်တော်အမိန့်တော်ရှိပါသည်။

“ငြိမ်သက်ခြင်းကို စေလွှတ်အံ့သောငှာ ငါလာသည်မဟုတ်၊ ဓါးကို စေလွှတ်အံ့သောငှာ ငါလာသတည်း” ဟုလည်း ယေရှုသခင် မိန့်တော်မူခဲ့ပါ၏။ ခိုက်ရန်ဖြစ်စေခြင်းအမှုသည် ဧဝံဂေလိတရားတော်၏ အကျိုးသက်ရောက်မှုမဟုတ်ဘဲ ဧဝံဂေလိတရားတော်ကို ဆန့်ကျင်သောကြောင့် ဖြစ်ပေါ်လာသော ရလဒ်ဖြစ်ပါသည်။ နှိပ်စက်ညှဉ်းပန်းမှုအပေါင်းတို့တွင်

ခံစားရအခက်ဆုံးသောအမှုသည် မိသားစုအချင်းချင်းစိတ်ဝမ်းကွဲပြားကာ ချစ်ခင်ရသူတို့၏ စိမ်းကားရက်စက်မှု လုပ်ရပ်များပင်ဖြစ်ပါ၏။ သို့သော်လည်း ယေရှုသခင်၏ အမိန့်ကြေညာချက်ကို နားထောင်ပါ။ "အကြင်သူသည် ငါ့ကိုချစ်သည်ထက် မိဘကိုသာ၍ ချစ်၏။ ထိုသူသည် ငါနှင့်မထိုက်တန်။ အကြင်သူသည် ငါ့ကိုချစ်သည်ထက် သားသမီးကိုသာ၍ ချစ်၏။ ထိုသူသည် ငါနှင့်မထိုက်တန်။ အာကြင်သူသည် မိမိလက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့မလိုက်၊ ထိုသူသည် ငါနှင့်မထိုက်တန်။"

ယေရှုခရစ်တော်၏ အမှုတော်မြတ်ကို ထမ်းရွက်ခွင့်ရရှိခြင်းသည် မြတ်သောမင်္ဂလာပင်ဖြစ်ပါသည်။ အကြောင်းမှာ သခင်အစေကိုခံခြင်းသည် သန့်ရှင်းသော လုပ်ငန်းတစ်ခုဖြစ်၏။ ယေရှုက "သင်တို့ကို လက်ခံသောသူသည် ငါ့ကိုလက်ခံ၏။ ငါ့ကိုလက်ခံသောသူသည် ငါ့ကို စေလွှတ်တော်မူသော သူကိုလက်ခံ၏" ဟု ဆိုပါသည်။ ကိုယ်တော်ရှင်၏နာမတော်၌ပြုသော သနားခြင်း ကရုဏာလုပ်ရပ်တစ်ခုချင်းစီအတွက် သခင်သည် အသိအမှတ်မပြု၊ အကျိုးကျေးဇူးမပေးဘဲ နေလိမ့်မည်မဟုတ်ချေ။

ကိုယ်တော်ရှင်သည် ဘုရားသခင်၏ မိသားစုဝင်အဖြစ် ခွန်အားအနည်းဆုံး၊ အနိမ့်ကျဆုံးလူကိုသော်လည်း အသိအမှတ်ပြုထည့်သွင်းထားပါသည်။ ယေရှုခရစ်တော်ကို သိကျွမ်းယုံကြည်သည့် ကလေးငယ်များအား တပည့်တော်တစ်ဦး၏ မျက်နှာကိုထောက်၍ ရေတစ်ခွက်ကို ပေးအံ့။ ထိုသူသည် အကျိုးကို မရဘဲမနေရာ၊ ငါအမှန်ဆိုသည်ဟု ယေရှုသခင်မိန့်မှာတော်မူခဲ့ပါသည်။

ဤသို့လျှင် ကယ်တင်ပိုင်ရှင်ယေရှုသခင်၏ သွန်သင်ချက်ကို အဆုံးသတ်ထားပါ၏။ ရွေးချယ်ခံ တပည့်တော်တစ်ဆယ့်နှစ်ပါးတို့သည် ပြင်သို့ ထွက်ခွာသွားကြလေပါပြီ။ ယေရှုသခင်ပြုတော်မူသကဲ့သို့ "ဆင်းရဲ

သားတို့အား ဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှာလည်းကောင်း၊ နှလုံးကြေကွဲသောသူများ၏ အနာကို ပျောက်စေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသော သူတို့အား လွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိပြန်မြင်ခြင်းအကြောင်းကို ပြခြင်းငှာလည်းကောင်း၊ ထာဝရဘုရားသခင်၏ မင်္ဂလာနှစ်ကာလကို ကြားပြောစေခြင်းငှာလည်းကောင်း၊ ခရစ်တော်၏နာမတော်၌ ဘုရားသခင်တပည့်တော်တို့သည် အရပ်ရပ်သို့ ထွက်ခွာ၍ အမှုတော်ကိုဆောင်ရွက်ခဲ့ကြပါသည်။ (လုကာ ၄း၁၈-၁၉)။

-၀-